# [illegible] ၁၀၃

(အရှင်ဇနကာဘိဝံသ)

မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ၏

အနာဂတ်သာသနာအတွက်

## အမှတ် ၂၆ ကျမ်းစာ

# ဗုဒ္ဓဘာသာသင်ခန်းစာ

မူလတန်းနှင့် အလယ်တန်းများအတွက်
ဖတ်စာနှင့်ညွှန်ကြားချက်များ ပါဝင်သည်


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာ—၂၅၂၃ ကောဇာ—၁၃၄၁ ဇူလိုင်လ ၁၉၇၉

အနာဂတ်သာသနာ

# ဗုဒ္ဓဘာသာသင်ခန်းစာ

တဘာဝသံသရာ

ဤ ၃-အုပ်ကိုတွဲ၍ ဘတ်ရှုလေ့လာပါ

၂၈၄၊ ၃

ဂ န ၈

၁၄၂၂၆

ပထမနှိပ်ခြင်း

—

အုပ်ရေ ၈၀၀၀

—

မူ[illegible]အား၊ သာသနာ့ရေး ဦးစီးဌာနအတွက် စာပေပေါင်းကူး ဦးတင်မောင်က ပုံနှိပ်၍ လက်ထောက် ညွှန်ကြားရေးမှူး ဦး မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။



# အရှင်ဇနကာဘိဝံသ၏

## တဘဝသံသရာ ဖြစ်စဉ် အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄) ရက် (၁၉၀၀-ပြည့်၊ ဖေဖေါ်ဝါရီလ-၂၇-ရက်) အင်္ဂါနေ့တွင် ဖွါးမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌၊ ပဌမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌၊ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ်၊ သက်တော် ၁၈-နှစ်အရွယ်တွင် ပဌမကြီးတန်း စာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌၊ "ပဌမကျော်" အောင်မြင်တော်မူသည်။

၈။ ၁၂၈၉-ခုနှစ်၌ "သကျသီဟ စာမေးပွဲ" ခေါ် "ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယ" ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု၊ ဝါဆိုဦး(၁၉၄၁—၄၂) ဂျပန်စစ်တပ်များမြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက် မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့သီတင်းသုံး တော်မူသည်။ ပြောင်း ရွှေ့လာခဲ့စဉ်ကသံဃာတော်ငါးပါးမျှသာရှိ၍ ပြန်လွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

# ဗုဒ္ဓဘာသာသင်ခန်းစာ

၁၀။ (လွတ်လပ်ရေးရရှိပြီးနောက်)၁၃၁၂—ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းများ၌သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅—ခုနှစ်၌—(က) ဆဋ္ဌသံဂီတိ ဩဝါဒါ စရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဂ္ဂါဟက၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာနသောဓေယျ ပတ္တပါဠက
အဖြစ် တင်မြှောက်တော်မူခြင်းကိုခံယူရသည်။

၁၃။ ၁၃၃၃-ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁-ခု၊ သက်တော် (၃၀) မှစ၍ ကျမ်းစာများကို စတင်ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံး ကျမ်းစာကို ရေးသားပြီးစီးတော်မူ၍ ၁၃၃၀-ခု၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကို ရေးသားပြီးလျှင် 'တဘာဝသံသရာ' အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်။

၁၅။ ၁၃၃၉-ခုနှစ်၊သက်တော်(၇၀)နှစ်အရောက် နတ်တော်လပြည့်ကျော် ၂-ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇-ရက်)အင်္ဂါနေ့ညနေ(၄)နာရီ မိနစ် (၃၀) တွင် တဘာဝအတွက် ပြံမ်းတော်မူပါသည်။



ဆရာတော်သည် ဤပုံတော်တွင် ပါသည့်အတိုင်း နေ့စဉ် နံနက်တိုင်း ဘုရားရှင်ဂုဏ်ကျေးဇူးနှင့် မိမိတို့ကိုယ်ကျင့် တိုးတက်ရန်ကို ဩဝါဒပေး၍ လက်တွေ့လည်း ကျင့်သုံးကြရန် အားထုတ်တော်မူပါသည်။

## ကျေးဇူးတော်ရှင် ဘုရားရှင်

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးငွေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဘို့၊ အမြတ်ရတနာ၊ သာသနာ၏၊ နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်း၊ ကြိုးပမ်းကြပါလေ။

## ကျေးဇူးသိ၍ ကျေးဇူးဆပ်ကြပါစို့

အရှင်ဇနကာဘိဝံသဆရာတော်သည် ဗုဒ္ဓသာသနာတော်နှင့် တိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်း ကျေးဇူးအမြဲသိနေရမည့် ပုဂ္ဂိုလ်ထူးတပါး ဖြစ်ပါသည်။ ဆရာတော်သည် အကျော်အစော ဘုန်းကံကြီးမားမှုကို ဦးစားမပေးဘဲ ရဟန်းဘဝကို အလွန် မြတ်နိုးတော်မူပါသည်။

နှောင်းခေတ် သာသနာတော်နှင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်မည့်သူများ အတွက်လည်း ဆက်စပ် ထမ်းဆောင်နိုင်ရန်၊ ပိဋကတ်တော်သင်ရိုးကို လွယ်ကူစွာ ပေါက်မြောက်အောင် သဒ္ဒါဝိနည်းအဘိဓမ္မာ၊သုတ္တန်ကျမ်းများကို ကုန်စင်အောင် ကြိုးစား ပြုစုတော်မူခဲ့သည့်ပြင်၊ လူရောရှင်ပါ တိုင်းပြည်နှင့် သာသနာကို မည်သည့်အသိဉာဏ် ကိုယ်ကျင့်တရားနှင့် မည်သို့ပြည့်စုံမှ တာဝန် ထမ်းဆောင်နိုင်မည်ကိုလည်း၊ ဥပမာ— ရတနာ့ဂုဏ်ရည် ကိုယ်ကျင့် အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဗုဒ္ဓဘာသာ သင်ခန်းစာ၊ ဘာသာသွေး၊ ဘာသာရေး ပြဿနာများ၊ ဗုဒ္ဓါနုဿတိဘာဝနာ အစရှိသော ကျမ်းစာများကို ရေးသား ညွှန်ပြခြင်းဖြင့်လည်း အဆုံးအမ နည်းလမ်းညွှန်ပြထားတော်မူခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရား၏နှလုံးသားဖြင့် သာသနာတော်အား ပူဇော်သွားသော ကျမ်းစာများကို ရဟန်းရှင်လူများလက်သို့ လွယ်ကူစွာ ရောက်ရှိ၍ ကောင်းမြတ်သော ကိုယ်ကျင့်တရားအဖြစ်သို့ ရောက်ရှိအောင် ကြိုးစား အားထုတ်ခြင်းဖြင့် ဆရာတော်နှင့် သာသနာတော်၏ ကျေးဇူးကို ဆပ်ကြပါစို့။

## ဗုဒ္ဓအဆုံးအမသည် လက်တွေ့ လုပ်၍ဖြစ်ကြောင်း နမူနာပြခဲ့ခြင်း

ဆရာတော်သည် အနာဂတ်သာသနာရေးကျမ်းတွင် မိမိရေးသား ညွှန်ပြခဲ့သည့်အတိုင်း ဘုရားရှင်၏သာသနာသည် တကယ် သဒ္ဓါတရား ရှိ၍ တကယ်လုပ်သူရှိလျှင် ဖြစ်နိုင်ကြောင်းကို မိမိ၏ မဟာဂန္ဓာရုံ ကျောင်းတိုက်ကပင် စံနမူနာဖြစ်အောင် ပရိယတ္တိရော၊ ပဋိပတ္တိပါ သာသနာ့ ကျက်သရေဆောင် ဖြစ်အောင် နမူနာ စံအဖြစ် ပြခဲ့သော ပုဂ္ဂိုလ် ဖြစ်ပါသည်။

ယနေ့ သာသနာတော်တွင် သံဃာတော် ငါးရာ့ခြောက်ရာကျော်မျှသည် တိုင်းပြည်၏ ကောင်းမှုဖြင့် မငြိုမငြင် မဆင်းရဲရဘဲ အတူနေအတူစား အတူ ပညာသင်လျက် နေကြသည်မှာ မြန်မာပြည်မှာရော၊ ကမ္ဘာတဝှမ်းမှာ ဤ တနေရာသာ ရှိပါသည်ဟုဆိုလျှင် စကားမလွန်တန်ဟု ထင်မိပါသည်။ ဤ ပြယုဂ်တခုနှင့်ပင် သာသနာ့ကျက်သရေသာမက မြန်မာ့ကျက်သရေပါ တင့် တယ်လှပါသည်။

ထို့ကြောင့် ယနေ့ နိဗ္ဗာန်သို့ အမြန်ဆုံး ရောက်လိုကြပါသည်ဟု ဆိုနေကြ သူ အများစုသည် ကျေးဇူးသိ၍ သိသလို ပြုတတ်ခြင်းမည်သည် ဗုဒ္ဓပွင့်တော် မူခြင်းဟူသော ဒုလ္လဘလောက် ခဲယဉ်းသည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓ မြတ်စွာ ဆုံးမတော်မူခဲ့သော အဆုံးအမနှင့်အညီ "ကတညုတ ကတဝေဒီ" သူ့ကျေးဇူးကိုသိ၍ သိသည့်အတိုင်း ကျေးဇူးကို ဆပ်ကြပါစို့။

### ဆက်လက် တည်တံ့ပါစေသော်

ကိုယ်တည်းတယောက်၊ ချမ်းသာရောက်ဘို့၊ ခုလောက်ကြိုးကုတ်၊
အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါဘိုးဘ၊ လက်ထက်
ကလျှင်၊ ရသည့်တန်ဖိုး၊ ထပ်မညှိုးဘို့၊ အားကြိုးမာန်တက်၊ ငါဆောင်
ရွက်သည်၊ ဆက်လက် တည်တံ့ပါစေသော်။

### ပြောသလိုလုပ်၍ လုပ်သလို ပြောလေ့ရှိခြင်း

အမရပူရမဟာဂန္ဓာရုံကျောင်းတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်သည် ပဌမကျော်၊ သကျသီဟ ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့သော်လည်း ရေးသားတော်မူခဲ့သောကျမ်းစာများတွင် ထိုဘွဲ့ထူးဂုဏ်ထူးများကို ထည့်သွင်း ဖော်ပြလေ့ မရှိခဲ့ရုံသာမက၊ အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ကို မြန်မာပြည် လွတ်လပ်ရေး ရလျှင်ရခြင်း ဆက်ကပ်ခံခဲ့ရသော်လည်း ထို ဘွဲ့ထူးကိုလည်း ကျမ်းစာများတွင် ထည့်သွင်းရိုက်နှိပ်ခြင်း မပြုခဲ့ရပါ။

ဆရာတော်သည် သာသနာတော်ကျိုးကို ပြုစုအားထုတ်ရန်အတွက် စာမေးပွဲအောင်မြင်မှု ဂုဏ်ထူးများရှိမှ တစိုက်တဒေသ အလုပ်လွယ်ကူ

စွာ အောင်မြင်နိုင်မှုရှိမည်ဟု ယုံကြည်သည်မှတပါး သာသနာတော်၏ အကျိုးကို ဆောင်ရွက်ရာတွင် ပြောသလိုလုပ်-လုပ်သလိုပြောပြီးလျှင် ဗုဒ္ဓကို တကယ်ကြည်ညိုရ၍ သီလကို တကယ်လုံခြုံမှသာ မိမိအလိုရှိသော သာသနာရေး အောင်မြင်မည်ဟု အစဉ်သဖြင့် ဆုံးမဩဝါဒပေးတိုင်း စကားစပ်မိတိုင်း ပြောဆိုဆုံးမလေ့ရှိပါသည်။

## ခေတ်ပူဇော်ပွဲများ လုပ်လေ့မရှိ

ကျောင်းတိုက်အတွင်း စာမေးပွဲအောင်သည့် ပူဇော်ပွဲ၊ မွေးနေ့ ပူဇော်ပွဲ စသည်ဖြင့် လုပ်လေ့မရှိပါ။ စာမေးပွဲအောင်မြင်သော သံဃာတော် တပါး အတွက် ပူဇော်ပွဲလုပ်ချင်သဖြင့် ရဟန်းဒကာက ဆရာတော်အား လာ၍ လျှောက်ရာ ဆရာတော်ကိုယ်တိုင်က မလိုက်သဖြင့် စာချဘုန်းကြီးများကို ပင့်ပါရစေဟု တောင်းပန်သဖြင့် ခွင့်ပြုခဲ့ရာ စာချဘုန်းတော်ကြီးများ ကိုယ်တိုင်လည်း မလိုက်ဖြစ်ခဲ့ကြပါ။

## ကျမ်းပြုခြင်း၏ ဦးတည်ချက်

ဆရာတော်သည် ကျမ်းစာများပြုစုရာတွင် ရဟန်းတော်များ အတွက်ကို ပဓာန ဦးတည်တော်မူပါသည်။ သာသနာတော်ကို ရဟန်းတော် များသာ စောင့်ရှောက်နိုင်မည်။ လူပုဂ္ဂိုလ်များတွင်လည်း ဘုရားရှင်၌ ယုံကြည်ကြသူ များသာ စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း၊ မိမိတို့ဆရာသမားနှင့် မိမိကိုယ် တိုင် လိုက်နာနေသော ဩဝါဒမှာလည်း—

"ဘုရားရှင်ဟာ သတ္တဝါအများပေါ်မှာ မေတ္တာရှိတယ်ဆိုသော်လဲ သူ့ရဲ့ သာဝကရဟန်းများနဲ့ ဥပါသကာ ဥပါသိကာမတို့ အပေါ်၌သာ တရား များများဟောတယ်လို့ တိတ္ထိတို့က စွပ်စွဲကြရာ ဒီတော့ မြတ်စွာဘုရားရှင်က "မိုးအကြီးအကျယ် ရွာလာတဲ့အခါ ရေသရောက်မှ ကျတဲ့ ရေကို ခံဘို့ရာ စဉ့်အိုးအကောင်းကြီးက တလုံး၊ နှုတ်ခမ်းပဲ့က တလုံး၊ အကွဲကတလုံး ဤသို့ သုံးမျိုးရှိရာဝယ် "ပထမ ဘယ်အိုးနဲ့ ခံမည်လဲ"တဲ့၊ ဒီတော့ စဉ့်အိုးအကောင်း ကြီးနဲ့ ခံမှာဘဲ၊ မိုးက မတိတ်သေးဘူး၊ စဉ့်အိုးကြီးလဲ ပြည့်နေပြီ၊ နောက်ထပ် ဘယ်အိုးနဲ့ခံမည်လဲ၊ ဒီတော့ နှုတ်ခမ်းပဲ့အိုးနဲ့ ခံမှာဘဲလို့ ဖြေတဲ့အခါ နှုတ်ခမ်းပဲ့

အိုးလဲပြည့်ပြီ၊ မိုးက မတိတ်သေးဘူး၊ ဘယ်အိုးနဲ့ခံမည်လဲ၊ ဒီတော့ နွား၊ ခွေး၊ ငှက်တို့ သောက်ဘို့ရာ စဥ့်အိုးအကွဲနှင့် ခံမှာဘဲလို့ ဖြေပါတယ်။

ဒီလိုဖြေတဲ့အခါ ဘုရားရှင်က၊ ငါဘုရားရဲ့ ရဟန်းသာဝကများသည် စဥ့်အိုးအကောင်းကြီးနဲ့တူကြတယ်၊ ထည့်သမျှတရားရေတွေကို အပြည့် ခံယူနိုင်ကြတယ်။ ထို့နောက် ရတနာ (၃) ပါးကို ကိုးကွယ်ကြတဲ့ ဥပါသကာ၊ ဥပါသိကာမများသည် နှုတ်ခမ်းပဲ့သည့်အိုးနဲ့ တူကြတယ်၊ ရဟန်းသာဝကများလောက် တရားကို မခံယူနိုင်ကြဘူး၊ တိတ္ထိတို့ကတော့ စဥ့်အိုး အကွဲနဲ့ တူကြတယ်၊ ဟောသမျှတရားတွေဟာ ဘေးလျှံပြီး ကျကုန်မှာဖြစ်လို့ နောက်နောင် အခါ အထုံဝါသနာလေးမှ ရပါစေတော့လို့ သဘောထားပြီး အနည်းငယ်မျှသာ တရားရေကို ထည့်ပေးထားတယ်”လို့ ဒီ စဥ့်အိုးဥပမာနှင့် ဘုရားရှင်တရားတော်ကို “တဘဝသံသရာ” စာမျက်နှာ (၃၃၈) မှာ ကျမ်းပြုခြင်းနှင့် ပတ်သက်၍ အကျယ်ရှင်းပြထားတော်မူပါတယ်။

လူအများတွက် ကျမ်းပြုဘို့ စာရေးသူ၏ မကြာခဏ လျှောက်ထားချက်များကိုလဲ ရဟန်းတော်များအတွက် ပိဋကတ်သင်ရိုးတွေက အရေးကြီးတယ်၊ အဲဒါပြီးမှ မသေသေးရင် လုပ်တာပေါ့ဟု ပြောပြတော်မူလေ့ ရှိပါတယ်။ ဆရာတော်သည် မိမိ၏ သာသနာရည်မှန်းချက်ကို လာဘသက္ကာရ အကျော်အစောကြောင့် အပျက်မခံပုံကို စာရေးသူ လက်တွေ့သိခဲ့ရပါသည်။

ဆရာတော်သည် အလုပ်လုပ်၍ အလုပ်ကြောင့် ဘုန်းကြီးပြီး ထင်ရှားကျော်စောသည်ကို အပြစ်ဟု မြင်လေ့မရှိပါ။ ဘုန်းကြီးအောင် လုပ်ခြင်း၊ ရလာသောဘုန်းကိုမှီ၍ ဘုန်းရှိန်ကို သာယာနေသည်ကိုမူ မသင့်တော်ကြောင်း အမြဲဆုံးမလေ့ရှိပါသည်။

ယခု လက်ရှိတပည့်များကိုလည်း ဘုန်းကြီးလိုမှုကြောင့် ဟန်ဆောင်ဝါကြွားခြင်း၊ တကာ တကာမများကို အထူးအလေးပေး ပေါင်းခြင်းများကို ကြပ်ကြပ်တည်းတည်း အစဉ်လိုပင် ဆုံးမလေ့ရှိပါသည်။

ဤစာရေးသူအား မဟာဂန္ဓာရုံကျောင်းတိုက်နှင့် မြောင်းမြဆရာတော်နှင့် စပ်သော ပဇ္ဇောတာရုံကျောင်းတိုက်အတွက် မရင်းနှီးသူများကိုကျောင်းတိုက်အား ကြည်ညိုအောင် မသွေးဆောင်မပေါ်ခဲ့ဘို့ အထူးဆုံးမပါသည်။

ထို့ကြောင့် ယခု ဆရာတော် ဘဝနတ်ထံ ပြန်လွန်တော်မူပြီးမှ ဆရာတော်၏ ဓာတ်ပုံနှင့်တကွ အတ္ထုပ္ပတ္တိအကျဉ်းကို ကျမ်းစာတိုင်းတွင် ဘော်ပြရာ၌ မိမိဆရာဖြစ်သည့်အတွက် ဂုဏ်ရှိအောင် ထည့်လိုသောကြောင့်ဟု မယူမှတ်ကြစေလိုပါ။

သက်ဆိုင်ရာ စာကြည့်ပရိသတ်များ၏ အာသီသပြည့်ဝစေရန်သာ ဓာတ်ပုံနှင့်တကွ ဘော်ပြခြင်းဖြစ်ကြောင်း အစီရင်ခံပါသည်။

## သာသနာပြု ကူညီအားပေးလိုသူများသို့

အောက်ဘော်ပြပါ ဆရာတော်၏ ကျမ်းစာများအနက်မှ ပဌမပြန် စာမေးပွဲ၊ ဓမ္မာစရိယ စာချတန်း စာမေးပွဲနှင့် လူ့ကျင့်ရဟန်းများ ကြည့်ရှုနေကြသော ကျမ်းစာများကို ဆရာတော်အားရင်း၊ သာသနာတော်အားရင်း ပူဇော်သောအနေဖြင့် စေတ်နှင့်အညီ အဆင့်အတန်းမြင့်၍ စျေးနှုန်းလည်း သက်သာအောင် အမြန်ဆုံး ရိုက်နှိပ်ဖြန့်ချိရန် တာဝန်ရှိပုဂ္ဂိုလ်များက ယခုအခါ စတင်ရိုက်နှိပ်နေပြီဖြစ်ကြောင်း သိစေအပ်ပါသည်။

ကုသိုလ်အထူး ပါဝင်လိုသူ စေတနာရှင်တို့သည် သာသနာပြု ပရိယတ္တိဓမ္မဒါနကုသိုလ်ထူးကြီးကို မိမိတို့အင်အားနှင့်အညီ ပါဝင်ကူညီနိုင်ကြပါသည်။

## ဆရာတော်၏ ကျမ်းစာများ

ဆရာတော်၏ ကျမ်းစာများသည် ဆရာတော်၏အသဲနှလုံးမှ ထုတ်နုတ်၍ သာသနာတော်နှင့် တိုင်းပြည်ကို ကျေးဇူးဆပ်ခဲ့သည်ဟုဆိုလျှင် မှားမည်မထင်မိပါ။

ဩဝါဒ ပေးတော်မူလေ့ရှိသည်မှာ "ငါဘုရား ကွယ်လွန်သော်လည်း ငါဘုရား၏စကား တရားတော်တို့သည် သင်တို့၏ဆရာတည်း"လို့ ဘုရားရှင် ဟောထားသလိုဘဲ "နှိုင်းတော့ မနှိုင်းကောင်းဘူး၊ ဘုန်းကြီးရေးထားတဲ့ စာတွေဟာ ဘုန်းကြီးမရှိတဲ့နောက် သင်တို့ဆရာဘဲ၊ ဘုန်းကြီးမရှိလဲ ကွယ်လွန်ရာမရောက်ဘူး၊ ဘုန်းကြီးရဲ့စာတွေက ရှိသေးတာကိုး၊ သူများက မေးရင် ပြောလိုက်ပါ၊ ဘုန်းကြီးက ပြောတယ်လို့ "ဒီစာတွေဟာ သူမရှိတဲ့နောက်

ဆရာဖြစ်ရစ်လိမ့်မယ်''လို့တကယ်လို့လူပြန်ဝင်စားတောင် ဘုန်းကြီးရေးထားတဲ့ စာတွေကို ဘုန်းကြီးပြန်သင်ရပြီး သာသနာကို ဆက်ပြုရလိမ့်ဦးမယ်။(ဩဝါဒ)

ဤမျှ ကြီးမားသော မျှော်လင့်မှုဖြင့် ကျမ်းစာများကို ပြုတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အနေနှင့်လည်း ဆရာတော်၏ နှလုံးသားကို ထုတ်ဖော် ပူဇော်ရဘိသကဲ့သို့ ဆရာတော်အားရှင်း၊ သာသနာတော်အားရှင်း လူအား-ဉာဏ်အား-သဒ္ဓါအားတို့ဖြင့် အစွမ်းနိုင်ဆုံး ပူဇော်ကြပါစို့။

## ကုသိုလ်ရေးမို့ ကြိုးစားမည်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုံးက၊ နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့၊ အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့၊ ငါပါ အသက်ဆုံးစေမည်၊
နောက် မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

## သာသနာပြု ကူညီနိုင်သောနည်း

၁။ မိမိနှစ်သက်ရာကျမ်းစာအုပ်ကို ရွေးချယ်၍ ကျမ်းစာဖြစ်မြောက်သည် အထိ၊ ၎င်းကျမ်းစာအတွက် ကုန်ကျစရိတ်ကို အရင်းထုတ်ချေးသည့်အနေဖြင့် ကူညီနိုင်ပါသည်။ ထုတ်ချေးငွေကို ကျမ်းစာရောင်းချပြီးသောအခါ ပြန်ဆပ်ပါမည်။ (ကျမ်းစာတွင် အလှူရှင်ကို ဖော်ပြပါမည်)။

၂။ တနည်းမှာ စာအုပ်ရေ ကန့်သတ်၍ မိမိဆန္ဒရှိသလောက် အုပ်ရေကိုလည်း လှူဒါန်းနိုင်ပါသည်။

၃။ တနည်းမှာ မိမိ၏ စွမ်းနိုင်သော ငွေရင်းကိုပဒေသနထား၍ သင့်တော်သောကျမ်းစာကို ရိုက်နှိပ်ရန်ဖြစ်ပါသည်။

၄။ တနည်းမှာ အဖွဲ့မှအားလုံး စာအုပ်ရိုက်နှိပ်ဖြန့်ချိသော စာအုပ်များ၌ အလိုရှိသလိုသုံးရန် လှူဒါန်းခြင်း ဖြစ်ပါသည်။

၅။ ဤလုပ်ငန်းကိုကူညီရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံတွင် ဆက်သွယ်နိုင်ကြပါသည်။ အလှူရှင်ရှိသော ကျမ်းစာများကို ကျမ်းစာတွင် ရိုက်နှိပ်ထည့်သွင်း ဖော်ပြမည် ဖြစ်ပါကြောင်း။

(ကား) ဗုဒ္ဓဘာသာသင်ခန်းစာ

အရှင်ဇနကာဘိဝံသ ဆရာတော်၏ အောက်ပါ ကျမ်းစာများ အနက်မှ— ပထမပြန်စာမေးပွဲအတွက် ကျမ်းစာများကိုရှင်း၊ လူရှင်ရဟန်း ကြည့်ရှုသော ကျမ်းစာများကိုရှင်း ဦးစားပေး၍ ကျမ်းစာ အားလုံးကို အဆင့် အတန်း မြင့်အောင် ရိုက်နှိပ်ပြီးလျှင် ခေတ်နှင့်အညီ အဖိုးနှုန်း သက်သာစွာဖြင့် လူရှင် ရဟန်းများအတွက် အမြဲတန်း ဝယ်ယူရရှိနိုင်အောင် စီစဉ်ပြီး ဖြစ်ပါသည်။

## ပိဋကတ်တော် သင်ရန်အတွက် ကျမ်းစာများ

**သဒ္ဒါ။** ။၁-အခြေပြု သဒ္ဒါ။ ၂-အခြေပြု နာမ်ဂိုဏ်း။ ၃-မူလတန်း ပါဠိ သိက္ခာနှင့် သဒ္ဒါအကျဉ်း။ ၄-ကစ္စည်း ဘာသာဋီကာ(ပ)။ ၅-(ဒု)။ ၆-ရူပသိဒ္ဓိ ဘာသာဋီကာ(ပ)။ ၇-(ဒု)။ ၈-သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ။ ၉-ကစ္စာယနသာရဘာသာဋီကာ။ ၁၀-အလင်္ကာ ဘာသာဋီကာ။ ၁၁-ကထာသလ္လာပ(မရိုက်ရသေး)။

**ဝိနည်း။** ။၁-ရုပ်ပုံ ရှင်ကျင့်ဝတ်။ ၂-ပါတိမောက် ဘာသာဋီကာ။ ၃-ကင်္ခါ ဘာသာဋီကာ။ ၄-(ဒု)။ ၅-ခုဒ္ဒသိက္ခာဘာသာဋီကာ။ ၆-ဘုရား ဥပဒေတော်ကြီး။ ၇-ပါရာဇိကကဏ်ဘာသာဋီကာ။ ၈-(ဒု)။ ၉-(တ)။ ၁၀-(စ)။ ၁၁-ပါစိတ်ဘာသာဋီကာ။ ၁၂-မဟာဝါ ဘာသာဋီကာ။ ၁၃-စူဠဝါဘာသာဋီကာ။ ၁၄-ပရိဝါဘာသာ ဋီကာ။

**အဘိဓမ္မာ။** ။၁-အခြေပြု သင်္ဂြိုဟ်။ ၂-သင်္ဂြိုဟ် ပါဠိ။ ၃-သင်္ဂြိုဟ် ဘာသာ ဋီကာ။ ၄-ဝီထိနှင့် သုံးချက်စုဘာသာဋီကာ။ ၅-ဋီကာကျော်နိဿယ။ ၆-အဋ္ဌသာလိနီဘာသာဋီကာ။ ၇-(ဒု)။ ၈-(တ)။ ၉-(စ)။ ၁၀-သမ္မောဟဝိနောဒနီဘာသာဋီကာ။ ၁၁-(ဒု)။ ၁၂-(တ) (ရိုက်ဆဲ)။ ၁၃-ပဉ္စပကရဏဘာသာဋီကာနှင့် မူလဋီကာနိဿယ။ ၁၄-(ဒု)။ ၁၅-(တ) [ရိုက်ရန်စီစဉ်နေပြီ။]

**သုတ္တန်။** ။၁-သီလက္ခန်ဘာသာဋီကာ။ ၂-(ဒု)။ ၃-(တ)။ ၄-(စ)။ ၅-မဟာဝါဘာသာဋီကာ။ ၆-(ဒု)(မရိုက်ရသေး)။ ၇-အဋ္ဌကထာ အခြေပြု(ရိုက်ဆဲ)။



ဆရာတော် အရှင်ဇနကာဘိဝံသ ကျမ်းစာပြုစုတော်မူနေပုံ။

## ကျမ်းစာများမှရရှိသော "ငွေနှင့်" ဆရာတော်သဘောထား

တပည့်တော်က ကျမ်းစာအုပ်နဲ့စပ်ပြီး တပည့်တော်အတွက်သာ သတိထားတာ မဟုတ်ပါဘူး၊ တပည့်တော်နဲ့ စပ်ရာအတွက်လဲ သတိထားပါတယ်၊ တပည့်တော်ရဲ့ ကျမ်းစာအုပ်တွေ ထွက်ခါစကစပြီး လူထွက် လိမ့်မယ်လို့ ထင်ကြတုန်းဘဲ၊ တပည့်တော် စဉ်းစားခဲ့ဘူးပါတယ်၊ သူတို့ပြောသလို ငါက လူထွက်ပါပြီဆိုကြစို့၊ လူထွက်ရင် ဒီစာအုပ်တွေမှ ရတဲ့ငွေဖြင့် ငါရယ် ငါနဲ့ရေစက်ဆုံတဲ့သူရယ် သုံးစွဲနေရင် ဘဝသံသရာမှာ နစ်နာလိမ့်မယ်၊ ငါရော ငါနဲ့ရေစက်ဆုံတဲ့ သူရော ထိုကဲ့သို့ အနစ်နာ မခံနိုင်ပါဘူးလို့ စဉ်းစားမိပါသေးတယ်။

ယခုလဲ ကျမ်းစာအုပ်တွေကို တာဝန်ယူပြီး စက်တင်ရိုက်နှိပ်ဖြန့်ဝေနေတဲ့ မောင်ကျော်နဲ့ တူဖြစ်သူ မောင်အောင်ခန့်တို့ကို အမြဲသတိပေးထားပါတယ်။

ကျမ်းစာအုပ်မှထွက်တဲ့ငွေကို သာသနာ့အကျိုးများဘို့ သဘော ထားရမယ်၊ သင်တို့ရဲ့စီးပွားရေး မဖြစ်စေကြနဲ့၊ ငွေမလယ်လို့ ခေတ္တ သုံးလဲ ပြန်ပြီးရှင်းနိုင်မှ ကောင်းတယ်၊ ခေတ်အားလျော်စွာ သင်တို့ရဲ့ တာဝန်ဆောင်ခကိုတော့ တရားသဖြင့်သုံးကောင်းတာပေါ့၊ဆွေမျိုးရင်း ထဲက အထက်တန်းပညာသင်ကြားဘို့ လိုနေယင်လဲ ကူညီထိုက်ပါတယ်။

စီးပွားရေးဖြစ်အောင်တော့ ဘယ်သူမှ မသုံးကောင်းပါဘူး၊ နောက် နောင် မတွင်ကျယ်နိုင်သော အထက်တန်းဘာသာဋီကာတွေ ရိုက်နိုင် အောင်သာ ကြိုးစားကြပါ။

ငါဟာ သာသနာ့ရေးအတွက် စာရေးတယ်၊ တိုက်က စာချ ဘုန်းကြီးများလဲ ကူညီကြတယ်၊ ဒီတော့ ဘယ်နည်းနဲ့မှ စီးပွားရေး မဖြစ်ကောင်းပါဘူး၊ စီးပွားရေးသုံးရင် သားစဉ်မြေးဆက် အညွန့်တုံး ကြလိမ့်မယ်။

ငါမရှိတောင် ဂန္ထာရုံသာသနာ့အတွက်၊ ဂန္ထာရုံဆိတ်သုဉ်းသွား ယင် အခြားဘာသာရေးအတွက်သာ ဖြစ်စေလိုတယ်လို့ ပြောထား ပါတယ်။ (တဘဝသံသရာ စာမျက်နှာ-၃၁၇)

ထို့ကြောင့် ဆရာတော်ဘုရား၏ အထက်ပါဆန္ဒတော်နှင့်အညီသာ လျှင် ယခုကျမ်းစာမှငွေပိုများရရှိလာခဲ့သော်နာယကဆရာတော်များ၏ ညွှန်ကြားချက်အရ သာသနာ့ရေးဦးစီးဌာနနှင့် ပစ္စည်းအားဖြင့် ကူညီ ပေးကြသော ရဟန်းရှင်လူပုဂ္ဂိုလ်များ၏ အကူအညီရမှုကိုမှုတည်၍ ပရိယတ္တိ သာသနာတော်အတွက် အလွန်လိုအပ်နေသော ဘာသာ ဋီကာကျမ်းကြီးများကို အမြန်ဆုံးဝယ်ယူရရှိနိုင်အောင် ရိုက်နှိပ်ဖြန့်ချိ ရန် ကြိုးစားမည်ဖြစ်ပါသည်။

အထက်ပါ ရည်ရွယ်ချက်ကြီး အောင်မြင်ထမြောက်ရန် သာသနာ တော်နှင့် တိုင်းပြည်အကျိုးကို စေတနာ လိုလားကူညီလိုကြသော လူ ရှင်ရဟန်းများ၏ "ပရိယတ္တိ ဓမ္မဒါန" ကုသိုလ်ကိုလည်း ပစ္စည်းအား လုံအားဖြင့် ကူညီနိုင်ကြရန် အခွင့်ကောင်းကြီးတခုဖြစ်ကြောင်း သိစေ အပ်ပါသည်။

အရှင်ဇနကာဘိဝံသဆရာတော်၏ ကျမ်းစာများ ရိုက်နှိပ်ဖြန့်ချိရေးနှင့် ပတ်သက်၍ ကူညီအားပေးလို၍ စုံစမ်းသိရှိလိုသူများ အောက်ပါပုဂ္ဂိုလ်များထံတွင် စုံစမ်းနိုင်ကြပါသည်။

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နာယက ဆရာတော်များ

မန္တလေးမြို့ — ၁။ ဦးသာဌေး၊ ပိုက်ကျုံးရပ်၊ ဖုံး—၇၀၄
၂။ ဦးမောင်ကို၊ ဆိုင်းတန်းရပ်၊
၃။ ဦးသောင်းဥာဏ်၊ ပွဲကုန်းရပ်၊ ဖုံး—၁၇၇
၄။ ဦးအောင်ခင်၊ ဒေါင်းရိုးရပ်၊ ဖုံး—၆၇၃
၅။ ဦးအောင်ခန့်၊ လွင်ပုံနှိပ်တိုက်၊ ၈၂-လမ်း၊ မန္တလေးမြို့။

ရန်ကုန်မြို့ — ၁။ ဦးတက်တိုး(ဦးအုန်းဖေ)၊ အမှတ်-၁၁၊ လန်ကက်စတာလမ်း၊ ရန်ကုန်မြို့။ ဖုံး—၇၅၆၀၅
၂။ ဒု-ဗိုလ်မှူးကြီး အောင်သိမ်း (အငြိမ်းစား)၊ ရွှေတိဂုံဘုရားတော်ထိမ်းအဖွဲ့လူကြီးဟောင်း၊ ၄၆-တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။ ဖုံး—၃၀၂၄၀
၃။ ဦးထိန်ဝင်း၊ ၁၀၇၊စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။

---

**လူရှင်ရဟန်းအများ ကြည့်ရှုနိုင်ရန် ကျမ်းစာများ**

၁-ရတနာ့ဂုဏ်ရည်။ ၂-ကိုယ်ကျင့်အဘိဓမ္မာ။ ၃-အနာဂတ်သာသနာ။ ၄-ဘာသာသွေး။ ၅-ဘာသာရေး ပြဿနာများ။ ၆-စစ်တပ် တရားတော်။ ၇-ဗြဟ္မဇာလသုတ် မြန်မာပြန်။ ၈-သာမညဖလသုတ် မြန်မာပြန်။ ၉-ဗုဒ္ဓါ-နုဿတိဘာဝနာ။ ၁၀-သာသနာရေး လျှောက်ထားချက်။ ၁၁-မှော်ဘီအစည်းအဝေး၊ အဘိဓဇရဋ္ဌဂုရု ပခုက္ကူဆရာတော်၏ မိန့်ခွန်း။ ၁၂-ဋ္ဌင်းစည်းဝေးပွဲတွင် ပဌမပြန်စာမေးပွဲ ပြုပြင်ရန်အတွက် ရေးသားအစီရင်ခံစာ။ ၁၃-ဂေါပက စာတန်း။ ၁၄-သရဏဂုံစိစစ်ချက်။ ၁၅-နောက်ဆုံး ဆယ်လမြတ်ဗုဒ္ဓ။ ၁၆-အခြေပြုမင်္ဂလသုတ်။ ၁၇-မူလတန်းဘာသာရေး။ ၁၈-အလယ်တန်းဘာသာရေး။ ၁၉-ဗုဒ္ဓဘာသာလက်စွဲ မူလတန်းအတွက်(၆-အုပ်)။ ၂၅-ဗုဒ္ဓဝင် အမေး-အဖြေ။ ၂၆-ရုပ်ပုံ ဗုဒ္ဓသာသနာဝင်။ ၂၇-လူ့ချမ်းသာ။ ၂၈-ပဋ္ဌာန်တဒုလ္လဘ။ ၂၉-အထက်တန်းဘာသာရေး။ (၂၇-မှ ၂၉-ထိ မရိုက်ရသေး)။ ၃၀-တဘာဝသံသရာ။

# ပရိယတ္တိ ဓမ္မဒါနပြုသူများ

ဤဗုဒ္ဓဘာသာ သင်ခန်းစာ စာအုပ်ကို ဦးကြင်ညွန့်-ဒေါ်ကျင်ဟုန် မိသားစုက ဗုဒ္ဓမြတ်စွာ၏ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့စေခြင်းအကျိုးငှါ ပရိယတ္တိဓမ္မဒါန သာသနာပြုအလှူ အုပ်ရေ-၅၀၀ လှူဒါန်းပါသည်။

ပဲခူးမြို့၊ မင်းကျောင်း ပရိယတ္တိ စာသင်တိုက် ဦးသူရိယ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ, ဒီဃနိကာယ ပါဠိပါရဂူ)က ကျမ်းစာအုပ်(၅၀၀)ငါးရာ နှင့် ပဲခူးမြို့ မှုံရွှေရည် ဆေးလိပ်ရုံ ဦးကျော်အေး ဒေါ်စောရီ မိသားစုတို့က အုပ်ရေ တစ်ထောင် (၁၀၀၀) ပရိယတ္တိ ဓမ္မဒါန ကျမ်းစာဖြစ်မြောက်အောင် လှူဒါန်းခဲ့ပါသည်။

ကျမ်းစာဖြစ်မြောက်၍ အဆင့်အတန်းမြင့်အောင် ထုတ်ဝေ ဖြန့်ချိနိုင်ခြင်း မှာ သာသနာရေးဦးစီးဌာန မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဘက်ဘက်မှ ကူညီ ကြသူ ပုဂ္ဂိုလ်အများကြောင့်သာ ဖြစ်ပါသည်။

အချို့ လိုအပ်သော ကျမ်းစာဖြစ်မြောက်မှုနှင့် လုပ်အား အမျိုးမျိုးကို ဒု-ဗိုလ်မှူးကြီး အောင်သိမ်း(ရေ) အငြိမ်းစား, ရွှေတိဂုံ ဘဏ္ဍာတော်ထိန်း လူကြီးဟောင်း မိသားစုနှင့် ကျွန်တော်တို့မောင်နှမတစုက စွမ်းအားရှိသမျှ ကြိုးစားအားထုတ်ခြင်းဖြင့် ပြီးမြောက်ခဲ့ပါသည်။

ဗုဒ္ဓဘာသာသင်ခန်းစာကို ထုတ်ဝေဖြန့်ချိနိုင်အောင် ကြိုးစားရသော ကျွန်တော့်အတွက် အတိုင်းမသိ ဝမ်းမြောက်မှုပီတိဖြစ်ခဲ့ရသလို ဤကျမ်းစာကို အစ အဆုံး ဖတ်ရှုလေ့လာပြီးသောအခါ စာဖတ်သူများလည်း ဝမ်းမြောက်နိုင် ကြ၍ ဗုဒ္ဓသာသနာတော်ကြီးအတွက် စွမ်းအားရှိသမျှ သန့်ရှင်းခိုင်မြဲအောင် ကြိုးစားနိုင်ကြပါစေဟု ဆုတောင်းပါသည်။

ဤကျမ်းစာကို ဖြစ်မြောက်အောင် အားထုတ်ရသော ပစ္စည်းအား, ဉာဏ် အား, လူအားတို့ဖြင့် "ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသ" နှင့် ဗုဒ္ဓ သာသနာတော်ကြီးအား ပူဇော်ပါသည်။

ဤကုသိုလ်အဘို့ကို ထပ်တူအမျှရကြပါစေ။

**ထိန်ဝင်း**

# မာတိကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မြန်မာပြည်နှင့်ဗုဒ္ဓဘာသာသင်ခန်းစာ | .... | ဂူ |
| ဗုဒ္ဓပွင့်ပေါ်ကျေးဇူးတော် | .... | ၁ |
| မူလတန်းဘာသာရေးအခြေခံနိဒါန်း | .... | ၃ |
| ကျောင်းနေဆဲမဟုတ်သူများလည်းအဆင့်ဆင့်လေ့လာကြဘို့ရန် | .... | ၇ |
| ရေးသားပုံအစီအစဉ် | .... | ၇ |
| ဗုဒ္ဓဝါဒီစစ်ရှိတည်မည် | .... | ၉ |
| သူငယ်တန်း, ပဌမတန်း | .... | ၁၁ |
| ဒုတိယတန်း, တတိယတန်း | .... | ၁၂ |
| စတုတ္ထတန်း | .... | ၁၃ |
| သူငယ်တန်းသင်နည်း | .... | ၁၅ |
| ကလေးများသရဏဂုံယူနိုင်ပုံ | .... | ၁၆ |
| သရဏဂုံတည်သောအမျိုးသားအကြောင်း | .... | ၁၈ |
| ငါးပါးသီလပျက်သူတို့ငရဲခံရပုံ | .... | ၁၉ |
| သီလရှိသူတို့နတ်ပြည်၌စံရပုံ | .... | ၃၀ |
| ပဌမတန်းသင်နည်း | .... | ၃၇ |
| ဘုရားဂုဏ်တော် တရားဂုဏ်တော်ပါဠိ | .... | ၄၃ |
| သံဃာဂုဏ်တော်ပါဠိ | .... | ၄၄ |
| မြန်မာလိုသရဏဂုံနှင့် ၅ ပါးသီလ | .... | ၄၄ |
| ဒုတိယတန်းသင်နည်း | .... | ၄၇ |
| ဘုရားဂုဏ်တော် ၉ ပါးအနက် | .... | ၄၇ |
| ဘုရားရှိခိုးဂါထာ | .... | ၅၁ |
| သရဏဂုံသီလတောင်း | .... | ၅၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒုစရိုက် ၁၀ ပါး | .... | ၅၃ |
| သုစရိုက် ၁၀ ပါး | .... | ၅၄ |
| ဆွမ်းတော်ကပ်လှူပုံ | .... | ၅၅ |
| ပန်းတော်ကပ်လှူပုံ | .... | ၅၇ |
| ရေတော်ကပ်လှူပုံ | .... | ၅၈ |
| မီးတော်ကပ်လှူပုံ | .... | ၅၉ |
| ဒုတိယတန်း သင်နည်း တရားဂုဏ်တော် ၆-ပါးအနက် | .... | ၆၁ |
| တရားရှိခိုးဂါထာ | .... | ၆၂ |
| သြကာသမှစ၍ သရဏဂုံငါးပါးသီလယူပုံ | .... | ၆၃ |
| ပုညကြိယာဝတ္ထု ၁၀ ပါး | .... | ၆၅ |
| စတုတ္ထတန်းသင်နည်း သံဃဂုဏ်တော်အနက် | .... | ၆၇ |
| သံဃာ့ရှိခိုးဂါထာ | .... | ၆၉ |
| ရှစ်ပါးသီလခံယူနည်း | .... | ၇၀ |
| မင်္ဂလသုတ်ပါဠိနှင့် မြန်မာ | .... | ၇၂ |
| ဗာလပဏ္ဍိတတို့ခြားနားပုံ | .... | ၈၁ |
| ဗြဟ္မစိုရ် ၄ ပါးပါဠိ မြန်မာမေတ္တာပို့ | .... | ၈၃ |
| ဘုန်းကြီးရှိရကျိုး | .... | ၈၄ |
| ရှေးခေတ်မြန်မာ ရာဇဝတ်မှု နည်းပါးခြင်း | .... | ၈၅ |
| သဗ္ဗညုတဉာဏ်တော်၏အစွမ်းတော် ၃ ပါး | .... | ၈၈ |


## ပဥ္စမတန်းမာတိကာ


| | | |
|---|---|---|
| ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက | .... | ၉၁ |
| ဗုဒ္ဓရတနာအကျယ်ညွှန်ပြချက် | .... | ၉၃ |
| သာသနာတော် | .... | ၉၃ |
| ဘာသာအတွက် အသက်ပေး | .... | ၉၄ |
| ဉာဏ်စက္ခုရကြခြင်း | .... | ၉၄ |

အကြောင်းအရာ                                        စာမျက်နှာ


| | | |
|---|---|---|
| လောက ၃-ပါး | .... | ၉၅ |
| ပရလောက ရှိ,မရှိ | .... | ၉၆ |
| မိဘကြောင့်လော, ကံကြောင့်လော | .... | ၉၆ |
| လူသေတိုင်း လူမဖြစ် | .... | ၉၆ |
| သန့်ရှင်းစေလိုခြင်း | .... | ၉၇ |
| ဆိတ်ငြိမ်မှု | .... | ၉၉ |
| ကျောင်းဘုရားပွဲ | .... | ၁၀၀ |
| အတွင်းလူက သာသနာဖျက်နိုင် | .... | ၁၀၀ |
| နိုင်ငံခြားသား ယုံမှားဘွယ် | .... | ၁၀၁ |
| နိုင်းယှဉ်ပေမည် | .... | ၁၀၂ |
| ကွယ်စေလိုသူ | .... | ၁၀၃ |
| ပြုပြင်လိုသူ | .... | ၁၀၃ |
| ဗုဒ္ဓဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ် | .... | ၁၀၅ |
| သဗ္ဗညုတဉာဏ်တော်၏အစွမ်း | .... | ၁၁၃ |
| ဇိနဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ် | .... | ၁၂၁ |
| ဘဂဝါဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ် | .... | ၁၂၄ |
| အတူမဲ့ဗုဒ္ဓရတနာ | .... | ၁၂၉ |


**ဆင့်မတန်းမာတိကာ**


| | | |
|---|---|---|
| ဓမ္မရတနာအကျဉ်း | .... | ၁၃၃ |
| ဓမ္မရတနာအကျယ် | .... | ၁၃၅ |
| ဝိနည်း | .... | ၁၃၅ |
| အဘိဓမ္မာ | .... | ၁၃၅ |
| သာသနာ့အသက်ဝိနည်း | .... | ၁၃၆ |
| ကြည်ညိုစေနိုင်သော ဝိနည်း | .... | ၁၃၆ |
| သေချာသောဝိနည်း | .... | ၁၃၆ |
| သုတ္တန် | .... | ၁၃၇ |

ဗျဂ္ဃပဇ္ဇသုတ်
ဥဋ္ဌာနသမ္ပဒါ
အာရက္ခသမ္ပဒါ
ကလျာဏမိတ္တတာ
သမဇီဝိတာ
ပျက်စီးကြောင်း ၄-ပေါက်
ဝင်လာကြောင်း ၄-ပေါက်
ရေကန်ကြီး ဥပမာ
နောက်ဘဝ ချမ်းသာကြောင်း ၄-ပါး
အဂတိမလိုက်ရ
မောဟာဂတိ၏ ကြောက်ဘွယ်
ဥစ္စာပျက်ကြောင်း ၆-ပါး
သေရည်သောက်ခြင်း အပြစ် ၆-ပါး
အချိန်မတော် လှည့်လည်ပြစ် ၆-ပါး
ပွဲသဘင် လှည့်လည်ပြစ် ၆-ပါး
အလောင်းအစားအပြစ် ၆-ပါး
မိတ်မကောင်းနှင့်ပေါင်းခြင်းအပြစ် ၆-ပါး
ပျင်းရိခြင်းအပြစ် ၆-ပါး
မိတ်ဆွေတု ၄-ယောက်
အညဒတ္ထုဟာရ
ဝစီပရမမိတ်ဆွေတု
အနုပိယဘာဏီမိတ်ဆွေတု
အပါယသဟာယ
မိတ်ဆွေစစ် ၄-ယောက်
သမာန သုခ ဒုက္ခ မိတ်ဆွေ
အတ္ထက္ခာယီမိတ်ဆွေ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အနုကမ္ပကမိတ်ဆွေ** | .... | ၁၆၁ |
| ဖြည့်စွက်ဘွယ် | .... | ၁၆၂ |
| စီးပွားစုပါ | .... | ၁၆၄ |
| ၄-ပုံခွဲ၍ သုံးစွဲပါ | .... | ၁၆၅ |
| မမွဲနိုင်သောအလှူ | .... | ၁၆၆ |
| မွဲခြင်း၏အကြောင်း | .... | ၁၆၇ |
| ကိုယ့်ကိုယ်ကိုချစ်ပါ | .... | ၁၆၈ |
| မိဘနှစ်ပါး | .... | ၁၆၉ |
| ဗြဟ္မာနှင့်တူ | .... | ၁၆၉ |
| မိဘဝတ် ၅-ပါး | .... | ၁၇၁ |
| သားသမီးဝတ် ၅-ပါး | .... | ၁၇၃ |
| သင်္ဂဟဝတ္ထု ၄-ပါး | .... | ၁၇၄ |
| သုခ ၄-မျိုး | .... | ၁၇၆ |
| လောကဓမ် ၈-ပါး | .... | ၁၇၇ |
| လောကပါလ ၂-ပါး | .... | ၁၇၉ |
| အတူမဲ့ ဓမ္မရတနာ | .... | ၁၈၀ |
| အမတေ, အမြုတေ, အမြိုက် | .... | ၁၈၂ |
| ဒိဋ္ဌဓမ္မိကနိဗ္ဗာန် သမ္ပရာယိကနိဗ္ဗာန် | .... | ၁၈၄ |
| ဝေဒယိတသုခ | .... | ၁၈၅ |
| သန္တိသုခ | .... | ၁၈၅ |
| နိရောဓသမာပတ် ဝင်စားခြင်း | .... | ၁၈၆ |
| ထင်ရှားရှိသောနိဗ္ဗာန် | .... | ၁၈၆ |
| မိထွေးတော်ဂေါတမီ၏ ဥဒါန်း | .... | ၁၈၇ |
| သုခကိုပင် ဒုက္ခထင်ကြ | .... | ၁၈၈ |
| အရိယာနှင့် ပုထုဇဉ်အမြင်မတူ | .... | ၁၈၈ |
| တရားဖြင့် ဘုရားကိုသိနိုင်ပုံ | .... | ၁၈၉ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သံဃရတနာအကျဉ်း | .... | ၁၉၁ |
| သံဃရတနာအကျယ်ညွှန်ပြချက် | .... | ၁၉၃ |
| ဘုရားသားတော်များ | .... | ၁၉၃ |
| ဘုရားပွင့်တော်မူပုံ | .... | ၁၉၃ |
| သာသနာတော်ဖြစ်ပေါ်ပုံ | .... | ၁၉၄ |
| သဒ္ဓါဖြစ်၍ စဉ်းစားပုံ | .... | ၁၉၅ |
| သံဃာ | .... | ၁၉၅ |
| ရဟန်းတော်များ၏တာဝန် | .... | ၁၉၆ |
| တာဝန်မကျေလျှင် မသဒ္ဓါ | .... | ၁၉၇ |
| အရေးကြီးသော အချိန်အခါ | .... | ၁၉၇ |
| ဗုဒ္ဓသာသနာ အဖိုးအတန်ဆုံးအချိန် | .... | ၁၉၈ |
| သာသနာရေးကိစ္စများ ပြုပြင်ပါ | .... | ၁၉၈ |
| သာသနာရေးကျောင်းကောင်း လိုသည် | .... | ၁၉၈ |
| ဘုန်းတော်ကြီးရှာပါ | .... | ၁၉၉ |
| ကြာကြာပေါင်းမှသိ | .... | ၁၉၉ |
| ကျောင်း၏နေရာနှင့် သာယာရေး | .... | ၂၀၀ |
| ဘုန်းတော်ကြီး၏ အရည်အချင်း | .... | ၂၀၂ |
| ဘုန်းတော်ကြီး၏ နေ့စဉ်အလုပ် | .... | ၂၀၄ |
| အကျိုးရ | .... | ၂၀၆ |
| အခြေခံကျောင်းတိုက် | .... | ၂၀၇ |
| အသက်အဆန်းမဟုတ် | .... | ၂၀၈ |
| ဘုန်းတော်ကြီးများ၏ကျင့်ဝတ် | .... | ၂၀၈ |
| ဒါယကာ ဒါယိကာမကျင့်ဝတ် | .... | ၂၀၉ |
| မတ္တညုူ(ပမာဏသိခြင်း) | .... | ၂၁၀ |
| နုနုညံ့ညံ့ မနေစေလို | .... | ၂၁၁ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လာဘသက္ကာရသိလောက | .... | ၂၁၂ |
| အာဟာရ | .... | ၂၁၄ |
| ကျန်းမာရေး | .... | ၂၁၆ |
| အသက်တမ်း သတ်မှတ်ခြင်း | .... | ၂၁၈ |
| အာဟာရတို့၌ ဩဇာညှံ့ခြင်း | .... | ၂၁၈ |
| ရေမြေဩဇာ | .... | ၂၁၉ |
| ဘာ့ကြောင့် မိုးမကောင်းသလဲ | .... | ၂၁၉ |
| မိဘသွေးသားလည်း အကြောင်းတပါး | .... | ၂၂၀ |
| စိတ်လည်းအကြောင်းတပါး | .... | ၂၂၀ |
| အလုပ်အကိုင်လည်း အကြောင်းတပါး | .... | ၂၂၁ |
| မေထုန်များခြင်းအပြစ် | .... | ၂၂၂ |
| ကျန်းမာရေးအချုပ် | .... | ၂၂၂ |
| သူတော်ဥစ္စာ ၇-ဖြာ | .... | ၂၂၃ |
| သကြားအလောင်း မာဃလုလင် | .... | ၂၂၄ |
| မြို့ရွာအကျိုးဆောင်ပါ(ဆောင်နည်းများ) | .... | ၂၂၇ |
| ဘုန်းတော်ကြီးကျောင်း ရှိရကျိုး | .... | ၂၃၁ |
| လူ ၃-မျိုး | .... | ၂၃၁ |
| စိတ်ချမ်းသာရေး | .... | ၂၃၂ |
| နောင်ရေးကိုလည်း မြင်ဆင်ပါ(မြင်နည်းအမျိုးမျိုး) | .... | ၂၃၂ |
| အမှောင်သွား အလင်းသွား | .... | ၂၃၅ |
| သံဃာကောင်းအမျိုးမျိုး | .... | ၂၃၇ |
| အသက်ပေး၍ ဆောင်ရန် | .... | ၂၃၉ |
| တာဝန် ၃-မျိုး | .... | ၂၄၁ |
| အခြေခံအလုပ်ကျောင်းတိုက် | .... | ၂၄၂ |
| သာသနာ့သမ္ပဒါ ၃-ပါး | .... | ၂၄၂ |
| အတုမဲ့ သံဃရတနာ | .... | ၂၄၄ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အခိပ္ပါယ် ရှင်းလင်းချက် | .... | ၂၄၅ |
| စိတ်ကောင်းရှိဘို့က ပဌမ | .... | ၂၄၈ |


## အဋ္ဌမတန်း မာတိကာ


| | | |
|---|---|---|
| အဋ္ဌမတန်းအကျဉ်း | .... | ၂၄၉ |
| လဇ္ဇီပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ | .... | ၂၅၀ |
| အဋ္ဌမတန်းအကျယ်သိဘွယ် | .... | ၂၅၁ |
| ရတနာ | .... | ၂၅၁ |
| ဥပါသကာ | .... | ၂၅၄ |
| သရဏ | .... | ၂၅၅ |
| ကိုးကွယ်ရာ | .... | ၂၅၅ |
| သရဏဂုံတည်သူ | .... | ၂၅၆ |
| ရတနာနှင့် စက္ကာလ | .... | ၂၅၇ |
| သီလစင်ကြယ်ရကျိုး | .... | ၂၅၈ |
| အသက်မွေးစင်ကြယ်မှု | .... | ၂၅၈ |
| အကျိုးနှင့်ကံ ဝေဘန်တတ်အောင် | .... | ၂၅၉ |
| မိစ္ဆာဒိဋ္ဌိ၏ အယူမှား ၁၀-မျိုး | .... | ၂၅၉ |
| အယူမှားခြင်း၏ အပြစ် | .... | ၂၆၁ |
| အယူမှန်ခြင်း၏ အကျိုး | .... | ၂၆၂ |
| ကြောင်းကျိုး တူပုံ | .... | ၂၆၃ |
| ခန္ဓာ ၅-ပါး | .... | ၂၆၄ |
| ရုပ်နာမ်အခွဲ | .... | ၂၆၅ |
| အကျိုးနှင့် အကန်း | .... | ၂၆၆ |
| စိတ်သာပဓာန | .... | ၂၆၇ |
| ကံဆိုတာ ဘယ်ဟာလဲ | .... | ၂၆၈ |
| တဘဝခေါ်ပုံ | .... | ၂၇၀ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ပါရမီသတ္တိများ | .... | ၂၇၁ |
| ယောက်ျားဘဝဆက်ပုံ | .... | ၂၇၁ |
| မိန်းမဘဝဆက်ပုံ | .... | ၂၇၂ |
| ဆန္ဒ၏သတ္တိလည်း လိုက်ပါနေပုံ | .... | ၂၇၂ |
| မကောင်းသတ္တိလည်းလိုက်ပုံ | .... | ၂၇၃ |
| စရိုက်အမျိုးမျိုးဖြစ်ရပုံ | .... | ၂၇၃ |
| မကောင်းသတ္တိလျော့ပါစေ | .... | ၂၇၄ |
| ကောင်းသောသတ္တိ တိုးစေ | .... | ၂၇၅ |
| သူများယောင်တိုင်း မယောင်သင့် | .... | ၂၇၅ |
| ကံအကျိုးပေးခြင်း၏အကြောင်း | .... | ၂၇၇ |
| အကုသိုလ်ကံက ကောင်းကျိုးမပေး | .... | ၂၇၈ |
| တိုင်းပြည်ပျက်ပုံ | .... | ၂၈၁ |
| ကံသည် ချက်ခြင်းအကျိုးမပေး | .... | ၂၈၁ |
| မကောင်းမှုကို ပျားသကာလိုထင် | .... | ၂၈၁ |
| မိုက်မှန်းသိလျှင် လိမ္မာနိုင်သေး၏ | .... | ၂၈၂ |
| ဗာလ၏အကောင်းဟူသမျှ-မကောင်းဘို့သာ | .... | ၂၈၂ |
| ကာမကုသိုလ်အကျိုးကို သတိထား | .... | ၂၈၂ |
| အားလုံးအကျိုးများ ၂-စွန်းထွက်ပုံ | .... | ၂၈၃ |
| စက် ၄-ပါး | .... | ၂၈၅ |
| ဤနိုင်ငံ၏ ပဋိရူပဒေသဖြစ်ပုံ | .... | ၂၈၆ |
| သပ္ပုရိသူပနိဿယ | .... | ၂၈၈ |
| အတ္တသမ္မာပဏိဓိ | .... | ၂၈၈ |
| ကိုယ်စိတ်ကို ကောင်းစွာမထားသူ | .... | ၂၈၉ |
| စိတ်ကောင်းထားခြင်း၏ အကျိုး | .... | ၂၉၀ |
| ယဉ်ကျေးမှု(အမျိုးမျိုး) | .... | ၂၉၁ |
| စကား ၆-ခွန်း | .... | ၂၉၆ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မဟာဓမ္မိက ဥပါသကာ | .... | ၂၉၈ |
| နန္ဒိယဥပါသကာဝတ္ထု | .... | ၃၀၀ |
| ကာဠီဥပါသိကာမဝတ္ထု | .... | ၃၀၂ |
| သာတာဂိရနှင့် ဟေမဝတ အမေး-အဖြေ | .... | ၃၀၄ |
| ကာဠီသောတာပန်တည်ခြင်း | .... | ၃၁၅ |
| သောတာပန်ဖြစ်ခြင်းအကြောင်း | .... | ၃၁၆ |
| သောတာပန်၏ လက္ခဏာ | .... | ၃၁၆ |
| သုရမ္ဘဋ္ဌအကြောင်း | .... | ၃၁၇ |
| သောတာပန်နှင့်တူသူ | .... | ၃၁၈ |
| ဗုဒ္ဓအလိုတော်ကို သိပါ | .... | ၃၁၉ |
| စိတ်သာရှင်စေ ဘုရားဟော | .... | ၃၁၉ |


## ဗုဒ္ဓဘာသာသင်ခန်းစာ ညွှန်ကြားချက်


| | | |
|---|---|---|
| ဗုဒ္ဓဘာသာဝင်များ အဆင့်ဆင့်သိဘွယ် | .... | ၃၂၃ |
| အကျယ် ညွှန်ပြချက် | .... | ၃၂၃ |
| ဆရာတော်၏ အမှာ | .... | ၃၂၆ |
| အခြေခံနိဒါန်း | .... | ၃၂၇ |
| ရေးသားပုံ အစီအစဉ် | .... | ၃၂၉ |
| သုငယ်တန်းသင်နည်း မှတ်ချက် | .... | ၃၃၁ |
| ပဌမတန်းသင်နည်း မှတ်ချက် | .... | ၃၃၅ |
| ဒုတိယတန်းသင်နည်း မှတ်ချက် | .... | ၃၃၇ |
| တတိယတန်းသင်နည်း မှတ်ချက် | .... | ၃၃၉ |
| စတုတ္ထတန်းသင်နည်း မှတ်ချက် | .... | ၃၄၁ |
| ပဉ္စမတန်း အကျယ်မှတ်ချက် | .... | ၃၄၃ |
| ဆဋ္ဌမတန်း အကျယ်မှတ်ဘွယ် | .... | ၃၄၉ |
| သတ္တမတန်း | .... | ၃၅၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အဌမတန်း | .... | ၃၆၃ |
| ကံအကြောင်းအကျယ် | .... | ၃၆၉ |
| ရှေးဗုဒ္ဓဘာသာမင်းများ အုပ်ချုပ်ပုံ | .... | ၃၇၄ |
| **နဝမတန်းမှ အထက်** | | |
| အချိန်ဒါန်း | .... | ၃၇၉ |
| သူငါမဟုတ် နာမ်နှင့်ရုပ် | .... | ၃၇၉ |
| ရေးသားပုံ အစီအစဉ် | .... | ၃၀၀ |
| ပရမတ္ထတရားများကို လေ့လာသင့်ပုံ | .... | ၃၀၂ |
| ရုပ်ပရမတ္ထကို ပြခန်း | .... | ၃၀၃ |
| ဗုဒ္ဓဘာသာ အခြေခံသင်တန်းဖွင့်စဉ်က သင်တန်းအစီအစဉ်များ | | ၃၀၅ |

# ဒုလ္လဘကထာ

မိမိကျောင်းတိုက်၌ ခေတ်ပညာတတ် လူငယ်တချို့ ဒုလ္လဘ ရဟန်းပြုကြ၏။ ထိုသူတို့၏ ဒုလ္လဘအကြောင်း ကောင်းကောင်းနားလည်ဘို့ရန်၎င်း, ယခုအချိန်မှစ၍ ကျောင်းတိုက် သံဃာအားလုံး ပဒပရမပုဂ္ဂိုလ်အဆင့်ဖြင့် နေနိုင်ကြဘို့ရန်၎င်း, ရည်သန်၍ ဤဒုလ္လဘကထာကို ရေးပါသည်။

"ဘုရားဟောဖော်, တရားတော်ကို, သင်သော်မယွင်း, နာယူခြင်းနှင့်, ရှင်းလင်းအောင်မေး, မြဲဆွေးနွေးလျက်, ကြံတွေးပို့ချ, တရားပြ၍, သီလသိက္ခာ, စင်ကြယ်စွာဖြင့်, ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပန်းလည်း, ဉာဏ်စွမ်းမပြ, တရားမရဘဲ, ဘဝနောင်ခါ, အထုံပါ၍, ကျမ်းစာပုဒ်ပါ၌, တတ်ရှိသာထိ, အကျိုးရှိ, ခေါ်ဘိပဒပရမမှတ်။

အရှင်ဇနကာဘိဝံသ၏ "ဒုလ္လဘကထာ" ကျမ်းစာတွင်ကြည့်ပါ။

**မကြာမီရိုက်ပါတော့မည်**

### မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ၏

# လူ့ချမ်းသာ

မြတ်စွာဘုရား, မြတ်တရားနှင့်, မြတ်သားသံဃာ, အရိယာဟု,
ရတနာ ၃-လီ, ဦးထိပ်စီလျက်, လောကီလူပေါင်း, အများကောင်းဘို့,
ကျိုးကြောင်းတုံလင်, ရေးစီရင်အံ့, များဖြင်လူ့ရွာ, လူဖြစ်ပါလည်း,
လူသာမည, လူ့ဗာလတို့, ဒုက္ခတွေလွေ့, ပင်လယ်ဝေသို့, ဖြစ်နေကြပုံ,
စိတ်အာရုံကြောင့်, လူ့ဘုံလူ့လမ်း, လူ့အစွမ်းဖြင့်, လူ့ချမ်းသာ-သာ,
ဖြစ်စေငှါဟု, ကရုဏာထန်ပြင်း, မေတ္တာနှင်း၍, ဆွေရင်းမျိုးပေါင်း,
သိဘွယ်ကောင်းသား, ထုံးဟောင်း သိပ်သည်း, ချမ်းသာနည်းကို,
သီးသီးခွဲခြမ်း, ခုပေးကမ်းမည်, လက်လှမ်းယူကြစေ....ခ....လို။

ဘဝများစွာ သံသရာဝယ် သတ္တဝါတယောက်အဖြစ်ဖြင့် ဖြစ်ခဲ့ရ ကြင်လည်ခဲ့ရသော ဘဝအမျိုးမျိုးတွင် ဤလူ့ဘဝသည် အဖိုးအတန်ဆုံးဖြစ်၏။ [လူ့ချမ်းသာကျမ်းမှ]

အရှင်ဇနကာဘိဝံသဆရာတော်၏ ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ရန် စီစဉ်နေသော "လူ့ချမ်းသာ"ကို စောင့်မျှော်ဘတ်ရှု လေ့လာ ကျင့်သုံးပါ။



ဗုဒ္ဓဘာသာသင်ခန်းစာ ရေးစဉ်ကပုံတော်

## မြန်မာပြည်နှင့် ဗုဒ္ဓဘာသာသင်ခန်းစာ

ဗုဒ္ဓသာသနံ လဇ္ဇီ ရက္ခိဿတိ

မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် သာသနာတော် ရောက်ရှိလာသည်ဟု မြန်မာပညာရှိ အများက လက်ခံခဲ့ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် နှစ်ပေါင်း နှစ်ရာကျော်သောအခါ အသောကဘုရင်ကြီးလက်ထက် သာသနာပြုစေလွှတ်စဉ်ကလည်း မြန်မာပြည် သုဝဏ္ဏဘူမိအရပ်သို့ သောဏထေရ် ဥတ္တရထေရ် အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီးများ ဦးဆောင်သော သာသနာပြုပုဂ္ဂိုလ်များရောက်ရှိကြောင်း သာသနဝံသမိုင်း အထင်အရှားရှိခဲ့ပါသည်။ နောင်အခါ အစဉ်မပျက် သာသနာတော်ကို လဇ္ဇီသူတော်ကောင်းများ စောင့်ရှောက်လျက် ရှိနေကြောင်းကိုလည်း သမိုင်းအထောက်အထားအများအရ သိကြရပါသည်။

## ပရိယတ္တိ သာသနာ

တပြည်လုံး စာပေပရိယတ္တိနှင့်တကွ ခိုင်မာတောင့်တင်းအောင် သာသနာရောက်ရှိလာသောအချိန်ကား ပုဂံပြည်သို့ ရှင်အရဟံ ကြွရောက်လာသောအချိန်ပင်ဖြစ်ခဲ့ပါသည်။ ထိုအချိန်ကား မြန်မာပြည်သူပြည်သားများအတွက် အလွန်ကံကောင်းသော အချိန်ဟု ယူဆသင့်ပါသည်။ မြန်မာပြည်သမိုင်းတွင် ရှင်အရဟံနှင့် အနော်ရထာကိုသာ နုတ်လိုက်လျှင် ယခုကဲ့သို့ မြန်မာ့ဂုဏ်ကို ဆောင်နိုင်စရာမရှိတော့ပါ။

ဗုဒ္ဓမြတ်စွာတို့ ပွင့်တော်မူလာကြသည်မှာ လောကရှိသတ္တဝါအများ အသိဉာဏ် တိုးတက် မြင့်မားရင့်ကျက်ရန်အတွက်သာ အဓိကဖြစ်ကြောင်း ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်ပင် ဟောကြားတော်မူခဲ့ပါသည်။(အင်္ဂုတ္တိုရ်ဧကပုဂ္ဂလဝဂ်)

ရှင်အရဟံမထေရ်မြတ်သည် ပုဂံသို့ရောက်ချိန်မှာ သက်တော် ၂၅ နှစ်ကျော် ၃၀-ပတ်ဝန်းကျင်တွင် ရောက်လာခြင်း ဖြစ်ပါသည်။ သက်တော် ဂ၁-နှစ် အလောင်းစည်သူမင်းကြီးနန်းစံ ၂-နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို ပညာရှိအများ သဘောတူလက်ခံသည်က များခဲ့ပါသည်။ ထို့ကြောင့် အလောင်းစည်သူ နန်းစံ ၂ နှစ်၊ ကျန်စစ် နန်းစည်းစိမ် ၂ဂ-နှစ်၊ စောလူး ၇-နှစ်၊ ပေါင်းလျှင် ၃၇-နှစ်ဖြစ်၍ အနော်ရထာနှင့် ရှင်အရဟံ တွေ့သောအခါတွင် သက်တော် နှစ်ဆယ်ကျော် သုံးဆယ် ပတ်ဝန်းကျင်မျှသာ ရှိပါသေးသည်။ (အိန္ဒိယနိုင်ငံ အသောကဘုရင်ကြီးနှင့် နိဂြောဓသာမဏေတို့ တွေ့သောအခါကိုလည်း ထည့်သွင်းစဉ်းစားပါ။)

သို့သော် ယနေ့ ဉာဏ်ပညာဖြင့် မြော်မှန်းကြည့်လျှင် ထို ရှင်အရဟံ၏ ကျေးဇူးတော်သည် မည်မျှကြီးကျယ်မြင့်မား၍ မြန်မာလူမျိုးတို့အတွက် မတိုင်းတာနိုင်အောင် ကျေးဇူးကြီးမားကြောင်း သိခွင့်ရခဲ့ပါသည်။ ယနေ့ ပိဋကတ်တော်များသည် ရှင်အရဟံမထေရ်မြတ်ကိုယ်တော်တိုင် သထုံမှ ရောက်ရှိလာသော ပိဋကတ်တော်များကို တိုင်းပြည်သို့ ချက်ခြင်း ဖြန့်ချိခြင်း မပြုသေးပဲ သီဟိုဠ်မှ ပိဋကတ်တော် အစုံကို ရရှိအောင် ကြိုးစားပြီးနောက် တိုက်ဆိုင်တည်းဖြတ်၍ အလွဲအမှားမရှိဟု မိမိကိုယ်တော်တိုင် သိရှိပြီးမှ နိုင်ငံတော်သို့ ဖြန့်ချိသင်ကြားစေခဲ့ပါသည်။

ပိဋကတ်တော်ကိုသင်ကြားရာတွင် အဦးအစ ဗုဒ္ဓဘာသာတို့၏ အလေ့အထ ကျင့်ဝတ်အသိဉာဏ်များကို သင်ကြားပေးခဲ့သည်မှာ သေချာပါသည်။ သို့သော် စာပေတတ်မြောက်မှုကို ပေါ်လွင်ထူးခြားစွာ မှတ်တမ်းတင်ကြခြင်းမှ လွဲ၍ အခြေခံ သင်ကြားမှုများမှာကား ပေါ်လွင်ထင်ရှားမှု မရှိခဲ့ပါ။

သုတေသီပညာရှင်များ မငြင်းသာအောင် သေချာမှုတခုကား ဗုဒ္ဓဘာသာ စာသင်ယူရာတွင် မင်္ဂလသုတ်တရားတော်ကို ကျောင်းသားတိုင်း ကျောင်းတိုင်း သင်ကြားစေခဲ့သည်မှာ အသေအချာသိရသော အချက်ပင် ဖြစ်ပါသည်။

နှစ်ပေါင်း ၂၀-ကျော်လောက်က အင်္ဂလိပ်မြန်မာ ခေတ်ပညာရှင် သုတေသီ ပုဂ္ဂိုလ်ကြီးတဦးအား မြန်မာ့သမိုင်းတွင်သာမက ဗုဒ္ဓဘာသာ သာသနာတော် သမိုင်းတွင် မင်္ဂလသုတ်ကို မည်သည့်ခေတ်ကစတင်၍ ကျောင်း သင်ခန်းစာ အဖြစ် သတ်မှတ်ပြီး သင်ကြားခဲ့သည်ကို သိပါရစေဟု စုံစမ်းမေးမြန်းခဲ့ရာ၊ ဘုန်းတော်ကြီးကျောင်းများပေါ်စကဟုသာ မှတ်ပါဟု အမိန့်ရှိခဲ့ပါသည်။ ဤမျှနှင့် အားရမှုမရှိသဖြင့် စာရေးသူကိုယ်တိုင် ရှာဖွေလေ့လာခဲ့ရာ "ခုဒ္ဒကနိကာယ် အဝင်အပါ ခုဒ္ဒကပါဌပါဠိတော်မှာ ပဌမသံဂါယနာတင် ရဟန္တာအရှင်များ ထံမှစ၍ ကျောင်းသားငယ်ကိုရင်ငယ်များသင်ယူရန် ရည်ရွယ်စီစဉ်ထားကြောင်း လေ့လာသိရှိရပါသည်။ ခုဒ္ဒကမှာ ကလေးသူငယ်များဟု မြန်မာအနက်ရ၍ ပါဌမှာ ဖတ်စာဟု အနက်ရပေသည်။ သူငယ်တန်းဖတ်စာဟု ပြန်ဆိုသင့်ပါ သည်၊" ထိုကဲ့သို့ အလွန်မြင့်မြတ်၍ အကျင့်သီလ ဉာဏ်ပညာနှင့်ပြည့်စုံတော် မူကြသော အနာဂတ်ကို ကြိုတင်သိမြင်တော်မူကြသည့် အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ, အရှင်အာနန္ဒာ-အစရှိသော ဒိပ်ဒိပ်ကြဲ တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံတော်မူကြသော ပုဂ္ဂိုလ်မြတ်တို့မှတဆင့် တတိယသင်္ဂါယနာတင် အရှင် မဟာ မောဂ္ဂလိပုတ္တမထေရ်နှင့် သီရိဓမ္မာသောကမင်းကြီးတို့ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီး သာသနာပြုစဉ်ကပင် စတင်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာသင်ခန်းစာ သမိုင်းတွင် မင်္ဂလသုတ်တော်မြတ်သည် ယနေ့တိုင်အောင် ပေါ်လွင်ထင်ရှားနေခဲ့သည်မှာ အံ့သြဘွယ်မရှိပါ။

သို့သော် ပိဋကတ် ၃-ပုံ တရားတော်တွင် သုတ်ပေါင်း မြောက်မြားစွာ ရှိသည့်အနက်မှ ဤမင်္ဂလသုတ်တော်ကို ထူးထူးခြားခြား ဗုဒ္ဓဘာသာသင်ခန်းစာ သင်ရိုးညွှန်းတန်းတွင် အစဉ်မပျက် ယနေ့တိုင်အောင် သင်ကြားစေခဲ့သည်မှာ အလွန်အလေးပြု သတိထားစရာကောင်း၍ လောကီလောကုတ္တရာ အကျိုးစီးပွားအတွက် အထူးအလေးပြု သင်ကြားအပ်ပါသည်။

## ၂-မြားတန် မင်္ဂလသုတ်

မင်္ဂလသုတ် တရားတော်ကို ဘုရားရှင်သည် ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ဖြည့်၍ သဗ္ဗညုအဖြစ်သို့ရောက်မှ လူနတ်ပြဟ္မာ သတ္တဝါများ အတွက် လောကီလောကုတ္တရာအကျိုး အပြည့်အဝရရှိရန် ဟောကြားတော်မူသော တရားတော်ဖြစ်ပါသည်။

စာအုပ်ကုန်သည်များက မြန်မာသင်ပုံးကြီး ရိုက်နှိပ်ရာတွင် မင်္ဂလသုတ် တရားတော်ကို ကျောင်းသားများကျက်မှတ်ရန် ပူးတွဲရိုက်နှိပ်ရောင်းချသဖြင့် စာတအုပ်ကို ရွှေးက ၂-ပြားသာပေးရ၍ မင်္ဂလသုတ် တရားတော်ကိုလည်း လူအများစုက ၂-ပြားတန်လောက်သာ လေးစားမှု ရှိခဲ့ပါသည်။

## အင်္ဂလိပ်အစိုးရ၏ နောက်ပိုင်းခေတ်

၁၉၃၂-ခု နောက်ပိုင်းသို့ ရောက်လာသောအခါ အုပ်ချုပ်သူ အင်္ဂလိပ် အစိုးရများကိုယ်တိုင်ကပင် ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်များကို မူလတန်းမှ စ၍ အထက်တန်းအထိ သင်ကြားပေးနိုင်ရန် ဆရာကိုင်စာအုပ်များကိုပါ ရိုက်နှိပ်၍ စာသင်ကျောင်းများသို့ ဖြန့်ချီခဲ့ပါသည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်

မြန်မာပြည် လွတ်လပ်ရေးရပြီးသောအခါ နိုင်ငံတော်အစိုးရက ဗုဒ္ဓဘာသာ သင်ခန်းစာ ရေးသားရန် သတိုးသီရိသုဓမ္မ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်အား ဥက္ကဋ္ဌ ခန့်အပ်၍ ကော်မတီတခု ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့တွင် ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့် ညောင်ရမ်းဆရာတော်ဘုရားကြီး၊ ရန်ကုန်

ဘုရားကြီးဆရာတော် (ဦးကောဏ္ဍည)၊ ဗဟန်းကျောင်းတော်ရာ မန်းဦးဆရာတော်၊ အမရပူရမဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ)တို့ ပါဝင်ခဲ့ကြပါသည်။ လူပုဂ္ဂိုလ်များအနေဖြင့် ပဋ္ဌမကျော် ဦးကြီးဖေ၊ ပဋ္ဌမကျော် ဦးတင်ရွှေတို့ ပါဝင်ခဲ့ကြပါသည်။

## မူလတန်း ဗုဒ္ဓဘာသာလက်စွဲ

ထိုအချိန်က မဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ)သည် အစည်းအဝေး၏မူအရ ရေးရမည်ကို စိတ်အလိုအားမရ ရှိခဲ့သော်လည်း မိမိအား တာဝန်ပေးအပ်လိုလျှင်၊ မူလတန်း သို့မဟုတ် အထက်တန်းအတွက် တာဝန်ပေးစေလိုကြောင်း၊ တက္ကသိုလ်တွင်လည်း မိမိ၏ အခြေပြုသင်္ဂြိုဟ်ကို ကျောင်းသုံးမလုပ်စေလိုကြောင်း၊ အခြေပြုသင်္ဂြိုဟ်မှာ ရဟန်းငယ် ရှင်ငယ်များအတွက် ရည်ရွယ်ထားသဖြင့် ခေတ်ကျောင်းသားလူငယ်များနှင့်မသင့်၍ တကယ်သင်လိုလျှင် မင်္ဂလသုတ်ကို အခြေခံထား၍ သင်္ဂြိုဟ်ကို ရေးပေးမည်ဖြစ်ကြောင်း ပြောခဲ့ပါသည်။

ထိုအချိန်က ဥက္ကဋ္ဌဖြစ်သူ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်မှာ ရေးပေးမည်ဆိုသော စာအုပ်ကိုမစောင့်နိုင်ဘဲ အခြေပြုသင်္ဂြိုဟ်ကို တက္ကသိုလ်ကျောင်းတွင် ကျောင်းသုံးအဖြစ် အသိအမှတ်ပြုခဲ့သဖြင့် မင်္ဂလသုတ်ကို အခြေခံမည့် သင်္ဂြိုဟ်စာအုပ်ကို ဆရာတော်မရေးဖြစ်ခဲ့တော့ပါ။ နိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာ သင်ခန်းစာအတွက်မူ "ဗုဒ္ဓဘာသာလက်စွဲ"ဆိုသောအမည်ဖြင့် မူလတန်းအတွက် ဘတ်စာ ၅-အုပ်နှင့် ဆရာကိုင် ၁-အုပ်၊ ပေါင်း ၆-အုပ် ရေးခဲ့ပါသည်။

## ဤဗုဒ္ဓဘာသာသင်ခန်းစာ

ယခုစာဖတ်သူလေ့လာရမည့် ဗုဒ္ဓဘာသာသင်ခန်းစာမှာကား စာရေးသူကိုယ်တိုင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဝိုင်-အမ်-ဘီ-အေ)၏ နာမည်ဖြင့် ဗုဒ္ဓဘာသာ အခြေခံသင်တန်းဖွင့်ရန် ကြိုးစားခဲ့ရာမှ စတင်၍ အရှင်ဇနကာဘိဝံသဆရာတော်သည် ၁၃၂၅-ခု၊ ကဆုန်လပြည့်နေ့၊ ရန်ကုန်မြို့ မြို့မ အမျိုးသမီးကျောင်းတွင် ကိုယ်တိုင်ကြွရောက်၍ ၃-ရက်တိုင် တရားဟောပြ

ဖွင့်လှစ်ပြီးလျှင် ပူးတွဲတော်ပြပါအတိုင်း ဆရာတော်၏ ညွှန်ကြားမှုကို ဦးထား၍ သင်တန်းများ ဖွင့်လှစ်သင့်ကြားခဲ့ရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

**အနာဂတ်သာသနာတော်ကို အားဖြည့်ထားသော ကျမ်းစာ**

ဤဗုဒ္ဓဘာသာသင်ခန်းစာမှာ ခေတ်အဆက်ဆက်မှ စတင်သင်ကြား လေ့လာခဲ့သော ဗုဒ္ဓသာသနာတော်၏ လမ်းစဉ်ကို မတိမ်းမစောင်းရစေဘဲ ခေတ်နှင့်အညီ အနာဂတ်သာသနာတော်ကို အားဖြည့်ပေးသော သင်ခန်းစာအဖြစ်ဖြင့် အလွန်နှစ်သက် အားရဘွယ်ဖြစ်ပါသည်၊ အနာဂတ်သာသနာ, တဘာဝ သံသရာ ကျမ်းစာများနှင့်အတူ ယှဉ်တွဲဘတ်ရှုလေ့လာသင့်ပါသည်။

× × ×

ဤသင်ခန်းစာများကို ရေးသားရသည်မှာ ဆရာတော်သည် မိမိ၏ကျောင်းတိုက်အုပ်ချုပ်ခြင်း၊ စာချခြင်း၊ကျမ်းစာရေးသားခြင်း အစရှိသော အလုပ်များ မအားမလပ်ရှိနေရာမှ ကျွန်တော်တို့၏ တောင်းပန်မှုကိုငဲ့၍၊ သာသနာတော်နှင့် ပြည်သူအများ၏အကျိုးကိုရည်စူး၍၎င်း ကြိုးစားရေးသား ချီးမြှင့်သွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်ပါသည် ဆိုသော လူကြီးလူငယ်များ, မိမိအကျိုး ဆိုရှယ်လစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အကျိုး၊ အများသတ္တဝါတို့၏ အကျိုးကို မိမိစွမ်းနိုင်သမျှ တရားလမ်းကျဆောင်ရွက်နိုင်ကြရန်၊ ဤ သင်ခန်းစာများကို လေးလေးစားစား စဉ်းစားလေ့လာနာယူ၍ မိမိလည်းကျင့်သုံး၊ အများလည်း လိုက်နာကြိုးစားနိုင်တော်မူကြရန် စွမ်းနိုင်သမျှ လှုံ့လပြုတော်မူကြပါဟု လေးစားစွာ တိုက်တွန်းအပ်ပါသည်။

ဆရာတော် ချီးမြှင့်ထားသော စာမူများကို ရိုသေသောအားဖြင့် မူလတန်း, အလယ်တန်းညွှန်ကြားချက်ဟု သီးခြားစီခွဲမရိုက်တော့ဘဲ စုပေါင်းရိုက်နှိပ်ထားပါသည်။ သည်းခံ၍ ဖတ်ရှု လေ့လာတော်မူကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

ထိန်ဝင်း

# ဆရာတော်အရှင်ဇနကာဘိဝံသ၏

## ကျမ်းစာများ

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်ဘုရားများ၏ ညွှန်ကြားချက်အရ ဆရာတော် ဘုရားကြီး၏ ကျမ်းစာများကို အောက်ပါအတိုင်း ရိုက်နှိပ်ဖြန့်ချိရန် စီစဉ်ကြပါသည်။

၁။ ဗုဒ္ဓသာသနာတော်အတွက် လူ, ရှင်, ရဟန်းအများ ဘတ်ရှုရန် ဆိုင်ရာ ကျမ်းစာအုပ်များကိုဎင်း၊

၂။ ပဌမပြန် စာမေးပွဲနှင့် စာချတန်းများအတွက် စာမေးပွဲလည်း အောင်၍ ပိဋကတ်ကိုလည်း စနစ်တကျ တတ်ရှိရန် ကျမ်းစာများကိုဎင်း၊

၃။ ပိဋကတ်တော် သင်ရိုးကို အလွယ်တကူ သင်ယူပို့ချနိုင်ရန် စာသင်စာချပုဂ္ဂိုလ်များအတွက် ကျမ်းစာများကိုဎင်း၊ အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်ကို သာသနာတော်ကြီးအတွက် ပြည့်စုံအောင် လက်ရှိ နာယကဆရာတော် ဘုရားများက ကြိုးစားတော်မူကြပါသည်။

(က) ဆရာတော်၏ ရိုက်နှိပ်ပြီး ကျမ်းစာများကို အဆက်မပြတ် အလွယ်တကူ ဝယ်ယူရရှိနိုင်ရန်၊

(ခ) ကျမ်းစာအုပ်များကို ခေတ်နှင့်အညီ အဆင့်အတန်း မြင့်မားအောင် ရိုက်နှိပ်ဖြန့်ချိရန်။

(ဂ) ကျမ်းစာအုပ် ဈေးနှုန်းများကို ခေတ်အလျောက် ဈေးနှုန်းသက်သာစေရန်၊

(ဃ) ပုံမနှိပ်ရသေးသော ရေးပြီး ကျမ်းစာများကို အမြန်ဆုံး စာအုပ်ဖြစ်မြောက်အောင် ရိုက်နှိပ်ဖြန့်ချိနိုင်ရန် ဖြစ်ပါသည်။

ယခု စတင်ရိုက်နှိပ်နေပြီဖြစ်သောကျမ်းစာများမှာ (၁) ဗုဒ္ဓဘာသာ သင်ခန်းစာမူသစ်။ (၂) ရတနာ့ဂုဏ်ရည်။ (၃) ကိုယ်ကျင့်အဘိဓမ္မာ။ (၄) အနာဂတ် သာသနာ။ (၅) အဋ္ဌကထာ အခြေပြုကျမ်းစာသစ်။ (၆) သဒ္ဒါပြဟ်ဘာသာဋီကာ။ (၇) ပါတိမောက် ဘာသာဋီကာ။ (၈) ဗုဒ္ဓါနုဿတိ ဘာဝနာ။ (၉) ပြဟ္မဇာလ သုတ် မြန်မာပြန်။ (၁၀) သာမညဖလသုတ်မြန်မာပြန်။ (၁၁) ရုပ်ပုံရှင်ကျင့်ဝတ်။ (၁၂) ရူပသိဒ္ဓိ ဘာသာဋီကာ။ (၁၃) အခြေပြုသဒ္ဒါ။ (၁၄) အခြေပြုသဒ္ဒါပြဟ်။ (၁၅) ပဋ္ဌာန်းတရားတော်ကြီး။ (၁၆) ဘုရားဉပဒေတော်ကြီး။ (၁၇) ဓမ္မစကြာ တရားတော် ကျမ်းစာများ ဖြစ်ပါသည်။

# ?

ဘုရားဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ

သာသနာဆိုတာဘာလဲ

သံသရာဆိုတာဘာလဲ

ကံဆိုတာဘာလဲ

ဗုဒ္ဓသာသနာက တကယ်ချမ်းသာပေးနိုင်သလား

စနစ်တကျနားလည်လိုလျှင်—

အနာဂတ်သာသနာ, ဗုဒ္ဓဘာသာသင်ခန်းစာ, တဘဝသံသရာ, ရတနာ့ဂုဏ်ရည်, ကိုယ်ကျင့်အဘိဓမ္မာ, ဗုဒ္ဓါနုဿတိဘာဝနာ, ဗြဟ္မာ့ ဗာလသုတ်မြန်မာပြန်, သာမညဖလသုတ်မြန်မာပြန်, ဘာသာသွေး, ဘာ သာ ရေး ပြဿ နာ များ, ဒုလ္လ ဘ က ထာ, လူ့ ချမ်း သာ, မမ္မစကြာတရားတော်, ပဋ္ဌာန်းတရားတော် အစရှိသော ဆရာတော် အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများကို ဖတ်ပါ၊ လေ့လာပါ၊ ကျင့်သုံးပါ။

မကြာမီ လှူဒါန်းကုသိုလ်ယူရရှိပါတော့မည်။

# ဗုဒ္ဓပွင့်ပေါ် ကျေးဇူးတော်

၁။ ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော်
အများ, စိတ်ကောင်းထားလည်း, ဤကား
ကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, မသိရ,
များလှအပြစ်တွေ။

၂။ ဘုရားရှင်တော်,ပွင့်ထွန်းပေါ်၍, ဟောဖော်
ညွှန်ကြား, မြတ်တရားကြောင့်, ဤကား
ကုသိုလ်,အကုသိုလ်နှင့်, ထိုထိုဘုံဘဝ,သိကြရ,
များလှကျေးဇူးပေ။

ဒေသာ
၈.

# မူလတန်း ဘာသာရေး

## အခြေခံနိဒါန်း

၁။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ချမ်းသာကို အကျိုးငှါ ပွင့်တော်မူလာ၏။ "ချမ်းသာ"ဟူရာ၌ နောက်ဘဝရောက်မှ ရရှိမည့် ချမ်းသာမျိုးသာမက ဤဘဝ၌ပင် ရနိုင်သော ချမ်းသာမျိုးလည်း ပါဝင်ပါသည်။

၂။ ခေတ်လူအချို့က ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် "ဟိုဟာမလုပ်ရ, သည်ဟာမလုပ်ရ" ဟူသော ပညတ်ချက်တွေကြောင့် "လူတို့ကို မတက်ကြွစေဘဲ, ထုံထိုင်းဖျင်းအ အောက်ကျနောက်ကျဖြစ်စေ၏" ဟု ယူဆ၍ တိုင်းပြည် ထူထောင်ရာတွင် ဗုဒ္ဓတရားတော်ကို ဖယ်ကြဉ်လိုကြသည်။

၃။ ထိုသူတို့အား ဗိမ္ဗိသာရမင်း, ဓမ္မာသောကမင်း, ဒုဋ္ဌဂါမဏိ အဘယမင်းတို့နှင့် သီဟာစစ်သူကြီး, မင်းကြီးရန်နောင် စသော ဗုဒ္ဓဘာသာ ခေါင်းဆောင်တို့ကို ညွှန်ပြလိုပါသည်။

**သာရမင်း။** ။ဗိမ္ဗိသာရမင်းသည် မိမိကိုယ်တိုင် သောတာပန်ဖြစ်ပြီးလျှင် ဘုရားရှင်ကို ဝေဠုဝန် ကျောင်းတော်၌ ကိုးကွယ်ကာ ကြီးစွာသော စစ်တပ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါသည်။

ထိုမင်းလက်ထက်၌—

(က) သူပုန်ထသောကြောင့် စစ်တပ်ကို လွှတ်ရသောကိစ္စ,

(ခ) သူပုန်အနှိမ်သွားခါနီးမှ ရဟန်းပြုကြသော စစ်သား အချို့၏ မတရားမှုကြောင့် ဥပဒေပြုရသောကိစ္စ,

(ဂ) အခါကြီး နေ့ကြီးများ၌ "သားငါး မသတ်ရ"ဟု ကြွေးကြော် ရသောကိစ္စ၊ [ဤကိစ္စကို ထောက်၍ နေ့ကြီးရက်ကြီး မဟုတ် သောနေ့များ၌ သားငါးနှင့်စပ်၍ ဖြစ်ပုံကို စဉ်းစားနိုင်သည်။] ဤကိစ္စများ ဖြစ်ခဲ့ရသည့်ပြင်–

(ဃ) တရားသူကြီးတို့က "ရာဇဝတ်သားကိုတံကျင်လျှို၍ သတ်ရမည်"ဟု အမိန့်ချသောကြောင့် "ကာကဝလ္လိယဇာတ်"ဟု သိနေကြသော "ကာဠဝဋ္ဋိယ"ဇာတ်လည်း ထိုဗိမ္ဗိသာရမင်း၏ လက်ထက်မှာပင် ဖြစ်ခဲ့ရသည်။

**ဒုဋ္ဌဂါမဏိမင်း။** ။ဒုဋ္ဌဂါမဏိ အဘယမင်းကား မိမိကိုင်နေကျ လှံထိပ်ဝယ် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်ကို ထာပနာထားလေသည်။ ထိုမင်းသည် သာသနာ့ အဆောက်အဦးတွေကို ဖျက်ဆီးနေသော သာသနာ့ရန်သူ များကို စစ်တိုက်ထွက်ခါနီးဝယ် အရှယ်ကောင်းသော ရဟန်းတော် ငါးရာတို့ကိုပင့်၍ သွားလေသည်။ ထိုအခါ၌ အမြဲစိဋ္ဌာန်သော ဆောင် ပုဒ်ကား–

ငါ့တွက် မြားမြောက်, ချမ်းသာရောက်ဘို့,
ခုလောက်ကြိုးကုတ်, အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ, သာသနာ၏,
ရှည်ကြာအခွန့်, ရောင်လျှံကွန့်ဘို့,
စွန့်စွန့်စားစား, ငါကြိုးစားသည်,
ငါ့အား စိတ်ဝယ် အမြဲတည်း။

**ဓမ္မာသောကမင်း။** ။ဓမ္မာသောကမင်းကား ဗုဒ္ဓတရားတော်ကို ယုံကြည်၍ သာသနာပြု မင်းဖြစ်သောအခါ လူနှင့်ဆိုင်သော ကိုယ်ကျင့်တရားကို အနှံ့အပြား ကျောက်တိုင်စိုက်စေပြီးခါမှ တိုင်းပြည် အုပ်ချုပ်ရာဝယ် ဈေးကထက် လွယ်ကူကြောင်းကို တွေ့ရပါသတဲ့။

**စစ်သူကြီးနှင့်မင်းကြီး။** ။"သီဟ" မည်သော စစ်သူကြီးကား မိမိက သောတာပန် ဖြစ်ပါသော်လည်း စစ်သေနာပတိ အဖြစ်ဖြင့် စစ်တပ်ကို ဦးစီးခဲ့ပါသည်။ မင်းကြီးရန်နောင်၏ သာသနာဖျက် သူပုန်မင်းကို ဘာသာဝင်မှူးမတ်များနှင့်အတူ နှိမ်နင်း၍ ဗုဒ္ဓဘာသာကို ကယ်တင်ခဲ့ခြင်းမှာလည်း ရာဇဝင် အထင်အရှားပင်တည်း။

ဤသို့ရှေးဗုဒ္ဓဘာသာဝင်တို့၏ တိုင်းပြည်အုပ်ချုပ်၍ အလုပ်လုပ်ပုံကို လေ့လာကြည့်သောအခါ ရှေးရှေး ဓမ္မသတ် ဥပဒေအတိုင်း အုပ်ချုပ်ရာ၌ရင်း, ကယ်တင်မှုလုပ်ရာ၌ရင်း, ဗုဒ္ဓဘာသာက အနှောက်အယှက် မပေးခဲ့ကြောင်းကို တွေ့ရပါသည်။

၄။ ခေတ်လူအချို့ကား "ဗုဒ္ဓတရားတော်သည် လောကီဘက်က တိုးတက်နေသော ယခုကမ္ဘာ့ဝယ် လိုက်၍မမှီနိုင်တော့"ဟု ယူဆကြ၏။ ဗုဒ္ဓမြတ်စွာ၏ တရားတော်တွင် မည်သည့်တရားက လောကီကြီးပွားရေးကို တားမြစ်ပါသနည်း။ "မင်္ဂလာတရား" ဟူသည် ခုဘဝ နောက်ဘဝ နှစ်ဌာနလုံး၌ပင် ကြီးပွားချမ်းသာကြောင်း တရားဖြစ်၏။ ထိုမင်္ဂလာတရားတော်တွင်....

(က) "ဗာဟုသစ္စဉ္စ- အကြား အမြင် အတွေ့အကြုံ များရခြင်း" ဟုပါရှိ၏။ ယခုခေတ် "သုတေသန" လုပ်ခြင်းမျိုးပင်တည်း။ ထို ဗာဟုသစ္စမင်္ဂလာသည် "မည်ရွေ့ မည်မျှသာ သုတေသန လုပ်ရမည်"ဟု ကန့်သတ်ချက် မရှိရကား သုတေသနလုပ်ရာ၌ ခေတ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ကြောင်း သိသာပါသည်။ ထို့ကြောင့် ယခုအခါ ကောင်းကင်၌ ဂြိုဟ်တုလွှတ်၍ သုတေသနပြုခြင်း၊ မြေ ရေ တို့၌ သုတေသန ပြုခြင်းများသည် ဗာဟုသစ္စမင်္ဂလာပင်ဖြစ်၏။

(ခ) "သိပ္ပဉ္စ-သိပ္ပံပညာ အဖြာဖြာကို တတ်ရခြင်း" ဟုလည်း ပါရှိ၏။ ထိုသိပ္ပံပညာ တတ်မြောက်ခြင်း မင်္ဂလာ၌လည်း "မည်သည့် သိပ္ပံပညာ"ဟု ပိုင်းခြားကန့်သတ်ချက်မရှိ၊ "ခေတ်အလိုက် ပေါ်ပေါက်

လာသော ပညာ အရပ်ရပ်ကိုပင် တတ်မြောက်ရခြင်း” ဟု ဟော တော်မူလိုရင်းဖြစ်၏။

၅။ ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် လောက ကြီးပွားရေးကို မတားမြစ်သည့်ပြင်၊ စနစ်တကျ အားပေးသော တရားဖြစ်ကြောင်းကို နောက် လာမည့် ကြီးပွားရေး တရားများဖြင့် သိနိုင်ပါလိမ့်မည်။

၆။ ထိုကဲ့သို့ ယခုဘဝ ကြီးပွားရေးကို အားပေးရုံသာမက သတ္တိနှင့် ဇွဲကိုလည်း အမြဲအားပေးရာ ရောက်ပါသည်။ ထင်ရှားစေဦးအံ့ ဗုဒ္ဓတရားတော်များ၌ ဗုဒ္ဓမြတ်စွာ၏ အလောင်းတော် ဘဝတုန်းက (အများသိ ဖြစ်သော မဟောသဓာတ်လို ဘဝတုန်းက) မကြောက် မရွံ့ ရဲဝံ့သောသတ္တိ, နောက်မဆုတ်သော လုံ့လဝီရိယ ဇွဲတို့ကို ကြားဘူး နေရသောကြောင့်၎င်း, အမရာဒေဝီ· မဒ္ဒီ မိဖုရားတို့၏ လိမ္မာပုံ, သတ္တိရှိပုံကို ကြားနေရသောကြောင့်၎င်း, ထို အလိမ္မာ ထိုသတ္တိများ ကူးစက်နေရကား ဗုဒ္ဓဘာသာဝင် အမျိုးသား အမျိုးသမီးတို့၌ အလိမ္မာနှင့် ဇွဲသတ္တိမှာ အခြားဘာသာဝင် များထက် များသောအားဖြင့် သာတတ်ပါသည်။

၇။ ဗုဒ္ဓဘာသာဝင်တို့၏ အားအရဆုံး သတ္တိကား အကောင်းအဆိုး လောကဓမ် ၂-မျိုးနှင့် တွေ့ကြုံလာလျှင် ခံနိုင်ခြင်း, သေရမည်မှ လွန်လွန်ကဲကဲ မကြောက်တတ်ခြင်းတည်း။ ထိုသို့ သတ္တိရှိခြင်းမှာလည်း မိမိ၌ရှိသော သီလဒါနတို့ကို အားကိုးသည့်အပြင် “အားလုံး အရာဝတ္ထု ရုပ် နာမ် အစုသည် ပျက်စီးရမည့် အနိစ္စတရားချည်းသာ ဖြစ်၏” ဟု ကြားသိနေရသော မိရိုးဖလာ ဘာဝနာကြောင့်လည်း ဖြစ်၏။

ဤသို့လျှင် ဗုဒ္ဓဘာသာဝင် ဖြစ်သူသည် တရားပြည့်ဝလေ သတ္တိထက်လေ ဖြစ်ရကား ဗုဒ္ဓတရားတော်သည် အရှေ့ဘက် အပြေ့ဘက်ကို အား မပေးဘဲ, စာရိတ္တနှင့်တကွ အတင်းဘက် အတိုးဘက်ကိုသာ အားပေး ပါသည်။

ထို့ကြောင့် "နိုင်ငံကို ထူထောင်ထိန်းသိမ်းရာဝယ် အထောက်အကူ ရပါစေတော့"ဟုသဘောထား၍ ဝိုင်-အမ်-ဘီ-အေ အသင်း၏ လျှောက်ချက်အရ (ရန်ကုန်-မြို့မကျောင်းနှင့် တည်ထောင်မည့် ဝိုင်-အမ်-ဘီ-အေ ကျောင်းတွင် သူငယ်အဆင့်မှစ၍ သင်ကြဘို့နှင့် ကျောင်းနေဆဲ မဟုတ်သူများလည်း အဆင့်ဆင့် လေ့လာကြဘို့ရန်) ဘာသာရေးကျမ်းစာကို စီစဉ်ရပါသည်။

## ရေးသားပုံအစီအစဉ်

**"ဗုဒ္ဓဘာသာဝင်"ဖြစ်သူသည်**

၁။ ရှေးဦးစွာ သရဏဂုံ ၃-ပါးကို ဆောက်တည်ရ၏။

၂။ သရဏဂုံတည်လျှင် ငါးပါးသီလကိုလည်း စောင့်ထိန်းရ၏။

၃။ ဒုစရိုက်ကိုရှောင်၍ သုစရိုက်ကိုလည်း ဆောင်ရ၏။

၄။ ဒါန သီလ ဘာဝနာ စသော ပုညကြိယဝတ္ထု ၁၀-ပါးကိုလည်း နားလည်ရ, ပြုလည်း ပြုကျင့်ရ၏။

၅။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, နတ်စသော ပရလောက အကြောင်းကိုလည်း နားလည်ရ၏။

၆။ သြကာသမှစ၍ ငါးပါး ရှစ်ပါးသီလများကို ခံယူတတ်ရ၏။

၇။ မေတ္တာစသော ဗြဟ္မစိုရ်တရားကိုလည်း နားလည်ရ၏။

၈။ ရတနာ ၃-ပါးအကြောင်းကို နည်းနည်းပါးပါးမှ စ၍ များနိုင်သမျှ များအောင် သိဘို့ရန်လည်း လေ့လာရ၏။

၉။ လူတို့၏ ကျင့်ဘွယ် အတော်များစွာပါသော မင်္ဂလသုတ် အဓိပ္ပါယ်ကိုလည်း အတော်အတန် နားလည်ရ၏။

၁၀။ ကံ, ကံ၏အကျိုးကိုလည်း ထိုက်တန်သမျှ နားလည်ရ၏။

ဤမျှအထိ နားလည်လျှင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များအတွက် ပြည့်စုံလုံလောက်ပါပြီ။ သို့သော် စွမ်းနိုင်လျှင် သံသရာအကြောင်း ကောင်းကောင်းသိဘို့ရာ တဆင့်တက်၍—

**၁၁။** ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုလည်း နားလည်ရ၏။

၁၂။ သံသရာကျင်လည်ရပုံ (ပဋိစ္စ သမုပ္ပါဒ်)နှင့် သံသရာမှ လွတ်မြောက်ပုံကိုလည်း နားလည်ရ၏။

ထို့ကြောင့် ထိုသိဘွယ်များ အပြည့်အစုံပါသွားအောင် မူလအဆင့်အတန်းမှစ၍ အစဉ်အတိုင်း စီစဉ်ထားပါသည်။

**အမှာ။** ။မူလတန်းစာအုပ်, အလယ်တန်းစာအုပ်ဟု ၂-အုပ်ခွဲ၍ စီစဉ်ပြီးဖြစ်ပါသည်။ အထက်တန်းများအတွက်ကား သိဘွယ် ရုပ် နာမ် အကြောင်းအရာတွေ ကျယ်ဝန်းလာသောကြောင့် အဆင့်ဆင့် စာအုပ်များအဖြစ်ဖြင့် စီစဉ်ရပါလိမ့်မည်။

၁၃၂၅၊ ကဆုန်လ။ **အရှင်ဇနကာဘိဝံသ**

# ဗုဒ္ဓဝါဒီ စွဲ၍တည်မည်

အိုးမဖုတ်ခင်, အိုးလုပ်စဉ်ဝယ်, အိုးတွင်နှိပ်ခတ်,
တံဆိပ်မှတ်ကား, မပြတ်မစဲ, အိုးပင်ကွဲလည်း,
အမြဲတစေ, တည်ရှိနေသို့, ထွေထွေသွေးသား,
ကလေးများ၌, ဘုရားတံဆိပ်, ဘာသာစိတ်ကို,
ခတ်နှိပ်နိုင်မှ, သက်ဆုံးကျအောင်, ဗုဒ္ဓဝါဒီ,
စွဲ၍ တည်မည်, ကိုယ်စီ ခတ်နှိပ် စေသတည်း။

# သူငယ်တန်း

၁။ သရဏဂုံ ၃-ပါး (ပါဠိ-မြန်မာ)။

၂။ ငါးပါးသီလပျက်သူတို့ ငရဲခံရပုံ။

၃။ သီလရှိသူတို့ နတ်ပြည်၌ စံရပုံ။

၄။ သီလပျက်သူ လူ့ဘဝပြန်ရောက်သောအခါ ရရှိသောမကောင်းကျိုး။

၅။ သီလရှိသူ လူ့ဘဝပြန်ရောက်သောအခါ ရရှိသောကောင်းကျိုး။

**အချုပ်။** ။အိပ်ရာဝင်သော် သတိရလို့ ဗုဒ္ဓ ဓမ္မ သံဃာရယ်၊
ကိုးကွယ်ပါတယ် စိတ်မှာညွတ်လို့ နှုတ်ပါ တွတ်တွတ် ရွတ်ရတယ်။
အိပ်ရာထပြန် တဖန် ထပ်၍ မှန်မှန်မပြတ် ရွတ်ပါ့ကွယ်။
ဘေးအန္တရာယ် ရန်စွယ်ကင်းလို့ ကောင်းခြင်းသုခ ရလိမ့်မယ်။

---

# ပဉ္စမတန်း

၁။ ဘုရားအဖြစ်တော်စဉ်။

၂။ ဘုရားဂုဏ်တော် ၉-ပါး ပါဠိ။

၃။ တရားဂုဏ်တော် ၆-ပါး ပါဠိ။

၄။ သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိ။

၅။ မြန်မာလို သရဏဂုံ ၃-ပါးနှင့် ၅-ပါးသီလ ဆောက်တည်ပုံ။
(ဩကာသနှင့် သီလတောင်းမပါသေး)။

၆။ စူဠကမ္မဝိဘင်္ဂသုတ်သံပေါက်များ။

**အချုပ်။** ။ဗုဒ္ဓ ကြောင်းရာ ကောင်းစွာ သိမှ ဗုဒ္ဓ ကိုလည်း ကြည်ညိုမည်။
ကြည်ညိုသူက ဟောညွှန်ပြမှု စိတ်ကနှစ်ခြိုက် လိုက်ကြသည်။
ဂုဏ်တော်တန်တန် မှန်မှန်ရလို့ ခဏခဏ ရွတ်သင့်သည်။
အကျိုးနှင့်ကံ ဝေဘန်တတ်မှ ကံကောင်း ကံမြတ်ပြုလိမ့်မည်။

# ဒုတိယတန်း

၁။ ဘုရားဂုဏ်တော် ၉-ပါးအနက်။
၂။ အဟံဘန္တေ-စသော သရဏဂုံသီလတောင်း။ [မြန်မာလို သင်ပေးရန်။]
၃။ ဒုစရိုက် ၁၀-ပါး။
၄။ သုစရိုက် ၁၀-ပါး။
၅။ ဆွမ်းတော်ကပ်နှင့် ဆုတောင်း။
၆။ ပန်းတော်ကပ်နှင့် ဆုတောင်း။
၇။ ရေတော်ကပ်နှင့် ဆုတောင်း။
၈။ မီးတော်ကပ်နှင့် ဆုတောင်း။

အချုပ်။ ။သရဏဂုံ တည်ရှိမှုဖြင့်, ဥပါသက ဖြစ်ပါပြီ၊
ကိုယ်ကျင့်သိက္ခာ လုံခြုံကြဘို့, ငါးပါးသီလ ပဋ္ဌသီ။
ဒုစရိုက်တွေ ရှောင်သွေ့ခဲ့လို့, သုစရိုက်လဲ စုံအညီ၊
ဆွမ်း ပန်း ရေတော် မီးတော်ကပ်၍, နေ့စဉ်မလပ် ပူသင့်သည်။

---

# တတိယတန်း

၁။ တရားဂုဏ်တော် ၆-ပါးအနက်။
၂။ ဩကာသမှစ၍ ပါဠိလို သရဏဂုံနှင့် ငါးပါးသီလယူပုံ။
၃။ ပုညကြိယဝတ္ထု ၁၀-ပါး။ [ပါဠိ-မြန်မာ ၂-မျိုးလုံး ရေတွက်တတ်အောင် သင်ရန်]

အချုပ်။ ။တရားစစ်မှန် ကျင့်ကြံကြမှ, ချမ်းသာသုခ ရနိုင်မည်၊
တရားတုတွေ ကျင့်နေကြလို့, ဆင်းရဲဒုက္ခ ရောက်ရသည်။
ယခုတဖန် အမှန်လမ်းသို့, အမြန်လှမ်းဘို့ ချိန်တော်ပြီ၊
သို့မှ တိုင်းပြည် ဘာသာရေးကြောင့် သာယာအေးဆေး ရှိလိမ့်မည်။

# စတုတ္ထတန်း

၁။ သံဃာ့ဂုဏ်တော် ၉-ပါးအနက်။

၂။ ရှစ်ပါးသီလခံယူနည်း။

၃။ မင်္ဂလသုတ်ပါဠိနှင့် မြန်မာလင်္ကာ။

၄။ ဖြပ္ပမ္ဗိုရ်တရား ၄-ပါး။

**အချုပ်။** ။မူလတန်းဝယ် သိဘွယ်ဆုံးလို့ နိဂုံးဤ၌ အုပ်တော့မယ်၊
သိရုံမျှနှင့် တယ်မကောင်းဘူး လူကောင်းဖြစ်ဘို့ လိုကြတယ်။
လူကောင်းဖြစ်အောင် ဆရာမြတ်သို့ မကြာကပ်လို့ မေးပါ့ကွယ်၊
မေးသော် ဖြေရန် ဆရာကောင်းလဲ တရွာတကျောင်းရှိသင့်တယ်။

အတန်းတိုင်း၌ သင်နည်းညွှန်ပြချက်ကို ကြည့်၍
ဆရာများက သင်ပေးကြပါ။

---

## ဆရာများ ကိုင်ဆောင်ရန်

၁။ ရတနာ့ဂုဏ်ရည်
၂။ ကိုယ်ကျင့်အဘိဓမ္မာ
၃။ အနာဂတ်သာသနာ
၄။ ဗုဒ္ဓဝင် အမေးအဖြေ
၅။ ဗုဒ္ဓဘာသာလက်စွဲ—သူငယ်တန်းမှ စတုတ္ထတန်းအထိ

[အစိုးရပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်။]

# သူငယ်တန်းသင်နည်း

**အမှာ။** ။ဤသူငယ်တန်း၌ နှုတ်တက်ရသင့်သော စာများကို ဆရာကနှုတ်ဖြင့် ချပေးရပါမည်။

၁။ သရဏဂုံ ၃-ပါးကို အောက်ပါအတိုင်း အဖြတ်အတောက် မှန်ကန်စွာဖြင့် ပီပီသသ ဖြေးဖြေးချပေးပါ။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** = ဘုရားရှင်ကို ကိုးကွယ်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ** = တရားတော်ကို ကိုးကွယ်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ**= အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=၂-ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ=၂-ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ=၂-ကြိမ်မြောက်လည်း အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=၃-ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ=၃-ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ=၃-ကြိမ်မြောက်လည်း အရိယာ သံဃာတော်ကို ကိုးကွယ်ပါ၏။

**ကလေးများ သရဏဂုံ ယူနိုင်ပုံ** ကလေးများသည် ဘုရား တရား အရိယာသံဃာတော်များ၏ ဂုဏ်တော်ကို မသိသေးသော်လည်း သရဏဂုံ ကိုးကွယ်မှု စိတ်ကား ဖြစ်နိုင်ပါသည်။ ဗောဓိမင်းသား၏ မယ်တော်သည် မင်းသားကို ကိုယ်ဝန်ဆောင်စဉ် ဘုရားရှင်နှင့်တွေ့၍ "တပည့်တော်၏ ကိုယ်ဝန် သူငယ်သည် ဘုရား တရား သံဃာတော်ကို ကိုးကွယ်ပါ၏" ဟု ကိုယ်ဝန် အတွက် သရဏဂုံ ယူဘူး၏။ ထို့နောက် ဖွားမြင်ပြီး၍ အထိန်းတော်သည် မင်းသားကလေးနှင့်အတူ ဘုရားအထံ ရောက်သောအခါ "ရင်ခွင်၌ရှိသော ဗောဓိမင်းသားသည် ဘုရား တရား သံဃာတော်ကို ကိုးကွယ်ပါ၏" ဟု လျှောက်ပြန်၏။ ဤဝတ္ထုကိုထောက်လျှင် ဂုဏ်တော်ကို မသိသော်လည်း သရဏဂုံယူသော ရှေးထုံးရှိ၏" ဟု သိနိုင်ပါသည်။

**ဗုဒ္ဓ။** ။ဘုရားရှင်၏ အဖြစ်တော်စဉ် အကျဉ်းချုပ်ကို အောက်ပါအတိုင်း ပိုင်းခြား၍ ပုံဝတ္ထုပြောသလို အေးအေးဆေးဆေး ဖြေးဖြေးသက်သာ ပြောပေးပါ။

(က) သုမေဓာဘဝ၌ စည်းစိမ်စွန့်၍ တောထွက်ပုံ အကျဉ်း။

(ခ) ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ ဗျာဒိတ်ခံပုံအကျဉ်း။

(ဂ) ဝေဿန္တရာမင်းဘဝ၌ ဒါနပြုပုံ အကျဉ်း။

(ဃ) ဘူရိဒတ္တနဂါးမင်းဘဝ၌ အသက်စွန့်၍ သီလစောင့်ပုံ အကျဉ်း။

(င) သိဒ္ဓတ္ထမင်းသားဘဝ၌ ထီးနန်းစံတော်မူပုံ အကျဉ်း။

(စ) သူအို, သူနာ, သူသေကိုမြင်၍ ထီးနန်းစည်းစိမ်၌ငြီးငွေ့နေတုန်းမှာ ကြည်ညိုဘွယ် ရဟန်းတော်ကိုမြင်ရ၍ တောထွက်တော်မူပုံ အကျဉ်း။

(ဆ) တောထည်း၌ တရားကျင့်၍ အသိဉာဏ် အထူးကိုရသဖြင့် ဗုဒ္ဓဖြစ်တော်မူပုံကို ပြောပြပါ။

ထိုအကြောင်းအရာများကို တနေ့လျှင် တမျိုးစီမျှ ပြောပြ၍ ပြီးဆုံးသော နေ့၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဘုရားရှင်ကို ကိုးကွယ်ပါ၏" ဟု သံပြိုင် ညီညီ လက်အုပ်ချီ၍ ကလေးများ ဆိုပါစေ။

**ဓမ္မ။** ။ဗုဒ္ဓဖြစ်တော်မူပြီးသောအခါ လူအများ၏ချမ်းသာဘို့ရန်နှင့် ကိုယ်ကျင့်ကောင်းကြဘို့ရန် တရားကို ဟောတော်မူ၏။ ထိုတရားတော်အတိုင်း နေထိုင်သူများသည် လက်တွေ့ချမ်းသာမှုကို ရနိုင်၏။ ဥပမာ— "အသေဝနာ စ ဗာလာနံ - လူမိုက်တို့ကို မမှီခိုရ, မပေါင်းရ။ ပဏ္ဍိတာနဉ္စ သေဝနာ-လူလိမ္မာပညာရှိကို မှီခိုရ,ပေါင်းရမည်" ဟု ဟောတော်မူသည့်အတိုင်း လူမိုက်ကို မပေါင်းဘဲ လူလိမ္မာကိုပေါင်းသူမှာ လက်တွေ့ချမ်းသာကို ရခြင်းမျိုးတည်း။ ထို့ကြောင့် ထို တရားတော်များအတိုင်း လိုက်နာ နေထိုင်ခြင်းသည် တရားကို ကိုးကွယ်ခြင်းပင်တည်း။ ဤသို့ ကလေးများ နားလည်ရုံ ပြောပေးပြီးသောနေ့၌ "ဓမ္မံ သရဏံ ဂစ္ဆာမိ- တရားတော်ကို ကိုးကွယ်ပါ၏" ဟု သံပြိုင်ညီညီ လက်အုပ်ချီ၍ ကလေးများကို ဆိုပါစေ။

**ဗုဒ္ဓဘာသာ။** ။ဗုဒ္ဓ-ဘုရားရှင်၏+ဘာသာ - ဟောတော်မူအပ်သော တရားစကား။ ထိုဘုရားစကားတော်ကို လိုက်နာသော (ဘုရားတရားတော်ကို ယုံကြည်၍ ကိုးကွယ်သော) လူများကို "ဗုဒ္ဓဘာသာဝင်" ဟု ခေါ်သည်။

**သံဃ။** ။ဗုဒ္ဓရှင်တော် ပွင့်တော်မူလာ၍ တရားဟောတော်မူသောအခါ "ဤတရားတော်အတိုင်း အပြည့်အစုံ နေထိုင်ဘို့ရန် လူဝတ်ကြောင်ဘဝ၌ မလွယ်ကူ" ဟု ယူဆ၍ တရားကျင့်လိုသောဆန္ဒဖြင့် ရဟန်းပြုလာသော ရဟန်းတော်အပေါင်းကို "သံဃ" ဟု ခေါ်၏။ ဘုရားဖြစ်တော်မူပြီး၍ မကြာမီ ရှေးပိုင်းကာလ၌ သံဃာတော်များသည် တရားပေါက်၍အရိယာ ဖြစ်ပြီးသော သံဃာတော်အစစ်များသာ ဖြစ်ခဲ့ကြပေသည်။

နောက်၌ကား "တရားပေါက်-မပေါက်, တရားကျင့်-မကျင့်" အားဖြင့် သံဃာအမျိုးမျိုး ရှိပေသည်။ ဘုရားတရားတော်ကို သံဃာတော်အများပင် မပျောက်မပျက်အောင် ယနေ့အထိ ဆောင်တော် မူလာခဲ့သောကြောင့်၎င်း, အဆင့်ဆင့်ပို့ချ၍ လူ့ဝတ်ကြောင်တို့အား နားလည်အောင် ဟောပြတော်မူသောကြောင့်၎င်း, ဤသံဃာတော်သည် အလွန် ကျေနပ်ဘွယ် ကောင်းလှပေပြီ။ တရားပေါက်ပြီး၍ အရိယာ ဖြစ်ပါမူကား စိတ်နေစိတ်ထား အလွန်ဖြူစင်သောကြောင့် ကိုးကွယ်ဘို့ရာ ရတနာ တပါး ဖြစ်ပါပေသည်။ ဤသို့ပြော၍ ပြီးစီးသောနေ့၌ "သံဃံ သရဏံ ဂစ္ဆာမိ—အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏"ဟု သံပြိုင်ညီညီ လက်အုပ်ချီ၍ ကလေးများကို ဆိုပါစေ။

**သရဏဂုံတည်သူ။** ။"သရဏ+ဂမန"ဟူသော ပါဠိကို "သရဏ+ဂုံ" ဟု ခေါ်၏။ သရဏ-ကိုးကွယ်ရာဟူ၍+ဂမန-သိသောစိတ်.... ဘုရား တရား အရိယာ သံဃာတော်များကို ကိုးကွယ်စရာဟု သိသောစိတ်ကို "သရဏဂုံ" ဟု ခေါ်၏။ မိမိမှာ ထိုသရဏဂုံ စိတ်ရှိကြောင်းကို ထုတ်ဖေါ် ပြသောအားဖြင့် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသည်ကို ဆိုရသည်။ ထို စိတ် မပြောင်းသမျှ (ကိုးကွယ်ရာ မဟုတ်ဟု အယူမပြောင်းသမျှ) "သရဏဂုံ တည်သူ"ဟု ခေါ်၏။ ထိုသို့ သရဏဂုံ တည်ခြင်း၏ အကျိုးကို သိဘို့ရာ အောက်ပါဝတ္ထုကို ပြောပါ။

## ၁။ သရဏဂုံတည်သော အမျိုးသားအကြောင်း

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ မျက်မမြင်မိဘတို့ကို ပြုစုလုပ်ကျွေးနေသော လုလင်တယောက်သည် သရဏဂုံ ၃-ပါးကို တသက်လုံး

မပျက်အောင် ဆောက်တည်ခဲ့လေသည်။ ထို လုလင်သည် ထိုဘဝမှ သေလွန်လျှင် သရဏဂုံဆောက်တည်ထားသော ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်ရလေသည်။ ထိုနတ်သားသည် ထိုဘဝမှ စ၍ အပါယ်-၄-ပါး မလားရဘဲ နတ်မင်းစည်းစိမ် လူမင်းစည်းစိမ်ကို အကြိမ်များစွာ ခံစားရ၍ ငါတို့ဘုရား ပွင့်တော်မူလာသောအခါ သာဝတ္ထိမြို့ဝယ် ဥစ္စာကြွယ်ဖြိုး သဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ကစားဖေါ် သူငယ်ချင်းများ၏ ရှေ့သွား ခေါင်းဆောင်ဖြစ်၍ အခါတပါး၌ ရဟန်းတော်များ၏ ကျောင်းတိုက်သို့ ရောက်သွားလေရာ၊ ရဟန္တာတပါးက သရဏဂုံ ၃-ပါးကို ပေးလေလျှင် ရှေးရှေးက ဝါသနာ ပါလာသူဖြစ်၍ ၇-နှစ် အရွယ်မှာပင် ရဟန္တာ ရဟန်းတော်ကလေး ဖြစ်ရလေသည်။

[သုဘူတိဝတ္ထု, သရဏဂမနီယထေရအပဒါန်ပါဠိတော်။]

## ၂။ ငါးပါးသီလ ပျက်သူတို့ ငရဲခံရပုံ

**အမှာ။** ။ဤအခန်း၌ ကလေးများအား တရက်လျှင် တပုံစီပြ၍ ဆရာက ထိတ်လန့်သည့်အမူအရာဖြင့် ငရဲခံရပုံကို ပြောပေးပါ။

(က) **သူတပါးကို ညှဉ်းဆဲသတ်ဖြတ်သူ။** ။လူ့ဘဝတုန်းက ဥစ္စာအင်အား အမျိုးအင်အား လက်နက်အင်အား အာဏာအင်အား ခွန်အားဗလ အင်အားရှိကြသူတို့သည် မိမိတို့လောက် အင်အား မကောင်းသူတို့ကို ညှဉ်းဆဲကြ၊ ဆဲဆိုကြိမ်းမောင်းကြ၊ သတ်ဖြတ်ကြကုန်၏။ ထိုသူတို့သည် သေသောအခါ "ဝေတရဏီ"မည်သော ငရဲ၌ ဖြစ်ကြရလေသည်။



သူ့အသက်သတ်မိသူတို့ ငရဲ၌ခံနေကြရပုံ

**ငရဲ၏ တည်နေပုံ။** ။"ဝေတရဏီငရဲ" ဟူသည် မြစ်ရေကဲ့သို့ စီးနေသော ငရဲ မြစ်တည်း။ ထိုငရဲမြစ်ရေ၌ မီးအလျှံတောက်၍ သင်တုန်းအသွားကဲ့သို့ ထက်သောဆူးရှိသော ကြာဖက်တို့ ရှိကြ၏။ ထိုကြာဖက်တို့၏ အောက်၌ ကား မီးအလျှံတောက်နေသော ဆားငံရေသည် တက်ရေကျရေကဲ့သို့ အထက်စီးလိုက် အောက်စီးလိုက် ဖြစ်နေ၏။ ထိုငရဲ၏ အထက်အမိုး၌မူ ခက်ရင်း (ခရင်း) ပမာဏ အဆူးထသော ကြိမ်နွယ်တို့ဖြင့် ဖုံးလျက် နေလေသည်။

**ငရဲခံရပုံ။** ။ထိုငရဲအနီး၌ ရောက်လာသူတို့ကို မီးအလျှံတောက်၍ နေသော သန်လျက်, ခက်ရင်း, တင်းပုတ် ကိုင်ထားသော ငရဲထိန်းကြီးတို့က ပဋမ ဆုံး သတ်ပုတ် ညှဉ်းဆဲကြကုန်၏။ ထိုအခါ ထိုအညှဉ်းအဆဲကို မခံနိုင်၍ ပြေးကြသူတို့သည် ဝေတရဏီငရဲ၏ အမိုးဖြစ်သော မီးအလျှံတောက်နေ သော ခက်ရင်းအခွကဲ့သို့ အဆူးထနေသော ကြိမ်နွယ်တို့အပေါ် ကျ ရောက်ကုန်၏။ ထို အမိုးပေါ်မှ တဖြည်းဖြည်း အောက်ခံရေသို့ ရောက် ကြရလေသည်။ အောက်ခံရေသို့ မရောက်မီ မီးအလျှံ၏ ပူလောင်ခြင်း, အဆူးတွေ၏ ထိုးဆွခြင်းကိုခံ၍ အသားတွေအပိုင်းပိုင်းပြတ်ပြီးမှ မီးအလျှံ ထနေသော အောက်ခံဆားငံရေဝယ် စုန်ချည် ဆန်ချည် မျောလျက် ပါဏာတိပါတ ကံ၏ အစွမ်း မကုန်မချင်း ခံကြရလေသည်။

**ပုံကိုပြ၍ ဩဝါဒ။** ။ကလေးများသည် သူ့အသက်သတ်မှုကို ပြုသည့်အတွက် ငရဲခံရပုံကို ကြည့်ကြပါ။ သူ့အသက်ကို မသတ်ကြပါနှင့်။ ကြက်ကလေး ငှက်ကလေးတို့ကိုမျှ မသတ်ကြပါနှင့်။ သန်း, ကြမ်းပိုးတို့ကို မသတ်ကြ ပါနှင့်။ သနားကြ, ညှာတာကြပါ။ ဆင်းရဲသူ, အားနည်းသူ, ကိုယ့် အောက်က လူများကို မနှိပ်စက်ဘဲ ကူညီကြပါ။

၁၇၂၂၄



သူတပါးဥစ္စာကို မတရားယူမိသူတို့ ငရဲ၌ခံနေကြရပုံ

(ခ) **သူတပါး ဥစ္စာကို မတရား ယူသူ။** ။ကျေကျေနပ်နပ် မပေးအပ်ဘဲ သူတပါး၏ သက်ရှိပစ္စည်း သက်မဲ့ပစ္စည်းကို ခိုး၍ယူခြင်း, ဒမြတိုက်၍ ယူခြင်း, အာဏာဖြင့်ယူခြင်း, အလေးတင်းတောင်း ချိန်ခွင်တို့ဖြင့် လိမ်လည် လှည့်စား၍ ယူခြင်း, ရောင်းကုန်များ၌ ရေဖြန်းမှု, ရေထိုးမှု, ဖွဲနှောသည် ရောမှုစသော အမှုကိုပြုခြင်း, ဖျင်းအသူတို့၏ ဥစ္စာကို ညာ၍ယူခြင်း, ခြောက်လှန့်၍ ယူခြင်း, နှိုက်၍ယူခြင်း စသောအားဖြင့် မတရားယူမှု အားလုံးကို "အဒိန္နာဒါန" ဟု ခေါ်၏။ ထိုအဒိန္နာဒါန အမှုကို လူ့ဘဝ၌ ပြုခဲ့သူသည် သေသောအခါ ငရဲ၌ ဖြစ်ရတတ်၏။

**ငရဲခံရပုံ။** ။ကြောက်မက်ဘွယ် ပုံသဏ္ဌာန်ရှိသော ငရဲထိန်းတို့သည် ရောက်လာသော ငရဲသားကို လှံစသောလက်နက် အမျိုးမျိုးဖြင့် (မုဆိုးတို့က သမင်စသော သားကောင်ကို ဝိုင်း၍ ထိုးကြသကဲ့သို့) ဟိုဘက်-သည်ဘက်က ဝိုင်း၍ ထိုးကြကုန်၏။ ငရဲသား၏ တကိုယ်လုံးမှာ (ဖက်ရွက် အပေါက်ကဲ့သို့) အပေါက် အပေါက် ဖြစ်နေ၏။ ဤသို့ တကိုယ်လုံး ပေါက်နေသော်လည်း အဒိန္နာဒါန အကုသိုလ်ကံ၏ အစွမ်းမကုန်သေးသမျှ ငရဲမှ မလွတ်ဘဲ ခံနေကြရသည်။

**ပုံကိုပြ၍ ဩဝါဒ။** ။ငရဲခံရပုံကို ကြည့်ပါး ကလေးများလည်း ဘယ်အခါမှ သူ့ဥစ္စာကို မတရား မယူပါနှင့်။ မိဘ၏ ဥစ္စာကိုပင် မသိအောင် မယူဘဲ တောင်း၍ ယူကြပါ။

(ဂ) **ကာမေသုမိစ္ဆာစာရ။** ။ကာမဂုဏ်ခံစားရာ၌ မိမိပိုင် မယား, မိမိပိုင် လင်နှင့် ခံစားခြင်းမျိုး မဟုတ်ဘဲ, သူ့မယားနှင့်ရင်း, မိမိလင်မှ တခြား ယောကျ်ားနှင့်ရင်း, ခံစားခြင်းကို "မိစ္ဆာစာရ-ယုတ်မာသောအကျင့်" ဟု ခေါ်သည်။ ထိုသို့ ပြုကျင့်သော ယောကျ်ား မိန်းမတို့သည် သေသောအခါ ငရဲ၌ ဖြစ်တတ်ကြသည်။



သူ့ သားမယားကို ကျူးလွန်မိသူတို့ ငရဲ၌ခံနေကြရပုံ

**ယောကျ်ား ငရဲခံရပုံ။** ။ငရဲ၌ မီးကျီးတို့ဖြင့် ပြည့်နေသော ငရဲတွင်းကြီး ရှိ၏။ ရောက်လာသော ငရဲသားကို ငရဲထိန်းတို့သည် လက်နက်မျိုးစုံဖြင့် ခုတ်ကြ ထိုးကြလေရာ ငရဲသားသည် ပြေးလွှားရင်း ထို ငရဲတွင်းကြီး အနီးသို့ ရောက်သွားလေ၏။ ထိုအခါ ငရဲထိန်းတို့သည် ငရဲသားကို ဦးခေါင်း စောက်ထိုးထား၍ ထို တွင်းကြီးထဲသို့ ပစ်ချကြလေသည်။

**မိန်းမ ငရဲခံရပုံ။** ။ငရဲသူမသည် တကိုယ်လုံး အသားတွေ ကွဲအက်နေ၏။ ကွဲအက်သော အသားမှ စီးကျနေသော အသွေးတွေ တကိုယ်လုံး ဖုံးနေ၏။ အလျှံတောက်နေသော သံမြေတွင်းဝယ် ခါးလောက်အထိ မြှုပ်၍ စိုက်ထား၏။ အရှေ့အရပ်မှ အလျှံတောက်သော သံတောင်ကြီး တလုံး လိမ့်၍လာကာ ထို ငရဲသူမကို ကြိတ်၍ အနောက်သို့ သွားလျှင် တောင်အရပ်မှ သံတောင်ကြီးက လာ၍ ကြိတ်သွားပြန်၏။ ငရဲသူမကား လက် ၂-ဘက်တို့ကို မြှောက်ကာ မြှောက်ကာ ဟစ်အော်၍ ခံရလေတော့သည်။

**ပုံကိုပြ၍ ဩဝါဒ၊** ။မိမိမယား မိမိလင်ဖြင့် တင်းတိမ်ခြင်းသာ အကောင်းဆုံး ဖြစ်ကြောင်းကို ဩဝါဒပေးပါ။

**(ဃ) မုသား ပြောသူ။** ။နှုတ်ဖြင့် ပြောသည်ဖြစ်စေ၊ စာရေး၍ ဖြစ်စေ၊ သူတပါး အထင်အမြင် အသိလွဲအောင် ပြောဆို ရေးသားခြင်းကို "မုသားပြောခြင်း" ဟု ခေါ်၏။ ထိုသို့ မုသားပြောဆို ရေးသားသူသည် တစုံတခုသော ကိုယ်ကျိုးကိုလည်း မျှော်တတ်သေးရကား သူများအကျိုး ပျက်စီးသလောက် အပြစ်ကြီး၏။ ထို့ကြောင့် သေသောအခါ တချို့ မုသားအတွက် ငရဲ၌ ဖြစ်ရတတ်လေသည်။



လိမ်လည်ပြောဆိုမိသောသူတို့ ငရဲ၌ခံနေကြရပုံ

**ငရဲ ခံရပုံ။** ။ရောက်လာသော ငရဲသားကို ငရဲထိန်းတို့သည် ထန်းပင်လုံး ပမာဏရှိသော မီးလျှံတောက်နေသော ငါးမြှားချိတ်ဖြင့် လျှာကို ဖောက်၍ ဆွဲငင်ကြကုန်၏။ ငရဲသားတို့သည် မီးလျှံတောက်နေသော သံမြေပြင်ပေါ်၌ လှဲကြကုန်၏။ ထိုအခါ (သားရေကြက်၍ နေပူလှမ်း သောအခါ သားရေကို ပတ်ပတ်လည်က စို့တံကျင်များစွာ စိုက်နှက် သကဲ့သို့)ထိုငရဲသားကို စို့တံကျင်များစွာဖြင့် စိုက်ကြ နှက်ကြလေသည်။ ငရဲသားသည် အော်ကာ ဟစ်ကာ ခံရင်းပင် ပါးစပ်မှလည်း တံတွေး တွေကို တပြစ်ပြစ် ထွေးထုတ်ရလေသည်။

**ပုံကိုပြ၍ ဩဝါဒ။** ။ကလေး အရွယ်သည် လိမ်၍ ပြောလွယ်သော အရွယ် ဖြစ်၏။ ထို့ကြောင့် လိမ်ပြောတတ်သူ၏ အပြစ်ကို ဆရာတို့က များများ ပြောပေးပါ။ ဆရာမိဘတို့က မေးလျှင် မှန်မှန် ပြောပါဟု ဩဝါဒ ပေးပါ။

(င) **သေရည်အရက်သောက်သူ။** ။သေရည်အရက်သည် စွဲလမ်းဘွယ် သဘော ရှိ၏။ တခါသောက်မိလျှင် နောက်တခါ နောက်တခါ သောက်ချင် သောက်ချင်လာ၏။ ထိုသို့ အသောက်အားကြီး၍ မူးယစ်လာသောအခါ အချင်းချင်းဖြစ်စေ အခြားသူကိုဖြစ်စေ ရိုက်မှု သတ်မှု ပါဏာတိပါတ မှုကို ပြုတတ်၏။

ကျေးရွာများ၌ ထန်းရည်မူးတို့သည် ထန်းတော၌ သောက်စား၍ ပြန်လာ သောအခါ မိမိကိုယ်ကို မထိန်းနိုင်ဘဲ ဒယိမ်းဒယိုင်နှင့် လာကြ၏။ ပါးစပ်ကလည်း မတော်တာတွေ ပြောကြ၏။ ကိုယ့်အပြစ်ကိုပင် ဖော် ပြောတတ်၏။ အမူးသမားချင်း စကားပြောမတဲ့၍ ရိုက်မှု သတ်မှု များပင် ဖြစ်ကြလေသည်။

မြို့ကြီးများ၌လည်း လူကြီးလူကောင်း ဆိုသူနှဲ့ အထက်တန်း အမျိုးသမီး ဆိုသူတို့သည် ကလပ်တက်၍ အရက်ကို အလွန်အကျွံ သောက်မိလျှင်



ကျေးရွာ၌ သောက်စားပုံ



မြို့ဦး သောက်စားပုံ

ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ သူများ မယား, မိမိ၏ လင် မဟုတ်သော အခြားယောကျာ်းနှင့် ပျော်ပါးမှုတွေ ဖြစ်တတ်လေ၏။ ရှင်ဘုရင်တဦးကား သေရည်မူးနေချိန်မှာ ပွဲတော်ဆက်လာလျှင် အသားဟင်း မပါသောကြောင့် ရင်ခွင်ထက်က သားကလေးကို သတ်၍ ချက်စေသတဲ့။

**ပုံကိုပြ၍ ဩဝါဒ။** ။သေရည်အရက်ဆိုတာ သောက်ရုံ သက်သက်ဖြင့် ရပ်မနေဘဲ နောက်ဆက် မကောင်းမှုတွေ ပါလာစေတတ်၏။ ထို့ကြောင့် ကလေးများလဲ မူးယစ်စေတတ်သော အစာဟူသမျှကို ဘိန်းကဇော်မှစ၍ ရှောင်ကြပါ။

## ၃။ သီလရှိသူတို့ နတ်ပြည်၌ စံရပုံ

**သီလရှိသော အမျိုးသား။** ။အနောမဒဿီ မြတ်စွာဘုရား လက်ထက်တော်၌ လုလင်တယောက်သည် ဆင်းရဲနွမ်းပါး၍ အလုပ်သမားဘဝဖြင့် နေရသော်လည်း ရဟန္တာတပါး၏ အထံ၌ ငါးပါးသီလခံယူ၍ အမြဲလုံခြုံအောင် စောင့်ထိန်းခဲ့လေသည်။ တသက်လုံး ထိုသီလကို စောင့်ထိန်း၍ သေခါနီးသော် ထိုသီလကိုပင် အမှတ်ရစွာ စုတေကာဖြင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေသည်။ ထိုနတ်သားလည်း အပါယ် ၄-ပါး မလားရဘဲ လူနတ် စည်းစိမ်ကို အကြိမ်များစွာ ခံစား၍ ငါတို့ဘုရား လက်ထက်တော်၌ ဝေသာလီ မြို့ဝယ် အထက်တန်းအမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ မိဘ ၂-ပါးတို့ ငါးပါးသီလ ခံယူသံကို ကြား၍ ရှေးဝါသနာ ပါလာသောကြောင့် ထိုနေရာမှာပင် သူ၏သီလကို သတိရသဖြင့် ရဟန်းပြုကာ ရဟန္တာတပါး ဖြစ်သွားလေသည်။

[သုဘူတိဝဂ္ဂ, ပဉ္စသီလသမာဒါနိယထေရအပဒါန်ပါဠိတော်။]

**ပုံကိုပြ၍ ဩဝါဒ။** ။ဤသူငယ်၏ ရှေးဘဝက သီလထိန်းခဲ့၍ နတ်ပြည်၌ စည်းစိမ်ခံစားရပုံကို ကြည့်ပါ။ နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်လာရတာလဲ သီလထိန်းခဲ့တဲ့ ကုသိုလ်ဟာ အရင်းခံဘဲ။ ဒါကြောင့် ကလေးတို့လဲ ယခုလို ငယ်ငယ်ကစ၍ ငါးပါးသီလ မပျက်ရအောင် စောင့်ထိန်းလျက် လူတော် လူကောင်းကလေး ဖြစ်အောင် ပညာကို ကြိုးစားကြပါ။

**၄။ သီလပျက်သူ၏ အကျိုးရ။** ။သီလပျက်သူသည် ငရဲမှ လွတ်၍ ပြိတ္တာဖြစ်ရတတ်သေး၏။ ပြိတ္တာဖြစ်ပြီး၍ လူ့ဘဝရသောအခါ အင်္ဂါချို့ယွင်းခြင်းစသော အပြစ်များနှင့် တွေ့ကြရလေသည်။

**၅။ သီလရှိသူ၏ အကျိုးရ။** ။သီလရှိသူသည် နတ်ပြည်၌ ဖြစ်ပြီးနောက် လူ့ဘဝ ပြန်ရောက်သောအခါ မျက်စိ နား နှာခေါင်း စသော ကိုယ်အင်္ဂါ ပြည့်စုံသူများ ဥစ္စာကြွယ်ဝသူများ ဖြစ်ရတတ်လေသည်။

**လင်္ကာများ။** ။အောက်ပါလင်္ကာများကို ရအောင် တနေ့တနေ့ နည်းနည်းစီ ချပေး၍ အဓိပ္ပါယ်ကိုလည်း ပြောပေးပါ။ ရတနာ့ဂုဏ်ရည် စာအုပ်၌ ထိုလင်္ကာများ၏ အဓိပ္ပါယ် ပါပါသည်။ ထိုလင်္ကာများသည် သာရတ္ထသင်္ဂဟကျမ်းမှ ထုတ်၍ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၌ ပြအပ်သော လင်္ကာများ ဖြစ်ပါသည်။

**ပါဏာတိပါတ။** ။ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွာသည်....ရှောင်ကအပြန် အကျိုးတည်း။

**အဒိန္နာဒါန။** ။အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ-မီး-သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်....ရှောင်ခါအပြန် အကျိုးတည်း။

ဗုဒ္ဓဘာသာသင်ခန်းစာ



နတ်စည်းစိမ် ခံစားပုံ

**ကာမေသုမိစ္ဆာစာရ။** ။မိစ္ဆာစာရ၊ လွန်ကျူးကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်၊ မျိုးယုတ် ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယှင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်....ရှောင်ခါအပြန် အကျိုးတည်း။

**မုသာဝါဒ။** ။မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပြီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ် ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယှင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာ ကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ် မတည်သည်....ရှောင်ကြဉ် အပြန်အကျိုးတည်း။

**သုရာမေရယ။** ။သေရည်သောက်လင့်၊ သင့် မသင့်ဌ၊ ရေးခွင့်မသိ၊ ပျင်းရိ မေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ် ကင်း၊ ခပင်းများထို၊ အကုသိုလ် ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်....ရှောင်ခါအပြန် အကျိုးတည်း။

**အမှာ။** ။ဤမျှတိုင်အောင် သင်ပြီးရာ့နေ့၌ သူငယ်တန်းဝယ် ပြထားသော အချုပ်ကဗျာကို အသံ အနေအထား ကောင်းမွန်စွာဖြင့် သံပြိုင်ညီညီ ကလေးများ ရွတ်ဆိုပါစေ။

သူငယ်တန်းသင်နည်း ညွှန်ပြချက်
ပြီး၏။



နတ်ဗြဟ္မာတို့ ညီညာရှိုးစုံ တောင်းပန်မှု

ညလကာ်ဒီဝလ ကြည်ပြကြိုးရှါ





ချမ်းမြေ့ရဂုံ တောရပ်လှုံသည်

# ပဌမတန်း သင်နည်း

**၁။ ဘုရားအဖြစ်တော်စဉ်။** ။သူငယ်တန်း၌ နည်းနည်းပါးပါး သိခဲ့ရသော ဘုရားအကြောင်းကို ပို၍သိဘို့ရန် ထပ်မံ သင်ပြစေရပါသည်၊ ဤအတန်း၌လည်း ကလေးများ စာမဖတ်တတ်သေးသောကြောင့် ပုံများကို ပြလျက် သင်သင့်ပါသည်၊ လယ်တီဆရာတော်ဘုရား၏ လင်္ကာများကို အသံနေ အသံထားဖြင့် ချပေး၍၊ ထိုလင်္ကာအတိုင်း ပုံကိုပြ၍ပြောပါ။

(က) သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင် စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည့်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်.... နတ်လူငြိမ်းဘို့ ကိန်းပါကို။

(ခ) သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်....နတ်လူအောင်မြို့ လမ်းပါကို။

(ဂ) ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြိုးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်ယူ၍၊ ရှယ်မှုနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့် ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်....စုံမြိုင်ပင်ရိပ်ခမ်းမှာကို။

(ဃ) တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဘွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းတော်၊ သောင်းလုံးကျော်သည်....သုံးဘော် လူတို့ ငြိမ်းဘွယ်ကို။



ဆံတော်ကိုပယ်ပုံ



တောရပ်မှိုင်ပေါ် ခြောက်နှစ်ပျော်၍



ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်

(င) ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာ ရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါး ဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခသြောင်းကပ် လာ၊ နတ်ဖြဗ္ဗာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့ လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဘော်ကြားသည် ....တရားနတ်စည် ရွှမ်းတယ်ကို။

(စ) တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည် ဘုံသိုက်၊ တသောင်း တိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူပြဗ္ဗာ၊ သတ္တဝါကို၊ ခေမာ သောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကာဖြစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ် ဝယ်၊ နယ် မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်....ဝှန်းဆူ သောင်းလုံး ကျော်တယ်ကို။

(ဆ) နိဗ္ဗာန်စံပြီ၊ ရှုမအီသား၊ သိင်္ဂီရွှေလော်၊ အလောင်းတော်ကို၊ ထိုရော် ကဆုန်၊ လဆုတ်ကုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ် တဇော လျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီး ပူဇော်သည်.... မွေ့တော်ရှစ်စိတ် ကြွင်းတယ်ကို။

**ဓာတ်တော်ဝေပုံ။** ။ဗုဒ္ဓမြတ်စွာ၏ အရိုးတော်များကို ဓာတ်သဘောများ ဖြစ်သောကြောင့် "ဓာတ်တော်"ဟုရင်း, ဘုရားရှင်က ကိုးကွယ်ဘို့ရာ အမွေ ပေးခဲ့သောကြောင့် "မွေ့တော်"ဟုရင်း ခေါ်ကြ၏။ ထို ဓာတ်တော်များကို ရှင်ဘုရင်တို့၏ ဆရာဖြစ်ခဲ့ဘူးသော ဒေါဏ ပါမောက္ခကြီးသည် ရှစ်စု ခွဲ၍ အဇာတသတ် မင်းစသော မင်းတို့အား ဝေပေးလေသည်။ [ပုံပြ၍ပြောပါ။]

**စေတီရုပ်ပွါးတော်။** ။ထိုသို့ ဓာတ်တော်ဝေရာမှ ရရှိသော ဓာတ်တော် များကို ရန်သူတို့မဖျက်နိုင်အောင် စေတီတည်၍ ထိုစေတီအတွင်း၌ ထာပနာ သွင်းထားရပုံ၊ ထိုဘုရားရှင်၏ ရုပ်ပုံတော်ကို ကိုးကွယ်သူ လူအမျိုးမျိုးတို့က ပုံတူပြု၍ ကိုးကွယ်ကြပုံ၊ ရေးသူ ထုလုပ်သူတို့၏ လက်စွမ်း အားလျော်စွာ



မေ့တော်ရှစ်စိတ် ကြွင်းတယ်ကို

သပ္ပါယ်သော ပုံတော်အမျိုးမျိုး ဖြစ်နေပုံကို ပြောပြ၍ စေတီတော် ရုပ်တုတော်ကို ပူဇော်ရာ၌ သက်တော်ထင်ရှားရှိစဉ်က ဘုရားကိုရည်မှန်း၍ ပူဇော်ရပုံ၊ ရေချမ်း ပန်း ဆီမီးတို့ကို သန့်သန့်ရှင်းရှင်း ပူဇော်ကြမှသာ နောက်ဘဝ၌ စိတ်ရောကိုယ်ပါ သန့်သန့်ရှင်းရှင်း အကျိုးရနိုင်ပုံကို ကလေးတို့အား ပြောပြပါ။

## ၂။ ဘုရားဂုဏ်တော်ပါဠိ

ဣတိပိ+သော ဘဂဝါ။
အရဟံ။ ။သမ္မာသမ္ဗုဒ္ဓေါ။
ဝိဇ္ဇာစရဏ သမ္ပန္နော။
သုဂတော။ ။လောကဝိဒူ။
အနုတ္တရော ပုရိသဒမ္မသာရထိ။
သတ္ထာ ဒေဝမနုဿာနံ။
ဗုဒ္ဓေါ။ ။ဘဂဝါ။

ဤသို့ သူ့နေရာနှင့်သူဖြတ်၍ ဂုဏ်တော်ပါဠိကို ကျကျနန ချပေးပါ၊ ဂုဏ်တော် ၉-ပါးကိုလည်း ရေတွက်တတ်ပါစေ။

## ၃။ တရားဂုဏ်တော်ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော။
သန္ဒိဋ္ဌိကော။ ။အကာလိကော။
ဧဟိပဿိကော။ ။ဩပနေယျိကော။
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဤသို့ သူ့နေရာနှင့်သူဖြတ်၍ ဂုဏ်တော်ပါဠိကို ကျကျနန ချပေးပါ၊ ဂုဏ်တော် ၆-ပါးကိုလည်း ရေတွက်တတ်ပါစေ။

## ၄။ သံဃာ့ဂုဏ်တော်ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ။
ဧသ ဘဂဝတော သာဝကသံဃော။
အာဟုနေယျော။ ။ပါဟုနေယျော။
ဒက္ခိဏေယျော။ ။အဉ္ဇလိကရဏီယော။
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဤသို့ သူနေရာနှင့်သူဖြတ်၍ ဂုဏ်တော်ပါဠိကို ချပေးပါ။
ဂုဏ်တော် ၉-ပါးကိုလည်း ရေတွက်ဘတ်ပါစေ။

## ၅။ မြန်မာလို သရဏဂုံနှင့် ၅-ပါးသီလ

**အမှာ။** ။မြန်မာလိုဆိုခြင်းသည် သာ၍နားလည်၏။ ထို့ကြောင့် သရဏဂုံနှင့် ငါးပါးသီလ ဆောက်ဘည်ပုံကို မြန်မာလို ရှေးဦးစွာ ချပေးပါ။ တခါဆောက်တည်ထားလျှင် ကိုးကွယ်လိုသောစိတ် မပျက်သမျှ သရဏဂုံ မပျက်ပါ။ သူ့အသက်သတ်မှု စသော တပါးပါးကို မကျူးလွန်သမျှ သီလမပျက်ပါ။ တပါး ကျူးလွန်လျှင်လည်း တပါးသာ ပျက်၏၊ ပျက်သောသီလကို ထပ်၍ ဆောက်ဘည်ရပါသည်။

**သရဏဂုံ။** ။ဘုရားရှင်ကို ကိုးကွယ်ပါ၏။ တရားတော်ကို ကိုးကွယ်ပါ၏။ အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

၂—ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။ ၂-ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။ ၂-ကြိမ်မြောက်လည်း အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

၃—ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။ ၃-ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။ ၃-ကြိမ်မြောက်လည်း အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

**ငါးပါးသီလ။** ။(က) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(ခ) သူ့ဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ပါ၏။

(ဂ) မိမိမယား (မိမိလင်) မှ တပါးသူနှင့် ကာမဂုဏ်ကျင့်မှုမှ ရှောင်ကြဉ်ပါ၏။

(ဃ) မုသားပြောခြင်းမှ ရှောင်ကြဉ်ပါ၏။

(င) သေရည်အရက် ဘိန်းကဇော် လှော်ဇာတို့ကို သောက်ခြင်း စားခြင်းမှ ရှောင်ကြဉ်ပါ၏။

## ၆။ ကမ္မဝိဘင်္ဂသုတ် သံပေါက်များ

**အမှာ။** ။ကလေးများကို ငယ်ရွယ်စဉ်ကပင် ကံနှင့် ကံ၏အကျိုးကို အတော်အတန် နားလည်စေသင့်၏။ ထို့ကြောင့် သံပေါက်များကို ချပေး၍ အခိပ္ပါယ်ပြောပေးပါ။

### နံပါတ်စဉ်အတိုင်း ဆောင်ပုဒ်များ

၁။ သူများအသက်၊ သတ်သည့်တွက်၊ အသက် ကိုယ့်မှာတို။

၂။ မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။

၃။ နှိပ်စက်ကလူ၊ ညှဉ်းဆဲသူ၊ ပြောထူရောဂါဆို။

၄။ သနားစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။

၅။ ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှ ပျက်မည်ဆို။

၆။ ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင် လှသကို။

၇။ မနာလိုပြန်၊ ဣဿာထန်၊ ခြံရံကင်းမည်ဆို။

၈။ ဣဿာမထား၊ ဝမ်းမြောက်ငြား၊ ပေါများခြွေရံကို။

၉။ မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်း ဥစ္စာဆို။

၁၀။ စွန့်ကြဲလှူတုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။
၁၁။ မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ် ညံ့မည်ဆို။
၁၂။ ထိုက်သူရိုကြိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။
၁၃။ သိဘွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအ-ပညာဆို။
၁၄။ ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခုနှောင် တတ်သိလို။

**ဩဝါဒပေး။** ။ကလေးများ.... သံပေါက်လက်ာများကို ရရုံတွင် မပြီးစေဘဲ သံပေါက်မှာပါသော အကြောင်းအရာကို ရွတ်ဆိုတိုင်း သတိထားကြပါ။ လူတွေက "အသက်ရှည်ရပါလို၏၊ အနာကင်းရပါလို၏၊ အဆင်းလှရပါလို၏၊ အမျိုးကောင်းရပါလို၏၊ ဥစ္စာပေါရပါလို၏၊ ပညာတတ်ရပါလို၏" ဟု ဆုတောင်းကြတယ်၊ ဒီလိုဆုတောင်းသော်လဲ "သူ့အသက်သတ်၊ သူ့ကိုညှဉ်းဆဲ၊ သူ့ဥစ္စာကို မတရားယူ၊ ဒေါသကြီး၊ ကိုယ့်ထက်သာလျှင် မနာလိုငြူစူ၊မရှိဆင်းရဲသူကိုမပေးကမ်း၊ ကိုယ့်ထက်တတ်သူကို မမေးဘဲ" နေလျှင် အခါတရာမက အာပေါက်အောင် ဆုတောင်းပေမဲ့ မရနိုင်ဘူးလို့ မှတ်ထားကြပါ။

သူ့အသက်မသတ်ဘဲ သနားကြင်နာ မေတ္တာ ကရုဏာ ရှိလျှင် သူများချမ်းသာတာကို ဝမ်းမြောက်လျှင် စွန့်ကြဲပေးကမ်းလျှင် ပညာသင်နေလျှင် ကိုယ့်ထက်တတ်သူကို မေးလျှင် ဆုမတောင်းပေမဲ့ သက်ရှည်ဆင်းလှ ချမ်းသာရ၍ ပညာတတ် လူလိမ္မာဖြစ်ရမည်မှာ သေချာပါတယ်၊ ဒါကြောင့် ဒီသံပေါက်မှာပါတဲ့အတိုင်း ပြုကျင့်ကြပါ။

**အမှာ။** ။ဤမျှအထိ သင်ပြီးရာနေ့၌ ပဥ္စမတန်းဝယ် ပြထားသော အချုပ်ကဗျာကို အသံအနေအထား ကောင်းမွန်စွာဖြင့် သံပြိုင်ညီညီ ကလေးများ ရွတ်ဆိုပါစေ။

ပဥ္စမတန်းသင်နည်း ညွှန်ပြချက်
ပြီး၏။

# ဒုတိယတန်းသင်နည်း

၁။ **ဘုရားဂုဏ်တော် ၉-ပါးအနက်။** ။ရှေးဦးစွာ ဂုဏ်တော် ၉-ပါး ပါဠိကို ရွတ်စေ၍ တနေ့လျှင် ဂုဏ်တော်တပါးအတွက် အနက်ကို ဖတ်ပါစေ။ ဘဂဝါ ဂုဏ်တော်၌ကား အနက်တွေ များ၏။ တနေ့ တပိုဒ်သာ ပြောပေးပါ။ ဆရာက အဓိပ္ပါယ်ကို အကျဉ်းမျှသာ ပြော ပေးပါ။ အရမကျက်နိုင်လျှင် အရမကျက်ပါစေနှင့်၊ စာအုပ်ကြည့်၍ ဘုရားရှိခိုးနိုင်ကြောင်းကို ပြောပါ။

### (က) ဣတိပိ သောဘဂဝါ အရဟံ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ တထောင့်ငါးရာ၊ ကိလေသာတို့၊ ဝါသနာ မလေ့၊ အထုံငွေ့မျှ၊ မငွေ့မရိပ်၊ ဝင်းဝင်းဖိတ်သို့၊ ရွှေစိတ်ပြန့်သင်း၊ လွန်သန့်ရှင်း၍၊ မင်းမင်းပြည်သူ၊ ကြည်ဖြူကော်ရော်၊ အလှူတော်မှန်၊ အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ အရ-ဟံ၊ အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင် အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

### (ခ) ဣတိပိ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သဗ္ဗညုတဉာဏ်အား၊ စွမ်းပကားဖြင့်၊ များသခ်ါရ၊ ဝိကာရနှင့်၊ လက္ခဏာပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ငါးရပ်သိရန်၊ ဉေယျ ဓမ်ကို၊ ဖေါက်ပြန်မရှိ၊ ကိုယ်တော်တိုင်သိတော်မူသော ဤအကြောင်း ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီး ဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံ တိုင်အောင်၊ ပြန့်လှိုင် ကျော်ကြား၊ **ထင်ရှားတော်မူပါပေသည်တကား။**

## (ဂ) ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ သုံးပါး ရှစ်ပါး၊ ၂-မျိုးအားဖြင့်၊ ဟောထားပညာ၊ ဉာဏ်ဝိဇ္ဇာတည်း၊ နိဗ္ဗာနဓာတ်၊ အမြိုက်ရပ်သို့ ဆိုက်ကပ်ရန်ဖြင့်၊ အမှန်သင့်သည့်၊ အကျင့်စရဏ၊ ဆဲ့ငါးဝနှင့်၊ တကွ ဥဿုံ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာစရဏ သမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟွဲ့ဘုံတိုင်အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

## (ဃ) ဣတိပိ သော ဘဂဝါ သုဂတော

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဒီပင်္ကရာ၊ ထွတ်ချာသနင်း၊ ခြေတော်ရင်းမှ၊ မှန်ကင်းသိရိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်အောင်၊ ဆယ်ခိုင် ပါရမီ၊ စုံပြည့်ညီလျက်၊ သုံးသိဘဝ၊ မျှားသတ္တ၀ါ၊ သုခစီးပွား၊ ကျင့်သောအားဖြင့်၊ မိုက်မှားအယူ၊ မိစ္ဆာဟူက၊ ဆံမြူတစိ၊ မကပ်ငြိဘဲ၊ သတိ သမ္ပဇဉ်၊ မပြတ်ယှဉ်လျက်၊ သဗ္ဗညု ဉာဏ်တော်၊ ရကြောင်း ရော်၍၊ ကြွတော်မူခဲ့သော ဤ အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် ပြဟ္မဲ့ဘုံ တိုင်အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

## (င) ဣတိပိ သော ဘဂဝါ လောကဝိဒူ

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သတ္တောကာသ၊သင်္ခါရဟု၊ လောကသုံးဘုံ၊အလုံးစုံကို၊ အာရုံထင်စွာ၊ပိုင်းခြားကာဖြင့်၊ ကောင်းစွာကုန်စင်၊ သိမြင်တော်မူသော ဤအကြောင်း ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံ တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

### (စ)ဣတိပိ သောဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ

သောဘဂဝါ၊ ထိုမြွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ဆုံးမသင်ရန်၊သတ္တဝါမှန်သော်၊ ချောက်တန်လျှင် ချောက်၊ မြှောက် တန် မြှောက် ၍၊ အောက်အောက် ထက်ဂုဏ်၊ ဆင့် ဆင့်စုံဘို့၊ ဖုံဖုံ သင်ပေး၊ အစဉ်ဖေးလျက်၊ ယဉ်ကျေးလေအောင် သွေး ဆောင် ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အနုတ္တ ရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပြန့်လှိုင်ကျော် ကြား ထင်ရှားတော်မူပါပေသည်တကား။

### (ဆ)ဣတိပိ သောဘဂဝါ သတ္ထာ ဒေဝမနုဿာနံ

သောဘဂဝါ၊ ထိုမြွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သတ္တဝါဟော်၊ ဂုန်သည်ကျော်သည်၊ ဖော် လော့်ငယ်သား၊နောက်ပါများကို၊ ရေရှားဘေးခ၊ကန္တာရမှ၊ ခေမမြေဝှ၊ ထုတ်ကယ်ယူသို့၊ ထို့တူတစ်၊ ခဲယဉ်း ဘိသည့်၊ ဇာတိ ဇရာ၊ မရဏာ ဟူ၊ ကန္တာရကြမ်း၊ ခရီးလမ်းမှ၊ ရွှေနန်းမြေဝှ၊ ပြည်နိဗ္ဗူသို့၊ နတ်လူ ပြဟ္မာ၊ သတ္တဝါကို၊ ကောင်းစွာဆောင်ယူ၊ ကယ်တင်တော်မူတတ်သော ဤအကြောင်း ကြောင့်လည်း။ သတ္ထာ ဒေဝ မနုဿာနံ၊ သတ္ထာ ဒေဝ မနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံ တိုင် အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

### (ဇ)ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ

သောဘဂဝါ၊ ထိုမြွေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမည်သာ၊ လေး သစ္စာကို၊ ဦးစွာပိုင်ပိုင်၊ သိမြင်နိုင်၍၊ သုံးဆိုင်ဝေနေ၊ များဗိုလ်ခြေကို၊ မသွေအတူ၊ သိစေတော်မူနိုင်သော ဤအကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင် အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော် မူပါပေသည် တကား။

၄ [illegible]

## (၈၂) ဣတိပိ သောဘဂဝါ ဘဂဝါ

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ အကျေမှုသဘွယ်၊ ပျောက်ကွယ်သိမ်မွေ့၊ မမြင်တွေ့ အောင်၊ ရုပ်ဆောင် ဖန်ဆင်းနိုင်သော "အဏိမာ" ဘုန်းတော်....

စိတ်၏ အလား၊ ကောင်းကင် ဖျားဌ၊ ပေါ့ပါး လျင်မြန်၊ ဈာန်ပျံကြွသွား နိုင်သော" လဃိမာ" ဘုန်းတော်....

ကိုယ်တော်သဏ္ဍာန်၊ ပုံဟန် တိုင်းဌား၊ မနှိုင်းအားဘို၊ ကြီးမားလေအောင်၊ ရုပ်ဆောင် ဖန်ဆင်းနိုင်သော "မဟိမာ" ဘုန်းတော်....

ဆီးတားကွယ်ကာ၊ မရှိပါဘဲ၊ လိုရာတိုင်းပေါက်၊ တခဏလောက်ဖြင့်၊ ကြွ ရောက်နိုင်သော "ပတ္တိ" ဘုန်းတော်....

အဆင်းအာတန်တန်၊ ပုံသဏ္ဍာန်ကို၊ စီမံဖန်တီး၊ တခဏတည်းဖြင့်၊ ပြီးစီးနိုင် သော "ပါကမ္မ" ဘုန်းတော်....

ကိုယ်တော်မြတ်၏၊ စိတ်ဓါတ်တော်မှ၊ စရှမကြွင်း၊ လူနတ်မင်းကို၊ ပိုင်နင်း အုပ်စိုး၊ လွှမ်းမိုးနိုင်သော "ဤသိတာ" ဘုန်းတော်....

သမာပတ်ဈာန်၊အဘိညာဏ်ကို၊ဝင်စံလိုက၊တခဏချင်းပိုင်၊ ဝင်စားနိုင်သော "ဝသိတာ" ဘုန်းတော်....

ကိစ္စတခု၊ ပြုစုတန်းပင်၊ ပြီးဆုံးချင်သော်၊ ဆောလျင်မသွေ၊ ပြီးဆုံးစေနိုင် သော "ယတ္ထကာမာဝသာယိတာ" ဘုန်းတော်....

ရှစ်ဖော်အပြား၊ ဤသို့အားဖြင့်၊ ထင်ရှားလေဘိ၊ "ဣဿရိယ" ဘုန်း တော်....

ကိလေသာရန်၊ပယ်ဖျက်လှန်ဘို၊ နိဗ္ဗာန်ဖိုလ်မဂ်၊ ကိုးချက်အပြား၊ လောကုတ္တ ရာ တရားဟူသော "ဓမ္မ" ဘုန်းတော်....

ဟုတ်တိုင်းမှန်စွာ၊ ဖြစ်ပေါ်လာ၍၊ ကမ္ဘာတိုက်ပေါင်း၊ သောင်းလောက ဓာတ်၊ ပွဲတင်ထပ်မျှ၊ နှံ့စပ်သတင်း၊ ကျော်စောခြင်းဟူသော "ယသ" ဘုန်းတော်....

ရွှေမျက်နှာတော်၊ လက်ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ ကျက်သရေမင်္ဂလာ၊ စုဝေးကာဖြင့်၊ လွန်စွာတင့်တယ်၊ သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်....

အလိုတော်အတိုင်း၊ တောင့်တတိုင်းပင်၊ မဆိုင်းမတွ၊ ပြီးစီးရသည့် "ကာမ" ဘုန်းတော်....

တလောကလုံး၊ ညွှတ်ရုံး ကိုးစား၊ အားထား ဘို့ရာ၊ လွန်စွာကြိုးကုတ်၊ အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်....

ဤ ခြောက်ပေါ်ဂုဏ်, ဘုန်းတော် ဟုန်နှင့်, ပြည့်စုံတော် မူသော ဤအကြောင်း ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

## ၁။ ဘုရားရှိခိုးဂါထာ

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ၊ ဤအရဟတာ၊ အစလာသည့်၊ကိုးဖြာသော ဂုဏ်တော်တို့ဖြင့်။ လောကမှိ၊ဘဝဂ်ဆုံးအောင်၊ ဘုံသုံးဆောင်၌။ ကိတ္တိဗျာပိတံ၊ သိမ့်သိမ့်တုန်ခပ်၊ ပဲ့တင်ထပ်မျှ၊ နှံ့စပ်ကျော်စောတော်မူထသော။ အတုလံ၊ သီလခေါ်ထိ၊ သမာဓိနှင့်၊ ကြီးဘိပညာ၊ လွန်ကဲသာ၍၊ ပြိုင်လာနိုင်းသူ၊ အတူလည်း ရှိတော်မမူထသော့။ ဓမ္မရာဇာနံ၊ သုံးဘုံမကိုင်၌၊ သုံးတိုက်သရဖူ၊ သုံးလူသင်းကျစ်၊ ဓမ္မရာဇ်ထွတ်ထား၊ ရှင်တော်မြတ် ဘုရားကို။ တီဟိ၊ လက်အုပ်အဉ္စလီ၊ နှုတ်သံချီလျက်၊ ရှင်ကြည်မနော၊ သုံးပါးသောဒွါရတို့ဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို၊ ရိုသေခြင်းရှိသည်ဖြစ်၍။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုး....ကန်တော့ပါ၏ဘုရား။

## ၂။ အဟံဘန္တေစသော သရဏဂုံသီလတောင်း

သရဏဂုံနှင့် ငါးပါးသီလတောင်းကို မြန်မာလို ဆိုပါစေ။
"နမော တဿ" အတွက်ကား ပါဠိမြန်မာ ၂ မျိုးလုံးကို ဆိုပါစေ။

(က) အရှင်ဘုရား....တပည့်တော်သည် (တပည့်တော်မသည်)သရဏဂုံ ၃ ပါး နှင့်တကွ ငါးပါးသီလ သိက္ခာပုဒ်ကို တောင်းပါ၏၊ ချီးမြှောက်သော အားဖြင့် တပည့်တော်အား(တပည့်တော်မအား)သီလပေးတော်မူပါဘုရား။

(ခ) အရှင်ဘုရား....တပည့်တော်သည်(တပည့်တော်မသည်) သရဏဂုံ ၃ ပါး နှင့်တကွ ငါးပါးသီလ သိက္ခာပုဒ်ကို ၂ ကြိမ်မြောက် တောင်းပါ၏၊ ချီး မြှောက်သောအားဖြင့် တပည့်တော်အား (တပည့်တော်မအား) သီလပေး တော်မူပါ ဘုရား။

(ဂ) အရှင်ဘုရား....တပည့်တော်သည် (တပည့်တော်မသည်) သရဏဂုံ ၃ ပါး နှင့်တကွ ငါးပါးသီလ သိက္ခာပုဒ်ကို ၃ ကြိမ်မြောက် တောင်းပါ၏၊ ချီး မြှောက်သောအားဖြင့် တပည့်တော်အား (တပည့်တော်မအား) သီလပေး တော်မူပါ ဘုရား။

[ထိုအခါ သီလပေးပုဂ္ဂိုလ်က "ယမဟံ ဝဒါမိ တံ ဝဒေဟိ = ငါဆိုတာကို လိုက်ဆို"ဟု ပြောလိမ့်မည်၊ "အာမဘန္တေ=မှန်ပါဘုရား"ဟု လိုက်ရသည်၊ ဤသို့ ပြောပေးပါ။ ]

နမော+တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ (ပါဠိ)၊ အရဟံ ဂုဏ်တော် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရား အား ရှိခိုးပါ၏။ (မြန်မာလို) ၃ ခေါက်ဆိုပါစေ။

**အမှာ။** ။ထို့နောက် ပဌမတန်း၌ ပြခဲ့သော သရဏဂုံ ငါးပါးသီလကို ဆက်၍ဆိုရသည်။ ဆရာက ဆိုနည်းကိုသင်ပေးပါ၊ ဘုရားရှေ့တော်စ သည်၌ မိမိဘာသာ သရဏဂုံသီလ ဆောက်တည်လျှင် အထက်၌ပြခဲ့ သော သရဏဂုံသီလတောင်း နမောတဿတို့ကို ဆိုဘွယ်မလိုကြောင်း ကိုလည်း ပြောပေးပါ၊ သို့သော် ဆိုသည့်အတွက် အပြစ်မရှိပါ။

## ၃။ ဒုစရိုက် ၁၀ ပါး

[ဒု=မကောင်းသော+စရိတ=စရိုက်(အကျင့်)]၊ မကောင်းသော အကျင့် (မကောင်းသော ကိုယ်မှု နှုတ်မှု စိတ်မှု)ကို "ဒုစရိုက်"ဟု ခေါ်၏၊ ထိုဒုစရိုက်သည် ၁၀ ပါးရှိ၏။

### ဒုစရိုက် ကာယကံ ၃ ပါး

**၁။ ပါဏာတိပါတ** = သူ့အသက်သတ်မှု။
**၂။ အဒိန္နာဒါန** = သူ့ဉစ္စာခိုးမှု။
**၃။ ကာမေသုမိစ္ဆာစာရ** = ကာမဂုဏ် တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ကျင့်မှု။

### ဒုစရိုက် ဝစီကံ ၄ ပါး

**၄။ မုသာဝါဒ** = မုသားပြောမှု။
**၅။ ပိသုဏာဝါစာ** = ချောပစ် ကုန်းတိုက်မှု။ [ ချစ်သူ ၂ ဦး ကွဲသွားအောင်၊ သို့မဟုတ် မိမိအား ချစ်လာအောင် ချစ်သူ ၂ ဦးကို ရန်တိုက်ပေးမှု။ ]
**၆။ ဖရုသဝါစာ** = အယုတ်တမာ ဆဲဆိုမှု။
**၇။ သမ္ဖပ္ပလာပ** = ပိန်ဖျင်းသော စကားကို ပြောဆိုမှု။

[စပါးပိန် စပါးဖျင်းသည် အတွင်း၌ အနှစ်အဆံမရှိသကဲ့သို့ အနှစ်လည်း မဘက်, အနက်အဓိပ္ပါယ်လည်း မဟုတ် မမှန် ဒဏ္ဍာရီဝတ္ထုသွား "ရွှေယုန်နှင့်ရွှေကျားတို့ သက်ကယ်ရိတ် သွားရောတဲ့" စသောစကားမျိုးတည်း။ မဟုတ်သော်လည်း ဥပမာ သဘောမျိုးဖြင့် အကျိုးရှိအောင် ပြောဆိုရေးသားမှုမျိုးမှာ "သမ္ဖပ္ပလာပ" မဟုတ်။]

### ဒုစရိုက် မနောကံ ၃ ပါး

**၈။ အဘိဇ္ဈာ** = သူတပါးစည်းစိမ်ကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ" ဟုမတရားကြံစည်မှု၊ [တောင်း၍ ငှါး၍ ဝယ်၍ ယူမည်ဟု ကြံစည်မှုမှာ အဘိဇ္ဈာအဖြစ်မရှိ]
**၉။ ဗျာပါဒ** = သေကြေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတပါးကို ပြစ်မှားမှု။
**၁၀။ မိစ္ဆာဒိဋ္ဌိ** = အယူမှားမှု။ [ကံ ကံ၏အကျိုး မယုံမှု။]

ဤ ဒုစရိုက် ၁၀ ပါးကို "အကုသလကမ္မပထ" ၁၀ ပါးဟုလည်းခေါ်သည်။ -"အပါယ်ရောက်ကြောင်း မကောင်းသော လမ်းခရီး ဖြစ်သော အကုသိုလ်ကံများ"ဟုလို။ ထိုဆယ်ပါးကို... (၁)ကိုယ်တိုင်ပြုလုပ်ခြင်းဟူသော "သာဟတ္ထိက"။ (၂)သူတပါးကို အပြုခိုင်းခြင်းဟူသော "အာဏတ္တိက"။ (၃)ဒုစရိုက်ပြုလျှင် ရနိုင်မည့် လောကီကျိုးကို ပြောပြခြင်းဟူသော "ဝဏ္ဏဘာသန"။ (၄)သူတပါးတို့ အလိုအလျောက် ပြုနေသည်ကို ဝမ်းမြောက် သဘောတူခြင်းဟူသော "သမနုည"။ ဤ ၄ မျိုးဖြင့် မြှောက်ပွားလျှင် ၄၀ ဖြစ်၏။

**[ဆောင်]** ၁။ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။

၂။ လှည့်စား ရန်တိုက်၊ မိုက်မိုက် ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ။

၃။ သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ဖေါက်ပြန်သေကြေ၊ပျက်စေလိုငြား၊ အယူမှား၊ သုံးပါး မနောကံ။

## ၄။ သုစရိုက် ၁၀ ပါး

[သု=ကောင်းသော+စရိတ=စရိုက် (အကျင့်။)] ကောင်းသော အကျင့်ကို "သုစရိုက်"ဟု ခေါ်၏။ ဤသုစရိုက်လည်း ၁၀ ပါးရှိ၏။

### သုစရိုက် ကာယကံ ၃ ပါး

၁။ ပါဏာတိပါတဝိရတိ = ပါဏာတိပါတမှရှောင်မှု။
၂။ အဒိန္နာဒါနဝိရတိ = အဒိန္နာဒါနမှ ရှောင်မှု။
၃။ ကာမေသုမိစ္ဆာစာရဝိရတိ = ကာမေသုမှ ရှောင်မှု။

### သုစရိုက်ဝစီကံ ၄ ပါး

၄။ မုသာဝါဒဝိရတိ = မုသာဝါဒမှ ရှောင်မှု။
၅။ ပိသုဏာဝါစာဝိရတိ = ပိသုဏာဝါစာမှ ရှောင်မှု။
၆။ ဖရုသဝါစာဝိရတိ = ဖရုသဝါစာမှ ရှောင်မှု။
၇။ သမ္ဖပ္ပလာပဝိရတိ = သမ္ဖပ္ပလာပမှ ရှောင်မှု။

## သုစရိုက် မနောကံ ၃ ပါး

၈။ အနဘိဇ္ဈာ = အဘိဇ္ဈာကို မပြုခြင်း။

၉။ အဗျာပါဒ = ဗျာပါဒကို မပြုခြင်း။

၁၀။ သမ္မာဒိဋ္ဌိ = ကောင်းသောအယူကို ယူခြင်း။

ဤသုစရိုက် ၁၀ ပါးကို "ကုသလကမ္မပထ" ၁၀ ပါးဟုလည်း ခေါ်၏။ [ကုသလ=ကုသိုလ်+ကမ္မ=ကံ+ပထ=လူ့ပြည် နတ်ပြည်သို့ ရောက်ကြောင်း။] (၁) ကိုယ်တိုင်ပြုခြင်း။ (၂) သူများကိုပြုဘို့ရန် စေခိုင်းခြင်း။ (၃) သုစရိုက်၏ အကျိုးကျေးဇူးကိုပြောပြခြင်း။ (၄) သူတပါးတို့ အလိုအလျောက်ပြုနေသည်ကို သဘောကျခြင်း။ ဤ ၄ မျိုးဖြင့် မြှောက်လျှင် သုစရိုက် ၄၀ ဖြစ်၏။

## ၅။ ဆွမ်းတော်ကပ်လှူပုံ

ဘုန်းတော် အနန္တ ဂုဏ်တော် အနန္တ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤ မွန်မြတ်သော ဆွမ်းတော်ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား။ ဤ ဆွမ်းလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကိုလျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများဆုတောင်း။** ။ရသာမွှေးကြူ၊ ဆွမ်းဖွေးဖြူကို၊ ပေးလှူပါရ၊ ဤပုညကြောင့်၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ မြန်မယ်ရွှေနှင့်၊ အနေတင့်၊ ဆင့်ဆင့်မြင့်ရလို။

**ဆွမ်းတော်လှူရကျိုး။** ။ဤကမ္ဘာမှ ပြန်၍ ရေတွက်သည် ရှိသော် ၉၄ ကမ္ဘာထက်၌ "သိဒ္ဓတ္ထ" ဘုရားရှင် ပွင့်တော်မူခဲ့လေသည်။ အခါတပါး၌ ရွှေအဆင်းကဲ့သို့ဝါဝင်းသော အဆင်းတော်ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်ကို အမျိုးသား တယောက်သည် အလွန်ကြည်ညိုသည်ဖြစ်၍ အိမ်သို့ပင့်ပြီးလျှင် ဆွမ်းတော်ကပ်လှူလေ၏။

ထိုအမျိုးသားသည် ထိုဘဝမှ စုတေလတ်သော် ထိုဆွမ်းလှူရသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရလေသည်။ ထိုကဲ့သို့ နတ်စည်းစိမ် လူ့စည်းစိမ်ကို အကြိမ်ကြိမ်ခံစား၍ အပါယ် ၄ ပါး၌ မဖြစ်ခဲ့ရဘဲ ငါတို့ ဘုရားရှင်လက်ထက်တော်ဝယ် အမျိုးကောင်းသားဖြစ်ပြီးလျှင် အရွယ်ရောက်လတ်သော် ရဟန်းပြု၍ ရဟန္တာ ဖြစ်လေသည်။

[သုတ္တပိဋက, အနွသံသာဝကထေရအပဒါန်ပါဠိတော်။]

**ဆွမ်းအကျိုး ရရိုး။** ။ထမင်းမစားရလျှင် အသက်မရှည်၊ ခန္ဓာကိုယ်ညှိုး၍ အဆင်း မလှ၊ ကိုယ်စိတ် မချမ်းသာ၊ ခွန်အားလည်း မရှိ၊ ဉာဏ်လည်း မထွက်၊ ထမင်းစားရမှ သက်ရှည်ဆင်းလှ ချမ်းသာရ၍ ခွန်အားဗလ တိုးလျက် ဉာဏ်လည်းထွက်၏။ထို့ကြောင့် ဆွမ်းလှူသူ ထမင်းပေးသူတိုင်းမှာ တူသောအကျိုးကို ရမြဲဖြစ်သည်။

**ဆောင်။** ။သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ်ပညာ။
ဆွမ်းလှူ အကျိုး၊ ဤငါးမျိုး, တန်ခိုးကြီးလှစွာ။

**အမှာ။** ။စေတီတော် ရုပ်ပွားတော်အား ဆွမ်းတော် ကပ်လှူသော အခါ နေ့စဉ် မတတ်နိုင်လျှင် ဥပုသ်နေ့စသည်၌သာ ကပ်လှူပါ၊ ဘုန်းကြီး တပါးအား ဆွမ်းကပ်သကဲ့သို့ တော်တော်များများပြင်၍ သက်တော်ထင်ရှား ဘုရားရှင်ကို စိတ်ဖြင့်မှန်း၍ ကပ်လှူသင့်ပါသည်။ ထိုဆွမ်းကိုလည်း မစွန့်လိုက် မပြစ်လိုက်ဘဲ ရုပ်ပွားတော် စေတီတော်ကို တံမြက်လှည်းမှုစသည် ပြုနေသော သူအား ပေးသင့်ပါသည်၊ ထိုသူမျိုးမရှိလျှင် တယောက်ယောက်ကို ဝတ်ပြုခိုင်း၍ ထိုသူအား ပေးသင့်ပါသည်၊ မိမိကိုယ်တိုင်လည်း ဘုရားနေရာတော်ကို ရှင်းလင်းပြင်ဆင်၍ ဘုရား၏ဝေယျာဝစ္စပြုသူ ဖြစ်စေပြီးလျှင် စားနိုင်၊ ကလေးတို့အားလည်း ပေးနိုင်ပါသည်။ ဤအတိုင်း ကျမ်းစာတို့၌ ဆိုထား၏၊ ထို့ကြောင့် ဤအတိုင်း ဝတ်ပြု၍ စားကြပါ၊ "ဆွမ်းတော်ကပ်ပြီးကို စားလျှင် ဘုန်းနိမ့်သည်" ဟူသော အယူကို မမှတ်သင့်ပါ။

## ၆။ ပန်းတော်ကပ်လှူပုံ

ဘုန်းတော် အနန္တ ကံတော် အနန္တ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤ တင့်တယ်လှပသော ပန်းတော်ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား။ ဤပန်းလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများဆုတောင်း။** ။အနံ့လည်း သင်း၊ အဆင်းလည်းလှ၊ ပန်းလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ သွယ်သွယ်ဂုဏ်နှင့်၊ အစုံတင့်၊ ထုံသင့်ကြိုင်ရလို။

**ပန်းလှူရသောအကျိုး။** ။ငါတို့ဘုရား လက်ထက်၌ တန်ခိုးကြီး အရာဝယ် အသာဆုံးဖြစ်တော်မူသော အရှင်မောဂ္ဂလ္လာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူရာ ရေ၌ပွင့်သော ကြာပန်းအမျိုးမျိုးနှင့် ကုန်း၌ပွင့်သော ပန်းမျိုးစုံတို့အလယ်၌ ကြီးကျယ်ခမ်းနားသော ဗိမာန်ကို မြင်တော်မူရလေသည်။ ထို ဗိမာန်အတွင်းဝယ် နတ်သမီးများစွာ ခြံရံလျက် ပျော်စံနေသော နတ်သမီးကိုမြင်ရပြန်လျှင် ရှေးဘဝ ကုသိုလ်ကံကို မေးမြန်းတော်မူလေသည်။

ထိုအခါ နတ်သမီးက သူ၏ ရှေးဖြစ်ဟောင်းကို လျှောက်သည်မှာ — တပည့်တော်မသည် ရာဇဂြိုဟ်မြို့တော်၏အရှေ့ နာဠကရွာ၌နေသော "ပေသဝတီ"နာမည်ရှိသော အမျိုးသမီး ဖြစ်ခဲ့ပါသည်၊တနေ့သ၌ ဥပတိဿ(အရှင်သာရိပုတ္တရာ) အမည်ရသော ရဟန္တာအရှင်မြတ်ကိုမြင်၍ ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် ပန်းများစွာကို လှူဒါန်း ပူဇော်ခဲ့ပါသည်၊ ထိုကောင်းမှုကြောင့် ဤဗိမာန်ကိုရ၍ ချမ်းသာမြေ့စွာ စံစားနေရပါသည်- ဟု လျှောက်လေသည်။

[ပါရိဆတ္တက,တတိယဝဂ္ဂ, ပေသဝတီ ဝိမာနဝတ္ထုပါဠိတော်။]

**ပန်းလှူသောအမျိုးသား။** ။အမျိုးသား တယောက်သည် ပရိနိဗ္ဗာန် စံတော်မူပြီးသော ဝိပဿီမြတ်စွာဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ နံ့သာထင်းပုံပေါ်၌ ပဒုမ္မာကြာပန်းကို တင်လှူမ်း ပူဇော်လေသည်။ ထိုအမျိုးသားသည် ထိုကောင်းမှုကြောင့် လူနတ် စည်းစိမ်ကို အကြိမ်ကြိမ်ခံစားရ၍ ငါတို့ဘုရားလက်ထက်တော်ဝယ် "ပဒုမစ္ဆာဒနိယ" မည်သော ရဟန္တာမထေရ် ဖြစ်လာလေသည်။

## ၇။ ရေတော်ကပ်လှူပုံ

ဘုန်းတော် အနန္တ ကံတော် အနန္တ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤကြည်လင်သန့်ရှင်းသော ရေချမ်းတော်ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤရေလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများ ဆုတောင်း။** ။ကြည်လင်မြေ၊ ရေလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ ကိုယ်ဝယ်တွင်းပြင်၊ ညစ်ကြေးစင်၊ ကြည်လင် မြေလို။ [ကိလေသာကို "အတွင်းအညစ်အကြေး" ဟု ဆိုသည်။]

**ရေလှူရသောအကျိုး။** ။ပဒုမုတ္တိုရ် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့သည် ဗောဓိပင်ကို ရေစင်ရေကောင်းတို့ဖြင့် သွန်းလောင်း ပူဇော်ကြလေသည်။ ထိုအခါ အမျိုးသားတယောက်သည် လှပသော ရေအိုး၌ နံ့သာ ထုံထားသော ရေတို့ကိုထည့်၍ ဗောဓိပင်ကို သွန်းလောင်း ပူဇော်လေသည်။ ထိုအမျိုးသားသည် ထိုဘဝမှ စုတေသော် တုသိတာ နတ်ပြည်၌ ဖြစ်၍ ထိုဘဝမှ နောက်၌ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်ကို အကြိမ်ကြိမ် ခံစားကာ ငါတို့ ဘုရားလက်ထက်တော် အခါဝယ် "ဂန္ဓောဒကိယမထေရ်" မည်သော ရဟန္တာ ဖြစ်လာလေသည်။

[ဗိဇနီဝဂ္ဂ, ဂန္ဓောဒကိယတ္ထေရအပဒါန်ပါဠိတော်။]

**ရေအကျိုးရရှိ။** ။ရေမသောက်ရလျှင် အသက်မရှည်၊ အဆင်းမလှ၊ ချမ်းသာ မရ၊ ခွန်အားဗလ မရှိ၊ ဉာဏ်လည်းမရှိ၊ ရေမချိုးရလျှင် မစင်ကြယ် မသန့်ရှင်း။ ထို့ကြောင့် ရေလှူသူ ရေပေးသူတို့၌ အသက်ရှည်ခြင်းစသော အကျိုးများ ရနိုင်သည်။

**[ဆောင်]** သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ။
ရေမငတ်ငြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုးလာ။

## ၈။ မီးတော်ကပ်လှူပုံ

ဘုန်းတော် အနန္တ ကံတော် အနန္တ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်း တောက်ပသော ဤဆီမီးကို(ဤ ဓာတ်မီးကို) လှူဒါန်းပူဇော်ပါ၏ အရှင်မြတ်ဘုရား။ဤမီးလှူရသောကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများဆုတောင်း။** ။ထွန်းလင်း တောက်ပ၊ မီးလှူရ၍၊ ဘဝ တိုင်းဝယ် ပညာကြွယ်လျက်၊ လနှယ် နေနှင့်၊ အာသရေတင့်၊ ဆင့်ဆင့် ထွန်းတောက်လို။

**မီးလှူရသောအကျိုး။** ။ပဒုမုတ္တိုရ် မြတ်စွာဘုရားလက်ထက်တော်၌ အမျိုးသားတယောက်သည် ဗောဓိပင်ကို ဝိုင်း၍ ဆီမီး (ငါးပွင့်) ဖြင့် ပူဇော်ခဲ့လေသည်။ ထိုအမျိုးသားသည် ထိုဘဝမှ စုတေသော် ထို ဆီမီး လှူရသော ကောင်းမှုကြောင့် လူ့ပြည် နတ်ပြည်၌ အဆက်ဆက် ဖြစ်ရ၍ ဖြစ်လေရာဘဝဝယ် အကာအကွယ် ရှိသောနေရာတို့ကို ထွင်းဖေါက်လျက် ယူဇနာတရာလောက်ကိုမြင်နိုင်သော မျက်စိကိုရရှိလေသည်။ ငါ တို့ ဘုရား လက်ထက်တော်၌ကား "ပဉ္စဒီပကမထေရ်" ဟူသော အမည်အားဖြင့် ထင်ရှားသော ရဟန္တာတပါး ဖြစ်လေသည်။

[ဗိဇနီဝဂ်၊ ပဉ္စဒီပကထေရအပဒါန် ပါဠိတော်။]

**သတိပြု။** ။စေတီတော် ရုပ်ပွါးတော်ရှေ့ဝယ် ရေစသည်ကပ်လှူရာ၌ ရှေ့တော်မှာ ရေတွေစိုမနေအောင်၊ ပန်းမှိုက်တွေ ရှုပ်မနေအောင်၊ ဖယောင်းစက်တွေကျမနေအောင်၊ သန့်သန့်ရှင်းရှင်း ကပ်လှူပူဇော်ပါ။ အိမ်မှာလည်း သန့်ရှင်းပါစေ၊ အိမ်၌ မီးပူဇော်သောအခါ ဖယောင်းတိုင်ဖြစ်လျှင် ဘုရားရှိခိုးတုန်းသာ ညှိထွန်းပါ။ မိမိက တခြားနေရာသွားလိုလျှင် မီးကိုငြိမ်းခဲ့ပါ၊ ထိုသို့မငြိမ်းဘဲသွားလျှင် ဖယောင်းတိုင်လဲ၍ ဖြစ်စေ, လေတိုက်သောကြောင့်ဖြစ်စေ, အိမ်ကို မီးလောင်တတ်ပါသည်။

**ခါးဝတ်ပမာ။** ။သရဏဂုံ ၃-ပါးတည်သူကို "ဥပါသကာ-ဥပါသိကာမ"ဟု ခေါ်၏။ ထို ဥပါသကာ ဥပါသိကာမသည် ငါးပါးသီလကို ခါး၌ဝတ်သားအပ်သော အဝတ်ကဲ့သို့ လုံလုံခြုံခြုံရှိအောင် ထိန်း၍, ဒုစရိုက် ၁၀-ပါးကို ရှောင်ပြီးလျှင် သုစရိုက် ၁၀-ပါးကို ဆောင်ရသည်။ ထို့ကြောင့် ဥပါသကာ၏ ကိုယ်ကျင့်များ ပြည့်စုံအောင် ဤအခန်း၌ ဒုစရိုက် သုစရိုက်များကိုရင်း၊ ကလေးများ (အသူးအားဖြင့် မိန်းကလေးများ) ဝါသနာပါအောင် ဆွမ်းတော်ကပ် စသည် များကိုရင်း ပြထားပါသည်။

**အမှာ။** ။ဤမျှအထိ သင်၍ပြီးရာနေ့၌ ဒုတိယတန်း အချုပ်ကဗျာကို အသံအနေအထား ကောင်းမွန်စွာဖြင့် သံပြိုင်ညီညီ ကလေးများကို ရွတ်ဆိုပါစေ။

ဒုတိယတန်းသင်နည်းညွှန်ပြချက်
ပြီး၏။

# တတိယတန်းသင်နည်း

---

၁။ **တရားဂုဏ်တော် ၆-ပါးအနက်။** ။ရှေးဦးစွာ ဂုဏ်တော် ၆-ပါးပါဠိကို ရွတ်စေ၍ တနေ့လျှင် ဂုဏ်တော်တပါးအတွက် အနက်ကို ဖတ်ပါစေ။ ဆရာက ရတနာ့ဂုဏ်ရည်၌ ပါသော အဓိပ္ပါယ်ကို အကျဉ်းမျှသာ ပြောပေးပါ။ အရမကျက်ပါစေနှင့်။ ဘုရားရှိခိုးတော်မှာ စာအုပ်ကြည့်၍ ဂုဏ်တော်အနက်ကိုဖတ်ပြီး ရှိခိုးပါစေ။

(က) **သွာက္ခာတော ဘဂဝတာ ဓမ္မော။** ။ဘဂဝတာ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်သော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်အောင်၊ မှန်းလင့်ရည်ရော်၊ ကောင်းစွာဟောတော်မူအပ်ပါပေ၏။

(ခ) **သန္ဒိဋ္ဌိကော။** ။ဓမ္မော၊ မဂ် ဖိုလ် နိဗ္ဗာန်၊ ကိုးတန်သောတရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ဟောပြသလောက်၊ ကျင့်တိုင်း ပေါက်၍၊ မဂ်ရောက် ဖိုလ်ထိ၊ ပညာရှိသည့်၊ များအရိယာ၊ သူတော်စွာတို့၊ သူတကာပြော၊ ယုံကြည်သောကြောင့်၊ သဘောချင်းထပ်၊ မဆည်းကပ်ဘဲ၊ တတ်အပ်ထင်ထင်၊ ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

(ဂ) **အကာလိကော။** ။ဓမ္မော၊ သောတာပတ္တိ၊ စရှိဆင့်တက်၊ လေးချက်အပြား၊ မဂ်တရားသည်။ အကာလိကော၊ ငါးရက် ခုနစ်ရက်၊ စသည်တက်၍၊ ငံ့လျက်ရှည်ဝေး၊ အကျိုးပေးရာ၊ အခါမငံ့၊ အခြားမဲ့ဖိုလ်၊ **အကျိုးကိုလည်း၊** ပေးတော်မူတတ်ပါပေ၏။

(ဃ) **ဟေဟိပဿိကော**။ ။ဓမ္မော၊ မဂ် ဖိုလ် နိဗ္ဗာန်၊ ကိုးတန်သော တရားတော်မြတ်သည်။ ဧဟိပဿိကော၊ ဝေဟာတက်ထွန်း၊ ယုဂန်စွန်း၌၊ လဝန်းအလား၊ ပတ္တမြားသဘွယ်၊ စင်ကြယ်ထင်ရှား၊ ရှိသည်များကြောင့်၊ အားရရွှင်လန်း၊ လိုက်ခဲ့စမ်းပါ၊ ရှုစမ်းပါဟု၊ သံသာချိုမြ၊ ဖိတ်ခေါ်ပြဘို့၊ မုချကန်၊ အမှန်သင့်လျော်၊ ထိုက်တန်တော်မူပါပေ၏။

(င) **ဩပနေယျိကော**။ ။ဓမ္မော၊ မဂ် ဖိုလ် နိဗ္ဗာန်၊ ကိုးတန်သော တရားတော်မြတ်သည်။ ဩပနေယျိကော၊ မိမိ စိတ်တွင်၊ တကြိမ် ထင်က၊ လေးခွင်အပါယ်၊ ဝဋ္ဋမီးကွယ်သဖြင့်၊ ကိုယ်ဝယ်ထုံးနှော၊ဆံဦးသျှောင်ကို၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ တရားမျက်ရှင်၊ စိတ်စွဲထင်အောင်၊ ကျင့်ဆောင်ခြင်းငှါ၊ ထိုက်တန်တော်မူပါပေ၏။

(စ) **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**။ ။ဓမ္မော၊ မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်ကို။ ဝိညူဟိ၊ ပုထုဇန်နှင့်၊ မတန်သင့်စွာ၊ လေးသစ္စာကို၊ ကောင်းစွာမြင်သိ၊ ပညာရှိအပေါင်း၊ အရိယာသူတော်ကောင်းတို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ကိုယ်စီ ကိုယ်င၊ လိုတိုင်းရ၍၊ နိဗ္ဗာနဓာတ်၊ သမာပတ်ဖြင့်၊ မပြတ်သိပိုင်၊ ခံစားနိုင်ပါပေ၏။.... [အရိယာ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တရား အရသာကို ခံစားနိုင်၏။]

## တရားရှိခိုးဂါထာ

ဣစ္စေဝံ ဆဟိ ဂုဏေဟိ၊ ပါကဋံ ဇိနပူဇိတံ။
သမ္ပတ္တိဒါယကံ ဓမ္မံ၊ ဝန္ဒာမိ တိဟိ သာဒရံ။

ဣစ္စေဝံ ဆဟိ ဂုဏေဟိ၊ ဤ သွာက္ခာတတာ၊ အစလာသည့်၊ ခြောက်ဖြာသော ဂုဏ်တော်တို့ဖြင့်။ ပါကဋံ၊ တိတ္ထိတို့ဘောင်၊ လွှန်များမြောင်သည့်၊ ဟန်ဆောင်တရား၊ အစားစားထက်၊ မားမားစွင့်စွင့်၊ ဂုဏ်ရည်တင့်၍၊ ကြီးမြင့်ထင်ရှားပေထသော။ ဇိနပူဇိတံ၊ ကိုယ်တိုင်သိငြား၊ ကိုယ့်တရားလည်း၊ ငါးပါးမာရ်နှိမ်၊ မာရဇိန်ပင်၊ ကြိမ်ကြိမ်လေးမြတ်၊ မှိဝပူဇော်တော် မူအပ်ထသော။ **သမ္ပတ္တိဒါယကံ၊ ကျင့်ကြံ လိုက်နာ၊ ဝေနေယျာအား၊ လူ့နတ်ဌာန်၊ နိဗ္ဗာန်**

အထိ၊ သမ္ပတ္တိကို၊ မိမိရရ၊ ပေးစွမ်းနိုင်ပေထသော။ ဓမ္မံ၊ မဂ် ဖိုလ် နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်သောတရားတော်မြတ်ကို။ တီဟိ၊ လက်အုပ် အဥ္ဇလီ၊ နှုတ်သံချီ၍၊ ရှင်ကြည်မနော၊ သုံးပါးသော ဒွါရတို့ဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို၊ ရိုသေခြင်းရှိသည်ဖြစ်၍။ ဝန္ဒာမိ၊ စိတ်ဖြင့်ဦးတန်း၊ ဂုဏ်တော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာ ညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါ၏ဘုရား။

## ၂။ ဩကာသမှစ၍ ပါဠိလို သရဏဂုံနှင့် ငါးပါးသီလယူပုံ

အများထုံးစံဖြစ်နေ၍ သင်ပေးသင့်သောကြောင့် ထည့်လိုက်ရသည်။ဆရာက ထုံးစံအတိုင်း ဆိုတတ်အောင်သင်ပေးပါ။

လူများ။ ။ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါးသောကံကို ပြစ်မှားမိသည် ရှိသော် ပျောက်ပါစေခြင်းအကျိုးငှါ၊ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏။ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်း လွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာရပါလို၏ဘုရား။

ဘုန်းကြီး။ ။"ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်" စသည်ဖြင့်ဆို၍ ဆုကိုပေး။

လူများ။ ။အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ၊ သီလံဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ **အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

[မဆိုတတ်လျှင် ဘုန်းကြီးက ချပေးသည်။]

ဘုန်းကြီး။ ။ယမဟံ ဝဒါမိ၊ တံ ဝဒေထ။

လူများ။ ။အာမ ဘန္တေ။

ဘုန်းကြီး။ ။"နမော တဿ ဘဂဝတော" စသည် တခေါက်ချ။

လူများ။ ။"နမော တဿ ဘဂဝတော" စသည် ၃ ခေါက်လိုက်ဆို။

ဘုန်းကြီး။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - စသည်ချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - စသည် ချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - စသည် ချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။သရဏဂမနံ ပရိပုဏ္ဏံ။

လူများ။ ။အာမ ဘန္တေ။

ဘုန်းကြီး။ ။"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟု ချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။"အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟု အစဉ်အတိုင်းချပေး။

လူများ။ ။လိုက်ဆို။

ဘုန်းကြီး။ ။တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ၊ သာဓုကံကတွာ၊ အပ္ပမာဒေန သမ္ပာဒေထ။

လူများ။ ။အာမ ဘန္တေ။

**အမှာ။** ။ဘုရားရှေ့စသည်၌ မိမိဘာသာ သီလယူသောအခါ ဘုန်းကြီးက ချပေးခြင်းမရှိသောကြောင့် "အာမဘန္တေ"ဟု ဆိုဘွယ်မလိုကြောင်းကို ပြောပေးပါ။ သြကာသ စသည်တို့၏ အဓိပ္ပါယ်ကိုလည်း ဆရာကရတနာ့ဂုဏ်ရည်ကြည့်၍ ဗျာသန ၅ ပါးအထိ ပြောပေးပါ။

## ၃။ ပုညကြိယာဝတ္ထု ၁၀ ပါး

ပုည=ကောင်းမှု+ကြိယ= ပြုထိုက်သော+ဝတ္ထု= စီးပွါးချမ်းသာ၏ တည်ရာ၊ .... ယခုဘဝ၌ စိတ်ကောင်းခြင်း၏တည်ရာ၊ နောင်သံသရာ၌ စီးပွါးချမ်းသာ၏တည်ရာ အကြောင်းဖြစ်၍ စင်စစ် ပြုထိုက်သော ကောင်းမှုများကို "ပုညကြိယဝတ္ထု"ဟု ခေါ်၏။ [ထိုကောင်းမှုများ၏ အဓိပ္ပါယ်ကို ဆရာက ကလေးများနားလည်ရုံ နည်းနည်းစီ ပြောပေးပါ။] ထိုကောင်းမှု ၁၀ ပါးကား—

၁။ **ဒါန**=စွန့်ကြဲ ပေးကမ်း လှူဒါန်းမှု။

၂။ **သီလ**=ဆိုင်ရာသီလများကို စောင့်ထိန်းမှု။

၃။ **ဘာဝနာ**=ဘုရားဂုဏ်တော်စသည်ကို အာရုံပြုနေမှု၊
(ကမ္မဋ္ဌာန်းအားထုတ်မှု)

၄။ **အပစာယန**=ရိုသေထိုက်သူကို ရိုသေမှု။

၅။ **ဝေယျာဝစ္စ**=သူတပါး၏ ကုသိုလ်ကိစ္စ၌ ကူညီမှု။

၆။ **ပတ္တိဒါန**=မိမိကုသိုလ်အဘို့ကို အမျှပေးဝေမှု။

၇။ **ပတ္တာနုမောဒနာ**=သူတပါးက အမျှဝေလျှင် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မှု။

၈။ **ဓမ္မဿဝန**=တရားစကားကို နားထောင်မှု။

**၉။ ဓမ္မဒေသနာ**=ပစ္စည်း လာဘ်မငဲ့ဘဲ တရားဟောမှု။
**၁၀။ ဒိဋ္ဌုဇုကမ္မ**=အယူကို ဖြောင့်မှန်စွာယူမှု၊ [ကံ-ကံ၏ အကျိုးကို ယုံကြည်မှု။]

**[ဆောင်]** ၁။ ဒါန,သီလ၊ဘာဝနာ့နှင့်၊ အပစာယနာ၊ရိုသေစွာ၊ဝေယျာဝစ္စဖြင့်။
၂။ ပတ္တိဒါန-အမျှပေးဝေ၊ ခေါ်လေသာဓု၊ ပတ္တာနုမောဒ၊ ဟောလေသမျှ၊ နာယူက၊ ဓမ္မဿဝနနှင့်။
၃။ ကိုယ်တိုင်ဟောပြ၊ဓမ္မဒေသနာ၊ ဖြောင့်စွာယူမှု၊ ဒိဋ္ဌုဇုကမ်၊ ဤဆယ်တန်၊ မှတ်ရန်အဆင့်ဆင့်။

**အမှာ။** ။ဘာဝနာနေရာ၌ သမထဘာဝနာ,ဝိပဿနာ ဘာဝနာ ဟု၂ မျိုးရှိကြောင်း၊ ဘုရားဂုဏ်တော် အာရုံပြုမှု, မေတ္တာပို့မှုများနှင့် ထွက်သက်ဝင်သက် ရှုမှတ်မှုများကို သမထဘာဝနာ (သမာဓိအလုပ်) ဟု ၎င်း၊ ခန္ဓာကိုယ်၌ ရုပ်နာမ်ခွဲ၍ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှုကို ဝိပဿနာ ဘာဝနာ (ပညာအလုပ်) ဟု၎င်း ခေါ်ကြောင်း ဆရာက ပြောပေးပါ။ အနိစ္စ ဒုက္ခ အနတ္တ သဘောကိုလည်း နည်းနည်းပါးပါး ပြောပါ။

**နိဂုံး။** ။သွာက္ခာတ ဂုဏ်တော်၌ ပြထားသည့် အတိုင်း တရားတော်သည် ရွတ်ဖတ်သံကို ကြားနာ နေရုံဖြင့်၎င်း၊ တရားတော်အတိုင်း နေထိုင်ရုံဖြင့်၎င်း ချမ်းသာ စေနိုင်ပါသည်။ ယခုအခါ၌ တရားကို အပျော်သဘောမျိုးဖြင့် နားထောင်ကြခြင်း၊တရားအတုတွေကို လိုက်နေကြခြင်းတို့ကြောင့် ချမ်းသာဖြစ်ရမည့်အစား ဆင်းရဲ ဖြစ်နေရပါသည်။ တရားတော်သည် တရားတော်အတိုင်း ကျင့်ကြံ ပြုလုပ် အားထုတ် နေထိုင်သူကိုသာ စောင့်ရှောက်ကယ်မနိုင်ပါသည်။တရားအတုတွေ လိုက်စား၍ ဟန်သမားတို့ကို မကယ်နိုင်ပါ။ ဘာသာ အရေးကြောင့် တိုင်းသူပြည်သားတို့ ချမ်းသာစေလိုလျှင် နေရာတိုင်း၌ **အစစ်အမှန်ဖြစ်အောင်** ပြုပြင်သင့်ပါသည်။

**တတိယတန်းသင်နည်း ညွှန်ပြချက်**
**ပြီး၏။**

# စတုတ္ထတန်းသင်နည်း

**၁။ သံဃာ့ဂုဏ်တော်အနက်။** ။ရှေးဦးစွာ ဂုဏ်တော် ၉ ပါး ပါဠိကို ရွတ်ပါစေ။ ထို့နောက် တနေ့လျှင် ဂုဏ်တော် တပါး တပါး အတွက် အနက်ကို ဖတ်စေ၍ ဆရာက အကျဉ်းမျှ အဓိပ္ပါယ်ပြောပေးပါ။ အရ မကျက်ပါစေနှင့်။ ဘုရားရှိခိုးကျော်မှာ စာအုပ်ကြည့်၍ ဂုဏ်တော်အနက်များကိုဖတ်ပြီး ရှိခိုးနိုင်ကြောင်းကို ပြောပေးပါ။

**(က) သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။** ။ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော၊ ဆုံးမ ထားဟန်၊ တရားမှန်ကို နာခံလိုက်နာ၊ အရိယာဟု၊ သင်္ချာရှစ်ဘော်၊ သံ ဃာတော်အပေါင်း၊ သူတော်ကောင်းသည်။ သုပ္ပဋိပန္နော၊ တရားသဖြင့် ဆုံးမသင့်ရာ၊ သာသနာဝယ်၊ လျော်စွာထုံးပြု၊ ဆုံးအမကို၊ လုံးဝလိုက် နာ၊ကောင်းမွန်စွာလည်း၊ ကျင့်တော်မူတတ်ပါပေ၏။

**(ခ) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။** ။ဘဂဝတော- ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော၊ ဆုံးမ ထားဟန်၊ တရားမှန်ကို၊ နာခံလိုက်နာ၊ အရိယာဟု၊ သင်္ချာရှစ်ဖော်၊ သံ ဃာတော်အပေါင်း၊ သူတော်ကောင်းသည်။ ဥဇုပ္ပဋိပန္နော-စဉ်းလဲသမှု၊ မာယာစုဖြင့်၊ဖုဖုထစ်ထစ်၊ မကောက်ကျစ်ဘဲ၊ စင်စစ်နိဗ္ဗာန်၊ လမ်းဖြောင့် မှန်အောင်၊ လျော်ကန် ချင့်မြှော်၊ ကျင့်ကြံတော် မူတတ်ပါပေ၏။

**(ဂ) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ။ဘဂဝတော၊ ရွှေ ဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော၊ဆုံးမထား ဟန်၊တရားမှန်ကို၊ နာခံလိုက်နာ၊ အရိယာဟု၊ သင်္ချာရှစ်ဘော်၊ သံဃာ

တော်အပေါင်း၊ သူတော်ကောင်းသည်။ ဉာယပ္ပဋိပန္နော၊ ကိုယ်ဝယ်ဝတ်နှောင်၊ ဆံဥသျှောင်ကို၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ ကြီးမားလောင်မီး၊ဒုက္ခကြီးတို့၊ အပြီးကေန်၊ ငြိမ်းရာမှန်သည့်၊ နိဗ္ဗာန်အလို့ငှါ၊ ကျင့်တော်မူတတ်ပါပေ၏။

(ဃ) **သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ။ဘဂဝတော၊ ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏။ သာဝကသံဃော၊ ဆုံးမထားဟန်၊ တရားမှန်ကို၊ နာခံလိုက်နာ၊ အရိယာဟု၊ သချ်ာရှစ်ဘော်၊ သံဃာတော်အပေါင်း၊ သူတော်ကောင်းသည်။ သာမိစိပ္ပဋိပန္နော၊ ရိုသေသမှု၊လူတို့ပြုသည်၊ သာမိစိကံ၊ လျော်ထိုက်တန်အောင်၊ ကျင့်ကြံတော်မူတတ်ပါပေ၏။

(....) **ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ။** ။စတ္တာရိ၊ မဂ်ဖိုလ်နှစ်ပါး၊တစုံအားဖြင့်၊လေးပါးကုန်သော။ ယဒိဒံ ပုရိသယုဂါနိ၊ အကြင်ယောကျာ်းအစုံတို့သည်။ အဋ္ဌ၊ အသီးအခြား၊ ခွဲသောအားဖြင့်၊ ရှစ်ပါးကုန်သော။ ပုရိသပုဂ္ဂလာ၊ ပုရိသပုဂ္ဂလ၊ ခေါ်ကြထိုထို၊ မြင့်မြတ်သောပုဂ္ဂိုလ်တို့ပါပေတည်း။

(င) **အာဟုနေယျော။** ။ ဘဂဝတော၊ ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ် ဘုရား၏။ ဧသ ဧသော သာဝကသံဃော၊ အစုံလေးပါး၊ သီးခြားရှစ်ဖေါ်၊ သံဃာတော် အပေါင်း၊ ဤအရိယာသူတော် ကောင်းသည်။ အာဟုနေယျော၊ တုံ့ပြန် ကြီးလေး၊ အကျိုးပေးသဖြင့်၊ အဝေးမှယူ၊ ဆောင်ရှဲမူလည်း၊ ကြည်ဖြူလေးမြတ်၊ ပူဇော် အပ်သည့်၊ လာဘ်သပ် ပကာ၊ အဖြာဖြာကို၊ ကောင်းစွာသိမ်းပိုက်၊ ခံယူခြင်းငှါလည်းထိုက်တော်မူပါပေ၏။

( ၈ ) **ပါဟုနေယျော။** ။ဘဂဝတော၊ ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏။ ဧသ ဧသော သာဝကသံဃော-အစုံ လေးပါး၊ သီးခြားရှစ်ဖေါ်၊ သံဃာတော် အပေါင်း၊ ဤအရိယာ သူတော်ကောင်းသည်။ ပါဟုနေယျော-ဝေးရပ်မျိုးနွယ်၊ မျှားဧည့်သယ်တို့၊

ရည်ရွယ်မှန်းထား၊ ပစ္စည်းများကို၊ ဘုရားတဆူ၊ ပွင့်တော်မူမှ ပေါ်လာကြသည့်၊ ကမ္ဘာ့ ညှော့ကောင်း၊ သူတော်ပေါင်းမို့၊ အကြောင်းတိုက်စွာ၊ ပေးလှူခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

(၆) **ဒက္ခိဏေယျော။** ။ဘဂဝတော၊ ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏။ ေယ ေသာ သာဝကသံဃော၊ အစုံလေးပါး၊ သီးခြားရှစ်ဖေါ်၊ သံဃာတော်အပေါင်း၊ ဤအရိယာ သူတော်ကောင်းသည်။ ဒက္ခိဏေယျော၊ တမလွန်စခန်း၊ ကြီးပွါးလမ်းဘို့၊ မြော်မှန်းရည်ရွယ်၊ ပေးလှူဘွယ်ကို၊ ရည်ရွယ်သမျှ၊ အကျိုးရသဖြင့်၊ တစမချွန်၊ အလှူခံခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

( ၈ ) **အဉ္ဇလိကရဏီယော။** ။ဘဂဝတော၊ ရွှေဘုန်းတော် သခင်၊ ရှင်တော်မြတ်ဘုရား၏။ ေယ ေသာ သာဝကသံဃော၊ အစုံလေးပါး၊ သီးခြားရှစ်ဖေါ်၊ သံဃာတော်အပေါင်း၊ ဤအရိယာ သူတော် ကောင်းသည်။ အဉ္ဇလိကရဏီယော၊ လောက အားလုံး၊ ကိုင်းညွှတ်ရှိုးလျက်၊ ရှင်ပြုံးကြည်ညို၊ ရှိသေမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

(၉) **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။** ။ဘဂဝတော၊ ရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ် ဘုရား၏။ ေယ ေသာ သာဝကသံဃော၊ အစုံလေးပါး၊သီးခြားရှစ်ဖေါ်၊ သံဃာတော်အပေါင်း၊ ဤအရိယာ သူတော်ကောင်းသည်။လောကဿ လူ နတ် ပြဟ္မာ၊သတ္တဝါအပေါင်း၏။ အနုတ္တရံ၊ အတုမရှိ၊ မြတ်ခေါင်ထိသော။ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှု၊ မျိုးစေ့စု၏၊ ကြီးထုပြင့်မား၊ စွင့်စွင့်ကားလျက်၊ ဖွင့်ထားဘွယ်ရာ၊ လယ်ယာ မြေကောင်းအတူ၊ ဖြစ်တော်မူပါပေ၏။

**သံဃာ့ရှစ်ခိုးဂါထာ**

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ဝိဿုတံ ဂဏံ။
သာသနံ စိရမာတာရံ။ ဝန္ဒာမိ တီဟိ သာဒရံ။

ဝေဝံ နဝဟိ ဂုဏေဟိ၊ ဤသုပ္ပဋိပန္နတာ၊ အစလာသည့်၊ ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်။ လောကမှ၊ ဘဝဂ်ဆုံးအောင်၊ ဘုံသုံးဆောင်၌။ စိဿုတံ၊ တိတ္ထိတို့ဘောင်၊ လွန်မြားမြောင်သည့်၊ ဟန်ဆောင်သံဃာ၊ အဖြာဖြာထက်၊ အရာရာဖြင့်၊ ဂုဏ်ရည်တင့်၍၊ ကြီးမြင့်ထင်ရှားပေထသော။ သာသနံ၊ ကမ္ဘာ့ ကမ္ဘာ၊ လွန်လေပါလည်း၊ တခါတဖန်၊ ကြုံရန်ခဲကပ်၊ အမြတ်ရတနာ၊ ဤသာသနာတော်မြတ်ကြီးကို။ စိရမာတာရံ၊ ဘုရားလက်ထက်၊ အဆက်ဆက်မှ၊ မပျက်ရအောင်၊ ပို့ချသင်ယူ၊ ဆောင်ရွက်တော်မူလာပေထသော။ ဂဏံ၊ အတွင်းစိတ်ဓာတ်၊ မြင့်မြတ်ကြည်လင်၊ သူတော်စင်ကောင်း၊ အရိယာ သံဃာတော်အပေါင်းကို။ တီဟိ၊ လက်အုပ်အဉ္ဇလီ၊ နှုတ်သံချီ၍၊ ရှင်ကြည်မနော၊ သုံးပါးသော ဒွါရတို့ဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို၊ ရိုသေခြင်းရှိသည်ဖြစ်၍။ ဝန္ဒာမိ၊ ဂုဏ်တော် ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ခြိမ်းမွှမ်း ထောမနာ၊ ပဏာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ဘုရား။

## (၂) ရှစ်ပါးသီလခံယူနည်း

(က) ဩကာသ ဩကာသ စသည်ဆို။
(ခ) အဟံဘန္တေ စသည်ဆို။
(ဂ) နမောတဿ စသည်ဆို။
(ဃ) ဗုဒ္ဓံ သရဏံ စသည်ဆို။
(င) "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" စသည်ဆို။

**အမှာ။** ။(ခ) နှင့် (င) အတွက် အသစ် ဖြစ်သောကြောင့် ပြလတ့ံအတိုင်း ဆိုပါ။

အဟံဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

၁။ ပါဏာတိပါတာ၊ ၂။ အဒိန္နာဒါနာ၊
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ၊ ၅။ သုရာမေရယ၊
၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ ဂီတ ဝါဒိတ္တ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

## ဆရာကပြောဘို့ရာများ

(က) အဗြဟ္မစရိယသိက္ခာပုဒ်၊
(ခ) ဝိကာလဘောဇနသိက္ခာပုဒ်၊
(ဂ) နစ္စ ဂီတ သိက္ခာပုဒ်၊
(ဃ) ဥစ္စာသယန မဟာသယနသိက္ခာပုဒ်၊

ဤ သိက္ခာပုဒ်များ၏ အဓိပ္ပါယ်ကို ရတနာ့ဂုဏ်ရည်မှ ယူ၍ ဆရာက ပြောပေးပါ။

(က) ဥပုသ်စောင့်ပုံ အစီအစဉ်၊
(ခ) ဥပုသ်အမျိုးမျိုး၊
(ဂ) ဥပုသ်စောင့်ရကျိုး၊

ဤအကြောင်းအရာများကိုလည်း ရတနာ့ဂုဏ်ရည်မှ ယူ၍ ဆရာက ပြောပေးပါ။

ထို့ပြင်—ဘုရားရှေ့တော်၌ မိမိဘာသာ ရှစ်ပါးသီလယူပုံကိုရင်း၊ ရဟန်းတော်များအထံ၌ ရှစ်ပါးသီလ ယူပုံကိုရင်း လက်တွေ့ သင်ပြပေးပါ။

## ၃။ မင်္ဂလသုတ် ပါဠိနှင့်မြန်မာ

### အမွန်းတင်ဂါထာ

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

**အမွန်းတင်**။ ။မင်္ဂလာကောင်းကြောင်း အသိုးတန်ကြောင်း ချီးမွမ်းသောစကားကို“အမွန်း”ဟုခေါ်၏။ “ယံ မင်္ဂလံ ဒွါဒသဟိ” စသော ၂ ဂါထာသည် အမွန်းတင်ဂါထာများတည်း။ ရှေးဆရာကြီးများသည် မင်္ဂလသုတ်ကို ရွတ်ချင်လာအောင် ရွတ်ရာ၌လည်း ရွှင်ရွှင်ပျပျ အားတက်သရောရှိကြလေအောင် ထိုအမွန်းတင် ၂ ဂါထာကို ဦးဦးဖျားဖျား ထည့်သွင်းထားကြလေသည်။ ထို ၂ ဂါထာကို အောက်ပါအတိုင်း မြန်မာလိုမှတ်ပါ။

နတ်နှင့် တကွသော လူတို့သည် ၁၂ နှစ်လောက် ကြာအောင် အကြင်မင်္ဂလာကို စဉ်းစားခဲ့ကြပါကုန်ပြီ။ (သို့သော်)စီးပွား ချမ်းသာဖြင့် တည်နေနိုင်ကြောင်း ကောင်းသောမင်္ဂလာကို မသိနိုင်ကြပေ။နတ်တို့၏ ကိုးကွယ်ရာ နတ်မင်းသဘွယ် ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် မကောင်းမှု အားလုံးကို ပယ်ဖျောက် နိုင်သော ၃၈ ဖြာ မင်္ဂလာကို အားလုံးသော သတ္တဝါတို့၏ စီးပွားအလို့ငှါ ဟောတော် မူအပ်ပြီ။ ထို မင်္ဂလာကို ငါတို့ ရွတ်ကြပါစို့။

*

(က) ဧဝံ မေ သုတံ။

(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(က) ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ၃ လကျော်လောက် အကြာမှာ ရာဇဂြိုဟ်မြို့တော်၌ ရဟန္တာကြီးများ စည်းဝေး၍ ဘုရားတရားတော်များကို စီကာစဉ်ကာ သဘောတူရာ ပေါင်းစုထားကြ၏။ထိုအခါ၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူကြောင်း သေချာဘို့ရာ အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာအား မေးတော်မူ၏။ မေးတော်မူပုံကား၊"အာနန္ဒာ....မင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာသည် ဘယ်နေရာမှာ ဘယ်အကြောင်းကြောင့် ဟောတော်မူသနည်း"။

ဤသို့မေးသောအခါ အရှင်အာနန္ဒာသည် မိမိ ကြားနာ မှတ်သားလိုက်ရသော အကြောင်းအရာကို လျှောက်လို၍ "ဧဝံ မေ သုတံ"ဟု စကားစချီလေသည်။ "အရှင်ဘုရား တပည့်တော်သည် မင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်တော်၌ ဤနည်းအတိုင်း ကြားနာ မှတ်သားလိုက်ရပါသည်"။

["ဤမှ နောက်၌ မင်္ဂလသုတ် စကားအားလုံးသည် အရှင်အာနန္ဒာက လျှောက်နေသောစကားများဖြစ်သည်"ဟု မှတ်ပါ။]

(ခ) အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိ မြို့တော်အနီးဝယ် အနာထပိဏ်သဌေး၏ ဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်။

*

(ဂ) အထခေါ် အညတရော ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

(ဂ) ထိုအခါ နာမည် မထင်ရှားသော နတ်သားတယောက်သည် ညဉ့် ဦးယာမ် လွန်ပြီးသော သန်းခေါင်ယာမ် အချိန်ဝယ် အလွန်နှစ်သက်ဘွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် တရပ်လုံးကို ကိုယ်ရောင်ဖြင့် လင်းစေလျက် ဗုဒ္ဓမြတ်စွာ ရှိရာသို့ ချဉ်းကပ်၍ ဝပ်ချပြီးလျှင် သင့်တော်သော နေရာ၌ ရပ်နေပါသည်။

*

(ဃ) ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

(ဃ) သင့်တော်ရာ အရပ်၌ ရပ်နေသော ထိုနတ်သားသည် မြတ်စွာဘုရား ကို ဂါထာဖြင့် လျှောက်ထားလေသည်။

*

၁။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၁။ များစွာကုန်သော နတ်လူတို့သည် ကြီးပွားခြင်း ချမ်းသာခြင်း ကို လိုလားတောင့်တကုန်သည်ဖြစ်၍ မင်္ဂလာတို့ကို စဉ်းစားကြံစည် ခဲ့ပါကုန်ပြီ။ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာကို ဟောတော်မူပါ။ ဤသို့ နတ်သားက လျှောက်ထားလေသည်။

*

၂။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနီယာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂။ လူမိုက်တို့ကို မပေါင်းခြင်း၊ လူလိမ္မာတို့ကို ပေါင်းခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] လူမိုက်မှန်လျှင် ရှောင်ကြဉ်ကြလို့၊ လိမ္မာသူမှ ပေါင်းကြလေ။
မိဘ မျိုးဆွေ ကြီးသူများနှင့်၊ တရားသံဃာ မြတ်ဗိုနေ။
အမြဲပုံသေ ပူဇော်ထိုက်လို့၊ သိုက်သိုက်မြိုက်မြိုက်ပူဇော်လေ။
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌ စွဲမှတ် မြဲကြစေ။

*

၃။ ပဋိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၃။ သင့်တော်သော အရပ်၌ နေရခြင်း၊ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း၊ မိမိကိုယ် မိမိစိတ်ကို ကောင်းစွာထားခြင်း၊ ဤ ၃-ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] ကုသိုလ် ဥစ္စာ ပညာရဘို့၊ သင့်ရာဒေသ နေရတယ်။
ရှေးရှေးပုဗ္ဗေ ဘဝဟောင်း၌၊ ကောင်းမှုကလည်းကြွယ်။
ကိုယ် စိတ် ၂ သွယ် အပြစ် ကင်းအောင်၊ ကောင်းခြင်း နိစ္စ ထားရမယ်။
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌ စွဲမှတ် မြဲကြကွယ်။

*

၄။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၄။ အကြားအမြင် အတွေ့အကြုံများခြင်း၊ လက်မှုပညာကို တတ်ခြင်း၊ ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာ သင်ခြင်း၊ စကားကို ကောင်းစွာ ပြောဆိုခြင်း၊ ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] ကြားမြင်များအောင် သုတေသနနှင့်၊ လက်မှုသိပ္ပတတ်ကြစေ၊
ဝိနည်းခေါ်ထွေ ကိုယ်ကျင့်ပေါင်းလဲ့၊ ကောင်းကောင်းရှင်ပျ သင်ကြလေ။

စကားအရာ လိမ္မာကြဘို့၊ သံသာချိုမြ နှုတ်ကချွေ၊
အဲဒီ ၄-ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌စွဲမှတ် မြဲကြစေ။

*

၅။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၅။ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက်ခြင်း၊ မရှုပ်မထွေးရအောင် ရှင်းရှင်း အလုပ်လုပ်ခြင်း၊ ဤ ၃ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] မွေးမယ်ဘခင် နေ့စဉ်ပြုလို့၊ သားကြီးရွှေဥ သမီးမေ၊
ဇနီးအဆွေ ချစ်သူမြှင့်အောင်၊ နည်းနှင့်စည်းနှင့်ချီးမြှင့်လေ။

လုပ်ငန်းထွေထွေ ပွေမရှုပ်ဘို့၊ ပြုလုပ်သမျှ ရှင်းရပေ၊
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌ စွဲမှတ် မြဲကြစေ။

*

၆။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၆။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ သုစရိုက်တရားကို ကျင့်ခြင်း၊ ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း၊ အပြစ်မရှိသော အလုပ်တို့ကိုလုပ်ခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[**ဆောင်**] ပေးကမ်းငွေဝေ လှူဒါနနှင့်၊ တရားလမ်းကျ ကျင့်တတ်စေ၊
မိဘမျိုးဆွေ **အောက်မကျ**ဘို့၊ ထောက်ကြ ပင့်ကြ မြှင့်ကြလေ။
အပြစ်ထွေထွေ ပွေမနှောတဲ့၊ အလုပ်သဘောလုပ်ရပေ၊
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌စွဲမှတ် မြဲကြစေ။

*

၇။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ မကောင်းမှုမှ စိတ်ဖြင့်ရှောင်ခြင်း (အာရတီ) ကိုယ်နှုတ်တို့ဖြင့် ရှောင်ခြင်း ဝိရတီ ၁ ပါး၊ သေရည်အရက် သောက်ခြင်းမှ စောင့်စည်းခြင်း ၁ ပါး၊ ကုသိုလ်တရားတို့၌ မမေ့ခြင်း ၁ ပါး၊ ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[**ဆောင်**] မကောင်းမှုဆို ထိုအယုတ်ဖြင့်၊ စိတ်ရော ကိုယ် နှုတ် ရှောင်ပါကွယ်။
ဘိန်းဘင်း ကဇော် လှော်ဇာ ဖက်လို့၊ သေရည် အရက် သောက်မှုပယ်။
ကုသိုလ်ဆိုင်ရာ ယူသော်တွေလိမ့်၊ သူတော်စလေ့ မမေ့ဘွယ်။
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌စွဲမှတ် မြဲကြကွယ်။

★

၈။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလ မုတ္တမံ။

၈။ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း၊ ကိုယ့်ကိုယ်ကို နှိပ်ချခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ သူ့ကျေးဇူးကို သိတတ်ခြင်း၊ သင့်လျော်သောအခါ တရားနာယူခြင်း၊ ဤ ၅ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] သက်ကြီး ဂုဏ်ရှင် ရိုသေကြ၍၊ မာန်မာနလည်း နှိပ်ချကြွယ်။
မရတာကို ပိုမတပ်ို၊ ကိုယ်အရနှင့် ရောင့်ရဲလွယ်။

ကျေးဇူးတင်ကာ အခါအားဖြင့်၊ နာတရားနှင့် နေရမယ်။
အဲဒီ ၅ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌ စွဲမှတ်မြဲကြကွယ်။

*

၉။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ သည်းခံခြင်း၊ ပြောဆိုဆုံးမ၍ နားထောင်လွယ်ခြင်း၊ ငြိမ်သက်သော ရဟန်းတော်များကို ဖူးမြင်ခြင်း၊ သင့်တော်သော အခါ၌ တရားစကားကို ဆွေးနွေး မေးမြန်းခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] မခံသာအောင် ဆဲဆိုရိုက်လဲ၊ သည်းခံလိုက်ကြ မောင်တို့ရယ်။
ကျိုးရှိဆိုမူ နာယူမှတ်လို့၊ ရဟန်းရှင်မြတ် ဖူးရမယ်။

သင့်တော်ခါတွင် နားအေးအေးနှင့်၊ တရားဆွေးဆွေး မေးရတယ်။
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌ စွဲမှတ် မြဲကြကွယ်။

*

၁၀။ တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ အကျင့်ကိုကျင့်ခြင်း၊ မေထုန်မှရှောင်ခြင်း၊ အရိယသစ္စာကို မြင်ခြင်း၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] ဒွေ ပါးဥဒ္ဒြေ စောင့်တွေချုပ်လို့၊ လုံ့လထုတ်၍ တပေါကြွယ်။
ဗြဟ္မစာရီ မေထုန်ကင်းလျက်၊ သာသနာတွင်း ကျင့်ရမယ်။
သစ္စာ ၄ အင် အမြင်ရတော့၊ ဖိုလ်အရဟာ နိဗ္ဗာန်လွယ်။
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌စွဲမှတ် မြဲကြကွယ်၊

*

၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ လောကဓမ်တရားတို့ တွေ့ထိနှိပ်စက်ခံရလျှင် စိတ်မတုန်လှုပ်ခြင်း၊ ဝမ်းမနည်းခြင်း၊ မမက်မောခြင်း၊ ဘေးမရှိခြင်း၊ ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] လောကဓမ်စုံ ဖိုဖိုလှုပ်လည်း၊ မတုန်မလှုပ် ငြိမ်ငြိမ်နေ။
မကောင်းကြုံသော် ဝမ်းမနည်းနှင့်၊ အကောင်းကြုံလဲ မမက်စေ။
ဘေးတွေ ရန်တွေ ဝိုင်းလာကြလည်း၊ ရန်ကင်း ဘေးပအေးမြပေ။
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့၊ စိတ်၌စွဲမှတ် မြဲကြစေ။

*

၁၂။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

၁၂။ ဤမင်္ဂလာတို့ကို ပြုကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့်ရန်သူမျှ အနိုင်မရဘဲ(မိမိကသာ အောင်နိုင်၍)နေရာ အားလုံးတို့၌ ချမ်းသာခြင်းသို့ ရောက်ကြရ၏။ ထိုမင်္ဂလာရှိသူတို့၏ ၃၈ ဖြာထိုမင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာတည်း။

**အမှာ။** ။ မင်္ဂလာ ၃၈ ပါးကို ရေတွက်ရာ၌ မာတာပိတု ဥပဋ္ဌာနံ ဂါထာဝယ် အမိလုပ်ကျွေးခြင်း၊ အဘလုပ်ကျွေးခြင်းဟု ၂ မျိုးခွဲ၍ ၄ မင်္ဂလာရအောင် ရေတွက်မှ ၃၈ ပါးပြည့်သည်။ အသေဝနာစ ဂါထာမှ စ၍ ရေတွက်ကြည့်ပါလေ။ ဆရာများကလည်း ကလေးနှင့်တန်ရုံ အဓိပ္ပါယ်ကို ပြောပေးကြပါ။

[**ဆောင်**] သုံးဆဲ့ရှစ်ဖြာ မင်္ဂလာမြတ်ဟု၊ လိုက်နာအပ်တဲ့ ကရားဝယ်၊
လိုက်နာသူတွေ ရန်မာန်ဘေးကို၊ နေရာမရွေး အောင်ရမယ်။
ခုရောနောင်ခါ ဘဝပေါင်း၌၊ စ-လယ်အနှောင်း ကောင်းဘို့ကြွယ်။
ထို့ကြောင့် မင်္ဂလာ စုံစုံစေ့အောင်၊ ကြိုးကြိုးသရွေ့ပြုကြကွယ်။

မင်္ဂလသုတ်ပါဠိနှင့် ကဗျာများပြီး၏။

# ဗာလပဏ္ဍိတတို့ ခြားနားပုံ

လူဖျင်း၊ လူအ၊ လူနု၊ လူထိုင်း၊ လူရိုင်း လူမိုက်စုကို ''ဗာလ'' ဟု ခေါ်၏။ တတ်သိ လိမ္မာ ဉာဏ်ပညာဖြင့် အသုရာဥ္ပါးနပ်၍ ဖြောင့်မတ်သွက်လက်၊ ထက်မြက်သောပညာရှိကို ''ပဏ္ဍိတ'' ဟု ခေါ်၏။ လောကဥ္ဆ အိမ်တအိမ်မှာ ဖြစ်စေ ရွာတရွာမှာ ဖြစ်စေ မြို့တမြို့မှာ ဖြစ်စေ နိုင်ငံ တနိုင်ငံလုံးမှာ ဖြစ်စေ စီကနဲ ပွက်ကနဲ ဒက်ကနဲ ဆူပူသံ ရန်ဖြစ်သံ တိုက်ခိုက်သံ လုယက်သံ ပုန်ကန်သံများ ကြားရလျှင် ဗာလကစ၍ဖြစ်၏။ ဗာလ ပါဝင်နေပြီဟု မှတ်ပါ။ ''ထိုဆိုးဝါးသော အသံများသည် ဘယ်အခါမဆို ပဏ္ဍိတကြောင့်မဖြစ်နိုင်'' ဟု ဘုရားရှင်ဟောတော်မူသည်။

ဘိက္ခုတို့....လောကဥ္ဆ ကြောက်ရွံ့ ထိတ်လန့်ရခြင်းဘေး၊ အိုးမြေ အိမ်မြေ မတည်ဘဲ့အောင် တိမ်းရှောင်ထွက်ပြေးကြရသော ဥပဒ်၊ တိုက်ခိုက် လုယူ ဖျက်ဆီးသွားသဖြင့် ဟိုကပ် သည်ကပ်နှင့် ကပ်ရပ် နေရသော အန္တရာယ်တို့သည် လူ့ဗာလ လူဆိုးကြောင့်သာဖြစ်ကြရ၏၊ လူကောင်း လူလိမ္မာကြောင့် ဖြစ်ကြရသည်မဟုတ်။ ဥပမာပြရသော် ကြူထရံတဲ သက်ငယ်တဲကို မီးစွဲလောင်လျှင် ထိုတဲများမှမီးသည် အိမ်ကြီး အိမ်ကောင်းတို့ကိုလည်း လောင်တော့သကဲ့သို့၊ ထို့အတူ တဲကုတ်တဲစုတ်နှင့် တူသော လူ့ဗာလတို့မှ ဘေးဥပဒ် အန္တရာယ် တို့သည် အပြစ်ကင်းသော လူကောင်းများကို ကူးစက်လာကြလေတော့၏။ ဤသို့လျှင် ဗာလသည်ဘေးဥပဒ် အန္တရာယ်တို့၏ စ၍ဖြစ်ရာပေတည်း။ လူကောင်း လူလိမ္မာကား ထိုဘေးဥပဒ် အန္တရာယ်တို့၏ စ၍ ဖြစ်ရာ မဟုတ်ပေ။ ထို့ကြောင့် သင်တို့သည် ဗာလဖြစ်ရကြောင်း မကောင်းသော ဒုစရိုက် ၁၀ ပါး အကျင့်များကို ရှောင်ရှားလျက် ပဏ္ဍိတ ဖြစ်ရကြောင်း ကောင်းသော သုစရိုက် ၁၀ ပါးအကျင့်များကိုသာ ကျင့်ကြမည်ဟု စိတ်ကိုမိဋ္ဌာန်ကာ ကျင့်ကြံကြိုးစားသင့်ပေသည်။

[တိကအင်္ဂုတ္တိုလ်၊ ပဌမပံ၊ ဗာလဝဂ်၊ ပဌမသုတ်။]

၆ [illegible]

**ဗာလ၏ လက္ခဏာ။** ။ဘိက္ခုတို့....ဗာလ၏လက္ခဏာ၊ ဗာလ၏ အမှတ်အသား၊ ဗာလဟုထင်ရှားသော အမှုတို့သည် ၃ မျိုးရှိကုန်၏၊(အဘယ် ၃ မျိုးနည်း၊) ဗာလသည် (၁) မကောင်းသော အကြံကို ကြံလေ့ရှိ၏၊ (၂)မကောင်းသောစကားကို ပြောလေ့ရှိ၏၊(၃)မကောင်းသောအမှုကို ပြုလေ့ရှိ၏။

**ပဏ္ဍိတ၏လက္ခဏာ။** ။ဘိက္ခုတို့.... ပဏ္ဍိတ၏လက္ခဏာ၊ ပဏ္ဍိတ၏ အမှတ်အသား၊ ပဏ္ဍိတဟုထင်ရှားသောအမှုတို့လည်း ၃ မျိုးရှိကုန်၏၊(အဘယ် ၃ မျိုးနည်း၊) (၁)ပဏ္ဍိတသည် ကောင်းသောအကြံကို ကြံလေ့ရှိ၏၊ (၂)ကောင်းသောစကားကို ပြောလေ့ရှိ၏၊ (၃)ကောင်းသောအမှုကိုသာ ပြုလေ့ရှိ၏၊ထို့ကြောင့် ကြံစည်ပုံ ပြောဆိုပုံ လုပ်ကိုင်ပုံကိုကြည့်ရှု၍ "ဤသူဟာ ဗာလ၊ဤသူဟာ ပဏ္ဍိတ"ဟုခွဲခြား၍ သိနိုင်စရာရှိပေသည်။

[အင်္ဂုတ္တိုရ်၊တိကနိပါတ်၊ပဌမပဏ္ဏာသက၊ဗာလဝဂ်၊တတိယသုတ်။]

**ရှိစရာဗာလ။** ။ဗာလသည် သူနှင့်ပေါင်းသူကို မိမိကဲ့သို့ ဗာလ ဖြစ်စေလို၏၊မိမိက ပါဏာတိပါတမှုကို ပြုလျှင် မိမိအပေါင်းကိုလည်း မိမိကဲ့သို့ ပြုစေလို၏၊ထိုသို့ပြုစေလို၍ပြုရလျှင် မိမိလည်း ဗာလဖြစ်တော့၏၊ ထိုသို့ မပြုရသော်လည်း "ဗာလနှင့် အပေါင်းအသင်း လုပ်သူ" ဟု နာမည်ပျက်၍ မကောင်းသတင်းထွက်၏၊ ထို့ကြောင့် ဗာလသည် မစင်တွင်း၌ ကျသော မြွေနှင့်တူ၏၊ ထိုမြွေသည် သူ့ကို ကိုင်သူကို ကိုက်သော်လည်း ကိုက်တတ်၏၊ မကိုက်စေကာမူ မစင်လူးမည်မှာ သေချာ သကဲ့သို့တည်း၊ ထို့ကြောင့် မြွေကို ကြောက်လည်း ကြောက်ရ၊ ရှုံလည်း ရှုံရသကဲ့သို့၊ ဗာလဆိုသူကို ကြောက်လည်း ကြောက်ရ၊ ရှုံလည်း ရှုံရသည်။

[တိကအင်္ဂုတ္တိုရ်၊ ပဌမပံ၊ ပုဂ္ဂလဝဂ်။]

**တိုက်တွန်းချက်။** ။လူငယ်အချင်းချင်း ဖြစ်စေ ဆရာနှင့်တပည့် ဖြစ်စေ၊ မိဘနှင့်သားသမီးဖြစ်စေ၊ သမီးခင်ပွန်းချင်းဖြစ်စေ၊သူ့ကြောင့် ဒုက္ခရောက်ရလျှင် ထိုသူ့ကို ဗာလဟုသာ မှတ်ပါ၊ ထိုသူနှင့်ခွဲ၍ နေနိုင်လျှင်နေပါ၊ မနေနိုင်လျှင် ကိုယ်သာပေါင်း၍ စိတ်က မပေါင်းဘဲ "ကိုယ်ပေါင်းစိတ်ခွါ"နေနိုင်အောင် ကြိုးစားကြပါလေ။

[ဆောင်။] မည်သူ့ကိုမျှ၊မညှာကြနှင့်၊ မိဘဆရာ၊ဖြစ်စေကာလည်း၊သူဟာ ဗာလ၊ ပဏ္ဍိတဟု၊ ကျနခွဲလှစ်၊တွေ့တိုင်းစစ်၊ စနစ်ကျစေကွဲ့။

## ၄။ ဗြဟ္မစိုရ်တရား ၄-ပါး ပါဠိ

**မေတ္တာပို့။** ။သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

**ကရုဏာပို့။** ။သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု။

**မုဒိတာပို့။** ။သဗ္ဗေ သတ္တာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။

**ဥပေက္ခာပို့။** ။သဗ္ဗေ သတ္တာ ကမ္မဿကာ။

## မြန်မာလို မေတ္တာပို့

၁။ သဗ္ဗေ သတ္တာ၊ ဝေနေယျာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၂။ မိဘနှစ်ဖြာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၃။ တို့အိမ်တွင်းမှာ၊ ဆွေမျိုးစွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၄။ တို့အိမ်တွင်းမှာ၊ နတ်များစွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၅။ တို့ရွာတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၇။ တို့ပြည်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၈။ နိုင်ငံတိုင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

**ကရုဏာပို့။** ။ဆင်းရဲနေရှာ၊ များသတ္တာ၊ မြန်စွာဒုက္ခ လွတ်ပါစေ။

**မုဒိတာပို့။** ။ကြွယ်ဝချမ်းသာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

(ဥပေက္ခာကိုကား အထူးပို့နေဘွယ် မလိုတော့ပါ။)

**တိုက်တွန်းချက်။** ။မေတ္တာ၊ ကရုဏာ၊ မုဒိတာပို သံပေါက်များကို မိမိတို့အိမ်၌ အိမ်ရာဝင် အိမ်ရာထမှာ ကလေးများ ရွတ်ဆိုကြတို့ ဆရာနှင့်မိဘများက တိုက်တွန်းကြပါ။ ထိုသို့ရွတ်ဆိုသည့်အိမ်မှာ ကျက်သရေတိုးပါလိမ့်မည်။ ကလေးများလည်း မသိမသာ အလိမ္မာတိုးနေပါလိမ့်မည်၊ သံပေါက်များကိုလည်း ဆရာက အသံမှန်မှန်နှင့် နားထောင်ကောင်းအောင် ချပေးပါ။

**အမှာ။** ။စတုတ္ထတန်း သင်ပြီးသောအခါ ဗုဒ္ဓဘာသာဝင်တို့ သိဘွယ်ရာအခြေခံဖြစ်သော ကိုယ်ကျင့်တရားများကို ကလေးများ သိကြရပါပြီ။ ဤ စတုတ္ထတန်း သင်ပြီး၍ ကျောင်းက ထွက်ရစေကာမူ ကုသိုလ်အကုသိုလ်ဟုန်း သိပြီး၊ ဒါန သီလအကြောင်းသိပြီး၊ မေတ္တာစသောဗြဟ္မစိုရ်တရား အကြောင်း သိပြီးဖြစ်၍ လူကောင်းတယောက် ဖြစ်လိုလျှင် ဖြစ်နိုင်သောအရည်အချင်းပြည့်စုံပါပြီ။ သို့သော် သိပြီးအကြောင်းအရာများ၌ သာ၍ရှင်းလင်းစွာ သိဘို့ရန်နှင့် အထက်တန်း သိဘွယ်များကို သိဘို့ရန် မိမိဘို့ရပ်ရွာဝယ် ကိုးကွယ်ထားသော ဘုန်းတော်ကြီးများအထံ ချဉ်းကပ်လျက် အားလပ်သော အချိန်နှင့် ဥပုသ်နေ့စသော ရက်များ၌ တရားဆွေးနွေးမေးမြန်းမှုကို ပြုကြပါလော။

**ဘုန်းကြီးရှိရကျိုး။** ။ဘုန်းတော်ကြီးကောင်း ရှိသော ရပ်ရွာ နယ်ပယ်၌ အကျိုးရပုံကို တိကအင်္ဂုတ္တိုရ်၊ ပဉ္စမပဏ္ဏာသ၊ စူဠဝဂ်၊ ဆဋ္ဌသုတ်အဖြစ်ဖြင့် ဟောတော်မူပါသည်၊ ဘုရားရှင် ဟောတော်မူပုံ မြန်မာပြန်မှာ—

ဘိက္ခုတို့…. အကြင်ရပ်ရွာကိုဖြစ်စေ၊ အကြင်နိဂုံး (မြို့)ကိုဖြစ်စေ၊ သီလရှိသော ရဟန်းတို့ မှီတင်းနေထိုင်ကြကုန်၏၊ ရဟန်းကောင်းတို့၏ နေထိုင်ရာ ထိုရွာ၌ (ထိုနိဂုံး ထိုမြို့၌) လူတို့သည် (၁)ကိုယ်အနေအားဖြင့် ကုသိုလ်ကောင်းမှု များစွာတိုးပွားကြကုန်၏။ (၂)နှုတ်အပြောအားဖြင့်လည်း ကုသိုလ်ကောင်းမှု များစွာတိုးပွားကြကုန်၏။ (၃) စိတ်အကြံအားဖြင့်လည်း ကုသိုလ်ကောင်းမှု များစွာတိုးပွားကြလေသည်။

**ရှေးခေတ်မြန်မာ။** ။ဤ တရားတော်နှင့်အညီ ရှေးခေတ်က မြန်မာနိုင်ငံ၌ ရပ်ရွာနယ်ပယ်တိုင်းဝယ် သီလသိက္ခာနှင့်ပြည့်စုံသော ဘုန်းတော်ကြီးများ ရှိခဲ့ကြ၏။ ထိုဘုန်းတော်ကြီးများသည် နေ့စဉ် ကလေးများကို ပညာသင်ပေးတော်မူကြ၍ ယဉ်ကျေးလိမ္မာအောင်လည်း ဆုံးမတော်မူခဲ့ကြသည်။ ကျောင်းမှထွက်၍ လူရွယ်လူလတ်ပိုင်း ရောက်နေသူကိုပင် အသောက်အစား ကစားမှုတို့ကြောင့် စာရိတ္တ ပျက်နေသည်ဟု ကြားလျှင် သူ၏မိဘနှင့်အတူ ခေါ်ယူ ဆုံးမတော်မူနိုင်ကြသည်။ထို့ကြောင့် ရှေးရှေးမင်းများ လက်ထက်၌ မြန်မာနိုင်ငံဝယ် စာရေး စာဖတ် တတ်သူ ပေါများ၍ စာရိတ္တပျက်သူလည်း နည်းပါးခဲ့လေသည်။

**ရာဇဝတ်မှုနည်းပါးခြင်း။** ။အင်္ဂလန်နှင့် ဝေလနိုင်ငံများ၌ အကျဉ်းထောင်များ၏ မင်းကြီးဖြစ်သော မစ္စတာ ပက်တာဆင်သည် မြန်မာနိုင်ငံ၌ ရာဇဝတ်မှုနည်းပါးအောင် ရေးသားသော စာတမ်းဝယ် အောက်ပါ အကြောင်းအရာများကို ထည့်သွင်း၍ ရေးသားထားလေသည်။

၁။ ကြောက်မက်ဘွယ်ကောင်းလှသော ရာဇဝတ်ဘေးကြီးမှ မြန်မာလူမျိုးတို့အား ကာကွယ်စောင့်ရှောက်လျက်ရှိသော လက်နက်အင်အားသည် ဗုဒ္ဓဘာသာတရားတော်ကြီးပင် ဖြစ်သည်။

၂။ ဗုဒ္ဓဘာသာတရားတော်သည် အမှားအမှန်ကို သေချာစွာ ဖော်ပြထားပေသည်။

၃။ မြန်မာလူမျိုးမှန်သမျှ ထိုတရားတော်ကြီးကို သေချာစွာ သင်ယူခဲ့ကြလေသည်။

၄။ မြန်မာလုလင်ပျိုကလေးများသည် ထိုတရားတော်ကြီးကို ငယ်ရွယ်စဉ်ကစ၍ သင်ယူခဲ့ကြ၏။

၅။ ရပ်သူရွာသားများသည် နှိုးဆော်ခြင်း ပညတ်ခြင်း မရှိပါဘဲလျက် တရားတော်ကို ကျိုးနွံရိုသေကြပေသည်။

၆။ အချို့ရဟန်းတော်များသည် စည်းမဲ့ကမ်းမဲ့ သွားလာနေထိုင်ကြသဖြင့် ရဟန်းတော်များ၏သြဇာသည် ရှေးကလောက် မစူးရှတော့ကြောင်းကို ကြားသိရ၏။

၇။ ထိုကဲ့သို့ ရဟန်းတော်များအား လူအချို့က အရိုအသေ ကင်းမဲ့ကြသဖြင့် "ဗုဒ္ဓတရားတော်သည် မှန်ကန်သောတရား ဟုတ်ပါ၏လော" ဟု ယုံမှားသံသယ ဖြစ်ကြသည် ရှိသော် မြန်မာလူမျိုးတို့ အတွက် "အလွန်ဆိုးဝါးသော ဘေးကြီး" ဟု ဆိုရပေလိမ့်မည်။

၈။ ဤကမ္ဘာလောက၌ ဘာသာတရားသည် အားအပေါင်းတို့တွင် အကြီးဆုံးသောအား ဖြစ်ပေသည်။

၉။ ယခုအချိန်အခါ၌ ဘုန်းတော်ကြီး များက စည်းလုံး ညီညွတ်စွာဖြင့် ရာဇဝတ်မှုကျူးလွန်ခြင်း၏ ဘေးအန္တရာယ်များကို ဟောပြတော်မူလျှင် ရာဇဝတ်မှု ဖြစ်ပွားခြင်းသည် တနှစ်အတွင်း၌ ရပ်တန့်ပါလိမ့်မည်။

၁၀။ ဘာသာတရား၏ တန်ခိုးသတ္တိသည် လူအမျိုးမျိုးအပေါ်၌ အထူးကြီး ပါပေ၏၊ ဤမြန်မာပြည်တွင်ကား သာ၍ကြီးပါပေသည်။

ဤကား နိုင်ငံခြားသားဖြစ်သော ထောင်မင်းကြီးတယောက်၏ မြန်မာ နိုင်ငံအတွက် ကောင်းသော မှန်လည်းမှန်သော ထင်မြင်ချက်တည်း၊ ဤ ထင်မြင်ချက်နှင့်အညီ ယခုအခါ မြန်မာနိုင်ငံ၌ ပြန်၍ စာရိတ္တ ကောင်းအောင် ရပ်ရွာ နယ်ပယ် အပေါ်၌ မေတ္တာ ကရုဏာ ထားသော ဘုန်းတော်ကြီးများ၏ ကျောင်းတကျောင်းကား ရပ်ရွာတိုင်းမှာ အမှန်ရှိထိုက်ပါသည်။

**အမှာ။** ။ဤမျှတိုင်အောင် သင်ပြီးရာ ပြောပြပြီးရာနေ့၌ စတုတ္ထတန်း အကျဉ်းဝယ် ညွှန်ပြခဲ့သော အောက်ပါ ကဗျာကို ညီညီညာညာနှင့် ကလေးများ သံပြိုင်ရွတ်ပါစေ၊ ဆရာများကလည်း အသံအနေ အထား ကောင်းမွန်စွာ ချပေးကြပါ။

**နိဂုံး။** ။မူလတန်းဝယ် သိလွယ်ဆုံးလို့၊ နိဂုံးဤ၌အုပ်တော့မယ်။
သိရှိမျှနှယ် တယ် မကောင်း၍၊ လူကောင်းဖြစ်ဘို့ လိုကြတယ်။
လူကောင်းဖြစ်အောင်၊ ဆရာမြတ်သို့၊ မကြာကပ်လို့ မေးပေါ့ကွယ်။
မေးသော် ဖြေရန် ဆရာကောင်းလဲ၊ တရွာတကျောင်း ရှိသင့်တယ်။

စတုတ္ထတန်းသင်နည်း ညွှန်ပြချက်

ပြီးပြီ။

+++

**အမှာ။** ။တရွာ တကျောင်း တည်ပုံကို သတ္တမတန်းအဆုံးကျမှ ညွှန်ပြပါမည်။

ဤတွင် မူလတန်းပြီးပြီ။

# သဗ္ဗညုတဉာဏ်တော်၏

## အစွမ်းတော် ၃-ပါး

၁။ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင်
အကုန်မြင် သဗ္ဗင်ဉာဏ်တော်အစွမ်းတည်း။

၂။ သိသည့်တရား များအပြား၌ ဟောထား
စတွယ် နည်းသွယ်သွယ်ကို ခြယ်လှယ်စုံလင်
အကုန်မြင် သဗ္ဗင်ဉာဏ်တော်အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ များဝေနေ၏ ဣန္ဒြေစရိုက်
သူ့အကြိုက်ကို နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗင်ဉာဏ်တော်အစွမ်းတည်း။

၄။ သဗ္ဗင်ဉာဏ်အား စွမ်း၃-ပါးကြောင့် အများ
ဝေနေ ကျွတ်လွတ်စေဘို့ မနေမနား သက်
တော်အားဖြင့် ကြိုးမားလေဘိ ရှစ်ဆယ်ရှိ၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင် ငါ့တို့ဘုရားတည်း။

# အရှင်ဇနကာဘိဝံသ

## ၏

အမှတ် (၂၆) ကျမ်းစာ

# ဗုဒ္ဓဘာသာသင်ခန်းစာ

## အလယ်တန်း

မူလတန်းဘာသာရေးကို လေ့လာပြီးသူများအတွက်
ဆက်လက်လေ့လာဖတ်ရှုရန်

# ပဌမတန်း

## ဗုဒ္ဓရတနာ အကျဉ်း

၁။ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။
လူ နတ် များစွာ ချမ်းသာရေးကြောင့်၊ အသက်ပေး၍ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ့ သာသနာ့အတွက်တော့၊ ငါပါအသက်ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

၂။ ဗုဒ္ဓမြတ်စွာ ပွင့်လာမှုကြောင့်၊ ဉာဏ်စက္ခုလည်း ရကြသည်။
ဉာဏ်စက္ခုတွေ သာ၍လင်းဘို့၊ သန့်ရှင်းတိတ်ဆိတ် ရှိသင့်သည်။
ပွက်လောဆူညံ လူသံပွဲတို့၊ ကျောင်းဘုရားထဲ လုပ်ကြသည်။
ဗုဒ္ဓအယူ အတွင်းလူဖျက်လို့၊ ဘာသာ့ပျက်၍ ခက်လိမ့်မည်။

# ပဉ္စမတန်း

## ဗုဒ္ဓရတနာ အကျယ်ညွှန်ပြချက်

(ဤအခန်း၌ ဗုဒ္ဓရတနာကို အကျယ်ပြထားပါသည်)

**ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက။** ။ဗုဒ္ဓမြတ်စွာသည် အလောင်းအလျာ ဖြစ်စဉ်ဝယ် ဘဝများစွာတုန်းက လူ နတ် ပြဟ္မာ သတ္တဝါတို့၏ ချမ်းသာသုခရဘို့ရာ အသက်ကိုစွန့်၍ ပါရမီတော်များကို နောက်ဆုံး ဝေဿန္တရာမင်း ဘဝအထိ ဖြည့်ကျင့်တော် မူခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာခြင်းသည် သတ္တဝါတို့ကို ဆင်းရဲစေဘို့ မဟုတ်ပါ၊ ဤဘဝ၌ရှင်း နောင်သံသရာ အဆက်ဆက်၌ရှင်း နိဗ္ဗာန် တိုင်အောင် ချမ်းသာစေဘို့သာ ဖြစ်ပါသည်။

**သာသနာတော်။** ။ဤမြန်မာနိုင်ငံ၌ ဗုဒ္ဓမြတ်စွာ၏အဆုံးအမတရားတော် ဖြစ်သော သာသနာတော် တည်ရှိနေခြင်းသည်လည်း တိုင်းသူ ပြည်သားတို့ ချမ်းသာဘို့သာ ဖြစ်ပါသည်။ တချို့နေရာဝယ် သာ သနာတော်နှင့်စပ်၍ ဆင်းရဲဒုက္ခ ဖြစ်ရခြင်းမှာ ဘုရားရှင်၏ အလိုတော် အတိုင်း မနေနိုင်ကြ မပြုလုပ်ကြသောကြောင့်သာ ဖြစ်ပါသည်။ ကြွေးယူ၍ ဒါနပြုသည့်အတွက် ကြွေးတင်ခြင်းစသော ဒုက္ခများလည်း ထိုဗုဒ္ဓသာသနာဝင် ဆိုသူတို့၏ နားမလည်မှုကြောင့်သာ ဖြစ်ပါ သည်။ ထို့ကြောင့် ဤအခန်း၌ ဗုဒ္ဓမြတ်စွာ၏ ဖြစ်တော်မူလာပုံနှင့် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကို ဖော်ပြပါမည်။

**ဗုဒ္ဓဝင်အမေးအဖြေ။** ။ဗုဒ္ဓမြတ်စွာ၏ ပါရမီအဆင့်ဆင့် ဖြည့်ကျင့်တော် မူလာပုံကို နားလည်ဘို့ရာ စာအုပ်သီးခြားရှိပြီးသော ဗုဒ္ဓဝင် အမေး အဖြေ စာအုပ်ကို တနေ့တနေ့လျှင် နည်းနည်းစီ ကလေးတို့က

သံပေါက်ကိုဖတ်၍ ဆရာက အဓိပ္ပါယ် ပြောပေးပါ၊ အရကျက်ဘို့ မတိုက်တွန်းပါနှင့်၊ ဉာဏ်ကောင်းသော ကလေးတချို့မှာ ဖတ်ရင်းပင် နှုတ်တက်လာပါလိမ့်မည်။

[ဗုဒ္ဓဝင် အမေးအဖြေ ရေးပြီးရှိသည်။]

**ဘာသာအတွက် အသက်ပေး။** ။အသက်ပေး၍ ပါရမီကိုဖြည့်ကျင့်တော်မူလာသော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်နှင့် အပ္ပဝါဒတော်ကို တာရှည်စွာတည်အောင် စောင့်ရှောက်ဘို့ တာဝန်သည် ယခု လက်ရှိ ဗုဒ္ဓသာသနာဝင်တို့၏ တာဝန်ဖြစ်၏၊ မိမိတို့က အထင်မကြီးလှသော အခြားဘာသာဝင်တို့သည် သူတို့ဘာသာ၏ တည်တံ့ဘို့ရာ အသက်ကို စွန့်၍ သာသနာပြုနေကြ၏၊ မိမိတို့ကား မိမိတို့ဘာသာကို အမှန်အမြတ်ဟု ယူထားကြပါလျက် တရားတော်အတိုင်း မင်းဖြစ်,ဓမ္မအဖြစ် ၂ မျိုးလုံး အဖြစ်ကင်းစွာ လုပ်ရမည့်နေရာဝယ် အဘယ့်ကြောင့် အသက်စွန့်၍ မလုပ်ဝံ့ဘဲ ရှိရမည်နည်း၊ ယခု လူတို့သည် မိမိတို့၏ သား မယားနှင့် စီးပွားကိုထိလျှင် အသက်စွန့်၍ ကာကွယ်ကြ၏၊ ထိုမျှဘဝများစွာ ချမ်းသာပေးနိုင်သော သာသနာတော်ကို အဘယ့်ကြောင့်အသက်စွန့်၍ မကာကွယ်ဝံ့ဘဲ ရှိအံ့နည်း၊ အောက်ပါကဗျာကို ကလေးတို့ သံပြိုင်ညီညီ ရွတ်ပါစေ။

၁။ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ။
လူနတ်များစွာ ချမ်းသာရေးကြောင့်၊ အသက်ပေး၍ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ ဘာသာအတွက်တော့၊ ငါပါအသက်ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးသို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

၂။ **ဉာဏ်စက္ခုရကြခြင်း။** ။ရဟန်းတို့.... ကိလေသာ ကုန်စင်၍ အစုံအလင် သိမြင်နိုင်သော "တထာဂတ" အမည်ရသော ပုဂ္ဂိုလ်တဆူ ဖြစ်တော်မူလာခြင်းကြောင့် (လောက၌) ကြီးစွာသောဉာဏ်စက္ခုသည် ဖြစ်ပေါ်လာ၏၊ ကြီးစွာသော ဉာဏ်ရောင်အလင်းသည် ဖြစ်ပေါ်လာ၏။ (ကေအင်္ဂုတ္တိုရ် ကေပုဂ္ဂလဝဂ်-၆-သုတ်။)

**တရားတော်၏အခိပ္ပါယ်။** ။ဘုရားရှင် ပွင့်တော်မူလာခြင်းကြောင့် များစွာသော လူနတ်တို့မှာ ပင်ကိုယ်မျက်စိဖြင့် မမြင်နိုင်သော, ပင်ကိုယ်စိတ်ဖြင့် မသိနိုင်သော အကြောင်းအရာတို့ကို သိရ၏၊ ထို့ကြောင့် ဘုရားရှင်သည် သတ္တဝါတို့၏ ဉာဏ်မျက်လုံးကြီး ဉာဏ်အရောင်အလင်းကြီး ဖြစ်တော်မူ၏၊ ထို့ကြောင့် သတ္တဝါတို့၏ ဉာဏ်မျက်လုံးလည်း အကြီးအကျယ် ပွင့်လင်းလာပေသည်၊ ထိုဉာဏ်မျက်လုံးဖြင့် သိမြင်ရသော အကြောင်းအရာသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု ၃-မျိုးရှိသည်။

**သတ္တလောက။** ။သက်ရှိသတ္တဝါများကို သတ္တလောကဟုခေါ်၏; ထိုသတ္တလောကကို သိသော ဉာဏ်မျက်လုံးကျယ်ပုံကား....မိမိတို့သည် ဘုရားရှင် ပွင့်တော်မမူမီက "သက်ရှိသတ္တဝါဟူသည် လူနှင့် ကုန်းနေ ရေနေ တိရစ္ဆာန်တွေသာရှိ၏" ဟု ထင်မှတ်နေကြ၏၊ ဘုရားပွင့်တော်မူလာခြင်းကြောင့် "ငရဲသတ္တဝါတွေ၊ ပြိတ္တာတွေ၊ နတ်ပြဟ္မာတွေ ရှိသေး၏" ဟု သတ္တလောကကြီးကို သိကြရသည်။

**ဩကာသလောက။** ။သတ္တဝါတို့၏ တည်နေရာ ကမ္ဘာလောကဓာတ်ကြီးကို ဩကာသလောကဟု ခေါ်၏၊ ထိုဩကာသလောကကို သိသော ဉာဏ်မျက်လုံး ကျယ်ပုံကား.... ဘုရားရှင် ပွင့်တော်မမူမီက "သက်ရှိသတ္တဝါတို့၏ နေရာ၊ သက်မဲ့သစ်ပင် တောတောင်တို့၏ တည်နေရာ၊ ကမ္ဘာလောကသည် မြေပုံတွင် မြင်ရသလောက်သာရှိ၏"ဟု ထင်မှတ်နေကြ၏၊ ဘုရားရှင်ပွင့်တော်မူလာခြင်းကြောင့် ဤကမ္ဘာ၏ မြေကြီးအတွင်း၌ရှင်း၊ အထက်ကောင်းကင်၌ရှင်း၊ သတ္တဝါတို့ တည်နေရာ ဩကာသလောက ရှိသေး၏၊ ဤကမ္ဘာလောကကဲ့သို့ မရေမတွက်နိုင်အောင် များမြောင်သော ကမ္ဘာလောကတွေလည်း သတ္တဝါတွေနှင့် တကွ တည်ရှိကြ၏"ဟု ဩကာသလောကကို ခန့်မှန်း၍ သိကြရပေသည်။

**သင်္ခါရလောက။** ။ရုပ် နာမ် သင်္ခါရကို သင်္ခါရလောကဟု ခေါ်၏၊ ထိုသင်္ခါရလောကကိုသိသော ဉာဏ်မျက်လုံးကျယ်ပုံကား.... ဘုရားရှင်

ပွင့်တော်မမူမီက "ငါဟုဍင်း၊ သူဟုဍင်း၊ သစ်ပင်ဟုဍင်း၊ တောတောင် မြေ ရေ လေ မီးဟုဍင်း အကောင်အထည်အဖြစ် အဘိုးအခဲအဖြစ် ဖြင့်သာ ထင်မှတ် နေကြ၏။ ဘုရားရှင် ပွင့်တော်မူလာ ခြင်းကြောင့် အကောင်အထည်မဟုတ်၊ အဘိုးအခဲမဟုတ်၊ သက်ရှိသတ္တဝါ၌ အကြောင်း အားလျော်စွာ ပေါင်းစပ်နေသော နာမ်နှင့် ရုပ်တွေသာ ဖြစ်သည်။ သက်မဲ့ ဖြစ်သော သစ်ပင် တော တောင် မြေ ရေ လေ မီးတို့၌ အကြောင်းအားလျော်စွာ ဆက်ကာဆက်ကာဖြစ်နေသော ရုပ်ကလာပ် အမှုန့်တွေသာ ဖြစ်သည်။ "အတ္တ(အသက်ကောင်)မရှိ၊ သူမရှိ ငါမရှိ" ဟု အစစ်အမှန်ဖြစ်သော သဘောရလောကကြီးကို သိကြရပေသည်။

**ပရလောက ရှိ-မရှိ။** ။ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီက သတ္တဝါတို့ သေပြီး သောအခါ နောက်ဘဝရှိသေး၏ဟုဍင်း၊ နောက်ဘဝ မရှိတော့ဟုဍင်း၊ ပိုင်ပိုင်နိုင်နိုင် မသိကြဘဲ ဝေဝေဝါဝါ ဖြစ်နေကြရ၏။ ဗုဒ္ဓမြတ်စွာ ပွင့် တော်မူလာခြင်းကြောင့် နောက် နောက် ဘဝတွေရှိနိုင်သေးကြောင်း၊ အဝိဇ္ဇာ တဏှာ ကုန်ခန်း၍ ရဟန္တာဖြစ်မှသာ နောက်ဘဝ မရှိတော့ ကြောင်းကို သိကြရပေသည်။

**မိဘကြောင့်လော- ကံကြောင့်လော။** ။"တိုဘဝဆိုသည်မှာလည်း မိဘ ၂-ဦးတို့၏ သွေးသားကြောင့် ဖြစ်လေသလော။ မိဘတို့သွေးသားက အထောက်အပံ့မျှသာဖြစ်၍ မိမိပြုခဲ့သော ကံကြောင့် ဖြစ်လေသလော" ဟု ယုံမှားသံသယ ဖြစ်နေကြရ၏။ ဘုရားရှင်ပွင့်တော်မူလာခြင်းကြောင့် သာ "မိဘတို့၏ သွေးသားသည် အထောက်အပံ့မျှသာဖြစ်၏။ မိမိပြုခဲ့ သော ကံကြောင့်သာ ဘဝအသစ်၌ ဖြစ်ကြရ၏" ဟု သိကြရပေသည်။

**လူသေတိုင်း လူမဖြစ်။** ။ဘုရားရှင် ပွင့်တော်မမူမီက "လူသေလျှင် လူပြန် ဖြစ်၏" ဟု ထင်မှတ်သူလည်း ရှိ၏။ ဘုရားရှင် ပွင့်တော်မူ လာခြင်း ကြောင့်သာ လူသေလျှင် ဖြစ်ဘို့ရာဘဝသည် "ငရဲဘဝ၊ ပြိတ္တာဘဝ၊ တိရစ္ဆာန်ဘဝ၊ လူဘဝ၊ နတ်ဗြဟ္မာဘဝ" အားဖြင့် ၅-ဌာနရှိ၏ဟုဍင်း၊ "မိမိပြုခဲ့သော ကံအလိုက် ထိုဘဝများ၌ ဖြစ်ကြရ၏" ဟုဍင်း သိကြရ ပေသည်။

**သိဘွယ်များစွာ။** ။ဤသို့ သည်ဖြင့် ဓမ္မရတနာအခဏ်း၌ ပြလတံ့သော အကြောင်းအရာတွေ့ပါ သိစရာတွေ့ များစွာရှိ၏၊ ထိုများစွာသော သိဘွယ်များကို ဘုရားရှင် ပွင့်တော်မူလာခြင်းကြောင့်သာ သိကြရပေသည်၊ ထို့ကြောင့် ဘုရားရှင်သည် သတ္တဝါတို့အား ဉာဏ်စက္ခုကို ပေးသော ဘုရား, ဉာဏ်ရောင်အလင်းကိုပေးသော ဘုရားဟု၎င်း၊ ထိုပေးသော ဉာဏ်စက္ခု, ဉာဏ်အရောင်ကို မိမိမှာ ရအောင်ကြိုးစား၍ ထိုဉာဏ်မြင်သည့်အတိုင်း ပြုကျင့်မှ ချမ်းသာသုခရမည့် အကြောင်းကို ၎င်း ကလေးတို့အား ဆရာက ပြောပြပါ။

**သန့်ရှင်းစေလိုခြင်း။** ။ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့အား ဉာဏ်စက္ခုကို ပေးတော်မူလိုသောကြောင့် ဉာဏ်၏အကူအညီဖြစ်သော သမာဓိရဘို့ရန် အခြေခံ သန့်ရှင်းမှု, တိတ်ဆိတ်မှုကိုလည်း လွန်စွာဖြစ်စေတော်မူလိုသည်၊ သန့်ရှင်းမှု တိတ်ဆိတ်မှုသည် စိတ်၏တည်ကြည်မှု(သမာဓိ) ကို ဖြစ်စေနိုင်၏၊ သမာဓိကား ဉာဏ်ပညာ၏အကူအညီဖြစ်၏။ ("သမာဟိတော- သမာဓိ ရှိသူသည်၊ ယထာဘူတံ- အမှန်အတိုင်း၊ ဇာနာတိ- သိ၏၊ ပဿတိ- မြင်၏" ဟု၎င်း၊ ဉာဏ်တိုးပွားကြောင်းကို ပြရာ၌ "ဝတ္ထု ဝိသဒကြိယာ၊ အဇ္ဈတ် ဗာဟိ နှစ်လီသောဝတ္ထုကို သန့်ရှင်းအောင် ပြုခြင်း"ဟု၎င်း ကျမ်းစာတို့၌ ဆိုထားသည်။)

**သန့်ရှင်းမှု ၂-မျိုး။** ။သန့်ရှင်းမှုသည် ခန္ဓာကိုယ်ဟူသော အဇ္ဈတ္တသန့်ရှင်းမှု, အဝတ်အစား အိပ်ရာနေရာ စသော ဗဟိဒ္ဓသန့်ရှင်းမှုဟု ၂-မျိုး ရှိ၏။

**အဇ္ဈတ္တသန့်ရှင်းမှု။** ။ရှည်သော ဆံပင်ကို ဖြတ်ခြင်း, ရှုပ်သော ဆံပင်ကို ရှင်းခြင်း, (လူဝတ်ကြောင်တို့၌) နံစော်နေသော ဆံပင်ကို ဦးခေါင်းလျှော်ခြင်း, လက်သည်း ခြေသည်း ရှည်နေလျှင် ဖြတ်လှီးခြင်း, ချွေးအညစ်အကြေး ရှိသောအခါ ရေချိုးခြင်း, ရေမချိုးနိုင်လျှင် အဝတ်ကို ရေဆွတ်၍ ညှစ်ပြီးလျှင် ကိုယ်ကို ပွတ်တိုက်ခြင်း, ဝမ်းချုပ်နေလျှင် ဝမ်းနှုတ်ဆေးစားခြင်း, သို့မဟုတ် ဝမ်းချုခြင်း, ခံတွင်းကို အိပ်ရာဝင်

အိပ်ရာထ၌၎င်း၊ အစား စားပြီးသော အခါ၌၎င်း၊ သန့်ရှင်းအောင် ပွတ်တိုက်ဆေးကြောပေးခြင်း၊ ဤသို့စသည်ဖြင့် ခန္ဓာကိုယ်၏ သန့်ရှင်းမှုကို အဇ္ဈတ္တ (အတွင်း) သန့်ရှင်းမှုဟု ခေါ်သည်။

**ဗဟိဒ္ဓသန့်ရှင်းမှု။** ။အဝတ် နံစော်နေလျှင် ဖွတ်လျှော်ခြင်း၊ ဟောင်းနေလျှင်လည်း မစုတ်သေးလျှင် ဖွတ်ခြင်း၊ ထပ်၍ဆိုးခြင်း၊ စုတ်လျှင်ချုပ်ခြင်း၊ ဖာခြင်း၊ အိပ်ရာနေရာ မသန့်ရှင်းလျှင် အမှိုက်လှဲမှုစသည်ပြု၍ သန့်ရှင်းစေခြင်း၊ အခန်းကို အမှိုက်လှဲလိုလျှင် အခန်းတွင်း၌ ရှိသော ခုတင်၊ ထိုင်ခုံ၊ စားပွဲ စသည်ကို ထုတ်ပြီးမှ လှဲရ၏၊ ထိုသို့ လှဲရာ၌ အပေါ်မျက်နှာကြက်မှစ၍ ပိုးမျှင်များကို လှဲချခြင်း၊ လေများစွာ လာသောဘက်ကို လေသာပြူတင်းများကိုပိတ်ခြင်း၊ လေလာနည်းလျှင် ဖွင့်ခြင်း၊ ကျောင်းဝင်း၊ ဘုရားဝင်း၊ အိမ်ဝင်းတို့ကို တံမြက်လှဲသော အခါ ဖုန်ထလျှင် ရေဖြန်း၍လှဲခြင်း၊ ဤသို့စသည်ကို ဗဟိဒ္ဓ(အပြင်) သန့်ရှင်းမှုဟုခေါ်၏၊ ထိုသန့်ရှင်းမှုကို ပြုဘို့ရန် ဘုရားရှင်သည် ဝိနည်း ပါဠိတော် ဝတ္တက္ခန္ဓက၌ ပညတ်တော်မူပါသည်။ ခေတ်အားလျော်စွာ စားအိုး၊ စားခွက်၊ ရေအိုး၊ ရေခွက်နှင့် အစားအသောက်များကို သန့်ရှင်းစေခြင်းသည်လည်း ဗဟိဒ္ဓသန့်ရှင်းမှုတွင် ပါဝင်ပါသည်။

**သန့်ရှင်းမှုဖြင့် ဘုရားကိုပူဇော်ပါ။** ။"ဘုရားကိုးကွယ်ပါ၏"ဟုဆို၍ ဗုဒ္ဓဘုရားရှင်ကို အလွန် အားကိုးသော မြန်မာလူမျိုး တို့သည်။ ဗုဒ္ဓအလိုတော်နှင့် လျော်အောင် ကျောင်း၊ ဘုရား၊ အိမ်တို့၏ အတွင်းအပြင် သန့်ရှင်းမှုကို ပြုခြင်းအားဖြင့် ဘုရားအဆုံးအမတော်ကို လိုက်နာကြပါ၊ မသန့်ရှင်းမှုကြောင့် မြန်မာလူမျိုး တွေသည် တိုင်းတပါး သားတို့၏ အထင်သေး အမြင်သေးကို ခံနေရပါသည်၊ သို့ပါလျက် သန့်ရှင်းရမည့်အစား ညစ်ပတ်ရှုပ်ထွေးလျက် ကိုယ်ခန္ဓာရော အဝတ်အစားတွေပါ နံစော်နေကြသူက များသောကြောင့် အသိဉာဏ် မတိုးပွားဘဲ အသိဉာဏ်နည်းပါးမှုကြောင့် အမျိုးသားအားလုံးပင် အထင်သေးစရာ ဖြစ်နေပါသည်၊ ယနေ့ကစ၍ ဆရာ- မိဘ များသည် ဘုရားစကားတော်ကို ပူဇော်သောအားဖြင့် အိမ်သူ အိမ်သားနှင့်တကွ အိမ်တွင်း

အိမ်ပြင်ပါ သန့်ရှင်းရေးကို အလေးပြုလျက် ကလေးများအားလည်း လက်တွေ့သင်ကြပါလေ။

**ဆိတ်ငြိမ်မှု။** ။သန့်ရှင်းမှုသာမက ဉာဏ်ပညာ၏ အထောက်အကူဖြစ်သော သမာဓိကို ရရှိဘို့ရန် ဆိတ်ငြိမ်မှုလည်း အရေးကြီးပြန်၏၊ ဗုဒ္ဓမြတ်စွာသည် ဆိတ်ငြိမ်မှုကို လွန်စွာလိုလားတော်မူ၏၊ အခါတပါး၌ဝယ် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့၏ နောက်မှ ပါလာသော ကျေးရွာသား ရဟန်းငါးရာသည် ကျောင်းတိုက် အတွင်း၌ဝယ် ဆူဆူညံညံ အသံကျယ်စွာ စကားပြောကြ၏၊ ထိုအသံကို ဘုရားရှင် ကြားတော်မူ၍ ထိုရဟန်းများကို ဆိတ်ငြိမ်ခြင်း၏သဘောကို နားလည်ဘို့ရန် ခေတ္တမျှ ကျောင်းတိုက်မှ ထွက်သွားစေတော်မူသည်။ (အနာဂတ်သာသနာရေး စာအုပ် သံဃာ့ရတနာခန်း၌ အကျယ်ပြထားပြီး။)

အခါတပါး၌လည်း နံနက်စောစော၌ဝယ် ဘုရားရှင်၏ ထံတော်သို့ ဆွမ်းခံဘွယ် အလှူလာသော ဒါယကာ တို့သည် တံခါး မဖွင့်သေး သောကြောင့် ကျောင်းတော် အပေါက်ဝယ် ဆူဆူညံညံ စကားပြောနေကြ၏။ ထိုအသံကို ဘုရားရှင် ကြားတော်မူ၍ "ငါသည် အခြံအရံ လာဘ်လာဘ (ယသ)နှင့် မပေါင်းဆုံလို၊ အခြံအရံလာဘ်လာဘ(ယသ)လည်း ငါဘုရားနှင့် မဆုံစေလို" ဟု မိန့်တော်မူပါသည်။ (အဋ္ဌကအင်္ဂုတ္တိုရ် သတိဝဂ် ယသသုတ်။)

အဇာတသတ်မင်းသည် ရှင်ဘုရင်ဖြစ်ပြီးမှ ဘုရားအထံတော်သို့ ပဌမအကြိမ် လာရာ၌ ဘုရားရှင်၏ ဝဲယာနောက်ဘက်က အလွန်ငြိမ်သက်စွာ ထိုင်နေကြသော ရဟန်းတော် ငါးရာကို မြင်ရ၍ အလွန် ကြည်ညိုရုံမက မိမိ၏ သားတော်ကိုပင် ထိုရဟန်းတော်များကဲ့သို့ ငြိမ်သက်စေလိုသော ဆန္ဒဖြစ်ခဲ့ရဘူးလေသည်။ (သာမညဖလသုတ်ပါဠိတော်။)

ဤအကြောင်းအရာများကို ပြောပြီးရာနေ့၌ အောက်ပါကဗျာကို အသံအနေအထား ကောင်းစွာဖြင့် ကလေးများကို ဆရာက အရွတ်ခိုင်းပါ။

၂။ ဗုဒ္ဓမြတ်စွာ ပွင့်လာမှုကြောင့်, ဉာဏ်စက္ခုလည်း ရကြသည်၊
ဉာဏ်စက္ခုတွေ သာ၍လင်းဘို့, သန့်ရှင်းတိတ်ဆိတ် ရှိသင့်သည်၊

**ကျောင်းဘုရားပွဲ။** ။ယခုအခါ၌ ရဟန်းတော်များ၏ကျောင်းဝိုင်းဘုရားဝိုင်း အတွင်း၌ ကျောင်းပွဲ ဘုရားပွဲ အလှူပွဲများ လုပ်နေကြသည်၊ ထိုပွဲများ၌ ကပြသီဆိုသူတို့သည် လွမ်းခန်း ဆွေးခန်း ပျော်ခန်း ပြက်ခန်းတို့ဖြင့် ကျောင်းဘုရားနှင့် မလျော်အောင် သီဆိုကပြကြ၏၊ ဘုရားဝင်း ကျောင်းဝင်းသည် တရားယူရာဌာနသာ ဖြစ်သင့်၏၊ ယခုသော်ကား တရားယူရာဌာန မဟုတ်ဘဲ ကိလေသာကာမ ထကြွရာဌာန ဖြစ်လေတော့၏၊ ထိုအချက်ကို အကွက်ကောင်းယူ၍ အခြားဘာသာဝင်တို့လည်း ဘုရားပွဲကြီးများတွင် ပါဝင်မွှေးတူးကြ၏၊ ဤသို့ မွှေးကြပျော်ကြ ဆူညံကြလျက် ဘုရားပွဲ ကျောင်းပွဲ ကျင်းပပြီးစီးသောအခါ ဘုရားဝင်း ကျောင်းဝင်းနှင့် အနီးအပါးဝယ် စားကြွင်းစားကျန် အမှိုက်သရိုက် အညစ်အကြေးတို့ဖြင့် ကျန်းမာရေး ထိခိုက်လောက်အောင် မသန့်မရှင်း ဖြစ်ရစ်လေတော့သည်။

**ရှင်ပြုပွဲ။** ။ဘုရားပွဲ ကျောင်းပွဲသာမက မိမိတို့အိမ်ဝယ် ရှင်ပြုပွဲပြုလုပ်ရာ၌လည်း အတီးအမှုတ်တို့ဖြင့် ဆူညံရုံမက အသံချဲ့စက်တပ်၍ ဟစ်အော်ကာ အလှူရှင်မှန်းသိအောင် ကြွေးကြော်ကြသေး၏၊ အလှူပြီးသောအခါ ငွေကုန်လူပမ်း နွမ်းနေရသည် ဖြစ်ပါလျက် မနေသာသောကြောင့် မသန့်မရှင်း ဖြစ်နေသောအိမ်နှင့် ပတ်ဝန်းကျင်ကို ရှင်းလင်း သုတ်သင်ရရှာလေသည်၊ ဤသို့ ရှုပ်ထွေးဆူညံမှုများဖြင့် ဘာသာရေးပွဲများ ပြုလုပ်ခြင်းသည် သန့်ရှင်း တိတ်ဆိတ်ခြင်းကို လိုလားတော်မူသော ဘုရားရှင်ကို ပူဇော်ရာ ရောက်နိုင်ပါမည်လော။

**အတွင်းလူက သာသနာဖျက်နိုင်။** ။(၁)ဗုဒ္ဓမြတ်စွာကို မလေးစားခြင်း, (၂) ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို မလေးစားခြင်း, (၃) ကောင်းစွာကျင့်သော သံဃာတော်ကို မလေးစားခြင်း, (၄) လူဝတ်ကြောင်တို့၏ ငါးပါးသီလ စသော လူ့သိက္ခာကိုရင်း ရဟန်းတော်များ၏ ရဟန်းသိက္ခာဖြစ်သော ဝိနည်းတော်ကိုရင်း မလေးစားခြင်း, (၅) သမာဓိရအောင် ဂရုမစိုက်ခြင်း ဤ၅-ပါးရှိနေသော ဘိက္ခု ဘိက္ခုနီဥပါသကာ

(ဒါယကာ) ဥပါသိကာမ (ဒါယိကာမ) သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမဖြစ်သော သဒ္ဓမ္မကို (သာသနာတော်ကို) ကွယ်စေနိုင်လေသည်။ (နိဒါနဝဂ္ဂ ကဿပသံယုတ်။)

**ကွယ်စေပုံ။** ။ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ အမည်ခံနေသူတို့သည် ဗုဒ္ဓသာသနာတော်ကို အသက်ပေး၍ စောင့်ရှောက်ရမည့် အတွင်းလူများ ဖြစ်ကြပါလျက် ထိုသူတို့ပင် ဘုရားဝိုင်း ကျောင်းဝိုင်း အတွင်း၌ ပွက်ပွက်ထအောင် ဆူညံလျက် ပွဲသဘင်တို့ဖြင့် ဘုရားပွဲ ကျောင်းပွဲ လုပ်ကြ၏၊ ထိုသို့လုပ်ခြင်းသည် ဗုဒ္ဓမြတ်စွာကိုရင်း, ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကိုရင်း မလေးစားရာ ဂရုမစိုက်ရာရောက်၏၊ မိမိတို့ဆိုင်ရာ ငါးပါးသီလကို မထိန်းခြင်း, ဝိနည်းတော်ကို မစောင့်ထိန်းခြင်းသည် သိက္ခာ (အကျင့်) ကို ဂရုမစိုက်ရာရောက်၏၊ သမာဓိရဘို့ရန် မကြိုးစားရာလည်း ရောက်၏၊ ထို့ကြောင့် ထိုသူတို့သည် ဤသာသနာတော်ကို ဖျက်လိုသောစေတနာ မရှိပါသော်လည်း အလုပ်အားဖြင့်ကား ဖျက်ရာရောက်သောကြောင့် သာသနာတော်သည် ဤအတိုင်းထားလျှင် ကွယ်ရတော့မည်သာ၊ ဥပမာ- သားသမီးတို့သည် မိဘ၏ အမွေအနှစ်ကို ဖျက်လိုသောဆန္ဒ မရှိကြသော်လည်း စီးပွားကို မစောင့်ရှောက်ဘဲ သုံးဖြုန်းနေကြလျှင် မိဘအမွေကို ဖျက်ဆီးရာရောက်၍ မကြာခင် အမွေအနှစ်တွေ ကုန်ဆုံးပျက်စီးရသကဲ့သို့တည်း။

**နိုင်ငံခြားသား ယုံမှားဘွယ်။** ။နိုင်ငံခြား၌ ဗုဒ္ဓတရားတော်ကို ဖတ်၍ ဗုဒ္ဓဘာသာကို ယုံကြည်သူတို့သည် မြန်မာနိုင်ငံသို့ ရောက်လာသောအခါ မြန်မာလူမျိုးတို့၏ ဘာသာရေး အလုပ်များ၌ တရားတော်နှင့် မညီကြောင်းကို တွေ့ရလျှင် ဗုဒ္ဓတရားတော်သည် လက်တွေ့ပြုကျင့်လို့ မဖြစ်သော တရားလေလားဟု ယုံမှားသံသယ ဖြစ်ပေလိမ့်မည်၊ တဖန် ကောင်းစွာ မကျင့်သူတို့၏ သီလသိက္ခာ မလုံခြုံပုံကို တွေ့ရသောအခါ ငါ့ပြိတ္တာ နတ် ဗြဟ္မာဆိုတာ ဗုဒ္ဓဘာသာဝင်တို့ ကိုယ်တိုင်ပင် မယုံသောကြောင့် ထိုငရဲစသည်သို့ ရောက်ကြောင်း အပြစ်များကို ပြုနေကြ

လေသလားဟု ယုံမှားသံသယ ဖြစ်ပေလိမ့်မည်၊ ထိုသို့ယုံမှားသံသယ ဖြစ်မှုမှစ၍ လူကိုယ်တိုင်လည်း ဗုဒ္ဓဘာသာကို ယုံကြည်မှုပေါ့သွားပေလိမ့်မည်။

**နှိုင်းယှဉ်ပေမည်။** ။ယခုအခါ များစွာသော လူငယ်တို့သည် ဘာသာခြား ဆရာတို့ထံမှ ခေတ်ပညာကို သင်ယူခဲ့ကြ၍ ဗုဒ္ဓတရားကို ရဟန်းတော်များအထံမှ မသင်ယူကြရဘဲ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဖြစ်နေကြသူတွေ အတော်များနေပြီ၊ ထိုသူတို့သည် ဘာသာခြားတို့က သူတို့၏ ဘုရားကို ဆိတ်ငြိမ်သန့်ရှင်းစွာ ပြုပြင်ထား၍ လေးစားကြပုံနှင့် ဗုဒ္ဓဘာသာဝင်တို့က ဘုရားကျောင်းအတွင်း၌ မလေးမစား မသန့်မရှင်း မငြိမ်မသက်နှင့် ဘုရားပွဲ ကျောင်းပွဲ လုပ်ပုံကိုရင်း, ဘာသာခြားတို့က ကလေးများအား မုန့်ပေး၍ တရားဟောပုံနှင့် ဗုဒ္ဓဘာသာဝင်တို့က မုန့်ငှက်ပျော အုန်းစသော လာဘ်ကိုယူ၍ တရားဟောပုံကိုရင်း, ဘာသာခြား ဆရာ ဆရာမကြီးတို့က လက်မှု နှုတ်မှု ခေတ်ပညာစုကို သင်ပေး၍ ဆေးဝါးကုသပုံနှင့် ဗုဒ္ဓဘာသာ ဆရာသမားတို့က သင်ပေးကောင်းသော ပညာကိုမျှ သင်မပေးနိုင်ကြပုံကိုရင်း နှိုင်းယှဉ်ကြည့်ကြပေလိမ့်မည်။

**သဘောထားအမျိုးမျိုး။** ။ထိုသို့ နှိုင်းယှဉ်၍ ကြည့်မိသောအခါ ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားအလိုတော်ကျ မဟုတ်သော အလုပ်များကြောင့် ဗုဒ္ဓဘာသာကို အထင်သေးကာ ဘာသာရေးအတွက် ပေါ့ပေါ့ဆဆ သဘောထားသူလည်း ရှိလာပေလိမ့်မည်၊ တချို့ကမူ "ဗုဒ္ဓဘာသာကို လောက၌ အကျိုးမများသော ဘာသာ"ဟု ယူဆ၍ ပယ်ဖျက်လိုသော ဆန္ဒပင် ဖြစ်ပေလိမ့်မည်။ ဤသို့ဖြစ်ရခြင်းသည် အတွင်းကျသူတို့၏ ဘုရားအလိုတော် မဟုတ်သော အလုပ်များကိုလုပ်၍ အလိုတော်ကျဖြစ်သော သန့်ရှင်းမှု တိတ်ဆိတ်မှု ပညာသင်ပေးမှုစသော အလုပ်များကို မလုပ်ကြခြင်းကြောင့်သာ ဖြစ်စရာရှိပါသည်။

လူ ၃ မျိုး၊ ။မြန်မာနိုင်ငံ၌ ယခုအခါ ဗုဒ္ဓဘာသာနှင့်စပ်၍ လူအမျိုးအစား ၃မျိုး ခွဲခြားသင့်၏၊ (၁) ဗုဒ္ဓသာသနာတော်ကို ဘုရားရှင်အလိုတော်ကျ ပြုပြင်လိုသူ၊ (၂) ဗုဒ္ဓသာသနာတော်ကို ဖြစ်သလို ထားလိုသူ၊ (၃) ဗုဒ္ဓသာသနာတော်ကို ကွယ်ပစေလိုသူ ဤသို့ ၃-မျိုးရှိ၏။ ထိုတွင်....

ကွယ်စေလိုသူ (၃) အမျိုးအစားသည် ဗုဒ္ဓဘာသာ သာသနာတော် ရှိနေသည့်အတွက် သူတို့၏အလုပ်ကို အနှောင့်အယှက် ဖြစ်နေသည်ဟု ယူဆသူများတည်း၊ ထိုသူများသည် လူနည်းစုပင် ဖြစ်သော်လည်း သူတို့၏အလုပ်ကို ကြိုးစား၍လုပ်ကြ၏၊ အမှတ်တမဲ့နေသူများမဟုတ်ကြ၊ ဖြစ်သလိုထားလိုသူ (၂) အမျိုးအစားမှာ မည်သည့်ကိစ္စ၌မျှ လေးလေးနက်နက် မစဉ်းစားတတ်သူနှင့် ဗုဒ္ဓဘာသာကို မယုံကြည်သော်လည်း လူများစုကို ဆန့်ကျင်ဘက် မပြုလိုသူများ ဖြစ်ကြ၏၊ ထိုအမျိုးအစားကား နိုင်ငံ၌ များပြား၏၊ သို့သော် ဗုဒ္ဓသာသနာတော်ကို ဘုရားအလိုတော်ကျ ပြုပြင်ရာ၌ကား လေးလေးနက်နက် မစဉ်းစားမိသော ဗုဒ္ဓဘာသာဝင်များလည်း အားတက်သရော ပါဝင်လာကြပေလိမ့်မည်။

ပြုပြင်လိုသူ (၁) အမျိုးအစားသည် အောက်ပါအတိုင်း သဘောပေါက်၏၊ (က) ဗုဒ္ဓသာသနာတော်သည် ဖြစ်ပေါ်ဘို့ ခဲယဉ်း၏၊ (ခ) ဤသာသနာခေတ်၌ ကောင်းမှုပါရမီအမျိုးမျိုး ရနိုင်၏၊ (ဂ) ဤသာသနာတော်ကို ဘုရားရှင်အလိုတော်ကျ ပြုပြင်နိုင်လျှင် နိုင်ငံ၌ အကုန်အကျများဘွယ်မရှိ၊ (ဃ) ကျေးရွာတို့ကို အစိုးရက ပြုပြင်ရာဝယ် ဘုန်းတော်ကြီးများက နည်းကောင်းလမ်းမှန် ညွှန်ပြ၍ စာရိတ္တကို ထိန်းထားနိုင်ခြင်း, ကလေးတို့အား ပညာသင်ပေးခြင်းအားဖြင့် အထောက်အကူ ဖြစ်နိုင်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ တည်တံ့နေခြင်းအားဖြင့် နိုင်ငံမှာ အကျိုးမယုတ်နိုင်၊ အကျိုးရှိဘို့သာ များ၏၊ ဤသို့ သဘောပေါက်နေကြသည်၊ သို့သော် အလုပ်ကိုကား ထိထိရောက်ရောက် လုပ်သူ နည်းလှသေး၏။

**အားစိုက်။** ။ဤသို့ ၃-မျိုး ၃-စားခွဲခြားလျှင် ပြုပြင်လိုသူတို့မှာ အားငယ်စရာဟု ထင်မှတ်ဘွယ်ရှိသော်လည်း အလုပ်လုပ်ကြ ပြုပြင်ကြလျှင် အားငယ်စရာ မရှိသည့်ပြင် အားတက်စရာတွေကိုသာ မြင်နိုင်ပါသည်။ အကြောင်းကား....

(က) ဤမြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ အခြေစိုက်နေသော နိုင်ငံဖြစ်ရကား မြေသည်ပင် ဗုဒ္ဓဝါဒတော်များ၏ တည်နေရာ မြေဖြစ်နေခြင်း၊

(ခ) အုပ်ချုပ်သော အပိုင်း၊ အုပ်ချုပ်ခံ အပိုင်းတို့၌ ဗုဒ္ဓဘာသာဝင်တွေ တရာလျှင် ရှစ်ဆယ်ထက်မနည်း ပါရှိနေခြင်း၊

(ဂ) အုပ်ချုပ်သောအပိုင်းတွင် ပါဝင်နေသော ဗုဒ္ဓဘာသာဝင် အများစုက ဘုရားအလိုတော်ကျ ပြုပြင်မှုကို များစွာလိုလားခြင်း၊

(ဃ) မပြုပြင်လျှင် လူမျိုး၏ စာရိတ္တနှင့် ကျေးရွာတို့၌ ကလေးများ၏ ပညာရေးအတွက် အခက်အခဲရှိ၍ ပြုပြင်နိုင်လျှင် ထိုအခက်အခဲများကို လွန်မြောက်နိုင်ခြင်း၊

(င) ဤအကြောင်းအရာကို ဗုဒ္ဓဘာသာဝင် အများ နားလည်အောင် ပြောပြ၍ နားလည်သောအခါ လူရှင်အားလုံး စုရုံးလိုက်ပါမည် ဖြစ်ခြင်း၊

ဤအကြောင်းများကြောင့် ယခုအချိန်မှာ အလုပ် လုပ်သူ နည်းပါးသေးသော်လည်း အတော်ကြာလျှင် အလုပ် လုပ်မည့် ရဟန်းရှင် လူတွေ များလာမည် ဖြစ်ရကား ပြုပြင်လိုသူဘက်က အားမလျော့ဘဲ အားတက်သရော ကြိုးစားဘို့ရာ အချိန်အခါ ဖြစ်ပါသည်။

**အမှာ။** ။ဤမျှအထိ အကြောင်းအရာကို ကလေးများ စိတ်ဝင်စားမည် မဟုတ်သော်လည်း ဆရာများကို စိတ်ဝင်စား စေလို သောကြောင့် အကျယ်ညွှန်ပြရပါသည်၊ ကလေး များကိုကား အတွင်းကျသူတို့က

သာသနာကိုဖျက်နိုင်ကြောင်းအထိသာပြော၍ သာသနာဖျက်သူတို့တွင် မိမိတို့ မပါဝင်အောင် ဘုရားဝင်း ကျောင်းဝင်း အတွင်း၌ အမှိုက် မရှုပ်ပါစေနှင့်၊ နှပ် တံတွေးစသော အညစ်အကြေးကို မဖြစ်ပါစေနှင့်၊ မိမိတို့ အိမ်၌လည်း သန့်သန့်ရှင်းရှင်း နေကြပါဟု ဩဝါဒပေးပါ၊ ပြောပြ၍ ပြီးသောနေ့၌ ၂-နံပါတ်ကဗျာကို အစအဆုံး ( ၄ ပိုဒ်လုံး ) ပေါင်း၍ အသံအနေအထား ကောင်းစွာဖြင့် ရွတ်ဆိုကြပါစေ။

၂။ ဗုဒ္ဓမြတ်စွာ ပွင့်လာမှုကြောင့်၊ ဉာဏ်စက္ခုလည်း ရကြသည်။
ဉာဏ်စက္ခုတွေ သာ၍လင်းအောင်၊ သန့်ရှင်းတိတ်ဆိတ် ရှိသင့်သည်။
ပွက်လောဆူညံ လူသံပွဲတို့၊ ကျောင်းဘုရားထဲ လုပ်ကြသည်။
ဗုဒ္ဓအယူ အတွင်းလူဖျက်လို့၊ ဘာသာပျက်၍ ခက်လိမ့်မည်။

## ဗုဒ္ဓဘွဲ့တော် ရထိုက်သော ပုဂ္ဂိုလ်

**ကျက်မှတ်ရန် လင်္ကာ။** ။လက္ခဏာတော် ကြီးငယ်, အာသွယ်သွယ်ဖြင့်, သပ္ပါယ်လှစွာ, ကိုယ်အင်္ဂါဝယ်, ပါရမီတော် အဟုန်, ကိုယ်လုံးခြုံ၍, မှွမ်းထုံသင်းကြူ.... သယမ္ဘူဟု, ဉာဏ်တူကင်းလတ်, အရဟတ်ဖြင့်, သတ်ဖြတ်ခပ်င်း, ကိလေရှင်းသား.... ဉာဏ်ရင်းမဟာ, ကရုဏာနှင့်, သမ္မာသမ္ဗောဓိ, အစရှိလတ်, ဉာဏ်တော်မြတ်၏, ကိန်းဝပ် စံပျော်, ခန္ဓာပေါ်ဝယ်, ဘွဲ့တော်ဗုဒ္ဓ, တင်ပါရသည်,.... လောကထွတ်ထား မြတ်ဘုရား။

**မမှန်သော ဘွဲ့နာမည်။** ။"ဗုဒ္ဓ" ဟူသော ပါဠိသည် သိစရာ အားလုံးကို အကုန်သိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါ်၌သာ တင်ထားရသော ဘွဲ့တော် နာမည်တော်ဖြစ်၏၊ ထိုဘွဲ့တော် နာမည်တော်ကို နောက်လိုက်နောက်ပါ တပည့် ပရိသတ်များသော ဆရာတိုင်း၌ မတင်နိုင်၊ မိမိတို့၏တပည့်များက မိမိတို့ဆရာကြီးကို အမွန်းတင်ကာ ဗုဒ္ဓ-ဗုဒ္ဓဟု ခေါ်နေကြ, ဆရာကြီးတို့ ကိုယ်တိုင်ကလည်း ဗုဒ္ဓ-ဗုဒ္ဓဟု ဝန်ခံနေကြစေကာမူ ဗုဒ္ဓအစစ် မဖြစ်နိုင်ပါ။

**မှန်သော ဘဝနာမည်။** ။ဗုဒ္ဓအမည်တော်ကို အမှန်အတိုင်း ရထိုက်သော ပုဂ္ဂိုလ်သည် လက်ဘဝ၌ပါသော ဂုဏ်တော်အားလုံးနှင့် ပြည့်စုံရပါသည်၊ ဘုန်းကြီးနှင့်တကွ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးစားအားထားအပ်သော ဘုရားရှင်သည် ထိုဂုဏ်တော်များနှင့် ပြည့်စုံ-မပြည့်စုံကို လေးလေးနက်နက် အာရုံပြု၍ ကြည့်တတ်ဘို့ရန် ဘုန်းကြီးရေးပြအပ်သော စကားအစဉ်ကို ကြည့်ရုံဖတ်ရုံမျှမကဘဲ စိတ်ထဲ၌စွဲနေအောင် သတိစိုက်လိုက်ပါ၊ မိမိစိတ်၌ ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်း (ဖြစ်မှန်းမသိ) ဖြစ်နေပါလိမ့်မည်။

**သီလကို အခြေခံပါ။** ။ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း ဖြစ်သည့်တိုင်အောင် ဤစာကိုကြည့်ရင်း ကြိုးစားလိုသော သူတော်စင်သည် လူဝတ်ကြောင်ဖြစ်လျှင် အနည်းဆုံး အသက်မွေးမှုနှင့် ဆိုင်သော အာဇီဝဋ္ဌမကသီလကို စင်ကြယ်ပါစေ၊ သီလရှင် ရဟန်းသာမဏေ ဖြစ်လျှင်လည်း အသက်မွေးမှု စင်ကြယ်ဘို့နှင့်တကွ မိမိသီလကို စင်ကြယ်ကြပါစေ။

**သီလအကျိုး။** ။သီလ စင်ကြယ်လျှင် စိတ်နှလုံး ကြည်ရွှင်၏၊ စိတ်ကြည်ရွှင်လျှင် ဝမ်းမြောက်နှစ်သက်မှု နုသောပီတိဖြစ်၏၊ နုသောပီတိဖြစ်လျှင် သာ၍ နှစ်သက်မှုဟူသော ရင့်သောပီတိဖြစ်၏၊ ပီတိဖြစ်လောက်အောင် ဝမ်းမြောက်သောအခါ ကိုယ်စိတ် ၂ပါး ငြိမ်းအေးလာ၏၊ ချမ်းသာသုခ ဖြစ်လာ၏၊ ချမ်းသာသုခ ဖြစ်သောအခါ၌ တောင်တောင် ဤဤ မကြံစည်တော့ဘဲ စိတ် တည်ကြည်မှု သမာဓိဖြစ်၏၊ ထိုသို့ စိတ်တည်နေမှသာ ဗုဒ္ဓမြတ်စွာကို ဉာဏ်ဖြင့် ထင်ထင်မြင်နိုင်ပါသည်။

**သာမညအကျိုးမဟုတ်။** ။ထို့ကြောင့် ငါးပါးသီလ စသော မိမိသီလစင်ကြယ်မှုကြောင့် ရနိုင်သောအကျိုးကို "သာမည အကျိုးကလေး" ဟု မယူဆပါနှင့်၊ ဤဘဝ၌ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်မှုမှစ၍ နောက်ဘဝအတွက် အပါယ်လေးပါးမှ လွတ်မြောက်၍ ကောင်းရာ

သုဂတိသို့ ရောက်စေနိုင်လောက်သော အကျိုးကိုပင် ရစေနိုင်၏၊ ကမ္မဋ္ဌာန်းအားထုတ်သူဖြစ်လျှင် ဤဘဝ၌ပင် တရားပေါက်နိုင်သော အကျိုးထူးကို ရစေနိုင်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓါနုဿတိ ဘာဝနာ အထိ အကျိုးရှိအောင် ဤစာကို ကြည့်ရှုလို (သူတပါး ဖတ်သည်ကို) နားထောင်လိုသော သူတော်စင်သည် မိမိထိန်းနေကျ သီလကို စင်ကြယ်အောင် ကြိုးစားပါ၊ ထိုအခါ စာဖတ်ရင်း စာနာရင်း ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို အာရုံပြုနေရသည်မှာ လွန်စွာအရသာရှိပါလိမ့်မည်။

**အရသာပေါ်အောင် ကြည့်ရှုပါ။** ။ဤနေရာမှစ၍ ဗုဒ္ဓမြတ်စွာ၏ ပုံတော် ဂုဏ်တော်များကို ဖူးမြော်ရ ကြည်ညိုရပါတော့မည်၊ ကိစ္စ တစုံတခုရှိနေသော်ငြား, အိပ်ချင်နေသော်ငြား, မျက်လုံး ညောင်းနေသော်ငြား, ပျင်းနေသော်ငြား, ဤစာကို မကြည့်ရှုသေးဘဲ ထိုကိစ္စ ပြီးမှ, သို့မဟုတ် အိပ်ချင်ပြေ, အညောင်းပြေ, အပျင်းပြေမှ ဤစာကို ကြည့်ရှုပါ၊ ပေါ့ပေါ့ဆဆ ကြည့်ရှု ကြားနာလျှင် အရသာပေါ်မည် မဟုတ်ပါ။

## လက္ခဏာ၏ အဓိပ္ပါယ်

**လက္ခဏာတော် ကြီးငယ်။** ။''လက္ခဏာ'' ဟူသော ပါဠိစကားသည် မြန်မာလို ''အမှတ်အသား'' ဟု အနက်အဓိပ္ပါယ်ပြ၏၊ ထို အမှတ် အသားသည် ရှေးရှေးဘဝက ပြုအပ်ခဲ့သောကံနှင့်ဆိုင်၏၊ မျက်လုံး မျက်ခုံး လက် ခြေစသော ကိုယ်အင်္ဂါ အစိတ်အပိုင်းနှင့် ကိုယ်လုံး ကိုယ်ပေါက်တို့ဝယ် ရှေးကံ အားလျော်စွာ ကောင်းမကောင်းသော အမှတ်လက္ခဏာများ ပါရှိကြ၏၊ ထိုလက္ခဏာကိုကြည့်၍ ဗေဒင်ပညာရှိ တို့သည် ယောကျ်ားကောင်း ယောကျ်ားမြတ်, မိန်းမကောင်း မိန်းမမြတ်ဟု အတပ်သိနိုင်ကြသည်၊ [ထိုလက္ခဏာများကို ရတနာ့ ဂုဏ်ရည် နောက်ဆက်တွဲ (နောက်ရိုက်စာအုပ်ငယ်)၌ပြထားခဲ့ပါပြီ။] အချုပ်မှတ်ဘွယ်ကား— ဗုဒ္ဓမြတ်စွာ၌ လက္ခဏာတော်ကြီး ၃၂ပါး, လက္ခဏာတော်ငယ် ရှစ်ဆယ်ရှိ၏၊ ထိုတွင်....

**အရပ်အမောင်း။** ။ဗုဒ္ဓမြတ်စွာသည် မြင့်သော အရပ်တော်နှင့် လိုက်လျောသော ကိုယ်လုံးတော်, ထိုကိုယ်လုံးတော်မှ ပေါ်ထွက်သော ကြောင့် "ကိုယ်ပေါက်" ဟု ခေါ်ဝေါ်ရသော လက်မောင်းတော်, ခြေတော်, လက်ချောင်းတော်, ခြေချောင်းတော်တို့ဖြင့် အင်္ဂါတိုင်းမှာ လှန်စွာ တင့်တယ်သပ္ပါယ်တော်မူ၏၊ အသားအရေတော်ကား ရွှေအဆင်းကဲ့သို့ ဝါဝင်းနေ၏။

**မျက်နှာတော်။** ။မျက်နှာတော်သည် ဖူးမြော်၍ မဝနိုင်အောင် လှပတင့်တယ် သပ္ပါယ်တော်မူ၏၊ မျက်နှာတော်ဝယ် မျက်လုံးတော်အစုံသည် ညိုသင့်ရာအရပ်၌ ညို၍ ဖြူသင့်ရာအရပ်၌ ဖြူနေ၏။ ထိုမျက်လုံးတော်သည် ကြီးကြီးမားမား အလျားရှည်၍ ခပ်ကော့ကော့ စီရရီ ပေါက်နေသော မျက်မွေးများဖြင့် ထူးခြားစွာ တင့်တယ်တော်မူ၏၊ မျက်ခုံးတော်သည် မျက်လုံးတော်နှင့် လိုက်လျောအောင် ကြီးကြီးမားမား ရှည်လျား၍ မျက်ခုံး၏ အမွေးတော်များလည်း မကြမ်းတမ်းဘဲ သိမ်မွေ့လျက် ၃-ရက်လ အရေးကဲ့သို့ ညွတ်ကွေးတော်မူ၏၊ နှာတံတော်သည် များစွာသော မြန်မာလူမျိုးများ၏ နှာတံကဲ့သို့ ပိပိပြားပြား မဟုတ်ဘဲ ခပ်မြင့်မြင့် တင့်တယ်တော်မူ၏။

**နဖူးတော်။** ။လက်ျာဘက် နားတော်၏ အစွန်မှစ၍ အထက်သို့ တက်သွားသော အသားပြင်သည် အထက်တက်ပြီးလျှင် နဖူးတော်အပြင်ကို ပြည့်စေလျက် လက်ဝဲနား၏ အစွန်တိုင်အောင် တည်တော်မူ၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ နဖူးတော်သည် သင်းကျစ်ပြားဖြင့် ရစ်ပတ်ထားသကဲ့သို့ အလွန်တင့်တယ်တော်မူ၏၊ ထိုနဖူးတော်ကို အတုလိုက်၍ ယခုအခါ အချို့ ဆင်းတုတော်၏ နဖူးတော်၌ရင်း, ရှင်ဘုရင်တို့၏ နဖူး၌ရင်း သင်းကျစ်ပြားကို ဖွဲ့ကပ်ထားကြလေသည်။

**ဥဏ္ဏာလုံ (မွေးရှင်တော်)။** ။မျက်ခုံးတော် ၂-သွယ်၏ အလယ်ဗဟိုဝယ် နှာတံတော်၏ အဆုံး အထက်၌ ပေါ်ပေါက်၍ အထက်သို့တက်ပြီးလျှင် နဖူးတော်၏ အလယ်မှာ လဲ့ဝါဂွမ်းအစုကဲ့သို့ အလွန်ဖြူဖွေးစွာ တည်

နေ၏၊ ထိုအမွေးတော်သည် ဆွဲ၍ဆန့်လိုက်သောအခါ လက်မောင်း တဝက်မျှရှည်လျား၍ လက်မှ လွှတ်လိုက်သောအခါ လကျ်ာရစ်လည်၍ စုသွားပြီးလျှင် အထက်သို့ အဖျားလှည့်လျက် တည်နေတော်မူသော ကြောင့် အသက်ရှင်နေသကဲ့သို့ ထင်ရကား "ဥဏ္ဏာလုံမွေးရှင်တော်"ဟု ခေါ်ဝေါ်ကြရသည်၊ ရွှေအဆင်းရှိသော နဖူးတော်အပြင်၌တည်သော ထိုမွေးရှင်တော်သည် ကောင်းကင်၌ အရုဏ်ရောင် လာခိုက်ဝယ် သောကြာကြယ်ကဲ့သို့ အလွန် တင့်တယ်တော်မူသည်။

**နှုတ်ခမ်းတော် စသည်။** ။ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေ တော်ဖြင့် တင့်တယ်နေသော မျက်နှာတော်ဝယ် နီမြန်းသော နှုတ် ခမ်းတော်, နီမြန်းသော သွားဖုံးတော်, ဖြူစင်သော သွားတော် စွယ်တော်, ပြည့်သော အထက်မေး အောက်မေးတော်တို့သည် မျက်နှာ တော်ကို ဖူးမြော်ချင်ဘွယ် သာ၍တင့်တယ်အောင် တန်ဆာဆင်သကဲ့သို့ ဖြစ်ကြသည်၊ ဤနည်းအားဖြင့် ဦးခေါင်းတော် မျက်နှာတော်မှစ၍ ခြေဖဝါးတော်တိုင်အောင် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်တော်မူသော ဘုရားရှင်ကို တွေ့မြင်ရသောအခါ ရုပ်လက္ခဏာ၌ ကျွမ်းကျင်သော ဝေဒပါရဂူတို့သည် ဘုရားအလောင်းတော်ကို လူ့ဘောင်၌နေလျှင် စကြာမင်း, တောထွက်တော်မူလျှင် ဗုဒ္ဓစင်စစ် ဧကန်ဖြစ်မည်ဟု အတပ်ဟောကြပါသည်။ [ဤနေရာ၌ "ပစ္ဆိမံ ဖလဒါနေန" စသော ရတနာ့ဂုဏ်ရည် ဂါထာကို ရပြီးသူတို့က ရွတ်ဆို၍ အာရုံပြုကြပါလေ။]

**ပါရမီတော်အဟုန်, ကိုယ်လုံးခြုံ၍။** ။ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော် စသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၌ လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလက ဖြည့်ကျင့်တော်မူအပ်ခဲ့သော ဒါန သီလစသော ပါရမီတော် တို့သည် တကိုယ်လုံးခြုံထားသကဲ့သို့ဖြစ်၏၊ ပါရမီတော် အမွှေးအကြိုင် တို့ဖြင့် တကိုယ်လုံးကို မွှမ်းထုံ၍ထားသကဲ့သို့ဖြစ်၏။

**အမျက်မထွက်, အဝတ်ကောင်းလူ။** ။ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော် မူစဉ်အခါဝယ် သတ္တဝါတို့အပေါ်၌ အမျက်ဒေါသ မထွက်ရအောင်

မေတ္တာဖြင့် စောင့်စည်းတော်မူခဲ့၏၊ သိမ်မွေ့ နူးညံ့သော အဝတ်တို့ကို လည်း ပေးလှူခဲ့၏၊ ထို့ကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်း တော်ကို ရတော်မူ၏၊ ဤသို့ အမျက်ဒေါသ မထွက်ရအောင် ချုပ်တည်း ခဲ့သော ကောင်းမှု၊ နူးညံ့သောအဝတ်ကို ပေးလှူခဲ့သော ကောင်းမှုတော် အဟုန်သည် ဝါဝင်းသော အဆင်းတော်ဖြင့် တကိုယ်လုံး လွှမ်းခြုံ၍ မှမ်းထုံထားသကဲ့သို့ ဖြစ်ပေသည်။

**ဂုဏ်နှင့် လိုက်အောင် ချီးမြှောက်။** ။ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော် မူစဉ် အခါ၌ ချီးမြှောက်ထိုက်သူကို ချီးမြှောက်သောအခါ သူ၏ ဂုဏ်နှင့်လိုက်အောင် ချီးမြှောက်လေ့ရှိ၏၊ ပို၍လည်း မချီးမြှောက်၊ လျော့၍လည်း မချီးမြှောက်၊ ထိုသို့ ချီးမြှောက်ခြင်းအားဖြင့် အကဲ့ရဲ့ မခံရဘဲ လူအများကို နှစ်သိမ့်စေခဲ့၏၊ ထို့ကြောင့် ဗုဒ္ဓဖြစ်မည့်ဘဝ၌ အရပ်တော် အမြင့်နှင့် ကိုယ်လုံးကိုယ်ပေါက်တို့ လိုက်လျောသော ကိုယ်တော်ကို ရတော်မူ၏၊ ဤသို့ ရှေးရှေးဘဝ၌ သူ၏ဂုဏ်နှင့် လိုက်လျောအောင် ချီးမြှောက်ခဲ့သော ကောင်းမှုပါရမီတို့က အရပ် အမောင်း ကိုယ်လုံးကိုယ်ပေါက်တို့ကို လိုက်လျောအောင် လွှမ်းခြုံ၍ မှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

**ပိယစက္ခုဖြင့် ကြည့်ရှုခဲ့။** ။ဗုဒ္ဓမြတ်စွာသည် ဘဝများစွာ ရှေးရှေး အခါတို့၌ သူတပါး၏ ကောင်းကျိုးကိုသာ လိုလားသဖြင့် ချစ်ကြည် သော ပိယစက္ခုဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏၊ ထို့ကြောင့် ဘုရားဖြစ် မည့်ဘဝ၌ အများ၏ချစ်ခင်ရာ ကြည်ညိုစရာကောင်းသော မျက်လုံး၊ မျက်ခုံး၊ ကော့နေသော မျက်တောင်မွေးတော်တို့ကို ရတော်မူ၏၊ ဤသို့ မေတ္တာရှေးရှု၍ ချစ်ကြည်သောစက္ခုဖြင့် ကြည့်ခဲ့သော ကောင်းမှု ပါရမီတော်က မျက်လုံး မျက်ခုံး မျက်မွေးတော်များကို လွှမ်းခြုံ၍ မှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

**ကျက်သရေ ရှိတော်မူခြင်း။** ။ဤ ပြအပ်ခဲ့သော နည်းအားဖြင့် ဗုဒ္ဓ မြတ်စွာ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတိုင်းဝယ် ယောကျ်ားထူး

ယောကျ်ားမြတ်ဖြစ်ကြောင်းသိဘို့ရာ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့ဖြင့် အမှတ်တံဆိပ် ခပ်နှိပ် ပါရှိရကား ထို လက္ခဏာတော်တို့ကိုလည်း ရှေးရှေး ကောင်းမှုပါရမီတော်တို့က တကိုယ်လုံးခြုံ၍ မှမ်းထုံနေသကဲ့သို့ ဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာသည် လူမင်းနတ်မင်း ဗြဟ္မာမင်း ပရိသတ်တို့အလယ်၌ သီတင်းသုံး၍ တရားဓမ္မဩဝါဒပေးတော်မူသောအခါ အမင်းမင်းတို့ကိုလွှမ်း၍ ကျက်သရေမင်္ဂလာဖြင့် လွန်စွာသပ္ပါယ် တင့်တယ်တော်မူပါသည်။

**စိတ်တော် အရည်အချင်း။** ။ဗုဒ္ဓမြတ်စွာ၏ လူ့လောကဝယ် ရုပ်လက္ခဏာအားဖြင့် အသာဆုံး ယောကျ်ားမြတ်ဖြစ်ပုံကို ပြပြီးပါပြီ၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဟူသည် လူ၌ဖွား၍ လူသားတယောက် ဖြစ်ကြောင်း (ရှေးခေတ်က ကပိလဝတ်နေပြည်- ယခု နီပေါပြည်, လုမ္ဗိနီဥယျာဉ်ဝယ် မယ်တော် မာယာဒေဝီမှ ဖွားမြင်သော သာကီဝင် မင်းသားဖြစ်ကြောင်း) ကောင်းကောင်း သတိပြုခဲ့ပါ၊ ယခုအခါ ထို လူသားဖြစ်သော ဘုရားအလောင်း၏ စိတ်ဓာတ်တော် အရည်အချင်းကို ပြပါမည်။

**သယမ္ဘူဟု။** ။ဗုဒ္ဓမြတ်စွာသည် လူ့ဘဝ၌ နန်းပြာသာဒ် သုံးဆောင်ဝယ် ယသော်ဓရာ အမှူးရှိသော မောင်းမမိဿံ အခြွေအရံတို့နှင့်အတူ ထုံးစံအတိုင်း စံစားတော်မူစဉ် မင်္ဂလာဥယျာဉ်သို့ ထွက်လာသောအခါ သုဒ္ဓါဝါသဗြဟ္မာမင်းတို့ ဆောင်ပြအပ်သော သူအို သူနာ သူသေတို့ကို မမြင်စဖူး မြင်ရသဖြင့် လူ့စည်းစိမ်၌ ငြီးငွေ့သော သံဝေဂဉာဏ်ဖြစ်တော်မူသည်၊ ထို့နောက် အလွန်တည်ငြိမ်စွာ တရားကျင့်နေသော ရဟန်းတော်ကို မြင်ရသောအခါ ထိုရဟန်းတော်၏ ကျင့်ပုံကို နှစ်သက်၍ တောထွက်တော်မူ၏၊ တောသို့ရောက်သောအခါ အခြားယောဂီပုဂ္ဂိုလ်တို့ ကျင့်ဘို့ခဲယဉ်းလှသော အကျင့်ကို ၆ နှစ် ပတ်လုံး ကျင့်တော်မူ၍ အလွန်ထူးခြားသော ဉာဏ်တော်ကို ရတော်မူသည်၊ ထိုဉာဏ်တော်သည် ဆရာ တပါးပါး၏ နည်းပြခြင်းကြောင့် ရအပ်သော

ဉာဏ်မဟုတ်၊ ဘုရားအလောင်း ကိုယ်တိုင်ကျင့်၍ ဖြစ်ပေါ်လာသော ဉာဏ်တော်ဖြစ်၏၊ ထို့ကြောင့် "သယမ္ဘူဉာဏ်" မည်၏၊ [သယံ—ဆရာမရှိ မိမိဘာသာ+ဘူ— ဖြစ်ပေါ်လာသော ဉာဏ်တော်။]

**ဉာဏ်တူကင်းလတ်, အရဟတ်။** ။ထိုဉာဏ်တော် ဖြစ်ပေါ်လာသောအခါ ရာဂစသော ကိလေသာ အညစ်အကြေး ဟူသမျှတို့ လုံးဝဥဿုံ အကုန်သန့်ရှင်းသွား၏၊ ထို့ကြောင့် ထိုဉာဏ်တော်ကို "အရဟတ္တမဂ်ဉာဏ်" ဟုခေါ်၏၊ မြန်မာလို "ကိလေသာတို့ကို အလုံးစုံ သတ်တတ်သော ရဟန္တာ၏ ဖြစ်ကြောင်းဉာဏ်" ဟု ဆိုလိုသည်၊ အခြား ရဟန္တာတို့၏ ကိလေသာကိုပယ်ရာ၌ အထုံဝါသနာ ကျန်သေး၏၊ ဘုရားရှင်တော်၌ကား အထုံဝါသနာမျှ မကျန်တော့၊ ထို့ကြောင့် "ဉာဏ်တူကင်းသော အရဟတ္တမဂ်ဉာဏ်" ဟု ဆိုသည်။

**ဉာဏ်ရင်းမဟာ, ကရုဏာနှင့်။** ။ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှာပင် အရဟတ္တမဂ်ဉာဏ်ကို ရ၍ ရဟန္တာ ဖြစ်နိုင်ပါ၏၊ သို့သော် အိုနာသေရေး အပါယ်ဘေးတို့နှင့် ရောထွေး၍ နေပါလျက် ထိုဘေးတို့ကို မတွေး မရှုနိုင်လောက်အောင် မေ့နေကြသော သတ္တဝါတို့ကို သနားတော်မူသော မဟာကရုဏာတော်ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ သတ္တဝါ အများကိုပင် ကယ်နိုင်သော ဘုရားတဆူ ဖြစ်အောင် ပါရမီတော်တို့ကို ဖြည့်တော်မူခဲ့သည်၊ ထို့ကြောင့် မဟာကရုဏာဉာဏ်ကို "ဉာဏ်အားလုံး၏ အရင်းခံဉာဏ်တော်" ဟုခေါ်ရပေသည်။

**သမ္မာသမ္ဗောဓိ, အစရှိလတ်။** ။အမှန်အတိုင်းလည်းသိ, (ဆရာမရှိဘဲ) ကိုယ့်ဘာသာလည်း သိနိုင်သောဉာဏ်တော်ကို "သမ္မာသမ္ဗောဓိဉာဏ်" ဟုခေါ်၏၊ ထိုဉာဏ်သည် ပြအပ်ပြီးသော အရဟတ္တမဂ်ဉာဏ် အရင်းခံသော သဗ္ဗညုတဉာဏ်တော်ပင်တည်း။[သမ္မာ—အမှန်+သံ—ကိုယ်တိုင်+ဗောဓိ- သိသောဉာဏ်။]

**လောကထွဋ်ထား မြတ်ဘုရား။** ။ပြအပ်ပြီးသော စကားကို ပြန်၍ စဉ်းစားပါ၊ (၁) လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် အသပ္ပါယ် ဆုံးလည်းဖြစ်ခြင်း၊ (၂) ကိုယ်အင်္ဂါ အစိတ်အပိုင်းတိုင်း၌ ကောင်းမှု ပါရမီတော်တို့က လွှမ်းခြုံ၍ မွမ်းထုံထားခြင်း၊ (၃) ရာဂ ဒေါသ မောဟစသော ကိလေသာတို့ကို သတ်ဖြတ်နိုင်သော အရဟတ္တမဂ် ဉာဏ်ကိုရခြင်း၊ (၄) သတ္တဝါတို့၏အပေါ်၌ သနားကြင်နာ ကရုဏာ ကြီးမားခြင်း၊ (၅) အလုံးစုံကို အကုန်သိနိုင်သော သဗ္ဗညုတဉာဏ် တော်ကိုရခြင်း၊ ဤဂုဏ်တို့၏ ကိန်းဝပ် စံပျော်ရာ ခန္ဓာကိုယ်တော်၌သာ "ဗုဒ္ဓ" ဟု ဘွဲ့နာမည်တော်ကို တင်ထိုက်သည်၊ ထိုသို့ တင်ထိုက်သော ယောကျ်ားမြတ်သည်သာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အထွဋ်အထိပ် ထားရသော ဘုရားဖြစ်ပါသည်။

**တိုက်တွန်းချက်။** ။ပြအပ်ပြီးသော ဤအဓိပ္ပါယ်ကို ကြည့်ရှု၍ပြီးသော အခါ သက်တော်ထင်ရှား မြတ်ဘုရားကို မှန်းနိုင်လောက်ပါပြီ၊ ထို ဘုရားရှင်ကို မှန်း၍ လက်အုပ်ချီကာ "လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, သပ္ပါယ်လှစွာ" စသော လင်္ကာကို ပြန်၍ ဖတ်လိုက် ပါ၊ အရသာပို၍ ရှိပါလိမ့်မည်။

## သဗ္ဗညုတ ဉာဏ်တော်၏ အစွမ်း

### ကျက်မှတ်ရန်လင်္ကာ

၁။ သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်, သဗ္ဗဉ် ဉာဏ် တော် အစွမ်းတည်း။

၂။ သိသည့်တရား, များအပြား၌, ဟောထားစဘွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ, များဝေနေ၏, ဝါသနာစရိုက်, သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော် စွမ်းပကား, ဤ ၃-ပါးကြောင့်, အများဝေနေ, ကျွတ်

လွှတ်စေဘို့, မနေမနား, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင်ငါတို့ဘုရားတည်း။

## လက္ခဏာ၏အဓိပ္ပါယ်

၁။ **သိရန်မှန်က,မကျန်ရ။** ။"ဗုဒ္ဓ" ဟူသော ဘွဲ့နာမည်တော်ကို ရဘို့ရန် အရင်းခံဖြစ်သော သဗ္ဗညုတ ဉာဏ်တော်သည်.... (၁) သိဘို့ရန် တရားမှန်သမျှကို မကျန်ရအောင် လုံးဝစုံလင် အကုန်သိမြင်နိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံတော်မူ၏။

**သိဘွယ်တရား။** ။စကြာဝဠာ ကမ္ဘာလောကသည် အဆုံးမရှိအောင် များပြောင်လှသောကြောင့် အနန္တဖြစ်၏၊ [အနန္တ=န+အန္တ=အဆုံးမရှိ။] ထိုစကြာဝဠာ အနန္တ၌ ရှိကြသော သတ္တဝါတို့ကား သာ၍ပင် အနန္တဖြစ်၏၊ ထိုမျှလောက် အဆုံးမရှိအောင် များပြောင်သော်လည်း ထိုသတ္တဝါအားလုံး၌ရှိသော တရားတို့သည် စိတ်, စေတသိက်, ရုပ် ၃-မျိုးသာတည်း၊ ထို၃-မျိုးမှတပါး သတ္တဝါတို့၏အတွင်း၌ မရှိသော နိဗ္ဗာန်နှင့် ပညတ်ကိုထည့်၍ သိဘို့ရန် တရားသည် အကျဉ်းချုပ်အားဖြင့် ၅-မျိုးသာရှိ၏။

**ဉေယျဓမ်တရားငါးပါး။** ။ထိုငါးမျိုးကို "ဉေယျဓမ် တရားငါးပါး" ဟု (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ, ဉာဏကထာ မာတိကာအဖွင့်၌) ဆိုသည်၊ [ဉေယျ- သိသင့် သိထိုက်သော+ ဓမ္မ(ဓမ်)-တရား။] ထို ငါးပါးကား သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်တည်း၊ ဤ ငါးပါးကို ရည်ရွယ်၍ "များသင်္ခါရ, ဝိကာရနှင့်, လက္ခဏာပညတ်, နိဗ္ဗာန်မာတ်ဟု, ငါးရပ်သိရန်, ဉေယျဓမ်ကို, ဖောက်ပြန်မရှိ, ကိုယ်တော်တိုင် သိတော်မူသော" ဟု ရတနာ့ဂုဏ်ရည် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်အဖွင့်၌ ပြခဲ့သည်။ [စိတ် စေတသိက်နှင့် နိပ္ဖန္နရုပ် ၁၈-ပါးကို "သင်္ခါရ" ဟုရင်း, အနိပ္ဖန္နရုပ် ၁၀-ပါးကို "ဝိကာရ,လက္ခဏာ" ဟုရင်း နာမည်တပ်သည်။]

**သက်မဲ့အရာဝတ္ထုကိုလည်း သိတော်မူ။** ။ဗုဒ္ဓမြတ်စွာသည် အသက်ရှိ သတ္တဝါတို့ကိုသာ သိတော်မူသည် မဟုတ်သေး၊ အသက်မရှိသော သစ်ပင် တော တောင် မြေ ရေ လေ မီးတို့၏ အကြောင်းအရာကိုလည်း ကောင်းစွာ သိတော်မူ၏၊ သစ်ပင်ကို မြင်တော်မူလျှင် ဤသစ်ပင်သည် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဖြူ၏၊ မည်သည့်ဓာတ် လွန်ကဲသောကြောင့် နက်၏၊ နီ၏၊ ဝါ၏၊ သစ်ခက်တို့သည် မည်သည့်ဓာတ် လွန်ကဲသောကြောင့် ကောက်၏၊ ဖြောင့်၏၊ ဆူးရှိ၏၊ ဆူးမရှိ နူးညံ့၏၊ ကြမ်း၏၊ သစ်ရွက်တို့သည် မည်သည့်ဓာတ် လွန်ကဲသောကြောင့် ညို၏၊ စိမ်း၏၊ ဝါ၏၊ ခြောက်၏၊ ရွက်လှပင်၏ အရွက် တရွက်ထည်း၌ပင် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဤနေရာသည် စိမ်း၏၊ ထိုနေရာသည် နီ၏၊ ဟိုနေရာသည် ဝါ၏၊ ဤသို့ စသည်ဖြင့် သက်မဲ့ ဝတ္ထုအားလုံး၏ အကြောင်းအရာကိုလည်း ကောင်းစွာ သိတော်မူသည်။ [ဤဉာဏ်တော်ကို အနေကဓာတု နာနာဓာတုကို သိသော ဉာဏ်ဟုခေါ်၏၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့်လည်း သိနိုင်ပါသည်။]

**ကံနှင့်အကျိုးကိုလည်းသိတော်မူ။** ။ရှေးက ပြုလုပ်အပ်ခဲ့သော ကောင်းမှု-မကောင်းမှုကို (ထိုအမှုကို ပြုရာခဏ၌ ဖြစ်သော စေတနာကို) "ကံ" ဟု ခေါ်၏၊ ထိုကံ၏ သတ္တိသည် ခန္ဓာအစဉ်၌ အမြဲလိုက်ပါကြောင်းကို ကိုလည်း သိတော်မူ၏၊ ထိုကံ၏သတ္တိသည် နောက် နောက်ဘဝ၌ ဂတိ, ကာလ, ဥပဓိ, ပယောဂတို့၏ သမ္ပတ္တိဖြစ်မှု (ကောင်းမှု), ဝိပတ္တိဖြစ်မှု (မကောင်းမှု)ကို လိုက်၍ အကျိုးပေး၏၊ ဤသို့ခွဲခြား၍ သိတော်မူသည်။

**သမ္ပတ္တိ။** ။ကောင်းနေမှု ပြည့်စုံနေမှုကို "သမ္ပတ္တိ" ဟု ခေါ်၏၊ မိမိမှာ ရှိသော ကောင်းသောကံ အကျိုးပေးဘို့ရန် ထိုက်တန်သော ဘဝကို "ဂတိသမ္ပတ္တိ" ဟု ခေါ်၏၊ ကောင်းသောကံ၏ အကျိုးပေးဘို့ရန် ထိုက်တန်သော ကာလကို "ကာလသမ္ပတ္တိ" ဟု ခေါ်သည်၊ ကောင်းသော အကျိုးကို ပေးဘို့ရန် ထိုက်တန်သော လှပသော ရုပ်အဆင်းကို "ဥပဓိသမ္ပတ္တိ" ဟုခေါ်၏၊ ကောင်းသောအကျိုးပေးဘို့ရန် ထိုက်တန်

သော ကာယပယောဂ (ကိုယ်ဖြင့် ပြုလုပ်မှု) ဝစီပယောဂ (နှုတ်ဖြင့် ပြောဆိုမှု) မနောပယောဂ (စိတ်ဖြင့် ကြံစည်မှု) တို့ကို "ပယောဂ သမ္ပတ္တိ" ဟု ခေါ်၏၊ ကောင်းသော ကံတို့သည် ထိုထို သမ္ပတ္တိနှင့်ကြုံမှ ကောင်းကျိုးကို ပေးနိုင်ကြသည်။

**ဝိပတ္တိ။** ။မကောင်းနေမှု - ပျက်နေမှုကို "ဝိပတ္တိ" ဟု ခေါ်၏၊ မိမိမှာ ရှိနေသော ကောင်းသောကံ၏ အကျိုးပေးဘို့ရန် မလျော်သော ဘဝ (ဂတိ), မလျော်သောကာလ, အရုပ်ဆိုးခြင်း, ကာယပယောဂ ဝစီ ပယောဂ မနောပယောဂတို့၏ ညံ့ဖျင်းခြင်းသည် ဝိပတ္တိဖြစ်၏၊ ထို ဝိပတ္တိတခုခု ဖြစ်နေသောအခါ၌ ကောင်းသောကံသည် အကျိုးမပေး နိုင်၊ မကောင်းသော အကုသိုလ်ကံသာ အကျိုးပေး၏။

**မှတ်ချက်။** ။သမ္ပတ္တိ ဝိပတ္တိဖြစ်မှုသည် မူသေ မဟုတ်၊ လူ၏ အလုပ် လိုက်၍ အပြောင်းအလဲရှိ၏၊ ဥပမာ-လသာသောအခါသည် လူကောင်း များအတွက် သမ္ပတ္တိကာလ ဖြစ်၍, သူခိုးများအတွက် ဝိပတ္တိကာလ ဖြစ်သကဲ့သို့တည်း။

**ကံပြုတုန်းကပင်သိတော်မူ။** ။ကံကိုသိတော်မူရာ၌ ကံပြုတုန်းကပင် နောင် ပေးမည့်အကျိုးကို သိတော်မူ၏၊ လူအများ စုပေါင်း၍ သူ့အသက် သတ်မှုစသော အကုသိုလ်တခုခုကို ပြုရာ၌ လူတယောက်သည် လုလ္လ ဝီရိယ အလွန်ကောင်း၏၊ လူတယောက်ကား သာမန်လောက်သာ ကောင်း၏၊ လူတယောက်မှာ အဖော် ဖြစ်သူတို့၏ ကျေနပ်ရုံ စိတ် မပါတပါဖြင့်ပြု၏၊ ထိုသူ ၃ ယောက် အကျိုးပေးရာ၌ ပဌမလူသည် ငရဲသို့ကျနိုင်၏၊ ဒုတိယလူသည် တိရစ္ဆာန် ဖြစ်နိုင်၏၊ တတိယလူကား တစ္ဆေ ပြိတ္တာ ဖြစ်နိုင်၏ဟု သူတို့၏စေတနာ ထက်· မထက်ကိုကြည့်၍ ကံပြုတုန်းကပင် သိတော်မူသည်။

**စုပေါင်းဒါန။** ။လူသုံးယောက် စုပေါင်း၍ ဆွမ်းဒါနစသော ဒါနပြုရာ ၌လည်း ဤသို့ စေတနာထက်-မထက်လိုက်၍ ပဌမလူသည် ခတ္တိယ မျိုး၌ ဖြစ်နိုင်၏၊ ဒုတိယလူသည် ဗြာဟ္မဏမျိုး၌ ဖြစ်နိုင်၏၊ တတိယ

လူကား ဝေဿ (လယ်ယာ လုပ်ကိုင်သူ, နွားမွေးသူ, ကုန်ကူးသန်းရောင်းဝယ်သူ) အမျိုး၌ဖြစ်နိုင်၏၊ ဤသို့ သိတော်မူ၏။

**တယောက်ချင်းဒါန။** ။တယောက်ချင်း အလှူဒါနပြုရာ, ဥပုသ်သီတင်းဆောက်တည်ရာ, ဘာဝနာပွားရာတို့၌လည်း ဂုဏ်ပကာသနကို လိုလား၍ပြုလျှင် အောက်တန်းကောင်းမှု ဖြစ်၏၊ လူ နတ် စည်းစိမ်ကို မှန်း၍ပြုလျှင် အလတ်တန်းကောင်းမှုဖြစ်၏၊ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင်းတ၍ပြုလျှင် ပဌမတန်းကောင်းမှုဖြစ်၏။

**အလောင်းတော်တို့၏ကောင်းမှု။** ။ဘာကိုမျှ မတောင်းတဘဲ ဆင်းရဲသူများ ချမ်းသာစေလို၍ ပြုအပ်သော ဒါန, စိတ်စင်ကြယ်စေလို၍ ပြုအပ်သော သီလ ဘာဝနာတို့ကား ဘုရားအလောင်းတော်တို့၏ ပြုလေ့ရှိသော ကောင်းမှုဖြစ်၍ အလွန်မြင့်မြတ်သည်၊ ဤသို့ ကံပြုစဉ်ကပင် စိတ်နေ စိတ်ထား ကွဲပြားနေသော ထိုထို ကောင်းမှု-မကောင်းမှု၏ အစွမ်းသတ္တိတို့ကို ဗုဒ္ဓမြတ်စွာသည် ကံပြုစဉ်ကပင် ပေးမည့်အကျိုးကို သိတော်မူ၏၊ ဤသို့လျှင် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်သည် သိရန်ဟူသမျှကို သိမြင်တော်မူပါသည်။

၂။ **သိသည့်တရား များအပြား၌။** ။သိအပ်ပြီးသော တရားတို့သည် အလွန်များ၏၊ ထိုများပြားသော တရားတို့ကို သူတပါးသိအောင် ဟောပြတော်မူရာ၌ နည်းအမျိုးမျိုးဖြင့် ဟောတော်မူရ၏၊ ထိုသို့ ဟောဘို့ရန် နည်းအမျိုးမျိုးကို သိတော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းတမျိုးပင်ဖြစ်သည်၊ ထိုသို့ နည်းအမျိုးမျိုးဖြင့် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောတော်မူအပ်သောကြောင့် "ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မက္ခန္ဓာတော်ပေါင်း ရှစ်သောင်းလေးထောင်ရှိ၏" ဟု ရှေးဆရာအဆက်ဆက်တို့ တွက်ပြခဲ့ကြ မှတ်သားခဲ့ကြပေသည်။ [ဓမ္မ=တရားတော်+ခန္ဓ=အစု။]

၃။ **ကျွတ်ထိုက်ကြပေ များဝေနေ၏။** ။ဘုရားရှင် ဟောပြောပြသ ဆုံးမထိုက်သော သတ္တဝါကို "ဝေနေယျ" ဟု ခေါ်၏၊ "သံသရာဝဋ်ဒုက္ခမှ

ကျွတ်ထိုက် လွတ်ထိုက်သော သတ္တဝါများဖြစ်၍ ဘုရားရှင် ဆုံးမထိုက်သော သတ္တဝါများ''ဟု ဆိုလိုသည်။

**ဣန္ဒြေစရိုက်**။ ။ထိုသတ္တဝါများ၌ သဒ္ဓိန္ဒြေ ပညိန္ဒြေစသော ဣန္ဒြေတို့သည် အနုအရင့် ကွဲပြားကြ၏၊ စရိုက်လည်း အမျိုးမျိုးရှိ၏၊ တချို့က ရာဂစရိုက်ရှိ၍, ရာဂအားကြီး၏၊ တချို့က ဒေါသစရိုက်ရှိ၍, ဒေါသအားကြီး၏၊ တချို့က မောဟစရိုက်ရှိ၍, မောဟအားကြီး၏၊ တချို့က ဝိတက်စရိုက်ရှိ၍, အကြံများ၍ အလုပ်မတွင်၊ တချို့က သဒ္ဓါစရိုက်ရှိ၍, ရတနာ ၃-ပါးကို၎င်း, ကံနှင့် ကံ၏အကျိုးကို၎င်း ယုံကြည်၏၊ တချို့က ပညာစရိုက်ရှိ၍, အသိဉာဏ်ကြီး၏။

**သဒ္ဓါ ပညာ ညီမျှမှ အကျိုးရ**။ ။သဒ္ဓါအားကြီး၍ ပညာနည်းနေလျှင် ညာဖြန်းဟောအပ်သော တရားအတုအယောင်ကို အမှန်ထင်တတ်၏၊ ပညာကြီး၍ သဒ္ဓါတရားမရှိလျှင် "ဥပုသ်စောင့်နေတို့ မလိုပါ, စိတ်ကောင်းရှိလျှင် ပြီးတာဘဲ၊ လှူနေတို့ မလိုပါ, သူများအလှူကို သာဓုခေါ်လျှင် ပြီးတာဘဲ''ဟု ပရိယာယ် မာယာများနေတတ်၏၊ သဒ္ဓါနှင့် ပညာ ညီမျှမှ အကျိုးရပါသည်။

**သူ့အကြိုက်**။ ။သတ္တဝါတို့၌ အလိုဆန္ဒဟု ခေါ်အပ်သော အဇ္ဈာသယ အကြိုက်လည်း အမျိုးမျိုးရှိ၏၊ ထို အဇ္ဈာသယကို အဓိမုတ္တိ (စွဲစွဲမြဲမြဲ သက်ဝင်ခြင်း)ဟု ခေါ်၏၊ ထိုအကြိုက်သည် တချို့က အောက်တန်းကျ၏၊ တချို့က အထက်တန်းကျ၏၊ စိတ်နေစိတ်ထား အောက်တန်းကျသူသည် မိမိကဲ့သို့ အောက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိ၏၊ စိတ်နေ စိတ်ထား အထက်တန်းကျသူကလည်း မိမိကဲ့သို့ အထက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိသည်။

**နှိုက်ချွတ်စုံလင် အကုန်မြင်**။ ။ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ သဒ္ဓါစသော ဣန္ဒြေအမျိုးမျိုးကို၎င်း, စရိုက်အမျိုးမျိုးကို၎င်း, အဇ္ဈာသယဟုခေါ်အပ်သော အကြိုက်အမျိုးမျိုးကို၎င်း, နှိုက်နှိုက်ချွတ်ချွတ် အစုံအလင် သိမြင်တော်မူ၏၊ ထို သိမြင်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းတပါးပင်တည်း။

၄။ **ဉာဏ်တော်စွမ်းပကား, ဤ ၃-ပါးကြောင့်။** ။သိစရာ ဟူသမျှကို အကုန်သိနိုင်တော်မူခြင်း, ဟောထိုက်သော တရားတို့၌ ဟောဘို့ရန် နည်းအမျိုးမျိုးကို သိတော်မူနိုင်ခြင်း, ဝေနေယျသတ္တဝါတို့၏ ဇလန္ဒြေ အမျိုးမျိုး, စရိုက်အမျိုးမျိုး, အကြိုက် (အဇ္ဈာသယ) အမျိုးမျိုးကို သိတော်မူခြင်း, ဤ ၃-ပါးကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်း ၃-ပါးဟု မှတ်ပါ။

**အများဝေနေ, ကျွတ်လွတ်စေဘို့, မနေမနား။** ။သမားတော်တယောက်သည် ဆေးအမျိုးမျိုးကိုလည်း သိ၏၊ ထိုဆေးများကို ဖေါ်စပ်ဘို့ရန် နည်းအမျိုးမျိုးကိုလည်း သိ၏၊ သူနာ၏ ရောဂါအမျိုးမျိုးကို စစ်ဆေးမေးမြန်းသောအားဖြင့် ရောဂါ၏ ဖြစ်လာပုံ အကြောင်းစုံကိုလည်း သိ၏၊ ထိုအစွမ်း ၃-ပါးနှင့်ပြည့်စုံသော သမားတော်သည် ရောဂါအမျိုးမျိုးကို ပျောက်အောင်ကုနိုင်၏၊ ကုလို့မရနိုင်သော ရောဂါကိုလည်း "မရနိုင်" ဟုပင် သိ၏၊ ထို့အတူ ဗုဒ္ဓမြတ်စွာသည် အစွမ်း ၃-ပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ကြောင့် များစွာသော သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်စေဘို့ရာ ၄၅-ဝါ ကာလပတ်လုံး ခေတ္တမျှသာ ကျိန်းစက်တော်မူ၍ တနေ့ရာထည်း၌ နေတော်မမူဘဲ အချိန်အားယူ၍ နားလည်း နားတော်မမူဘဲ။

**ပရိနိဗ္ဗာန်စံသည့်တိုင်အောင်။** ။နောက်ထပ် ခန္ဓာတော်ဖြစ်ဘို့ရန် ပဋိသန္ဓေနေရခြင်းမရှိဘဲ ခန္ဓာဝန်ကြီးကို ပစ်ချသောအားဖြင့် ခန္ဓာဇာတ်သိမ်း၍ ငြိမ်းတော်မူခြင်းကို "ပရိနိဗ္ဗာန်" ဟု ခေါ်၏၊ ဗုဒ္ဓမြတ်စွာတို့၏ ထုံးစံမှာ အသက်တမ်းကို ၅-ပုံ ပုံ၍ တပုံအကျန်လောက်တွင် ပရိနိဗ္ဗာန် စံတော်မူရိုးဖြစ်၏၊ အလွန် အိုမင်းအောင် နေတော်မူရိုး မရှိ၊ ထို့ကြောင့် ငါတို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် အသက်တမ်း၏ ၅-ပုံတွင် တပုံလောက် အကျန်ဖြစ်၍ အလွန်အိုမင်းတော့မမူခင် သက်တော်ရှစ်ဆယ် ပြည့်သောအခါ ပရိနိဗ္ဗာန် စံတော်မူပါသည်။

**သယ်ယူဆောင်။** ။ထိုပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဝမ်းတော်လားရှိ "အား နည်းတော်မူလျက် သုဘဒ္ဒရသေ့ ပရိဗိုဇ်ကို ကျွတ်လွတ်စေဘို့ရန် ပါဝါ မြို့မှ ၃-ဂါဝုတ်ဝေးသော ကုသိနာရုံမြို့သို့ ကြွတော်မူခဲ့သည်၊ ဤသို့ ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရားဦးကို ဟောတော်မူသည်မှ စ၍ ပရိဗ္ဗာန်စံခါနီးတိုင်အောင် ကျွတ်ထိုက်သော သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူပါသည်။

## ဘုန်းခေါင် ငါတို့ ဘုရားတည်း

၁။ သာကီဝင် မင်းမျိုး၌ ဖွားမြင်၍ လက္ခဏာတော်ကြီးငယ် အသွယ်သွယ် ဖြင့်သပ္ပါယ်သော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၂။ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းက ဆည်းပူးအပ်ခဲ့သော ပါရမီတော် တို့၏ အဟုန်ဖြင့် တကိုယ်လုံးခြုံ၍ ကြက်သရေမင်္ဂလာရှိအောင် မွမ်းထုံသား အပ်သော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၃။ ဆရာမကူ သယမ္ဘူဖြစ်သော အတူလည်းမရှိသော အရဟတ္တမဂ် ဉာဏ်တော်ဖြင့် ရာဂဒေါသစသော ကိလေသာ အညစ်အကြေးတို့ကို ပယ်နိုင် သောကြောင့် သန့်ရှင်းသော စိတ်အစဉ်ဖြင့် ကြည်လင် အေးမြတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၄။ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းမှ စ၍ ကြီးမားလှသော မဟာ ကရုဏာ ဉာဏ်တော်ဖြင့် သတ္တဝါတို့ကို သနားတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၅။ "သမ္မာသမ္ဗောဓိ" အမည်ရှိသော သဗ္ဗညုတဉာဏ်တော်၏ အရှင်ဖြစ်၍ ထိုဉာဏ်တော်၏အစွမ်း ၃-ပါးကြောင့် မနေ မနား သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူသော မြတ်ဘုရားသည် ငါတို့၏ ထိပ် ခေါင်၌ တင်ထားအပ်သော ဘုရားပင် ဖြစ်ပါသတည်း။

## ဇိနဘွဲ့တော် ရထိုက်သော ပုဂ္ဂိုလ်

## မာရ်ငါးပါးအောင်တော်မူပုံ

**ကျက်မှတ်ရန်လင်္ကာ။** ဘုန်းတော်ထိန်လျှမ်း၊ ကျွန့်ထိပ်ပန်းကား၊ အစွမ်းနိုပ်နှင်း၊ နယ်ပယ်တွင်းမှ၊ လွတ်ကင်းထွက်ခြား၊ မာရ်နတ်သားတည်း၊ ထပ်ပွားအသစ်၊ မဖြစ်နိုင်စေ၊ ကိလေ-ဘိသင်္ခ၊ မာရ်နှစ်အင်ဖလောင်း၊ အကြောင်းသမုဒယ၊ ပယ်ချပိုင်ပိုင်၊ သိနိုင်သမျှ၊ ခန်-မစ္စုဟု၊ နှစ်ခုမာရ်နှင့်၊ ပေါင်းငါးအင်ကို၊ ပင်ဗောဓိမင်း၊ အောင်မြေတွင်း၌၊ မကြွင်းကုန်စင်၊ အောင်ပွဲယဉ်သည့်၊ မြတ်ရှင်ဇိန-ဘွဲ့တော်ဘုရား။

### လင်္ကာ၏ အဓိပ္ပါယ်

**ဘုန်းတော်ထိန်လျှမ်း ကျွန့်ထိပ်ပန်းကား။** ။ဘဂဝါ ဂုဏ်တော်ဖွင့်၌ပြအပ်သော ဘုန်းတော်ခြောက်ပါးဖြင့် တောက်ပထိန်လျှမ်းသော ဗုဒ္ဓမြတ်စွာသည် ဗုဒ္ဓဘာသာဝင်ဖြစ်သော အကျွန်ုပ်တို့၏ ဦးထိပ်ပယ် ဦးဆောက်ပန်းသဘွယ် တင့်တယ်တော်မူ၏။

**မာရ်ငါးပါးကိုအောင်တော်မူ။** ။"မာရ"ဟူသောပါဠိသည်"သတ်တတ်နှိပ်စက်တတ်"ဟူသော အနက်အဓိပ္ပါယ်ကိုပြ၏၊ ထို မာရကို"မာရ်"ဟု မြန်မာပြန်ကြသည်၊ ထို သတ်ဖြတ်တတ် နှိပ်စက်တတ်သောမာရ်သည် ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်အားဖြင့် ငါးပါးရှိ၏၊ မိမိဆိုင်ရာ ရန်မာရ်တို့ကို အောင်နိုင်သော ပုဂ္ဂိုလ်သည် "ဇိန" ဟူသော အမည်တော်ကိုရ၏၊ ငါတို့၏ဗုဒ္ဓမြတ်စွာသည် ထိုမာရ်ငါးပါးကို ဗုဒ္ဓဖြစ်တော့မည့် ညဉ့်၏ ရှေ့ပိုင်း နောက်ပိုင်းအချိန်မှာပင် ကောင်းစွာ အောင်နိုင်တော် မူခဲ့သောကြောင့် "ဇိန" ဟူသော ဘွဲ့နာမည်တော်ကို ရခဲ့ပေသည်။ [ပဉ္စမာရေ- ငါးပါးသော ရန်မာရ်တို့ကို+ ဇိတဝါ—အောင်တော်မူပြီ၊ ဣတိ-ဤကြောင့်၊ဇိနော-ဇိန မည်တော်မူ၏။]

**ဒေဝပုတ္တမာရ်။** ။ဝသဝတ္တီနတ်ပြည်၌ သူပုန်များ တန်ခိုးကြီးသကဲ့သို့ သူ့နည်းနှင့်သူ တန်ခိုးကြီးသော မာရ်နတ်ကို "ဒေဝပုတ္တ" ဟုခေါ်၏၊ ထိုမာရ်နတ်သည် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်ညဉ့်သို့ မရောက်ခင် နေမဝင်မီအချိန်၌ ဗောဓိပင်အောက်ဝယ် သမာဓိကြီးစွာ တရားဝင်နေသော ဗုဒ္ဓအလောင်းတော်ကို သမာဓိပျက်အောင် နှောက်ယှက်ဘို့ရန် နတ်စစ်သည်များစွာနှင့် အတူလာ၍ လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်၏၊ နှုတ်အားဖြင့်လည်း ဤဗောဓိပင်ဝယ် တင်ပလ္လင်ထိုင်ရာမှ ထသွားဘို့ရန် နှင်ထုတ်သည်။

**အောင်တော်မူခြင်း။** ။ဗုဒ္ဓမြတ်စွာသည် သဒ္ဓါဗိုလ် ပညာဗိုလ် စသော စစ်သည်ဗိုလ်ပါတို့ဖြင့် ခန္တီ မေတ္တာ စသော ပါရမီတော် လက်နက်များကို အသုံးပြု၍ ကာကွယ်တော်မူ၏၊ ထိုအခါ၌ မာရ်စစ်သည်တို့၏ လက်နက်များသည် အစွမ်းမထက်ကြတော့သဖြင့် မာရ်နတ်၏ အစွမ်းသတ္တိကို နှိမ်နင်းပြီးဖြစ်၏၊ မာရ်နတ်၏ တန်ခိုးသတ္တိသည် ကာမဘုံ၌သာ ရှိ၏၊ ထိုကာမဘုံ၏ ကာမဂုဏ် အာရုံကို ခံစားလိုသော ကိလေသာ စိတ်မရှိတော့သဖြင့် မာရ်နတ်၏ နယ်ပယ်ကိုလည်း လွန်မြောက်တော်မူပြီးဖြစ်၏၊ ဤသို့ မာရ်နတ်၏ အစွမ်းကို နှိပ်နင်းတော်မူခြင်း, မာရ်နတ်၏ နယ်ပယ်ကို လွန်တော်မူခြင်းဖြင့် အောင်တော်မူသောကြောင့် "အစွမ်း နှိပ်နင်း, နယ်ပယ်တွင်းမှ, လွတ်ကင်းထွက်ခြား, မာရ်နတ်သားတည်း" ဟု လင်္ကာ၌ ဆိုသည်။

**ကိလေသမာရ်။** ။ဘဝများစွာ သံသရာ၌ ခန္ဓာအစဉ်ဝယ် ကိန်းဝပ်၍ ပါနေသော လောဘ ဒေါသ မောဟစသော ကိလေသာတို့သည် မိမိဆိုင်ရာ ခန္ဓာအစဉ်ကိုပင် ဒုက္ခရောက်အောင် ညှဉ်းဆဲတတ်သောကြောင့် "ကိလေသမာရ်" ဟု ခေါ်သည်၊ ထို ကိလေသမာရ်ကို ဗောဓိပင်အောက်ဝယ် ဘုရားဖြစ်ခါနီး၌ အရဟတ္တမဂ်ဖြင့် အကုန်ပယ်နိုင်သောကြောင့် အောင်တော်မူပြီးဖြစ်၏။

**အဘိသင်္ခါရမာရ်။** ။ခန္ဓာကိုယ်၌ရှိသော ရုပ်နာမ်တို့ကို ပြုစီမံတတ်သော ရှေးရှေးကံသည် ဇာတိဒုက္ခ စသည်တို့၏ အရင်းခံဖြစ်၍ ညှဉ်းဆဲတတ်သောကြောင့် "အဘိသင်္ခါရမာရ်" မည်၏၊ ထိုကံဟူသော အဘိသင်္ခါရသည် အဝိဇ္ဇာ တဏှာ အဖော်ပါမှ ဘဝခန္ဓာ အကျိုးကို ဖြစ်စေနိုင်၏၊ အဝိဇ္ဇာ တဏှာ အဖော်မရှိလျှင် မအောင်မြင်သော မျိုးစေ့ကဲ့သို့ ခန္ဓာအပင်ကို မပေါက်စေနိုင်၊ ထို့ကြောင့် အဘိသင်္ခါရမည်သော ကံသည် ခန္ဓာအသစ်ကို ထပ်၍မဖြစ်စေနိုင်ရကား ထိုအဘိသင်္ခါရမာရ်ကိုလည်း အောင်တော်မူပြီးဖြစ်၏၊ ထို့ကြောင့် "ထပ်ပွားအသစ်, မဖြစ်နိုင်စေ, ကိလေ-ဘိသင် မာရ်နှစ်အင်လောင်း" ဟု လက်ာ၌ ဆိုသည်။

**ခန္ဓမာရ်, မစ္စုမာရ်။** ။ဤခန္ဓာကိုယ်သည် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ စသော (မမ္မစကြာ၌ လာသော) ဒုက္ခတို့ဖြင့် မိမိဆိုင်ရာ သတ္တဝါကို ညှဉ်းဆဲ နှိပ်စက်တတ်၏၊ ထို့ကြောင့် "ခန္ဓမာရ်" ဟု ခေါ်ရသည်၊ သေခြင်းသဘောကို "မစ္စု" ဟု ခေါ်၏၊ ထိုမစ္စုသည် သေခါနီး၌ မိမိဖြစ်ရာ သတ္တဝါကို ရောဂါဒဏ်ဖြင့်လည်း နှိပ်စက်တတ်၏၊ လက်ရှိ ယံယောဇဉ် ဖြစ်သော သက်ရှိ သက်မဲ့ ဆွေမျိုး ဥစ္စာတို့နှင့် ခွဲရမည့် အရေးကို တွေး၍ စိတ် ဆင်းရဲစေသော အားဖြင့်လည်း နှိပ်စက်၏၊ ရောက်ရမည့် နောက်ဘဝက မသေချာသည့် အတွက် ကြောက်ရွံ့စေသော အားဖြင့်လည်း ပဋိသန္ဓေဥတို့ကို နှိပ်စက်၏၊ ထို့ကြောင့် သေရခြင်း သဘောကို "မစ္စုမာရ်" ဟု ခေါ်ရသည်။

**မာရ် ၂-ပါးကို အောင်တော်မူပုံ။** ။ဗုဒ္ဓမြတ်စွာသည် ခန္ဓာကိုယ်တော် ရှိနေသေးသောကြောင့်၎င်း, ဤဘဝ၌ ပရိနိဗ္ဗာန်စံခြင်းဟူသော မစ္စု ရှိသေးသောကြောင့်၎င်း, ထိုမာရ် ၂-ပါးကို မုချအားဖြင့် အောင်တော်မူပြီးဟု မဆိုနိုင်ပေ၊ သို့သော် နောက်နောင်ဘဝ၌ ခန္ဓာအသစ် ဖြစ်ဘို့ရန် အကြောင်းဖြစ်သော တဏှာ သမုဒယကို ပယ်နိုင်လျှင် နောက်နောက် ခန္ဓာများ ဖြစ်တော့မည် မဟုတ်၊ ခန္ဓာအသစ် မဖြစ်လျှင် မစ္စု (သေခြင်း)လည်း ဖြစ်တော့မည် မဟုတ်။

ထို့ကြောင့် အကြောင်းဖြစ်သော တဏှာ သမုဒယကို ပယ်ဖျောင် အကျိုးဖြစ်သော ခန္ဓ မဂ္ဂ ၂-ပါးကို အောင်တော်မူပြီး ဖြစ်တော့၏၊ ထိုပြင်—ထိုခန္ဓာ ထိုမဂ္ဂတို့၏ ဖြစ်ပုံအကြောင်းအရာကို ကောင်းစွာ ပိုင်ပိုင် သိနိုင်သောကြောင့်လည်း ထို ခန္ဓ-မဂ္ဂ ၂-ပါးကို အောင်ပြီး ဖြစ်၏၊ ထို့ကြောင့် "အကြောင်းသမုဒယ, ပယ်ချပိုင်ပိုင်, သိနိုင်သမှု, ခန်—မစ္စုဟု, နှစ်ခုမာရ်နှင်" ဟု လင်္ကာ၌ ဆိုသည်။

မြတ်ရှင်ဇိန ဘွဲ့တော်ဘုရား။ ။ဤပြခဲ့သောနည်းဖြင့် မာရ်ငါးပါးကို ဗုဒ္ဓ ဖြစ်တော်မူရာ ဗောဓိပင် အောင်မြေအတွင်းဝယ် အောင်မြင်တော်မူခဲ့ သောကြောင့် ဗုဒ္ဓမြတ်စွာ၏ အပေါ်၌ "ဇိန" ဟူသော ဘွဲ့နာမည် တော်ကို တင်ရပါသည်။

## ဘဂဝါဘွဲ့တော် ရထိုက်သောပုဂ္ဂိုလ်

### ကျက်မှတ်ရန်လင်္ကာ

၁။ ကိုယ်တော်မြတ်၏, စိတ်ဓာတ်တော်မှ, စ၍မကြွင်း, လူနတ်မင်းကို ပိုင်နင်းအုပ်စိုး, လွှမ်းမိုးနိုင်ဘိ "ဣဿရိယ" ဘုန်းတော်....

၂။ ကိလေသာရန်, ပယ်ဖျက်လွန်ဘို့, နိဗ္ဗာန်ဖိုလ်မဂ်, ကိုးချက်အပြား, လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်....

၃။ ဟုတ်တိုင်းမှန်စွာ, ဖြစ်ပေါ်လာ၍, ကမ္ဘာတိုက်ပေါင်း, သောင်း လောကဓာတ်, ပွဲတင်ထပ်မျှ, နှစ်ပါးသတင်း, ကျော်စောခြင်း ဟူသော "ယသ" ဘုန်းတော်....

၄။ ရွှေမျက်နှာတော်, လက်ခြေတော်မှ, စ၍မကြွင်း, ပင်လုံးဝင်းသည့်, ပန်းမင်းအရေ, ကြက်သရေမင်္ဂလာ, စုဝေးကာဖြင့်, လွန်စွာတင့်တယ်, သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်....

၅။ အလိုတော်အတိုင်း, တောင်းတတိုင်းပင်, မဆိုင်းမတွ, ပြီးစီးရသည့်, "ကာမ" ဘုန်းတော်....,

၆။ တလောကလုံး, ညွှတ်ရိုးကိုယ်စား, အားထားဘိုရာ, လွန်စွာကြိုးကုတ်, အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်....

ဤခြောက်ဖော်ဂုဏ်, ဘုန်းတော်ဟုန်ဖြင့်, သုံးဘုံလွှမ်းကျော်, လွန်ထင်ပေါ်၍, ဘွဲ့တော်ဘဂဝါ, တင်ရပါသည်, ကမ္ဘာထွဋ်ထား မြတ်ဘုရား။

**ဘုန်းတော် ၆-ပါး။** ။ဗုဒ္ဓမြတ်စွာ၌ "ဘဂဝါ"ဟူသော ဘွဲ့နာမည်တော် ရခြင်း၏အကြောင်းသည် အလွန်များ၏၊ ထိုအကြောင်းများစွာတို့တွင် ဤနေရာ၌ "ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူခြင်း" ဟူသော အကြောင်းတမျိုးကိုသာ ပြပါမည်၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟူသော ဤ ၆-ပါးကို "ဘုန်းတော် ၆-ပါး"ဟု ခေါ်ပါသည်။

**ဣဿရိယဘုန်းတော်။** ။ဗုဒ္ဓမြတ်စွာသည် မိမိ၏စိတ်တော်ကို အလိုရှိရာ အာရုံ၌ တည်ငြိမ်အောင်ထားတော်မူနိုင်သည်၊ ဤသို့ ထားတော်မူနိုင်ခြင်းသည် စိတ်တော်ကို အစိုးရခြင်းတည်း၊ လူမင်း နတ်မင်း ပြဟ္မာမင်းတို့ကိုလည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ အကျွတ်တရားကို ရစေတော်မူနိုင်၏၊ ထိုသို့ တရားရသော မင်းများကိုလည်း ဗုဒ္ဓမြတ်စွာသည် အစိုးရတော်မူ၏၊ ဤသို့ စိတ်တော်ကိုရင်း, မင်းအများကို ပဓာနထား၍ လူ နတ် ပြဟ္မာ သတ္တဝါတို့ကိုရင်း အစိုးရတော်မူခြင်းသည် ဣဿရိယဘုန်းတော်ပင် ဖြစ်သည်၊ [ဣဿရ+အစိုးရသောပုဂ္ဂိုလ်၏+ဣယ—အဖြစ်၊ အစိုးရခြင်း။] ထို ဣဿရိယဘုန်းတော်သည် အဏိမာ လဃိမာစသော အားဖြင့် ရှစ်ပါးပြားပြန်၏၊ ထိုရှစ်ပါးကို ရတနာ့ဂုဏ်ရည် ဘဂဝါဂုဏ်တော်အဖွင့်၌ ပြထားသည်။

**ဓမ္မဘုန်းတော်။** ။ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်တပါး၌ ထူးခြားသော တရားဓမ္မရရှိသည်၊ ဗုဒ္ဓမြတ်စွာ၌ကား မဂ် ၄-ပါး ဖိုလ် ၄-ပါး နိဗ္ဗာန် တရားဟူသော ထူးခြားသော လောကုတ္တရာ တရားများရှိပါသည်၊ ထို တရားများကြောင့် ကိလေသာ အနှောက်အယှက်တွေ ကင်းစင်ရကား

ဗုဒ္ဓမြတ်စွာ၏ စိတ်တော်အစဉ်သည် အမြဲကြည်လင် အေးမြတော်မူပါသည်။

**ယသဘုန်းတော်။** ။အရပ်ရပ်တို့၌ နှံ့စပ်ကျော်စောသော ဂုဏ်တော်ကို "ယသ ဘုန်းတော်" ဟု ခေါ်၏။ တချို့ပုဂ္ဂိုလ်များ၌ နာမည်ကျော်ကြားသော်လည်း အစစ်အမှန်ရှိသော ဂုဏ်ကြောင့် ကျော်ကြားသည် မဟုတ်၊ အသိုင်းအဝိုင်းဖြင့် မကျော်-ကျော်အောင် ဝါဒဖြန့်မှုကြောင့် အဆိုက်အလိုက် ကျော်ကြားကြရသည်၊ ထိုကျော်ကြားမှုကလေးသည် လည်း ကြာကြာမခံပါ၊ မကြာခင် မှေးမှိန်သွားတတ်၏၊ ဗုဒ္ဓမြတ်စွာကား လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံရောက်အောင် နတ်ဗြဟ္မာတို့အတွင်း၌ ဂုဏ်သတင်းပြန့်မွှေးတော်မူသည်၊ ဤစကြာဝဠာ ကမ္ဘာလောက၌သာ မက, နတ်ဗြဟ္မာတို့က တဆင့် တဆင့် ပြောကြသောကြောင့် စကြာဝဠာ ကမ္ဘာတသောင်းတိုင်အောင် ဂုဏ်သတင်းပြန့်နှံ့တော်မူပါသည်။

**သိရိဘုန်းတော်။** ။ဗုဒ္ဓမြတ်စွာ၏ ကိုယ်လုံးကိုယ်ပေါက်နှင့်တကွ မျက်နှာတော် လက် ခြေတော်စသော ရုပ်လက္ခဏာတော်သည် (ဗုဒ္ဓဘွဲ့တော်၌ ပြခဲ့သည့်အတိုင်း) ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသဘွယ် အလှန်တင့်တယ်တော်မူရကား ဖူးမြင်မဝနိုင်အောင် ကြက်သရေကို ဆောင်တော်မူပါသည်။

**ကာမဘုန်းတော်။** ။လိုလားတောင့်တတော်မူသည့်အတိုင်း ပြည့်စုံသော ဂုဏ်တော်ကို "ကာမဘုန်းတော်" ဟု ခေါ်၏၊ ဗုဒ္ဓမြတ်စွာဘုရားသည် သုမေဓာရသေ့ဘဝတုန်းက ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ သတ္တဝါ အများကို ကယ်တင်နိုင်ဘို့ရန် စိတ်ဖြင့် လိုလားတော်မူ၏၊ "ဗုဒ္ဓေါ ဗောဓေယျံ-ငါသည် တရားထူးကို သိလို့ရှိလျှင် ဝေနေယျသတ္တဝါ တို့ကိုလည်း သိစေတော်မူအံ့" ဟု နှုတ်တော်ဖြင့် တောင့်တတော် မူခဲ့၏၊ ဘုရားဖြစ်သောအခါ ထိုတောင့်တအတိုင်း ပြီးစီး၏၊ ဓမ္မစကြာ တရား ဟောတော်မူသောအခါ၌ပင် တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာ တို့ သစ္စာ ၄-ပါးကို သိနိုင်ကြပေသည်။

**ပယတ္တဘုန်းတော်။** ။လောက၌ ဉာဏ်ပညာနှင့် လုလ္လဝီရိယရှိသူကို အများက အားကိုး၏၊ ဗုဒ္ဓမြတ်စွာသည်ကား တလောကလုံး၏ အားကိုးလောက် အောင်ပင် လုလ္လဝီရိယကြီးမားတော်မူ၏၊ နေ့စဉ် နေ့စဉ် ကျွတ်ထိုက် သော သတ္တဝါတို့ကို ဉာဏ်တော်ဖြန့်၍ ကြည့်တော်မူ၏၊ ထိုသတ္တဝါ သည် အဝေးအရပ်၌ရှိလျှင် အချိန်အားလျော်စွာ တန်ခိုးဖြင့် ကြွ၍ တရားဓမ္မကို ဟောပြတော်မူကာ တရားထူးကို ရစေတော်မူပါသည်၊ ပရိနိဗ္ဗာန်စံတော်မူခါနီး၌ သုဘဒ္ဒပရိဗိုဇ်ကို ချွတ်တော်မူလိုသော ကြောင့် ဝမ်းတော်လားသဖြင့် အားနည်းတော်မူလျက်ပင် ကုသိနာရုံ မြို့သို့ ကြွတော်မူသည်၊ ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌လည်း နောက် နောက် ဗုဒ္ဓဘာသာဝင်တို့ တရားတော်ကို ကြားနာ၍ တရားကျင့်ဘို့ ရန် တရားတော်ကို ထားတော်မူခဲ့၏၊ အရိုးဓာတ်တော်များကိုလည်း နောက်နောက် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဘို့ရန် အငယ်ဆုံးမုန်ညင်းစေ့ ပမာဏတိုင်အောင် မိဌာန်တော်မူခဲ့၏။

**ဘွဲ့တော်ဘဂဝါ။** ။လောက၌ မိမိတို့ကိုးကွယ်ရာ ပုဂ္ဂိုလ်ကို "ဘဂဝံ"ဟု ဘွဲ့နာမည်တင်ထားကြ၏၊ သို့သော် ထိုဘွဲ့နာမည်သည် အစစ်အမှန် နာမည်မဟုတ်၊ ဘုန်းတော် ၆-ပါးရှိသော ပုဂ္ဂိုလ်၌ တင်ထားအပ် မှသာ မှန်ကန်သော ဘွဲ့နာမည် ဖြစ်ပါသည်။

## ငါတို့ဘဂဝါ

၁။ သိရီ ဘုန်းတော်အားဖြင့် ကြက်သရေမင်္ဂလာရှိ၍ လှန်စွာတင့်တယ် သပ္ပါယ်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါ တကား။

၂။ ဣဿရိယဘုန်းတော်အားဖြင့် မိမိစိတ်တော်ကိုရင်း, ကျွတ်ထိုက်သော လူနတ် ပြဟ္မာ တို့ကိုရင်း အစိုးရတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍, စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၃။ ဓမ္မဘုန်းတော်ဖြင့် ကိလေသာ အနှောက်အယှက်တို့ကို ကင်းစင်စေကာ လွန်စွာ ကြည်လင်သော စိတ်တော်ဖြင့် အစဉ်အေးမြတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါ ဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၄။ ယသ ဘုန်းတော်ဖြင့် လောကသုံးဘုံ အလုံးစုံကို လွှမ်းခြုံကျော်ကြား ထင်ရှားတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၅။ ကာမဘုန်းတော်ဖြင့် ကိုယ်တိုင် သိဘို့ရန်ရှင်း, ဝေနေယျတို့ကို သိစေဘို့ရန်ရှင်း, တောင့်တတော်မူခဲ့၍ ထိုတောင့်တသည့်အတိုင်း ပြီးစီး အောင်မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာ ဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၆။ ပယတ္တဘုန်းတော်ဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အားထားလောက် အောင် လုလ္လ ဝီရိယ ကြီးမားတော်မူလှသော ဗုဒ္ဓမြတ်စွာသည် ငါတို့ ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

## ဘဂဝါ ဘုရားရှိခိုး

ဘဂေဟိ ဆဟိ ဂုဏေဟိ, တိလောက မကုဋ္ဌော သုတော၊
ဘဂဝါ ဘဂ္ဂမာရောသိ, တသ္မာ မေ သရဏံ ဘဝ။

ဘဂဝါ- ဘုန်းတော်ခြောက်စုံ, တန်ခိုးဂုဏ်ဖြင့်, သုံးဘုံကျော်ကြား, အို....ရှင်တော်မြတ်ဘုရား၊ တွံ-ရှင်တော်မြတ်ဘုရားသည်၊ ဆဟိ ဘဂေဟိ- ဣဿရိယ, စသည်အပြား, ဘုန်းခြောက်ပါး ဖြစ်ကုန်သော၊ ဂုဏေဟိ- ဂုဏ်တော်အပေါင်းတို့ဖြင့်၊ တိလောက မကုဋ္ဌော- သုံးဘုံသမိုက်, လောက တိုက်ဝယ်, မကိုဋ်သရဖူ, ပမာတူသည်ဖြစ်၍၊ သုတော- အလွန်ထင်ရှား,

ကျော်ကြားတော်မူပါပေ၏၊ ဘဂ္ဂမာရော-ကိလေသာမာရ်, မာရ်နတ်ရန်ကို, ဉာဏ်တော်လက်နက်, အရဟတ္တမဂ်ဖြင့်, ဖြိုဖျက်တော်မူပြီးသည်၊ အသိ-ဖြစ်ပါပေ၏၊ တဿ မေ- ဘုန်းလည်းမတန်, ဉာဏ်လည်းမထက်, မာရ်နတ်လက်မှ, မထွက်ရသေးသော ထို တပည့်တော်၏၊ သရဏံ- ဘုန်းလည်း ထိုက်တန်, ဉာဏ်လည်းထက်မြက်, မာရ်နတ်လက်မှ, ထွက်နိုင်ခြင်းငှါ, ကိုးကွယ်ရာသည်၊ ဘဝ- ဖြစ်တော်မူပါ အရှင်ဘုရား။

## အတုမဲ့ဗုဒ္ဓရတနာ

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
နနော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓ ဝါ-လူတို့နေရာ, မြို့ရွာဌာန, ဤလောကဉ်ငှင်း၊ ဟုရံ ဝါ- နဂါးဂဠုန်, ဖုံဖုံနေကြ, ဟို...အောက်လောကဉ်ငှင်း၊ ယံ ကိဉ္စိ-သက်မဲ့ သက်ရှိ, များဘိဥဿုံ, အလုံးစုံသော၊ ဝိတ္တံစ- ပီတိအစွမ်း, ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာဖြစ်သော အသုံးအဆောင် ရတနာသည်ငှင်း၊ သဂ္ဂေသု ဝါ- နတ်မြို့ခြောက်လီ, ဗြဟ္မာ့ပြည်တို့ဌလည်း၊ ပဏီတံ- အရသာရှိ, စားဘွယ်၏သို့, ကြည့်၍မဝ, မွန်မြတ်လှစွာသော၊ ယံ ရတနံစ-ဘုံဗိမာန်နန်း, အခန်းခန်းနှင့်, ထူးဆန်းထွေလာ, အကြွင် ရတနာသည်ငှင်း၊ အတ္ထိ=ရှေးကံအလျောက်, ဘုန်းကံတောက်က, ဝမ်းမြောက်ဘွယ်ရာ, ထင်ရှားရှိပါပေ၏၊ ဧတ္ထ-ပီတိအစွမ်း, လွန်ရှင်လန်းဘို့, သိန်းသန်း ကုဋေ, အထွေထွေသော, ဤ ရတနာတို့တွင်၊ တထာဂတေန- သုံးလူထွဋ်ထား, မြတ်ဘုရားနှင့်၊ သမံ-တန်းတူထား၍, ရှုစားလောက်စွာ, တစုံတခုသော ရတနာသည်၊ နနော အတ္ထိ (နတ္ထိဧဝ)- အကြောင်းကိုကြည့်, အကျိုးကြည့်လည်း, မရှိ ကေန်,

အမှန်ပင် ဖြစ်ပါတော့သတည်း။ ဗုဒ္ဓေ— သုံးလူ့ထွဋ်ထား, မြတ်ဘုရား၌၊ ပဏီတံ— လောကီ ဥစ္စာ, ရတနာထက်, ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ဣဒမ္ပိ ရတနံ— ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့်, ဂုဏ်ပေါင်းမြင့်မော်, ဤ သီလ သမာဓိ ပညာတော်သည်လည်း၊ အတ္ထိ—အမြဲပုံသေ, ရှိပါပေ၏၊ ဧတေန သစ္စေန—မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ ပါဏီနံ- ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊ သုဝတ္ထိ—တင့်တယ်ဘိုရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု— စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

**အဓိပ္ပါယ်ရှင်းလင်းချက်။** ။ဤလူ့ဘုံ, နဂါး ဂဠုန်စသော တန်ခိုးကြီးတို့၏နေရာ ဟို....အောက်ဘုံ၌ရှင်း, အထက်နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ရှင်း, ရွှေ ငွေ စိန် ကျောက် ပုလဲ ပဒမြားစသော ရတနာတွေ ရှိကြပေ၏၊ လူ့ဘုံမှာပင် စကြာမင်း ပေါ်ထွန်းသောအခါ စကြာရတနာ, ဆင်ပျံတော်ရတနာ, မြင်းပျံတော်ရတနာ, မိဖုရားရတနာ, သားတော်ကြီးရတနာ, သဋ္ဌေးကြီးရတနာများ ပေါ်လာကြပေ၏၊ ထိုရတနာအားလုံးသည်ပင် ပိုင်ရှင်များ၏စိတ်ကို အလွန် နှစ်သက်စေနိုင်ကြပေသည်၊ သို့သော် ထိုရတနာများစွာတို့တွင် ဗုဒ္ဓမြတ်စွာနှင့်တူသော ရတနာမှာ တမျိုးမျှ မရှိပါ။

**အကြောင်းကိုကြည့်ပါ။** ။စိန်ရွှေစသော, ဘုံဗိမာန်စသော, စကြာရတနာစသော, ရတနာတို့သည် ပိုင်ရှင်ပုဂ္ဂိုလ်၏ ရှေးကံတခုကြောင့်ရှင်း, ဤဘဝဥာဏ် ဝီရိယကြောင့်ရှင်း ရနိုင်သော ရတနာများ ဖြစ်ကြ၍ အကြောင်း မကြီးကျယ်လှပါ၊ ဗုဒ္ဓမြတ်စွာ ရတနာကား- လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ပါရမီကောင်းမှုတို့ကို များစွာ ဖြည့်ပြီးမှ ဖြစ်ထွန်း ပေါ်လာနိုင်သော ရတနာတော်ဖြစ်၍ အကြောင်းအားဖြင့် အတူမရှိအောင် ကြီးကျယ်ပါသည်။

**အကျိုးကိုကြည့်ပါ။** ။အကျိုးကို ကြည့်ပြန်လျှင် လောကီရတနာများသည် ပိုင်ရှင် ပုဂ္ဂိုလ်များနှင့် ဆွေမျိုးများ အခြွေအရံများ၏ စိတ်ကို

နှစ်သက်စေနိုင်, ကိုယ် စိတ် ၂-ဖြာ ချမ်းသာစေနိုင်ကြပါပေ၏၊ သို့သော် တဘဝမျှသာ ချမ်းသာစေနိုင်ပါသည်၊ တဘဝဆုံးခါနီးသော အခါ ထိုရတနာများကို စွဲလမ်းမှုရှိနေပါမူ ကေန်မုချ ပြိတ္တာဘောင်သို့ ဆောင်ပို့ပါလိမ့်မည်။ [ထိုသို့ စိတ်စွဲလမ်းမှု မရှိဘဲ ထိုရတနာများကို အကြောင်းပြု၍ ဒါနပြုသူတို့ အတွက်ကတော့ နိဗ္ဗာန်တိုင်အောင် အကျိုးဆောင်မည့် ပါရမီများကို ဖြစ်စေနိုင်ပါသေး၏၊ သို့သော် ဗုဒ္ဓမပွင့်ရာ သာသနာပကာလ၌ ထိုရတနာပိုင်ရှင် မျိုးကား အလွန် နည်းပါးစွာသာ ရှိနိုင်ပါသည်။]

**ဗုဒ္ဓရတနာ၏အကျိုး။** ။ဗုဒ္ဓရတနာတော်သည်ကား တဦးတယောက်၏ အပိုင်မဟုတ်၊ မိမိယုံကြည်လျှင် မိမိပိုင်ဖြစ်၏၊ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများသော ပုဂ္ဂိုလ်၏စိတ်၌ မပြတ်မပြတ် ဗုဒ္ဓအာရုံပေါ်နေသော ကြောင့် ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓရတနာကို အတော်များစွာပိုင်နေ၏၊ ထို ပုဂ္ဂိုလ်သည် သီလမပျက်ပါမူ အပါယ် ၄-ပါးသို့ မကျဘဲ သုဂတိဘဝ အဆက်ဆက်ဖြင့် နိဗ္ဗာန်တိုင်အောင် တက်နိုင်၏၊ ဗုဒ္ဓမြတ်စွာ၏ ပဌမ ဓမ္မစကြာတရားပွဲ၌ တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့သည် ဗုဒ္ဓ ရတနာကို ကောင်းစွာပိုင်ကြသောကြောင့် သောတာပန်စသော အရိယာများဖြစ်၍ အပါယ်မှ လွတ်ကြလေပြီ။

**ယနေ့တိုင်အောင်။** ။ယနေ့အထိလည်း ဗုဒ္ဓါနုဿတိဘာဝနာ ပွားများ သော သူတော်ကောင်း ဟူသမျှသည် ဗုဒ္ဓရတနာကို ပိုင်ကြသေး၏၊ ဤဘဝကိုစွန့်ရခါနီးဝယ် စိတ်ထဲ၌ ဗုဒ္ဓရတနာထင်နေပါမူ သေချာ သော သုဂတိဘဝသို့ကေန်ရောက်ရတော့မည်၊ ထို့ကြောင့် အကြောင်း ကိုကြည့်, အကျိုးကြည့်လည်း အတူမရှိသော ဗုဒ္ဓရတနာကို စိတ်ထဲ၌ ထင်လာအောင် ကြိုးစားကြပါ။

**မဋ္ဌကုဏ္ဍလိဝတ္ထု။** ။သာဝတ္ထိမြို့၌ ပေးကမ်းလှူဒါန်းခြင်း မရှိသော ပုဏ္ဏားသဌေးတယောက်မှာ မဋ္ဌကုဏ္ဍလိ အမည်ရှိသော သားကလေး

တယောက်ရှိ၏၊ ထိုသားကလေး မမာသောအခါ၌ ဆေးဘိုးအကုန်မခံချင်သောကြောင့် ဆေးမီးတိုဖြင့် ကုနေ၏၊ ရောဂါလွန်၍ သေခါနီးသောအခါ အိမ်တွင်းပစ္စည်းတွေကို မသာမေးလာသူတို့ မြင်မှာစိုး၍ သားကလေးကို စမြင်ဘက်သို့ ထုတ်ထား၏၊ ဗုဒ္ဓမြတ်စွာသည် ထိုကလေးအား ရောင်ခြည်တော်လွှတ်၍ မြင်လောက်သော အရပ်က ပြတော်မူ၏၊ နဂိုရ်က ဗုဒ္ဓဘာသာမဟုတ်သော ထိုကလေးသည် ဗုဒ္ဓကို ကြည်ညိုသောစိတ်ဖြင့် စုတေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်ရပေသည်။

ပဉ္စမတန်း အကျယ်

ညွန့်ပြချက် ပြီး၏။

# ဆဋ္ဌမတန်း

## ဓမ္မရတနာ အကျဉ်း

၁။ ဗုဒ္ဓညွှန်ပြ မြတ်ဓမ္မဩ, သုတ္တဝိနည်း ဘိဓမ္မာ၊
လေးဆယ့်ငါးဝါ ဟောဖော်ပြီးလည်း, သုံးပါးကျမ်း အချုပ်မှာ၊
ဝိနည်းဆိုတာ သံဃာများ၏, ဝတ်စဉ်နေမှု ကောင်းဘို့ရာ၊
အဘိဓမ္မာ သဘာဝက, ရုပ်နာမ်ညွှန်ပြ အစစ်သာ။

၂။ သုတ္တန်သည်ကား ဗိုလ်လူများ၏, စီးပွားသုခ ညွှန်သည့်စာ၊
ကျဘဝဝယ် ချမ်းသာပေးလို့, နောင်ရေးသုခ ရဘို့ရာ၊
ဘဝလွတ်အောင် ဆောင်နိုင်ပြီးသည့်, တရားထူးလည်း ရှိသည်သာ၊
ထို့ကြောင့် ဗုဒ္ဓ,မြတ်ဓမ္မကို, မကွယ်ပဘို စောင့်ရတာ။

# ဆဋ္ဌမတန်း

## ဓမ္မရတနာ အကျယ်

(ဤအခန်း၌ ဓမ္မရတနာအကြောင်းကို အကျယ်ပြထားပါသည်။)

၁။ ဗုဒ္ဓမြတ်စွာသည် ၃၅-နှစ်အရွယ်တော်၌ ဘုရားဖြစ်၍ သက်တော် ၈၀ ဆယ်ပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူ၏၊ ထို့ကြောင့် ၄၅-နှစ်(၄၅) ဝါကာလပတ်လုံး တရားတော်ကို ဟောတော်မူ, ညွှန်ပြတော်မူသည်၊ ထိုတရားတော်သည် အချုပ်အားဖြင့် သုတ္တန် ဝိနည်း အဘိဓမ္မာဟု၃-မျိုး ရှိပါသည်။

**ဝိနည်း။** ။"ဝိနည်း"ဟူသည် ရဟန်းသာမဏေများ၏ ဝတ်နည်း, စားနည်း, နေထိုင်နည်း, ပြောဆိုနည်း များကို သင်ပြ၍ ကိုယ်မှု နှုတ်မှု (ကာယကံ, ဝစီကံ) ကို ကောင်းမွန်အောင် ဆုံးမသော တရားဖြစ်၏၊ ဝိနည်းတရားတော်သည် မနောကံ (စိတ်မှုကို) မဆုံးမသေး၊ မနောကံ- စိတ်မှုကို အဘိဓမ္မာ သုတ္တန်တရား တို့ကသာ ယဉ်ကျေးအောင် ဆုံးမနိုင် ပါသည်။

**အဘိဓမ္မာ။** ။"ဓမ္မ+အဘိဓမ္မာ"ဟု ရှေးဦးစွာ ဓမ္မ ၂-မျိုးကို ခွဲခြားရာ၏၊ သုတ္တန်တရားတော်သည် "ဓမ္မ"အမည်သာ ရနိုင်၏၊ အဘိဓမ္မာအမည်မရ နိုင်၊ ထိုသုတ္တန်တရားထက် ကျယ်ဝန်းသောတရား, ထူးခြားသောတရား ကိုသာ "အဘိဓမ္မာ"ဟု ခေါ်နိုင်၏၊ ကျယ်ဝန်းပုံ ထူးခြားပုံ ကိုကား ထိုဓမ္မ ၂-မျိုးကို ယှဉ်၍ ကြည့်တတ်သူမှ သိနိုင်မည်၊ ဤ အဘိဓမ္မာသည် ရုပ်တရား နာမ်တရားတို့ကို ခွဲခြားပြသော တရားတော်ဖြစ်၏၊ သုတ္တဝါ တို့က ယောကျ်ား, မိန်းမ (အထီး-အမ) သူ, ငါ, လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန် စသည်ဖြင့် ပြောဆိုပညတ်ထားသော်လည်း အစစ်အမှန်အား

ဖြင့် ယောကျ်ား၊ မိန်းမစသည်မရှိ၊ ရုပ်နှင့်နာမ်သာရှိ၏ဟု အစစ်အမှန်ကိုပြသောတရားတော်ဖြစ်သည်။(ထို ရုပ် နာမ်အကြောင်းကို နဝမတန်းမှစ၍ အတက်၌ အကျယ်ပြပါမည်။)

**သာသနာ့အသက်ဝိနည်း။** ။ဝိနည်း တရားတော်သည် သာသနာတော်၏ အသက်ဖြစ်၏၊ဝိနည်းမရှိလျှင်ငှင်း, စာအုပ်ထဲ၌ ဝိနည်း တရားတော်တွေ ရှိနေသော်လည်း ဝိနည်းတော်အတိုင်း နေထိုင်သော ရဟန်းတော်များ မရှိလျှင်ငှင်း, သာသနာတော် အသက်မရှိတော့၊ သာသနာ ကိုယ်တော့၏၊ သင်္ကန်းကို ဝတ်နေသူတွေရှိသော်လည်း ဘုရားသားတော် ရဟန်း သံဃာအစစ် မဟုတ်တော့၊ သာသနာပကာလ၌ ရှိကြသော ရသေ့မျိုး သာဖြစ်ကြတော့၏၊ ထို့ကြောင့် ဝိနည်းကို "သာသနာတော်၏ အသက်"ဟု အသိအမှတ် ပြုခဲ့ကြပါသည်။

**ကြည်ညိုစေနိုင်သော ဝိနည်း။** ။ဝိနည်း တရားတော်အတိုင်း ဝတ်စား သွားလာနေထိုင်သော ရဟန်း သာမဏေများကို တွေ့မြင်ရသော လူဝတ်ကြောင်တို့သည် နဂိုရ်က သာသနာတော်ကို မကြည်ညိုသူတို့ သော်မှ ကြည်ညိုကြ၏၊ နဂိုရ်က သာသနာတော်ကို ကိုးကွယ်သော ဗုဒ္ဓဘာသာဝင် ဖြစ်မှုကား တိုး၍ကြည်ညိုလာကြ၏၊ ထို့ကြောင့် ဝိနည်း၌ပါသော ပညတ်တော် မှန်သမျှသည် သာသနာတော်ကို ကြည်ညိုစေနိုင်သော ပညတ်တော်များ ဖြစ်ပေသည်၊

**သေချာသောဝိနည်း။** ။ဝိနည်း ပညတ်တော်သည် ရဟန်း သာမဏေ များ၏ ဥပဒေသ (ဥပဒေတော်) ဖြစ်ရကား အလွန်ကျန သေချာ၏။ ရွာထည်းသို့ သွားသောအခါ....

(က) သင်္ကန်းကို သပ်သပ်ယပ်ယပ် ရုံ၍သွားရ၏။ (ခါးဝတ်သင်းပိုင်ကို မရှည်မတို ဝတ်၍ ထိုသင်းပိုင်အပေါ်၌ ရုံထားသော ဧကသီကို သင်းပိုင်ထက် လက် ၃-သစ် ၄-သစ်မျှ အထက်တက်စေ၍ လည်ပင်း ထိအောင်ဖုံးလျက် သင်္ကန်းရုံထားသောအခါ လောင်းကွတ်အင်္ကျီ (အင်္ကျီအရှည်ကို) ဝတ်ထားသကဲ့သို့ အလွန် ဂုဏ်ရှိရပေသည်။)

(ခ) မြို့ရွာအတွင်း၌ သွားသောအခါ ထိုင်နေသောအခါတို့၌ အကြောင်းထူးမရှိပါလျှင် ၄-တောင်ခန့်လောက်သာ ကြည့်ရ၏။ လက်ရုံး လက်မောင်း ဦးခေါင်းတို့ကို မလှုပ်စေရ၊ ငြိမ်နိုင်သမျှ ငြိမ်ငြိမ်ထား၍ သွားရထိုင်ရသည်။

(ဂ) မြို့ရွာအတွင်း၌ စကားပြောသောအခါ ကျယ်ကျယ်မပြောရ၊ အနီးအပါး၌ ရှိသော အခြားပုဂ္ဂိုလ် တပါးကြားရုံသာ ပြောရသည်။ (တရားဟောသောအခါ၌ကား လူအများကြားအောင် ဟောနိုင်ပြောနိုင်၏။)

(ဃ) ဤသို့ စသည်ဖြင့် ဆွမ်းစားရာ၌ ဆွမ်းလုပ်ပြင်ပုံ, ပါးစပ်အတွင်းသို့ ဆွမ်းလုပ်သွင်းပုံ, ဆွမ်းစားပုံမှစ၍ ဟင်းရည်သောက်ပုံပါမကျန် ညွှန်ပြချက်များ ပါရှိ၏။

(င) ကုဋီတက် (ကျင်ကြီးစွန့်) ရာ၌လည်း အပေါ်သင်္ကန်းကို အတွင်းသို့ ယူမသွားရ၊ နင်းခုံပေါ် ရပ်မိမှ ခါးဝတ်သင်းပိုင်ကို အပေါ်သို့ (မ) ရမည်၊ ကျင်ကြီးစွန့်နေစဉ် "အင်း အင်း" ဟု မညည်းရ၊ ကျင်ကြီးစွန့်၍ ပြီးသောအခါ ရေဆေးရသည်၊ ဤသို့စသည်ဖြင့် ဝိနည်းတော်ဝယ် ရဟန်းသာမဏေများ၏ ယဉ်ကျေးဘွယ်များကို အပြည့်အစုံ ညွှန်ပြထားတော်မူသည်။ (အကျယ်ကို သိလိုလျှင် မြန်မာလို ပြန်ထားသော ဘုရားဥပဒေတော်ကြီး စာအုပ်ကို ရှုပါ။)

**သုတ္တန်။** ။သုတ္တန် တရားတော်ကား လူအများ နားလည်အောင် (လူအများ၏ စိတ်အလိုလိုက်၍) ဟောတော်မူအပ်သော တရားတော်ဖြစ်၏၊ ထို့ကြောင့် သုတ္တန်တရားတော်သည် လူဝတ်ကြောင်များရော ရဟန်းသံဃာများရော နတ်ဗြဟ္မာတွေရော သတ္တဝါအများ၏ ဤဘဝ၌ ချမ်းသာရေး, နောင်သံသရာ၌ ချမ်းသာရေးတို့ကို ညွှန်ပြသော တရားတော် ဖြစ်ပေသည်။

ထိုသုတ္တန်တရားတော်၌ သတိပဋ္ဌာန်တရား, ဓမ္မစကြာတရား, အနတ္တလက္ခဏာသုတ်တရား, ပဋိစ္စသမုပ္ပါဒ်တရား စသော တရားထူးများသည် ဘဝမှလွတ်အောင် ဆောင်နိုင်သော တရားတော်ကြီးများတည်း၊ ဤဆဋ္ဌမတန်း တရားရတနာ အခဏ်း၌ကား ကြီးကျယ်သော ထိုတရားထူးများကို မပြဘဲ ဤဘဝ နောက်ဘဝ ချမ်းသာရေး တရားတချို့ကိုသာ ပြပါမည်၊ ကျောင်း၌နေခိုက် ဆရာ့ရှေ့မှာဖြစ်စေ, ကျောင်းမှထွက်သောအခါဖြစ်စေ, ဖတ်ကြပါလေ။

## ဗျဂ္ဃပဇ္ဇသုတ် (သမ္ပဒါတရား)

(အဋ္ဌကအင်္ဂုတ္တိုရ်၊ ပဌမပံ၊ ဂေါတမိဝဂ်။)

**မေးလျှောက်ပုံ။** ။အခါတပါး၌ ကောဠိယ၏ သားဖြစ်သော ဒီဃဇာဏုအမည်ရှိသော အမျိုးသားတယောက်သည် ကောဠိယနိဂုံးဝယ် သီတင်းသုံးတော်မူသော ဘုရားရှင်အား လျှောက်ထားသည်မှာ—အရှင်ဘုရားကာမစည်းစိမ်ကို ခံစားလျက် လူဝတ်ကြောင်ဖြစ်ကြသော တပည့်တော်တို့သည် သားသမီးတို့ဖြင့် ကျဉ်းမြောင်းကြပ်တည်းသော အိပ်ရာနေရာ၌ နေကြရပါကုန်၏။ (အိမ်က ကြီးကျယ်စေကာမူ စိုးရိမ်ကြောင့်ကြဘွယ် များသောကြောင့် "ကျဉ်းမြောင်း ကြပ်တည်းသည်" ဟုဆိုသည်။)

ကာသိတိုင်းမှထွက်သော စန္ဒကူး နံ့သာကိုလည်း သုံးစွဲကြပါကုန်၏၊ ပန်းနံ့သာ အမွှေးအကြိုင် မျက်နှာခြေ စသည်ကိုလည်း သုံးစွဲကြပါကုန်၏၊ ရွှေငွေကိုလည်း သာယာနှစ်သက် စုံမက်ကြပါကုန်၏၊ ထိုကဲ့သို့ သာယာဘွယ်တို့ကို သာယာလျက် ကာမစည်းစိမ်ကို မစွန့်ရက်နိုင်သော တပည့်တော်တို့အား ဤဘဝ၌ စီးပွားချမ်းသာဖြစ်နိုင်, နောက်ဘဝ၌လည်း စီးပွားချမ်းသာ ဖြစ်နိုင်သော တရားကို ဟောတော်မူပါ။ (ဒီဃဇာဏု၏ အမျိုးသည် ဗျဂ္ဃပဇ္ဇ အမည်ရခဲ့ဘူး၏။ ထို့ကြောင့် "ဗျဂ္ဃပဇ္ဇ" ဟု ခေါ်တော်မူလိမ့်မည်)။

## ဤဘဝ ချမ်းသာကြောင်းတရား

ဗျဂ္ဃပဇ္ဇ-အမျိုးသား တယောက်အတွက် ဤဘဝ၌ စီးပွားချမ်းသာ ဖြစ်ဘို့ရာ အကြောင်းတရားတို့သည် ဥဋ္ဌာနသမ္ပဒါ, အာရက္ခသမ္ပဒါ, ကလျာဏမိတ္တတာ, သမဇီဝိတာအားဖြင့် ၄-ပါးရှိကုန်၏။ (ဤ ၄-ပါးကိုပင် သမ္ပဒါတရား ၄-ပါးဟု ရှေးက ခေါ်ခဲ့ကြသည်)။

**ဥဋ္ဌာနသမ္ပဒါ**။ ။ဗျဂ္ဃပဇ္ဇ—ဤလူ့လောက၌ အမျိုးသားသည် အသက်မွေးဝမ်းကျောင်း တမျိုးမျိုးဖြင့် အသက်မွေးရသည်၊ ထိုသို့ အသက်မွေးရာ၌ (က) လယ်ယာလုပ်ကိုင်မှုဖြင့် ဖြစ်စေ၊ (ခ) ကုန်သန်းရောင်းဝယ်မှုဖြင့်ဖြစ်စေ၊ (ဂ) နွားကျောင်းမှုဖြင့်ဖြစ်စေ၊ (ဃ)လေးအတတ်ဖြင့်ဖြစ်စေ၊ (င) မင်းမှုထမ်းခြင်းဖြင့် ဖြစ်စေ၊ (စ) အခြားသောအတတ် တစုံတခုဖြင့်ဖြစ်စေ အသက်မွေးရသည်။ (ဤစကားတော်ဖြင့် "အသက်မွေးဝမ်းကျောင်း အလုပ်မရှိဘဲ လူပေါ်ကျော့ လူတေလေ လုပ်၍ မနေရ" ဟု ဟောတော်မူလိုသည်။)

မည်သည့်အလုပ်ဖြင့် အသက်မွေးသည်ဖြစ်စေ ထိုအလုပ်၌ကျွမ်းကျင်မှု ရှိရသည်၊ မပျင်းမရိ လုလ္လရှိရမည်၊ ထိုအမှုကိစ္စနှင့် ဆိုင်ရာဝယ် အကြောင်းအားလျော်စွာ စူးစမ်းနိုင်းချိန်တတ်သော ဉာဏ်လည်း ရှိရမည်၊ ကိုယ်တိုင် လုပ်ခွင့်ကြုံလျှင် ကိုယ်တိုင်လုပ်စွမ်းနိုင်ရမည်၊ သူ့ကို စီမံခွင့်ကြုံလျှင် စီမံတတ်ရမည်၊ ဤသို့ ဆိုင်ရာအလုပ်၌ ကျွမ်းကျင်မှု အခြေခံပညာ, မပျင်းမရိ ဇွဲရှိမှု ဝီရိယ, စူးစမ်းနိုင်းချိန်တတ်သောဉာဏ် ဤ ၃-တန်နှင့် ပြည့်စုံခြင်းကို "ဥဋ္ဌာနသမ္ပဒါ" ဟု ခေါ်သည်။

**(ဆောင်)** အလုပ်ဆိုင်ရာ, ကျွမ်းကျင်စွာဘိ, ပညာရှိ၍, ဝီရိယဇွဲ,
သတ္တိခဲနှင့်, ကိုယ်လဲလုပ်တတ်, စီမံတတ်မှ, ဥဋ္ဌာန,
မည်ရသမ္ပဒါ။

**အာရက္ခသမ္ပဒါ**။ ။ဗျဂ္ဃပဇ္ဇ-ထိုဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံသောအမျိုးသား ၏ ထကြွလုလ္လ ဝီရိယကြောင့် ရအပ်ကုန်သော လက်ရုံးအားဖြင့် စုဆောင်း၍ ထားအပ်ကုန်သော ချွေးကျအောင် (နဖူးကချွေး ခြေမ ကျအောင်) ရှာဖွေအပ်ကုန်သော စီးပွားဥစ္စာတို့သည် ဓမ္မိက (တရား သဖြင့် ရှာဖွေအပ်) ဓမ္မလဒ္ဓ (တရားသဖြင့် ရအပ်သော) စီးပွားဥစ္စာ များ ဖြစ်ကြပေသည်၊ ထိုစီးပွားဥစ္စာတို့ကို စောင့်ရှောက်နည်း အမျိုး မျိုးဖြင့် လုံခြုံစေရမည်။

ဘယ်လိုနည်းဖြင့် စောင့်ရှောက်မှုကိုပြုလျှင် (က) မင်းတို့သည် မယူနိုင်ပါ ကုန်အံ့နည်း၊ (ခ) သူခိုးဓားပြတို့သည် မယူနိုင်ပါကုန်အံ့နည်း၊ (ဂ) မီးသည် မလောင်နိုင်ပါအံ့နည်း၊ (ဃ) ရေသည် မဆောင်နိုင်ပါအံ့နည်း၊ (င) အမွေခံ သားသမီးဆိုးတို့သည် မယူနိုင်ပါကုန်အံ့နည်း၊ ဤသို့ တွေးတောကြံစည်ကာ (ရေ မီး သူခိုး, မွေခံဆိုးနှင့်, မင်းဆိုးအပြား, ရန်မျိုးငါးကြောင့်) မပျက်ပြား နိုင်လောက်အောင် စောင့်ရှောက်နည်း အမျိုးမျိုးဖြင့် လုံခြုံအောင် သိမ်း ဆည်းတတ်ခြင်းကို အာရက္ခသမ္ပဒါ (အစောင့်အရှောက် ကောင်းခြင်း) ဟု ဆိုရသည်။ (ဤစကားတော်ဖြင့် "ရှာဖွေ၍ ရအပ်သောပစ္စည်းကို မသိမ်း မဆည်းဘဲ မထားရ၊ ရန်သူမျိုးငါးပါးမှ လုံခြုံအောင် သိမ်းဆည်းတတ်စေ ရမည်" ဟု ဟောတော်မူလိုသည်။)

(ဆောင်) ရေမီးသူခိုး, မွေခံဆိုးနှင့်, မင်းဆိုးအပြား, ရန်မျိုးငါးကြောင့်, မပျက်ပြားလတ်, စောင့်ရှောက်တတ်မှ, အာရက္ခ, မည်ရ သမ္ပဒါ။

**ကလျာဏမိတ္တတာ**။ ။ဗျဂ္ဃပဇ္ဇ- မိမိနေရာ မြို့ရွာနိဂုံး၌ အသက်အရွယ် ငယ်စေကာမူ အကျင့်အားဖြင့် ကြီးရင့်ကြကုန်သော ကြီးသူဖြစ်လျှင် လည်း အကျင့်စာရိတ္တပါ ကြီးရင့်ကြကုန်သော သဒ္ဓါ သီလ စာဂ (စွန့်ကြဲပေးကမ်းမှု) ပညာနှင့် ပြည့်စုံကြသော အိမ်ပိုင် ယာပိုင်ရှိ၍

ဂဟပတိ မည်သူ့ ထို ဂဟပတိ၏ သားဖြစ်သူများ ရှိကြလိမ့်မည်။ ကြီးပွားလိုသော အမျိုးသားသည် ထိုဂဟပတိနှင့်ရင်း, ထိုဂဟပတိ၏ သားများနှင့်ရင်း အတူနေ အတူပြော အတူဆွေးနွေးသောအားဖြင့် အပေါင်းအသင်း လုပ်ရမည်။

ထိုသို့ မိတ်ဆွေကောင်းနှင့် ပေါင်းသော အမျိုးသားသည် မိတ်ဆွေကောင်း၏ သဒ္ဓါတရား ကောင်းပုံကို အတုလိုက်၍ မိမိလည်း သဒ္ဓါတရား ကောင်းလာ၏၊ သီလနှင့် ပြည့်စုံပုံကို အတုလိုက်၍ မိမိလည်း သီလနှင့် ပြည့်စုံလာ၏၊ စွန့်ကြဲပေးကမ်းမှု စာဂကို အတုလိုက်၍ မိမိလည်း စွန့်ကြဲပေးကမ်း တတ်လာလိမ့်မည်၊ အသိအလိမ္မာ ပညာနှင့် ပြည့်စုံပုံကို အတုလိုက်၍ မိမိလည်း အသိအလိမ္မာ ရှိလာလိမ့်မည်၊ ဤသို့ မိတ်ဆွေကောင်း၏ ကောင်းသောအမှုသို့ အတုလိုက်ခြင်းကို "ကလျာဏ မိတ္တတာ-မိတ်ဆွေကောင်းနှင့် ပေါင်းသင်းခြင်း"ဟု ခေါ်ရသည်။ ("မိတ်ဆွေကောင်းနှင့် ပေါင်းရုံတွင်မကဘဲ မိတ်ဆွေကောင်း၏ ကောင်းသော အတုကိုလည်း လိုက်ရမည်" ဟု ဟောတော်မူလိုရင်း ဖြစ်သည်။)

**(ဆောင်)** သဒ္ဓါသီလ, စာဂပညာ, ၄-ဖြာစုံတောင်း, မိတ်ဆွေကောင်းနှင့်, ပေါင်း၍အတု, ကိုယ်လည်းပြုမှ, ကလျာဏ, မိတ္တ ပြည့်စုံသည်။

**သမဇီဝိတာ။** ။ဗျဂ္ဃပဇ္ဇ - အမျိုးသားသည် မိမိမှာရှိသော စည်းစိမ်တို့၏ ဝင်လာသော အရဘက်ကိုရင်း, ထွက်သွားသော အကုန်အကျဘက်ကိုရင်း, သိ၍ ကြီးကြီးကျယ်ကျယ်လည်း မဖြစ်စေ, သိမ်သိမ်ငယ်ငယ်လည်း မဖြစ်စေဘဲ အကုန်နှင့်အရ မျှတအောင် အသက်မွေးမှုကို "သမဇီဝိတာ" ဟု ခေါ်သည်၊ ထိုသို့ အသက်မွေးလျှင် ဝင်လာသော အရဘက်ကများ၍ ထွက်သွားသော အကုန်အကျဘက်ကို လွှမ်းနိုင်လိမ့်မည်၊ ထို့ကြောင့် အကုန်နှင့်အရ မျှတ မမျှတကို သိတတ်ရသည်၊

ဥပမာ- ချိန်ခွင်ကြီးကို ကိုင်ဆောင်ထားသူသည် ချိန်ခွင်ကြီးကို မြှောက်လိုက်သောအခါ "မည်၍ မည်မျှ နိမ့်ကျနေသည်၊ သို့မဟုတ် မည်၍ မည်မျှ အထက် ထောင်နေသည်" ဟု သေချာစွာသိသကဲ့သို့တည်း၊ ထိုသို့သိအောင် အလုပ်အကိုင်များ၌ အကုန်နှင့် အရကိုပြသော စာရင်းစာအုပ် ရှိကြရပေသည်။

(ဆောင်) စားဝတ်နေပုံ, နေ့စဉ်ခြုံလျက်, အကုန်အရ, နှိုင်းချိန်ဆသော်, အရဘက်က, သာစေမှ, သမဇီဝိတာခေါ်။

ဗျဂ္ဃပဇ္ဇ-အမျိုးသားသည် အရဘက်က နည်းနေပါလျက် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ဟန်ကြီးပန်ကြီး အသက်မွေးနေမှုကြောင့် အကုန်ဘက်က များနေလျှင် "သဖန်းသီး စားတဲ့လူလိုဘဲ" ဟု အပြောအဆိုခံရတတ်၏၊ (သဖန်းသီးစားလိုသူသည် သဖန်းပင်မှ အသီးတွေကို လှုပ်ချ၍ မိမိစားလိုရာ အနည်းငယ်ကိုစားပြီးလျှင် ကျန်သမျှ အသီးတွေကို အချိုးနှိုးဖြစ်၍ ကျန်ရစ်စေသည်။) အကယ်၍ အရဘက်က များပါလျက် ဆင်းတောင့်ဆင်းရဲ အသက်မွေးကာ နှမြောစေးကပ်နေပြန်လျှင် "ကိုယ့်လုပ်စာ ကိုယ်မစားရဘဲ ကိုးကွယ်ရာမဲ့ သေရမယ့်လူစား" ဟု အပြောအဆို ခံရတတ်၏၊ ထို့ကြောင့် အရဘက်နှင့် အကုန်ဘက်ကို နှိုင်းချိန်ကာ မျှမျှတတ စားသောက်နေထိုင်တတ်ရသည်။

**ပျက်စီးကြောင်း ၄-ပေါက်။** ။ဗျဂ္ဃပဇ္ဇ— ဤသို့ ဥဋ္ဌာနသမ္ပဒါ စသော အကြောင်းတရား ၄-ပါးနှင့်အညီ စုဆောင်း ရှာဖွေ၍ ရအပ်သော စည်းစိမ်ဥစ္စာ တို့အတွက် ပျက်စီးဘို့ရာ ထွက်ပေါက် ၄-ပေါက် ရှိနေသည်ကို နားလည်ရမည်၊ (၁) ဣတ္ထိဓုတ္တ (မိန်းမ လိုက်စားခြင်း)၊ (၂) သုရာဓုတ္တ (သေရည်အရက် ဘိန်းကဇော် သောက်စားခြင်း)၊ (၃) အက္ခဓုတ္တ (အလောင်း အစား ကစားခြင်း)၊ (၄) ပါပမိတ္တ (အပေါင်းအသင်း မိတ်ဆွေ မကောင်းခြင်း)၊ ဤ ၄-ပါးတည်း။

**ဝင်လာကြောင်း ၄-ပေါက်။** ။ ဗျာ္ဂပဋ္ဌ— ဤလေးပါး၏ ပြောင်းပြန်ဖြစ်သော (၁) မိန်းမ မလိုက်စားခြင်း၊ (၂) သေရည်အရက် ဘိန်း ကဇော် မသောက်မစားခြင်း၊ (၃) အလောင်းအစား ကစားမှုမရှိခြင်း၊ (၄) မကောင်းသော အပေါင်းအသင်း မိတ်ဆွေ မရှိခြင်း၊ ဤ ၄-ပါးကား စီးပွားဥစ္စာ၏ ဝင်လာဘို့အကြောင်း ကောင်းသော လမ်းပေါက်များဖြစ်ကြသည်၊ အမျိုးကောင်းသားသည် ပျက်စီးကြောင်း အပေါက် ၄-ခုကို ပိတ်၍ ဝင်လာကြောင်း အပေါက် ၄-ပေါက်ကို အမြဲဖွင့်ထားမှသာ ဥဋ္ဌာနသမ္ပဒါ စသော အကြောင်း ၄-ပါးဖြင့် ရှာမှီးအပ်သော စည်းစိမ်ဥစ္စာများသည် မပျက်မစီးဘဲ တည်တံ့တိုးပွားဘွယ် ရှိကြပေသည်။

**ရေကန်ကြီးဥပမာ။** ။ဗျာ္ဂပဋ္ဌ— ဥပမာပြရလျှင် ရေကန်ကြီး တကန်၌ ရေဝင်ပေါက် ၄-ပေါက်ရှိ၍ ရေထွက်ပေါက်လည်း ၄-ပေါက်ပင် ရှိ၏၊ ထိုရေကန်ကြီး၌ ရေထွက်ပေါက်များကိုဖွင့်ထား၍ ရေဝင်ပေါက်များကို ပိတ်ထားလိုက်လျှင်ငင်း,မိုးကလည်း မကြာမကြာမရွာလျှင်ငင်း, ရေတွေ ယုတ်လျော့ဘို့သာရှိ၍ တိုးဘို့မရှိတော့ချေ၊ ထိုသို့ မဟုတ်ဘဲ ရေထွက်ပေါက်များကို ပိတ်ထား၍ ရေဝင်ပေါက်များကို ဖွင့်ထားလျှင်ငင်း, မိုးကလည်း မကြာမကြာ ရွာလျှင်ငင်း ထိုရေကန်ကြီးမှာ ရေတွေယုတ်လျော့ဘို့မရှိ၊ တိုးဘို့သာရှိတော့သည်။

ဗျာ္ဂပဋ္ဌ-ထို့အတူပင် ဣတ္ထိဓုတ္တ စသော ၄-ပါးသည် စည်းစိမ်ဥစ္စာတို့၏ ပျက်စီးကြောင်း ထွက်ပေါက်များဖြစ်၍ ဣတ္ထိဓုတ္တမဟုတ်သော ၄-ပါးသည် စည်းစိမ်ဥစ္စာတို့၏ ဝင်လာကြောင်း အပေါက်များဖြစ်၏၊ မိန်းမလိုက်စားမှု စသော ထွက်ပေါက် ၄-ပါးကို မပြုလုပ်ဘဲ ပိတ်ဆို့ထား၍ မိန်းမ မလိုက်စားမှုစသော ဝင်ပေါက် ၄-ပါးကို ဖွင့်ထားလိုက်လျှင် ဥဋ္ဌာနသမ္ပဒါ စသော ၄-ပါးဖြင့် ရှာချနေသော ပစ္စည်းဥစ္စာ မိုးရေများသည် ကောင်းစွာ တည်တံ့တိုးပွား နေနိုင်ပေသည်၊ ဤပြအပ်ခဲ့သော ၄-ပါးသည် ယခုဘဝ၌ စီးပွားချမ်းသာ တိုးပွားဘို့ **အကြောင်းများပင် ဖြစ်ပေသည်။**

**နောက်ဘဝ ချမ်းသာကြောင်း ၄-ပါး။** ။ဗျာဂ္ဃပဇ္ဇ—အမျိုးသား၏ နောက်နောက် ဘဝများစွာ၌ စီးပွားချမ်းသာဘို့ရာ အကြောင်း ၄-ပါးရှိ၏။ (၁) သဒ္ဓါသမ္ပဒါ- သဒ္ဓါ၏ပြည့်စုံခြင်း၊ (၂) သီလသမ္ပဒါ- သီလ၏ ပြည့်စုံခြင်း၊ (၃) စာဂသမ္ပဒါ- စွန့်ကြဲပေးကမ်းခြင်း၏ ပြည့်စုံခြင်း၊ (၄) ပညာသမ္ပဒါ- ပညာ၏ ပြည့်စုံခြင်းတည်း။

**သဒ္ဓါသမ္ပဒါ။** ။ဗျာဂ္ဃပဇ္ဇ— အမျိုးသားသည် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ် (အားလုံးကို သိနိုင်သောဉာဏ်)တော်ကို ယုံကြည်၏၊ "အရဟံ သမ္မာသမ္ဗုဒ္ဓေါ"စသော ဂုဏ်တော်များကို ယုံကြည်၏၊ ထိုသို့ယုံကြည်ခြင်း၏ ပြည့်စုံမှုကို "သဒ္ဓါသမ္ပဒါ"ဟု ဆိုရသည်။ (ဘုရားရှင်ကို ယုံကြည်မှ ဘုရားရှင်၏တရားတော်အတိုင်း လိုက်နာမည်ဖြစ်သောကြောင့် သဒ္ဓါသမ္ပဒါသည် အရင်းခံအကြောင်းဖြစ်သည်။)

**သီလသမ္ပဒါ။** ။လူတို့၏ ကိုယ်ကျင့်ဖြစ်သော ငါးပါးသီလနှင့်ပြည့်စုံမှုကို "သီလသမ္ပဒါ"ဟု ဆိုရသည်။ (ဘုရားရှင်ကို ယုံကြည်မှ ဘုရားရှင်အမိန့်တော်အတိုင်း သီလကို စောင့်ရှောက်လိုကြပေမည်။)

**စာဂသမ္ပဒါ။** ။အမျိုးသားသည် သူတပါးကို ပေးကမ်းဘို့ နှမြောဝန်တိုစိတ်မရှိ၊ ပေးကမ်းစွန့်ကြဲစရာ ကိစ္စကြုံလာလျှင် တွန့်တိုခြင်းမရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲလေ့ရှိ၏၊ အလှူခံလာလျှင် စင်ကြယ်သောလက်ဖြင့် အဆင်သင့်လှူဘို့ရန် မိမိလက်ကို အမြဲစင်စင်ကြယ်ကြယ်ထား၏၊ စွန့်ကြဲပေးကမ်းလေ့ ရှိကြောင်းကို သိကြသောကြောင့် ထိုအမျိုးသားအထံ၌ တောင်းရမ်းသူတို့က တောင်းရဲကြ၏၊ ထိုသို့စွန့်ကြဲပေးကမ်းလှူဒါန်းနေရလျှင် ပျော်ရွှင်နိုင်မှုကို "စာဂသမ္ပဒါ"ဟုခေါ်ရသည်။

**ပညာသမ္ပဒါ။** ။အမျိုးသားသည် ရုပ်နာမ်တရား၏ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ သဘောကို နားလည်သော ပညာနှင့် ပြည့်စုံ၏၊ ထိုသို့ပြည့်စုံခြင်းကို "ပညာသမ္ပဒါ"ဟု ဆိုရသည်။ (ကံနှင့် ကံ၏အကျိုးကို နားလည်သော ပညာကိုလည်း အခြေခံ "ဥပသမ္ပဒါ" ဟုပင် ဆိုနိုင်

ပါသည်။) ဤကား နောက်နောက်ဘဝ၌ စီးပွားချမ်းသာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော တရား ၄-ပါးတည်း။

**အကျဉ်းမှတ်ဘွယ်။** ။ဤတရားတော်သည် သားမယားနှင့်အတူ အိမ်၌နေရင်းပင် ဤဘဝ နောက်ဘဝ၌ စီးပွားဥစ္စာ တိုးတက်ကြောင်း ချမ်းသာကြောင်းများကို ညွှန်ပြသော တရားတော်ဖြစ်၏။

ဤဘဝ စီးပွားချမ်းသာ ဖြစ်ကြောင်း၌ (၁) မိမိလုပ်သည့် အလုပ်ကိစ္စ၌ ကျွမ်းကျင်၍ မပျင်းမရိလုလ္လရှိခြင်း၊ (၂) လုပ်ကိုင်၍ရသော စီးပွားဥစ္စာကို ဘေးရန်မရှိအောင် စောင့်ရှောက်တတ်ခြင်း၊ (၃) အရနှင့် အကုန်တွင် အရဘက်က အမြဲသာလျက်ရှိစေခြင်း၊ (၄) မိတ်ကောင်းရှိခြင်းဟု ၄-ပါးကို ဟောတော်မူပြီးလျှင်....

(၁) မိန်းမလိုက်စားခြင်း၊ (၂) သေရည် အရက် ဘိန်းကဇော် တို့ကို သောက်စားခြင်း၊ (၃) အလောင်းအစားကစားခြင်း၊ (၄) မကောင်းသော အပေါင်းအဖော်ရှိခြင်း ဟူသော ပျက်စီးကြောင်း အပေါက် ၄-ပေါက်ကို ပိတ်ဆို့ရမည်ဟု ဟောတော်မူ၏။ ထိုဟောတော်မူသည့် အတိုင်း နေထိုင်လျှင် အဘယ်မှာ ဤဘဝ၌ စီးပွားမတိုးတက်ဘဲ ရှိပါ အံ့နည်း။

သံသရာချမ်းသာကြောင်း၌ (၁) သဒ္ဓါပြည့်စုံခြင်း၊ (၂) သီလပြည့်စုံခြင်း၊ (၃) စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ (၄) ပညာဉာဏ်ရှိခြင်းအားဖြင့် ဤ ၄-ပါးကို ဟောတော်မူ၏၊ ထိုဟောတော်မူသည့်အတိုင်း မကျင့်နိုင်လောက်အောင် ခက်ဘွယ်လည်းမပါ၊ ထိုအတိုင်းကျင့်ပါလျှင်လည်း ကေန်ဘဝကောင်းသို့ ရောက်ရမည်သာ၊ ထို့ကြောင့် ဘုရားရှင်၏တရားတော်သည် ဘာသာမရွေး လိုက်နာထိုက်သော တရားဖြစ်ရကား ဓမ္မရတနာအခဏ်း၌ ဤတရားတော်ကို ကလေးတို့အား ထိုက်တန်သမျှ နားလည်အောင် ပြသင့်ပါသည်။

ဗျဂ္ဃပဇ္ဇသုတ် ပြီး၏။

## သုတ်ပါထေယျ ပါဠိတော်

## သိင်္ဂါလောဝါဒသုတ်မှ ထုတ်နှုတ်ချက်

**သိင်္ဂါလသတို့သား။** ။သိင်္ဂါလသတို့သားသည် နဂိုရ်က ဘုရားကိုမကြည်ညို၊ ထို့နောက် ဘုရားရှင်၏ လောကကြီးပွားရေး တရားများကို ကြားရမှ ဘုရားကိုကြည်ညို၍ တရား သံဃာတော်ကိုပါ ကိုးကွယ်ဆည်းကပ်လေသည်၊ ထိုသတို့သားအား ဟောတော်မူအပ်သော တရားတော်သည် ဗျဂ္ဃပဇ္ဇသုတ်၌ ပါပြီးသော တရားတော်များနှင့် တချို့သဘောတူ၏၊ ထို့ကြောင့် သဘောမတူသော တချို့ကျင့်ဝတ်များကို ထုတ်ပြပါမည်။

**အဂတိမလိုက်ရ။** ။ဘက်လိုက်ခြင်း မျက်နှာလိုက်ခြင်းကို "အဂတိဂမန-မလိုက်ထိုက်သည်ကို လိုက်ခြင်း= မပြုထိုက်သည်ကို ပြုခြင်း"ဟု ခေါ်၏။ ထိုအဂတိသည် "ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ"ဟု ၄-ပါးရှိ၏။

**ပစ္စည်းဝေရာ၌ ဘက်လိုက်ပုံ။** ။၂-ယောက် ၃-ယောက်မှစ၍ အများဆိုင် ပစ္စည်းကို ဝေဘန်ရာ၌ ချစ်သူအား ပို၍ပေးခြင်းသည် ဆန္ဒာဂတိလိုက်ခြင်းမည်၏။ (ဆန္ဒ- ချစ်ခြင်းကြောင့်+ အဂတိ-ဘက်မလိုက်ထိုက်သည်ကို+ ဂမန-လိုက်ခြင်း) မုန်းသူအား လျှော့၍ပေးခြင်းသည် ဒေါသာဂတိလိုက်ခြင်းမည်၏၊ အနည်းအများနားမလည်, အဘိုးတန်-မတန်နားမလည်သောကြောင့် တယောက်မှာများ၍ အခြားတယောက်မှာ နည်းအောင် ဝေမိခြင်းသည် မောဟာဂတိလိုက်ခြင်းမည်၏၊ ပို၍မပေးလျှင် ရန်လုပ်မည့်အတွက် ကြောက်သောကြောင့် ပို၍ပေးလျှင် ဘယာဂတိလိုက်ခြင်းမည်၏၊ (မိမိပိုင် ပစ္စည်းကိုကား အလိုရှိသလို ပေးနိုင်၏၊ ချစ်သူအား ပေးခြင်းကြောင့် ဆန္ဒာဂတိလိုက်သည်မမည်၊ သို့သော် မိမိ၏ သားသမီး, မိမိ၏ တပည့်တို့အား ဝေ၍ပေးရာ၌ကား အဂတိမလိုက်မိအောင် သတိထားရသေး၏။)

**ရာထူးခန့်ရာ၌ ဘက်လိုက်ပုံ။** ။လူကိုရွေး၍ ရာထူးခန့်ရမည့် ကိစ္စ၌ ပင်ကိုယ်က ချစ်နေသောကြောင့်ဖြစ်စေ, လာဘ်လာဘ ပေးသည့်

အတွက် ယခုမှ ချစ်သောကြောင့်ဖြစ်စေ ချစ်သူအား ရာထူးခန့်ခြင်း ရာထူးတိုးပေးခြင်းသည် ဆန္ဒာဂတိ လိုက်ခြင်းမည်၏။ ပင်ကိုယ်က မုန်းသောကြောင့် ဖြစ်စေ, လာဘ် မပေးသောကြောင့် ဖြစ်စေ မုန်းသူအား ရာထူးမခန့်ခြင်း ရာထူးမတိုးခြင်း ရာထူးလျှော့ချခြင်းသည် ဒေါသာဂတိလိုက်ခြင်းမည်၏၊ သူတို့၏ အရည်အချင်းကို မသိသောကြောင့် ခန့်သင့်သူ, ရာထူးတိုးသင့်သူကို မခန့်ဘဲ,မတိုးစေဘဲ မခန့်သင့် မတိုးသင့်သူကို ခန့်ခြင်း, ရာထူးတိုးပေးခြင်းသည် မောဟာဂတိလိုက်ခြင်းမည်၏။ ကြောက်သောကြောင့် ရာထူးခန့်ခြင်း ရာထူးတိုးပေးခြင်းသည် ဘယာဂတိလိုက်ခြင်း မည်၏။

**တရားဆုံးဖြတ်ရာ၌ ဘက်လိုက်ပုံ။** ။တရားတွေသူ ၂-ဘက်တွင် နဂိုရ်ကဖြစ်စေ, လာဘ်ကြောင့်ဖြစ်စေ ချစ်သူဘက်ကို အနိုင်ပေးခြင်းသည် ဆန္ဒာဂတိလိုက်ခြင်း မည်၏။ ရှေးက ရန်သူဖြစ်နေ၍ သို့မဟုတ် ယခုတွေ့မှ အပြောမတည့်၍ သို့မဟုတ် လာဘ်မပေး၍ မုန်းသောကြောင့် အရှုံးပေးခြင်းသည် ဒေါသာဂတိ လိုက်ခြင်းမည်၏၊ တရားအမှန်ကို နားမလည်၍ အရှုံးအနိုင် ပေးရာ၌ အမှားပေးမိခြင်းသည် မောဟာဂတိလိုက်ခြင်းမည်၏၊ ကြောက်သောကြောင့် အနိုင်ပေးခြင်းသည် ဘယာဂတိလိုက်ခြင်း မည်၏။

**အဂတိလိုက်ခြင်း မလိုက်ခြင်း။** ။လဆုတ်ရက်များ၌ လ၏ အရောင်သည် တနေ့တခြား ဆုတ်ယုတ်ကာ နောက်ဆုံးနေ့၌ ကွယ်ပျောက်သကဲ့သို့ အဂတိလိုက်သူ၏ အခြွေအရံနှင့် ဂုဏ်သတင်း ကျော်စောခြင်းလည်း တနေ့တခြား ဆုတ်ယုတ်ကာ နောက်ဆုံး၌ တိမ်မြုပ်သွားရ၏၊ လဆန်းရက်များ၌ လ၏အရောင်သည် တရက်ထက်တရက် တိုးတက်လာသကဲ့သို့ အဂတိမလိုက်သူ၏ အခြွေအရံနှင့် ဂုဏ်သတင်း ကျော်စောခြင်းလည်း တနေ့ထက်တနေ့ တိုးတက်၍ လာနိုင်ပေသည်။

**မောဟာဂတိ၏ ကြောက်ဘွယ်။** ။မိမိကိုယ်ကို ဘက်မလိုက်သူဖြစ်အောင် သတိထား၍ စောင့်စည်းလိုသူသည် ဆန္ဒ, ဒေါသ, ဘယအတွက် ထိန်းသိမ်းနိုင်ဘွယ် ရှိသော်လည်း မောဟအတွက်ကား မစောင့်စည်း

နိုင်ချေ၊ ထို့ကြောင့် ကိစ္စတစုံတရာကြုံလာလျှင် အရင်းခံအကြောင်းကို သိအောင် စုံစမ်းပြီးမှသာ ပြုလုပ်ရသည်၊ ထိုသို့ပြုလုပ်နိုင်မှ အမှန်ကို ပြုလုပ်ရာရောက်၍ မောဟာဂတိမှ လွတ်မြောက်ပေလိမ့်မည်၊ ထိုမျှ လောက် ကြိုးစားပါလျက် လွဲသွားလျှင်ကား မိမိစွမ်းနိုင်သောအရာ မဟုတ်တော့။

**ယခုခေတ် ဖြစ်ပုံ။** ။ယခုခေတ်၌ကား ဆန္ဒဂတိမှစ၍ အဂတိလိုက်မှု, ဘက်လိုက်မှုတွေ များလှသောကြောင့် ဆိုင်ရာအလုပ်ကိစ္စ၌ တာဝန် ယူရသူအများပင် ဂုဏ်သတင်း၊ ကျော်စောခြင်း ပျက်ပြယ်ကာ နောက်ဆုံး၌ တိမ်မြုပ်သွားကြရလေသည်၊ ထို့ကြောင့် မိမိကိုယ်ကို ပါရမီရှင်ဟု အယူရှိသူတို့သည် မတတ်နိုင်သော မောဟမှတပါး အခြား အဂတိလိုက်မှုများ မလိုက်မိအောင် ရှောင်ကြရပေလိမ့်မည်။

**မှတ်ချက်။** ။ရာထူးပေးရာ၌ အရည်အချင်းရှိသူက မိမိစကားကို နား ထောင်မည့်သူ မဟုတ်, မိမိအလုပ်ကို ကူညီမည့်သူ မဟုတ် သောကြောင့် ထိုသူ့ကိုမပေးဘဲ မိမိအလုပ်ကို ကူညီမည့် သူအား ပေးခြင်းမှာ ဘက်လိုက်ခြင်းဟုမဆိုနိုင်ပါ။

## ဥစ္စာပျက်ကြောင်း ၆-ပါး

(၁) သေရည်အရက် ဘိန်း ကဇော် သောက်စားမှုကို အထပ်ထပ်ပြုလုပ် ခြင်း၊ (၂) အချိန်မရှိမှ လမ်းထွက်မှုကိုပြုခြင်း၊ (၃) ပွဲသဘင်၌ လှည့်လည်ခြင်း၊ (၄) အလောင်းအစား အကစားမှုကို အဘန်ဘန် ပြုခြင်း၊ (၅) မကောင်းသော မိတ်ဆွေနှင့် အခါခါပေါင်းခြင်း၊ (၆) ပျင်းရိမှုကို အဘန်ဘန်ပြုခြင်း၊ ဤခြောက်ပါးသည် စည်းစိမ် ဥစ္စာ ပျက်စီးခြင်း၏ အကြောင်းများ ဖြစ်ကြသည်။

**(ဆောင်)** အရက် သေရည်,ဘိန်း စသည်ကို,အလီလီရက်,သောက်စားဖက် ၏၊ လမ်းထွက်လည်သော်, ချိန်မတော်တည့်၊ ရှင်ပျော်ပျော်ပင်, **ပွဲသဘင်ဝယ်၊ အစဉ်လောင်းစား, အကစားနှင့်၊ တရေးပျက်**

ချော်, သူမတော်ကို, မိတ်ဖေါ်အပေါင်း, ချစ်ဆွေကောင်းတဲ့၊ အကြောင်းပေါ်ငြား, အပျင်းများသည်, ၆-ပါးဥစ္စာ ပျက်ကြောင်းတည်း။

## သေရည်သောက်ခြင်း အပြစ် ၆-ပါး

(၁) သောက်သူကိုယ်တိုင် တွေ့မြင်သော အပြစ်မှာ ဥစ္စာဆုတ်ယုတ်ခြင်း၊ (ထန်းရည်အရက်ဖိုး ဘိန်း ကဇော်ဖိုး နေ့တိုင်း ကုန်နေရခြင်းကြောင့် တလတလ၌ ငွေဝင်တရာရှိသူသည် ထိုသူရာအတွက် တနေ့ တကျပ်ကျအားဖြင့် ၃၀မျှ ကုန်သွားလေပြီ။)

(၂) ခိုက်ရန်ဖြစ်တတ်ခြင်း။ ။(သေရည် အရက် သောက်မိသောအခါ သောက်ဖေါ် သောက်ဖက်ချင်း သော်မှလည်း နှုတ်အားဖြင့် ဆဲကြ လက်အားဖြင့် ထိုးကြ သတ်ကြ၏၊ ထိုအမှုကြောင့် မိမိသော်လည်း နာရ၏၊ မိမိကနိုင်လျှင်လည်း အမှုဖြစ်၍ အပြစ်များစွာ ခံရသည်။)

(၃) အနာရောဂါတို့၏ အကြောင်းဖြစ်ခြင်း၊ (သေရည်ကိုစွဲ၍ အလွန်သောက်သူသည် မသောက်သူထက် ရောဂါများ၏၊ ပါဏာဝုဓ ဆေးကျမ်း၌ သေရည်အရက် သောက်ခြင်းသည်သွက္ခ ပါဒ (ကိုယ်တပိုင်းသေခြင်း), အစာအိမ်ရောင်ခြင်း ချောင်းဆိုးသွေးပါ ရောဂါများကိုဖြစ်စေတတ်၏၊ သားသမီးများကိုလည်း ရောဂါဖြစ်စေတတ်၏၊ ကလေးအရူးထောင်တွင် တရာလျှင် ၄၁-ယောက်သည် အရက်သမား၏ သားသမီးများဖြစ်၏ဟု ရေးသားထားသည်။)

(၄) အကျော်စောမဲ့ခြင်း၊ (နာမည်ပျက်ခြင်း ဂုဏ်ပျက်ခြင်းကို ဖြစ်စေတတ်၏၊ သေရည်အရက် သောက်ပြီးသောအခါ မိဘကိုသော်မှလည်း ဆဲဆိုရိုက်နှက်တတ်၏၊ မပြောသင့်တာကို ပြောမိ မလုပ်သင့်တာကို လုပ်မိ၏၊ (မြို့ ကလာပ်များ၌ကား မယားချင်းလဲ၍ တွဲကသည့်တိုင်အောင်, မယားချင်း မှားသည့်တိုင်အောင် ပြုမိကြ၏။) ထိုကြောင့်ဤဘဝ၌ပင် နာမည်ပျက် ဂုဏ်ပျက် ဖြစ်ရလေသည်။)

(၅) အင်္ဂါဇာတ်ကိုသော်မှ လှန်ပြရဲခြင်း၊ (သေရည် အရက်မူးသောအခါ အရှက်မရှိတော့ရကား စကားအပြော မတွဲသောကြောင့် ဖြစ်စေ, သက်သက် ရူးကြောင်ကြောင် ဖြစ်နေသောကြောင့်ဖြစ်စေ မိမိ အင်္ဂါဇာတ်ကို လှန်ပြရဲကြလေသည်။)

(၆) အသိဉာဏ် အားနည်းအောင် ပြုတတ်ခြင်း၊ (သေရည် အရက် သောက်မိသောအခါနဂိုရှိပြီးသောအသိဉာဏ်သည်(မူးယစ်မှုကြောင့်) အားနည်း၏၊ မသောက်မီကလောက် ဉာဏ်မထက်တော့၊ ပါဏာဝုဓ ဆေးကျမ်း၌ ရေးသားထားသည်မှာ- အရက် သောက်သူတို့သည် "အရက်သောက်မှုကြောင့် မိမိတို့၏ စိတ်ကူးဉာဏ်ကို ထက်သန်စေ၏" ဟု ထင်မှတ်ကြ၏၊ အရက်သောက်ပြီးစ ၁၀-မိနစ်လောက်၌ စိတ်ကူး သွက်လက်လာဟန် ရှိသော်လည်း သူ၏ထင်မြင်ချက်နှင့် နှုတ်ထွက်စကား တို့မှာ ပရမ်းပတာ ဖြစ်နေကုန်၏၊ ဤသို့ ရေးသားထားလေသည်။)

**(ဆောင်)** ဥစ္စာလျော့ပါး၊ ခိုက်ရန်များ၍၊ နာဖျားထူပြော၊ ဂုဏ်ကျော် စောလည်း, သက်လျှော့မဲ့လတ်၊ အင်္ဂါဇာတ်ကို, ပြတတ်လေဘိ၊ နဂိုရှိသည့်,တတ်သိပညာ, အားနည်းရှာသည်၊ ၆-ဖြာသေရည် သောက်ပြစ်တည်း။

## အချိန်မတော် လှည့်လည်ပြစ် ၆-ပါး

(၁) မိမိကိုယ်ကိုသော်မှ လုံခြုံအောင်မစောင့်ရှောက်နိုင်ခြင်း၊ (ညဉ့်အခါ အချိန်မတော်မှ လမ်းထွက်လျှင် မီးမပါသူမှာ သစ်ငုတ်စသည်ကိုလည်း နင်းမိတတ်၏၊ ညဉ့်အခါ၌ မြွေများထွက်တတ်, တစ္ဆေ သူရဲတို့ လှည့်လည်တတ်ရကား ထိုမြွေ ထိုတစ္ဆေ သူရဲတို့နှင့် တွေ့ရတတ်၏၊ ရန်သူတို့ ကသော်လည်း ချောင်းရှဖမ်းတတ် သတ်တတ်၏၊ထို့ကြောင့် မိမိကိုယ်ကို လုံခြုံအောင် မစောင့်ရှောက်နိုင်။)

(၂) သားမယားကိုလည်း လုံခြုံအောင် မစောင့်ရှောက်နိုင်ခြင်း၊ (အိမ်ရှင် လုပ်သူက အချိန်မတော် လမ်းထွက်သွားသောအခါ သားသမီးများနှင့် အိမ်ရှင်မသည်လည်း အချိန်မတော် လမ်းထွက်တတ်ကြ၏၊ ထို့ကြောင့်

သားသမီးများလည်း ဘေးရန်တွေ့ရတတ်၏၊ အိမ်ရှင်မလည်း အခြားယောကျ်ားနှင့် ဖောက်ပြား၍ ပျက်စီးတတ်၏၊ မိမိအိမ်မှာပင်လည်း အိမ်ရှင်ယောကျ်ား မရှိသော ညဥ့်အချိန်မှာ အခြားယောကျ်ားက အတင်းဖျက်သောကြောင့် ပျက်စီးရတတ်၏၊ ဤနည်းအားဖြင့် သားသမီး မယားများပင် မလုံခြုံဘဲ ရှိရသည်။)

(၃) စည်းစိမ်ဥစ္စာ၏ မလုံခြုံခြင်း၊ (အိမ်ရှင်ယောကျ်ား မရှိခိုက်၌ အိမ်သို့ လာ၍ ဥစ္စာကို ဓားပြတိုက်လျှင် အလွယ်တကူ ပါသွားနိုင်၏၊ အိမ်သူ အိမ်သားအားလုံးပင် အချိန်မတော် ထွက်နေသောအခါ၌ကား သာမန် ခိုးသူသည်ပင် အိမ်ကိုဖျက်၍ ခိုးယူနိုင်၏၊ ဤနည်းအားဖြင့် မိမိပစ္စည်း များကို မစောင့်ရှောက်နိုင်ဘဲ ရှိရသည်။)

(၄) သူတပါးတို့ ပြုအပ်သော မကောင်းမှုတွင် အထင်ခံရတတ်ခြင်း၊ (ခိုးမှု တိုက်မှု မိန်းမမှု စသည်ကို အခြားသူတို့ ပြုသွားရာ၌သော်မှလည်း အချိန်မတော် လှည့်လည်လေ့ရှိသူအပေါ်မှာ အထင်ခံရတတ်သည်။)

(၅) စွပ်စွဲသမျှ ခံရတတ်ခြင်း၊ (မောင်ပြု၏အိမ်၌ ခိုးမှု တိုက်မှု မိန်းမမှု ဖြစ်သောအခါ အချိန်မတော် လှည့်လည်သူကလည်း ထိုအိမ်၏ အနီး လမ်း၌ သွားခိုက်ကြုံလျှင် "သူဘဲ" ဟု စွပ်စွဲအပ်သော စကားသည် မချေပနိုင်တော့ဘဲ သူ့အပေါ်၌သာ ကျရောက်လေတော့၏။)

(၆) များစွာသော အခြား ဒုက္ခတို့၏ အကြောင်းဖြစ်ခြင်း၊ (ညဥ့်အခါ၌ အချိန်မတော် လှည့်လည်လေ့ရှိသူမှာ စိတ်ရောကိုယ်ပါ ဆင်းရဲစရာတွေ "ဤ၍ဤမျှသာ ဖြစ်နိုင်၏" ဟု ပိုင်းဖြတ်၍ မရလောက်အောင် များမြောင်သော ဒုက္ခတို့၏ အကြောင်းဖြစ်သည်။)

**(ဆောင်)** အချိန်မတော်, လမ်းများပေါ်ဝယ်, အပျော်လှည့်ဘိ, ထိုသူ၏
ကား, မိမိကိုယ်တောင်, လုံခြုံအောင်လျှင်, မဆောင်နိုင်ငြား၊
သားမယားနှင့်, စီးပွားဥစ္စာ, မလုံသာတည်း၊ များစွာသူပြု,
မကောင်းမှုကို, ထိုသူ့သာပင်, အများထင်၍၊ ထိုပြင်မမှန်,
စွပ်စွဲပြန်လည်း, သူ့ထံ၌သာ, ဆိုက်ရောက်လာ၏၊ များစွာဒုက္ခ
ဖြစ်ကြောင်းပြသည်, ခြောက်ဝ ခါမို့ လှည့်ပြစ်တည်း။

## ပွဲသဘင် လှည့်လည်ပြစ် ၆-ပါး

ပွဲသဘင်တို့ကို တခါတရံ ကြည့်ရှုခြင်းမျိုး မဟုတ်ဘဲ အလွန်စွဲလမ်းစွာဖြင့် ပွဲသဘင်ရှိရာသို့လိုက်၍ လှည့်လည်ခြင်းကို အပြစ်ဟုဆိုသည်၊ ထိုအပြစ်များတွင်....

(၁) "အဘယ်အရပ်၌ ကပွဲရှိသနည်း" ဤသို့ စုံစမ်းမေးမြန်းပြီးလျှင် ထိုကပွဲရှိရာသို့သွားဘို့ ပြင်သည်ကစ၍ အလုပ်အကိုင်ပျက်သဖြင့် ရဘို့ဥစ္စာ မရတော့၊ ကပွဲရှိရာအရပ်၌ နေသမျှ အလုပ်အကိုင် ပျက်ပြန်၏၊ လယ်ထွန်ချိန် ကျသော်လည်း မထွန်ဖြစ်ဘဲ နောက်ကျသောကြောင့် အကျိုးမရဖြစ်၏၊ ပွဲကြည့်၍ အိပ်ရေးပျက်သောကြောင့် နေ့၌ အလုပ်မလုပ်သည့်အတွက်လည်း ရဘို့စီးပွားကို မရတော့၊ "အိမ်ရှင်လုပ်သူသည် ကပွဲသွားနေ၏" ဟု သိ၍ ခိုးသူတို့ ခိုးကြသောကြောင့် ရှိပြီးဥစ္စာလည်း ပျက်စီး၏။

(၂) အဘယ်အရပ်၌ သီဆိုပွဲရှိသနည်း၊ (၃) အဘယ်အရပ်၌ တီးမှုတ်ပွဲရှိသနည်း၊ (၄) အဘယ်အရပ်၌ ကွက်စိပ်ပြောသူတို့၏ ပြောပွဲရှိသနည်း၊ (၅) အဘယ်အရပ်၌ လက်ခုပ်တီးသံ (ကြေးမောင်းတီးသံ) ရှိသနည်း၊ (၆) အဘယ်အရပ်၌ ဆိုင်း, စည်တီးသံရှိသနည်း၊ ဤသို့စသည်ဖြင့် စုံစမ်းမေးမြန်း၍ ထိုပွဲသဘင်ရှိရာအရပ်၌ပင် ရက်ပေါင်းအတော်ကြာ လှည့်လည်သွားလာ နေခြင်းကြောင့် ရဘို့စီးပွားမရဘဲ ရှိပြီးစီးပွားများ ပျက်ပြားရသည်။

(ဆောင်) ကပြကျူးသီ, တီးမှုတ်သည်နှင့်, ထို့ပြင်စကား, ကွက်စိပ်များတို့, ပြောကြားနေရာ, ဘယ်ဆီမှာနည်း၊ လက်ခုပ်တီးသံ, အိုးစည်သံလည်း, ဘယ်မှာနည်းဟု, အရေးကြီးစွာ, စုံစမ်းကာဖြင့် သွားလာလှည့်ပတ်, ပျော်မြူးတတ်က, ရအပ်ရဘွယ်, ဥစ္စာကွယ်မည်, ၆-သွယ်သဘင် လှည့်ပြစ်တည်း။

## အလောင်းအစားအပြစ် ၆-ပါး

အလောင်းအစား ကစားမှု စသည်ကိုပြုရာ၌ (၁) နိုင်သူသည် သူ့ဥစ္စာကို (အပေါင်ပြုရ၍ထားသော ပုဆိုး, ခေါင်းပေါင်း စသည်ကို) အများရှေ့၌ပင် ယူရ၏၊ ထို့ကြောင့် ထိုနိုင်သူကို ရှုံးသူက ရန်ညှိုးထားသောကြောင့် ရန်များ တတ်လေသည်၊ (၂) ရှုံးသူလည်း ဆုံးရှုံးသွားသောမိမိဥစ္စာများကို တွေးကာ နှမြောရ ဝမ်းနည်းရ၏။

(၃) လက်တွေ့အားဖြင့်လည်း ဥစ္စာကုန်ခန်းရ၏၊ (ကစားသမားတို့တွင် ပစ္စည်းဥစ္စာနှင့် နေနိုင်သူ အနည်းငယ်သာရှိ၏၊ ကစားသမား အများစုမှာ နဂိုရှိပြီးသော ပစ္စည်းသာကုန်တတ်လေသည်။) (၄)တရားရုံး၌ကစားသမားကို သက်သေပေးလျှင် တရားတွေ့ဘက်တို့က သူဟာကစားသမား ဖြစ်သောကြောင့် သူ၏ စကားကို အတည်မယူသင့်ပါဟု ပြောဆိုတတ်ကြ၏။

(၅) မိတ်ဆွေတို့က ပြောဆိုဆုံးမ၍ မရသောကြောင့် ထိုကစားသမားကို အပေါင်းအသင်း မလုပ်ကြတော့၊ သူ့ကို အကူအညီမပေးကြတော့၊ သူ့အတွက် တရားရုံး၌ ကိစ္စရှိလျှင်လည်း သက်သေမလိုက်ကြတော့၊ ဤနည်းအားဖြင့် မိတ်ဆွေများ၏ လှမ်းမိုးခြင်းကို ခံရလေတော့သည်၊ (၆) သားသမီးများ၏ လက်ထပ်ရေး ကြုံလာသောအခါ ကစားသမား၏ သားသမီးကို အလိုမရှိကြ၊ ငါတို့သားသမီးကို သူ့အိမ်ပို့ရလျှင် ဆင်းရဲလိမ့်မည်၊ သူတို့သားသမီးကို ငါတို့ အိမ်သို့ယူဆောင်ရလျှင်လည်း "သူ့အဖေ၏ စရိုက္ကကူးစက်လျှင်မကောင်း" ဟု သဘောထားကြသည်။

**(ဆောင်)** အလောင်းအစား, ဖဲသမားတို့, နိုင်သွားလေသူ, ရန်များဟူ၏၊ ရှုံးသူသော်ကား, ကိုယ့်စီးပွားတို့, ပျက်ပြားသည့်တွက်, ဝမ်းနည်းဖက်၏၊ လက်တွေ့မှာလည်း, ဥစ္စာနည်းကာ, ပျက်စီးသာတည်း၊ တဖြာထို့ပြင်, တရားခွင်ဝယ်, တင်လျှင်သက်သေ, ပျက်တတ်ချေ၏၊ မိတ်ဆွေတို့က, ပြောမရသဖြင့်, လုံးဝရှောင်ခွါ, လှမ်းမိုးကာဖြင့်၊ မင်္ဂလာလက်ထပ်, မလိုအပ်သည်, ၆-ရပ် လောင်းစားအပြစ်တည်း။

## မိတ်မကောင်းနှင့် ပေါင်းခြင်း အပြစ် ၆-ပါး

(၁) လွန်လွန်ကျူးကျူး လောင်းစားတတ်သူနှင့် ပေါင်းခြင်း၊ (ထိုသူနှင့် ပေါင်းခြင်းကြောင့် မိမိလည်း မကြာမီ ကစားသမားဖြစ်လျက် ဥစ္စာပျက် တတ်၏။) (၂) မိန်းမလိုက်စားသူ ထမင်းကောင်းကောင်း မုံ့ကောင်းကောင်း အစားကြီးသူများနှင့် ပေါင်းခြင်း၊ (ထိုသူတို့နှင့်ပေါင်းခြင်းကြောင့် မိမိလည်း သေသောက်ကျူး, အစားကျူးသူဖြစ်လျက် ဥစ္စာပျက်တတ်၏။)

(၃) အရက် သေရည် အသောက်ကျူးသူ၊ (ထိုသူတို့နှင့် ပေါင်းခြင်း ကြောင့် မိမိလည်း သေသောက်ကျူးဖြစ်လျက် ဥစ္စာပျက်တတ်၏။) (၄) အတုအယောင် ဝတ္ထုဖြင့် လှည့်ပတ်တတ်သူ၊ (ရွှေတု စိန်တုဖြင့် လှည့်ပတ်တတ် သူနှင့် ပေါင်းလျှင် မိမိပါ အညာခံရတတ်၏။ သို့မဟုတ် သူ့လို ညာတတ်သူ ဖြစ်၍ အစိုးရ အပြစ်ရကာ ဥစ္စာပျက်စီးတတ်၏။)

(၅) တိုက်ရိုက် လှည့်ပတ်တတ်သူ၊ (အတုအယောင်ဖြင့် လှည့်ပတ်ခြင်း မဟုတ်ဘဲ မိမိမျက်မှောက်မှာပင် ဖဲလိမ်၍ ကစားသူကဲ့သို့ ညာသွားတတ်သူနှင့် ပေါင်းလျှင် မိမိသော်လည်း အညာခံရ, သူ့ကိုအတုလိုက်၍ မိမိလည်း အညာ တတ်ကာ အဖမ်းခံရ၍ ဥစ္စာပျက်တတ်၏။) (၆) သူတပါးကိုနှိပ်စက်သတ်ဖြတ် တတ်သူ၊ (ထိုသူနှင့် ပေါင်းမိ၍ မိမိကိုသော်လည်း အနှိပ်စက် အသတ်ဖြတ် ခံရတတ်၏၊ ထိုသူနှင့်အတူကူညီ၍သူတပါးကိုသော်လည်းနှိပ်စက်မိသောကြောင့် အဖမ်းခံရ၍ ဥစ္စာပျက်တတ်၏။)

(ဆောင်) အလောင်းအစား, အကစားနှင့်, လိုက်စားမိန်းမ, သေရည် ရလျှင်, မဝတည့်နိုင်, မရှောင်နိုင်အောင်, စွဲပိုင်လွန်ကျူး, ထိုသုံးဦးနှင့်, ကြည်နူးသောအား, ပေါင်းသင်းများ၏၊ တခြား အတု, ယုံအောင်ပြုလျက်, လှည့်သူ့တပါး, တိုက်ရိုက်အားဖြင့်, လှည့်စားတရပ်, ညှဉ်းဆဲတတ်ဟု, သုံးရပ်မိတ်ဆွေ, ပေါင်းတတ် ချေသော်, မသွေဥစ္စာ, ပျက်စီးရာသည်, ၆-ဖြာ မိတ်ဆိုး အပြစ်တည်း။

## ပျင်းရိခြင်း၏ အပြစ် ၆-ပါး

ကျေးရွာများ၌ လယ်ယာထွန်မှုစသော အလုပ်များကို နံနက်စောစော ထ၍ လုပ်ကြရ၏၊ ကောက်ရိတ်မှုစသော အလုပ်များကို နေပူထည်း၌လည်း ပြုလုပ်ကြရ၏၊ မြို့များ၌လည်း ရောင်းဝယ်မှု ကိစ္စဝယ် ကုန်သည်လာသောအခါ အလွန်စောစော အလွန်မိုးချုပ် အလွန်ထမင်းဆာနေသော်လည်း လုပ်ကြရ၏၊ ထမင်းစားပြီးခါစဖြစ်၍ ဗိုက်တင်းနေသော်လည်း လုပ်ကြရ၏။ သို့ပါလျက်....

(၁) အလွန်အေးပါသေးတယ်- ဟု မိုးလုံနေကာ အလုပ်မသွားလျှင်ရင်း၊ (၂) အလွန်ပူပါသေးတယ်- ဟု အလုပ်မဆင်းဘဲ နေလျှင်ရင်း၊ (၃) အလွန်မိုးချုပ်ပါပြီ- ဟု အလုပ်မလုပ်ဘဲ ရပ်ထားလျှင်ရင်း၊ (၄) အလွန်စောပါသေးတယ်- ဟု အလုပ်ရှိပါလျက် အိပ်ရာကမထဘဲ နေလျှင်ရင်း၊ (၅) အလွန်ဆာပါသေးတယ်-ဟု အရောင်းအဝယ် မလုပ်လျှင်ရင်း၊ (၆) အလွန်ဗိုက်တင်းနေတယ်-ဟု အရောင်းအဝယ်လာလျက် မလုပ်ဘဲ နေလျှင်ရင်း၊ စီးပွားဥစ္စာရသင့်သလောက်မရ, အမြတ်အစွန်း ရသင့်တာတွေ မရဘဲ ဆုတ်ယုတ်တတ်လေသည်။

(ဆောင်) အချမ်းပြင်းဝှန်, အလွန်ပူနိုး, မိုးချုပ်လှမော, စောလွန်းလှရောင်, ဆာလောင်ပျင်းနေ, လွန်ထွေဝမ်းဝ, အကြောင်းပြ၍, ပျင်းကြသူများ, ဥစ္စာပါးသည်, ၆-ပါးပျင်းရိ အပြစ်တည်း။

## မိတ်ဆွေတု ၄-ယောက်

(၁) အညဒတ္ထုဟရ- စင်စစ်အားဖြင့် သူကသာ ဆောင်ယူတတ်သူ၊ (၂) ဝစီပရမ- စကားအားဖြင့် ပေးတတ်သူကဲ့သို့ ဖြစ်သူ၊ (၃) အနုပိယဘာဏီ- အလိုလိုက်၍အကြိုက်ကိုသာ ပြောလေ့ရှိသူ၊ (၄) အပါယသဟာယ- ပျက်စီးကြောင်း အမှုတို့၌ အပေါင်းအဖေါ်ဖြစ်သူ၊ ဤ ၄-ယောက်သည် မိတ်ဆွေခေါ်ရသော်လည်း မိတ်ဆွေအစစ် မဟုတ်ကြ၊ စီးပွားပျက်စီးကြောင်းဖြစ်သော မိတ်ဆွေအတုများသာ ဖြစ်ကြသည်။

**အညဒတ္ထုဟရ**။ ။အညဒတ္ထု - စင်စစ်အားဖြင့်+ ဟရ — သူ့ကသာ ဆောင်ယူတတ်, သူ့ကသာ အသာယူတတ်သော မိတ်ဆွေတုသည် ၄ ယောက်ရှိ၏၊ (က) မိတ်ဆွေ၏ အိမ်သို့သွားသောအခါ မိမိက ပေးဘို့ မရည်ရွယ်ဘဲ ထိုအိမ်၌ အဝတ်စသည်ကိုမြင်၍ လိုချင်သောကြောင့် ထိုပစ္စည်းကို ချီးမွမ်း၏၊ အိမ်ရှင်က မပေးလိုက်လျှင် မကောင်းသောကြောင့် ထိုပစ္စည်းကို ပေးလိုက်ရ၏၊ ထိုသူလည်း မိတ်ဆွေတု တယောက်။

(ခ) မိတ်ဆွေအိမ်သို့သွားသောအခါ မိမိက လက်ဆောင်အနည်းငယ်ကို ယူသွား၍ မိတ်ဆွေထံမှ များများရဘို့ရန် မြှော်လင့်သူ၊ (ဂ) မိမိမှာ ဘေးတစုံတခုဖြစ်နေချိန်ဝယ် မိတ်ဆွေ၏အကူအညီကို လိုလား၍ အလုပ်ကို (အစေအပါးကဲ့သို့) အလွန်ပြုလုပ်ပေးတတ်သော်လည်း မိမိမှာ ဘေးရန်မရှိလျှင်ကား ထိုကဲ့သို့ မလုပ်သူ၊ (ဃ) မိတ်ဆွေအဖြစ်ဖြင့် ပေါင်းသော်လည်း တကယ်အကျိုးလိုလား၍ ပေါင်းသည်မဟုတ်, မိမိအဘို့က် တစုံတခုသောအကျိုးကို မြှော်၍ပေါင်းသူ၊ ဤ ၄-ယောက်သည် သူ့ဘက်ကချည်းအသာယူ၍ ပေါင်းသောကြောင့် မိတ်ဆွေစစ်မဟုတ်, မိတ်ဆွေအတုသာ ဖြစ်သည်။

**(ဆောင်)** မိတ်ဆွေအိမ်မှာ, လက်ချည်းလာ၍, ပြန်ခါယူသွား၊ နည်းငယ်အားဖြင့်, အများယူလို၊ မိမိကိုယ်တို့, ဘေးရန်ကြုံမှ, ဖုံဖုံကိစ္စ, ပြုတတ်လှ၏၊ မိတ္တအနေ, ပေါင်းပါချေလည်း, ထွေထွေကိုယ်ကျိုး, ရည်မြှော်ကိုးသား၊ သူကျိုးမမျှ, ဤလေးဝသည်, အညဒတ္ထု—မိတ်ဆွေတု။

**ဝစီပရမ**။ ။ (ဝစီ = စကားသာလျှင် + ပရမ = အလွန်အတိုင်းအရှည်ရှိသူ။)စကားအားဖြင့်သာ ပေးတတ်သူကဲ့သို့ဖြစ်၍ စင်စစ်အားဖြင့်ကား မပေးတတ်သော (နှုတ်သာပါ၍ လက်မပါသော) မိတ်ဆွေတုလည်း ၄-မျိုးရှိပြန်၏။

(က) လွန်ပြီးသောပစ္စည်းဖြင့် လောကွတ်လုပ်တတ်သူ၊ (မိမိအိမ်သို့ မိတ်ဆွေလာလျှင် အို...မနေ့ကမလာဘဲကိုး၊ မနေ့ကစားစရာတွေပေါလိုက်တာ၊

ကျုပ်ကလမ်းကိုတောင် မိတ်ဆွေလာမလားလို့ မျှော်မိသေးတယ်၊ ယခုတော့ အားလုံးကုန်သွားပြီ....၊မနှစ်ကမလာဘဲကိုး၊ မနှစ်က စပါးအတော်ရတယ်၊ သည်နှစ်တော့ မရဘူး၊ ဤသို့စသည်ဖြင့် လွန်ခဲ့သောပစ္စည်းအရာဝတ္ထုဖြင့် လောကွတ်လုပ်တတ်သူ။)

(ခ) နောက်လာမည့် ပစ္စည်းဝတ္ထုဖြင့် လောကွတ်လုပ်တတ်သူ၊ (မည်သည့်အခါမှာ စားသောက်ဘွယ်လုပ်ပါဦးမယ်၊ အဲဒီအခါတော့ မိတ်ဆွေကို အကြောင်းကြားနိုင်ပါလိမ့်မယ်၊ ယခုနှစ်....လယ်တွေအတော်ကောင်းပါတယ်၊ လယ်ပြီးစီးတဲ့အခါတော့ မိတ်ဆွေကိုကြည့်ရှုထောက်ပံ့နိုင်စရာရှိပါတယ်၊ ဤသို့စသည်ဖြင့် မပေါ်လာသေးသော အရာဝတ္ထုဖြင့် လောကွက်လုပ်တတ်သူ။)

(ဂ) စကားဖြင့် လောကွတ်လုပ်တတ်သူ၊ (သူက မြင်းပေါ်မှာ စီးနေတုန်း မိတ်ဆွေကိုမြင်လျှင် "လာလေ စီးလှည့်ပါဦးလား"ဟုငင်း, သူက အဝတ်ကောင်းကောင်းဝတ်နေစဉ် မိတ်ဆွေကိုမြင်၍ "ဒီအဝတ်ဟာ မိတ်ဆွေနဲ့ သိပ်တော်တာဘဲ၊ ဒါပေမဲ့....ကျုပ်မှာ ဒီတထည်တည်း ရှိနေလို့"ဟုငင်း ဤသို့စသောစကားဖြင့် လောကွတ်လုပ်တတ်သူ။)

(ဃ) အကူအညီတောင်းလျှင် အကြောင်းမညီညွတ်သူ၊ (တစုံတခုကိစ္စရှိ၍ အကူအညီတောင်းလာလျှင် ဥပမာ....လှည်းကို ခဏငှားလာလျှင် "လှည်းဘီးပျက်နေတယ်၊ ဝင်ရိုးကျိုးနေတယ်" စသည်ဖြင့်ငင်း, ငွေကိုချေးငှါးလျှင် "မလွယ်သေးလို့ပါ"စသည်ဖြင့်ငင်း, မည်သည့်ကိစ္စအတွက် လိုက်ခဲ့စမ်းပါဟု ပြောလျှင် "ကျုပ်မှာ သွားစရာရှိနေလို့" စသည်ဖြင့်ငင်း, ချက်ခြင်းပြုဘွယ်ကိစ္စအတွက် ကူညီဘို့ပြောလာလျှင် အကြောင်းမညီညွတ်သည်ကို ပြောဆိုတတ်သူ။)

**(ဆောင်)** လွန်လေပစ္စည်း, နောင်ပစ္စည်းနှင့်, လက်လည်းမပါ, နှုတ်ဖြင့်သာဟု, လောကွတ်ပြုသည့်, မိတ်တု ၃-ဖြာ၊ ခုတောင်းလာသော်, ဘယ်ဟာဘယ်သို့, ပျက်နေလို့ဟု, ပေးဘို့ရှောင်ဖီ, **လူလေးလီသည်, ဝစီပရမ မိတ်တုတည်း။**

**အနုပိယဘာဏီ။** ။(အနုပိယ = လျော်သော ချစ်ဘွယ်စကားကိုသာ + ဘာဏီ=ပြောလေ့ရှိသူ။) အလိုလိုက်၍ အကြိုက်ကိုသာ ပြောလေ့ရှိသူလည်း ၄-ယောက်ရှိ၏။

(က) သတ်မှု, ခိုးမှု, မိန်းမလိုက်စားမှု, သေရည်သေရက်မှုစသော မကောင်းမှု တခုခုကိုပြုဘို့ရန် တိုင်ပင်လာသောအခါ "ကောင်းသားဘဲ၊ ပြုကြစို့"ဟု သဘောကျကိုလိုက်၍ ပြောတတ်သူ။

(ခ) "ကုသိုလ်ကောင်းမှု တခုခုကို ပြုကြစို့"ဟု တိုင်ပင်လာသောအခါလည်း "ပြုကြစို့"ဟုပင် လိုက်လိုက်လျောလျော ပြောတတ်သူ၊ ဤသို့ ပြောဆိုခြင်းကား မိတ်ဆွေ၏အကျိုးကိုလိုက်သောကြောင့်မဟုတ်, တစုံတခုရည်ရွယ်ချက်ရှိ၍ အယုံအကြည်ရှိအောင် လိုက်လျောခြင်းသာ ဖြစ်၏။

(ဂ) မိမိရှေ့ကျလျှင် ချီးမွမ်းစကားကို ပြောတတ်သူ၊

(ဃ) ကွယ်ရာ၌ကား အပြစ်ကို ပြောတတ်, အကျိုးပျက်စီးအောင် လုပ်တတ်သူ၊ (ဤသူမျိုးကို ဟိတောပဒေသဝယ် "အိုးနှုခမ်း၌ နို့ရည်တွေကိုပြ၍ အတွင်းက အဆိပ်ပြည့်နေသော အဆိပ်ရည်အိုးနှင့်တူသူ"ဟု ဆို၏။) ဤသူ ၄-မျိုးလည်း မိမိအလိုလိုက်၍ အကြိုက်ကို ပြောနေစေကာမူ စင်စစ်အားဖြင့် အကျိုးပျက်အောင် ပြုနေသောကြောင့် မိတ်ဆွေတုပင် ဖြစ်သည်။

**(ဆောင်)** မကောင်းအမှု, ကောင်းအမှုကို, ပြုကြဘို့ရာ, တိုင်ပင်လာလျှင်, လျော်စွာပြော၍, လိုက်ရောလေ့၏၊ သူ့ရှေ့၌တွင်, သူ့ဂုဏ်အင်ကို, အစဥ်ချီးမြှောက်၊ ကွယ်ရာရောက်က, လွန်ရှုတ်ချသဖြင့်, အနုပိယဘာဏီ, ခေါ်တွင်မည်သည်, လေးလီမိတ်တု တမျိုးတည်း။

**မှတ်ချက်။** ။ယခုခေတ်၌ ဆရာကြီး, မင်းကြီးတို့အပါး၌ ထိုကဲ့သို့မင်းလိုလိုက်၍ မင်းကြိုက်ပြောကြသော အနုပိယဘာဏီ မင်းမြှောင်စိုးကပ် ရှိတတ်၏၊ ဆရာကြီး, မင်းကြီးတို့လည်း ထိုကဲ့သို့ လူမျိုး၏စကားကို သဘောကျတတ်၏၊ ထို့ကြောင့် ထိုမိတ်တုတပည့်များ၏ စကားကို အလိုက်မှား၍ ပျက်ပြားရသူတွေ မနည်းလှချေ။

**အပါယသဟာယ။** ။(အပါယ=ပျက်စီးကြောင်းအမှုတို့၌+သဟာယ = အပေါင်းအဖော်ဖြစ်သူ။) (က) သေရည်အရက်သောက်ရာ၌ သောက်ဖော်သောက်ဖက်ဖြစ်သူ၊ (ခ) အချိန်မတော်လမ်းထွက်၍ လှည့်လည်ရာ၌ လည်ဖော်လည်ဘက်ဖြစ်သူ၊ (ဂ) ပွဲသဘင်ကို ပျော်ရွှင်လှည့်လည်၍ အလုပ်ပျက်အောင် ကြည့်ရှုရာ၌ သွားဘော်သွားဘက်ဖြစ်သူ၊ (ဃ) အလောင်းအစား အကစားအလုပ်၌ ကစားဘော်ဖြစ်သူ၊ ဤ ၄-ယောက်လည်း ဥစ္စာပျက်စီးကြောင်းကိစ္စ၌ အဖော်ဖြစ်သောကြောင့် မိတ်ဆွေအတုပင်တည်း။

**(ဆောင်)** သေရည်သောက်ဖက်, ညဥ့်လှည့်ဘက်နှင့်, ပွဲထွက်လှည့်ကာ, လောင်းစားရာ၌, မကွာတွဲခေါ်, ဤလေးဖော်သည်, မတော်ပျက်ကြောင်း မိတ်တုတည်း။

**မိတ်ဆွေစစ် ၄-ယောက်**

(၁) ဥပကာရ- ကျေးဇူးပြုတတ်သူ၊ (၂) သမာနသုခဒုက္ခ- ကောင်းတူဆိုးဘက်ဖြစ်သူ၊ (၃) အတ္ထက္ခာယီ= ကောင်းသော စီးပွားရေး ချမ်းသာရေးကို ပြောပေးလေ့ရှိသူ၊ (၄) အနုကမ္ပက= မိမိကို သနားစောင့်ရှောက်တတ်သူ၊ ဤ ၄-ယောက်သည် အလွန် ချစ်စရာကောင်းသော မိတ်ဆွေ အစစ်များ ဖြစ်ကြ၏။

**ဥပကာရ။** ။ကြုံလာသော ကိစ္စအားလျော်စွာ ကျေးဇူးပြုဖော်ရသော မိတ်ဆွေကို "ဥပကာရမိတ်ဆွေ" ဟု ခေါ်၏၊ (က) မိမိမိတ်ဆွေ သေရည်အရက်သောက်၍ မူးနေသည်ကိုသော်၎င်း, အခြား တစုံတခုသော အကြောင်းကြောင့် မေ့နေသည်ကိုသော်၎င်း တွေ့ရလျှင် ထိုသူ၏ ကိုယ်ဝတ်အထည် လက်ဝတ်တန်းဆာများကို သူတပါးယူသွားမည်စိုး၍ အနားကမခွာဘဲ စောင့်ရှောက်ဖော်ရသူ။

(ခ) ထိုကဲ့သို့ မူးမေ့နေသောကြောင့် ဖြစ်စေ, အရပ်တပါးသို့ သွားနေသောကြောင့်ဖြစ်စေ အိမ်က ဥစ္စာကို သူတပါးတို့ ခိုးယူသွားမည်စိုး၍ ဥစ္စာကို စောင့်ရှောက်ပေးသူ၊ (ဂ) မိတ်ဆွေ၌ ကြောက်စရာဘေး ပေါ်လာလျှင်

ထိုဘေးကို ကာကွယ်သောအားဖြင့် ဖြစ်စေ, စိတ်အား မငယ်အောင် "ဘာကြောက်ရမှာလဲ" စသည်ကိုပြော၍ အားပေးသောအားဖြင့် ဖြစ်စေ အားကိုးရသူ၊ (ဃ) မိတ်ဆွေ၌ ငွေကုန်ဘို့ရန် ကိစ္စတခုခုကြုံလျှင် (မိမိကလည်းထောက်ပံ့နိုင်ပါမူ) သူက တောင်းလာသော အကူအညီထက် ပို၍ပင် ပေးသူ။

**(ဆောင်)** မိတ်ဆွေတဦး, သေသောက်ကြူး၍, မေ့မူးနေလတ်, စောင့်ရှောက်တတ်၏၊ အရပ်တပါး, ထွက်ခိုက်ငြားနှင့်, သောက်စားမေ့ရာ, ထိုအခါလည်း, ဥစ္စာစောင့်ရှောက်၊ ဘေးရန်ရောက်သော်, မကြောက်စေမူ, အားပေးပြုလျက်၊ မင်းမှုရုပ်မူ, ငွေတွက်ဟူ၍, အကူတောင်းက, ထိုမကပင်, နှစ်ဆလောက်ကူ၊ မိတ်စစ်ဟူသည်, ၄-ဆူ ဥပကာရတည်း။

**သမာနသုခဒုက္ခ**။ ။သမာနသုခ- ချမ်းသာလျှင်လည်း အတူချမ်းသာ၊ သမာနဒုက္ခ- ဆင်းရဲရာလည်း မခွါမခွဲဘဲ ကောင်းတူဆိုးဘက် ဖြစ်သူကို သမာနသုခ ဒုက္ခ မိတ်ဆွေအစစ်ဟု ခေါ်၏၊ ထိုမိတ်ဆွေလည်း ၄-မျိုးရှိ၏၊ (က) တိုင်းရေးပြည်ရေး အိမ်တွင်းရေးစသော အရေးကြီး ကိစ္စအတွက် လျှို့ဝှက်ရမည့် အကြောင်းအရာကို မိမိအားပြောသူ။

(ခ) မိမိ၏ လျှို့ဝှက်ရမည့် အတွင်းရေးကို ဘေးသို့ မပေါက်ကြားအောင် စောင့်ရှောက်ထားသူ၊ (ဂ) မိမိမှာ ဘေးရန်ပေါ်လာလျှင် မိမိကို စွန့်ခွါမသွားသူ၊ (ဃ) မိမိအတွက် အသက်ကို စွန့်နိုင်သူ။

**(ဆောင်)** လျှို့ဝှက်ရမည့်, အကြောင်းရှိလျှင်, မိမိပြောကြား၊ ကိုယ်ပြောကြားလည်း, အခြားတယောက်, ထံမပေါက်အောင်, စောင့်ရှောက်သည်သာ၊ ဘေးပေါ်လာမူ, ဘယ်ခါမခွဲ, မစွန့်မြဲတည်း၊ အသဲသို့မက်, မိတ်ဆွေတွက်ကြောင့်, အသက်ကိုပင်, ထိမထင်သည်၊ လေးအင်ကောင်းတူ ဆိုးဘက်တည်း။

**အမှာ။** ။ယခုအခါ ဤမျှအားကိုးရသောမိတ်ဆွေ ရှားလှ၏၊ ထို့ကြောင့် အရေးကြီးသော ကိစ္စကို တိုင်ပင်ရာဝယ် အလွန်စိတ်ချ နောက်ကျောအေး ရသော မိတ်ဆွေ အစစ်များနှင့်သာ တိုင်ပင်ကြပါလေ၊ ယခုခေတ်၌ အတွင်း ရေးတွေ နိုင်ငံကြီးများပင် ပေါက်ကြားတတ်လေသည်။

**အတ္ထက္ခာယီ။** ။အတ္ထ- အကျိုးရှိမည့် အစီးအပွားကို+ အက္ခာယီ-ပြောဆို တတ်သော မိတ်ဆွေကို အတ္ထက္ခာယီ မိတ်ဆွေစစ်ဟုခေါ်၏၊ ထို မိတ်ဆွေလည်း ၄-မျိုးပင်ရှိ၏၊ (က) ပါဏာတိပါတ စသောအမှု, မိန်းမလိုက်စားမှု စသည်ကိုပြုမည်ဆိုလျှင် မင်းပြစ်, အကုသိုလ်ပြစ် ဖြစ်မည်စိုး၍ ထိုမကောင်းမှုကို တားမြစ်သူ။

(ခ) မင်းပြစ်လည်းမရှိ, အကုသိုလ်ပြစ်လည်းမရှိဘဲ စင်စစ် အကျိုးသာ ရှိသော ဒါနမှု, သီလမှုစသော ကုသိုလ်ကောင်းမှု၌ တိုက်တွန်းတတ်သူ၊ (ဂ) မိတ်ဆွေမကြားဘူးသော တရားနှင့် လောကကြီးပွားရေးကို ပြောပေးတတ်သူ၊ (ဃ) သေသောအခါ ကောင်းရာဂတိသို့ ရောက်မည့်လမ်းကြောင်းကို ပြောပြ တတ်သူ။

**(ဆောင်)** မကောင်းအမှု, တားမြစ်ပြု၍၊ ကောင်းမှုကိုကား, ညွှန်ပြ ထား၏၊ မကြားစဘူး, တရားထူးလည်း, ကြားဘူးအောင်ပြု၊ သေလွန်ကမူ, ဘဝနောက်နှောင်း, လမ်းပန်းကောင်းကို, ထပ်လောင်းညွှန်ကြား, မိတ်၄-ပါးသည်, မှတ်သား အတ္ထက္ခာယီ တည်း။

**အမှာ။** ။"သေလွန်သောအခါ ဘဝကောင်းဘို့ လမ်းကြောင်း"ဟူသည် ဗျဂ္ဃပဇ္ဇသုတ်၌ နောက်ဘဝ ချမ်းသာဘို့ရန် ဟောတော်မူအပ်သော သဒ္ဓါ, သီလ, စာဂ, ပညာ ၄-ပါးပင်တည်း။ (အခြားနည်းအားဖြင့် ဟောတော်မူအပ် သော ကောင်းမှုများလည်း ဤ ၄-ပါးတွင် ပါဝင်ကြသည်။)

**အနုကမ္ပက။** ။သနားစောင့်ရှောက်တတ်, ချီးမြှောက်တတ်သော မိတ်ဆွေ ကို "အနုကမ္ပက" ဟု ခေါ်၏၊ ထိုမိတ်ဆွေလည်း ၄-မျိုးပင်ရှိ၏၊ (က) မိတ်ဆွေမှာ ဥစ္စာစည်းစိမ် ဂုဏ်သိရ်ရာထူး ပျက်သည်ကိုဖြစ်စေ,

မိတ်ဆွေ၏ သားသမီး အခြွေအရံတို့မှာ ထိုကဲ့သို့ ပျက်သည်ကိုဖြစ်စေ မြင်ရကြားရလျှင် စိတ်မကောင်းဖြစ်သူ၊ (နဂိုရ်က ကိုယ့်ထက်သာ၍ မနာလိုနေသူတို့ကား ထိုကဲ့သို့ ပျက်စီးသည်ကို မြင်ရ ကြားရလျှင် ပျော်ရွှင်တတ်ကြသည်။)

(ခ) မိတ်ဆွေမှာဖြစ်စေ, မိတ်ဆွေ၏ သားသမီး အခြွေအရံတို့မှာဖြစ်စေ ဥစ္စာစည်းစိမ် ဂုဏ်သိရ်ရာထူး တိုးတက်နေသည်ကို မြင်ရ ကြားရလျှင် ဝမ်းမြောက်သူ၊ (နဂိုရ်က မနာလိုနေသူတို့ကား ထိုသို့ တိုးတက်သည်ကို မြင်ရ ကြားရလျှင် စိတ်မချမ်းမသာ ဖြစ်တတ်ကြသည်။)

(ဂ) မိမိမိတ်ဆွေ၏အပြစ်ကို အခြားသူတို့ကပြောလျှင်''ဒီလိုမပြောပါနှင့်၊ ဒီအပြစ်မျိုး မရှိပါ''ဟု ကန့်ကွက်တားမြစ်သူ၊ (နဂိုရ်က ဣဿာ (မနာလို) ဖြစ်နေသူတို့ကား ထိုသို့အပြစ်ပြောသံကြားလျှင် ထောက်ခံ၍ပင် ပြောတတ်ကြသည်။)

(ဃ) မိမိမိတ်ဆွေ၏ ဂုဏ်ကို အခြားသူတို့က ပြောလျှင် ''အသင်ပြောတဲ့ အတိုင်း မှန်ပါတယ်'' ဟု ထောက်ခံ၍ မိမိကလည်း ဖြည့်စွက်၍ မိတ်ဆွေ၏ ဂုဏ်ကိုပြောတတ်သူ။ (နဂိုရ်က ဣဿာ ဖြစ်နေသူတို့ကား ထိုကဲ့သို့ ပြောသံကို ကြားလျှင် မထောက်ခံနိုင်ဘဲ ကန့်ကွက်၍ပင် အပြစ်ပြောတတ်သေး၏။)

**(ဆောင်)** ချစ်မိတ်ဆွေအား, သားမယားနှင့်, စီးပွားဥစ္စာ, တိုးတက်လာလျှင်, လွန်စွာချမ်းမြ, ပျော်ရွှင်လှ၏၊ မရစီးပွား, ဂုဏ်သိရ်များလည်း, လျော့ပါးနေသော်, ရွှင်မပျော်တည်း၊ မိတ်ဖေါ်အပြစ်, သူများလှစ်သော်, တားမြစ်သည်သာ၊ ဂုဏ်ပြောခါမူ, မှန်ပါပေကြောင်း, ထောက်ခံလောင်းသည်, မိတ်ကောင်း ၄-သွယ် နှုကမ်တည်း။

ဖြည့်စွက်ဘွယ်။ ။သိင်္ဂါလောဝါဒသုတ်၌လာသောမိတ်ဆွေတု မိတ်ဆွေစစ်များအပြင် ဒွါဒသနိပါတ်မိတ္တာ မိတ္တဇာတ်၌လာသောထူးရာအချက်များကို ဖြည့်စွက် မှတ်သားထိုက်သေး၏။ မိတ်ဆွေတု (ရန်သူ)၏ **အမှတ်အသားများကား....**

(က) မိမိကိုမြင်လျှင် ပြုံးရွှင်မှုကို မပြုခြင်း၊ (တချို့ကား ဟန်ပြုံး ပြုံးတတ်သေး၏၊ ထိုဟန်ပြုံးလည်း မကောင်း။)

(ခ) မိမိစကားကို မနှစ်သက်မလိုလားခြင်း၊ (တချို့ကား ရှေ့၌ နှစ်သက်ဟန်ဆောင်၍ ကွယ်ရာရောက်မှ အပြစ်ပြော၏၊ ထိုသူလည်း မကောင်း။)

(ဂ) မိမိပြောစကားကို ဆန့်ကျင်ဘက်ပြောခြင်း၊ (အစည်းအဝေးစသည်၌ ဆန့်ကျင်ဘက်ပြောခြင်း။)

(ဃ) မျက်နှာချင်းမဆိုင်ဘဲ မိမိကကြည့်သောအခါ သူက မျက်နှာလွဲနေခြင်း။ (ရှက်၍ မျက်နှာလွဲခြင်းမျိုးမဟုတ်၊ မုန်း၍ မျက်နှာလွဲခြင်းမျိုးကို ဆိုလိုသည်။)

(င) မိမိ၏ရန်ဘက်ဖြစ်သူများကို သူက အပေါင်းအသင်းလုပ်ခြင်း၊

(စ) မိမိ၏မိတ်ဆွေများနှင့် အပေါင်းအသင်းမလုပ်ခြင်း၊

(ဆ) အလွန်ကောင်းသော အစားအသောက်များကို စားရသောအခါ သတိမရခြင်း၊ (နဂိုရ်ကမိတ်ဆွေဟု ထင်ထားသော်လည်း ထိုအခါမျိုး၌ သတိမရလျှင် ရင်းနှီးသောမိတ်ဆွေ မဟုတ်နိုင်။)

(ဇ) ထိုသူ့အထံမှ မရွှင်လန်းစရာ (စိတ်ညစ်စရာ)များကို ရရှိခြင်း။

ဤအမှတ်လက္ခဏာများနှင့် သိဂ်ါလသုတ်၌လာသော မိတ်ဆွေတို့၏ လက္ခဏာများကိုထောက်၍ မိတ်ဆွေအစစ်မဟုတ်၊ မိတ်ဆွေအတုသော်၎င်း, ရန်သူသော်၎င်း ဖြစ်ကြောင်းကို သိရသည်။

(ဆောင်) မိမိကိုယ်မြင်, မပြုံးရွှင်ဘဲ၊ ဆိုလျှင်စကား, မလိုလားတည့်၊ အများရှေ့မှာ, ပြောဆိုခါမူ, သူသာကန့်ကွက်, ဆန့်ကျင်ဘက်နှင့်၊ မျက်နှာချင်းပြိုင်, ကြည့်မဆိုင်အောင်, ရှောင်နိုင်ရှောင်ရှား၊ ရန်သူများကို, သူကားပေါင်းသင်း၊ ကိုယ့်မိတ်ရင်းကို, အလျှင်းမပေါင်း, ခွဲခွါရှောင်း၍၊ စားကောင်းသောက်ရာ, ကြုံသောခါလည်း, စိတ်မှာသတိ, မရရှိသည်၊ မှတ်ဘိမိတ်တု အများတည်း။

**မိတ်ဆွေများ။** ။ပြုခဲ့သော အပြစ်တို့မှ ပြောင်းပြန် အကျိုးများကို လိုလားသူ, အရပ်တပါးသို့သွားသောအခါ မကြာမကြာအောက်မေ့တတ်သူ, ပြန်လာသောအခါ လွန်စွာနှစ်သက်သူ, ချစ်ချစ်ခင်ခင် ကြင်နာမြတ်နိုးသူ, နှစ်သက်ဘွယ်စကားကို ပြောဆိုသူ, ဤသူများကို မိတ်ဆွေအစစ်ဟု မှတ်ပါ၊ ဤအဖြစ်မျိုးကား သားသမီးနှင့် မိဘတို့၌ ၎င်း, သမီး ခင်ပွန်းတို့၌၎င်း သာ၍ အထင်အရှားဖြစ်ကြသည်။ (သို့သော် စိတ်မပါဘဲ ဟန်လုပ်၍ ပြောတတ်ပြုတတ်သူများလည်း ရှိသေး၏၊ ထိုသူများကိုကား တော်တော်ကြာအောင် သတိထားကြည့်သူမှ သိနိုင်ပေလိမ့်မည်၊)

**(ဆောင်)** ဖော်ပြခဲ့ငြား, အပြစ်များမှ, တခြားပြောင်းပြန်, တွေ့ရပြန်လျှင်, ကေန်မိတ်မြတ်, စိတ်၌မှတ်လော၊ အရပ်တပါး, မိတ်ဆွေသွားလျှင်, စိတ်အားမကြွ, လွမ်းဆွတ်ရ၏၊ ထိုမှတဖြာ, ပြန်၍လာသော်, လွန်စွာရွှင်လန်း၊ ကြင်နာစွမ်းဖြင့်, ဝမ်းပန်းတသာ, ပြောဆိုလှာ၏၊ အခါတိုင်းဝယ်, နှစ်သက်ဘွယ်သာ, နှုတ်ဝယ်ပြောကြား၊ ထိုသူများလည်း, မှတ်သားမလစ်, မိတ်ဆွေစစ်သည်, ခွဲလှစ်ကျိုးကြောင်း—ဆိုးအကောင်း။

**စီးပွားစုပါ။** ။ဗုဒ္ဓမြတ်စွာသည် ဤဘဝ၌ ချမ်းသာဘို့ရာ ဥဋ္ဌာနသမ္ပဒါစသော တရားများနှင့် မိတ်တု မိတ်စစ်ကိုခွဲခြား၍ ပြတော်မူ၏၊ ထိုသို့ပြတော်မူခြင်းသည် ယခုဘဝ၌ မိတ်ဆွေအတုများကြောင့် စီးပွားပျက်တတ်, နောက်ဘဝအတွက် ကုသိုလ်မရဘဲ အကုသိုလ်များတတ်ခြင်း, မိတ်ဆွေအစစ်များကြောင့် ယခုဘဝ၌ စီးပွားဖြစ်တတ်, နောက်ဘဝအတွက် အကုသိုလ်မများဘဲ ကုသိုလ်ပွားတတ်ခြင်းကြောင့်ဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဤဘဝချမ်းသာရေးအတွက် စီးပွားစုဘို့ရန်ကို၎င်း, စီးပွားဥစ္စာရှိမှ မိတ်ဆွေကောင်းတို့ကို မပျက်အောင် ထိန်းထားနိုင်ကြောင်းကို၎င်း ဟောတော်မူပါသည်၊ မှန်ပါသည်—ယခုအခါ၌ အချင်းချင်းမိတ်ဆွေဖြစ်ရာ၌ မိမိကလည်း ပြန်၍ပေးနိုင်မှ ကြာရှည်တည်တံ့သည်၊ ဥစ္စာကို မိတ်ဆွေကောင်းတို့က ကူညီ

စောင့်ရှောက်ပါလျက် စီးပွားပျက်နေသူမှာ ထိုမိတ်ဆွေများလည်း ကြာရှည်စွာ အဆက်ဆံမလုပ်နိုင်ပါ။

**ပျားကိုပုံပြု။** ။စီးပွားကို တရားသဖြင့် စုဆောင်းရာ၌ လုံးကန်ခဲကန် တခါတည်း စုပုံ၍ ရဘို့ရာမလွယ်ကူပါ၊ ရှေးဦးစွာ ပျားတို့၏ပျားရည် စုပုံကို စဉ်းစားပါ၊ ပျားတို့သည် ပန်းပွင့်ပေါင်း များစွာမှ ပန်းဝတ် ရည်ကို စုတ်ယူကြ၏၊ ထိုသို့ စုတ်ယူသည့်အတွက် ပန်းပွင့်တို့သည် ညှိုးနွမ်းခြောက်သွေ့၍ မနေရစ်၊ လန်းမြဲလန်း, လှမြဲလှ, မွှေးမြဲမွှေး နေရစ်၏၊ သို့သော် ပျားတို့၌ကား ပျားရည်တွေများစွာ စုမိလေသည်၊ ထို့အတူ အရောင်းအဝယ် လုပ်ရာ၌ဎင်း, အတိုးအပွား ချထားရာ၌ဎင်း, အလုပ်ရှင် အလုပ်သမား ဖြစ်ရာ၌ဎင်း, မိမိနှင့် စီးပွားဘက် ဖြစ်ကြသူ တို့ကို ဆင်းရဲမနေရစ်စေဘဲ သူတို့အထံမှ ထိုက်တန်သော ရစရာများကို နည်းနည်းစီ သို့မဟုတ် နေ့စဉ် ရအောင်ယူသောအားဖြင့် မိမိမှာ စီးပွားစုမိအောင် တရားသဖြင့် စုရပါသည်။

**ခြကိုတု။** ။''ခြ''ဟု ခေါ်အပ်သော သတ္တဝါ ကလေးတို့သည် မြေမှုန့် ကလေးများကို အနည်းငယ်စီ သယ်ယူကြ၏၊ ထိုသို့ သယ်ယူပုံကို ကြည့်ရလျှင် တောင်ပို့ကြီး ဖြစ်လိမ့်မည်ဟု ထင်နိုင်စရာမရှိ၊ သို့သော် ထိုခြကလေးများသည် လုလ္လဝီရိယ အလွန်ကောင်းရကား မကြာမီပင် သူတို့နေဘို့ရာ တောင်ပို့ကြီး ဖြစ်လာလေသည်၊ ထို့အတူ တနေ့ တနေ့ လျှင် တမူး တမတ်မျှလောက် စုနိုင်ရုံဖြင့် ဥစ္စာကြွယ်ဝသူ ဖြစ်နိုင်မည်ဟု မထင်နိုင်ပါ၊ သို့ရာတွင် မှန်မှန်စုလိုက်သောအခါ အတော်ကြာလျှင် ဥစ္စာအထုပ်ကလေးကို မြင်ရ၍ ထိုအထုပ်ကလေးမှ အထုပ်ကြီးဖြစ်ခါ ဥစ္စာရှင် ဖြစ်လာနိုင်ပါသည်။

**၄-ပုံခွဲ၍ သုံးစွဲပါ။** ။တော်တော်စု၍ ဥစ္စာထုပ်ကလေး ဖြစ်လာသော အခါ ထိုဥစ္စာကို ၄-ပုံခွဲ၍ သုံးစွဲရသည်၊ (၁) ဝတ်ဘို့ စားဘို့ သုံးစွဲဘို့ တပုံ၊ (၂) အရောင်းအဝယ်လုပ်ဘို့ ၂-ပုံ၊ (၃) ဘေးရန်ပေါ်သော အခါ အသုံးချဘို့ရန် မြှုပ်နှံသိမ်းထားရ, ဘဏ်၌အပ်ထားရသော တပုံ၊ ဤသို့ ၄-ပုံခွဲ၍ သုံးစွဲရမည်ဟုသိင်္ဂါလောဝါဒသုတ်၌ ဟောတော်

မူပါသည်။ (ဤနည်းကား လက်လုပ်လက်စား မစုမိသေးသူများ အတွက်ငှင်း, အလွန် ပေါများသူများ အတွက်ငှင်း, ရည်ရွယ်တော် မူဟန်မတူ၊ အလယ်အလတ် လူများအတွက် ရည်ရွယ်တော်မူဟန် တူသည်။)

**သုံးစရာထည်းမှ စွန့်ကြဲပါ။** ။ဤပြခဲ့သော ၄-ပုံတွင် စွန့်ကြဲပေးကမ်း လှူဒါန်းဘို့ရာ သီးခြားမပါ၊ သုံးစွဲဘို့ရန် သတ်မှတ်ထားသော တပုံ တည်းမှပင် ရသေ့ရဟန်းတို့အားလည်း စားဦးစားဖျားကို လှူဒါန်း ရ၏၊ တောင်းရမ်း စားသောက်သူတို့ကိုလည်း စားကြွင်းစားကျန်ကို စွန့်ကြဲပေးကမ်းရသည်။

**မှတ်ချက်။** ။ဘုရားရှင်သည် မိမိမှာမရှိပါဘဲ ကြွေးယူ၍ အလှူပေးဘို့ကို မဆိုထားဘိ၊ ကြွေးမယူရဘဲ ရှိရင်းပစ္စည်းထည်းကသော်မှ အခရောင်း အဝယ် အရင်းအနှီး လုပ်နေသော ပစ္စည်းကို လှူဒါန်းဘို့ရန် ညွှန်ပြတော် မမူပါ၊ မိမိနေ့စဉ် စားသုံးနေသော ပစ္စည်းထည်းကသာ အနည်းငယ် စွန့်ကြဲပေးကမ်း လှူဒါန်းဘို့ ညွှန်ပြပါသည်။

**မမွဲနိုင်သောအလှူ။** ။အခါတပါး၌ ဘုရားရှင်သည် အစားအသောက် ဒုဗ္ဘိက္ခဖြစ်နေသော နာဠန္ဒာမြို့ဝယ် ရဟန်းငါးရာနှင့်အတူ ရောက်လာ တော်မူ၏၊ ထိုအခါ နိဂဏ္ဍ၏ ဒါယကာ တယောက်ဖြစ်သော ဂါမဏိ (မြို့လူကြီး) သည် ဘုရားအထံတော်သို့လာ၍ "မြတ်စွာဘုရားသည် သတ္တဝါတို့ကို သနားသည်- ဟု ဆိုပါလျက် ယခုလို ဒုဗ္ဘိက္ခအခါဝယ် ရဟန်းများစွာနှင့်အတူ လှည့်လည်တော်မူသည်မှာ လူတို့ကို နှိပ်စက်ရာ မရောက်ပါလော" ဟု အပြစ်တင်စကားကို လျှောက်လေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ရှေးရှေးက ဖြစ်ပျက်ခဲ့ပုံကို ၁၉ကမ္ဘာ ဆင်ခြင်တော် မူလေရာ ကိုးဆယ့်တကမ္ဘာအတွင်းကို မြင်တော်မူ၍ မိန့်တော်မူသည် မှာ ဂါမဏိ.... စားဘို့ချက်အပ်သော ထမင်းအိုး ဟင်းအိုးမှ ခူးခတ်၍ စားဦးစားဖျား စားကြွင်းစာကျန်ကို လှူဒါန်းပေးကမ်းသည့်အတွက် မွဲသွားသော အမျိုးကို တဦးတလေမျှ ကိုးဆယ့်တကမ္ဘာ အဘွင်းဝယ်

မြင်တော်မမူ၊ စင်စစ်မှာ.... ကြွယ်ဝချမ်းသာသော အမျိုးဟူသမျှသည် ဒါနကြောင့်လည်း ဖြစ်ကြရ, သစ္စာ (မှန်မှန်ကန်ကန် ပြောဆိုပြုလုပ် ရောင်းဝယ်မှု) ကြောင့်လည်းဖြစ်ကြရ, ကိုယ်နှုတ်စောင့်စည်းမှုဟူသော သီလကြောင့်လည်း ဖြစ်ကြရသည်၊ ဤသို့ မိန့်တော်မူ၍ မွဲခြင်း၏ အကြောင်းများကိုဆက်လက် မိန့်တော်မူသည်။

**မွဲခြင်း၏အကြောင်း။** ။ဂါမဏိ....မတရားသော အစိုးရ၏သိမ်းယူခြင်း ကြောင့်သော်၎င်း, ခိုးပြသူခိုးလူဆိုးများကြောင့်သော်၎င်း, မီးလောင် ခြင်းကြောင့်သော်၎င်း, ရေလွှမ်းခြင်းကြောင့်သော်၎င်း, မြှုပ်နှံထား သော ရွှေအိုး ငွေအိုး၏ နေရာရွှေသွားခြင်းကြောင့်သော်၎င်း, (ကံ မကောင်းသောအခါ မြှုပ်ထားသော ဥစ္စာများသည် နတ်စသည်တို့၏ ရွှေ့မှုကြောင့် နေရာရွှေသွားတတ်သည်) မိမိမကျွမ်းကျင်သောအလုပ် (လယ်ယာအရောင်းအဝယ်အလုပ်စသည်)ကို လုပ်မိခြင်းကြောင့်သော် ၎င်း, အမျိုးထည်း၌ စည်းစိမ်ဥစ္စာကို ဖြုန်းတီးမည့် အညွန့်တုံးသော လူ့မီးသွေးခဲ–လူမဲလူမိုက် ပေါ်လာခြင်းကြောင့်သော်၎င်း, အနိစ္စ သဘောကြောင့်သော်၎င်း ဤရှစ်ပါးတွင် တမျိုးမျိုးကြောင့် ဥစ္စာ စည်းစိမ်ပြိုကွဲ၍ မွဲတတ်လေသည်။ (သင္ဂါယတနသံယုတ်၊ ဂါမဏိဝဂ်။)

**တိုက်တွန်းချက်။** ။ယခုခေတ်လူအချို့က "ဗုဒ္ဓမြတ်စွာ၏ သာသနာတော် ကို အကုန်အကျများ၍ လောကကျိုးမများ"ဟု စွပ်စွဲလိုကြသည်၊ ဤတရားတော်သည် ထိုစွပ်စွဲချက်ကို ချေပပြီးဖြစ်ရကား ဗုဒ္ဓသာသနာ တော်ကို ကြာရှည်စွာတည်စေလိုပါလျှင် ဤတရားတော်ကို လေးလေး နက်နက် စဉ်းစားကြစေလိုပါသည်၊ နောက်သံသရာ ချမ်းသာရေး အတွက် ညွှန်ပြတော်မူအပ်သော သဒ္ဓါ သီလ စာဂ ပညာ ဤ ၄-ဖြာ တွင် ဒါန(စာဂ) အတွက် ဗုဒ္ဓမြတ်စွာ၏ညွှန်ပြချက်၌ မွဲစရာအကြောင်း မရှိပါ၊ ထို့ပြင် ဒါန (စာဂ)တခုကိုသာ အားမကိုးဘဲ သဒ္ဓါ သီလ ပညာကိုလည်း အားကိုးကာ ၄ ါးပါးသို့လုံခြုံအောင် စောင့်ထိန်း ကြစေလိုပါသည်။

**ကိုယ့်ကိုယ်ကိုချစ်ပါ။** ။မိမိတို့သည် ရှေးရှေးဘဝကလည်း သတ္တဝါ တယောက်အနေဖြင့် ဖြစ်ခဲ့ကြ၏၊ ရဟန္တာမဖြစ်သေးသမျှ နောက် နောက်ဘဝအဆက်ဆက်၌လည်း ဖြစ်ကြရဦးမည်၊ ထိုသို့ဖြစ်ရာ၌ အကုသိုလ်ဒုစရိုက်တွေ အကျိုးပေးခွင့်ကြုံလာသောအခါ ငရဲ, ပြိတ္တာ, တိရစ္ဆာန်နှင့် လူနုံ လူမွဲ လူဆင်းရဲဖြစ်ကြရ၏၊ ကုသိုလ်သုစရိုက်တို့ အကျိုးပေးခွင့်ရသောအခါ လူချမ်းသာ နတ်ဗြဟ္မာဖြစ်ရ၏ ထို့ကြောင့် "ကံမကောင်းလဲ ငါ, ကံကောင်းလဲ ငါ"ဟု သိပြီးလျှင် မိမိကိုယ်ကို ချစ်ခင်သူသည် ယခုဘဝကစ၍ မကောင်းမဖြစ်ရအောင် ကောင်းသော သုစရိုက်ကုသိုလ်များကိုသာ သတိထား၍ ကြိုးစားပါ၊ ထိုသို့ ကုသိုလ် ဘက်၌ အားတက်သရောပြုသူသာလျှင် မိမိကိုယ်ကို ချစ်ရာရောက်ပါ သည်၊ ကုသိုလ်ကို မကြိုးစားဘဲ မိမိစိတ်၏အလိုသို့လိုက်၍ ဒုစရိုက် မကောင်းမှုကို များစွာပြုနေသူကား မိမိကိုယ်ကို မိမိချစ်ရာမရောက်ဘဲ ငရဲအထိ နစ်မြုပ်အောင် နှစ်ရာရောက်နေပါသည်။

"အကုသလ, ကုသလ၏, ကမ္မသကာ, လက္ခဏာကို, ကောင်းစွာ ဝမ်းတွင်း, နှလုံးသွင်းကာ, မပျင်းကုသိုလ်, ထိုပုဂ္ဂိုလ်ကား, ကိုယ့်ကို ချစ်သူ, မည်သောဟူ၏"—**မဃဒေဝလင်္ကာ**။

**ဝတ်တရားကျေမှု ချစ်ရာရောက်။** ။"မိမိကိုယ်ကို ချစ်ရမည်"ဟု ဆိုသော ကြောင့် မည်သည့်ကိစ္စ၌မဆို မိမိအကျိုးကိုသာ ကြည့်ရမည်ဟု မဆို လိုပါ၊ မိမိနှင့်ဆက်သွယ်သူများ၏ တာဝန်ဝတ္တရားကို ကျေပွန် အောင် ပြုစုရပါသည်၊ မိမိက ဝတ္တရားကျေသောကြောင့် သူတို့က မိမိကို ပြန်၍ချမ်းသာအောင် ပြုခြင်း, နောင်ဘဝချမ်းသာဘို့ရန် ကောင်းမှုကုသိုလ် ပြုရာရောက်ခြင်းကြောင့် "ဝတ္တရားကျေမှုကိုလည်း မိမိကိုယ်ကို ချစ်ရာရောက်သည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် ဘုရားရှင် သည် သိင်္ဂါလသတို့သားအား မိဘဝတ်, သားသမီးဝတ် စသော ဝတ္တရားများကို ဟောတော်မူ၏၊ ထိုဝတ္တရားတို့တွင် မိဘနှင့်သားသမီး ဝတ်ကိုသာ ဤအခန်း၌ပြ၍ ဆရာရဟန်းဝတ်, ဒကာဝတ်ကို နောက် အခန်းကျမှ ပြပါမည်။

## မိဘ ၂-ပါး

ဗုဒ္ဓမြတ်စွာသည် မိဘ ၂-ပါးကို ဗြဟ္မာဟူရင်း, ဆရာဟူရင်း, အလှူခံ ထိုက်သော ပုဂ္ဂိုလ်ဟူရင်း တင်စား၍ ဟောတော်မူ၏။ (တိကအင်္ဂုတ္တိုရ်၊ ပဌမပံ၊ ဒေဝဒူတဝဂ်၊ ပဌမသုတ်။)

**ဗြဟ္မာနှင့်တူပုံ။** ။ဗြဟ္မာတို့သည် သတ္တဝါတို့အပေါ်၌ မေတ္တာစိတ်, ကရုဏာစိတ်, မုဒိတာစိတ်, ဥပေက္ခာစိတ် ထားနိုင်ကြသကဲ့သို့ မိဘတို့ လည်း သားသမီးတို့အပေါ်၌ ထိုစိတ် ၄-မျိုးလုံး ထားနိုင်ကြသည်၊ ထို့ကြောင့် မိဘ ၂-ပါးကို ဗြဟ္မာနှင့် စိတ်ချင်းတူသောကြောင့် "ဗြဟ္မာ"ဟု တင်စား၍ ခေါ်နိုင်ပေသည်။

**မိဘ၏မေတ္တာစိတ်။** ။ကလေးငယ်သည် ဝမ်းထည်း၌ပဋိသန္ဓေတည်နေစဉ် "ငါ၏ကလေးမျက်နှာကို ကိုယ်အင်္ဂါပြည့်ပြည့်စုံစုံဖြင့် ဘယ်တော့ မြင်ရပါ့မတုန်း"ဟု ကလေးကိုမြင်လိုသော မေတ္တာစိတ်သည် မိဘတို့ မှာ မဖွားမီကပင် ဖြစ်နေ၏၊ ဖွားမြင်လာသော ကလေးမျက်နှာကို မြင်ရ၍ အလွန်ခင်မင်သော မေတ္တာစိတ် ဖြစ်ပြန်လေသည်။ (ဤသို့ ကလေး၏ မျက်နှာမြင်ရခြင်းကို အကြောင်းပြု၍ မွေးဖွားခြင်းကို "မျက်နှာမြင်"ဟု ခေါ်ကြသည်။)

**မိဘ၏ ကရုဏာစိတ်။** ။မိမိ၏ကလေးငယ်သည် ပက်လက်ကလေး အိပ်နေ တုန်းဝယ် ခြင်ကိုက်ခြင်း ကြမ်းပိုးကိုက်ခြင်း နို့ဆာခြင်းကြောင့် ငိုသောအသံကို မိဘတို့ကြားလိုက်ရလျှင် သနားသောကရုဏာစိတ် ဖြစ်၏၊ ထိုကရုဏာကြောင့် အပြေးလာ၍ ခြင်ကိုချောက်ကြ နို့တိုက် ကြ၏၊ မကျန်းမမာဖြစ်ပြန်လျှင် အလွန်သနားသော ကရုဏာစိတ် ဖြစ်ကြပြန်၏၊ ဤသို့လျှင် မိဘတို့မှာ အခါအားလျော်စွာ ကရုဏာစိတ် လည်း ဖြစ်ရလေသည်။

**မိဘ၏ မုဒိတာစိတ်။** ။မိမိကလေးသည် မတ်တတ်ပြေး၍ ကစားနေသော အခါ, ကျောင်းတက်၍ စာသင်နေသောအခါ, စာမေးပွဲအောင်လာ

သောအခါ၊ လူလားမြောက်သဖြင့် လုချိန်ရောက်၍ လုနေသောအခါ၊ ကလေးကိုကြည့်၍ မိဘတို့မှာ အလွန်ဝမ်းမြောက်သော မုဒိတာစိတ် ဖြစ်ရလေသည်။

**မိဘ၏ ဥပေက္ခာစိတ်။** ။သားသမီးများသည် အရွယ်ရောက်၍ မိမိတို့ အိမ်ထောင်ဖြင့်နေသောအခါ၊ လူမှုရေးရာကို ကောင်းစွာ ရှက်ဆောင် နိုင်ကြသောအခါ၊ မိဘတို့မှာ သူတို့အတွက် ကြောင့်ကြမများတော့ဘဲ လစ်လျူထားနိုင်သော ဥပေက္ခာစိတ်လည်း ဖြစ်နိုင်ပေသည်။ ဤသို့လျှင် ဗြဟ္မာများသည် သတ္တဝါတို့အပေါ်၌ စိတ် ၄-မျိုးထားနိုင်သကဲ့သို့ မိဘတို့လည်း သားသမီးတို့အပေါ်၌ အခါအားလျော်စွာ စိတ် ၄-မျိုး ထားနိုင်သောကြောင့် မိဘတို့ကို ဗြဟ္မာဟု ခေါ်ရသည်။

**လက်ဦးဆရာ မိဘ။** ။မိဘတို့သည် သားသမီးများကို ကလေးဘဝ၌ပင် စကားတတ်အောင် သင်ပေးကြ၏၊ ဝတ်တတ်အောင်၊ စားတတ် သောက်တတ်အောင် သင်ပေးကြ၏၊ လိမ္မာယဉ်ကျေးအောင် သင်ပေး ကြ၏၊ တချို့မိဘတို့ကား ဘုရားရှိခိုးတတ်အောင်၊ ရဟန်းသံဃာတော် များနှင့် စကားအပြောတတ်အောင်ပင် သင်ပေးကြ၏၊ ထို့ကြောင့် မိဘ ၂-ပါးကို "လက်ဦးဆရာ"ဟုလည်း ခေါ်ကြရသည်။

**အလှူခံထိုက်သောမိဘ။** ။ထိုကဲ့သို့ သားသမီးအပေါ်မှာ မေတ္တာများစွာ ဖြင့် လိမ္မာအောင် သွန်သင်ဆုံးမ၍ ကျောင်းထားချိန်၌ ကျောင်းထား ပေးသော၊ အရင်းအနှီးပေးနိုင်လျှင် အရင်းအနှီးကို ထုတ်ပေးသော မိဘ ၂-ပါးကို အသက်အရွယ် ကြီးရင့်သောကြောင့် သူတို့ဘာသာ မနေသာသောအခါ ဖြစ်စေ၊ အရွယ်မကြီးလှသေးသော်လည်း မိဘနှင့် အတူ နေ၍ဖြစ်စေ၊ ပြုစုလုပ်ကျွေးသော သားသမီးများကို လူတိုင်း ကလည်း ချီးမွမ်း၏၊ လူသာမက နတ်တို့ကလည်း ကြည်ညို၏၊ ပြုစုသော ကုသိုလ်ကောင်းမှုက နောင်ဘဝ၌ ချမ်းသာအောင် အကျိုးပေး၏၊ ထို့ကြောင့် မိဘတို့သည် သားသမီးများ၏ အလှူခံပုဂ္ဂိုလ်တမျိုးလည်း ဖြစ်ပြန်သည်။

(ဆောင်) အလှူခံပုဂ္ဂိုလ်ထူး, လက်ဦးတဲ့မြတ်ဆရာ၊
ထက်ကောင်းကင် ပြဟ္မာမျိုး, တိုးလို့မှတ်ပါ၊
ထိုသူဟာ, ဘယ်မှာရှိပြား၊
တခြားမှောင် မရှာနဲ့, နောင်အခါပူဇော်ရမယ်, မိဘ၂-ပါး။

## မိဘဝတ် ၅-ပါး

(၁) ပါဏာတိပါတအမှု, သေရည်အရက် သောက်မှု, မိန်းမလိုက်စားမှု, မလိမ္မာသူတို့နှင့် ပေါင်းမှုစသော မကောင်းမှုကိုပြုလျှင် တားမြစ်ခြင်း၊ (ထိုသို့တားမြစ်ရာ၌ ရိုက်နှက်၍ တားမြစ်ရမည်ဟု မဆိုလို၊ အကျိုး အကြောင်း ပြောပြ၍ တားမြစ်ရ, အခြား မိတ်ဆွေကောင်းတို့ကို အပြောခိုင်း၍ တားမြစ်ရ, ဆရာသမားတို့ကို လျှောက်ထား၍ ဟော ပြောစေသောအားဖြင့် တားမြစ်ရသည်၊ ရိုက်နှက်ခြင်းကား အတော် ကြီးနေလျှင် မသင့်တော့ပါ။)

(၂) မင်းပြစ်လည်းမရှိ အကုသိုလ်ပြစ်လည်း မရှိသော ဒါနမှု သီလမှု စသည်ကို ပြုလုပ်ဘို့ရန် ညွှန်ပြခြင်း၊ (အနာထပိဏ် သဌေးသည် သဒ္ဓါတရား မရှိသောသားကို ငွေပေး၍ ဥပုသ်စောင့်ခိုင်း၏၊ ငွေပေး၍ ဘုရားအထံ တရား နာခိုင်း၏၊ တရားနာရင်းပင် နဂိုရ်က သဒ္ဓါတရား မရှိသောသားသည် သော တာပန် ဖြစ်သွား၏၊ ဓမ္မပဒအဋ္ဌကထာ၊ လောကဝဂ်။)

(၃) ကျောင်းထားချိန် ရောက်သောအခါ ဆရာ့ထံအပ်၍ အတတ်ကို သင်စေခြင်း။

**မှတ်ချက်။** ။"ကျောင်းမထားဘဲ အိမ်မှုကိုသာ ခိုင်းသော မိဘများ သည် ရန်သူပင်ဖြစ်၏" ဟု ဟိတောပဒေသ၌ ဆိုထား၏၊ ဘာ့ကြောင့်နည်း၊ ကြီးရင့်သောအခါ ပညာမတတ်သူသည် ဟင်္သာတို့အလယ်မှာ ဗျိုင်းကလေး မတင့်တယ်သလို ပညာရှိပရိသတ်အလယ်မှာ မတင့်တယ်သောကြောင့်တည်း။

(အတတ်သင်စေရာဝယ် မိမိတို့ မျိုးရိုးအလိုက် တတ်နေကျ အတတ်ကိုသာ သင့်စေသည်၊ ဥပမာ- လယ်သမား သားသမီးကို လယ်ယာနှင့်ဆိုင်သော စိုက်

ပျိုးရေးအတတ်ကို သင်စေ၏၊ လက်သမားမျိုးရိုးကို အင်ဂျင်နီယာ အတတ်ကို သင်စေ၏၊ ဆေးဆရာမျိုးရိုးကို ဆရာဝန် အတတ်သင်စေ၏၊ ဤသို့စသည်ဖြင့် ဆိုင်ရာအတတ်ကိုသာ သင်စေကြသည်၊ ကျောင်းအပ်ရာ၌လည်း ဆရာကောင်း ရှိသော ကျောင်းကောင်း၌သာ အပ်သင့်သည်။)

(၄) သင့်လျော်သော အိမ်ထောင်ကို ချပေးခြင်း၊ (သင့်လျော်ဟူရာ၌ "ဥစ္စာ, ရုပ်, ခေတ်ပညာ အရည်အချင်းထက် လိမ္မာခြင်း, ကျန်းမာခြင်း, အလုပ်ရှိခြင်း, မပျင်းရိခြင်း" စသော အရည်အချင်းကို ဂရုစိုက်၍ရွေးသင့်၏၊ ရုပ်ချော၍ အမွေအနှစ် သိန်းချီပြီး ရမည်ဖြစ်သော်လည်း ထိုအရည်အချင်းများ မရှိဘဲ မိုက်ရူးရဲ မလိမ်မာမာ ဖြစ်နေပါမူ ထိုပစ္စည်းဥစ္စာက အိမ်တွင်းချမ်းသာကို မပေးနိုင်၊ သူ၏ ချမ်းသာသမျှလည်း သူသုံးစွဲ၍ မွဲတတ်သည်။)

(၅) သင့်တော်သော အချိန်အခါ၌ အမွေပေးခြင်း၊ (ကျောင်းထား ချိန်၌ ကျောင်းစရိတ်ပေးခြင်း, စာမေးပွဲ အောင်သောအခါ တစုံတခုကို ချီးမြှောက်သောအားဖြင့် ပေးခြင်း, လက်ထပ်ချိန်၌ အရင်းအနှီးလုပ်ဘို့ရန်နှင့် ဝတ်စားဆင်ယင်ဘို့ရန် ပေးခြင်း, ကူးသန်းရောင်းဝယ်မှု ပြုနေသောအခါ အရင်းအနှီးလိုလျှင် ထပ်မံ၍ပေးခြင်း, ကုသိုလ်ပြုဘို့ရန် ပေးခြင်း စသည် တည်း။)

**အကျိုးရ။** ။ဤသို့ မိဘဝတ် ၅-ပါးကို မပျက်ရအောင် စောင့်ရှောက်သော မိဘသည် လူအများ၏ အချီးမွမ်းကို ခံရ၏၊ သားသမီးတို့က လိမ္မာကြလျှင် ထိုသားသမီးတို့အထံမှ စိတ်မချမ်းသာစရာဘေးအန္တရာယ် မဖြစ်တော့၊ သားသမီးတို့ကို ကြီးပွားအောင် စောင့်ရှောက်နိုင်သည့် အတွက် မိမိစိတ်လည်း ချမ်းသာရွှင်ပျလျက်ရှိ၏၊ သားသမီးတို့ကို စောင့်ရှောက်ရခြင်းသည် လိမ္မာသောသားသမီးတို့အထံမှ ကြီးရင့်သော အခါ ပြန်၍ အစောင့်အရှောက်ကိုလည်း ခံရသဖြင့် ဤဘဝ၌ပင် လက်တွေ့အကျိုးရနိုင်ပေသည်။

**(ဆောင်)** မကောင်းမြစ်ထာ, ကောင်းရာညွှန်လတ်, အတတ်သင်စေ, ပေးဝေနှီးရင်း, ထိမ်းမြားခြင်းလျှင်, ဝတ်ငါးအင်, ဖခင် မွယ်တို့တာ။

## သားသမီးဝတ် ၅-ပါး

(၁) မိမိအား မွေးကျွေးပြုစုခဲ့ကြသော မိဘတို့ကို ပြန်၍ပြုစုခြင်း၊ (မိဘတို့သည် မိမိကို ငယ်ရွယ်စဉ်ကစ၍ နို့ချိုတိုက်ကျွေးမွေးခဲ့ကြ၏၊ အညစ်အကြေး နှပ်တို့ကို သုတ်သင်ပေးခဲ့ကြ၏၊ ရေမိုးချိုးပေး၍ အမွေးအကြိုင်များကိုလည်း လိမ်းပေးကြ၏။ တော်တော်ကြီးလာလျှင် စကားသင်ပေးကြ၏၊ ဤသို့ မွေးကျွေးခဲ့ကြသော မိဘတို့ကို အိုမင်းမစွမ်း ရှိသောအခါ ကျေးဇူးဆပ်သောအားဖြင့် ပြန်၍ပြုစုမှ သားသမီးဝတ်ကျေသည်။)

(၂) မိဘတို့၌ မင်းကိစ္စ, အရပ်ကိစ္စ, စီးပွားရေး ကိစ္စရှိသောအခါ ထိုကိစ္စကို ပြုပေးခြင်း၊ (မိဘတို့ကို ကိုယ်တိုင် မရွက်ဆောင်စေဘဲ မိမိက မိဘတို့တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း။) (၃) မိဘတို့၏ အမျိုးအနွယ်ကို မတိမ်ကောရအောင် စောင့်ရှောက်ခြင်း၊ (ရှေးခေတ်က အမျိုးကောင်းခြင်းကို ကြီးကျယ်သောဂုဏ်ဟု အယူရှိကြ၏၊ ထို့ကြောင့် အမျိုးကောင်း သားသမီးသည် မိမိတို့အမျိုးကို နိမ့်ကျမသွားအောင် ထိန်းသိမ်းရ၏၊ အမျိုးတို့၏ အကျင့်အတိုင်း ကျင့်ကြရ၏။ မိဘတို့၏ အမွေအနှစ်ဖြစ်သော လယ်ယာ ရွှေ ငွေများကို မပျက်စီးအောင်, မိဘတို့ အလှူဒါနဝတ်ကို မပျက်စီးအောင် စောင့်ရှောက်ရ၏၊ အယူမှားနေသော မိဘကို အယူမှန်အောင် ပြောပြပေးခြင်းလည်း အမျိုးအနွယ်ကို စောင့်ရှောက်ရာရောက်၏။)

(၄) မိဘတို့၏ အမွေကို ခံထိုက်အောင် ကောင်းစွာကျင့်ရခြင်း၊ (မိဘတို့သည် တပင်တပမ်း ရှာဖွေစုဆောင်းခဲ့ရ, မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော ပစ္စည်းများကို ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် သားသမီးတို့အားသာ အမွေပေးလိုကြ၏၊ ထို့ကြောင့် သားကောင်း သမီးကောင်းသည် အမွေခံထိုက်အောင် ကောင်းစွာ သုံးစွဲနေထိုင်တတ်ရ, ပညာတတ်ရ, စီးပွား ထိန်းသိမ်းတတ်ရသည်။)

(၅) မိဘများ သေလွန်သောအခါ အလှူဒါနပြု၍ အမျှဝေခြင်း၊ (သေလွန်သော မိဘတို့၏ သွားရာဘဝသည် ငရဲ တိရစ္ဆာန် ပြိတ္တာ လူနှင့် နတ်ပြဟ္မာ ဟု ၅-မျိုးရှိ၏၊ ငရဲ, တိရစ္ဆာန်, တော တောင် စသော အဝေးအရပ်ဝယ် ပြိတ္တာဖြစ်သူ, လူဖြစ်နေသူတို့သည် ဤဘဝက သားသမီးတို့

ကုသိုလ်ပြုသည်ကို မသိနိုင်၊ ထို့ကြောင့် သားသမီးများပြုသော ကုသိုလ်ကို သာဓုမခေါ်နိုင်၍ ကုသိုလ်အဖို့ကိုမရကြ၊ နတ်ပြိတ္တာ ဖြစ်နေလျှင် သူတို့ကိုယ်တိုင် ချမ်းသာနေပြီဖြစ်၍ ဤဘဝက သားသမီးတို့၏ ကုသိုလ်ကို မမြော်လင့်ကြတော့၊ အိမ်၏အနီး၌ ပြိတ္တာ (တစ္ဆေ) ဖြစ်နေသူကား သားသမီးတို့၏ မိမိအတွက် ကုသိုလ်ပြုသည်ကို မြော်လင့်ကြ၏၊ ထို့ကြောင့် ထိုသူတို့အတွက် ကုသိုလ်ပြု၍ အမျှဝေကြရသည်၊ ကုသိုလ်ပြုရာ အမျှဝေရာ၌ကား စံနစ်ကျဘို့ လိုသေး၏၊ ထိုစံနစ်ကို ကိုယ်ကျင့်အဘိဓမ္မာ၌ "ပတ္တာနုမောဒနာ၏ ဒိဋ္ဌဓမ္မ အကျိုး" ဟု ညွှန်ပြထားပြီးဖြစ်သည်။) ဤသို့ မိဘတို့အပေါ်၌ မိမိတာဝန် ကျေလျှင် သူတပါးတို့က အပြစ်တင်စရာမရှိ၊ စင်စစ်အားဖြင့် ချီးမွမ်းဘွယ်သာ ဖြစ်၏၊ နောင်သံသရာအတွက် ကုသိုလ်ပါရမီလည်းရ၏။

(ဆောင်) မိဘမွေးကျွေး, ပြန်ဆပ်ပေးသို့, ကျွေးမွေးသမှု, ကောင်းစွာပြုလော့၊ စုစုကိစ္စ, တွေ့ကြုံကလည်း, မိမိဘဝန်တာ, ကိုယ်ဆောင်ကာဖြင့်၊ ၂-ဖြာမျိုးနွယ်, မပျောက်ကွယ်အောင်, ဆက်သွယ်စောင့်ပိုက်၊ မွေခံထိုက်ဘို့, မျိုးလိုက်ကျင့်ကောင်း, တိမ်မစောင်းဘဲ၊ ရွှေပြောင်းဘဝ, မိနှင့်ဘတို့, ချမ်းမြပါစေ, အမျှဝေ, ငါးထွေ သားသမီးတာ။

## သင်္ဂဟဝတ္ထု ၄-ပါး

သူတပါးကိုမိမိလူ (မိမိဘက်သား) ဖြစ်အောင် သိမ်းသွင်းခြင်းကို "သင်္ဂဟ" ဟု ပါဠိလိုခေါ်၏၊ ထိုသို့သိမ်းသွင်းခြင်း၏ အကြောင်းဝတ္ထုကို "သင်္ဂဟဝတ္ထု" ဟုခေါ်၏၊ ထိုသင်္ဂဟဝတ္ထုသည် ဒါန, ပေယျဝဇ္ဇ, အတ္ထစရိယာ, သမာနတ္တတာအားဖြင့် ၄-ပါးရှိ၏။ (အင်္ဂုတ္တိုရ်၊ ပဌမပံ၊ ဂဟပတိဝဂ်။)

ဒါန။ ။အချို့မိတ်ဆွေများသည် တစုံတခုသော ပစ္စည်းလက်ဆောင်ကို လိုလား၏၊ ပစ္စည်းရှိသူ ဖြစ်စေကာမူ လက်ဆောင်ပေးခြင်းကို လိုလားတတ်၏၊ အထူးအားဖြင့် မိမိလောက်မျှ မပြည့်စုံသူသည် မိမိထံမှ ထိုက်တန်သောပစ္စည်းဖြင့် ချီးမြှောက်ခြင်းကို လိုလား၏၊ ထိုမိတ်ဆွေအား သူနှင့်လျော်သော ပစ္စည်းကို ပေးခြင်းဖြင့် သိမ်းသွင်းရသည်။

**ပေယျဝဇ္ဇ။** ။ချစ်ဖွယ်စကားကို "ပေယျဝဇ္ဇ" ဟုခေါ်၏၊ အချို့သော မိတ်ဆွေ မိတ်ဆွေမတို့သည် သူတို့မှာ ပစ္စည်းပြည့်စုံသောကြောင့် ပစ္စည်းဖြင့် ချီးမြှောက်ခြင်းကို မလိုလားကြ၊ ထိုသူတို့ကို ခေတ်အလိုက် နားဝင်ချိုသော အခေါ်မျိုးဖြင့် ခေါ်၍ ("အမေ, အဘေ, အကို, အမ, အဒေါ်, ဦးကြီး, ဦးလေး, ညီလေး, ညီမလေး" စသည်ခေါ်၍) ခင်ခင်မင်မင် ပြောဆိုခြင်းဖြင့် မိမိနှင့် ရင်းနှီးအောင် သိမ်းသွင်းရသည်။

**အတ္ထစရိယာ။** ။သူ့အားအကျိုးရှိအောင်ပြုကျင့်ခြင်းကို "အတ္ထစရိယာ" ဟုခေါ်၏၊ မိတ်ဆွေမှာ သာမှု နာမှု မင်းမှုစသော ကိစ္စကြုံလာလျှင် လက်ဆောင်ပေးဘို့လည်းမလို၊ ချစ်ဖွယ်စကား ပြောနေလို့လည်းမပြီး၊ ထိုကိစ္စ ပြီးစီးအောင် ကူညီဆောင်ရွက်ခြင်း, မိမိကပင် ကြောင့်ကြ စိုက်၍ ရွက်ဆောင်ခြင်းသာလျှင် လိုရင်းဖြစ်၏၊ ထိုအခါ မိတ်ဆွေ၏ ကိစ္စကို ပြီးစီးအောင် ရွက်ဆောင်ခြင်းဖြင့် သိမ်းသွင်းရသည်။

**သမာနတ္တတာ။** ။(သမာန—တန်းတူသော+ အတ္တတာ— သဘောရှိသူ၏ အဖြစ်) တချို့မိတ်ဆွေများသည် အမျိုးဥစ္စာ ရာထူးဂုဏ်သိရ်အားဖြင့် မိမိနှင့် မညီမမျှ ဖြစ်နေကြ၏၊ ထိုမိတ်ဆွေများအား အတူစား အတူထိုင် အတူသွားခြင်းအားဖြင့် တန်းတူထား၍ ဆက်ဆံလိုက်လျှင် အလွန် ဝမ်းမြောက်ကြ၏၊ ထိုကဲ့သို့ ဆက်ဆံမှုလိုလားသော မိတ်ဆွေမျိုးကို တန်းတူထားသောအားဖြင့် သိမ်းသွင်းရသည်။

**(ဆောင်)** ပေးကမ်းချစ်ဘွယ်, စကားကြွယ်၍၊ သူ့ဝယ်ကိစ္စ, ကြုံတွေ့ ကမှု, ကြောင့်ကြကြီးစွာ, ကူညီကာဖြင့်၊ သွားလာနေမှု, တန်းတူပြုသည်, ဝတ္ထုသင်္ဂဟ ၄-မျိုးတည်း။

**မိတ်ဆွေတု။** ။ထိုကဲ့သို့ သင်္ဂဟဝတ္ထု ၄-ပါးဖြင့် ထိုက်တန်အောင် ချီး မြှောက်ပါလျက် မိမိအပေါ်၌ မကျေနပ်နိုင်ဘဲ အပြစ်ပြောသူကိုကား မိတ်ဆွေအစစ်မဟုတ်၊ မိတ်ဆွေအတုသာ ဖြစ်၍ ထိုသူမျိုးကို သတိ ထား၍ ပေါင်းသင်းဆက်ဆံရသည်။

## သုခ ၄-မျိုး

ဗုဒ္ဓမြတ်စွာသည် အနာထပိဏ် သင်္ဌေးအား သုခ ၄-မျိုးကို ဟောတော်မူ၏၊ သုခသည် အတ္ထိသုခ, ဘောဂသုခ, အာနဏျသုခ, အနဝဇ္ဇ သုခအားဖြင့် ၄-မျိုးရှိ၏။ (စတုက္ကအင်္ဂုတ္တိုရ်၊ ဒုတိယပံ၊ ပတ္တကမ္မဝဂ်။)

**အတ္ထိသုခ။** ။"ယောကျ်ားတို့၏ လုလ္လဝီရိယအား, လက်ရုံးအားတို့ဖြင့် ချွေးကျအောင် ရှာဖွေစုဆောင်းထားအပ်, တရားသော နည်းလမ်းဖြင့် ရအပ်သော စီးပွားဥစ္စာတို့သည် ငါ့မှာ ရှိပေသည်တကား" ဟု စဉ်းစား လိုက်သောအခါ ထိုစီးပွား စုပြီးဖြစ်သူမှာ စိတ်ချမ်းသာမှုတမျိုး ဖြစ် ပေါ်လာ၏၊ ထိုစိတ်ချမ်းသာမှုကို "အတ္ထိသုခ- ရှိလို့ချမ်းသာခြင်း" ဟု ခေါ်သည်။

**ဘောဂသုခ။** ။ထိုသို့ အပင်ပမ်းခံ၍ တရားသဖြင့်ရအောင် ရှာဖွေ စုဆောင်းထားအပ်သော ဥစ္စာစီးပွားတို့ဖြင့် အိမ် တိုက် တည်ဆောက် ကာ ထိုက်တန်သော အသုံးအဆောင် အစားအသောက်တို့ကို သုံးစွဲ စားသောက်ရသောအခါနှင့် ကုသိုလ်ကောင်းမှု ပြုရသောအခါတို့၌ "ငါသည် တပင်တပမ်း ရှာထားသော စီးပွားတို့ဖြင့် ချမ်းသာစွာ သုံးစွဲစားသောက်ရပေသည်၊ ကုသိုလ်ကိုလည်း ပြုရပေသည်" ဟု တွေး၍ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှု ဖြစ်ရ၏၊ ထိုသုခသည် "ဘောဂသုခ- ခံစားရလို့ ချမ်းသာခြင်း" ဟု ခေါ်သည်။

**အာနဏျသုခ။** ။ထိုသို့ ကြိုးကြိုးစားစား ရှာဖွေထားသော ဥစ္စာရှင် သည် သူတပါးအထံမှ ကြွေးမယူရသဖြင့် မည်သူကမျှ ကြွေးတောင်း လာဘွယ်မလို၊ ကြွေးမရှိပုံကို စဉ်းစားမိသောအခါ စိတ်ချမ်းသာမှု ဖြစ်ရ၏၊ ထိုချမ်းသာမှုကို "အာနဏျသုခ- ကြွေးမြီကင်း၍ ချမ်းသာ ခြင်းတမျိုး" ဟု ခေါ်သည်၊ (ကြွေးယူထားသူတို့ကား ထိုကြွေးအတွက် စိတ်မအေးဘဲ အမြဲပူပန်နေရသည်၊ "မပေးတော့ဘူး" ဟု ညစ်ပြန် လျှင်လည်း နောင်သံသရာအရေးကို စဉ်းစားမိကာ ပူပန်ရမည်သာ၊ ယခုဘဝ၌ ထိုပေနေသောကြောင့် မပူပန်စေကာမူ နောင်သံသရာ ၌ကား ကေန်ဒုက္ခ တွေ့ရမည်သာ။)

**အနုဝဇ္ဇသုခ။** ။စီးပွားဥစ္စာ ပြည့်စုံရကား ပြုလုပ်ပြောဆိုမှု ကိစ္စအစုစု၌ အကုသိုလ်ပြစ် မင်းပြစ်ကင်းအောင် သန့်သန့်ရှင်းရှင်း ပြုလုပ်နိုင်, ပြောဆိုနိုင်၏၊ ဤသို့ ပြောဆိုပြုလုပ်သည့်အတွက် အပြစ်မရှိပုံကို စဉ်းစားမိသောအခါ လွန်စွာ စိတ်ချမ်းသာ၏၊ သေချိန်ရောက်၍ သေရ စေကာမူ ကုသိုလ်ကောင်းမှုတွေ ပြည့်စုံနေရကား နောင်ဘဝအတွက် ကောင်းရာဘဝသို့ ရောက်ဘို့ရန် သေချာလျက် ရှိသောကြောင့် စိတ်ချမ်းသာ၏၊ ဤချမ်းသာမှုကို "အနုဝဇ္ဇသုခ-အပြစ်ကင်းလို့ ချမ်းသာခြင်း" ဟု ခေါ်သည်။

(ဆောင်) ဥစ္စာရှိစွ၊ ခံစားရ၍၊ ပေးရမည့်လျှင်း, ကြွေးပူကင်းလျက်၊ သန့်ရှင်းပြုပြော, ပြစ်မနှောသဖြင့်၊ ကိုယ်ရောစိတ်ပါ, လွန်ချမ်းသာ, ၄-ဖြာ သုခတည်း။

## လောကဓမ်ရှစ်ပါး

လောက၏ တွေ့ကြုံရမြဲဖြစ်သော ကောင်းကျိုး ဆိုးကျိုး ရှစ်မျိုးကို "လောကဓမ်" ဟု ခေါ်၏၊ ဤလောကဓမ်ကို ဘုရားရှင်သော်မှ တွေ့ကြုံတော်မူရ၏၊ ထိုလောကဓမ်ရှစ်ပါးကား— လာဘ်ရခြင်း, လာဘ်မရခြင်း, အခြွေအရံ ရှိခြင်း, မရှိခြင်း, အကဲ့ရဲ့ခံရခြင်း, ချီးမွမ်းခံရခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်းတည်း။

(ဆောင်) လာဘ်လာဘ, အရနှင့် မရဆို၊
ခြွေအရံ များတယ် ရှားတယ်, ကဲ့ပြားသကို၊
ကဲ့ရဲ့၍ချီးမွမ်းဆို, လိုသလို အပြော၊
သုခ ဒုက္ခနှင့်, လောကဓမ် ဤစက်ကွင်းငယ်, ကင်းနိုင်ဘုန္နော။

**လောကဓမ်ကြောင့် တုန်လှုပ်သူ။** ။အတွေ့အကြုံနှင့် စာပေဗဟုသုတ မရှိသူသည် ပစ္စည်းလာဘ်ကို ရသောအခါ အလွန်ဝမ်းသာ၏၊ စိတ်ကြီးဝင်ကာ မာန်မာနတက်ကြွ၏၊ ထိုစိတ်ကြီးဝင်မှု ဝမ်းသာမှုသည် လာဘ်ရခြင်းကြောင့် နဂိုရ်နေမြဲအတိုင်း မနေနိုင်ဘဲ တုန်လှုပ်ခြင်းတည်း။

ထိုသို့ ဝမ်းသာတက်ကြွ မာန်မာန ဖြစ်နေသူသည် ပစ္စည်းဥစ္စာပျက်၍ အလာဘ (လာဘ်မရှိ- ဥစ္စာမရှိ) ဖြစ်ပြန်သောအခါ စိတ်အားငယ်၏၊ မျက်ရည်ကျကာ ဝမ်းနည်းလာ၏၊ ထိုစိတ်အားငယ်ခြင်း, ဝမ်းနည်းခြင်းသည် နဂိုရ်နေမြဲအတိုင်း မနေနိုင်ဘဲ တုန်လှုပ်ခြင်းတည်း၊ ဤနည်းကိုမှီ၍ အခြေအရံရှိ-မရှိဖြစ်ပုံ, ချီးမွမ်းခံရ, ကဲ့ရဲ့ခံရပုံ, သုခ ဒုက္ခတို့ကြောင့် တုန်လှုပ်ပုံကိုသိပါ။

**လောကဓမ်ကြောင့် မတုန်လှုပ်သူ။** ။အတွေ့အကြုံနှင့် စာပေ ဗဟုသုတ ရှိသူသည် ပစ္စည်းလာဘ်တွေ ရရှိတိုးတက်နေသော်လည်း "မမြဲသော အရာဝတ္ထုတွေဘဲ၊ တနေ့ကျလျှင် ပျက်ရမှာဘဲ၊ ပစ္စည်းလာဘ်တွေက ငါ့ကို စွန့်ခွါမသွားသော်လည်း ငါက ပစ္စည်းတွေကို စွန့်ခွါသွားရမှာဘဲ" ဟု တွေးမိသောကြောင့် အားရဝမ်းသာလည်း မရှိလှ၊ မာန်မာနလည်း မတက်ကြွချေ၊ အကြောင်းအားလျော်စွာ ထို လာဘ် ပစ္စည်းတွေ ပျက်စီးသွားစေကာမူ နဂိုရ်က စဉ်းစားပြီးဖြစ်သောကြောင့် အလွန်ဝမ်းမနည်းလှ၊ ဤသို့ ဝမ်းမသာ ဝမ်းမနည်းဘဲ ခိုင်မြဲသော စိတ်ရှိသူကို လောကဓမ်ကြောင့် မတုန်လှုပ်သူဟု ခေါ်ရသည်၊ အခြား လောကဓမ်များကြောင့် မတုန်လှုပ်ပုံကိုလည်း ဤနည်းအတိုင်းသိပါ။

**မတုန်လှုပ်မှ ချမ်းသာရ။** ။ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ဤဘဝ ချမ်းသာရေးအတွက် ဥဋ္ဌာနသမ္ပဒါစသော တရား ၄-ပါးကို ဟော တော်မူခဲ့၏၊ ထိုတရားနှင့်အညီ ရှာသောကြောင့် ပစ္စည်းဥစ္စာ အခြေ အရံစသည် ရသောအခါ မတုန်လှုပ်သူသာလျှင် ချမ်းသာသုခကို အပြည့်အစုံ ရနိုင်၏၊ တုန်လှုပ်သူကား ထိုလာဘ်တို့ အခြေအရံ စသည် တို့ကြောင့် ဒုက္ခဖြစ်ရပေလိမ့်ဦးမည်၊ ထို့ကြောင့် လောကဓမ် အကောင်း အဆိုး ရှစ်မျိုးနှင့် တွေ့သောအခါ မတုန်မလှုပ်ဘဲ စိတ်ခိုင်မြဲဘို့ရန် စောစောက တရားများကို မိမိကိုယ်တွင်း ရောက်အောင် အလေ့ အကျင့် ပြုထားကြကုန်။ (ဤလောကဓမ်နှင့် စပ်၍ အကျယ်မှတ်ဘွယ်ကို ကိုယ်ကျင့်အဘိဓမ္မာ ဒုတိယခဏ်း၌ ပြထားပါသည်။)

## လောကပါလ တရား ၂-ပါး

လောကကြီးကို စာရိတ္တ အကျင့်ဘက်က မပျက်မစီးအောင် စောင့်ရှောက်ထားသော တရားကို "လောကပါလ" တရားဟု ခေါ်၏။ ထိုတရားသည် ဟိရီနှင့်ဩတ္တပ္ပ (မကောင်းမှုပြုဘို့ရန် အရှက်နှင့် အကြောက်) ၂-ပါးတည်း၊ ထိုတရား ၂-ပါးတွင် ဟိရီ (အရှက်) သည် မကောင်းမှု (အမြင်မတော်မှု) ကို ပြုရမည်မှ ရှက်၏၊ ဩတ္တပ္ပကား မကောင်းမှုပြုရမည်မှ ကြောက်လန့်၏၊ ထိုသို့ ရှက်ရာ၌ တချို့သည် မိမိအမျိုးကိုငဲ့၍ တချို့ကား မိမိအရွယ်ကိုငဲ့၍ တချို့ကမူ မိမိ၏သတ္တိ စည်းစိမ်ဥစ္စာ ပညာအရည်အချင်းကိုငဲ့၍ "ငါ့လိုလူသည် ဤကဲ့သို့သော အမှုကိုမပြုသင့်"ဟု စဉ်းစားကာ မကောင်းမှုပြုရမည်မှ ရှောင်၏၊ တချို့ကား— သူတပါးတို့ အပြစ်တင်ခြင်း ကဲ့ရဲ့ရှုတ်ချခြင်းကို တွေး၍ ကြောက်လန့်သောကြောင့် မကောင်းမှုကိုမပြုဘဲရှောင်၏၊ မည်သည့်အကြောင်းကြောင့် ရှောင်သည်ဖြစ်စေ ဤတရား ၂-ပါးက စည်းကမ်းရှိအောင် စောင့်ရှောက်ထားသောကြောင့်သာ လူအများတို့ အမှားမှား အယွင်းယွင်း မဖြစ်ဘဲ မိဘနှင့်သားသမီး, ဆရာနှင့်တပည့် စသူတို့ ကိုယ့်စည်းနှင့်ကိုယ် နေနိုင်ကြပေသည်ဟု ဘုရားရှင် ဟောတော်မူသည်။

## လူ့လောကကို ထိန်းထားသော တရားတော် ၂-ပါး

ဘိက္ခုတို့- ဖြူစင်သန့်ရှင်းသော (ဟိရီ ဩတ္တပ္ပ) တရား ၂-ပါးတို့သည် လူ့လောကကို စောင့်ထိန်း၍ ထားကြကုန်သည်၊ ဤတရားတို့က လူ့လောကကို စောင့်ထိန်း၍ မထားလျှင် မိခင်ဟူ၍လည်း မထင်ရှားတော့ရာ၊ အဒေါ်, ကြီးကြီး, ဦးကြီး- ဦးလေးတို့၏ ဇနီး, ဆရာကတော်, ဘကြီး- ဘထွေး စသော လေးစားလောက်သူတို့၏ ဇနီးဟူ၍လည်း မထင်ရှားတော့ရာ၊ တလောကလုံးသည် (အမေနှင့်သား ပေါင်းဖေါ်ခြင်း စသည်ဖြင့်) စည်းကမ်းပျက်ပြား၍ ဆိတ်, သိုး, ကြက်, ဝက်, ခွေးများကဲ့သို့ (မကြားကောင်း မနာသာ) ဖြစ်ကုန်တော့ရာ၏၊ အရှက် အကြောက် (ဟိရီ ဩတ္တပ္ပ) ဟူသော ကိုယ်ကျင့်တရား ၂-ပါး၏ ထိန်းသိမ်းထားမှုကြောင့်သာ စည်းကမ်းမပျက်ပြားဘဲ သန့်ရှင်းစင်ကြယ်စွာ နေနိုင်ကြပေသည်။ (ဣတိဝုတ်၊ ဒုကနိပါတ်၊ ဒုတိယဘာဏဝါရ၊ (၄၂) ဟိရီဩတ္တပ္ပသုတ်ပါဠိတော်)

**နိဂုံး။** ။ဗုဒ္ဓမြတ်စွာ၏ ဓမ္မရတနာတော်များမှ ဤဘဝအတွက် ချမ်းသာရေးကို ညွှန်ပြသော တရားတော်တို့သည် အတော်များစွာ ကျန်ပါကုန်သေး၏၊ သို့သော် နေ့စဉ် ကလေးတို့အား ပြောဘို့ရန် ဤမျှလောက်ဖြင့်သာ သင့်လျော်လောက်ပြီဟု မှန်းထား၍ ဆဋ္ဌမတန်းအတွက် တပိုင်း ဖြစ်ရပါတော့သည်၊ ကြွင်းကျန်သော တရားတော်များတွင် တချို့ တရားတော်တို့ကို သံဃာ့ရတနာအခန်း သတ္တမတန်းကျမှ ထပ်မံညွှန်ပြပါမည်၊ ဤဆဋ္ဌမတန်း တရားတော်များကို ပြောပြ၍ ပြီးသောအခါ ဆဋ္ဌမတန်း ကဗျာများကို ကလေးတို့ အသံနေအသံထား ကောင်းမွန်စွာဖြင့် သံပြိုင်ညီညီ ရွတ်ကြပါစေ။

## အတုမဲ့ ဓမ္မရတနာ

ခယံ ဝိရာဂံ အမတံ ပဏီတံ,
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော၊
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ,
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(သန္တံ-ဖြစ်ပျက် မစပ်,အငြိမ်းခတ်ဖြင့်, မပြတ်ပုံသေ, အေးမြပေထသော၊) ခယံ- ရုပ်နာမ်ဆုတ်ဆုတ်, အပူခပ်သိမ်း, ကုန်ငြိမ်းကြောင်းလည်း ဖြစ်ပေထသော၊ ဝိရာဂံ- ရုပ်နာမ်အဆက်, အကုန်ပျက်သဖြင့်, မတပ်မက်ကြောင်းလည်း ဖြစ်ပေထသော၊ အမတံ- ဇရာ မရဏ, ရှာမရအောင်, ကာလပုံသေ, အမြဲတေလည်း ဖြစ်ပေထသော၊ ပဏီတံ- အရသာရှိ, စားဘွယ်၏သို့, သိ၍မဝ, မွန်မြတ်ပေထသော၊ ယံ ဓမ္မံ-အသင်္ခတ, နိဗ္ဗာနဓာတ်, အကြင် တရားတော်မြတ်ကို၊ သမာဟိတော- ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပမ်းသဖြင့်, စိတ်စွမ်းတည်ဘိ, သမာဓိရှိတော်မူသော၊ သကျမုနိ- သာကီနွယ်ဖွား, ငါတို့ဘုရားသည်၊ အဇ္ဈဂါ— ဗောဓိအောင်မြေ, ပလ္လင်ဗွေ၌ လေးထွေသစ္စာ, သိသောခါဝယ်, ကောင်းစွာလှလှ, ရတော်မူခဲ့လေပြီ။

တေန မမွေန- အသင်္ခတ, နိဗ္ဗာနဓာတ်, ထိုတရားတော်မြတ်နှင့်၊ သမံ— တန်းတူထား၍, ရှုစားလောက်သော၊ ကိဉ္စိ- တမျိုးတခြား, တရားဆိုင်ရာ, တစုံတခုသော ရတနာသည်၊ န အတ္ထိ-လူ့ဘုံနတ်ရောက်, အကုန်ပေါက်အောင်, မေ့နှောက်ရှာဖွေ, မရှိပါချေ၊ မမွေ-အသင်္ခတ, နိဗ္ဗာနဓာတ်, တရားမြတ်ဌ၊ ပဏီတံ— တရားများစွာ, ရတနာထက်, ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ဣဒမ္ပိ ရတနံ- ရတနာဖြစ်ကြောင်း, ကောင်းထက်ကောင်းသည့်, ဂုဏ်ပေါင်းကိုခြုံ, ဤခယပိရာဂစသော ဂုဏ်တော်သည်၊ အတ္ထိ- စင်စစ် ကေန်, အမှန်မသေ့, ရှိပါပေ၏။ ဧတေန သစ္စေန· မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ ပါဏီနံ- ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊ သုဝတ္ထိ- တင့်တယ်ဘို့ရန်, အဘန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု· စင်စစ်မသေ့, ဖြစ်ပါစေသတည်း။

## အစိပ္ပါယ် ရှင်းလင်းချက်

**သန္တံ။** ။[ဤပုဒ်သည် ဂါထာ၌မပါသော်လည်း အခိပ္ပါယ်ကောင်းသော ကြောင့် မေတ္တာသုတ်မှ ယူထားအပ်သော ပုဒ်တည်း။] မိမိတို့၌ရှိနေသော ရုပ်နာမ်တရားတို့သည် အမြဲဖြစ်၍ အမြဲ ပျက်နေကြ၏၊ ဖြစ်ပုံ ပျက်ပုံ ကလည်း အလွန်မြန်၏၊ လက်ဖြောက် တချက်တီးခန့် ခဏ၌ အကြိမ် ပေါင်း ကုဋေတသိန်းမက ဖြစ်ပျက်နေကြ၏၊ ထို့ကြောင့် ရုပ်နာမ် တရားတို့သည် ငြိမ်ငြိမ်သက်သက်= ငြိမ်းငြိမ်းအေးအေး မရှိကြ၊ အမြဲ လှုပ်လှုပ်ရှရှနှင့် ဣန္ဒြေမရသကဲ့သို့ ဖြစ်ပျက်နေကြလေသည်၊ နိဗ္ဗာနဓာတ် တရားမြတ်ကား အဖြစ်အပျက် မရှိသောကြောင့် အေးအေးမြမြ ဣန္ဒြေရသကဲ့သို့ ငြိမ်သက်လှပေသည်။

**ခယံ။** ။ထို နိဗ္ဗာနဓာတ် တရားမြတ်ကို သောတာပတ္တိမဂ်ဖြင့် မြင်လိုက် သည်နှင့် တပြိုင်နက် ရာဂစသော ကိလေသာ အချို့သည်၎င်း, ထို ကိလေသာရှိသူတိုင်း (၇-ဘဝနောက် ရမှိမည့်) ရုပ်နာမ်တို့သည်၎င်း

ကုန်ခန်းကြရတော့၏၊ အထက်မဂ်များကို ရသောအခါလည်း ဤနည်းအတိုင်း ကိလေသာအပူတွေ ကုန်ရပေသည်၊ ထို့ကြောင့် သန္တဖြစ်သော ထိုနိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကို မြင်ရသော ပုဂ္ဂိုလ်များအတွက် ကိလေသာတို့၏၎င်း, ရုပ်နာမ်တို့၏၎င်း ကုန်ခန်းကြောင်းတရား ဖြစ်ပါပေသည်။

**ဝိရာဂံ။** ။တပ်မက်ခြင်းသဘောကို ပါဠိလို "ရာဂ" ဟု ခေါ်၏၊ ထိုရာဂသည် ရုပ်နာမ်ခန္ဓာ အပေါ်၌၎င်း, ခန္ဓာနှင့်စပ်သော ပညတ်အပေါ်၌၎င်း ဖြစ်ရသောတရားတည်း၊ ရုပ်နာမ်တို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံး မစပ်တော့၊ ထို့ကြောင့် နိဗ္ဗာန်ကို "ဝိရာဂ- ရာဂမရှိသောတရား" ဟု ခေါ်ရပါသည်။

**အမတံ။** ။"သေခြင်း" ဆိုသည်မှာ တဘဝအတွက် နောက်ဆုံး ပျက်ခြင်းတည်း၊ ထိုအပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏၊ ပျက်တို့ရှေးရှုနေသော (ပျက်တို့ပြင်နေသော) သဘောကို "အိုခြင်း=ဆွေးမြေ့ခြင်း" ဟု ခေါ်၏၊ ပါဠိလို ဇာတိ, ဇရာ, မရဏကို မြန်မာလို "ဖြစ်ခြင်း, ရင့်ခြင်း (အိုခြင်း), သေခြင်း (ပျက်ခြင်း)" ဟုခေါ်၏၊ ထိုဇာတိ ဇရာ မရဏ သဘောသည် ရုပ်တရား နာမ်တရားတို့၏ သဘောဖြစ်၏၊ ရုပ်နာမ်အားလုံး ကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်၌ အဘယ်မှာလျှင် ဇာတိ ဇရာ မရဏ ရှိနိုင်ပါတော့အံ့နည်း။

*

**အမတေ, အမြုတေ, အမြိုက်။** ။"အမတ" ဟူသော ပါဠိအသံကိုလိုက်၍ မပျက်နိုင်သော အရာဝတ္ထုကို "အမတေ" ဟု၎င်း, (သက္ကတ၌ "အမြိတ" ဟု ရှိသောကြောင့်) သက္ကတအသံကိုလိုက်၍ "အမြုတေ" ဟု၎င်း, "အမြိက်=အမြိုက်" ဟု၎င်း သုံးစွဲကြသည်၊ [မည်သည့်အကောင်ထဲက ရသော အမတေကလေး, မသေနိုင်သော "အမြိုက်ဆေး", ဆင်ကြီးထဲကရသော "အမြုတေ" စသော အသုံးအနှုန်းများတည်း။]

**ပဏီတံ။** ။နိဗ္ဗာနဓာတ်၊ တရားမြတ်သည် ရဟန္တာပုဂ္ဂိုလ်များအတွက် (စား၍ မဝနိုင်အောင် အရသာရှိသော အစာကဲ့သို့)မကြာ မကြာ အာရုံပြု၍ နေချင်စရာ ကောင်းလောက်အောင် အရသာရှိသော တရားတော်ဖြစ်၏၊ ဗုဒ္ဓမြတ်စွာသည် (ဖလသမာပတ်ကို ဝင်စားကာ) ထို နိဗ္ဗာန်ကို အာရုံပြု၍ မကြာမကြာ သိတင်းသုံးတော်မူလေ့ရှိ၏၊ တရားဟောတော်မူတုန်းမှာပင် ပရိသတ်က သာဓုခေါ်နေတဲ့အခါ ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ကိုအာရုံပြု၍ နေတော်မူ၏၊ သာဓုခေါ်ပြီးမှ တရားကို ဆက်၍ ဟောတော်မူ၏။ နိဗ္ဗာန်တရားတော်သည် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်အတွက် ဤမျှလောက် အရသာရှိသော တရားထူး တရားမွန် ဖြစ်ပါပေသည်။

**ယဒဇ္ဈဂါ(ယံ+အဇ္ဈဂါ)။** ။ထို နိဗ္ဗာန်တရားတော်ကို ဤ သာသနာတော်၌ ဗုဒ္ဓမြတ်စွာသည် အစဆုံးသိတော်မူ တွေ့မြင်တော်မူ၏၊ တွေ့မြင်ရာဌာနနှင့် ကာလကား ဘုရားဖြစ်ရာ ဗောဓိရိပ်သာ၌ ကဆုန်လပြည့်ညဉ့် အာရုံတက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

**နိရောဓသစ္စာ။** ။ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄-ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၏၊ ထိုသို့ သိမြင်တော်မူရာဝယ် "နိရောဓသစ္စာ"ဟူသည် ဤနိဗ္ဗာနဓာတ် တရားမြတ်ပင်ဖြစ်၏၊ ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေသော အရာဝတ္ထုကို မြင်ရသကဲ့သို့, ဗုဒ္ဓမြတ်စွာသည် မဂ်ဉာဏ်ဖြင့် ခယ ဝိရာဂ အမတဂုဏ်အပေါင်းနှင့် ပြည့်စုံသော နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ထင်ထင်ရှားရှား မြင်တော်မူပါသည်။

**ဥပမာဆောင် ထင်ရှားအောင်ပြအံ့။** ။အဏုမြူဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီပညာရှင်တို့သည် အလွန်ကြိုးစားသောအခါ ထိုအဏုမြူအားကို တွေ့မြင်ကြရ၏၊ ထိုတွေ့မြင်အပ်သော ထိုဓာတ်အားသည် သူတို့တွေ့မှ ဖြစ်သည်မဟုတ်, နဂိုရှိသဘာဝအတိုင်း ရှိနေသော

အား ဖြစ်သကဲ့သို့ငှင်း, လေးနက်သော ကျမ်းစာ၏ အဓိပ္ပါယ်ကို အမှန် သိအောင် စဉ်းစားကြသော စာပေပညာရှင်တို့သည် ရက်ပေါင်းများ စွာ အတော်ကြိုးစားသောအခါ ထိုအဓိပ္ပါယ်ကိုသိရ၏၊ ထို သိအပ် သော အကြောင်းအရာ အဓိပ္ပါယ်စာသည် ထိုအချိန်မှ ဖြစ်ရသည် မဟုတ်ဘဲ နဂိုရှိသဘာဝအတိုင်းပင် ရှိနေသကဲ့သို့ငှင်း, တရားထူး ရအောင် အားထုတ်သော ယောဂီသူမှန်သည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ ၄-ပါးကို သိရအောင် တရားအားထုတ်သောအခါ အလွန့် အလွန် ကြိုးစားမှ ထိုတရားကိုသိရ၏၊ ထို သိအပ်သော နိဗ္ဗာန်တရား သည် ထိုအချိန်မှ ဖြစ်ပေါ်လာသော တရားမဟုတ်, သဘာဝအတိုင်း ရှိနေသော သန္တိသုခ တရားသာ ဖြစ်ပါသည်။

**သမံ နတ္ထိ၊** ။ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟူသော ပရိယတ် တရား, ကိလေသာတို့ကို သူ့နည်း သူ့ဟန်ဖြင့် ပယ်နိုင်သော ဈာန် တရား, မြေလျှို မိုးပျံ ပုံသဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်းစသော တန်ခိုးရှိသော အဘိညာဉ်တရား, ဆိုင်ရာ ကိလေသာကို အကြွင်းအကျန် မရှိအောင် ပယ်နိုင်သော မဂ်တရား ဖိုလ်တရားတို့သည် ဆိုင်ရာအကျိုး အမျိုးမျိုးကို ပေးနိုင်ကြသော်လည်း နိဗ္ဗာန်နှင့် တန်းတူသောတရား တမျိုးမျှ မရှိပါချေ။

**ဒိဋ္ဌဓမ္မိကနိဗ္ဗာန်။** ။ပရိနိဗ္ဗာန် စံတော်မမူမီ ဗုဒ္ဓမြတ်စွာ၏ စိတ်တော်၌ မကြာမကြာ ထင်ပေါ်နေသော နိဗ္ဗာန်ကို မျက်မှောက်ဘဝ၌ အာရုံ ပြုရသောကြောင့် "ဒိဋ္ဌဓမ္မိကနိဗ္ဗာန်"ဟု ခေါ်၏၊ ဝိပါက်စိတ်များ နှင့် ကမ္မဇရုပ်များ ရှိစဉ်အခါ၌ အာရုံပြုရသောကြောင့် "သဉပါဒိ သေသနိဗ္ဗာန်" ဟုလည်း ခေါ်သည်။ [ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ တဏှာ စသော ကိလေသာနှင့် ကံတို့ကို ပယ်ပြီးဖြစ်သော်လည်း အကျိုး ဝိပါက်နှင့် ကမ္မဇရုပ်တရားများ ကျန်သေး၏၊ ထို ကျန်တရားများ ရှိသေးခိုက်၌ အာရုံပြုရသော နိဗ္ဗာန်-ဟူလို။]

**သမ္ပရာယိကနိဗ္ဗာန်။** ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ တည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် "သမ္ပရာယိကနိဗ္ဗာန်"ဟု ခေါ်၏၊

ဝိပါက် နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြွင်းအကျန် မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာန်" ဟုလည်း ခေါ်သည်၊ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးသော်လည်း ဗုဒ္ဓမြတ်စွာ သိတော်မူအပ်ပြီးသော အသင်္ခတ နိဗ္ဗာနဓာတ်သည်ကား ယနေ့တိုင် အောင် တည်ရှိနေသည်" ဟု မှတ်ပါ။ [ခုဒ္ဒကဝတ္ထု အဋ္ဌကထာ, ဒုဝဂ်-နိဗ္ဗာနသုတ်အဖွင့်။]

**သုခ ၂-မျိုး။** ။သုခသည် ဝေဒယိတသုခ, သန္တိသုခဟု ၂-မျိုး ရှိ၏၊ ယခုခေတ် လူအများတို့ မြင်ရ ကြားရ နမ်းရ စားသောက်ရ တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း, စိတ် ချမ်းသာခြင်းကို "ဝေဒယိတသုခ" ဟု ခေါ်၏၊ ထိုသို့ ခံစားမှု မရှိဘဲ ဒုက္ခငြိမ်းအေးခြင်းသဘောကို "သန္တိသုခ" ဟု ခေါ်သည်၊ ထို ၂-မျိုးတွင်....

**ဝေဒယိတသုခ။** ။ခံစားမှု ဟူသော ဝေဒယိတသုခသည် ခံစား စံစား၍ ကုန်ကုန်သွားသည့်အတွက် အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာ ရှာဖွေ ခြင်းစသော ဒုက္ခဖြင့် ထူထောင်ရ၏၊ ထိုအသစ်အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသော သုခနှင့် အဆမတန်ချေ၊ ထိုသို့ ဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေး ဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အပိုအမို အကြွေးယူကာ မတရား ခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခ ဖြင့် ဆပ်ကြရလေသည်။

**သန္တိသုခ။** ။ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခ သဘောကား– ရုပ်နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြ ငြိမ်းချမ်းခြင်း သဘော တည်း၊ ထင်ရှားစေအံ့–လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သဌေးတယောက်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် စံစားဘို့ အာရုံ များကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ်ဖျက်ရမည် လား" ဟု ကြိမ်းဝါး မောင်းမဲမည်သာ၊ ထိုသူ၏ အိပ်နေစဉ်အခါ၌

ခံစားမှုအထင်အရှားမရှိ၊ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှု သုခထက် နှစ်သက်၍ "အိပ်ရကောင်းလိုက်တာ"ဟု အမွန်း တင်ကြသေး၏၊ ရုပ်နာမ်အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား "မည်မျှလောက် ကောင်းလိမ့်မည်"ဟု မှန်းဆသင့်တော့ သတည်း။

**နိရောဓသမာပတ်ကို ဝင်စားခြင်း။** ။စိတ် စေတသိက်နှင့် စိတ်ကြောင့် ဖြစ်သော ရုပ်များ၏ အသစ်မဖြစ်ဘဲ ချုပ်ငြိမ်းနေအောင် ပြုနိုင်သော သမာပတ်ကို "နိရောဓသမာပတ်"ဟု ခေါ်၏၊ အနာဂါမ်ရဟန္တာ ဖြစ်ပြီး ဈာန်အကုန်ရပြီးပုဂ္ဂိုလ်သာ ထိုသမာပတ်ကို ဝင်စားနိုင်၏၊ အနာဂါမ်ရဟန္တာ အရှင်မြတ်တို့သည် ရုပ်နာမ်ခန္ဓာကြီးကို လေးလံလှ စွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြကုန်၏၊ ထို့ကြောင့် ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဘို့ရာ နိရောဓသမာပတ်ကို ဝင်စား တော်မူကြ၏၊ ထိုသမာပတ်အတွင်း၌ ခံစားမှု လုံးဝမရှိ၊ နာမ်တရားနှင့် အချို့ရုပ်များ အသစ်မဖြစ်ဘဲ ရုပ်စဲနေခြင်းသာတည်း၊ ထို ရုပ်စဲခြင်း သည်ပင် ချမ်းသာသေးလျှင် ရုပ်နာမ်အားလုံး ချုပ်ငြိမ်းနေသော နိဗ္ဗာန်သည် အဘယ်မှာ မချမ်းသာဘဲ ရှိအံ့နည်း။

**ထင်ရှားရှိသောနိဗ္ဗာန်။** ။ထို သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်သည် ဘာမျှမရှိသော (အဘာဝ) ပညတ်မဟုတ်ပါ၊ အများဆိုင် ဘုံပစ္စည်း ကဲ့သို့ တပါးတည်းလည်း မဟုတ်ပါ၊ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီး အသီး ရှိကြပါသည်၊ ထို့ကြောင့်ပင် ရဟန္တာအရှင်တို့သည် ခန္ဓာကိုယ် ထင်ရှားရှိစဉ် မိမိသိအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စား၍ နေလေ့ရှိကြပါသည်၊ ထိုသမာပတ်ဝင်စားခိုက်၌ နိဗ္ဗာန်ကို အာရုံပြု၍နေရသည်မှာ အလွန် သုခရှိပါသည်တဲ့။

**အိပ်ပျော်ခြင်း ဥပမာ။** ။အခြားစိတ်တွေ မဖြစ်စေဘဲ ဖိုလ်စိတ်တွေချည်း ဆက်ကာဆက်ကာ ဖြစ်နေခြင်းကို "ဖလသမာပတ်ဝင်စားသည်"ဟု ခေါ်၏၊ ထိုအချိန်၌ နိဗ္ဗာန်အာရုံမှတပါး အခြား ဘာအကျိုးမျှ မရှိ

သောကြောင့် စိတ် အလွန်ချမ်းသာ အလွန်အေးမြသည်၊ အခြားခံစားမှုကား လုံးလုံးမရှိပါ၊ ဥပမာ—မည်သည့်အာရုံမျှ စိတ်ထဲ၌မပေါ်လာဘဲ ဘဝင်စိတ်တွေချည်းသာ ဆက်ကာဆက်ကာ ဖြစ်နေခြင်းကိုပင် "အိပ်ပျော်သည်" ဟု ခေါ်ရသကဲ့သို့တည်း၊ ထို့ကြောင့်ပင် ထေရာထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာ ရုပ်နာမ် ခန္ဓာဝန်ကြီးကို အပြီးသတ် ပစ်ချတော်မူကြပါသည်။

## မိထွေးတော်ဂေါတမီ၏ ဥဒါန်း

ယံ န ဒိဋ္ဌံ ပုရာဏေဟိ, တိတ္ထိကာစရိယေဟိပိ၊
တံ ပဒံ သုကုမာရီဘိ, သတ္တဝဿာဟိ ဝေဒိတံ။

ပုရာဏေဟိ-ဘုရားမပွင့်ခင်, ရှေးအစဉ်က, လူတွင်ထင်ပေါ်, အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ-အယူဝါဒ, ကိုယ်တိုင်စ၍, ဂဏဦးစီး, ဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ-ရောက်သင့်ရောက်ထိုက်, ဉာဏ်အမြင်ဆိုက်မှ, တိုက်ရိုက်သိရန်, အကြင်နိဗ္ဗာန်ကို၊ နဒိဋ္ဌံ-တွေးလိုက် ကြံလိုက်, အမှန်ဆိုက်အောင်, တိုက်ရိုက်ထင်ထင်, မတွေ့မမြင်နိုင်ခဲ့ချေ၊ တံ ပဒံ-ကမ္ဘာ့ထိပ်သီး, ဆရာကြီးတို့, ရှုနည်းမပိုင်, မမြင်နိုင်သော ထိုနိဗ္ဗာန်ကို၊ သတ္တဝဿာဟိ-မိဘကိုချစ်, နွဲ့တုန်းဖြစ်၍, ခုနစ်နှစ်အရွယ်, ငယ်ရွာကြကုန်သေးသော၊ သုကုမာရီဘိ-ရှေးပုဉ်း ရှေးကံ, ကံတန်ရှင့်ပြီး, အမျိုးသမီးတို့သော်မှလည်း၊ ဝေဒိတံ-ရှင်တော်ဘုရား, မိန့်တရားကြောင့်, မျက်ဝါးထင်ထင်, သိမြင်နိုင်ပေသည်တကား။ [၇-နှစ်သမီး ဝိသာခါ သောတာပန်တည်ပုံကို သတိပြုပါ။]

**အမှာ။** ။ဤဂါထာသည် မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံခါနီး၌ ပူဆွေးနေသော အရှင်အာနန္ဒာအား မပူဆွေးဘို့ရန်— သွားတော်ကလျှောက်ပေးလို့ ဘိက္ခုနီပြုခွင့်ရသဖြင့် မာတုဂါမတွေ့ အကျိုးရပုံကို လျှောက်သောဂါထာ ဖြစ်သည်။

## သုခကိုပင် ဒုက္ခထင်ကြ

သဒေဝကဿ လောကဿ, ဧတေ ဝေါ သုခသမ္မတာ၊
ယတ္ထ စေ တေ နိရုဇ္ဈန္တိ, တံ တေသံ ဒုက္ခသမ္မတံ။

သဒေဝကဿ-ပြဟ္မာ သကြား, နတ်အများနှင့်တကွဖြစ်သော၊ လောကဿ-ပုထုဇဉ်ဟု ညာဏ်မြင်ပေတုံး, တလောကလုံးသည်၊ ဧတေ-ရူပ သဒ္ဒ, စသည့်အာရုံ, ဤကာမဂုဏ်တို့ကို၊ သုခသမ္မတာ-ချမ်းသာဘွယ်တောင်း, အကောင်းဟုသမုတ်အပ်ကုန်ပြီ၊ ယတ္ထ (နိဗ္ဗာနေ)-အရိယာအများ, လွန်လေးစားသည့်, တရားမျက်ရှင်, အကြွင်သို့သော နိဗ္ဗာန်၌၊ ဧတေ-ရူပ သဒ္ဒ, စသည့်အာရုံ, ဤကာမဂုဏ်တို့သည်၊ နိရုဇ္ဈန္တိ-ကွယ်ပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းကြရလေကုန်၏၊ တံစ (နိဗ္ဗာနံ)-ကာမဂုဏ်အားလုံး, ပြုတ်ပြုတ်ပြုန်းချုက်, ဆုံးကြောင်းအမှန်, ထိုနိဗ္ဗာန်ကိုကား၊ တေသံ-ထိုညာဏ်မြင်ပေတုံး, ပုထုဇဉ်အားလုံးတို့သည်၊ ဒုက္ခ-သမ္မတံ-ခံစားဘွယ်အချက်, ကင်းသည့်တွက်ကြောင့်, သက်သက်ရှုတ်ချ၍, ဒုက္ခဟုသမုတ်အပ်လေသတည်း။

**အဝိဇ္ဇာနှင့်တဏှာ။** ။ဤ ရုပ်နာမ်ခန္ဓာကြီး၏ အရင်းအမြစ်သည် အဝိဇ္ဇာနှင့် တဏှာဖြစ်၏၊ အဝိဇ္ဇာသည် ဘဝသံသရာ၏ ဒုက္ခအပြစ်တွေကို ဒုက္ခဟု မသိအောင် ဖုံးထား၏၊ ထိုသို့ အဝိဇ္ဇာက ဖုံးထားသည့်အတွက် အပြစ်မမြင်နိုင်တော့ဘဲ တဏှာက ဤခန္ဓာကြီးကိုရင်း, ခန္ဓာနှင့်ဆိုင်ရာ အဖြာဖြာတို့ကိုရင်း စွဲမက်၍နေရကား ပုထုဇဉ်တို့သည် ရုပ်နာမ်ချုပ်ရာ နိဗ္ဗာန်ကို အဘယ်မှာ အကောင်းထင်နိုင်တော့အံ့နည်း။

## အရိယာနှင့် ပုထုဇဉ် အမြင်မတူ

သုခံ ဒိဋ္ဌမရိယေဘိ, သက္ကာယဿ နိရောဓနံ၊
ပစ္စနီကမိဒံ ဟောတိ, သဗ္ဗလောကေန ပဿတံ။

သက္ကာယဿ-ပရမတ္ထအားဖြင့်, ထင်ရှားဘိတောင်း, ခန္ဓာငါးပါးအပေါင်း၏၊ နိရောဓနံ-ကင်းပျောက် ချုပ်ငြိမ်း, ရုပ်သိမ်းကြောင်းဖြစ်သော၊ သုခံ-နိဗ္ဗာနဓာတ်, ချမ်းသာမြတ်ကို၊ အရိယေဘိ-များကိလေသာ, ဖြူစင်ပါသည့်,

အရိယာအရှင်, သူတော်စင်တို့သည်။ ဒိဋ္ဌ-ဉာဏ်စက္ခုဖြင့်, စေ့ငုထင်ထင်, သိမြင်အပ်ပေပြီ၊ ဠာဒံ (နိဗ္ဗာနံ)-များပုထုဇဉ်, ဉာဏ်အမြင်ဖြင့်, မမြင်နိုင်တန်, ဤနိဗ္ဗာန်ကို၊ ပဿတံ·တပ်အပ်ထင်ထင်, ကိုယ်တိုင်မြင်သည့်, အရှင်အပေါင်း, သူတော်ကောင်းတို့မှာ၊ သဗ္ဗလောကေန-အဝိဇ္ဇာဖုံး, တဏှာတုံးဟု, အားလုံးလောက, ဟူသမျှနှင့်၊ ပစ္စနီကံ ဟောာတိ ကျောချင်းကပ်ယှဉ်, ပြေးကြွအင်သို့, အစဉ်ဆက်ဆက်, ဆန့်ကျင်ဘက်အနေ, ဖြစ်ရလေသတည်း၊....သဠာယတန သံယုတ်, ဒေဝဒဟဝဂ်။

**တရားဖြင့် ဘုရားကိုသိနိုင်။** ။အလွန်လေးနက်သော နိဗ္ဗာန်တရားတော်ကို ကိုယ်တိုင် သိတော်မူပြီး၍ ဝေနေယျတို့အားလည်း သိစေတော်မူနိုင်သော ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သည် သဗ္ဗညုတဉာဏ်တော်ကြီး ပေတည်း၊ ထို့ကြောင့် နိဗ္ဗာန် အကြောင်းအရာကို မိမိဉာဏ်ဖြင့် မှန်းမြော်နိုင်သလောက် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်ကိုလည်း မှန်းမြော်နိုင်ဘို့ရာ ဗုဒ္ဓါနုဿတိဘာဝနာအခန်း၌ နိဗ္ဗာန် အကြောင်းအရာကို အနည်းငယ်မျှ ပြလိုက်ပါသည်။

ဆဋ္ဌမတန်း အကျယ်

ညွှန်ပြချက်ပြီး၏။

# သတ္တမတန်း

## သံဃာ့ရတနာ အကျဉ်း

၁။ ရှင်တော်ဘုရား သားတော်များဟု, မှတ်သားခေါ်ရ သံဃာ့မည်၊
သံဃာဆိုက ၂-မျိုးရသည့်, ပရမတ္ထ သမ္မုတိ၊
တရားသိကာ ရိယာမြတ်မှ, ပရမတ္ထ ခေါ်ရသည်၊
သမ္မုတိဆို ထိုသံဃာ့၌, ဆိုးကောင်းနှစ်ဝ ရှိကြသည်။

၂။ ပစ္စည်း ၄-ဖြာ လှူရှာကြသည့်, ဗုဒ္ဓဝါဒ ဒို့တိုင်းပြည်၊
အကောင်းကိုသာ ကိုးကွယ်ကြသို့, စိတ်က နိစ္စ ထားရမည်၊
အကောင်းတွေကား အသက်ပေးလို့, သာသနာရေး ဆောင်သင့်ပြီ၊
မဆောင်နိုင်သော် ဘာသာပျက်၍, သာသနာသက် ဆုံးလိမ့်မည်။

# သတ္တမတန်း

## သံဃာ့ရတနာ အကျယ် ညွှန်ပြချက်

**အမှာ။** ။ဤအခန်း၌ လူဝတ်ကြောင် ဒါယကာ ဒါယိကာမတို့က ရဟန်းသံဃာတော်များကို ဆည်းကပ်ကိုးကွယ်တတ်ဘို့ရန်ငှင်း, ရဟန်းသံဃာတော်များကလည်း ကိုးကွယ်သူတို့ကိုစောင့်ရှောက်ဘို့ တာဝန်ရှိကြောင်းကိုငှင်း ထင်ရှားအောင် သံဃာ့ရတနာဖြစ်ပေါ်လာပုံမှစ၍ ဆိုင်ရာတရားတော်များကို ပြထားပါသည်။

**ဘုရားသားတော်များ။** ။ဘုရားလက်ထက်တော်တုန်းကပင် ရဟန်းတော်များကို "သကျပုတ္တိယ-သာကီဝင်မင်းသားဖြစ်သော မြတ်စွာဘုရား၏ သားတော်များ"ဟု အသိအမှတ်ပြု၍ ခေါ်ဝေါ်ခဲ့ကြသည်၊ ထိုဘုရားသားတော်များကို"သမဏ-ငြိမ်သက်သူများ"ဟုငှင်း, "သံဃ-အကျင့်သိက္ခာတူသော အပေါင်းအစု"ဟုငှင်း အသိအမှတ်ပြုကြပြန်သည်၊ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးသောအခါ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားဦးကို ဟောတော်မမူမီ ဗုဒ္ဓရတနာနှင့် ဓမ္မရတနာ ၂-မျိုးသာ ရှိသေး၏၊ ဓမ္မစကြာကို ဟောတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့ တရားထူးရကြ၏၊ ထိုသို့ တရားထူးရ၍ ရဟန်းပြုကြသောအခါကျမှ သံဃာ့ရတနာဖြစ်ပေါ်လာသည်၊ ပဉ္စဝဂ္ဂီငါးဦးတို့၏နောက်၌ သံဃာ့ရတနာအဆက်ဆက် ပေါ်လာပုံကို အဇာတသတ်မဟာရာဇာအား အောက်ပါအတိုင်း ဟောတော်မူသည်။

**ဘုရားပွင့်တော်မူပုံ။** ။မဟာရာဇာ....ဤလောက၌ ကိလေသာကုန်စင်၍ အစုံအလင်သိမြင်နိုင်သော တထာဂတ(ဘုရား)သည်ဖြစ်တော်မူလာ၏၊

ထိုတထာဂတသည် နတ်ပြဟ္မာတို့နှင့် တကွဖြစ်သော ဤသတ္တဝါ အပေါင်းကို ထူးသော သဗ္ဗညုတဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ သတ္တဝါ တို့အားလည်း (နတ်ပြဟ္မာတွေရှိကြောင်း, လူ တိရစ္ဆာန်သာမက ငရဲ သတ္တဝါ ပြိတ္တာသတ္တဝါတွေလည်း ရှိကြောင်းကို) သိအောင် ဟောပြ တော်မူ၏။

**တရားဟောတော်မူပုံ။** ။ထိုတထာဂတသည် အစ၌ သီလဖြည့်ကျင့်ရပုံကို ပြ၍၎င်း, အလယ်၌ ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်သောအားဖြင့် သမာဓိ ဖြည့်ကျင့်ရပုံကို ပြ၍၎င်း, အဆုံး၌ ဝိပဿနာပညာ မဂ်ပညာ ဖိုလ် ပညာကိုပြ၍၎င်း, အစအလယ်အဆုံး ၃-ပါးလုံးကောင်းသော တရား ကို ဟောတော်မူ၏။ ထိုတရားသည် အနက်အဓိပ္ပါယ်လည်း ပြည့်စုံ၏၊ သဒ္ဒါစကားလုံး, အသုံးအနှုန်းလည်း(ကြားနာသူတွေ နားရှင်းလောက် အောင်) ပြည့်ပြည့်စုံစုံ ရှိ၏။

**ပြည့်စုံသန့်ရှင်းပုံ။** ။ထိုတရားတော်၌ ဘယ်အချက်ကလေး လိုသွားသည်ဟု ဆို၍ နောက်ထပ်ထည့်သွင်းစရာ မရှိသောကြောင့် အားလုံးပြည့်စုံ၏၊ ဘယ်စကားအသုံးအနှုန်းဟာ ပိုနေသည်ဟုဆို၍ နှုတ်ပယ်စရာလည်း မရှိ၊ ပစ္စည်းလာဘ်ကို မြော်၍၎င်း, မိမိဂုဏ်ကို ဖော်၍၎င်း, နောက် ထပ်ဂုဏ်လိုချင်၍၎င်း ဟောတော်မူခြင်းမဟုတ်၊ တရားနာသူတို့ကို ကယ်တင်လိုသောဆန္ဒတော်ဖြင့် ဟောတော်မူခြင်းကြောင့် သန့်ရှင်း သောတရားတော်လည်း ဖြစ်ပေသည်။

**သာသနာတော်ဖြစ်ပေါ်ပုံ။** ။သီလ, သမာဓိ, ပညာ အကြောင်းအရာ ပါရှိသောတရားတော်ကို ဟောတော်မူရင်းပင် သီလ, သမာဓိ, ပညာ ဟူသော အကျင့်သာသနာတော်ကိုလည်း စတည်တော်မူပြီးဖြစ်လေ တော့သည်၊ (သာသန-ဘုရားရှင်သည် သွန်သင်ညွှန်ပြအပ်သော သီလ, သမာဓိ, ပညာ၊ ဤ ၃-ပါးသည်ပင် မိမိကိုယ်၌ စွဲမြဲအောင် ကျင့်ရ သောကြောင့် “**သိက္ခာ-အကျင့်**”ဟု၎င်း, “**ပဋိပတ်-အကျင့်**”ဟု၎င်း ခေါ်၏။)

**ပရိယတ်တရား။** ။"ပရိယတ်"ဟူသည် ပါဠိပျက်စကားတည်း၊ မြန်မာလို "သင်ယူအပ်သောစာ"ဟု ခေါ်၏၊ ထိုစာကိုပင် "ပိဋက"ဟုလည်း ခေါ်ပြန်သည်၊ ဗုဒ္ဓမြတ်စွာသည် တရားတော်များကို ခပ်များများ ဟောပြီးသောအခါ ထိုတရားတော်(စာ)များကို သင်ယူရမည်ဖြစ်သော ကြောင့် "ပရိယတ်သာသနာ-သင်ယူရမည့် အဆုံးအမစာ"ဟူသော သာသနာတော်လည်း ဖြစ်ပေါ်လာပြီး ဖြစ်လေသည်။

**သဒ္ဓါဖြစ်၍ စဉ်းစားပုံ။** ။ထိုတရားတော်ကို ကြားနာရ, သိရသော အမျိုးသားတယောက်မှာ မြတ်စွာဘုရားအပေါ်၌ ယုံကြည်သော ကြည်ညိုသော သဒ္ဓါတရားဖြစ်၏၊ ထိုသဒ္ဓါတရားကို အရင်းခံ၍ စဉ်းစား ဉာဏ်ဖြစ်ပုံမှာ....အိမ်ရာထောင်သော လူ့ဘောင်ဆိုသည်မှာ သား မယား သံယောဇဉ်တွေများသောကြောင့် (အိမ်က ကျယ်ဝန်းစေကာမူ စိတ်မလွတ်လပ်သဖြင့်) ကျဉ်းမြောင်းကြပ်တည်းလှ၏၊ ရာဂဒေါသ မောဟဟူသော မြူမှုန်(ဖုံ)တွေ အမြဲကျရောက်နေရကား အများသွားတဲ့ လမ်းမကြီးလို ဖြစ်နေ၏၊ အိမ်မှခွါ၍နေရသော ရဟန်းဘဝကား (ထိုသံယောဇဉ် အနှောင်အဖွဲ့ကင်းသဖြင့်) လွင်တီးခေါင်လို ဖြစ်နေ ပေသည်၊ ဤသို့ စဉ်းစားလေသည်။

**ရဟန်းပြုပုံ။** ။"ငါသည် ဘုရားရှင်၏တရားတော်အတိုင်း စဉ်းစားရလျှင် အိမ်မှာနေလို့တော့ ဤတရားတော်ညွှန်ပြသည့်အတိုင်း သီလကို အပြည့် အစုံ ဖြည့်နိုင်ဘို့ ခဲယဉ်းလှ၏၊ သမာဓိရဘို့, ဝိပဿနာမဂ်ဖိုလ်ပညာရဘို့ မှာမူ သာ၍ပင် ခဲယဉ်းစရာရှိ၏၊ ထို့ကြောင့် ငါသည် ရဟန်းပြုမှတော် မည်"ဟု စဉ်းစားပြီးလျှင် ထားနေကျမုတ်ဆိတ်, ထားနေကျဆံရှည်ကို ရိတ်၍ သစ်ခေါက်ဖန်ရည်ဆိုးအပ်သောအဝတ်(သင်္ကန်း)ကို ဝတ်လျက် ရှင်ရဟန်းပြုလေသည်။ (သာမညဖလသုတ်ပါဠိတော်။) ဤပါဠိတော် အစဉ်ကို စဉ်းစား၍ သံဃာရတနာ ဖြစ်ပေါ်လာခဲ့ပုံကို သိပါ။

**သံဃာ။** ။"သံဃ"ဟူသော ပါဠိစကားသည် မြန်မာလို "တူညီသူတို့၏ အပေါင်း"ဟု အနက်ထွက်၏၊ ဤနေရာ၌ သီလအကျင့်တူညီသော

ရဟန်းတော်တို့၏ အပေါင်းကို "သံဃာ"ဟု ခေါ်သည်၊ ထိုသံဃာတို့တွင် ဘုရားဖြစ်ပြီးခါစ ရွှေပိုင်းကျသော သံဃာတော်များသည် အရိယာဖြစ်ကြသည်သာ များ၏၊ ထိုသံဃာတော်များကို စိတ်ဖြူစင်သောကြောင့် "အရိယာသံဃာ"ဟုရင်း, ရဟန်းဘဝမှ လူ့ဘဝသို့ မပြောင်းမလွှဲ ခိုင်မြဲတည့်မတ်သောကြောင့် "ပရမတ္ထသံဃာ=မဖောက်မပြန်သော သံဃာ"ဟုရင်း ခေါ်၏။

**သံဃံ သရဏံ ဂစ္ဆာမိ။** ။"သံဃံ သရဏံ ဂစ္ဆာမိ"၌ သံဃာဟူသည် အရိယာဖြစ်ပြီးသော သံဃာတည်း၊ နောက်နောက် အဆက်ဆက် ရဟန်းပြုကြရာ၌ကား အရိယာမဖြစ်သူများလည်း ပါဝင်သောကြောင့် ထိုအရိယာ မဖြစ်သော သံဃာကို "ပုထုဇဉ်သံဃာ=အရိယာတို့မှ သီးခြားဖြစ်သော ရဟန်းတော်အပေါင်း"ဟုရင်း, သံဃာရတနာအစစ်မဟုတ်၊ သံဃာအစစ်နှင့် သီလသိက္ခာကျင့်စရာချင်း တူသောကြောင့် သံဃာဟု လူအများက သမုတ်ထားသဖြင့် "သမ္မုတိသံဃာ"ဟုရင်း ခေါ်ရသည်၊ ထိုသမ္မုတိသံဃာ၌ကား အကောင်းအဆိုး ၂-မျိုးပင် ရှိသည်၊ သာသနာ့တာဝန်ကို ကျေပွန်အောင် ထမ်းနိုင်သော ပုဂ္ဂိုလ်ကို အကောင်း, ကျေပွန်အောင် မထမ်းသူကို အဆိုးဟု ခွဲပါ။

## ရဟန်းတော်များ၏ တာဝန်

ရဟန်းသံဃာမှန်လျှင် ပုထုဇဉ်ဖြစ်ဖြစ် အရိယာဖြစ်ဖြစ် သာသနာတော်၏ တာဝန်ကို ထမ်းရမည်သာ၊ သာသနာတော်၌ ထမ်းရမည့်တာဝန်သည် ဂန္ထဓုရ-စာပေတာဝန်, ဝိပဿနာဓုရ-ဝိပဿနာ(ကမ္မဋ္ဌာန်းအားထုတ်မှု)တာဝန်၊ ဤသို့ ၂-မျိုးရှိ၏၊ ဤတာဝန် ၂-မျိုးတွင် တမျိုးကိုဖြစ်စေ, ၂-မျိုးလုံးကိုဖြစ်စေ ရဟန်းဖြစ်သူတိုင်း ထမ်းဆောင်ရမြဲဖြစ်သည်၊ ထိုတာဝန်တမျိုးကိုမှ မယူနိုင်လျှင် တာဝန်မကျေ၊ မိမိအကျိုးသက်သက် ကမ္မဋ္ဌာန်းတရားဖြင့်နေသော ပုဂ္ဂိုလ်သည် ဝိပဿနာတာဝန်ကို ထမ်းဆောင်နေသောကြောင့် သာသနာ့တာဝန်ထမ်းသော ပုဂ္ဂိုလ်ကောင်းပင် ဖြစ်သည်။

**တာဝန်မကျေလျှင် မသဒ္ဓါ။** ။လောက၌ မိဘဖြစ်စေ, ဆရာဖြစ်စေ, တာဝန်မကျေသူကို မကျေနပ်ကြ၊ တာဝန်ကျေမှ ကျေနပ်ကြ၏၊ ဥပမာ—မိဘကို သားသမီးတို့က ကျွေးမွေးပြုစုထားလျှင် ထိုမိဘကလည်း အိမ်ကိုစောင့်ရှောက်ဘို့, မြေးကလေးများကို ထိန်းသိမ်းစောင့်ရှောက်ဘို့, သားသမီးနှင့်တကွ မြေးကလေးများ လိမ္မာအောင် သွန်သင်ဘို့ တာဝန်ရှိ၏၊ ထိုသို့ တာဝန်ကျေသောမိဘများကို သားသမီးမြေးတို့က အလွန်ချစ်ကြ၏၊မိမိတို့အိမ်မှတခြားသားသမီးများအိမ်သို့ ရွှေ့သွားမည်ကိုပင် စိုးရိမ်ကြ၏။

ထို့အတူ ဆရာသမားဖြစ်ကြသော ရဟန်းတော်များကိုလည်း တာဝန်မကျေလျှင် ရပ်ရွာက, တိုင်းပြည်က မကျေနပ်ကြ၊ ရပ်သူရွာသား တိုင်းသူပြည်သား လူကြီးလူငယ်များကို စာရိတ္တကောင်းအောင်ရင်း, ကလေးများကို ပညာတတ်အောင်ရင်း သွန်သင်ပြသတော်ရမှသာ ဆွမ်းသင်္ကန်းကျောင်းများကို ကျေနပ်စွာလှူဒါန်းကြပေလိမ့်မည်၊ ထိုကဲ့သို့ ရပ်ရွာ၌ရင်း, တိုင်းပြည်၌ရင်း အကျိုးရနေသောရဟန်းသံဃာတော်များကို တိုင်းပြည်၌ ကွယ်ပျောက်မသွားစေလိုကြ၊ ထိုသံဃာတော်အတွက် လူဝတ်ကြောင်တို့က အသက်ကိုပင်စွန့်၍ စောင့်ရှောက်ကြပေလိမ့်မည်၊ ထိုသို့ အကျိုးမရလျှင်ကား သာသနာတော်ကွယ်သွားသော်လည်း အများစုက ဝမ်းနည်းကြမည်မဟုတ်ချေ။

**အရေးကြီးသော အချိန်အခါ။** ။ယနေ့အချိန်အခါသည် တည်ငြိမ်သောအချိန်အခါမဟုတ်၊ ကမ္ဘာအရပ်ရပ်၌ပင် အယူအဆ အပြောင်းအလဲများ၍ လှုပ်ရှားနေသော အချိန်အခါဖြစ်၏၊ဤအချိန်၌ဗုဒ္ဓသာသနာဝင်လူရှင်အားလုံးပင် မိမိတို့၏သာသနာရေးကိစ္စများကို ဗုဒ္ဓအလိုတော်နှင့် ကိုက်ညီအောင် ပြုပြင်နိုင်မှသာ ကြာရှည်စွာ တည်တံ့သော ဘာသာ သာသနာ ဖြစ်ပါလိမ့်မည်၊ ဗုဒ္ဓအလိုတော်နှင့်လည်း မကိုက်, ခေတ်နှင့်လည်း မလိုက်သော ကိစ္စများကို အယူသီးကာ မပြုပြင်နိုင်ပါလျှင် ဘာသာရေး ကိုးကွယ်သူတွေပါ ကမ္ဘာတွင်မဆိုထားဘိ မြန်မာပြည်တွင်သော်မှ အောက်ကျနောက်ကျ ဖြစ်ရပါလိမ့်မည်။

**ဗုဒ္ဓသာသနာ အဘိုးအတန်ဆုံး အချိန်။** ။ယနေ့အချိန်သည် အယူအဆ မတည်ငြိမ်သလောက် အများစု၏ စာရိတ္တလည်း တိုင်းပြည်တိုင်းမှာ ကြောက်စရာကောင်းလောက်အောင် ပျက်စီးနေချိန်ဖြစ်၏၊ တဏှာ ရာဂ လောဘမှုနှင့်စပ်၍ ခံစားဘွယ်အာရုံတွေကို ပစ္စည်းရော လူပါ အမျိုးမျိုးထုတ်လုပ်ပေါ်ပြကြသောကြောင့် တဏှာရာဂအတွက် စာရိတ္တ သောင်းကျန်းမှုတွေ မိဘက သားသမီးကို မထိန်းသိမ်းနိုင်လောက် အောင်ပင် ကြောက်စရာဖြစ်နေလေပြီ၊ ဒေါသ မာနမှုနှင့်စပ်၍ လက်နက်အမျိုးမျိုးတွေ ထုတ်လုပ်နေကြသောကြောင့် မည်သည့် တိုင်းပြည်မျှ စိတ်အေးလက်အေး မနေနိုင်ကြ၊ ယင်းကြောင့် တိုင်းပြည် တိုင်းတွင် အမြော်အမြင်ရှိသူတချို့က စာရိတ္တမပျက်စီးဘဲ ချမ်းသာ မည့်နည်းလမ်းကို စုံစမ်းနေကြရလေပြီ၊ ဤအချိန်မျိုး၀ယ် ဤ ဗုဒ္ဓ သာသနာတရားတော်သာ အကယ်နိုင်ဆုံး ဖြစ်စရာရှိပါသည်။

**သာသနာရေးကိစ္စများ ပြုပြင်ပါ။** ။စာရိတ္တမပျက်စီးဘဲ ချမ်းသာမည့် နည်းလမ်းကို စုံစမ်းရှာဖွေကြသူတို့သည် ဤမြန်မာနိုင်ငံသို့ ရောက်လာ ကြ၏၊ ထိုအခါ တရားတော်ကို ဖတ်ဘူးသူတို့သည် တရားတော်နှင့် ဤနိုင်ငံ၏ သာသနာရေးအလုပ်များကို တွဲဖက်စဉ်းစားကြသောအခါ အတော်များများက အားမရဘဲ ပြန်သွားရ၏၊ ထို့ကြောင့် သာသနာ ရေးကိစ္စတိုင်းမှာ ဘုရားအလိုတော်နှင့် ကိုက်ညီအောင် အသင့်ပြုပြင် ထားဘို့ အရေးကြီးပါသည်။ (ထိုပြုပြင်နည်းအချို့ကို အနာဂတ် သာသနာရေးစာအုပ် နောက်ပိုင်း၌ ပြထားပါပြီ။)

**သာသနာရေး ကျောင်းကောင်းလိုသည်။** ။ကလေးဘ၀မှစ၍ ဘာသာ ရေးကို နားရည်၀အောင် ကျကျနနသင်ပြပေးမည့် ဘုန်းတော်ကြီး စာသင်ကျောင်းများ မြို့တိုင်းရွာတိုင်းမှာ ရှိဘို့လိုအပ်နေပါပြီ၊ ဘုန်းတော် ကြီးကျောင်းများ၀ယ် အနည်းဆုံးမူလတန်းကို အစိုးရသတ်မှတ်ထား သည့် သင်ခန်းစာများနှင့်တကွ ကလေးတို့၏စာရိတ္တကို အထူးသင်ပြ ၍ နောင်အခါ ရပ်ရွာ၏ လူတော်လူကောင်းကလေးများ ဖြစ်စေသင့် ပါပြီ၊ ထိုဘုန်းတော်ကြီးကျောင်းအား အစိုးရက အထောက်အပံ့လည်း

ပေးဘူးဘူးမလို၊ ချုပ်ချယ်ဘူးလည်းမလို၊ ဘုန်းတော်ကြီးများ ကိုယ်တိုင် လွတ်လပ်စွာ သင်ပေး၍ အချိန်ကျလျှင် အစိုးရ စာမေးပွဲ သွင်းပေးရုံသာ။

## ဘုန်းတော်ကြီး ရှာပါ

မိမိရပ်ရွာ၌ ကလေးများအား စာပေသင်ပြ၍ လူကြီးများကိုလည်း ထိုက်တန်သမျှ ဩဝါဒပေးမည့် ပုဂ္ဂိုလ်ကို စဉ်းစားလျှင် ပဌမဆုံး မိမိတို့ရပ်ရွာဝယ် ရှိပြီးသော ဘုန်းတော်ကြီး သို့မဟုတ် ဘုန်းတော်ကြီး၏ လက်ထောက်တပါးပါးကို စဉ်းစားပါ၊ ထိုပုဂ္ဂိုလ်မျိုးရလျှင် အကောင်းဆုံးဖြစ်၏၊ ထိုသို့မရနိုင်လျှင် ကိုးကွယ်နေကျ ဆရာဘုန်းတော်ကြီးများနှင့် တိုင်ပင်၍ မိမိတို့နယ်မှ ပုဂ္ဂိုလ်ကို ရအောင်ပင့်ပါ၊ ထိုသို့ နယ်မှပုဂ္ဂိုလ်မရမှသာ တခြားက ပုဂ္ဂိုလ်ကို ပင့်ဘို့ရာ ထိုအချိန်၌ ရှိနေလောက်သော သာသနာပြု ပင်ရင်းဌာနသို့တောင်းပါ၊ ထိုသို့မစိစစ် မစဉ်းစားဘဲ အလွယ်တကူ ဘုန်းကြီးတပါးအသစ် ကိုးကွယ်မှုကို မည်သည့်နည်းနှင့်မျှ မပြုထိုက်ပါ၊ လူဝတ်ကြောင်သည် ခေတ်မသိသော ပုဂ္ဂိုလ်တပါး၏ အကြောင်းကို မသိနိုင်ပါ။

**ကြာကြာ ပေါင်းမှသိ။** ။ရဟန်းဖြစ်စေ လူဝတ်ကြောင်ဖြစ်စေ လူတယောက်၏အကြောင်း ရက်လ အနည်းငယ် ပေါင်းရုံဖြင့် မသိနိုင်၊ အတော်ကြာကြာ ပေါင်းမိမှ သိနိုင်သည်၊ အခါတပါး၌ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၏ တံခါးမုခ်၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ ကောသလ မဟာရာဇာလည်း ဘုရားအထံတော်သို့ ရောက်လာ၏၊ ထိုအခိုက်၌ ရသေ့ပရိဗ္ဗိုဇ် တက္ကဒွန်း စသူတို့သည် ဘုရားရှင်၏ မလှမ်းမကမ်း ဖြစ်သော လမ်း၌ သွားကြ၏၊ ထိုအခါ မဟာရာဇာသည် ဘုရားရှင်၏အနီးမှ ထသွား၍ ဒူးထောက်ပြီးလျှင် ထိုရသေ့ စသူတို့အား လက်အုပ်ချီမိုး ရှိခိုးလေသည်၊ ထိုသို့ရှိခိုးပြီး၍ ဘုရားအထံ ပြန်လာပြီးလျှင် "ဤပုဂ္ဂိုလ်များလဲ ရဟန္တာပုဂ္ဂိုလ် သို့မဟုတ် ရဟန္တာဖြစ်အောင်ကျင့်သော ပုဂ္ဂိုလ်များတွင် အပါအဝင် ဖြစ်ကြပါတယ်"ဟု လျှောက်လေသည်။

ထိုအခါ ဘုရားရှင် မိန့်တော်မူသည်မှာ— မဟာရာဇာ.... ကာမဂုဏ် စည်းစိမ်နှင့်နေသူ လူဝတ်ကြောင်က "ရဟန္တာဟုရင်း, ရဟန္တာဖြစ်အောင် ကျင့်နေသူဟုရင်း" သိဘို့ရန်မလွယ်ကူ၊ ပုဂ္ဂိုလ်တယောက်၏ အကျင့်သီလကို ကြာကြာပေါင်းကြည့်မှ သိနိုင်သည်၊ ခဏကလေးဖြင့် မသိနိုင်၊ ကြာကြာ ပေါင်းသော်လည်း သူ့အကြောင်းကို သတိထားကြည့်မှ သိနိုင်သည်၊ သတိ မထားဘဲ ပေါင်းရုံသာ ပေါင်းနေလျှင် (ဘယ်လောက်ကြာကြာ) မသိနိုင်၊ သတိထားသော်လည်း မိမိက စဉ်းစားဝေဘန်တတ်သော ဉာဏ်ရှိမှသိနိုင်သည်၊ မစဉ်းစား မဝေဘန်တတ်လျှင် မသိနိုင်၊ ဤသို့ မိန့်တော်မူလိုက်သည်။

ထိုအခါ ကောသလ မဟာရာဇာ ဝန်ခံသည်မှာ- "ကြာကြာပေါင်းမိမှ, သတိလဲထားမှ, စဉ်းစားဝေဘန်တတ်သော ဉာဏ်လဲရှိမှ ပုဂ္ဂိုလ် တပါး၏ သီလအကျင့် ကောင်းမကောင်း သိနိုင်သည်" ဟု မိန့်တော်မူသည်မှာ မှန်ပါ ပေသည်ဘုရား....၊ယခုတွင်က ဒကာတော် အရိုအသေ ပေးလိုက်သော ရသေ့ ပရိဗိုဇ်များသည် ဒကာတော်၏ သူလျှိုစုံထောက်များ ဖြစ်ကြပါသည်၊ အမြို့မြို့ အပြည်ပြည်မှ စုံထောက်၍ ပြန်လာကြပါသည်၊ ဒကာတော်က ဤကဲ့သို့ အရိုအသေမပြုလျှင် သူတို့တွေ့မြင်ခဲ့သမျှတွေကို အကုန်မပြောဘဲ ချန်ထားပါ လိမ့်မည်၊ ထို့ကြောင့် အရိုအသေ ပြုရပါသည်-ဟု လျှောက်လေသည်။ (ကဿပသံယုတ်၊ ဒုတိယဝဂ်။)

**မှတ်ချက်။** ။ဤတရားတော်၌ (၁) ရဟန်းသံဃာ၏ သီလသမာဓိရှိ-မရှိ ကို လူဝတ်ကြောင်များက သိဘို့မလွယ်ကူကြောင်း၊ (၂) လူဝတ် ကြောင်ဖြစ်စေ၊ ရဟန်းသံဃာဖြစ်စေ ထိုသူ့အကြောင်းကို ဉာဏ်ရှိ၍ သတိထားတတ်သူပင် ဖြစ်သော်လည်း ကြာကြာပေါင်းမိမှ သိနိုင် ကြောင်း၊ (၃) ရှေးမင်းတို့ လက်ထက်ကပင် စုံထောက်ထားလေ့ ရှိကြောင်း၊ (၄) ယခုအခါ အပြစ်မလွတ်သော အလုပ်အကိုင် အပြောအဆိုများကို သူစိမ်းမသိစေထိုက်ကြောင်း မှတ်သား၍ သတိ ထားကြပါလေ။

## ကျောင်း၏နေရာနှင့် သာယာရေး

ဗုဒ္ဓမြတ်စွာ၏ သန့်ရှင်းမှု သိတ်ငြိမ်မှု လိုလားတော်မူကြောင်းကို ဗုဒ္ဓရတနာအခန်း၌ ပြခဲ့ပါပြီ၊ ထို့ကြောင့် ကလေးတို့အား စာသင်ပေးမည့် ဘုန်းတော်ကြီး၏ ကျောင်းသည် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ဖြစ်စေသင့်ပါသည်။

ထို့ကြောင့်....

၁။ ကလေးတို့အား စာသင်ပေးမည့် ဘုန်းတော်ကြီးကျောင်းသည် ရွာနှင့် အလွန်မဝေးသော နေရာ၌ တည်ရှိသင့်၏၊ မူလက ကျောင်းရှိလျှင် ထိုကျောင်းကိုပင် သာယာအောင် ရပ်ရွာလူထု၏ အကူအညီဖြင့် သန့်ရှင်းသင့်၏။

၂။ အသစ်တည်ရမည်ဖြစ်လျှင် အနီးအပါး၌ ရှေးသစ်ပင်ကြီးများရှိ၍ ရေပြည့်စုံသောနေရာကို ရွေးချယ်သင့်၏၊ ထိုသို့ နေရာသေချာပြီးသောအခါ ရှေးဦးစွာ ကျောင်းကောင်းကောင်း မလိုသေး၊ ရပ်ရွာ ထုံးစံအလိုက် ဝါးကပ်မိုး ထရံကာ (ဓနိမိုး- ဓနိကာ) ကျောင်းကလေးမျိုးကို စတည်သင့်၏။

၃။ ကလေးများကို စာသင်ဘို့ရန် စာသင်ကျောင်းလည်းဖြစ်, ဥပုသ်နေ့၌ ဥပုသ်စောင့်ရာဌာနလည်း ဖြစ်နိုင်သော ဇရပ်တဆောင် ရှိသင့်၏။

၄။ ရဟန်းငယ် သာမဏေများ ရှိသေးလျှင် ထိုပုဂ္ဂိုလ်များအတွက် တခန်းတပါးနေဘို့ရာ သပ်ယပ်သော တန်းလျားရှည် ကျောင်းလည်း ရှေ့မျက်နှာစာပြင်နှင့်တကွ ရှိသင့်၏။

၅။ ကျောင်းဝင်းကျဉ်းလျှင် တကျောင်းလုံးကို တံမြက်လှည်းနိုင်၏၊ ကျောင်းဝင်းကျယ်လျှင် တကျောင်းလုံး မလှည်းနိုင်၊ ထို့ကြောင့် ကျောင်းဝင်းကျယ်လျှင် ကျောင်းဆောင်နှင့် ခပ်ဝေးဝေးနေရာဝယ် ဒေသအလိုက် ကြီးပွားလွယ်သော အရိပ်လည်းရ, စားလည်း စားရသော သစ်ပင် သို့မဟုတ် အရိပ်ရ သက်သက် သစ်ပင့်များကို စိုက်ထားသင့်၏။

၆။ ကျောင်းဝင်း၏ အရှေ့မြောက် ထောင့်သင့်တော်ရာဝယ် စေတီတော်တဆူ (ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ နဂိုရ်က မရှိသေးလျှင်အသစ်) ရှိသင့်၏။ (ထိုစေတီတော်သည် ကျောင်းက အမြဲဝတ်ပြု၍ရှာကလည်း မကြာမကြာ ဝတ်ပြုရန်ဖြစ်၏၊ ကျောင်းဝင်းအတွင်းမှာစေတီတော်, ဆင်းတုတော် အသစ်မတည်သင့်ပါ၊ မရှိမသေနေမိမှာစိုးသည်၊ နဂိုရ်ရှိလျှင်ကား သီးခြားတံတိုင်းဖြင့် အလွန်ကြည်နူးဘွယ်ပြုပြင်သင့်ပါသည်၊)

၇။ ကျောင်းဝင်းအတွင်း (သို့မဟုတ် ကျောင်းဝင်း အနီးအပါး) ၌ကျောင်းသားအားလုံး သောက်သုံးနိုင်လောက်အောင် ရေတွင်းသို့မဟုတ် ရေကန်ရှိသင့်ပါသည်။

၈။ ထိုရေတွင်း (ရေကန်)၏ ပတ်ဝန်းကျင်၌ အုန်း ထန်း ဓနိ ငှက်ပျောစသည်တို့တွင် သင့်တော်သော သစ်ပင်များ စိုက်ခဲ့ကာ သာယာမြေသောနေရာ ဖြစ်စေသင့်ပါသည်။ (ဖြစ်နိုင်လျှင် ထိုရေတွင်း, ထိုရေကန်သည် ရပ်ရွာနှင့် မဆက်ဆံစေသင့်ပါ။)

၉။ ဤကား ကျောင်း၏ နေရာဌာနနှင့် သာယာရေးတည်း၊ ဤသို့သာယာသော နေရာ၌ ပညာသင်ယူရသော ကလေးများသည် အလိုလိုစိတ်ချမ်းသာလျက် ဉာဏ်ပညာ သွက်လက်ပါလိမ့်မည်။

၁၀။ ဉာဏ်ပညာ သွက်လက်ရုံသာမက ကျောင်း၏ သာယာရေးကို အတုယူကာ အိမ်နှင့် ရွာ၏သာယာရေးဖြစ်အောင် စီစဉ်တတ်သော ကလေးများ ဖြစ်နိုင်ပါလိမ့်မည်။

## ဘုန်းတော်ကြီး၏ အရည်အချင်း

(၁) မျက်စိ နား နှာ အင်္ဂါ ခြေလက် ချို့ယွင်းချက် မရှိခြင်း၊

(၂) ပင်ကိုယ်အားဖြင့် ကျန်းမာရေး ပြည့်စုံခြင်း၊

(၃) လေ့ကျင့် သင်ကြားထားသောအားဖြင့် ကျန်းမာရေးကို နားလည်ခြင်း၊

(၄) ကျောင်းထိုင် အင်္ဂါနှင့်ညီအောင် ဝိနည်းတော်ကို သင်ကြားပြီးခြင်း၊
(၅) ငါးဝါအထက် ဝါရပြီးဖြစ်ခြင်း၊ ၅-ဝါ မရသေးလျှင် ဝိနည်းနားလည်သော်လည်း ဆရာကြီးမရှိဘဲ မနေကောင်း၊ ငါးဝါရ၍ ဝိနည်းကိုလည်း နားလည်မှ မိမိဘာသာ နေကောင်းသည်၊ (၁၀-ဝါမပြည့်သေးလျှင်ရဟန်းသာမဏေမထားကောင်းသေး။)
(၆) လောကီကြီးပွားရေးကိုပြသော ဘုရားဟော တရားတော်များနှင့် ခေတ်အလိုက် ပေါ်လာသော စာအုပ်များကိုဖတ်၍ ထိုစာအုပ်များ၏ စာကြည့်တိုက် (စာကြည့်ဘို့နေရာ) တည်ထောင်နိုင်ခြင်း၊
(၇) ကလေးများအား အစိုးရ ပြဋ္ဌာန်းထားသော မူလတန်း ပညာကို သင်ပေးနိုင်ခြင်း၊ (ထိုသို့ သင်ပေးနိုင်ဘို့ရန် မိမိက ၇-တန်း ပညာကို တတ်သိပြီး ဖြစ်ရပါလိမ့်မည်။)
(၈) မိမိအတွက် ဂုဏ်လာဘ်ကို မလိုလားဘဲ ကုသိုလ်ပါရမီကိုသာ လိုလားခြင်း၊
(၉) မိမိနေရာ ရွာသူရွာသားတို့ အပေါ်၌ (ဆွေမျိုးများ ပါဝင်သော ကိစ္စ၌ပင်) အဂတိမလိုက်စားဘဲ ထပ်တူညီမျှ သဘောထားနိုင်အောင် မေတ္တာဘာဝနာကို နေ့စဉ်ပွားများခြင်း၊
(၁၀) ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို မကွယ်ပစေလို့ ကြက်သရေရှိရှိ တည်ရှိစေလိုသော သမ္မာဆန္ဒ အမြဲရှိအောင် (ဘုရားရှင်၏ အကြောင်းအရာကို) မှတ်ခြင်း ဖတ်ခြင်းနှင့်တကွ ဗုဒ္ဓါနုဿတိ ဘာဝနာပွားခြင်း၊
(၁၁) ထိုရွာ၌ မိမိကျောင်းမှတပါး အခြားကျောင်းများ ရှိသေးလျှင် ထိုကျောင်း ဘုန်းတော်ကြီးများနှင့် ဆန့်ကျင်ဘက် မဖြစ်စေဘဲ ရင်းနှီးခင်မင်အောင် ပြောဆိုနေထိုင်တတ်ခြင်း၊
(၁၂) အခြားကျောင်းက ကလေးများကို မိမိကျောင်းသို့ ရောက်လာအောင် သွေးမဆောင်ရခြင်း၊

ဤကား ရွာကျောင်း ဘုန်းတော်ကြီးအတွက် ရှိသင့်သော အရည်အချင်းများတည်း။

## ဘုန်းတော်ကြီး၏ နေ့စဉ်အလုပ်

(၁) အရုဏ်မတက်မီ (၄-နာရီလောက်) ကျောင်းရှိ ရဟန်း သာမဏေ ကျောင်းသားများပါ အိပ်ရာမှထ၍ ပစ္စဝေက္ခဏာ ဆင်ခြင်မှု, ဗုဒ္ဓါနုဿတိ မေတ္တာဘာဝနာ ပွားမှုကိုပြုခြင်း၊

(၂) အရုဏ်တက်သောအခါ ကိုရင် သို့မဟုတ် ကျောင်းသားကြီးတို့၏ ကျိုချက်အပ်သော ယာဂု သို့မဟုတ် ဆွမ်းကို ဘုဉ်းပေးခြင်း၊ (ယာဂု ဆွမ်းအတွက် ပဲလှော် ပဲပြုတ်စသော သာမန် ဟင်းများဖြင့်ပင် ကျေနပ်မှုကို သန္တုဋ္ဌိ အကျင့်ဟု ယူဆပါ။)

(၃) ထိုသို့ ဘုဉ်းပေးပြီးသောအခါ ဦးပဉ္စင်း ကိုရင် ကျောင်းသားများ ကို ကျောင်းဝင်းနှင့် စေတီတော်ဝင်း၌ တံမြက်လှည်းမှု စသော ဝတ်ကို ပြုစေခြင်း၊ ကိုယ်တိုင်လည်း ပြုခြင်း၊

(၄) ထိုသို့ ဝတ်ပြုပြီးသောအခါ ရေချိုးတန်ချိုး၍ ဆွမ်းခံချိန်ကျလျှင် ကြည်ညိုဘွယ် ဆွမ်းခံသွားခြင်း၊ ဆွမ်းခံချိန် မကျသေးလျှင် ကျောင်းရှိ ကိုရင် ဦးပဉ္စင်းငယ်များအား စာချခြင်း၊

(၅) ဆွမ်းခံပြန်သောအခါ ကျောင်းသားကလေးများ ကျောင်းသို့ ရောက်လာပြီဖြစ်၍ မိမိကိုယ်တိုင်ရင်း, ဦးပဉ္စင်း ကိုရင် ကျောင်း သားကြီးများကို ကူညီစေ၍ရင်း စာပြပေးခြင်း၊

(၆) စာချောက်ဘုံ နွားကျောင်းဘုံ ကိစ္စကြောင့် ကျောင်း၌ အချိန်ပြည့် နေ့ရက်အပြည့် မနေနိုင်သော ကျောင်းသားတို့အား ၂-နှစ်မှ တတန်းတက်တန် တက်နိုင်အောင် စာချောက်ရင်း နွားကျောင်း ရင်း ကျက်ဘုံစာ, တွက်ဘုံဂဏန်းကို ပေးလိုက်၍ ညနေမှ လာ ရောက် ပြစေခြင်း၊

(၇) ကလေးများကို အမြဲ သန့်သန့်ရှင်းရှင်း နေလေ့ရှိအောင် သင်ပြ ခြင်း၊ (ဆပ်ပြာဖြင့်တိုက်၍ ရေကိုမှန်မှန် ချိုးစေခြင်း၊ တော်တော် ကြီးသော ကလေးများကို အဝတ်ဖွတ်နည်း အဝတ်လှမ်းနည်းနှင့် ခြောက်လျှင် အဝတ်ရုပ်သိမ်းခြင်း အလေ့ကိုပါ သင်ပြခြင်း။)

(၈) ကလေးများကို မည်သည့်အစာသည် ဓာတ်လျှောစေတတ်၏၊ မည်သည့်အစာသည် ဓာတ်ချုပ်စေတတ်၏၊ မည်သည့်အခါ၌ မည်သည့်အစာကို မစားသင့်၊ အစာကို အချိန်မှန်မှန် စားသင့်၏၊ စား၍ကောင်းသော်လည်း ခါတိုင်းထက်ပို၍ မစားသင့်၊ စားချိန်မဟုတ်လျှင် သရေစာကို စားလေ့မရှိသင့်၊ လမ်း၌ရောင်းချသော မသန့်ရှင်းသော အစာများကို မစားသင့်, မသောက်သင့်၊ ရေကိုလည်း မြူမှုန်မပါသော ရေသန့်သန့်ကိုသာ သောက်သင့်၏၊ ဤသို့ အစားအသောက် ဆိုင်ရာ၌ ကျန်းမာရေးကို လက်တွေ့လုပ်စေခြင်း၊

(၉) ကျန်းမာရေးဘက်ကကျောက်, ဝက်သက်, ဝမ်းရောဂါကာကွယ်ဆေး ထိုးလာလျှင် မကြောက်ရ၊ တမင်လာသွား၍သော်လည်း ထိုးသင့်၏၊ ဤသို့စသည်ဖြင့် ကျန်းမာရေးကို နားလည်စေခြင်း၊

(၁၀) မကျန်းမမာ ဖြစ်လာသောအခါ "မည်သည့်ရောဂါကို မည်သို့ပြုရမည်၊ မည်သည့်အစာကို မည်သို့စားရ ရှောင်ရမည်၊ ဆရာကောင်းကောင်းကို ပြရမည်" ဟု သင်ပြ၍ ဖြစ်နိုင်သမျှ သူနာပြုအတတ်ကိုလည်း သင်ပေးခြင်း၊

(၁၁) ဤသို့ တနေ့၌ သိထိုက်သမျှကို သင်ပေးပြီး၍ အိမ်ပြန်ချိန်နီးသောအခါ ဘုရားဝင်း ကျောင်းဝင်းရှိ အမှိုက်များကို ၅-မိနစ်မျှ သန့်ရှင်းစေခြင်း, သစ်ပင်များကို ရေလောင်းစေခြင်း စသောဝတ်များကို ပြုစေခြင်း၊

(၁၂) ထိုနောက် စေတီတော်ရှိရာသို့သွား၍ နေမပူသော (နေ့ပိုင်းကလည်း နေပူမထားသော) တန်ဆောင်းစသော နေရာ၌ စီတန်းနေစေကာ ၅-မိနစ်မျှဘုရားရှိခိုးစေခြင်း, ဤသို့ ရှိခိုးပြီးမှ ဆရာ့အထံလာ၍ အိမ်ပြန်ပါမည့်အကြောင်း လျှောက်ထားစေခြင်း၊

(၁၃) ကလေးများပြန်သွားပြီးသောအခါ မိမိကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း, ကျောင်းရှိသာမဏေ ဦးပဉ္စင်းများကိုလည်း လူနှင့်မရောသောနေရာ သို့မဟုတ် ကျောင်းဝင်းအတွင်းမှာပင် လမ်းလျှောက်စေခြင်း၊

(၁၄) နေဝင်သောအခါ ၁၀-မိနစ် (၁၅-မိနစ်မျှ) စေတီတော်ရှိရာသို့ သွား၍ ဘုရားဝတ်ပြုခြင်း, သို့မဟုတ် မိမိကျောင်းမှာပင် စေတီတော်ဘက်သို့ ဦးတည်၍ ဘုရားဝတ်ပြုခြင်း, ပရိတ်မေတ္တာဘာဝနာများကို ရွတ်ဖတ်ခြင်း၊

(၁၅) ထိုနောက် ရဟန်းငယ် သာမဏေများအား ညဥ့်အခါပို့ချရသောစာကို ပို့ချခြင်း, သို့မဟုတ် စာပြန်စေခြင်း၊

(၁၆) ထိုနောက် မိမိနှင့်တကွ ရဟန်းသာမဏေများ ပစ္စဝေက္ခဏာဆင်ခြင်ခြင်း, ဗုဒ္ဓါနုဿတိဘာဝနာပွါးခြင်း, ရပ်သူနယ်သားနှင့် နတ်အများအပေါ်၌ မေတ္တာဘာဝနာပွားခြင်း, အနိစ္စ ဒုက္ခ အနတ္တဟု မိမိခန္ဓာကိုယ်ကို ခေတ္တဖြစ်စေ, ကြာကြာဖြစ်စေ ရှုခြင်း၊

(၁၇) တရံတခါ ရပ်ရွာလူရွယ်လူကြီးတို့နှင့် ရပ်ရွာကြီးပွားရေးကို ဆွေးနွေးဟောပြောခြင်း, အသောက်အစား အကစားမရှိအောင် ဟောပြောခြင်း, အလှူဒါနပြုရာ၌ ဘုရားအလိုတော်ကျအောင် ပကာသနမပါစေခြင်း, ချွေတာသုံးစွဲခြင်းများကို ဘုရားဟောတရားတော်မှရင်း ထုတ်ဖေါ်ဟောပြခြင်း။

**အကျိုးရ။** ။ဤနည်းအားဖြင့် ကလေးများနှင့် ရပ်သူရွာသားတို့၏ ကြီးပွားရေး, လိမ္မာရေး, တတ်သိရေးကို နေ့စဉ်ခေါင်းဆောင်ရသည့်အတွက် မိမိမှာ ပညာပါရမီ မေတ္တာပါရမီတိုးတက်၍ သာသနာတော်ကိုလည်း ကြာရှည်တည်အောင်, အများရှိသေအောင် သာသနာ့ဝန်ကို ထမ်းဆောင်ရနေပြီ၊ ဤအကျင့်မြတ်ဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ပါ၏၊ အစောင့်အရှောက်နတ်များနှင့်တကွ ရပ်သူနယ်သားလူအများတို့အား ဤကုသိုလ်အဖို့ကို အမျှပေးဝေပါ၏၊ အမျှရကြပါစေသတည်း-ဟု နှုတ်ဖြင့်ကြွေးကြော်ကာ ကောင်းမြတ်၍ မင်္ဂလာရှိသော တနေ့ကို ကုန်စေနိုင်ပေါသည်။

## အခြေခံကျောင်းတိုက်

၁။ ထိုကဲ့သို့ ရပ်ရွာနယ်ပယ်၏ လောကီအကျိုးနှင့်တကွ ဘာသာရေး တာဝန်ကို ဆောင်နိုင်သော ရဟန်းတော်များ ပေါ်ထွက်လာအောင် အခြေခံကျောင်းတိုက်များ ရှိသင့်ပါသည်။

၂။ ထိုကျောင်းတိုက်၌ ဝတ်ရုံနေထိုင်မှု ကာယကံ, ဒါယကာ ဒါယိကာမ တို့နှင့် ပြောဆိုမှုဝစီကံ, ဗုဒ္ဓါနုဿတိ မေတ္တာဘာဝနာပွါးမှု မနောကံ နှင့် တဆင့်သင်ပြရမည့် သန့်ရှင်းရေး ပညာရေး ကျန်းမာရေး ကြီးပွားရေးတို့ကို နည်းပေးသင့် ပြသင့်ပါသည်။

၃။ မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း "ပြည်နယ်နှင့်တကွ သုံးသောင်း ခြောက်ထောင်ခန့်ရှိသည်" ဟု ပြောကြ၏၊ ထိုကျေးရွာတိုင်း၌ အစိုးရက မူလတန်းကျောင်း ထူထောင်ပေးဘို့ မလွယ်ကူပါ၊ ဘုန်းတော်ကြီး ကောင်းကောင်း ရရှိရေးအတွက် အခြေခံကျောင်းတိုက်ကို (ပြည်နယ် ပြည်မ၌ ခရိုင် ၄၅-ခုဝယ် ဖြစ်နိုင်ရာဌာန၌) အတော်များများ ဖြစ်စေဘို့လိုပါသည်၊ ထိုသို့ ဖြစ်စေပြီးသောအခါ ထိုကျောင်းတိုက် များမှ မူလတန်းကျောင်းကို သင်ပြနိုင်သော ဘုန်းတော်ကြီးများ အတော်များများ ပေါ်ထွက်နိုင်စရာ ရှိပါသည်။

၄။ ထို့ကြောင့် အစိုးရ၏ ဘာသာရေးအတွက် သတ်မှတ်ထားသောငွေကို အကျိုးမပေါ်ထွက်သောနေရာ၌ များစွာမသုံးဘဲ အကျိုးရှိလောက် သောနေရာ၌ စံနစ်တကျသုံးရုံမျှဖြင့် အမျိုးဘာသာ သာသနာ တိုးတက်စေနိုင်ရကား ဤကိစ္စကို အလေးအနက် စဉ်းစားသင့် ပါသည်။

၅။ ဤကိစ္စကို အစိုးရက မစဉ်းစားလျှင်လည်း တိုင်းပြည်၏ မိဘသဘွယ် ဖြစ်ကြသော ဆရာဒကာတို့ကိုယ်တိုင်ပင် ဘုရားသာသနာတော် ကြာရှည် တည်ရေးအတွက် ဘုရားရှင်ကို ပူဇော်သောအားဖြင့် သာသနာတော်ကြီး မပျက်စီးအောင် အကြံသစ်ဉာဏ်သစ်လောင်းကာ တိုင်ပင်ဆွေးနွေး၍ အရေးတကြီး စီစဉ်သင့်ကြပါသည်။

**အသစ်အဆန်းမဟုတ်။** ။ဤပြခဲ့သော အစီအစဉ်များသည် ယခုမှ တည်ထွင်ရသော အစီအစဉ်သစ်မဟုတ်ပါ၊ ဘုရားရှင်၏ တရားတော်များ၌ပင် (ညွှန်ပြလတံ့အတိုင်း) ခေတ်အားလျော်စွာ ပါပြီးဖြစ်ရုံသာမက ဤမြန်မာနိုင်ငံ၌ အရှင်အရဟံ အနော်ရထာမင်းမှစ၍ ဆရာဒကာ ၂-ဘက်လုံးပင် အမျိုးဘာသာ သာသနာရေးကို တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြပါသည်၊ ထိုဆောင်ရွက်မှုကြောင့် ယနေ့တိုင်အောင် မြန်မာ့ရိုးရာမပျက်သေးဘဲ ခိုင်မြဲတည်တံ့လျက် ရှိနေပုံကို တွေ့ရပါသည်။

## ဘုန်းတော်ကြီးများ၏ကျင့်ဝတ်

ရှေးရှေးက ရဟန်းတော်များကို သံဃာတော်အနေအားဖြင့်သာ လူတို့က ကိုးကွယ်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ၌ကား ရဟန်းတော်များကို သံဃာတော်အဖြစ်ထက် ဆရာအဖြစ်ကို အလေးပြု၍ ကိုးကွယ်ခဲ့ကြသောကြောင့် ယခုတိုင်အောင် ဘုန်းတော်ကြီးနှင့် ဒါယကာများကို "ဆရာဒကာ" ဟု ခေါ်ဝေါ်ကြသည်၊ ထို့ကြောင့်ပင် ရဟန်းတော် (ဘုန်းတော်ကြီး) များသည် ဆရာအဖြစ်ဖြင့် ရပ်သူရွာသားကလေးများကို ပညာသင်ပေးခဲ့ကြ, စာရိတ္တကောင်းအောင် ဆုံးမခဲ့ကြရ၏၊ ထိုသို့ သင်ပြဆုံးမမှုသည် ဘုရင့်သားတော် သမီးတော်များနှင့် ဘုရင့်တိုင်အောင် ပြန့်ကျယ်ခဲ့သည်အားလျော်စွာ ဘုန်းတော်ကြီးများကို ရပ်ဆရာ ရွာဆရာ နယ်ဆရာ မြို့ဆရာ မင်းဆရာဟု ထင်ရှားလျက် မင်းတို့ကလည်း "ရာဇဂုရု-မင်း၏ဆရာတော်" ဟု အသိအမှတ်ပြုကာ တံဆိပ်ကိုပင် ဆက်ကပ်ခဲ့ကြလေသည်၊ ထို့ကြောင့် ဘုန်းတော်ကြီးများ၏ ကျင့်ဝတ်ဟူသည် ဆရာသမား၏ကျင့်ဝတ်များပင်တည်းဟု မှတ်ပါ။

(၁) မကောင်းမှုမှ တားမြစ်ခြင်း။ ။မိမိနေထိုင်ရာ ရွာသူရွာသားတို့ ပါဏာတိပါတစသော မကောင်းမှုကို ပြုနေလျှင်ငှင်း, အသောက်အစား အကစားနှင့် အပျော်အပါးလိုက်စားမှု ပြုနေလျှင်ငှင်း တရားသဖြင့် ပြောပြ၍ တားမြစ်ခြင်း။

(၂) ကောင်းသောအမှု၌ တည်စေခြင်း။ ။ကုသိုလ်ကောင်းမှု၌၎င်း, တရားသဖြင့် စီးပွားရှာမှု၌၎င်း, ကုသိုလ်လည်းရ လောက အကျိုးလည်းရှိသော ရေတွင်း ရေကန် လမ်းများကို ပြုပြင်မှု၌၎င်း, ဖြစ်သင့်သော သမ၀ါယမအမှုတို့၌၎င်း စုံမြဲစွာလုပ်ကိုင်စေခြင်း။

(၃) ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ခြင်း။ ။မိမိ၏ရှာလူနယ်သားတို့ကို ချမ်းသာစေရန် မေတ္တာပို့ခြင်း, ရွာသူနယ်သားကလေးများကို ပညာသင်ပေးခြင်း, လိမ္မာယဉ်ကျေးအောင် ဆုံးမခြင်း, ခေတ်အလိုက် အတွေ့အကြုံများအောင် နည်းပေးလမ်းပြခြင်း စသည်ဖြင့် ရပ်သူနယ်သားတို့၏ အကျိုးစီးပွားကို တိုးတက်စေခြင်း။

(၄) မကြားဘူးသော တရားကို ဟောပြောခြင်း။

(၅) ကြားဘူးသော တရားကို နားလည်အောင် ထပ်မံပြောခြင်း, ထိုတရားတော်အတိုင်း နေစေခြင်း။

(၆) တမလွန်ဘ၀၌ ဂတိကောင်းဘို့ရန် သဒ္ဓါ သီလ စာဂ ပညာ ဤ ၄-ဖြာကို လက်တွေ့ပြုကျင့်စေခြင်း။ ဤ ၆-ပါးသည် ကျောင်းထိုင် ရဟန်းသံဃာ ဆရာသမား၏ တာ၀န်၀တ္တရားများတည်း။

(ဆောင်) မကောင်းအမှု, တားမြစ်ပြု၍၊ ကောင်းမှုကိုကား, ညွှန်ပြထား၏၊ ရွာသား နယ်သူ, အားလုံးလူကို, ကြည်ဖြူမေတ္တာ, စောင့်ရှောက်ကာဖြင့်၊ ဒေသနာအထူး, မကြားဘူးလည်း, ကြားဘူးအောင်ပြ၊ ကြားပြီးကမူ, ကျနသေချာ, ကျင့်စေကာဖြင့်၊ နောင်လာအကြောင်း, ဂတိကောင်းဘို့, ထပ်လောင်းဟောဘွယ်, ဤ ၆-သွယ်သည်, ကျောင်း၀ယ် ဘုန်းတို့ ကျင့်၀တ်တည်း။

## ဒါယကာ ဒါယိကာမတို့ ကျင့်၀တ်

(၁) မေတ္တာကာယကံဖြင့် ပြုစုခြင်း။ ။ဆရာရဟန်းများအတွက် ကိုယ်ဖြင့် ပြုရမည့်ကိစ္စတိုင်း၀ယ် ဂရုစိုက်သော လက္ခဏာပါရှိသောအားဖြင့် ပြုခြင်း။

(၂) မေတ္တာဝစီကံဖြင့် ပြုစုခြင်း။ ။ဆရာရဟန်းများအတွက် နှုတ်ဖြင့် ပြောရမည့်ကိစ္စတိုင်းဝယ် ချိုချိုသာသာဖြင့် မေတ္တာပါရှိသော စကားကို ပြောခြင်း။

(၃) မေတ္တာမနောကံဖြင့် ပြုစုခြင်း။ ။ဆရာရဟန်းတော်များ၏ ပစ္စည်း ၄-ပါးပြည့်စုံရေးကို တွေးတောကြံစည်ခြင်း, ကျန်းမာပါစေ, ချမ်းသာပါစေ ဟု မေတ္တာပို့ခြင်း။

(၄) လှူဒါန်းဘို့ရန် အိမ်တံခါးကို ဖွင့်ထားသကဲ့သို့ ဖြစ်ခြင်း။ ။ဆရာ ရဟန်းများအတွက် အလှူခံစရာရှိလျှင် ကြွလာနိုင်အောင် ဖိတ်မန်ထားခြင်းကို အိမ်တံခါးဖွင့်ထားသလို ဖြစ်ခြင်းဟု ဆိုသည်၊ ထိုကဲ့သို့ ဖိတ်မန်မထားလျှင် ရဟန်းတော်များက ဆွေမျိုးမတော်သူကို မည်သည့်ပစ္စည်းမျှ မတောင်း ကောင်း၊ ရေကိုမျှ မတောင်းကောင်း။

(၅) စားဘွယ်ကိုလှူခြင်း။ ။ယခုအခါ ဆွမ်းလောင်းခြင်း ဆွမ်းပို့ခြင်း မျိုးတည်း။ ဤကား သိင်္ဂါလောဝါဒသုတ်၌လာသော ဆရာဒကာတို့၏ ကျင့်ဝတ်များတည်း။

(ဆောင်) ရဟန်းသံဃာ, မြတ်ဆရာကို, မေတ္တာမကင်း, ပြု-ပြောခြင်းနှင့်, စိတ်တွင်းမေတ္တာ, ပို့လျက်သာတည်း၊ တဖြာလှူဘွယ်, ခံယူလွယ် အောင်, အိမ်ဝယ်တံခါး, ဖွင့်၍ထားသို့, ဖိတ်ကြားလို့ရာ၊ နံနက်ခါသော်, ကြွလာဆွမ်းလှူ, ဤ ၅-ဆူသည်, မှတ်ယူ ဒါယကာ့ ကျင့်ဝတ်တည်း။

မတ္တညူ။ ။အတိုင်းအရှည် ပမာဏသိသူ, အလိုက်သိသူကို "မတ္တညူ"ဟု ခေါ်၏၊ ဒါယကာ ဒါယိကာမတို့က "အလိုရှိသောအခါ တောင်းပါ" ဟု ဖိတ်မန်လျှောက်ထားသော်လည်း ဆရာသမား ရဟန်းသံဃာများ က အတိုင်းအရှည်ပမာဏကို မသိဘဲ (အလိုက်မသိဘဲ) မတောင်းရ၊ ထိုသို့ အလိုက်မသိသူကို ဖိတ်မန်ထားသူတို့က အကြည်ညိုပျက်နိုင်သည်၊ အကြည်ညိုပျက်လျှင် မဖိတ်သူနှင့်အတူတူဖြစ်၍ မတောင်းကောင်း၊

အတိုင်းအရှည်ပမာဏကိုသိ၍ တောင်းသင့်သလောက်သာ တောင်းသင့်သောအချိန်မှ တောင်းလျှင်ကား အကြည်ညိုမပျက်ဘဲ တိုး၍ပင် ကြည်ညိုတတ်ကြသည်။

**ပမာဏ ၃-မျိုးသိခြင်း၊** ။"အလှူခံပုဂ္ဂိုလ်က ပမာဏသိ"ဟူရာ၌ အလှူရှင်၏ ပမာဏ, လှူဘွယ်ပစ္စည်း၏ ပမာဏ, မိမိ၏ပမာဏ ဤ ၃-မျိုးကို သိရမည်-ဟု ဆိုလို၏။

(၁) အလှူရှင်မှာ လှူဘွယ်ပစ္စည်းများစွာရှိသော်လည်း (ပစ္စည်းဥစ္စာ ပေါများသော်လည်း) နည်းနည်းလှူလိုလျှင် အလှူရှင်၏ သဒ္ဓါတရား၏ ပမာဏကိုသိ၍ (အလိုက်သိစွာ) နည်းနည်းကိုသာ အလှူခံရ၏။

(၂) အလှူရှင်က သဒ္ဓါတရားကောင်းလှ၍ များများလှူလိုသော်လည်း လှူဘွယ်ပစ္စည်းကနည်းနေလျှင်(အလှူရှင်မှာ ပစ္စည်းမပေါလျှင်) လှူဘွယ်ပစ္စည်း၏ ပမာဏကိုသိ၍ (အလိုက်သိစွာ) နည်းနည်းသာ အလှူခံရ၏။

(၃) အလှူရှင်ကလည်း များများလှူလို, လှူဘွယ်ပစ္စည်းကလည်း ပေါပေါများများရှိစေကာမူ မိမိမှာ နည်းနည်းသာ အသုံးလိုလျှင် မိမိ၏ပမာဏကို သိ၍ (အသုံးလိုသလောက်) နည်းနည်းသာ အလှူခံရသည်။

(သင်္ဂါယတနသံယုတ်၊ အာသီဝိသဝဂ္ဂအဋ္ဌကထာ၊)

**နုနုညံ့ညံ့ မနေစေလို။** ။ဗုဒ္ဓမြတ်စွာသည် ထီးနန်းပေါ ဝယ် စည်းစိမ်ဖြင့် နေတော်မူရခြင်း၌ အပြစ်မြင်၍ ဘုရားဖြစ်အောင် အားသစ်တော်မူလာသည်အားလျော်စွာ မိမိ၏သာဝက(စကားနားထောင်သော)ရဟန်းတို့ကိုလည်း စည်းစိမ်ရှင် လူဝတ်ကြောင်များကဲ့သို့ ထယ်ထယ်ဝါဝါ ခမ်းခမ်းနားနား နေတော်မူခြင်းကို နှစ်သက်တော်မမူ၊ ကျန်းမာရေးနှင့် ညီညွတ်ရုံသာ နေစေတော်မူလို၏။ အစားအသောက်အနေအထိုင် အားလုံး၌ပင် ရိုးရိုးကလေးနေကာ ပရိယတ် ပဋိပတ်ကိုသာ သင်ယူဟောပြောပွားများ ကျင့်ကြံ၍နေစေတော်မူလို၏၊ ဘုရားရှင်၏ ဝါတော်

၂၀-အတွင်း၌ ထိုကဲ့သို့ တရားကျင့်ပုဂ္ဂိုလ်တွေသာ များ၍ တရားပေါက် အရိယာတို့သာ များခဲ့ပေသည်၊ ဝါတော် ၂၀-ကျော်မှသာ သဒ္ဓါသက်သက်မဟုတ်သူတွေပါလာ၍ သာသနာတော်၌ သိက္ခာပုဒ် ပညတ်ဘို့ရာ များစွာသောအပြစ်တွေ ပေါ်လာရသည်၊ အောက်ပါ တရားတော်ကား ဘုရားအလိုတော်ကိုပြသော တရားတော်ပေတည်း။

ဘိက္ခုတို့....ယခုအခါ၌ ရဟန်းအများတို့သည် သစ်သားကို ခေါင်းအုံး၍ ကမ္မဋ္ဌာန်းအားထုတ်မှု၌သာ မအိပ်မနေ မမေ့မလျော့ မပေါ့မဆ အပူတပြင်း ကြိုးစားနေကြကုန်၏၊ ထိုမျှလောက် ကြိုးစားနေကြသော ရဟန်းတို့ကို မာရ်နတ်သည် နှိပ်စက်ဘို့ရာ အခွင့်မသာနိုင်၊ နောင်လာမည့်အခါ၌ကား ရဟန်းတို့သည် လက်ကလေး ခြေကလေး များကို နူးနယ်အောင် ကိုယ်သက်သာခံကြလျက် နူးညံ့သော အိပ်ရာ နေရာဝယ် လဲဝါသွတ်ထားသော ခေါင်းအုံးကိုအုံးကာ နေထွက်အောင် အိပ်ကြလိမ့်မည်၊ ထိုအခါ ထိုရဟန်းတို့ကို မာရ်နတ်သည် နှိပ်စက်ဘို့ရာ အခွင့်သာလိမ့်မည်၊ ထို့ကြောင့် ယခုရဟန်းတို့ ဓိဋ္ဌာန်ရမည်မှာ....''ငါတို့တော့ သစ်သားကို ခေါင်းအုံးကာ ဘာဝနာအားထုတ်မှု၌ မမေ့မလျော့ မပေါ့မဆ အပူတပြင်း ကြိုးစားကြတော့မည်'' ဤသို့ ဓိဋ္ဌာန်ထားကြရမည်။ (နိဒါနဝဂ္ဂ၊ ဩပမ္မသံယုတ်။)

**မှတ်ချက်။** ။ဤတရားတော်သည် ဘုရားရှင်ပွင့်တော်မူပြီး၍ ရှေးပိုင်းကာလ၌ ဟောပြအပ်သော တရားတော်တည်း၊ ဤတရားအတိုင်း အဘိကျမမှီနိုင်သော ယခုအခါ၌ကား မိမိကိုယ်ကိုနူးညံ့အောင်မထားဘဲ သာသနာတော်နှင့် မိမိပါ တိုးပွားအောင် ပရိယတ် ပဋိပတ်ကိုသာ အပူတပြင်း ကြိုးစားရမည်ဖြစ်ကြောင်း ထင်ရှားပါသည်။

## လာဘ သက္ကာရ သိလောက

ရရိုးရစဉ်ဖြစ်သော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို ''လာဘ-လာဘ်''ဟု ခေါ်၏၊ အထူးပြုပြင်၍ လှူအပ်သော ဆွမ်းကောင်း

သက်နိုးကောင်း ကျောင်းကောင်း ဆေးကောင်းကို "သက္ကာရ"ဟု ခေါ်၏၊ နာမည်ကျော်မှု ဘွဲ့တံဆိပ်ရမှုကို "သိလောက"ဟု ခေါ်၏၊ ဗုဒ္ဓမြတ်စွာသည် ထို ၃-မျိုးကို သူ့ ဘာသာ (တစုံတခု မကြိုးစားဘဲ) ရလျှင် စိတ်ကြီးမဝင်ဘို့ ဆုံးမတော်မူ၏၊ ရအောင်ကြိုးစားသူ့ အတွက်ကား အလွန်စက်ဆုပ်တော်မူသည်၊ အောက်ပါဥ္စတော်ကို ကြည့်ပါ။

ဘိက္ခုတို့....လာဘ်ရမှု, အထူးတလည် အလှူရမှု, နာမည်ကျော်ကြားမှုသည် ကြမ်းတန်းလှ၏၊ ထက်မြက်လှ၏၊ ခက်မာလှ၏၊ နိဗ္ဗာန်သိဘို့ရန် အန္တရာယ်တမျိုးဖြစ်၏၊ ထို့ကြောင့် "ရလာသောလာဘ သက္ကာရ သိလောကကို ငါတို့က အရေးမစိုက်ဘဲ လွှမ်းမိုးလိုက်မည်၊ ငါတို့ကို အလွှမ်းမိုးမခံ"ဟု ကျင့်ကြံအားထုတ်ကြရမည်။

ဘိက္ခုတို့....လာဘ သက္ကာရ သိလောကသည် ငါးများချိတ်အဖျား၌ တပ်ထားအပ်သော ငါးစာနှင့်တူ၏၊ ငါးစာကိုမက်၍ ငါးမျှားချိတ်ကို မျိုမိသော ငါးသည် တံငါအလိုရှိတိုင်း အပြုခံရတော့သကဲ့သို့ လာဘ သက္ကာရ သိလောက၏ အလွှမ်းမိုးခံရသော ရဟန်းသည် မာရ်နတ်အလိုရှိတိုင်း အပြုခံရလေတော့၏။

ဘိက္ခုတို့....လာဘ သက္ကာရ သိလောကသည် မစင်နှင့် တူ၏။ လာဘ သက္ကာရ သိလောကများများရသောကြောင့် စိတ်ကြီးဝင်နေသော ရဟန်းသည် မစင်များများရသောကြောင့် စိတ်ကြီးဝင်သော မစင်ပိုးကောင်ကြီးနှင့် တူ၏။ မစင်များများရသော မစင်ပိုးကောင်ကြီးသည် သူ့ကိုယ်သူ အထင်ကြီးလျက် မစင်များများမရသော ပိုးကောင်တို့ကို အထင်သေးသကဲ့သို့ လာဘ သက္ကာရ သိလောကများများရသော ထိုရဟန်းလည်း သူ့ကိုယ်သူ အထင်ကြီးလျက် အခြားရဟန်းတို့ကို အထင်သေးတတ်၏၊ ထိုသို့ မိမိကိုယ်ကို အထင်ကြီး၍ အခြားသူတို့ကို အထင်သေးခြင်းကား သူ့အတွက် ကြာမြင့်စွာ ချမ်းသာမဖြစ်ဘဲ ဆင်းရဲဘို့သာ ဖြစ်ရလေသည်။ (နိဒါနဝဂ္ဂ၊ လာဘသက္ကာရ သံယုတ်။)

**မှတ်ချက်။** ။“ဤတရားတော်၌ လာဘ်ဂုဏ်တို့ကို မယူရဟု မိန့်တော်မူလိုရင်းမဟုတ်ပါ၊ တရားသဖြင့် ရလာလျှင်ယူပါ၊ သို့သော်ရသည့်အတွက် မာန်မတက်ပါနှင့်၊ လာဘ်ကို အများသံဃာနှင့် ဝေ၍ သာသနာရေး၌သာ သုံးစွဲပါ”ဟု မိန့်တော်မူလိုရင်း ဖြစ်ပါသည်။

ယခုအခါ သာသနာတော်ကြီးကို အထင်သေးခံရခြင်းမှာ စာမေးပွဲအောင်၍ ဂုဏ်လည်းရ လာဘ်လည်းရအောင် ကြိုးစားမှု, ဘွဲ့တံဆိပ်ရအောင် ကြိုးစားမှု, အခြားနည်းမျိုးဖြင့် လာဘ်ဂုဏ်ရအောင် ကြိုးစားမှုတွေက အထင်အရှားဖြစ်နေသောကြောင့်ရင်း, ထိုရရှိပြီးသော အောင်လက်မှတ် ဘွဲ့တံဆိပ်တို့ဖြင့် သာသနာတော်ကို အရာထင်အောင် မပြုနိုင်သောကြောင့်ရင်း, တချို့ဘွဲ့တံဆိပ်ရမှုအတွက် အထက်အစိုးရပိုင်းကိုပါ ကပ်ကြရသောကြောင့်ရင်း, တိုင်းသူပြည်သားအုပ်ချုပ်သူအစိုးရများနှင့်တကွ လူအများငှက ထိုလာဘ်ဂုဏ်ရသူများကို အထင်မကြီးနိုင်ဘဲ ရှိပါတော့သည်။ ကျေးရွာများ၌ကား ဘုရားပွဲဆွမ်းလောင်းပွဲတွေကို လိုက်နေရသဖြင့် ကလေးတွေစာသင်ပျက်ကာ မိဘများက ဘုန်းကြီးကျောင်း၌ မိမိကလေးကို မထားလိုသည်အထိ ဖြစ်နေရပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၏ ဆုတ်ယုတ်မှုအကြောင်းတို့တွင် လာဘ သက္ကာရ သိလောကလိုက်စားမှုသည် အလွန်ထင်ရှားသော အကြောင်းတပါး ဖြစ်ရပါတော့သည်။

**အာဟာရ။** ။ဗုဒ္ဓမြတ်စွာသည် အစာအာဟာရကို ဆင်ခြင်တိုင်းထွာ၍ သုံးဆောင်စေတော်မူလို၏၊ ကျန်းမာ၍ ငှရ ၂၀ပါးကို အားဖြည့်နိုင်ဘို့အတွက် စားသောက်ခြင်းကိုသာ ခွင့်ပြုတော်မူလို၏၊ ပျော်ပျော်ပါးပါး စားသောက်လျက် ငှရ ၂၀ပါးကို အားမထုတ်ဘဲနေသူများကို သာသနာတော်၌ မနေနိုင်လောက်အောင် ပါရာဇိက အာပတ်အဖြစ်ဖြင့် ပညတ်တော်မူလိုသော ဆန္ဒပင်ဖြစ်တော်မူ၏၊ သို့သော် အမြဲစားသောက်ရသည့်ကိစ္စဖြစ်သောကြောင့် သတိလစ်သဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်မိသူများကို ငဲ့ညှာ၍ ပညတ်တော်မမူနဲ့ပေ။

ထိုသို့ သိက္ခာပုဒ်အနေအထားဖြင့် ပညတ်တော်မမူပါသော်လည်း အစာအာဟာရကို စားရာ၌ သားကလေး၏အသားကိုစား၍ မိဘ ၂-ယောက်တို့ ခရီးခဲလွန်သွားပုံကို ဥပမာပြတော်မူ၏၊ အစာရှားပါးလှသော ခရီးဆိုးကြီး၌ ခရီးသွားစဉ် အစာကုန်တုန်းမှာ သေရှာသော သားကလေး၏အသားကို မလွဲမရှောင်သာသဖြင့် စား၍ ခရီးဆိုးကြီး လွန်အောင်သွားရသော မိဘ ၂-ပါး၏ စိတ်ထားကဲ့သို့ သံသရာမှ ထွက်မြောက်ဘို့ရာ မလွှဲမရှောင်သာ၍ အာဟာရကို စားရသည်''ဟု သဘောထားစေတော်မူလိုသည်။ (နိဒါနဝဂ္ဂသံယုတ်၊ မဟာဝဂ်ပါဠိတော်နှင့် အဋ္ဌကထာ။)

**စဉ်းစားဘွယ်။** ။ဤတရားတော်အရ ဘုရားရှင်၏အလိုတော်ကို သိကြသော ဒါယကာ ဒါယိကာမတို့သည် ဆရာသမားတို့က သာသနာတော်ဝန်ကို ထမ်းရာဝယ် အားပေးသောစိတ်ဖြင့်သာ ဆွမ်းလောင်း ဆွမ်းကပ်မှုကို ပြုသင့်သည်၊ "အာဟာရကို ခံစား၍ ဝမ်းသာအားရ ဘုဉ်းပေးကြပါစေ''ဟူသော စိတ်ထားဖြင့်ကား မလောင်းထိုက် မကပ်ထိုက်ဟု နားလည်သင့်ကြပြီ။

ဆရာသမား (ရဟန်းသံဃာတော်)များကလည်း ကျန်းမာရေး, သာသနာတော်၏ဘာဝန်ကို ထမ်းနိုင်ရေးအတွက်ကိုသာမြော်၍ ဘုဉ်းပေးထိုက်ပေသည်၊ပျော်ပျော်ပါးပါး ဝိုင်းကြီးဖွဲ့၍ကား မစားမသောက်ထိုက်ဟု သဘောပေါက်သင့်ပါသည်။

**အပိုအစာများ စဉ်းစားဘွယ်။** ။သို့ဖြစ်လျှင် ဆွမ်းအာဟာရအတွက် လိုသည်ထက်ပိုနေသော ကွမ်း ဆေး လဘက်ဆီစက်စက်တို့နှင့်တကွ မြို့ပြကျေးရွာများ၌ စချစာသင်ဖျက်၍ (တခါတရံမက) မကြာခဏ လိုက်ကြရသော ဆွမ်းစား ဆွမ်းကြီးလောင်းတို့သည် (အလှူရှင်တို့မှာ ကုသိုလ်ရစေကာမူ) သာသနာပြုလော, သာသနာဖျက်လော-ဟု တွေးတောစဉ်းစားသင့်ပါသည်၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ဝေဘန်သူတွေ ပေါ်ပေါက်နေရာ ယခုအချိန်ဝယ် သာ၍သာ၍ စဉ်းစားသင့်ကြပါသတည်း။

**မှတ်ချက်။** ။အိမ်တက်မင်္ဂလာစသော သာမှုနာမှုကိစ္စစု၌သာ သံဃာ တော်များကို ဆွမ်းဘုဉ်းပေး ပရိတ်တရားဟောဘို့ပင့်၍ အခြားအခါ၌ လှူလိုလျှင် သံဃိကဆွမ်းလောင်းခြင်း, အချိန်ကျမှ ဘုဉ်းပေးဘို့ရန် ကျောင်းသို့ ပို့လှူခြင်းသာ သင့်လျော်သည်ဟု မှတ်ပါ။

**တိုက်တွန်းချက်။** ။ဗုဒ္ဓမြတ်စွာ၏အလိုတော်ကို ကောင်းစွာသိပြီး၍ မိမိ ကိုယ်ကို အပြစ်ကင်းစွာဖြင့် နောင်သံသရာအတွက် ပါရမီဖြည့်လိုသော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် ဝိနည်းနှင့်လျော်အောင် နေထိုင်ကာ ပညာတတ်မြောက်အောင် သင်ပြီးလျှင် မြို့ပြကျေးရွာကျောင်းတို့၌ နေထိုင်၍ ကလေးသူငယ်များနှင့်တကွ ဒါယကာ ဒါယိကာမတို့ကို ဤဘဝ နောက်နောက်ဘဝနှင့် မဂ်ဖိုလ်နိဗ္ဗာန်အထိ ချမ်းသာနိုင်သည့် လမ်းကို ညွှန်ပြရပါမည်၊ ဤဘဝတွင်ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို သိမြင်လိုသော သူတော်စင်တို့ကား လာဘ သက္ကာရ သိလောက အမှိုက်သရိုက်တွေကို ဖယ်ရှား၍ လူသူအရောက်နည်းပါးသော တော ကျောင်း၌ သီတင်းသုံးနေထိုင်ကာ ဘာဝနာကိုသာ သက်သက်ကြိုးစား သင့်ပါသည်၊ ဤနေရာ၌ကား သာသနာ့ပြုဘုန်းတော်ကြီးများအတွက် သာ ဆက်လက်ညွှန်ပြပါမည်။

**ကျန်းမာရေး။** ။ဆဋ္ဌမတန်း၌ ပြခဲ့သည့်အတိုင်း ဥဋ္ဌာနသမ္ပဒါစသော တရားတို့ဖြင့် စီးပွားဥစ္စာ တိုးပွားအောင် ကြိုးစား၍ စီးပွားဥစ္စာ ပြည့်စုံပါသော်လည်း ကျန်းမာရေးကို ဂရုမစိုက်တတ်လျှင် ထိုစီးပွား ဥစ္စာ၏အကျိုးကို မိမိမခံစားရဘဲ သေသွားတတ်၏၊ သို့မဟုတ် နာတာရှည်ရောဂါစွဲ၍ မိမိရှာသောပစ္စည်းဖြင့်ပင် ထိုရောဂါကို ကုစား ရ၍ နောက်ဆုံး၌ စီးပွားလည်းတုံး, လူလည်းဆုံးဖြစ်ရတတ်၏၊ ထို့ကြောင့် အရှည်ကိုမြော်မြင်တတ်သူတို့သည် ကျန်းမာရေးကို မိမိ ကိုယ်တိုင် ထိုက်တန်သမျှ နားလည်အောင် လေ့လာ၍ ကျန်းမာရေး နားလည်သော ဆေးဆရာတို့၏ ညွှန်ပြသည့်အတိုင်း နေ့စဉ် ကျန်းမာ ရေးကို ဂရုစိုက်သင့်ကြသည်၊ ဘုရားရှင်လည်း "အာရောဂျပရမာ

လာဘာ=လာဘ်ဟူသမျှတို့တွင် ကျန်းမာခြင်းလာဘ်ကို အမြတ်ဆုံး''ဟု ဟောတော်မူပါသည်။

**ဥတုအရေးကြီးပုံ။** ။ဥတုဘောဇနဝသေန အာယုဟာယတိပိ ဝဍ္ဎတိပိ= ဥတုဘောဇဉ်၏ အစွမ်းကြောင့် အသက်တိုခြင်း အသက်ရှည်ခြင်း ဖြစ်နိုင်၏၊ (မဟာပဒါနသုတ် အဋ္ဌကထာ၊) ဆောင်း နွေ မိုးကာလတို့၌ အအေးဓာတ်ငွေ့ အပူဓာတ်ငွေ့ကို ''ဥတု''ဟု ခေါ်၏၊ ကောင်းသော ဥတုအငွေ့ကို ကိုယ်မှာထိတွေ့သောအခါ ခန္ဓာကိုယ်၌ကောင်းသော ရုပ်ကလာပ်တွေဖြစ်၏၊ ထိုရုပ်ကလာပ်ကို ဥတုဇရုပ်ကလာပ်ဟု ခေါ်၏၊ ထိုကြောင့် ယခုအခါ ကျန်းမာရေးကို ညွှန်ပြသောဆေးဆရာတို့သည် မကျန်းမာသူကို ဥတုကောင်းသောအရပ်ဒေသ၌ နေတို့ရန် ညွှန်ပြကြ လေသည်။

**အစာသည်ဆေး။** ။စားသောက်သမျှအစာနှင့် ရေတို့ကို အာဟာရဟု၎င်း, ဘောဇဉ်ဟု၎င်း ခေါ်၏၊ ထိုဘောဇဉ်သည် မိမိနှင့် သင့်တော်လျှင် မိမိအတွက် ကောင်းသော အာဟာရဖြစ်၍ ခန္ဓာကိုယ်၌ ကောင်းသော အာဟာရဇရုပ်ကလာပ်တွေဖြစ်၏၊ မိမိနှင့် မသင့်တော်သော အစာကို စားလျှင်ခန္ဓာကိုယ်၌ မကောင်းသော အာဟာရဇရုပ်ကလာပ်တွေ ဖြစ်၏၊ နဂိုရ်က ရောဂါမရှိလျှင် မသင့်သောအစာကြောင့် မကောင်း သော ရုပ်ကလာပ်တွေ တိုးပွားလျက် ရောဂါအမျိုးမျိုးဖြစ်တတ်၏၊ သင့်တော်သော အစာကြောင့် ကောင်းသော ရုပ်ကလာပ်တွေ တိုးပွားလျက် ရောဂါရှိလျှင် သက်သာလာ၏၊ ရောဂါမရှိလျှင် ပို၍ ကျန်းမာ၏၊ ထိုကြောင့် အစာကိုပင် ဆေးဖြစ်တို့ရန် သင့်တော်သော အစာကို ဆေးဆရာတိုင်း ညွှန်ပြကြလေသည်။

**အသက်ရှည်စေလိုလျှင်။** ။ဥဋ္ဌာနသမ္ပဒါစသော တရားဖြင့် ပစ္စည်း ရှာဖွေ၍ ထိုပစ္စည်းကိုပင် မိမိသုံးစွဲကာ နောင်သံသရာအတွက် အလှူ ဒါနပြုလျက်, ပညာတွေကို သင်ကြားတတ်မြောက်၍ ယိုပညာအကျိုးကို ခံစားလျက် အသက်ရှည်ရှည်နေလိုပါလျှင် ဥတုနှင့် ဘောဇဉ်ကို အမြဲ

သတိထား၍ မိမိနှင့်သင့်တော်အောင် သုံးစွဲနေထိုင်တတ်ဘို့ အရေးကြီး၏၊ ထို့ကြောင့် ကျောင်းသင်စာအုပ်များ၌ ကျန်းမာရေးစာအုပ်လည်း ပါရှိသင့်ပါသည်၊ သို့မဟုတ် ဆရာများကိုယ်တိုင် နားလည်အောင် လေ့လာ၍ ကျောင်းသားလူငယ်တို့အား ကျန်းမာရေးလက်တွေ့သင်ပြသင့်ပါသည်။

**အသက်တမ်း သတ်မှတ်ခြင်း။** ။လူများစု၏ အသက်ရှည်ရာကာလကို “အသက်တမ်း”ဟု ခေါ်၏၊ ယခုမွေးဖွားသူများအတွက် ခုနစ်ဆယ့်ငါးနှစ်တမ်းဟု ခန့်မှန်းကြ၏၊ လူများစုအတွက် အသက်တမ်းကိုခန့်မှန်းထားသော်လည်း ထိုအသက်တမ်းသည် ပရမတ္တသဘောကဲ့သို့ အတိအကျမှန်ကန်သည်ဟု မဆိုရ၊ ဥတုကောင်းသော အရပ်ဒေသ၌ နေရသူများသည်၎င်း, အာဟာရရှိသော အစားအသောက်ကို စားသောက်ရသူများသည်၎င်း, ကျန်းမာရေးနားလည်၍ ဥတုဘောဇဉ်ကို သင့်တော်အောင် နေထိုင်စားသောက်သူများသည်၎င်း, (ရှေးကံ အနှောက်အယှက်မရှိပါလျှင်) ထိုအသက်တမ်းထက်ပို၍လည်း နေနိုင်၏၊ ဥတုမကောင်းသောနေရာ၌ နေရသူများသည်၎င်း, အာဟာရနည်းပါးသောအစာကို စားရသူများသည်၎င်း, ကျန်းမာရေးကို မလိုက်စားတတ်သူများသည်၎င်း (ရှေးကံအကောင်းကြီး မဟုတ်လျှင်) ထိုအသက်တမ်းပြည့်အောင်ပင် မနေနိုင်ကြချေ။

**အာဟာရတို့၌ ဩဇာညံ့ခြင်း။** ။ယခုအခါ ဟင်းသီးဟင်းရွက် ကောက်ပဲသီးနှံတို့၌ အဆီဩဇာတဖြည်းဖြည်း ညံ့လာ၏၊ အစော်ရှေးကျသော အချိန်ကကဲ့သို့ အပင်လည်းမသန်လှ, အသီးလည်း မကြီးကြချေ၊ ခေတ်အလိုက်စိုက်ပျိုးရေးပညာရှင်တို့သည် အပင်ကြီး၍ အသီးထွားအောင် မြေဩဇာတို့ကို များစွာထည့်ပေးဘို့ ညွှန်ပြနေကြရ၏။ ထိုမြေဩဇာကြောင့်ကား အပင်ကြီး၍ အသီးထွားမည်မှာ ကေန်ပင်တည်း၊ ထိုသို့ မြေဩဇာထည့်ရခြင်းမှာ မြေကြီးအတွင်း၌ ရှေးရှေးကလို မြေဩဇာမရှိသောကြောင့်ဖြစ်သည်၊ “ထိုမြေဩဇာသည် အပင်တို့

က အစုပ်အယူများသောကြောင့် တဖြည်းဖြည်းကုန်သွားသည်”ဟု ဆိုနိုင်ပါသေး၏ သို့သော် “အလွန်ရှေးကျသော ကာလတုန်းကလည်း ဤကဲ့သို့ အပင်တို့က စုပ်ယူကြသည်သာ၊ သို့ရာဝယ် ယခုခေတ်လောက် မြေဩဇာအကုန်မမြန်ပါတကား”ဟု အပြန်အလှန် စဉ်းစားထိုက်ကြ၏။

**ရေမြေဩဇာ။** ။အဘိဓမ္မာတရားတော်၌ ဩဇာသည် နေရာတိုင်းမှာ ရှိကြောင်းကိုပြ၏ ထိုတွင် သစ်ပင်ကိုသန့်စွမ်းအောင် ကျေးဇူးပြုသော ဩဇာကား မြေဩဇာ, ရေဩဇာ, လေဩဇာတည်း၊ ထို့ကြောင့် မိုးသည် ရွာသင့်သောအချိန်၌ ရွာလျှင် ထိုမိုးရေ၏ ရေဩဇာသည် မြေကြီးထည်းသို့ စိမ့်ဝင်ကာ မြေကြီးမှာလည်း အဆီဩဇာတိုး၏၊ ထို့ကြောင့် မိုးမှန်မှန်ရွာနေလျှင် မြေကြီးမှာ အဆီဩဇာ မကုန်နိုင်၊ ယခုအခါ၌ကား မိုးမှန်မှန်မရွာသောကြောင့် (ရွာသောမိုးကလည်း အပြုမိုးမဟုတ်, အဖျက်မိုးဖြစ်နေသောကြောင့်) မြေဩဇာတွေတဖြည်း ဖြည်း ယုတ်လျော့ရလေသည်။

**ဘာ့ကြောင့် မိုးမကောင်းသလဲ။** ။ဤပြဿနာကို “ပင်လယ်ရေငွေ့တွေက ကောင်းကင်သို့မှန်မှန်မတက်သောကြောင့်ရှင်း, တိုက်ခတ်သောလေက မမှန်သောကြောင့်ရှင်း မိုးမမှန် (မကောင်း) ဖြစ်ရသည်”ဟု ဖြေရပေမည်၊ တဖန် “ထိုပင်လယ်ရေငွေ့နှင့် လေတို့က ဘာ့ကြောင့်မမှန်ကြသလဲ”ဟု မေးစရာဖြစ်ပြန်၏၊ ထိုအခါ ဘယ်သို့ ဖြေမည်နည်း၊.... ဗုဒ္ဓမြတ်စွာကား “လူအများ၏ မတရားမှုတွေကြောင့် မိုးမကောင်း၊ မိုးမကောင်းသောကြောင့် ကောက်ပင် (ပဲပင်)များ မှည့်ရင့်မှုမညီကြ၊ ထိုအပင်တို့မှ အသီးအရွက်ကို စားကြရသော လူအများတို့သည် ရောဂါများ၍ အသက်တိုကြရသည်”ဟု ဟောတော်မူသည်။ (စတုက္က အင်္ဂုတ္တိုရ်၊ ဒုတိယပံ၊ ပတ္တကမ္မဝဂ်)

**မှတ်ချက်။** ။လူအများ၏ မကောင်းမှုနှင့် မိုး၏ဆက်သွယ်မှုကို စိတ်ခေတ် သတ္တိမသိသူတို့က ယုံကြည်နိုင်ကြမည်မဟုတ်သော်လည်း ယခုအခါ လူအများစုတို့၏ စိတ်မတရားမှုတွေက တိုးသည်ထက် တိုးပွားနေကြောင်း, မိုးလေနှင့် ကောက်ပဲသီးနှံတွေလည်း ဆိုးသည်ထက်ဆိုးဝါး

နေကြောင်း ထင်ရှားလှ၏၊ ရွာတရွာဝယ် ကျူထရံအိမ်ကလေးကို မီးလောင်သောအခါ ထိုအိမ်၏ဒဏ်ကို အိမ်ကောင်းတွေလည်း ခံရသကဲ့သို့ ကမ္ဘာ၌ အကုသိုလ်မီးကြီး ဖိစီးလောင်နေသော ဤအခါဝယ် သူတော်ကောင်းတချို့လည်း (ရှေးက အကုသိုလ် မကင်းနိုင်သောကြောင့်) ထိုအကုသိုလ်အကျိုးကို မတရားသူများနှင့်အတူ ခံကြရလေတော့သည်၊ အသက်ရှည်ဘို့ ကျန်းမာဘို့အရေးကား အာဟာရကို မျှတအောင်, ဆေးနှင့်အစာကို နေရာကျအောင် စားသောက်တတ်လျှင် ဖြစ်နိုင်ပါသေး၏။

**မိဘသွေးသားလည်း အကြောင်းတပါး။** ။ညံ့ဖျင်းသော ဥတုဒေသ၌ နေထိုင်၍ အဆီသြဇာနည်းပါးသောအစာကို စားနေရသော မိဘတို့၏ သွေးသား၌ပါရှိသော ရုပ်ကလာပ်တို့သည် သဘာဝအတိုင်း ညံ့လျက် ရှိ၏၊ ထိုသွေးသားကိုမှီ၍ သန္ဓေတည်ရသော ကလေးတို့၌ မိဘတို့ သွေးသားမှ ရုပ်ကလေးများ ထိတွေ့ကူးစက်ရသောကြောင့် ကလေး၏ ဥတုဇရုပ်ကလာပ်ကလေးများ၌ သြဇာဓာတ်ညံ့လျက် ရှိ၏၊ ထို့ကြောင့် ထိုကလေးမျိုးသည် မွေးဖွားပြီးသောအခါ အထူးပြုပြင်၍ ဥတုကောင်း အစားကောင်းနှင့် မတွေ့ရပါမူ အသက်အလွန်ရှည်သူ မဖြစ်နိုင်၊ မိဘ ၂-ဦးတို့က အသူကျန်းမာ၍ ဥတုဒေသကောင်း အစာရေစာကောင်း တို့နှင့် တွေ့ရသောကလေးတို့မှာ အသက်ရှည်ဘို့ရာ အကြောင်းများစွာ ပြည့်စုံလေသည်။

**စိတ်လည်းအကြောင်းတပါး။** ။အသက်တိုခြင်း ရှည်ခြင်း၌ စိတ်လည်း အကြောင်းတပါးဖြစ်၏၊ ဤအကြောင်းကား သာမန်အကြောင်း ကလေးမဟုတ်၊ အလွန်သတိပြုသင့်သော အကြောင်းကြီးတည်း၊ မှန်၏ ...ခန္ဓာကိုယ်၌ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်ကလေးတွေ သည် စိတ်ဖြစ်တိုင်း ဖြစ်နေ၏၊ စိတ်ချမ်းသာလျှင် ထိုရုပ်ကလေးများ လည်း ကျန်းမာရုပ်ဖြစ်၏၊ စိတ်ဆင်းရဲလျှင် မကျန်းမာဘက်ကို အားပေးသော ရုပ်မကောင်းကလေးများ ဖြစ်ကြ၏။ စိတ်ဆင်းရဲသဖြင့်

ရုပ်ကလေးတွေပါ မလန်းမဆန်း၊ ညှိုးနွမ်းနေသူသည် စိတ်ချမ်းသာစရာကို မြင်ရကြားရသောအခါ ချက်ခြင်း ရုပ်ကောင်းကလေးတွေ ပြောင်းလဲဖြစ်ပေါ်ကာ လန်းလန်းဆန်းဆန်း ဖြစ်လာ၍၊ တချို့မှာ ရွှင်ရွှင်လန်းလန်း ရှိနေရာမှ စိတ်မချမ်းသာဘွယ် မြင်ရကြားရသောကြောင့် ချက်ခြင်းမျက်နှာညှိုးနွမ်းသွား၏၊ ထို့ကြောင့် အမြဲစိတ်ချမ်းသာအောင် နေခြင်းကို အသက်ရှည်ခြင်း၏ အကြောင်းတပါးဟု မှတ်၍ စိတ်ချမ်းသာအောင် မနေတတ်ခြင်းကို အသက်တိုခြင်း၏ အကြောင်းတပါးဟု ကေန်မှတ်သားကြပါလေ၊ ထို့ကြောင့်ပင် ရှေးလူကြီးက **"စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို့တော့ကိုယ်နု"** ဟု ပြောစမှတ် ပြုခဲ့ကြသည်။

**အလုပ်အကိုင်လည်း အကြောင်း။** ။အလုပ်အကိုင် ပင်ပန်းခြင်း, မပင်ပန်းခြင်းကိုလည်း အသက်တိုခြင်း ရှည်ခြင်း၏အကြောင်းဟု မှတ်ပါ၊ အလုပ်အကိုင် ပင်ပန်းလျှင် ရုပ်ကလေးတွေ ညှိုးနွမ်း၏၊ အလုပ်အကိုင်ကို သင့်တော်ရုံ လုပ်ကိုင်လျှင် မညှိုးနွမ်း၊ သို့သော် လုံးလုံးအလုပ်မရှိ ပြန်လျှင်လည်း လောင်းရိပ်မိနေသော သစ်ပင်ကလေးများကဲ့သို့ ရုပ်ကလေးများ မလန်းဆန်းနိုင်၊ ထို့ကြောင့် လန်းလန်းဆန်းဆန်းရှိအောင်သင့်တော်သောအလုပ်လည်း ရှိရ၏၊လေညှင်းခံခြင်း, လေကောင်းသောနေရာ၌ လမ်းလျှောက်ခြင်း, အလွန်မပင်ပန်းသောကစားနည်းကို ကစားခြင်းတို့ဖြင့်လည်း ရုပ်ကလေးတွေလန်းဆန်းအောင် ပြုပြင်ပေးရပေသည်။

## အသက်တိုခြင်းအကြောင်း

ပြခဲ့သော အကြောင်းအားလုံးကိုခြုံ၍ ပဉ္စကအင်္ဂုတ္တိုရ်၊ တတိယပံ၊ ဂိလာနဝဂ်၌ အသက်တိုအောင် ဖြစ်တောက်တတ်သော အကြောင်းငါးပါးကို ဟောတော်မူ၏၊ ထို ၅-ပါးကား....

(၁) မိမိနှင့်မသင့်တော်သော စားမှုသောက်မှု အလုပ်လုပ်မှုကို ပြုလေ့ရှိခြင်း၊

(၂) သင့်တော်သော စားသောက်မှု အလုပ်လုပ်မှု၌ အတိုင်းအဆကိုမသိတတ်ခြင်း၊

(၃) မကြေကျက်နိုင်သောအစာကို စားလေ့ရှိခြင်း၊

(၄) အချိန်မတော်မှ အပြင်ထွက်၍ လှည့်လည်လေ့ရှိခြင်း၊ (ဤသို့ လှည့်လည်မှုကြောင့် ခလုတ် သစ်ငုတ်တိုက်မိခြင်း, မြွေကင်းရန်သူတို့နှင့် တွေ့ခြင်းကြောင့် သေနိုင်သည်။)

(၅) အပြဟ္မစာရိ-မေထုန်အကျင့်များခြင်းတည်း။

**မေထုန်များခြင်း အပြစ်။** ။ဝိဓုရဇာတ်တော်၌လည်း "ကာမဂုဏ်ကို များစွာလိုက်စားသူသည် ဉာဏ်ပညာအဆီကုန်ခန်း၍ တန်ခိုးအရှိန် မှေးမှိန်တတ်သည့်ပြင်.... ချောင်းဆိုးသွေးပါရောဂါ, ပန်းနာ (မြစ်ချောက်နာ), ကိုယ်ပူနာ, အင်အားကုန်ခန်းသော ရောဂါများဖြစ်တတ်သည်"ဟု ဝိဓုရသုခမိန်က သားကိုဆုံးမ၏၊ ထို့ကြောင့် အသက်ရှည်ကြာအနာကင်း၍ ကျန်းမာခြင်းကို လိုလားသူသည် ထိုတရားတော်အတိုင်းပင် သင့်တော်ရုံသာ သွားလာလုပ်ကိုင် နေထိုင်စားသောက်သင့်ကြပေသည်။

## ကျန်းမာရေးအချုပ်

(၁) ကြေကျက်လွယ်သောအစာကိုစားပါ၊ (အစာကြေ,မကြေကို စားပြီးနောက် မကြာခင်စဉ်းစားပါ၊ ဗိုက်ထည်း၌ တင်းကြပ်နေလျှင် အစာမကြေလို့ဖြစ်ပါလိမ့်မည်၊ ရင်ပြည့်နေလျှင် ရင်ထည်း၌ လေခံနေလို့ ဖြစ်ပါလိမ့်မည်၊ နက်ဖန် ဝမ်းချုပ်, မချုပ်ကို စဉ်းစားပါ၊ ဝမ်းချုပ်နေလျှင်လည်း အစာကောင်းကောင်းမကြေလို့ ဖြစ်ပါလိမ့်မည်၊ယနေ့ဝမ်းသွားအောင် အချဉ် အခါးအစာများတွင် မိမိနှင့်သင့်သောအစာကို စားပါ၊ ထိုသို့စား၍ ဝမ်းမသွားလျှင် ဝမ်းချူပါ၊ မတတ်သာလျှ ဝမ်းနှုတ်ဆေးကို စားပါ။)

(၂) အစာကို တွေ့ကရမစားပါနှင့်၊ မိမိနှင့် သင့်တော်မည့် အစာကိုသာ သင့်တော်ရုံစားပါ၊ ဗိုက်တင်းအောင် မစားပါနှင့်၊ နောက်ထပ်လည်း (ညစာ စားနိုင်သူဖြစ်လျှင်) မဆာဘဲ မစားပါနှင့်၊ အချိန်မှန်မှန် စားဘို့ကြိုးစားပါ၊ စားချိန်မဟုတ်လျှင် သရည်စာ မစားပါနှင့်။

(၃) သန့်ရှင်းသောရေ (အရည်) မှန်မှန်သောက်ပေးပါ။ (ဆီးကောင်းကောင်း မှန်မှန်သွားဘို့ အရေးကြီးပါသည်၊ ထိုဆီးသည် ရေအံ့ရည်မှမျှားစွာဖြစ်ပါသည်၊ ဆီးမကောင်းလျှင်ရင်း, ဆီးတော်တော်များများ ချုပ်လျှင်ရင်း, တတ်သိသောဆရာကို မေး၍ ပြုပြင်ပေးပါ။ (ကျန်းမာလျှင် သေသောအခါ ဆီးများ၍ ပူအိုက်သောအခါ ရေအရည်တို့က ချွေးဖြစ်သွားသောကြောင့် ဆီးနည်းလေ့ ရှိပါသည်၊ ထိုများခြင်း နည်းခြင်းကား ရောဂါ မဟုတ်ပါ။)

(၄) ကျင်ကြီးကျင်ငယ် သွားလိုလျှင် အောင့်၍မထားရ၊ (တချို့က ညစ်သည်ရှိသောကြောင့် အောင့်၍ထားတတ်၏၊ ရဟား သဘော်၌လူအများကို ရှက်၍ အောင့်ထားတတ်၏၊ ထိုသို့ မထားရဗါ၊ ရှက်စရာလည်း မဟုတ်ပါ။)

(၅) နေ့စဉ်မှန်မှန် မိမိအားနှင့် သင့်တော်ရုံ အလုပ် လုပ်ပါ၊ (အလုပ်လုပ်သူနှင့် မလုပ်သူ ၂-မျိုးတွင် အလုပ် မှန်မှန်လုပ်သူက ပို၍ ကျန်းမာပါသည်။)

(၆) အအိပ်မှန်မှန်အိပ်ပါ။ (အိပ်ရေးဝအောင် အိပ်ရဘို့ လိုပါသည်၊ သို့သော် အအိပ်ကြီးလွန်းလျှင်ကား အပျင်းထူ၍ အလုပ်- မလုပ်ချင်ဘဲ ပျင်းနေတတ်ပါသည်၊ ထို့ကြောင့် အချိန်မှန်မှန်အိပ်၍ အချိန်မှန်မှန်ထဘို့ အလေ့လုပ်ပါ။)

(၇) ယောကျ်ားမိန်းမ ၂-ဦး လုံးပင် အပျော်အပါး မလွန်စေရ၊ ဝိရုရသုခမိန်၏ အဆုံးအမကို အမြဲသတိထားရပေမည်။ (ယခုအခါ ရောဂါရသူတို့တွင် အပျော်အပါးလွန်ခြင်း, မသန့်ရှင်းသူတို့နှင့် ဆက်ဆံခြင်းတို့ကြောင့် ရောဂါမျိုးစုံရသူတွေ အတော်များများ ရှိပေလိမ့်မည်။)

**သူတော်ဥစ္စာ ၇-ဖြာ။** ။ဤသို့ ကျန်းမာရေးကို သတိထား၍ ဥဋ္ဌာန သမ္ပဒါစသော ကြီးပွားကြောင်း တရားများအတိုင်း နေထိုင်သော အမျိုးသား အမျိုးသမီးသည် သူတော်ကောင်း ဥစ္စာ ၇-ပါးနှင့် ပြည့်စုံအောင် ကြိုးစားရဦးမည်၊ သူတော်ဥစ္စာ ၇-ဖြာကား- သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပတို့တည်း၊ ရှေ့၌ပြခဲ့ပြီ၊ သုတဟူသည် မင်္ဂလသုတ်၌လာသော ဗာဟုသစ္စ မင်္ဂလာပင်တည်း၊ စာဂ

(စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါန)၏ အကြောင်းကိုဎင်း, ဥပုသ် စောင့်ပုံနှင့်တကွ ငါးပါးသီလ ရှစ်ပါးသီလ၏ အကြောင်းကိုဎင်း, ရတနာ့ဂုဏ်ရည်နှင့် ကိုယ်ကျင့်အဘိဓမ္မာတို့၌ အကျယ်ပြခဲ့ပြီ။

**မြို့ရွာအကျိုးဆောင်ပါ။** ။ပြခဲ့ပြီးသော လမ်းစဥ်အတိုင်း နေထိုင်သူတို့တွင် တချို့မှာ အထိုက်အလိုက် စားနိုင်နေနိုင်အောင် လောကီဥစ္စာလည်း ပြည့်စုံ, သူတော်ဥစ္စာ ၇-ပါးလည်း ပြည့်စုံပါလိမ့်မည်၊ သူများ အကျိုးဆောင်သူသည် မူလကပင် မိမိအကျိုးက အထိုက်အလိုက် ပြည့်စုံပြီးမှ ဆောင်သင့်၏၊ သို့မဟုတ်လျှင် သူတပါးအကျိုးဆောင်ရင်း မရိုးမသားမှုတွေဖြစ်ကာ ပါရမီမပြည့်ဘဲ ရှိပြီးပါရမီပါ ပျက်ပြယ်စရာ ရှိသည်၊ ထို့ကြောင့် ကိုယ်ကျိုးပြည့်စုံပြီးသူသည် မိမိ၏ ယခုဘဝ အကျိုးကို (ထိုက်တန်သလောက် ငဲ့စေကာမူ) များများမငဲ့ဘဲ မိမိနေရာ မြို့ကျိုး ရွာကျိုးကို ရွက်ဆောင်သင့်ပါသည်။

ဘုရားအလောင်း အဂ္ဂသာဝက, မဟာသာဝက အလောင်း သူတော်ကောင်း အမျိုးသား အမျိုးသမီးများသည် သူတပါးအကျိုးကို ဆောင်သောအားဖြင့် မိမိပါရမီကို ဖြည့်ခဲ့ကြပါသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်စစ်စစ် ပါရမီဖြည့်နေသူ ဖြစ်ပါလျှင် သူတပါးအကျိုးကို မဆောင်ဘဲ မနေသင့်ပါ၊ ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာဘုရား လက်ထက် တော်၌ ရိုးရိုးသာဝက အဖြစ်ဖြင့် ရဟန္တာဖြစ်လောက်ပါလျက် သတ္တဝါ အများ၏ အကျိုးကို ဆောင်တော်မူလိုသောကြောင့် ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်တော် မူခဲ့သည် မဟုတ်ပါလော၊ ထိုသို့ ပါရမီ ဖြည့်ရာဘဝများ၌လည်း သူတပါးအကျိုး သည်ပိုးရွက်ဆောင်ရင်း ဖြည့်ခဲ့ပါသည်။

## သကြားအလောင်း မဃလုလင်

(ကျမ်းစာတို့၌ "မဃ" ဟု ရှိ၏၊ ယခုအခါ "မာဃ" ဟု သိနေကြ၏၊ထိုသို့ အများခေါ်အတိုင်း ရေးပါမည်။)

**မာဃလုလင်။** ။ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီ ရှေးအခါတုန်းက မဂဓတိုင်း, မစလရွာ၌ မာဃမည်သော အရွယ်ကောင်း လုလင်တယောက်ရှိ၏၊ ထိုလုလင်သည် ပင်ကိုယ်ကပင် အများအကျိုးကို သည်ပိုးဆောင်ရွက်လိုသော ဝါသနာအထုံ ပါလာသူဖြစ်၏၊ ထို့ကြောင့် သူသည် တနေ့သ၌ ရွာသူရွာသား လူအများတို့ အလုပ်လုပ်ရာ ရွာ၏ အလယ်ခေါင်သို့ သွား၏၊ မိမိရပ်နေမည့် နေရာကို ခြေဖျားဖြင့် ဖုံနှင့်အမှိုက်တို့ကိုဖယ်၍ သန့်ရှင်းအောင်လုပ်၏၊ ထိုအခါ အခြားသူ တယောက်က ထိုနေရာသို့ လာ၍ ရပ်နေလေသည်။

**အကြံရခြင်း။** ။ထိုသို့ မိမိပြုပြင်ထားသော နေရာ၌ အခြားသူတယောက် လာရောက်သောအခါ ပင်ကိုယ်က စိတ်ကောင်းမရှိပါလျှင် ဒေါသထွက်စရာကောင်းသော်လည်း မာဃလုလင်မှာ ဒေါသမထွက်ဘဲ "ယခု ငါသန့်ရှင်းထားသော နေရာကို ဤသူက နှစ်သက်သောကြောင့် လာ၍ နေသည်၊ ဤသို့ သန့်ရှင်းသော နေရာမျိုးကို လူအများပင် သဘောကျကြ၏၊ ငါသည် လူအများ ချမ်းသာအောင် ပြုတော့မည်" ဤသို့ အကြံသစ် ဉာဏ်သစ် ပေါ်လာလေသည်။

**အလုပ်စခြင်း။** ။ထိုသို့ကြံပြီးလျှင် ရွာ၏အလယ်အတော်ကျယ်ဝန်းသော (ကျေးရွာတို့၌ ကောက်စပါးနယ်ရာ အဝိုင်းလောက်ရှိသော) အရပ်ကို သန့်ရှင်းပြီးလျှင်ထင်းတို့ကိုယူ၍ အေးသောအခါမီးဖိုပေး၏၊ ရွာထည်း၌ ရှိသော ကလေးများနှင့် အဖိုးကြီးများလာ၍ ဝမ်းသာအားရ မီးလှုံကြလေသည်၊ ထိုအခါ မာဃလုလင်သည် သာ၍သဘောကျလာသောကြောင့် နံနက်စောစောထ၍ ယာဂုသောက်ပြီးလျှင် ဓား ပုဆိန် စသော လက်နက်ကိရိယာများကိုယူကာ လူအများတို့ သွားလာရာ လမ်းမ၌ ခိုးလို့ခုလုဖြစ်နေသော ကျောက်ခဲများကို ထုတ်ပေါ်၍ မညီသောလမ်းကို ညီအောင်ပြု၏၊ သွားလာသော လှည်းတို့နှင့် တိုက်မိတတ်သော သစ်ပင် သစ်ကိုင်းများကို ဖယ်၏၊ တံတားကလေးများကို ခင်းပေး၏၊ ရွာ၏ ပြင်ဘက် လမ်း ၄-ခွဆုံရာ၌ ရေတွင်းသို့မဟုတ် ရေကန်တူး၏၊ တည်းခိုဘို့ရာ စရပ်ဆောက်၏၊ ဤသို့လျှင်

တယောက်တည်း ပြီးနိုင်သမျှ ပြီးအောင် တနေ့လုံးလုပ်ပြီးမှ အိမ်သို့ ပြန်ကာ နောက်ရက်၌လည်း ဤနည်းအတိုင်း ဆက်၍ဆက်၍ လုပ်လေသည်။

**အဖော်များ ပါဝင်လာခြင်း။** ။ယိုကဲ့သို့ အလုပ်- လုပ်၍ နေဝင်မှ ပြန်လာသော ကိုမာဃကို တခြားသူတယောက်က "ဘယ်သွား၍ ဘာလုပ်ပါသလဲ" ဟု မေးသောအခါ "ကောင်းမှုပြုလုပ်ပါသည်" ဟု ပြော၍ ကောင်းမှုအကြောင်းကို ရှင်းလင်းပြောပြလေသည်၊ "ဒီလို ဆိုလျှင် နက်ဖန် သွားခါနီး၌ ကျုပ်ကိုလည်းခေါ်ပါ" ဟု ပြော၏၊ နောက်တရက်၌ ၂-ယောက်အတူသွား၍ လမ်းပြင်မှုစသည်ကိုပြု၏၊ ဤနည်းအားဖြင့် နောက်တယောက် နောက်တယောက် တိုးလာလေရာ နောက်ဆုံး၌ ၃၃-ကျိပ် ၃-ယောက် ဖြစ်လာလေသည်၊ ထိုသူအားလုံးပင် အိမ်ထောင်နှင့် နေကြသော်လည်း အသက်အရွယ်ကား မကြီးကြ သေးပေ၊ ထို့ကြောင့် "လုလင်=လူငယ်" များဟု ခေါ်ရသည်။

**အလုပ်တွင်ကျယ်သာပုံ။** ။ထို ၃-ကျိပ် ၃-ယောက်သော မာဃ အသင်းသားတို့သည် လမ်းကိုညှိဘို့ကိစ္စရှိလျှင် အားလုံးဝိုင်း၍ညှိကြ၏၊ ရေတွင်းရေကန်တူးစရာရှိလျှင် အားလုံးဝိုင်း၍ တူးကြ၏၊ တံတား ခင်းစရာရှိလျှင် တနေ့ထည်းဖြင့် အပြီးခင်းနိုင်ကြ၏၊ အသင်းသား အားလုံးပင် ကောင်းမှုကိုပြုမှုတွင် စိတ်ဝင်စား၍ ပျော်ပျော်ပါးပါး ရှိရကား ရှေးတုန်းက အသောက်အစား အပျော်အပါး မကင်းသူတို့ သော်မှ ထိုမကောင်းမှုကို မပြုကြတော့ချေ၊ (မကောင်းမှုကို နေ့စဉ် ပြုခြင်းသည် မိမိမှာအလုပ်ကောင်း မရှိသောကြောင့် ဖြစ်၏၊ ယခုမှာ အလုပ်ကောင်း ရှိနေသောကြောင့် ပြုနေကျ သောက်စားမှုကိုလည်း မပြုလိုကြတော့ချေ။)

**မာဃအသင်းသားတို့ ကိုယ်ကျင့်။** ။မာဃအသင်းသားတို့သည် ရပ်ရွာ ပတ်ဝန်းကျင်သာယာရေးသာမက (၁) မိဘကိုပြုစုခြင်း၊ (၂) အမျိုး ထည်း၌ လူကြီးများကို ရိုသေလေးစားခြင်း၊ (၃) ချိုချိုသာသာ သိမ်မွေ့စွာ ပြောဆိုလေ့ရှိခြင်း၊ (၄) သူတပါးတို့အချင်းချင်း မတဲ့

အောင် ကုန်းတိုက်မှုကို အလွန်ရှုံမုန်းခြင်း၊ (၅) နှမြောဝန်တိုမှု မရှိခြင်း၊ (၆) အပြောအလုပ်တို့၌ သစ္စာရှိခြင်း၊ (၇) ဒေါသကို ချုပ်တည်း၍ ဒေါသမဖြစ်အောင်လည်း စောင့်စည်းခြင်း၊ ဤကိုယ်ကျင့်တရားနှင့်လည်း ပြည့်စုံအောင် စောင့်ရှောက်ကြပေသည်။

**ဘုရင်သိ၍ ကူညီပုံ။** ။ထိုသူတို့တွင် တချို့သည် ရွေးရွေးမကောင်းမှုပြုကြစဉ်တုန်းက အပြစ်ရှိသောကြောင့် ဒဏ်ငွေကလေးများရနေကျဖြစ်သော ရွာသူကြီးသည် ယခုအခါ ဒဏ်ငွေမရတော့၍ ကောင်းမှုလုပ်သူကိုပင် မကျေနပ်ရကား ရှင်ဘုရင်ထံလည်ဆည်၍ ကုန်းတိုက်လေသည်၊ ပဌမသော် ရှင်ဘုရင်ကဖမ်းစေပါသော်လည်း စစ်ဆေးသောအခါ ရပ်ရွာအကျိုးကို မိမိတို့စေတနာဖြင့် ထမ်းဆောင်ကြသော "စေတနာ့ဝန်ထမ်းများ" ဖြစ်ကြောင်းကိုသိရ၍ သူတို့နေရာ ရွာကိုရင်း၊ ဆင်တစီးနှင့် ဥစ္စာများစွာကိုရင်း အပိုင်ပေးပြီးလျှင် "ငါ၏အတွက်ပါ ကောင်းမှုပြုကြပါ" ဟု မှာလိုက်လေသည်၊ ထိုအချိန်မှစ၍ ထိုမာဃ အသင်းသားတို့သည် ရပ်ရွာနှင့်တကွ ပတ်ဝန်းကျင် သာယာရေးကို ကြိုးစားကြ၏၊ သက်တမ်းစေ့၍ ထိုသူတို့စုတေကြသောအခါ အသင်းသားအားလုံးပင် သကြားနှင့် နတ်မင်းကြီးများ ဖြစ်ကြလေသည်။

(သက္ကပဥှသုတ် အဋ္ဌကထာ။)

## မြို့ရွာအကျိုးဆောင်ပါ

မာဃအသင်းသားတို့ခေတ်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ခေတ်မဟုတ်၊ မည်သူကမျှ ဟောပြခြင်း မရှိပေ၊ မာဃလုလင်၏ စဉ်းစားဉာဏ်ဖြင့် အများကောင်းစားမည့် အလုပ်ကို စိတ်စေတနာ ဖြူစင်စွာဖြင့် (ယခုဘဝအတွက် မည်သည့်ဆုလာဘ်အကျိုးကိုမျှ မမြှော်ဘဲ) ပြုလုပ်ခြင်းဖြစ်သည်၊ ယခုခေတ်ကား ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းပေါ်နေရာ အလွန်ကြုံခဲသော ဒုလ္လဘအခါဖြစ်၏၊ တရားတော်များကလည်း နောက်ဘဝ အမျိုးမျိုးကိုရင်း၊ ဘဝမှလွတ်မြောက်ရေးကိုရင်း ညွှန်ပြလျက်ရှိ၏၊ ယခုအခါ၌ ဗုဒ္ဓဘာသာဝင် မဟုတ်သော လူတော်လူကောင်းများလည်း တိုင်းပြည်တိုင်းမှာ ရပ်ရွာနယ်ပယ်

အကျိုးကိုဆောင်နေကြ၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူ အများစုနေထိုင်ရာ ဤမြန်မာနိုင်ငံ၌ ဤအချိန်အခါမျိုးဝယ် အိမ်တွင်းစီးပွားရေး အထိုက်အလျောက် ပြည့်စုံသူတို့သည် မာဃအသင်းမျိုးဖွဲ့ကာ (ယခုဘဝအတွက် ရာထူးဂုဏ်သိရ် စည်းစိမ်လာဘ်ကို မမျှော်ဘဲ) ကောင်းမှုအလုပ် မြို့ရွာအကျိုး ရှိမည့် အလုပ်များကို အားထုတ်ရင်း ဤတဘဝ အချိန်ကို လွန်မြောက်စေသင့် ကြပါသည်။

**သန့်ရှင်းရေးလုပ်ပါ။** ။ရှေးဦးစွာ ပစ္စည်း အထိုက်အလျောက် ပြည့်စုံသူ, စိတ်ကောင်း စေတနာကောင်းဖြင့် မြို့ရွာနယ်ပယ် အကျိုးကိုရွက်ဆောင် လိုသူများ စုပေါင်း၍မာဃအသင်းဖွဲ့ပါ၊ ထိုအသင်းသားများကိုယ်တိုင် ရွာတွင်းသန့်ရှင်းရေး, ရွာပြင်သွားလမ်းနှင့် ရေတွင်းရေကန် ကောင်းကောင်းရှိရေးကို ကြိုးစားပါ။

**ဈေးရောင်းပါ။** ။ငွေသေသဘောမျိုးဖြင့် ငွေစုပါ၊ ငွေအင်အားအလိုက် ရပ်ရွာအသုံးများသော ပစ္စည်းများကို ပင်ရင်းဌာနအရောက် ဆက်သွယ်၍ဝယ်ပါ၊ အမြတ်ကို အနည်းဆုံးထား၍ ရောင်းပါ၊ အမြဲတိုင်၍ မှတ်ရ ရောင်းရသူများအတွက် ကျေးရွာအလိုက် စားသုံးလောက်အောင် လခပေးပါ၊ အလုပ်ကို သဘောကျ၍ ပါဝင်လိုသူများ ထပ်ကာထပ်ကာ ပါဝင်ပါစေ၊ အလုပ်အတွက် စိတ်ကသာ နှစ်သက်ပါ၊ ဂုဏ်မဖော်ပါနှင့်၊ မကြွားပါနှင့်။

**ကုန်ကိုလက်ခံပါ။** ။ငွေအား အတော်ကောင်းလာသောအခါ စပါး ပြောင်း ပဲ စသော ရပ်ရွာထွက် ပစ္စည်းများကို အပေါင်သဘောမျိုးဖြင့် လက်ခံ၍ သူတို့သုံးလိုသောငွေကို ပစ္စည်း၏ တန်ဘိုးတဝက်မျှ သုံးပါစေ၊ သူတို့ရောင်းလိုသော ကိုက်ဈေးရမှ ရောင်းပါစေ၊ ရောင်းပြီးသောအခါမှ အသင်းမှထုတ်ယူထားသောငွေကို အနည်းဆုံး သတ်မှတ်ထားသော အတိုးနှင့်တကွ နုတ်၍ယူလိုက်ပါ၊ ဤနည်းအားဖြင့် ရွာသားတို့မှာ အတိုးကြီးမပေးရ၊ ငွေလိုသောအခါလည်း ငွေအသုံးရသဖြင့် **အကျိုးများ၍ အသင်းမှာလည်း အကျိုးရပါသည်။**

**တိုးချဲ့ပါ။** ။ငွေအင်အား များလာသောအခါ ထိုစျေးရောင်းအလုပ်, ကုန်လက်ခံအလုပ်များကို တိုးချဲ့ပါ၊ သွားရေးလာရေး, သယ်ယူပို့ဆောင်ရေးတို့၌ လွယ်ကူအောင် ဒေသအလိုက် စီစဉ်ပါ၊ အလုပ်တွင်ကျယ်သည့်အတွက် အမြတ်ကိုခွဲယူဘို့ စိတ်မကူးပါနှင့်၊ ကုသိုလ်ရေးအတွက် တိုးချဲ့စရာတွေ အများအပြား ရှိပါသေးသည်၊

**ဆေးဆရာ, ဆရာမ။** ။ရွာတရွာလျှင် ဆေးဆရာ ကောင်းကောင်း (ကောင်းနိုင်သမျှ ကောင်းကောင်း) တယောက်လိုပါသည်၊ ယခုခေတ်ဆေးမှူးမျိုးရလျှင်ပင် အတော်အကျိုးရှိပါသည်၊ မွေးဖွားမှုစသည်အတွက် မိန်းမဆိုင်ရာ ဆရာမကောင်းကောင်း လိုပါသည်၊ ထိုဆရာ, ဆရာမမျိုးကို မိမိတို့ မာဃအသင်းဝင်၏ သားသမီးထည်းမှရအောင် အသင်းငွေဖြင့်ကူညီတန်လျှင်ကူညီ၍ ပညာသင်ပေးဘို့လိုပါသည်၊ပညာတတ်သောအခါ ထိုဆရာ ဆရာမတို့သည် (အခမဲ့ကုသဘို့မှာ ကြာရှည်မဖြစ်နိုင်သောကြောင့်) အလွန်သက်သာသော ဆေးဘိုးကိုသာယူ၍ လုပ်အားဖြင့် ရပ်ရွာအကျိုးကို ရွက်ဆောင်ရပါလိမ့်မည်။

**စာကြည့်ခန်း, ဆေးခန်း။** ။ရပ်ရွာရှိ လူရွယ်လူလတ်များ ဗဟုသုတရှိအောင် စာဖတ်ခန်းကိုရင်း, မမှားနိုင်သော မြန်မာဆေး သွေးဆေး လျှာပတ်ဆေး လျက်ဆား အခိုးပွင့်ဆေးများကိုရင်း, မမှားနိုင်သော ခေတ်ပေါ်ဆေးများကိုရင်း ထား၍ ကုသိုလ်ဖြစ် ဆေးခန်းကို မာဃအသင်းသားများကပင် ထူထောင်ပေးသင့်ပါသည်။

**ရွာလူကြီးကောင်း။** ။ရပ်ရွာ၌ သူကြီးကောင်း, သူကြီး၏ အတိုင်ပင်ခံ လူကြီးလူကောင်းများလည်း လိုပါသည်၊ ထိုသူများသည် ကိုယ်ကျင့်ကောင်းသူ, ရပ်ရွာအကျိုးကို စေတနာဝန်ထမ်းဖြင့် ဆောင်ရွမ်းနိုင်အောင် ခနအင်အားရှိသူ, ခေတ်အလိုက် ပညာတတ်သူများသာ ဖြစ်သင့်ပါသည်၊ မာဃအသင်းသားထည်းက ဖြစ်ဘို့ရန် များပါလိမ့်မည်။

**ကာကွယ်ရေး ရှိပါစေ။** ။သာယာ၍ ပျော်စရာကောင်းသော ရွာပင်ဖြစ်သော်လည်း နေ့ညအတွက် လူဆိုးဘေး မီးဘေးတို့ကို ကာကွယ်

နိုင်သော အဖွဲ့အစည်းမရှိလျှင် ရပ်ရွာ၏ အင်္ဂါမပြည့်စုံပါ၊ ထို့ကြောင့် ကာကွယ်ရေးအတွက် တတ်နိုင်သမျှ စီစဉ်ပါ၊ မာဃအသင်းဝင် လုလင်များကိုပင် စေတနာ့ဝန်ထမ်း ကာကွယ်ရေးဖွဲ့ပါစေ၊ နောင်အချိန်ဝယ် ယောကျ်ားမှန်သမျှ စစ်ပညာကို မသင်မနေရပညာဖြစ်လာပါလိမ့်မည်၊ ထိုအခါ ကာကွယ်ရေးအတွက် အထက်တန်းကျကျ ပြည့်စုံပါလိမ့်မည်။

**ဘုန်းတော်ကြီးကောင်း။** ။ထိုရွာ၌ နဂိုရှိကပင် ဘုန်းတော်ကြီးကျောင်း ရှိပါလိမ့်မည်၊ ထိုကျောင်းကို သာယာအောင် ပြုပြင်၍လက်ရှိ ဘုန်းကြီး ကလေး သို့မဟုတ် ထိုဘုန်းတော်ကြီး၏ လက်ထောက်ကိုပင် ခေတ်အားလျော်စွာ ကလေးများအား ပညာသင်ပေးနိုင်လောက်အောင် အရည်အချင်းရှိဘို့ လိုပါသည်၊ ထိုကိုယ်တော်သည် ပညာမသင်ရသေးလျှင် ထပ်မံသင်ဘို့ရန် အသင်းငွေကို ထိုက်သလိုအသုံးပြု၍ ပတ်ဝန်းကျင်၌ သက်တော်ရှယ်တော်ကြီးသော ဘုန်းတော်ကြီးများနှင့် တိုင်ပင်ကာ ကြိုးစားရပါလိမ့်မည်။ (ထိုဘုန်းတော်ကြီး၏ တာဝန်များကို ရှေး၌ပြခဲ့ပါပြီ။)

**ဘုရားပြင်ပါ။** ။မိမိတို့ရွာ၏အမြဲကိုးကွယ်ရာ ရုပ်ပွားတော်စေတီတော်ကို မဟာရာမ်တံတိုင်းနှင့်တကွ သစ်ပင်ရိပ်သာတို့ဖြင့် သာယာကြည်နူးဘွယ် ရှိအောင် အသင်းငွေကို မ-တည်၍ တရွာလုံး ပါဝင်စေလျက် ပြုပြင်ပေးပါ၊ ဘုရား စေတီ ရုပ်ပွားတော်နှင့် ခပ်လှမ်းလှမ်း နေရာဝယ် မိန်းမဥပုသ်သည်တို့ နေဘို့ရန် စရပ်တဆောင် သာသာယာယာရှိပါစေ၊ ယောကျ်ား ဥပုသ်သည်တို့အတွက်ကား ကျောင်းအနီးမှာ စာသင်စရာလည်းကောင်းသော စရပ်ကျောင်း ဆောက်သင့်ပါသည်။

**ရွာတွင်းစာရိတ္တပြုပြင်ပါ။** ။ဆဌမကန်း ဓမ္မရတနာ အခန်း၌ ကြီးပွားရေးကို အနှောက်အယှက်ပေးသော မိတ်ဆွေတုများကိုရင်း, အသောက်အစား အကစားနှင့် မိန်းမလိုက်စားခြင်း၏ အပြစ်များကိုရင်း ပြထားခဲ့ပြီ၊ ယခုအခါ မာဃအသင်းဝင်များနှင့်တကွ သူကြီးကောင်း ရွာလူကြီးကောင်း ဆေးဆရာနှင့် ဘုန်းတော်ကြီး ကျောင်းများလည်း

ရရှိပြီဟု ဆိုကြပါစို့၊ ထိုဆရာ ဒကာအားလုံးသည် မိမိတို့ရွာ၌ မိတ်ဆွေတုမျှားတွင် အပါအဝင် ဖြစ်နေသော, ကိုယ်တိုင်ပျက်စီးကြောင်း အမှုကိုပြုနေကြသော အသောက်အစားသမား ကစားသမားများ မရှိအောင်, ပြည့်တန်ဆာမများ မရှိအောင်, သူတပါး၏ သမီးပျိုသူ့မယားကို ဖျက်ဆီးသူများ မရှိအောင် ကြိုးစားဘို့အချိန် ရောက်ပါပြီ၊ ထိုသူမျိုးရှိနေလျှင် ရွာသူရွာသားတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ မရှိနိုင်ပါ၊ မည်သည့်နည်းနှင့်မဆို ထိုသူမျိုးတွေ မရှိအောင် ကြိုးစားကြရပါလိမ့်မည်။

**ဘုန်းတော်ကြီးကျောင်းရှိရကျိုး။** ။ရွာတရွာ၌ လူဝတ်ကြောင်ဆရာသင်ပြသော စာသင်ကျောင်းရှိလျှင် ပညာရေးသက်သက်အတွက် ပြီးနိုင်သော်လည်း စာရိတ္တကောင်းဘို့အတွက်မှာ ဘုန်းတော်ကြီး ကောင်းကောင်းလောက် ခရီးမရောက်ပါ၊ ထို့ပြင် ဘာသာရေး၌ ဒါန သီလမှစ၍ ကျကျနနကျင့်သုံးတတ်ဘို့မှာ ဘုန်းကြီးကောင်း၏ သြဝါဒကောင်းကိုရ၍ လက်တွေ့လည်းမြင်နေရမှ လုံလောက်ပါသည်၊ ထို့ပြင် ဘုန်းကြီးကျောင်းသားထည်းမှ သာမဏေဘဝရောက်၍ ပညာတတ်မြောက်ပြီးသူတို့ ရဟန်းဖြစ်မှသာ ရဟန်းကောင်းအဆက်ဆက် ပေါ်ထွက်နိုင်ပါသည်၊ ရဟန်းကောင်းပညာတတ်ပုဂ္ဂိုလ်တို့သာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ယနေ့တိုင်အောင် ဆောင်လာခဲ့ကြပါသည်၊ ထို့ကြောင့် ရွာတရွာ၌ လူစာသင်ကျောင်းထက် ဘုန်းတော်ကြီးကောင်းကောင်း၏ စာသင်ကျောင်းက ထူးခြားသောအကျိုးကို သာ၍ ဆောင်နိုင်ပါသည်။

## လူ ၃-မျိုး

(၁) ဤဘဝ နောက်ဘဝအတွက် ဉာဏ်မျက်စိမရှိသူ၊ ဤသူ့ကို ၂-ဖက်ကာဏ်းဟု ခေါ်၏၊ (၂) ဤဘဝ၌ စီးပွားတိုးတက်အောင် ဉာဏ်မျက်စိရှိ၍ နောင်သံသရာအတွက် ဉာဏ်မျက်စိမရှိသူ၊ ဤသူ့ကို တဖက်ကာဏ်းဟု ခေါ်၏၊ နောင်ဘဝအတွက် အသိဉာဏ်မျက်စိမရှိသောကြောင့် စီးပွားရှာရေး ပေါင်း

သင်းဆက်ဆံရေး၌ တရား, မတရားကို မစဉ်းစားဘဲ ကိုယ်ကျိုးရှိလျှင် ပြုတတ်သူဖြစ်သည်၊ (တနည်း) ဤဘဝအတွက် စီးပွားမရှာတတ်ဘဲ နောက်ဘဝအတွက် ကုသိုလ်ကိုသာ ပြုသူ၊ ဤသူလည်း မျက်စိတဖက်သာ ရှိသူပင်တည်း။ (အင်္ဂုတ္တိုရ်၌ ဤသူ့ကိုသာ ပြတော်မူ၏။) (၃) ဤဘဝ နောက်ဘဝ ၂-ဌာန လုံးအတွက် ဉာဏ်မျက်စိရှိသူ၊ ဤသူ့ကို မျက်စိ ၂-ဖက်လုံး ပြည့်စုံသူဟု ခေါ်၏၊ ဤသူကား ဗျဂ္ဃပဇ္ဇသုတ်၌ ဟောတော်မူသည့်အတိုင်း တရားသဖြင့် စီးပွားရှာ၍ သဒ္ဓါ, သီလ, စာဂ, ပညာနှင့် ပြည့်စုံသူဖြစ်သည်။

(တိကအင်္ဂုတ္တိုရ်၊ ပုဂ္ဂလဝဂ်။)

**စိတ်ချမ်းသာရေး။** ။လူ့လောက၌ ဥဂ္ဃာနသမ္ပဒါစသော တရားတို့နှင့် အညီ စီးပွားရှာ၍ ပြည့်စုံနေသည့်ပြင် နောင်တမလွန်ဘဝအတွက် ဒါန, သီလစသော ကောင်းမှုများနှင့် ရပ်ရွာအကျိုးဆောင်သော ကောင်းမှုများ ပါရှိနေစေကာမူ "အသက်ဘရာ မနေရသော်လည်း အမှုတရာတွေ့ဘို့" အကြောင်းတွေက ရှိသေးသောကြောင့် တရံတခါ သားသမီးအရေး, စီးပွားအရေး, ကျန်းမာရေးများအတွက် စိတ်ဆင်းချမ်းသာစရာ ဖြစ်ပေါ်လာတတ်သေး၏၊ ထိုအခါမျိုး၌ ခံနိုင်ရည်ရှိဘို့ရာ ကိုယ်ကျင့်အဘိဓမ္မာ ဒုက္ခ ဒေါမနဿ အကြောင်းနှင့် လောကဓမ်အကြောင်းကို စိတ်ထည်း၌စွဲနေအောင် တင်ကြို၍ အထပ်ထပ် ဖတ်ထားကြပါ။

**နောင်ရေးကိုလည်း ပြင်ဆင်ပါ။** ။ပုထုဇဉ်ဖြစ်ကြသော ရဟန်း ရှင်လူ ခပ်သိမ်းသူတို့သည် ယခုတဘဝနေရေးကို (ချမ်းချမ်းသာသာနေရအောင်) အထူးကြိုးစား၍ ပြင်ဆင်ကြ၏၊ ခန္ဓာကိုယ် အပင်ပန်းခံ၍ပင် တဘဝချမ်းသာရေးကို ပြင်ဆင်ကြ၏၊ သို့သော် ဒုတိယဘဝမှစ၍ နောက်ဘဝအဆက်ဆက်အရေးကိုကား ယခုဘဝအရေးလောက် မကြိုးစားကြ၊ ကြိုးစားသူတို့ကလည်း ခပ်အေးအေးပင် ကြိုးစားကြသည်၊ **အစစ်အမှန်အားဖြင့်ကား** ယခုတဘဝအရေးသည် အသက်တရာတွင်းက အရေးသာဖြစ်၍ နောက်နောက်ဘဝအရေးကား အသက်နှင့်တွက်၍မရ ရာဇုယောင်မက များစွာသော ဘဝ၏အရေးဖြစ်သည်၊ ထို့ကြောင့် ယခု

ဘဝအရေးထက် နောက်ဘဝများစွာအရေးကို သာ၍ ပြင်ဆင်သင့်ကြပါသည်။

**နောက်ဘဝအတွက် ကြောက်ရွံ့ပုံများ။** ။(၁) မိမိ၏လက်ရှိဘဝကို စွန့်ရမည့်အရေး တွေး၍ ရွံ့ကြောက်ခြင်း၊ (၂) မိမိသွားရမည့်ဘဝကို မသိရသဖြင့် "မတော်တဆ အပါယ်ဘုံများ ရောက်သွားလေမည်လား" ဟု တွေး၍ရွံ့ကြောက်ခြင်း၊ (၃) မိမိနှင့် သံယောဇဉ်မကင်းသူ သားသမီး ဇနီးခင်ပွန်းတို့ကို ခွဲရမည့်အရေး တွေး၍ ရွံ့ကြောက်ခြင်း၊ (၄) တသက်လုံးစုဆောင်းထားသော ပစ္စည်းများကို စွန့်ထားခဲ့ရမည့်အရေး တွေး၍ ရွံ့ကြောက်ခြင်း၊ ဤသို့အားဖြင့် နောက်ဘဝနှင့်စပ်၍ ရွံ့ကြောက်ခြင်း အမျိုးမျိုးရှိလေသည်။

**(၁) ဘဝစွန့်ခွာမှု မကြောက်နည်း။** ။"မိမိ၏ဘဝ" ဆိုသည်မှာ ရှေးကံကြောင့် ရအပ်သောဘဝဖြစ်၏၊ ဤဘဝကုန်ဆုံးသောအခါ နောက်ထပ်ဘဝတမျိုးကို ကံတမျိုးကြောင့် ရဦးမည်သာ၊ ရုပ်နှင့်နာမ်ကို မခွဲခြားတတ်သူ၊ ရုပ်နာမ်အကြောင်းကို နားမလည်သူတို့အတွက်သာ "တဘဝ" ဟု သတ်မှတ်ရ၏၊ ရုပ်နာမ်အကြောင်းကို နားလည်သူတို့အတွက်ကား "တဘဝ"အတွင်း၌ပင် "ရုပ်အစဉ် နာမ်အစဉ်တွေ ဖြစ်လိုက် ပျက်လိုက်နေကြသည်"ဟု နားလည်နေသောကြောင့် ဤတဘဝအတွင်း၌ အသေပေါင်းများစွာသေ၍ အဖြစ်ပေါင်းလည်း များစွာဖြစ်ကြောင်း ကောင်းကောင်းသိကြ၏၊ ထိုကြောင့် ကံတခုအတွက် ပဋိသန္ဓေနှင့် စုတိအကြားကို တဘဝဟု သတ်မှတ်ထားရကား ကံတခု၏ အစွမ်းသတ္တိကုန်သောအခါ တဘဝဆုံးသဖြင့် နောက်ကံတခုက ဘဝအသစ်တခုကို ပြုပေးမည်သာ ဖြစ်သောကြောင့် လက်ရှိဘဝကို စွန့်ရမည်မှာ နှမြောစရာလည်းမဟုတ်၊ ကြောက်စရာလည်းမဟုတ်၊ တသံသရာလုံးလာခဲ့ကြရသော ထုံးစံမျှသာသာဖြစ်သည်။

**အသင့်ပြင်ပြီးဖြစ်လျှင် မကြောက်။** ။နောက်ဘဝအရေးကို တွေးမိသူတိုင်း ယခုဘဝ၌ ကောင်းသောအမှု (ကောင်းမှု)တို့ကို များစွာပြုထားခြင်းသည် နောက်ဘဝအတွက် အသင့်ပြင်ဆင်ထားခြင်းပင်ဖြစ်၏၊ ထိုသို့

အသင့်ပြင်ဆင်ပြီးသူကား ကြောက်စရာမရှိသည့်ပြင် လက်ရှိဘဝထက် သာလွန်မည့်အရေးကိုတွေးကာ ပျော်စရာပင် ဖြစ်နိုင်ပါသည်၊ ဥပမာ.... ခရီးသွားစရာရှိသောအခါ လမ်းခရီး၌ သွားဘို့ရာ ပဋမတန်းလက်မှတ်လည်း ရှိပြီးဖြစ်၍ ရောက်ရာအရပ်က ကြိုမည့်သူများနှင့် တည်းခိုစရာလည်း အဆင်သင့်ရှိပြီးဖြစ်သူအတွက် ခရီးထွက်ရသည်မှာ ပျော်စရာဖြစ်သကဲ့သို့တည်း။ (ထိုသို့ အဆင်သင့်ဖြစ်ပြီး မဟုတ်သူတို့အတွက်မှာမူ ပျင်းစရာနှင့် ကြောက်စရာဖြစ်ပေလိမ့်မည်။)

**မကြောက်တရား။** ။(၁) ဒုစရိုက် ၁၀-ပါးကို ရှောင်၍ သုစရိုက် ၁၀-ပါးကိုဆောင်ခြင်း၊ (၂) စားဘွယ် သောက်ဘွယ် ပေါများလျှင် ဒါနဏ်အကျိုးကိုယုံကြည်၍ နူးညံ့သောစိတ်ဖြင့် စွန့်ကြဲပေးကမ်းခြင်း၊ (၃) ရဟန်းရသေ့များ ဆွမ်းခံလာလျှင် အလိုက်သိစွာ ပေးလှူခြင်း၊ (၄) မိတ်ဆွေများကို ချီးမြှောက်ထောက်ပံ့ခြင်း၊ (၅) အပြောအဆို ချစ်စရာကောင်း၍ ပြေပြစ်ခြင်း၊ ဤဂုဏ်များ၌ တည်သူသည် တမလွန်ဘဝအတွက် ကြောက်စရာမရှိ။ (ဥဒယဘဒ္ဒဇာတ်။)

**မှတ်ချက်။** ။ဤတရားများသည် ဗျဂ္ဃပဇ္ဇသုတ်၌ ဟောတော်မူအပ်သော တရားများနှင့်သဘောတူပင်တည်း ထို့ကြောင့်ရှေ့၌ပြခဲ့သောမကောင်းမှုများကို ရှောင်၍ ကောင်းမှုများကို ပြုနေသူသည် နောက်ဘဝအတွက် အသင့်ပြင်ဆင်ပြီးသူ-ဟု မှတ်ပါ။

(၂) **မသိသော်လည်း မကြောက်သင့်။** ။ပုထုဇဉ်တို့ သွားရမည့် ဘဝသည် ငရဲဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ, လူ့ဘဝ, နတ်ဗြဟ္မာဘဝ ဟု ၅-မျိုးရှိ၏၊ ပုထုဇဉ်အဖြစ်ဖြင့် အဆင်သင့်ပြင်ထားသူ၏ သွားရမည့်ဘဝသည် လူနှင့်နတ်ဖြစ်ဘို့သာ များ၏၊ ငရဲ တိရစ္ဆာန် ပြိတ္တာ ဖြစ်ဘို့ အကြောင်းက နည်းနည်းသာရှိ၏၊ ငရဲစသည်ဖြစ်ပြန်လျှင်လည်း မကြာမီ လွတ်မြောက်မည်သာ၊ ထို့ကြောင့် မိမိသွားရမည့်ဘဝကို သေချာစွာ မသိရသော်လည်း တွေး၍မကြောင့်သင့်ပါ၊ အသင့်ဖြစ်အောင်သာ ကောင်းကောင်းပြင်ဘို့ လိုပါသည်။

(၃) **သံယောဇဉ်အတွက် မစိုးရိမ်သင့်။** ။မိမိ၏ သားသမီး ဇနီး ခင်ပွန်း တို့နှင့် ခွဲရသည်မှာ ယခုဘဝမှ အသစ်အဆန်းမဟုတ်ပါ၊ ဘဝတိုင်း ခွဲခဲ့ရ၍ ရိုးနေပါပြီ၊ ခွဲရသော်လည်း တကယ်သူတော်ကောင်းချည်း ဖြစ်ပါမူ မကြာမကြာပြန်၍ တွေ့ရတတ်ပါသည်၊ ယခုတွေ့နေရသော သေ့သားချစ်ခင်သူများလည်း တချိန်က ခွဲခဲ့ပြီးမှ ပြန်၍တွေ့ရသူများ ဖြစ်ပါသည်၊ ထို့ကြောင့် နောင်တချိန်တွေ့သောအခါ အရာရာပြည့်စုံသူ များ ဖြစ်ဘို့ရန် ယခုနှယ်က သံယောဇဉ်ချစ်ခင်သူများကို လူကောင်း သူကောင်းဖြစ်အောင် အချင်းချင်း စောင့်ရှောက်ဘို့သာ တာဝန်ရှိ ပါသည်၊ ထို့ကြောင့် ချစ်ခင်သူများနှင့် ခွဲရမည့်အရေးကိုတွေး၍ မကြောက်သင့်ပါ။

(၄) **ပစ္စည်းများကို စွန့်ရမှာမကြောက်သင့်။** ။ပစ္စည်းဥစ္စာဆိုသည်မှာ ယခုတဘဝအတွက် သုံးစွဲဘို့နှင့် နောက်ဘဝအတွက် စွန့်ကြဲပေးကမ်းဘို့ ဖြစ်၏၊ စွန့်ကြဲပေးကမ်းလေ့ရှိသူ့အတွက် လက်ရှိပစ္စည်းသည် မမက်မောလောက်ပါ၊ နောက်နောက်ဘဝ၌ ဤပစ္စည်းထက် နေရာအိမ် အဝတ် အစားမှစ၍ အဆင့်အတန်းသာသော ပစ္စည်းကို ရဘို့ဘက်က များပါ သည်၊ တနည်းအားဖြင့် စဉ်းစားလျှင် တဘဝပြောင်းရခြင်းသည် ဟောင်းနွမ်းသောအိမ်ကိုအသစ်ပြင်၍ ဆောက်ခြင်းကဲ့သို့ ဟောင်းနွမ်း သောခန္ဓာကို အသစ်ပြင်ခြင်းသာ ဖြစ်သည်၊ ထို့ကြောင့် ပစ္စည်းဥစ္စာ အတွက် နောက်ဆံမတင်းသင့်ပါ။

## အမှောင်သွား အလင်းသွား

(၁) အမှောင်မှ အမှောင်သွားမည့်သူ၊ (၂) အမှောင်မှ အလင်းသွား မည့်သူ၊ (၃) အလင်းမှ အမှောင်သွားမည့်သူ၊ (၄) အလင်းမှ အလင်းသွား မည့်သူ၊ ဤသို့ပုဂ္ဂိုလ် ၄ မျိုးရှိ၏။

၁။ **အမှောင်မှ အမှောင်သွားမည့်သူ။** ။ဤလောက၌ အချို့သူသည် အစားအသောက်အတွက် ခက်ခက်ခဲခဲ ရှာဖွေရ၍ ဆင်းရဲအောက်ကျ သောအမျိုး၌ဖြစ်ရ၏၊ ရုပ်အဆင်းလည်း ဆိုးဝါး၏၊ ကျန်းမာခြင်းလည်း

မကောင်းလှ၊ ဤသို့ဖြစ်ရသူကို "မှောင်နေသူ"ဟု ခေါ်၏၊ ထိုသူသည် ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုကိုပြု၏၊ ကံနှင့် ကံ၏အကျိုးကိုမယုံ၊ အတောင်းအရမ်းလာသူများကိုမပေးသည့်ပြင် ဆဲလိုက်သေး၏၊ ပေးနေသည်ကို တွေ့လျှင်လည်း မပေးဘို့ရန် တားမြစ်၏၊ ဤသူသည် သေလျှင် အပါယ် ၄-ပါးသို့ သွားရမည်ဖြစ်သောကြောင့် မှောင်နေသော ယခုဘဝမှ သာ၍ မှောင်သော နောက်ဘဝသို့ သွားရမည့် "အမှောင်မှ အမှောင်သွားပုဂ္ဂိုလ်" တမျိုးဖြစ်ရလေသည်။

၂။ **အမှောင်မှ အလင်းသွားမည့်သူ။** ။အချို့သူသည် စားရေးသောက်ရေးအတွက် ခက်ခက်ခဲခဲရှာဖွေရ၍ ဆင်းရဲအောက်ကျသော အမျိုး၌ဖြစ်ရ၏၊ ရုပ်အဆင်းလည်း ဆိုးဝါး၏၊ ကျန်းမာခြင်းလည်း မကောင်း၊ ဤသို့ဖြစ်ရသူကို "မှောင်နေသူ"ဟု ခေါ်ရ၏၊ ထိုသို့ မှောင်နေသော်လည်း ကံနှင့် ကံ၏အကျိုးကို ယုံကြည်၏၊ နှမြောဝန်တိုခြင်းမရှိ။ ဒုစရိုက်များကို ရှောင်ရှား၍ သုစရိုက်ကိုသာ ပြုကျင့်၏၊ ရဟန်းကောင်းများကို ရိုသေဆည်းကပ်၏၊ တောင်းရမ်းလာသူတို့အား ကိုယ်တိုင်လည်း ပေး၏၊ သူတပါးပေးနေသည်ကိုလည်း ဝမ်းမြောက်၏၊ ဤသူသည် သေသောအခါ ကောင်းသောဘဝသို့ ရောက်ရမည် ဖြစ်သောကြောင့် "အမှောင်မှ အလင်းသွားမည့်သူ" ဖြစ်ပေသည်။

၃။ **အလင်းမှ အမှောင်သို့ သွားမည့်သူ။** ။အချို့သူသည် ဥစ္စာစည်းစိမ်ဂုဏ်သိရ် ပြည့်ဖြိုးသော အထက်တန်းအမျိုး၌ ဖြစ်ရ၏၊ ရုပ်အဆင်းလည်း လှ၏၊ ကျန်းမာခြင်းလည်း ကောင်း၏၊ ဤသို့ ပြည့်စုံနေသူကို "လင်းနေသူ"ဟု ဆိုရ၏၊ ထိုသူသည် မကောင်းမှုဒုစရိုက်တို့ကို ပြု၏၊ ကံနှင့် ကံ၏အကျိုးကို မယုံကြည်၊ အတောင်းအရမ်းလာသူများကို မပေးသည့်ပြင် ဆဲလိုက်သေး၏၊ သူတပါးပေးနေသည်ကိုလည်း တားမြစ်၏၊ ဤသူသည် သေလျှင် အပါယ် ၄-ပါးသို့ သွားမည့်သူဖြစ်သောကြောင့် "အလင်းမှ အမှောင်သို့ သွားရမည့်သူ" ဖြစ်လေသည်။

၄။ **အလင်းမှ အလင်းသွားမည့်သူ။** ။အချို့သူသည် ဥစ္စာစည်းစိမ် ဂုဏ်သိရ်ပြည့်ဖြိုးသော အထက်တန်းအမျိုး၌ ဖြစ်ရ၏၊ ရုပ်အဆင်းလည်းလှ၏၊ ကျန်းမာခြင်းလည်း ကောင်း၏ ထိုသူသည် ကံနှင့် ကံ၏အကျိုးကို ယုံကြည်၏၊ နှမြောဝန်တိုခြင်းလည်း မရှိ၊ ဒုစရိုက်များကိုရှောင်ရှား၍ သုစရိုက်ကိုသာ ပြုကျင့်၏၊ ရဟန်းကောင်းများကို ရိုသေဆည်းကပ်၏၊ တောင်းရမ်းလာသူတို့အား ကိုယ်တိုင်လည်း ပေး၏၊ သူတပါး ပေးနေသည်ကိုလည်း ဝမ်းမြောက်၏၊ ဤသူသည် "အလင်းမှ အလင်းသို့သွားမည့်သူ" ဖြစ်ပေသည်။ (သဂါထာဝဂ္ဂ၊ ကောသလသံယုတ် ပါဠိတော်။)

**တိုက်တွန်းချက်။** ။"အမှောင်" ဟူရာ၌ "နည်းနည်းမှောင်, များများမှောင်, မှောင်သည်ထက်မှောင်" ဟု ခွဲပါ၊ "အလင်း" ဟူရာ၌လည်း "နည်းနည်းလင်း, များများလင်း, လင်းသည်ထက်လင်း" ဟု ခွဲပါ၊ ထို့နောက် မိမိနှင့်တကွ အိမ်သူအိမ်သား ပတ်ဝန်းကျင်လူများကို ယခုဘဝ၌ "မှောင်သူလား, လင်းသူလား" ဟုဂုဏ်း, နောက်ဘဝအတွက် "အမှောင်သွားမည့်သူလား, အလင်းသွားမည့်သူလား" ဟုဂုဏ်း ခွဲခြား၍ မိမိအတွက်ဂုဏ်း, မိမိစကားနားထောင်သူတို့အတွက်ဂုဏ်း အလင်းသွားဖြစ်အောင် အမြဲသတိထား၍ ကြိုးစားကြပါ။

**သံဃာကောင်း အမျိုးမျိုး။** ။လူဝတ်ကြောင်များအား ပြခဲ့သော တရားအမျိုးမျိုးတို့ဖြင့် ယဉ်ကျေးအောင် ဩဝါဒပေးလျက်မိမိကိုယ်တိုင်လည်း ဝိနည်းတော်နှင့် အညီ နေတော်မူကြသော သံဃာတော်အပေါင်းကို သံဃာကောင်းဟု ဆိုရ၏၊ ထိုသံဃာကောင်းလည်း အမျိုးမျိုးရှိပြန်၏၊ ဥပမာ....ဘုရားဆင်းတုတော်၌ ပုံအမျိုးမျိုးရှိသကဲ့သို့တည်း၊ ဘုရားဆင်းတုတော်သည်ကျောက်သားသို့မဟုတ် သစ်သားကောင်းလေ, ဆင်းတုတော်ကိုထုသောပန်းပုသမားကောင်းလေ သပ္ပါယ်လေဖြစ်သကဲ့သို့ ထို့အတူ သမ္မုတိသံဃာကောင်းလည်း ပင်ကိုယ်ကအလိမ္မာနှင့် သဒ္ဓါ **ကောင်းလေ, ဆရာသမားကောင်းလေ,** (ဆရာသမားတို့က အသင်

အပြ အဆုံးအမကောင်းလေ) သံဃာကောင်း ဖြစ်လေပင်တည်း၊ ဆင်းတုတော်၌ သပ္ပါယ်သော, သပ္ပါယ်သည်ထက် သပ္ပါယ်သော, အလွန်းကုန် သပ္ပါယ်သော ဆင်းတုတော်များကို တွေ့ရသကဲ့သို့ သမ္မုတိ သံဃာတော်၌လည်းကောင်းသော,ကောင်းသည်ထက်ကောင်းသော, အလွန်းကုန်ကောင်းသော သံဃာကောင်းများ ရှိကြပေသည်။

## ကိုးကွယ်သူများကို မေးဘွယ်

ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟူသော ပစ္စည်း ၄-ပါးကို လှူဒါန်း၍ တရားတော်ကို နာယူကြသော ဒါယကာ ဒါယိကာမတို့သည် သံဃာတော်ကို ကိုးကွယ်သူများ ဖြစ်ကြ၏၊ "ထိုကိုးကွယ်သူများသည် မိမိတို့၏ ချွေးနည်းစာ ဖြစ်သော (ချွေးထွက်အောင်ရှာမှ ရနိုင်သော) ပစ္စည်းကို မိမိတို့၏ မိဘ သားသမီးများကိုသော်မှ ရက်ရက်ရောရော မပေးနိုင်ပါဘဲလျက် ကိုးကွယ်ထားသော ဆရာသမားကို အဘယ်အကျိုးမြော်၍ ရက်ရက်ရောရော ပေးလှူနိုင်ကြသနည်း" ဟု မေးဘွယ်ရှိ၏။

အဖြေမှန်။ ။ထိုပုဂ္ဂိုလ်က ဤဘဝ၌ တတ်သိနားလည်အောင် သွန်သင်ပြသဆုံးမသောကြောင့်၎င်း, ထိုသို့သင်ပြဆုံးမသည့်အတွက်မိမိသည် တတ်သိသော လိမ္မာယဥ်ကျေးသော လူတော် လူကောင်းတယောက် ဖြစ်ရ၍ ဤဘဝဝယ် စီးပွားရေး ကြီးပွားရေး၌ ဥဿာဝီရိယစိုက်တတ်သောကြောင့်၎င်း, နောက်နောက်ဘဝတို့အတွက် ကောင်းမှုကုသိုလ်ကို ကြိုးစား၍ အကုသိုလ်ကို ရှောင်ရှားတတ်သဖြင့် နောက်နောက်ဘဝ ချမ်းသာဘို့ရန်နှင့် ဘဝမှလွတ်ဘို့ရန် အခြေခံတရားများကို ဟောပြသောကြောင့်၎င်း, မိမိသားသမီးများကို လိမ္မာယဥ်ကျေးအောင် ပညာပေးသောကြောင့်၎င်း ကျေးဇူးတင်လှ၍, သို့မဟုတ် ထိုပုဂ္ဂိုလ်၏ အနေအထိုင်နှင့် သာသနာ့ဝန်ဆောင်ပုံကို ကြည်ညိုအားရသဖြင့် ကူညီအားပေးလိုသောကြောင့်, သို့မဟုတ် သံဃိက ဒါနအဖြစ်ဖြင့် သာသနာတော်ကို အားပေးလိုသောကြောင့် လှူဒါန်းပါသည်ဟု ဖြေလျှင် အဖြေမှန် ဖြစ်ပေသည်။

**အဖြေမှား။** ။"အလှူရှင် ကုသိုလ်ရှင်" ဟုအထင်ကြီးခံလိုသောကြောင့်, သို့မဟုတ် သူများလှူဒါန်းနေပါလျက် မိမိကမလှူဒါန်းလျှင် အထင်သေးမှာစိုးသောကြောင့်, သို့မဟုတ် "သူ့ထက်သာအောင် ငါကလှူပြမယ်" ဟု မော်လိုကြွားလိုသောကြောင့်, သို့မဟုတ် နောင်ဘဝ၌ လူချမ်းသာ နတ်ချမ်းသာ ဖြစ်လိုသောကြောင့်, သို့မဟုတ် တပါးဖြစ်စေ ကျောင်းတိုက် သံဃာအများဖြစ်စေ ပုဂ္ဂိုလ်ကို ခင်မင်သောကြောင့်, သို့မဟုတ် မိမိတို့ကိုးကွယ်လာသော ပုဂ္ဂိုလ်ဖြစ်၍ မလှူလျှင် မတော်သောကြောင့်, သို့မဟုတ် သူများလှူသလို လှူလိုသောကြောင့် ဤသို့စသောအကြောင်းတို့ကြောင့် လှူရသည်ဟုဖြေလျှင် ဘုရားအလိုတော်နှင့် ဆန့်ကျင်သော အဖြေမှားဖြစ်သည်။

**အမြဲစိတ်ထားရန်။** ။ထိုပြခဲ့သော အကြောင်းတို့ကြောင့် သာမဏေတပါး ရဟန်းတပါးကိုဖြစ်စေ, အများသံဃာကိုဖြစ်စေ အကောင်းကိုသာ ကိုးကွယ်မည်ဟု စိတ်၌အမြဲထားရမည်၊ သံဃာကို ရည်မှန်း၍ သံဃိကဒါန ဖြစ်အောင်လည်း မလှူတတ်, ပုဂ္ဂိုလ်ကောင်းကိုလည်း ရွေးချယ်၍ မလှူတတ်သောကြောင့် မကောင်း ပုဂ္ဂိုလ်အားလှူနေလျှင်ကား မိမိစိတ်က အဆိပ်ပင်မှန်းမသိ၍ ရေလောင်းပေးသူကဲ့သို့ သာသနာကို ဖျက်ဆီးနေသူမှန်း (သာသနာ အသရေ မရှိအောင် ပြုနေသူမှန်း) မသိသော်လည်း ကိုးကွယ်သူမှာ အကျိုးမရဘဲ ရှိပါလိမ့်မည်၊ တကယ်ပင် မကောင်းမှန်းသိလျက် အားပေးနေသူကား အဆိပ်ပင်မှန်းသိလျက် ရေလောင်းပေးသူပမာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် သာသနာ့ရန်သူ အစစ်သာ ဖြစ်ရှာလေတော့သည်။

**အသက်ပေး၍ဆောင်ရန်။** ။ပရမတ္ထ သံဃာတော်ပင်ဖြစ်ဖြစ်, သမ္မုတိသံဃာတော်ပင်ဖြစ်ဖြစ် ကောင်းသော ပုဂ္ဂိုလ်တို့ကား သာသနာတော်ကို အသက်ပေး၍ တာဝန်ကို ထမ်းဆောင်ဘို့ရန် အချိန်ရောက်နေပါပြီ၊ ထိုသို့မထမ်းဆောင်ပါလျှင် ခေတ်ကာလ အခြေအနေအရ ဗုဒ္ဓဘာသာကြီး ပျက်စီး၍ သာသနာတော် အသက်လည်း ကုန်ဆုံးရပါလိမ့်မည်။ ဘာ့ကြောင့်နည်း....

## ဗုဒ္ဓဘာသာသင်ခန်းစာ

သာသနာတော်၌ အတွင်းကဖျက်မည့် ရဟန်းအတုအယောင်တွေ နှင့် မကောင်းသော အစိတ်အပိုင်းတွေ တစတစ များလာသော ကြောင့်ရှင်း၊

သာသနာ့ ဒါယကာ ဒါယိကာမတို့၌ သုံးစွဲစရာ အာရုံတွေက များ၍ ရပေါက်ရလမ်းက တဖြည်းဖြည်း နည်းပါးလာသော ကြောင့်ရှင်း၊

ဥပါသကာ ဥပါသိကာမ ဆိုသူတို့ကလည်း ၅-ပါး သီလသိက္ခာ ကိုမျှ လုံခြုံအောင် မထိန်းနိုင်ကြ၊ လူရှိသေရုံမျှ ပေါ့ပေါ့ဆဆနှင့် ဥပုသ်စောင့်သလို တရားကျင့်နေသလို အထင်ခံရရုံနေသူ အစိတ် အပိုင်းက များလာသောကြောင့်ရှင်း၊

ဘုန်းတော်ကြီး ကျောင်းများ၌လည်း ခေတ်နှင့် လျော်ကန်သော စာပေပညာကို အလယ်တန်း အောက်တန်းလောက်မျှ မသင်ပြ နိုင်သည်က များသောကြောင့်ရှင်း၊

ထိုသို့မသင်ပြနိုင်မှုကို အကြောင်းပြု၍ ရဟန်းလောင်း သာမဏေ လောင်းများ မရှိနိုင်သောကြောင့်ရှင်း၊

ရဟန်းသံဃာကောင်းနှင့် ဝေးကွာ၍ မကောင်း ပုဂ္ဂိုလ်များကို တွေ့နေရသော ဒါယကာ ဒါယိကာမများနှင့် သားသမီး အဆက် ဆက်တို့ကလည်း သာသနာတော်ကို တဖြည်းဖြည်းအထင်သေးလာ ကြသောကြောင့်ရှင်း၊

လူတချို့ အထင်ကြီးနေကြသော ပုဂ္ဂိုလ် တချို့ကလည်း အတု အယောင် တရားတို့ဖြင့် သွေးဆောင်နေကြရကား အတော်ကြာ သောအခါ သာ၍အထင်သေးစရာတွေ ဖြစ်နေသောကြောင့်ရှင်း၊

ကြောင်းကျိုး ဆက်စပ်၍ မရအပ်သော တရားကို ဖယ်ရှားလိုကြ သော ခေတ်ကြီးဝယ် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးဟု ဆိုနေ ကြသော အလုပ်တချို့က ကြောင်းကျိုးဆက်စပ်၍ မရလောက် အောင် ပျက်ပြားနေကြသောကြောင့်ရှင်း ဖြစ်ပါသည်။

## တာဝန် ၃-မျိုး

ဤသံဃာ့ရတနာ အခဏ်းကို နိဂုံး မအုပ်မီ ရဟန်းသံဃာတော်များ၏ ကြီးလေးသော တာဝန် ၃-မျိုးကို အချုပ်မျှ ပြပါဦးမည်၊ တာဝန် ၃-မျိုးကား- (၁) ဗုဒ္ဓဘာသာဝင် လူဦးရေ နည်းမသွားအောင်, ဘာသာရေးအယူဝါဒ ပြယ်မသွားအောင် ထိန်းသိမ်းရမည့်တာဝန်၊ (၂) ဗုဒ္ဓမြတ်စွာ၏ တရားတော်များ ပျောက်ကွယ်၍မသွားအောင် ပျက်ပြယ်၍ မသွားအောင် ထိန်းသိမ်းရမည့်တာဝန်၊ (၃) ဘုရားရှင်၏ အဆုံးအမတော်အတိုင်း ကျင့်ရမည့်တာဝန်၊ ဤသို့တာဝန် ၃-မျိုးရှိပါသည်။

**ဘာသာဝင် မနည်းအောင်။** ။(၁) နံပါတ်တာဝန်ကို ကျေးရွာတို့၌ ကျောင်းထိုင်နေကြသော ဘုန်းတော်ကြီးများသည် ကောင်းစွာ ဆောင်နိုင်ပါသည်၊ ထိုဘုန်းတော်ကြီးများသည် ကျေးရွာရှိ ကလေးတို့အား ခေတ်အလိုက် တတ်ထိုက်သော ဂဏန်းသင်္ချာ လောကခေတ် ပညာကို သင်ပေးခြင်း, ထိုပညာ သင်ပေးရင်းပင် ဘာသာ စာရိတ္တ အခြေခံရအောင် လက်တွေ့သင်ပြခြင်း, ထိုကလေးတို့အား အရွယ်ရောက်သောအခါ ရှင်သာမဏေပြုခြင်း, ဤနည်းအားဖြင့် ဗုဒ္ဓဘာသာဝင် လူဦးရေ နည်းမသွားအောင် ကြိုးစားသင့်ကြပါသည်၊ ထို့ပြင် တရားဟော ဓမ္မကထိကများလည်း ဘာသာရေးကို ပဓာနထား၍ ဟောပြောသောအားဖြင့် ဘာသာဝင်လူဦးရေ နည်းမသွားဘဲ တိုးပွားလာအောင် ကြိုးစားနိုင်ကြပါသည်။ (ကျေးရွာ ကျောင်း ဘုန်းတော်ကြီးများသည် မိမိတို့ရွာ၌ ရာဇဝတ်မှု, တရားမမှုများ မရှိသလောက် နည်းပါးသွားအောင်ပင် စွမ်းဆောင်နိုင်စရာ ရှိပါသည်။)

**တရားတော်များ ပျောက်ကွယ်မသွားအောင်။** ။(၂) နံပါတ်တာဝန်ကို စာသင်တိုက်များ၌ သီတင်းသုံးတော်မူကြသော စာချဆရာတော်များသည် ကောင်းစွာ ဆောင်နိုင်ပါသည်၊ ထို့ကြောင့် ထိုစာချဆရာတော်များသည် ဘုရားရှင်၏ တရားတော်များကို အထက်တန်း အဘိဓမ္မာ သုတ္တန် နိကာယ်ကြီးများတိုင်အောင် ပို့ချခြင်း, လွယ်ကူသော

သင်နည်း ချနည်းများကို စီစဉ်ပေးခြင်း, ထိုကရားများမှ ထုတ်နုတ်၍ လူဝတ်ကြောင်များ နားလည်အောင် ရေးသားပေးခြင်း, ဟောပြော ပေးခြင်း, ဤနည်းအားဖြင့် တရားတော်များ ပျောက်ကွယ်မသွား အောင်, ပျက်ပြယ်၍ မသွားအောင် တာဝန်ဆောင်သင့်ကြပါသည်။

**အဆုံးအမတော်အတိုင်း ကျင့်ရေး။** ။(၃) နံပါတ် တာဝန်မှာ အားလုံး သံဃာတော်များ၏ တာဝန်ဟု ဆိုရပါမည်၊ သို့သော် အရေးကြီးသော ဆိုလိုချက်မှာ စာပေပိဋကတ်၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်များထည်းမှ ပင် ပဋိပတ်ကျင့်စဉ်ကို ညွှန်ပြ၍ ကိုယ်တိုင်လည်း ကျင့်နေသော ပုဂ္ဂိုလ် အတော်များများ အစုအဝေးနှင့် ရှိစေလိုပါသည်၊ ထိုပုဂ္ဂိုလ်များ သည်ပင် ခေတ်စာမေးပွဲများကိုဖြင်း, သာမှုနာမှုဆိစ္စစုကိုဖြင်း, လျစ်လျူ ရှုကာ ပိဋကတ်တော်များကို ပို့ချခြင်း, သင်ယူခြင်း, ပဋိပတ်ကို အချိန် မှန်မှန် ကိုယ်တိုင်ကျင့်ခြင်း, ရေးသားခြင်း, ဟောပြောခြင်း ဤနည်း အားဖြင့် တာဝန်ဆောင်များ ဖြစ်စေလိုပါသည်။

**အခြေခံ အလုပ်ကျောင်းတိုက်။** ။ထိုတာဝန် ၃-မျိုးကို လက်တွေ့ လုပ်ကိုင်နေသော နည်းလမ်းကိုလည်း သင်ပြနေသော ကျောင်းတိုက် ကြီးတွေ တော်တော်များများရှိဘို့ လိုပါသည်၊ ထိုကျောင်းတိုက်မျိုး များလေ အမျိုးဘာသာ သာသနာ ခိုင်မြဲလေဖြစ်ပါလိမ့်မည်၊ ထို အခြေခံ ကျောင်းတိုက်၌ အသီးအသီး တာဝန်ဆောင်နေကြသော အရှင်မြတ်တို့သည် ဘုန်းကံထင်ရှားမှု, နာမည်ကျော်ကြား ထင်ရှားမှု တို့ကို လုံးလုံးလျစ်လျူရှု၍ အမျိုးဘာသာ သာသနာတော်ကြီးပွားမှု ကိုသာ ဂရုပြုသော အထက်တန်းစိတ် ထားနိုင်သူများ, ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စောင့်ရှောက်သောအားဖြင့် ပါရမီဖြည့်နေသူဟု မိမိကိုယ်ကို ယုံကြည်သူများသာ ဖြစ်ထိုက်ပါသည်။

**သာသနာ့ သမ္ပဒါ ၃-ပါး။** ။လောက၌ မိမိတို့ဘာသာကို ဘာသာ တိုင်းက "သာသနာ"ဟု ယူဆကြ၏၊ ထိုသာသနာ၏အစစ်အမှန်ဟုတ်, မဟုတ်ကို ဤသာသနာ့သမ္ပဒါ ၃-ပါးဖြင့် စစ်တမ်းထုတ်ရပါသည်၊ (၁) ဗုဒ္ဓ၏အစစ်အမှန်ဖြစ်ခြင်း၊ (၂) တရားတော်၏ ဤဘဝ နေ၌က်

ဘဝ ၂ ဌာနလုံးအတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကိုပေးနိုင်ခြင်း၊ (၃) သံဃာဟု ခေါ်ရသောတပည့်များ၏ သာသနာ့တာဝန်ကို ဆောင်သောအားဖြင့် ကောင်းစွာကျင့်ခြင်း။ ဤ ၃-ပါးစုံမှ သာသနာ ကောင်း သာသနာစစ်ဟု ဆိုရပါသည်၊ ထို့ကြောင့် ယခုအခါ သံဃာ တော်အများသည် ဗုဒ္ဓဖြစ်တော်မူသော မြတ်စွာဘုရား၏ သုဓမ္မ ဖြစ်သော တရားတော်ကို မကွယ်မပ မတိမ်ကောရအောင် သုသံဃ ပြုသအောင် ကိုယ်စီကိုယ်ငှ တာဝန်ဆောင်နိုင်ကြပါစေသတည်း။

ဗုဒ္ဓသုဗုဒ္ဓတာ လောကေ၊ ဓမ္မသာ စ သုဓမ္မတာ။
သံဃသာ သုပ္ပဋိပတ္တိ၊ သော သာသနသမ္ပဒါ။

လောကေ-သူလဲဘုရား, ငါဘုရားဟု, ဝါကြွားနေရာ, ဤကမ္ဘာလောက ကြီး၌၊ ဗုဒ္ဓသုဗုဒ္ဓတာ-ဘုရားခေါ်ရ, ထိုဗုဒ္ဓက, မှုချပိုင်နှင်း, သိမြင်တော်မူနိုင် ခြင်းရင်း၊ ဓမ္မသာ-ကရုဏာလှုံ့ဆော်, မေတ္တာတော်ဖြင့်, ထုတ်ဖော်ဟောကြား, မြတ်တရား၏၊ သုဓမ္မတာစ-ခုနှောက်ဘဝ, သုခရတို့, ညွှန်ပြသွယ်သွယ်, တကယ် စစ်မှန်သော တရားတော်ဖြစ်ခြင်းရင်း၊ သံဃဿ-သာသနာ့ဝန်ထမ်း, ရဟန်းဟု ခေါ်, သံဃာတော်အပေါင်း, သူတော်ကောင်း၏၊ သုပ္ပဋိပတ္တိစ-တရားတော် များ, ကွယ်မသွားဘဲ့, စိတ်ထားကိုတင်း, ကောင်းမွန်စွာကျင့်ကြံခြင်းရင်း၊ သော-ဤသည့် ၃-ပါး, ရတနာများ၏, မမှားအစစ်, အမှန်ဖြစ်ခြင်းသည်၊ သာသနသမ္ပဒါ-သာသနာခေါ်ရ, ဆိုးအမ၏, လုံးဝပြစ်ကင်း, ပြည့်စုံခြင်း ပါပေတည်း။

နိဂုံး။ ။ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ရှေးရှေးကလည်း တခါတခါ မှေးမှိန်ခဲ့ပါ၏၊ ထိုသို့ မှေးမှိန်တိုင်းပင် ခေါင်းဆောင်ဆရာ, ခေါင်းဆောင် ဒကာတို့သည် အသက်ပေး၍ သာသနာရေးကို စောင့်ရှောက်ခဲ့ကြ၏၊ အရှင် မဟာကဿပမှစ၍ အရှင်အရဟံတိုင်အောင် ထင်ရှားသော ရဟန္တာများနှင့် မြန်မာနိုင်ငံဝယ် သာသနာပြု မင်းမှူးမတ်များ တိုင်းသူပြည်သားတို့ သာသနာ ရေး စောင့်ရှောက်ခဲ့ပုံကို စဉ်းစားပါ။

ဤသို့လျှင် သာသနာ၀င် တလျှောက်၌ ငှက်ပျံသည့်ပမာ နိမ့်ချည်မြင့်ချည် ဖြစ်လာခဲ့သော သာသနာတော်ကို အသက်ပေး၍ သာသနာ့တာဝန် ထမ်းနေကြသော ဆရာတော် သံဃာတော်များနှင့်တကွ "အနာဂတေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ- ယနေ့ကစ၍ အရိယာသံဃာတော်ကို အသက်အပ်လျက် ဆည်းကပ်ကိုးကွယ်ပါ၏" ဟု သရဏဂုံ ယူထားကြသော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် တပြည်းပြည်း အားပျော့ကာ ကွယ်ဘို့ရန်ဘက်သို့ ရွေ့ရှု နေသော သာသနာတော်ကို ညီတူညီမျှ ထမ်းလိုက်ကြလျှင် မုချကန်ပြန်၍ တက်လာပါလိမ့်သတည်း။ (သာသနာ၌ ပြုပြင်စရာများကို အနာဂတ် သာသနာနောက်ပိုင်း၌ အပြည့်အစုံ ပြထားပြီ။)

### အတုမဲ့ သံဃရတနာ

ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ,
ဝိရတ္တစိတ္တာ-ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရုဠ္ဟိ ဆန္ဒာ,
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယေသံ ဓီရာနံ-အာသဝေါ ၄-တန်, ကုန်ရှေမှန်သည့်, နိဗ္ဗာန်မြင်သိ, အကြင် ရဟန္တာ ပညာရှိတို့၏၊ ပုရာဏံ-ဘဝါ ဘဂ, သံသာရက, ပြုခဲ့သမျှအတန် တန်, အဟောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံသည်၊ ခီဏံ-အစေးတဏှာ, ကင်းစင်ကွာသဖြင့်, ကောင်းစွာပျက်ပြုန်း, ကုန်ဆုံးခဲ့လေပြီ၊ နဝံ-ရဟန္တာဖြစ်မှ, အသစ်ရသည့်, ပုညကောင်းမှု, အစုစုသည်လည်း၊ နတ္ထိသမ္ဘဝံ-သတ္တိအနှစ်, မကျန်ရစ်ဘဲ, ဖြစ်ကာမတ္တ, ဖြစ်ရုံမျှသာ ရှိတော့၏၊ အာယတိကေ-နောက် နောင်အခါ, ပေါ်လာမည်ဖြစ်သော၊ ဘဝသ္မိံ-ဘဝဖန်ခါ, သံသရာ၌၊ ဝိရတ္တ-စိတ္တာ-တပ်မက်ခင်မင်, လိုချင်သောအား, စိတ်သားမရှိကြတော့ကုန်၊ တေ ဓီရာ-အာသဝေါကုန်ခန်း, ရဟန္တာထိုထို, ပညာရှိပုဂ္ဂိုလ်တို့သည်၊ ခီဏဗီဇာ-ကုန် ခန်းခြောက်သွေ့, မျိုးစေ့သဖွယ်, တည်နေခြင်းမရှိကြကုန်သည်၊ အဝိရုဠ္ဟိဆန္ဒာ-ဘဝထိုထို, စည်ပင်လိုဘိ, အာသာဆန္ဒမရှိကြကုန်သည်၊ (ဟုတ္ဝာ-ဖြစ်၍) အယံ

ပဒီပေါ-တောက်ပလျှံညီး, ဤဆီမီးသည်၊ (နိဗ္ဗုတော)ယထာ-ထိုဤမရောက်, ငြိမ်းပြီးနောက်ဝယ်, ကင်းပျောက်ချုပ်ငြိမ်း, ရုပ်သိမ်းရသကဲ့သို့၊ နိဗ္ဗန္တိ-ထိုဤဘဝ, မရောက်ကြဘဲ, အေးမြပုံသေ, ငြိမ်းကြပေတော့သတည်း။....သံဃေ-အရိယာများတွင်, ထိပ်တန်းတင်ဘို့, အရှင်ရဟန္တာ, သံဃာတော်မြတ်၌၊ပဏီတံ-အောက်အရိယာ, များသံဃာထက်, ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ဣဒမ္ပိ ရတနံ-ရတနာဖြစ်ကြောင်း, ကောင်းထက်ကောင်းသည့်, ဂုဏ်ပေါင်းကိုပြုံ, ကံ ဟူသမျှ, ကုန်ရခြင်းစသော ဂုဏ်သည်၊ အတ္တိ-စင်စစ်ဧကန်, အမှန်မသွေ, ရှိပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူပိုလ်တို့အား၊ သုဝတ္ထိ-တင့်တယ်ဘို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

## အဓိပ္ပါယ် ရှင်းလင်းချက်

**ခီဏံ ပုရာဏံ**။ ။သူသူငါငါ သတ္တဝါတို့သန္တာန်၌ ရှိနေသော တဏှာသည် စိုစိုဖပ်ဖပ် စေးကပ်ခြင်းသဘော ရှိ၏၊ ယခုဘဝ၌ ရူပသဒ္ဒစသည့် အာရုံ ကာမဂုဏ်တို့သို့ ကပ်၍ကပ်၍ နေကြခြင်းသည် ဤတဏှာ အစေးကြောင့်ပင် ဖြစ်၏၊ တဘဝ ကုန်ခါနီးဝယ် ပြတ်၍မသွားအောင် နောက်ဘဝသို့ ကပ်ငြိခြင်းမှာလည်း ဤတဏှာသဘောပင်တည်း၊ ပြုခဲ့သမျှ ကုသိုလ်ကံ အကုသိုလ်ကံသည် ထိုတဏှာငြိကပ်ရာသို့လိုက်၍ အကျိုးပေးရ၏၊ အကုသိုလ်ကံသော်မှလည်း သေခါနီး၌ ထင်လာသော မကောင်းအာရုံကို အကောင်းထင်၍ တဏှာဖြင့်ငြိကပ်တတ်သေး၏၊ ဥပမာ-ပင်လယ်ထဲ၌ ရေနစ်ရာဝယ် အပေါ်သို့ပေါ်လာခိုက် တွေ့ရသော မိကျောင်းကိုပင် အားကိုးဘွယ်ထင်၍ ဖက်ထားသကဲ့သို့တည်း၊ ထိုကြောင့် အကုသိုလ်ကံကလည်း တဏှာငြိကပ်ရာ ဘဝသို့လိုက်၍ အကျိုးပေးရသည်၊ ရဟန္တာဖြစ်သောအခါ ထိုတဏှာအစေး ကုန်သောကြောင့် ဘဝများစွာက ပြုအပ်ခဲ့သော ကံတို့သည်လည်း ကပ်ငြိစရာ တဏှာအဖေါ် မပါသဖြင့် အကျိုးမပေးနိုင်ရကား "ကုန်သွားပြီ"ဟု ဆိုရတော့သည်။

**နဝံ နတ္ထိသမ္ဘဝံ။** ။ရဟန္တာပုဂ္ဂိုလ်တို့၌ ဘုရားရှင်ကို ပူဇော်မှု, တရားဟောမှု, ကျမ်းစာပို့ချမှု, ဂိလာနကို ပြုစုမှုစသော အသစ်ဖြစ်သော ကောင်းမှုတွေ ရှိပါပေ၏၊ ရဟန္တာဖြစ်မှ ပြုအပ်သော ထိုကောင်းမှုများလည်း တဏှာအစေး မပါသဖြင့် ကပ်စရာအခံရုံ ကပ်စရာဘဝ မရှိသောကြောင့် ရဟန္တာတို့သည် နောင်ဝယ် ဘဝသစ်ကို မကျန်တော့ရကား ယင်ရှားရှိသည်ဟု မဆိုရ၊ ဖြစ်ကာမတ္တ, ဖြစ်ရုံမျှဖြင့် ကိစ္စပြီးရတော့သည်။ [အကျိုးမပေးတော့-ဟူလို။]

**ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။** ။ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုတဏှာအစေး မရှိသောကြောင့် နောက်ဘဝ၌ ငြိကပ်သောစိတ် ကပ်မက်သောစိတ် နောက်ဘဝကို လိုချင်သောစိတ် မရှိကြတော့။

**တေ ခီဏဗီဇာ။** ။မျိုးအဖြစ်ဖြင့် ထားအပ်သော သစ်စေ့တို့သည် မပျက်မစီးမှ အပင်ကို ဖြစ်စေနိုင်ကြ, အသီးအပွင့်ကို သီးပွင့်စေနိုင်ကြ၏၊ ထိုမျိုးစေ့ကို ပြုတ်၍ဖြစ်စေ, မီးဖုတ်၍ဖြစ်စေ, ဖျက်ဆီးလိုက်သောအခါ အပင်ကို မပေါက်စေနိုင်၊ ယို့အတူ တဘဝဆုံးပြီးနောက် ပဋိသန္ဓေ ဝိညာဉ်စိတ်သည် ထိုဘဝ၌ ခန္ဓာသစ်ပင် ပေါက်ဘို့ရာ မျိုးစေ့နှင့် တူ၏၊ ကံက ကုန်ပြီးဖြစ်သောကြောင့် ထိုပဋိသန္ဓေမျိုးစေ့လည်း မကျန်တော့ချေ၊ ပဋိသန္ဓေမျိုးစေ့ မကျန်သောကြောင့် ဘဝတည်းဟူသော သစ်ပင်လည်း မပေါက်နိုင်တော့။

**အဝိရုဠှိဆန္ဒာ။** ။ရဟန္တာမဖြစ်သေးသော ပုဂ္ဂိုလ်တို့သည် ဘဝအသစ်ဝယ် ခန္ဓာအသစ် ရဘို့ရာ တဏှာဆန္ဒ ပြင်းပြကြ၏၊ ကောင်းရာသုဂတိသို့ ရောက်ဘို့ရန် စိတ်ညွတ်ကြ၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်စေကာမူ ဘဝအသစ် စည်ပင်ဘို့ရာ အာသာဆန္ဒ ရှိကြသေး၏၊ ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်တို့ကား တဏှာကုန်ခန်းပြီး ဖြစ်သောကြောင့် ဘဝအသစ် နောက်ထပ်ဖြစ်၍ စည်ပင်လိုသော အာသာဆန္ဒ မရှိကြတော့ချေ။

**နိဗ္ဗာနံ့ဓိစရာ ယထယံ ပဒီပေါ။** ။ထိုသို့ ဘဝအသစ်ဖြစ်ရှိ စည်ပင်ဘို့ရန် ဆန္ဒမရှိသောကြောင့် လက်ရှိဘဝ၏ နောက်ဆုံးစုတိစိတ် ချုပ်သောအခါ ရုပ်နာမ်ခပ်သိမ်း ကုန်ငြိမ်းရှိသာ ရှိတော့၏၊ ဥပမာ-တောက်နေသော ဆီမီးရောင်သည် ငြိမ်းသွားသောအခါ နောက်ထပ် ဘယ်နေရာ၌ ရောက်နေသည်-ဟု မဆိုရသကဲ့သို့ ထိုအတူ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌လည်း ရုပ်နာမ်အနေအားဖြင့် မည်သည့်နေရာအရပ်သို့ ရောက်နေသည်ဟု မဆိုရတော့ပါ။

**မှတ်ချက်။** ။ဤဂါထာကို ဟောတော်မူချိန်၌ ထွန်းထားအပ်သော ဆီမီးတပွင့်သည် ငြိမ်းသွား၏၊ ထိုကြောင့် ထိုဆီမီးငြိမ်းပုံကို ဥပမာပြု၍ ရဟန္တာများ၏ ပရိနိဗ္ဗာန်စံခြင်းဟူသော ငြိမ်းအေးပုံကို ဟောပြတော်မူ၏၊ သို့သော် ဆီမီးငြိမ်းရာ၌ အဆက်အစပ် မကျန်တော့ဘဲ လုံးဝငြိမ်းသွားသော်လည်း ရဟန္တာများ ပရိနိဗ္ဗာန်စံရာ၌ကား ရုပ်နာမ်ခန္ဓာသာ ငြိမ်း၍ သမ္မုတိကနိဗ္ဗာနဓာတ်ကား ကျန်ရစ်ပါသေးသည်။

**အမှာ။** ။ဤ သံဃရတနာတော်သည် ဗုဒ္ဓမြတ်စွာ၏ မှန်ကန်သော တရားရတနာကြောင့် ပေါ်လာ၏၊ ထိုကြောင့် ဗုဒ္ဓရတနာကိုပြရာ ဗုဒ္ဓါနုဿတိဘာဝနာ အခန်း၌ ဗုဒ္ဓ၏ဉာဏ်တော်အစွမ်းကို မှန်းဆဘို့ရာ သံဃာ့ရတနာကိုလည်း ပြလိုက်ရပါသည်။

**ရတနာ ၃-ပါး။** ။ကောင်းကင်၌ လမင်းသည် အရောင်ထွက်သော ကြောင့်သာ ထင်ရှား၏၊ ဗုဒ္ဓမြတ်စွာ ရတနာ လမင်းလည်း တရားရောင်ခြည် အသီးသီးကြောင့်သာ ထင်ရှားတော်မူ၏၊ လမင်းသည် ကြယ်တာရာတွေ ဝန်းရံနေသောအခါ သာ၍ တင့်တယ်သကဲ့သို့ ဗုဒ္ဓမြတ်စွာ ရတနာလမင်းလည်း အရှင်သာရိပုတြာ, အရှင် မောဂ္ဂလ္လာန် အရှင်မဟာကဿပစသော အရိယာသံဃာ ရတနာကြယ်တွေ ဝန်းရံနေသောကြောင့် သာ၍ပင် တင့်တယ်ပါသည်၊ ဤအဓိပ္ပါယ်ကို ပေါ်လွင်အောင် ရတနာ့သုတ်တော်၌ လာသော ၃-ဂါထာကို ဖော်ပြထားပါသည်။

**သရဏ ၃-ပါး။** ။ဗုဒ္ဓဘာသာဝင်တို့သည် အရိယာသံဃာတည်းဟူသော ကြယ်ပေါင်းခသည့် ဗုဒ္ဓလမင်း၏ တရားတည်းဟူသော လရောင်တွင် အစဉ်မပြတ် ပျော်မွေ့နေကြရသောကြောင့် ထိုကိုးကွယ်ရာရတနာ ၃ သွယ်သည် ငါ၏စိတ်ဝယ် အမြဲ စံပယ်နေပါ တကားဟု အားရပါးရ ဝမ်းမြောက်ကြပါလော။

**(ဆောင်)** ဘုရား လမင်း, တရား လင်း၍, ခပင်း ရံကာ, ကြယ် သံဃာ ဖြင့်, လွန်စွာတင့်တယ်, ငါ့စိတ်ဝယ်, စံပယ်တည်ရှိသည်။

သတ္တမတန်း

အကျယ်ညွှန်ပြချက်ပြီး၏။

---

## စိတ်ကောင်းရှိဘိုက ပဥ္စမ

ဤကျောင်းတိုက်မှာ နေလိုယင် "အကြီးက အငယ်ကိုနှိမ်, အငယ်က အကြီးကို မရိုသေဆိုဘဲ့စိတ်မျိုး, ကိုယ်ထက်သာသူကို မနာလိုတဲ့ ဣဿာစိတ်, ဉာဏ်ဝီရိယကောင်းဘဲ့သူကို တိုးတက်မှာစိုးတဲ့ မစ္ဆရိယစိတ်, အလွန်ထင်ရှားသိသာတဲ့ တဏှာရာဂစိတ်, ဂုဏ်နဲ့လာဘ်ကို အလွန်လိုလားတဲ့ လောဘစိတ်, ပြင်းထန်တဲ့ ဒေါသစိတ်, မာန်မာနစိတ်စတဲ့ စိတ်မျိုးတွေ မဖြစ်စေဘဲ, ဆရာမိဘ တပည့်မိမိ ရိုသေလေးစားတဲ့ မေတ္တာစိတ်, မကျန်းမာသူကို သနားတဲ့ ကရုဏာ စိတ်, သူတပါး ပညာတတ်သည်ကို လာဘ်ပေါသည်ကို ဝမ်းမြောက်တဲ့ မုဒိတာစိတ်, ဘုရားဝေယျာဝစ္စကို စိတ်ပါလက်ပါ ပြုလိုတဲ့စိတ်, သဒ္ဓါတရားကောင်းတဲ့စိတ်, ပျော့ပျောင်းနူးညံ့တဲ့စိတ်, အပါယ်လေးပါးကြောက်တဲ့စိတ်, မဂ်ဖိုလ်နိဗ္ဗာန်လိုလားတဲ့စိတ် စတဲ့စိတ်မျိုးတွေ ရှိရမယ်။

"တဘဝသံသရာ" ၃၆၅-တွင် ကြည့်ပါ။

# အဋ္ဌမတန်း

## (ဉပါသကာ)

**အကျဉ်း။** ။ရတနာ ၃-လီ ယုံကြည်သိ၍, ဆည်းကပ်မိတဲ့ ထိုသူသာ၊
သရဏဂုံ တည်သူမှတ်လို့, ဉပါသက ခေါ်အပ်စွာ၊
သီလငါးတန်စင်ကြယ်ပြီး၍,အသက်မွေးလည်း ကောင်းဘို့ရာ၊
အကျိုးနှင့်ကံဝေဘန်တတ်အောင်, တရားဖတ်ကြ မှတ်ကြပါ။

## လဇ္ဇီပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်း

ဝိနည်းတော်အတိုင်းနေ၍ အာပတ်မသင့်အောင် စောင့်စည်းခြင်း, အာပတ်သင့်မိယင် "မိမိမှာ မည်သည့်အာပတ်သင့်မိပါပြီ၊ နောင်အခါ မသင့်အောင် စောင့်စည်းပါမည်"လို့ လျှောက်သောအားဖြင့် ဒေသနာကြားခြင်း, သံဃိက ပစ္စည်းဝေမှု တရားဆုံးဖြတ်မှု စသည်၌ အဂတိမလိုက်ခြင်း, ဤဂုဏ်အင်္ဂါရှိသူကို "လဇ္ဇီပုဂ္ဂိုလ်"လို့ ခေါ်ပါတယ်၊ "အနာဂတ်ကာလ၌ အဲဒီ လဇ္ဇီပုဂ္ဂိုလ်သာ (ဗုဒ္ဓ)သာသနာတော် မကွယ်အောင် စောင့်ရစ်လိမ့်မယ်"လို့ ကြွေးကြော်တော်မူခဲ့ကြခြင်း ဖြစ်ပါတယ်၊ ဒါ့ကြောင့် စိတ်ကောင်းရှိနေရုံတွင် မပြီးဘဲ ဝိနည်းလေးစားမှုပါ အရေးကြီးသောကြောင့် "ဝိနည်းလေးစားဘို့က ဒုတိယ"လို့ ရေးထားပါတယ်။

"တာဘဝသံသရာ" ၃၆၆-တွင် ကြည့်ပါ။

# အင်္ဂမတန်း

## အကျယ်သိဘွယ်

(အင်္ဂမတန်း လေ့လာဘို့ရာ ဥပါသကာတို့၏ ဆိုင်ရာ တရားများကို ပြထားသည်။)

### ရတနာ

ရတနာရှိသူ၏စိတ်ကို မွေ့လျော်ပျော်ရွှင်စေတတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုကို "ရတနာ"ဟု ခေါ်၏၊ ထိုရတနာ လက္ခဏာ (အမှတ်အသား)ကား— (၁) အလေးအမြတ် အပူဇော်ခံရခြင်း၊ (၂) အဖိုးများစွာ ထိုက်တန်ခြင်း၊ (၃) အတူမရှိ- အသာဆုံးဖြစ်ခြင်း၊ (၄) တွေ့ခဲကြုံခဲ ရခဲခြင်း၊ (၅) အောက်တန်းသမား အညံ့စား မဟုတ်သူတို့၏ အသုံးအဆောင်ဖြစ်ခြင်းများ တည်း။

**(ဆောင်)** အလေးပြုအပ်, ဖိုးမပြတ်တည်း, နှိုင်းအပ်ပြိုင်ဘွယ်, မရှိကွယ်သွဲ့, မလွယ်တွေ့ဘို့, ရှေးကံချိုသည့်, လူတို့သုံးစရာ, မဟုတ်ပါသည်, ရတနာပဉ္စည်း- ခေါ်သတည်း။

**ဗုဒ္ဓရတနာ။** ။(၁) ဗုဒ္ဓမြတ်စွာသည် အလေးအမြတ် ပြုအပ်၏၊ ထို့ကြောင့် ဗုဒ္ဓအထံတော်သို့ သွားကြသော လူ နတ်အများသည် ပေါ့ပေါ့ဆဆ မသွားကြ၊ အလွန်ရိုသေစွာ ရှိခိုး၍ လေးလေးမြတ်မြတ် ချဉ်းကပ်ကြသည်၊ ထိုသို့လေးလေးမြတ်မြတ် ဆည်းကပ်ချင်လောက်အောင်လည်း ဗုဒ္ဓမြတ်စွာသည် မျက်နှာတော်မှစ၍ ကျက်သရေမင်္ဂလာ ရှိပါပေသည်၊ စကားတော် တရားတော်ကို ဟောတော်မူသောအခါ ကြားနာရသူတို့မှာ စိတ်၏အေးမြချမ်းသာမှု အသိဉာဏ်တိုးတက်မှုကို ရသောကြောင့် ပဌမအကြိမ် လေးလေးမြတ်မြတ် ဆည်းကပ်ပြီးသူသည် နောက်ထပ်လည်း ဆည်းကပ်ချင်စိတ် ဖြစ်နေတော့၏။

(၂) ဗုဒ္ဓရတနာသည် အလွန် အဖိုးထိုက်တန်၏။ ဥပမာ- လောက၌ ရတနာဟုခေါ်ရသော စိန်ကျောက်တို့သည်ရင်း, ဆင်ပျံတော် မြင်းပျံတော် တို့သည်ရင်း အဖိုးမဖြတ်နိုင်၊ အလွန် အဖိုးတန်သကဲ့သို့တည်း၊ ထိုကဲ့သို့ အဖိုးထိုက်တန်ခြင်းမှာလည်း ထိုရတနာအတွက် ဥစ္စာရှင်မှာ စိတ်ချမ်းသာမှု, ထိုရတနာကြောင့် အကျိုးရမှုကို လိုက်၍ဖြစ်၏၊ ဘုရားလက်ထက်တော်၌ အနာထပိဏ်, ဝိသာခါဟူသော ကျောင်းဒကာ ကျောင်းအမတို့သည် ဘုရားရတနာကို ဖူးမြော်ရသော ပဌမအကြိမ်မှာပင် သောတာပန်များ ဖြစ်ကြ၏၊ သောတာပန်ဖြစ်လျှင်ပင် ဘဝသံသရာ၌ တွေ့ကြုံရမည့် ဒုက္ခများစွာတို့မှ ကင်းလွတ်ရခြင်းဖြစ်၍ လွန်စွာကြီးမားသော အကျိုးကိုရကြ၏၊ ထိုသို့အကျိုးရသည့်ပြင် ဘုရားရှင်ကို ဖူးမြင်နေရသည်မှာလည်း လွန်စွာ စိတ်ချမ်းသာ၏၊ ထို့ကြောင့် ထို ကျောင်းဒကာ, ကျောင်းအမတို့အတွက် ဗုဒ္ဓမြတ်စွာသည် တန်ဖိုးမဖြတ်နိုင်သော ရတနာတော် ဖြစ်ပါပေသည်။

(၃) ဗုဒ္ဓမြတ်စွာသည် အတူမရှိ ကမ္ဘာလောက၌ အသာဆုံး ဖြစ်တော်မူ၏၊ ဗုဒ္ဓမြတ်စွာ၏ သီလတော်, သမာဓိတော် ပညာတော် စသော ဂုဏ်တော်များကဲ့သို့ ပြည့်စုံလုံလောက်သောဂုဏ်သည် အခြားပုဂ္ဂိုလ်တို့မှာမရှိ၊ ထို့ကြောင့် သီလစသော ဂုဏ်တော်အားဖြင့် မည်သည့်ပုဂ္ဂိုလ်နှင့်မျှ တူတော်မမူရကား ဗုဒ္ဓမြတ်စွာသည် အတူမရှိသော ရတနာတော် ဖြစ်ပါပေသည်၊ ဥပမာ— ပြည်တန်သော ပဒမြား ရပါနာ၌ အခြားသော တန်းတူရတနာ မရှိတော့သကဲ့သို့တည်း။

(၄) ပြည်တန်သော ပဒမြား ရတနာသည် တွေ့ဘို့ကြုံဘို့ ခဲယဉ်းသကဲ့သို့ ထိုအတူ ဗုဒ္ဓမြတ်စွာသည်လည်း ၄-အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီဖြည့်တော်မူပြီးမှ ဖြစ်ပေါ်တော်မူသောကြောင့် တွေ့ကြုံဘို့ ဖူးတွေ့ရဘို့ အလွန်ခဲယဉ်းပေသည်၊ ငါတို့ဗုဒ္ဓမြတ်စွာ၏ပါရမီဖြည့်တော်မူရာ ၄-အသင်္ချေနှင့် ကမ္ဘာတသိန်း ကာလအတွင်း၌ ဘုရားရှင်ပေါင်း ၂ကျိပ် ၄ ဆူသာ ပွင့်တော်မူခဲ့ကြ၏၊ ထို့ကြောင့် ငါတို့ ဘုရားအလောင်းတော်သည်ပင် ပါရမီဖြည့်တော်မူစဉ်က ဗုဒ္ဓရတနာကို နှစ်ဆယ့်လေးကြိမ်သာ ဖူးတွေ့တော်မူခဲ့ရလေသည်။

(၅) လောကဌ် စိန်ကျောက်စသောရတနာသည် သာမန်လူ ‌ဆောက်တန်းလူတို့၏ အသုံးအဆောင်မဟုတ်၊ စည်းစိမ်ဥစ္စာကြွယ်ဝသူတို့၏သာ အသုံးအဆောင်ဖြစ်သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာလည်း ရှေးရှေးက ဘုန်းကံပါလာသူတို့၏ ကိုးကွယ်ဆည်းကပ်ဘို့ရာသာ ဖြစ်၏ "ရှေးရှေးက ဘုန်းကံပါလာသူ" ဟူရာ၌ ပစ္စည်းပေါများသူကို မဆိုလို၊ ဘုရားကို ကိုးကွယ်ဘို့ရန် ကံပါသူကို ဆိုလို၏၊ ထို့ကြောင့် လူအနေအားဖြင့် အထက်တန်းကျသော်လည်း ရှေးကံမပါလျှင် ဗုဒ္ဓရှင်တော်ကို အယုံအကြည်မရှိသောကြောင့် ကိုးကွယ်မှု ဆည်းကပ်မှုကို မပြုဖြစ်တော့ချေ။

**ဓမ္မရတနာ။** ။ဘုရားဟောတော်မူအပ်သော တရားတော်များနှင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်များကို "ဓမ္မ"ဟု ခေါ်၏၊ ထိုဓမ္မသည် (၁) ရှိသေလေးမြတ်စွာ နာယူမှတ်သားအပ်၏၊ မဂ်ဖိုလ်နိဗ္ဗာန်ကို သိဘို့ရန်လည်း ရှိသေလေးမြတ်စွာ ကျင့်အပ်၏၊ (၂) တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်၏၊ (၃) မဂ်ဖိုလ်နိဗ္ဗာန် တရားတော်များကို မဆိုထားဘိ ပိဋကတ်တရားတော်များသည်ပင် အတူမရှိ အသာဆုံးတရားတော်ဖြစ်၏၊ (အခြားဘာသာတရားနှင့် ယှဉ်ကြည့်ပါလေ။)

(၄) ထိုတရားတော်သည် ဘုရားပွင့်တော်မူမှ ကြားရ သိရသောတရားတော်များဖြစ်ရကား ဘုရားရှင်ကို ဖူးတွေ့ဘို့မလွယ်သလို တရားတော်လည်း ကြားနာဘို့မလွယ်ကူချေ၊ (၅) ထိုတရားတော်ကို ရှေးကံမပါသော အောက်တန်းလူများ မသိနိုင်မသုံးစွဲနိုင်၊ ရှေးကံပါသော အထက်တန်းလူများ၏ အသုံးအဆောင်ဖြစ်၏၊ ဤသို့လျှင် တရားတော်သည် ရတနာ၏ဂုဏ်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောကြောင့် "ဓမ္မရတနာ" ဖြစ်ပါပေသည်။

**သံဃာ့ရတနာ။** ။အရိယာဖြစ်ပြီးသော သံဃာတော်ကိုသာ ရတနသုတ်ပရိတ်တော်၌ "ရတနာ"ဟု ဟောတော်မူ၏၊ ထိုသံဃာ့ရတနာသည်လည်း (၁) ရှိသေလေးစားထိုက်၏၊ မရှိမသေလုပ်လျှင် ထိုမရှိ

သေသူမှာ ဤလောက၌ ကြီးပွားခြင်း၏ အန္တရာယ်ဖြစ်၏၊ နောင် သံသရာ၌လည်း မကောင်းကျိုးကို ခံရမည်သာ၊ (၂) ထိုအရိယာ သံဃာတော်ကို ရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်သူမှာ နောင် သံသရာအကျိုးကို ပေးနိုင်၏၊ ထိုအကျိုးကား တန်ဖိုးဖြတ်၍ မရနိုင် သော အကျိုးဖြစ်၏၊ ထို့ကြောင့် ထိုအကျိုးကို ပေးနိုင်သော အရိယာ သံဃာတော်လည်း တန်ဖိုးဖြတ်၍မရနိုင်လောက်အောင် အဖိုးတန်ပါ ပေသည်။

(၃) သုပ္ပဋိပန္န-ကောင်းစွာကျင့်သော, ဥဇုပ္ပဋိပန္န-လူတို့ အထင် ကြီးဘို့ရာ ပရိယာယ်ဟန်မပါဘဲ ရိုးရိုးဖြောင့်ဖြောင့် ကျင့်သော, ဉာယပ္ပဋိပန္န-လောက၌ ဂုဏ်ပကာသန လာဘ်လာဘအကျိုးကိုရင်း, သံသရာ၌ ခံစားရမည့်အကျိုးကိုရင်း လုံးလုံးမမြော်ကိုးဘဲ နိဗ္ဗာန် အကျိုးအတွက် သက်သက်ကျင့်သော, သာမီစိပဋိပန္န-လူတို့၏ ရိုသေ လေးစားမှုကို ခံနိုင်လောက်အောင် ကျင့်သော သံဃာတော်သည် ဘုရားရှင်၏ အရိယာရဟန်းတော်များမှတပါး အခြားဘာသာ၌ မရှိနိုင်၊ ထို့ကြောင့် အရိယာသံဃာတော်သည် အတုမရှိ အသာဆုံး ဖြစ်ပါပေသည်။

(၄) သံဃာ့ရတနာသည် ဗုဒ္ဓရတနာ ပေါ်ထွန်းချိန်၌သာ တွေ့ရ ကြုံရဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံခဲသော ရတနာပင်ဖြစ်၏၊ (၅) ထိုသံဃာ့ရတနာကို ရှေးရှေးက ဘုန်းကံပါသူ, အထက်တန်း လူတို့သာ ဖူးတွေ့နိုင်, ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃာ့ ရတနာသည် အထက်တန်းလူတို့၏ အသုံးအဆောင်သဘွယ် ဖြစ် ပေသည်။

**ဥပါသကာ။** ။ထိုရတနာ ၃-ပါး၏ ဂုဏ်တော်များကို သဒ္ဓါတရားဖြင့် ယုံကြည်၍ ဉာဏ်ဖြင့်လည်း ထိုဂုဏ်တော်များကို အထိုက်အလျောက် သိသောကြောင့် "ဘုရားကို ကိုးကွယ်ပါ၏၊ တရားတော်ကို ကိုးကွယ်

ပါ၏၊ အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏''ဟုဆို၍ ကိုးကွယ် ဆည်းကပ်သူကို ''ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမ''ဟု ခေါ်ရ၏၊ (ဥပ-ရတနာ ၃-ပါး၏အနီးသို့ ကိုယ်ဖြင့်လည်း ကပ်ရောက်, နှုတ်ဖြင့်လည်း ချီးကျူးပြောဆိုသောအားဖြင့် ကပ်ရောက်, စိတ်ဖြင့် လည်း အာရုံရောက်၍+အာသက-နေတတ်သူ။)

**သရဏ။** ။''သရဏ''ဟူသော ပါဠိသည် မြန်မာလို ''ဒုက္ခကိုဖျောက် သုခ ရောက်အောင် စောင့်ရှောက်တတ်''ဟု အဓိပ္ပါယ်ပြ၏၊ ဘုရား တရား အရိယာသံဃာဟူသော ရတနာ ၃-ပါးကို ''သရဏ''ဟု ဆိုသည်၊ ဘုရားရှင်သည် ဓမ္မရတနာအခန်း၌ ပြခဲ့သော တရားတော်များကို ဟောတော်မူ၍ ကိုးကွယ်သူတို့အား ယခုဘဝ နောက်ဘဝ၌ ဒုက္ခကို ပယ်ဖျောက်၍ သုခရောက်အောင် စောင့်ရှောက်တော်မူ၏၊ တရား တော်ကား မိမိကိုကျင့်သူအား ယခုဘဝ နောက်ဘဝ၌ ဒုက္ခကိုဖျောက် သုခရောက်အောင် စောင့်ရှောက်တော်မူ၏၊ (ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ-တရားကျင့်သူကို တရားကပြန်၍ စောင့်ရှောက်၏။) အရိယာ ဖြစ်ပြီးသော သံဃာတော် များလည်း လယ်ယာမြေကောင်း ပမာ ကောင်းမှုန်စွာကျင့်၍ရှင်း, တရားတော်ကို ဟောပြ၍ရှင်း ကိုးကွယ်သူ တို့အား အကျိုးများအောင် စောင့်ရှောက်တော်မူကြပေသည်။

**ကိုးကွယ်ရာ။** ။''သရဏ''ဟူသော ပါဠိသည် ''ကိုးကွယ်ရာ''ဟုလည်း အဓိပ္ပါယ်ရ၏၊ ဘုရား တရား အရိယာသံဃာတော်များသည် လူတို့၏ **ကိုး** = (ဘေးရန်မရောက်အောင် စောင့်ရှောက်တတ်သောကြောင့်) အားကိုးစရာလည်းဖြစ်၏၊ **ကွယ်**=ဘေးရန်ပေါ်လာသောအခါ ထို ဘေးရန်ကို ကွယ်ကာစရာလည်း ဖြစ်၏၊ ထို့ကြောင့်ပင် ရတနာ ၃-ပါးကို ယုံကြည်သူ ဥပါသကာ, ဥပါသိကာမတို့သည် လောကီဒုက္ခ နှင့် တွေ့ရသောအခါ ဗုဒ္ဓမြတ်စွာ၏တရားတော်ကို နှလုံးသွင်း၍ရှင်း, ဗုဒ္ဓစာပေများကို ကြည့်ရှု၍ရှင်း ထိုဒုက္ခမှ သက်သာနိုင်သမျှ သက်သာ **အောင် ကာကွယ်ရှာကြလေသည်၊ ထိုသို့ ကာကွယ်သည့်အတွက်**

ထိုဒုက္ခ၏သက်သာခြင်း, ထိုဒုက္ခမှလွတ်သင့်လျှင် လွတ်လာခြင်းသည် ရှေးကံလည်းပါ, တရားတော်၏ အကွယ်အကာလည်း ပါသော ကြောင့်ပင် ဖြစ်၏၊ သို့ရာတွင် ဘုရား, တရား, အရိယာသံဃာတော် များ၏ဒုက္ခကို ကာကွယ်ခြင်းမှာ တကယ်လက်တွေ့ကျမှ ကာကွယ်ခြင်း ထက် ဒုက္ခမရောက်မီက ထိုဒုက္ခမျိုးမရောက်ရအောင် ကြိုတင်၍ ကာကွယ်ခြင်းက လိုရင်းဖြစ်ပါသည်။ (ဤနေရာဝယ် ပရိတ်တရား တော်များ၏ ဘေးရန်အန္တရာယ်ကာကွယ်ပုံ, မေတ္တာတရား၏ ဘေးရန် အန္တရာယ်ကာကွယ်ပုံများကို စဉ်းစားကြ ကြားနာကြပါလေ။)

**သရဏဂုံတည်သူ။** ။(သရဏ-ကိုးကွယ်ရာဟူ၍+ဂမန(ဂုံ)သိသောစိတ်။) "ဘုရားတရား အရိယာသံဃာတော်များသည်ကိုးကွယ်ရာဖြစ်ပေသည်" ဟု ယုံကြည်သောသဒ္ဓါ, သိသောဉာဏ်, ထို ၂-မျိုးလုံးဖြစ်စေ,တမျိုး ဖြစ်စေ ပါရှိသောစိတ်ကို "သရဏဂမန" ဟုရင်း, "သရဏဂုံ"ဟုရင်း ခေါ်၏၊ ထိုသရဏဂုံ စိတ်မပျက်ဘဲ အမြဲတည်ရှိနေသော ဉပါသကာ, ဉပါသိကာမကို "သရဏဂုံတည်သူ" ဟု ခေါ်သည်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် မဆိုသော်လည်း "သရဏဂုံတည်သူ" ဟုကား ဆိုနိုင်ပါပြီ၊ ဉပမာ—"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိ-ယာမိ" ဟု မဆိုသော်လည်း သူ့အသက် မသတ်ဘို့ရန် ရှောင်ကြဉ်လျှင် ထိုသီလရှိသူ ဖြစ်သကဲ့သို့တည်း။

**ဆောက်တည်ပါ။** ။သို့သော် သီလကို ဆောက်တည်သကဲ့သို့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် ပါဠိလိုဖြစ်စေ, "ဘုရားကိုကိုးကွယ်ပါ၏" စသည်ဖြင့် မြန်မာလိုဖြစ်စေ, (အခြားဘာသာ တမျိုးမျိုးဖြင့်ဖြစ်စေ) ရွတ်ဆိုလိုက်ရသေး၏၊ ထိုသို့ ရွတ်ဆိုခြင်းကို "သရဏဂုံ ဆောက်တည် ခြင်း" ဟု ခေါ်၏၊ သီလကို တကြိမ်တခါ ဆောက်တည်ထားလျှင် သီလမပျက်သမျှ အမြဲတည်သကဲ့သို့ သရဏဂုံကိုလည်း တကြိမ်ဆောက် တည်ထားလျှင် ယုံကြည်စိတ် မပျောက်သမျှ သရဏဂုံ မပျက် တော့ပါ။

**အခြားကိုးကွယ်မှု ပျက်။** ။ရတနာ ၃-ပါးကို မယုံကြည်တော့ဘဲ အခြားဘုရားကိုဖြစ်စေ, နတ်စသည်ကိုဖြစ်စေ တကယ်ယုံကြည်၍ ကိုးကွယ်သောအခါ သရဏဂုံပျက်၏၊ သူတို့၏အယူကို ယုံကြည်မှုမရှိဘဲ "ဆရာဖြစ်ဘူး၍ ကန်တော့ခြင်း, လောကီအကျိုး တမျိုးမျိုးကို ပေးလိမ့်မည်ထင်၍ ကိုးကွယ်ခြင်း" စသည်ကို ပြုသည့်အတွက်ကား သရဏဂုံ မပျက်ပါ။ (သာမညဖလသုတ် အဋ္ဌကထာ။)

**သီလစင်ကြယ်ခြင်း။** ။"မိမိကိုယ်ကို သရဏဂုံတည်သော ဥပါသကာ ဥပါသိကာမ" ဟု ဆိုသူသည် "ပါဏာတိပါတမှ ရှောင်ခြင်း" စသော ငါးပါးသီလကို စင်ကြယ်စွာ စောင့်ထိန်းရ၏၊ ထို့ကြောင့် ယခုအခါ သရဏဂုံသီလကို ဆောက်တည်ရာ၌ သရဏဂုံကိုရှေးဦးစွာ ဆောက်တည်ပြီးနောက် ငါးပါးသီလကို ဆက်၍ဆောက်တည်လေ့ ပြုကြသည်။ "စောင့်ထိန်း" ဟူရာ၌ ပေါ့ပေါ့ဆဆ မဟုတ်ဘဲ ခါးဝတ်ကဲ့သို့ လုံခြုံအောင် စင်စင်ကြယ်ကြယ် စောင့်ထိန်းရသည်။

**ခါးဝတ်ပမာ။** ။ကိုယ်၌ ဝတ်အပ်သောအဝတ်သည် အထက်ကဖြစ်စေ, အောက်ကဖြစ်စေ စုတ်ပြတ်နေလျှင် ကြည့်၍မကောင်းသကဲ့သို့ ငါးပါးသီလလည်း အစသီလဖြစ်စေ, အဆုံးသီလဖြစ်စေ ပျက်နေလျှင် မကောင်းပါ၊ ကိုယ်အဝတ်သည် အလယ်၌ ပေါက်နေသော်၎င်း, အစွန်းအစက် အကွက် ထင်နေသော်၎င်း ကြည့်၍မကောင်းသကဲ့သို့ ငါးပါးသီလလည်း အလယ်သီလ ပျက်သော်၎င်း, မစင်မကြယ် ညှိုးနွမ်းနေသော်၎င်း မကောင်းပါ။

**ရတနာနှင့် စဏ္ဍာလ။** ။ငါးပါးသီလကို စင်ကြယ်အောင် စောင့်ထိန်းသူကို "ဥပါသကာ ရတနာ" ဟု ခေါ်ရ၏၊ "ရတနာ" ဟူသည် လူအများ၏ နှစ်သက်စရာ ဖြစ်သကဲ့သို့ သရဏဂုံတည်၍ ငါးပါးသီလ စင်ကြယ်သူလည်း လူသာမက ကိုယ်စောင့်နတ်, အိမ်စောင့်နတ် စသော နတ်အများ၏ နှစ်သက်စရာ ရတနာတမျိုး ဖြစ်နိုင်ပါသည်၊ ထိုသို့ သီလမလုံခြုံသူကိုကား "ဥပါသကာ စဏ္ဍာလ" ဟု ခေါ်ရ၏၊ ဒွန်းစဏ္ဍားကဲ့သို့ကြမ်းတမ်းသော ယုတ်ညံ့သော ဥပါသကာဟု ဆိုလိုသည်။

**သီလစင်ကြယ်ရကျိုး။** ။ရဟန်းတို့.... သီလ၏ ပြည့်စုံစင်ကြယ်သော ကြောင့် ရနိုင်သော အကျိုးတရားတို့သည် ငါးပါးရှိကုန်၏၊ (၁) သီလပြည့်စုံသူသည် မမေ့မလျော့ မပေါ့မဆ နေလေ့ရှိခြင်းကြောင့် အသုံးအဖြုန်း မများရကား များစွာသော စည်းစိမ်ကို စုဆောင်းမိ၏၊ (၂) လူတော်လူကောင်း တယောက်ဟု နာမည်ကျော်ကြား ထင်ရှား၏၊ (၃) မည်သည့် ပရိသတ်, မည်သည့် အစည်းအဝေးမဆို မျက်နှာမပျက်ရဘဲ ရဲရဲဝံ့ဝံ့ သွားနိုင်ဝင်နိုင်၏၊ (၄) သေခါနီးရောက် သော်လည်း သတိမပျောက်ဘဲ မတွေမဝေ ကြည်ကြည်လင်လင်နှင့် သေရ၏၊ (၅) သေပြီးနောက်လည်း ကောင်းသော ဘဝသို့ ရောက်ရ၏။ ဤသို့ အကျိုးငါးပါးရှိကုန်၏။ (ပဉ္စက အင်္ဂုတ္တိုရ်၊ ပဌမပံ၊ အဂ္ဂဝဂ်၊ သီလသုတ်။)

**အသက်မွေးစင်ကြယ်မှု။** ။ဥပါသကာသည် ငါးပါးသီလ လုံသော်လည်း အသက်မွေးမှု (ဝမ်းကျောင်း) အတွက် အလုပ်အကိုင် လုပ်ရာ၌ သန့်ရှင်း စင်ကြယ်ဘို့ လိုပါသေးသည်၊ အသက်မွေးဝမ်းကျောင်း မစင်ကြယ် လျှင် ငါးပါးသီလကိုလည်း ပျက်ပြယ်စေရာ ရောက်ပါသည်၊ ထို့ကြောင့် ဥပါသကာ ဥပါသိကာမတို့ မလုပ်အပ်သော အသက်မွေးဝမ်းကျောင်း အရောင်းအဝယ်တို့ကား....

## မပြုလုပ်အပ်သော အရောင်းအဝယ် ငါးမျိုး

(၁) **သတ္ထဝါဏိဇ္ဇ**— လက်နက်ရောင်းဝယ်ခြင်း၊ (ဓား လှံ သေနတ် စသော လက်နက်ကိုလုပ်၍ရောင်းခြင်း, တဆင့်ဝယ်၍ ရောင်းခြင်းတည်း၊ မိမိ ရောင်းအပ်သော လက်နက်ဖြင့် သူတပါးကိုသတ်လျှင် လက်နက်ရောင်းသူ မှာလည်း အကုသိုလ်ဖြစ် မကင်းပါ။)

(၂) **သတ္တဝါဏိဇ္ဇ**— သတ္တဝါကို ရောင်းဝယ်ခြင်း၊ (ပြည့်တန်ဆာလုပ်ဘို့ ရန်ဖြစ်စေ, အစေအပါး ကျွန်လုပ်ဘို့ရန်ဖြစ်စေ လူသတ္တဝါကို အရောင်း အဝယ် လုပ်ခြင်းတည်း၊ ထိုအရောင်းခံရသူ၏ ဒုက္ခရောက်မှု၌ ရောင်းသူလည်း တာဝန်မကင်းပါ။)

(၃) **မုံသဝါဏိဇ္ဇ**— အသားကို ရောင်းဝယ်ခြင်း၊ (သတ်၍ အသားစားတို့ ရန် နွား ကျွဲ ကြက် ဝက် ငှက်တို့ကို အရောင်းအဝယ် လုပ်ခြင်း။) ဝယ်သူက သတ်၍ရောင်းရာ၌ မူလက ရောင်းသူလည်း တာဝန်မကင်းပါ၊ သူတို့ဘာသာ သတ်ပြီးမှ အရောင်းအဝယ် (အသားသယ်) လုပ်ရာ၌ကား အပြစ်မရှိနိုင်ပါ၊ သို့သော် မြန်မြန်သတ်ပေးဘို့ကား မတိုက်တွန်းရ။

(၄) **မဇ္ဇဝါဏိဇ္ဇ**— သေရည် အရက် ဘိန်း ကဇော် လှော်စာ စသည်ကို ရောင်းမှု၊ (ကိုယ်တိုင်လုပ်၍ ရောင်းခြင်း, တဆင့်ဝယ်၍ ရောင်းခြင်းအားလုံးပင် ပါဝင်သည်။)

(၅) **ဝိသဝါဏိဇ္ဇ**— သေစေတတ်သော အဆိပ်ကို ရောင်းဝယ်ခြင်း၊ ("အဆိပ်ပင် ဖြစ်သော်လည်း ဆေးဖော်ဘို့ရန် ရောင်းခြင်း"ကို မဆိုလို၊ ထို အဆိပ်ဖြင့် သေအောင်ရည်ရွယ်၍ ရောင်းခြင်းကိုသာ တားမြစ်ပါသည်။)

**အချုပ်မှာ**=မိမိအလုပ်ကြောင့် လူအများ၌ အကုသိုလ်တိုးပွားဘွယ်ရှိလျှင်ငင်း, ကိုယ်စိတ်ဆင်းရဲစရာရှိလျှင်ငင်း ဥပါသကာသည် ထိုပစ္စည်းကို အရောင်း အဝယ် အလဲအလှယ်မလုပ်သင့် ဟု ဆိုလိုပါသည်။

**အကျိုးနှင့်ကံ ဝေဘန်တတ်အောင်။** ။ဥပါသကာသည် (၁) ရတနာ ၃-ပါးကို ကိုးကွယ်ခြင်း၊ (၂) ၅-ပါးသီလလုံခြုံခြင်း၊ (၃) အသက် မွေးဝမ်းကျောင်းအတွက် မိစ္ဆာဇီဝကို ရှောင်၍ သမ္မာအာဇီဝ ဖြစ် အောင် ကြိုးစားခြင်း၊ ဤ ၃-ပါးနှင့် ပြည့်စုံပြီးသောအခါ ကံကောင်း ကံဆိုး အမျိုးမျိုးကို ခွဲခြားဝေဘန်တတ်ဘို့ရာငင်း, ထိုကံများ၏ ကောင်းကျိုး မကောင်းကျိုး ပေးပုံကို ခွဲခြားဝေဘန်တတ်ဘို့ရာငင်း ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ဖတ်ရသည်၊ ကြားနာမှတ်သား ရသည်။

## မိစ္ဆာဒိဋ္ဌိ၏ အယူမှား ၁၀-မျိုး

၁။ **နတ္ထိ ဒိန္နံ**=လှူခြင်း၏အကျိုး မရှိ၊ (ယခုဘဝ၌ စွန့်ကြဲပေးကမ်းလှူဒါန်း ခြင်းကြောင့် နောက်နောက်ဘဝ၌ ကောင်းကျိုးမရနိုင်။)

၂။ **နတ္ထိ ယိဋ္ဌံ**=အကြီးအကျယ် ယဇ်ပူဇော်ခြင်း၏ အကျိုးမရှိ၊ (ဓနရှင်ဖြစ်၍ အကြီးအကျယ် အလှူပေးခြင်းကို "ယဇ်ကြီးပူဇော်ခြင်း"ဟု ခေါ်၏၊ ထိုသို့ ပူဇော်ခြင်းကြောင့် နောက်နောက်ဘဝ၌ အကျိုးမရှိ။)

၃။ **နတ္ထိ ဟုတံ**=ယဇ်ငယ်ပူဇော်ခြင်း၏ အကျိုးမရှိ၊ (လက်ဆောင်ပေးခြင်း, ဧည့်သည်အား ဧည့်ဝတ်ပြုခြင်းကဲ့သို့ အနည်းငယ် ပူဇော်ခြင်းကို ဆိုသည်၊ ထိုပူဇော်ခြင်းကြောင့်လည်း နောက်နောက်ဘဝ၌ အကျိုးမရှိ။)

၄။ **နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော**=ကောင်းစွာပြုအပ်, မကောင်းသဖြင့် ပြုအပ်သော ကံတို့၏အကျိုးရင်း, အကျိုးဆက်မရှိ၊ (သုစရိုက် ၁၀ ပါး, ပုညကြိယဝတ္ထု ၁၀-ပါးကို "သုကတကမ္မ-ကောင်းမှု"၊ ဒုစရိုက် ၁၀-ပါးကို "ဒုက္ကဋကမ္မ-မကောင်းမှု"ဟု ခေါ်၏၊ ထိုကံတို့၏ တိုက်ရိုက်ပေးနိုင်သော အကျိုးဖလ, ဆက်သွယ်၍ပေးနိုင်သော အကျိုးဝိပါကလည်း မရှိ။)

၅။ **နတ္ထိ အယံ လောကော**=ဤလောက ဤဘဝမရှိ၊ (တခြားဘဝရှိမှ "ဤဘဝ"ဟု ခေါ်နိုင်ရကား တခြားဘဝမရှိသောကြောင့် "ဤဘဝ"ဟု ခေါ်စရာလည်း မရှိ၊ "ဘဝ"ဆိုသည်မှာ တခုသာရှိ၏၊ ထိုတခုဆုံးလျှင် နောက်ထပ်ဘဝ မရှိတော့ဟု ဆိုလိုသည်။)

၆။ **နတ္ထိ ပရော လောကော**=အခြားဘဝမရှိ၊ (ဤလူ့ဘဝအပြင် တခြားဘဝတမျိုး မရှိ၊ ဤလူ့ဘဝ၏နောက်၌လည်း ဘဝတရပ် နောက်ထပ်ဖြစ်စရာမရှိ၊ ဤဘဝဆုံးလျှင် ပြတ်တော့၏-ဟု ဆိုလိုသည်။)

၇။ **နတ္ထိ မာတာ**=အမိမရှိ၊ (မွေးသောမိခင် ရှိမှန်းသိ၏၊ သို့သော် ထိုမိခင်၌ သားသမီးဝတ်ကျေအောင် ပြုစုသော်လည်း နောက်နောက်ဘဝ၌ အကျိုးမရှိ-ဟု ဆိုလိုသည်။)

၈။ **နတ္ထိ ပိတာ**=အဘမရှိ၊ (အဖေရှိမှန်းသိ၏၊ သို့သော် ထိုအဖေ၌ ဝတ်ကျေအောင် ပြုစုသော်လည်း နောက်နောက်ဘဝ၌ အကျိုးမရှိ-ဟု ဆိုလိုသည်။)

၉။ **နတ္ထိ သတ္တာ ဩပပါတိကာ**=တခြားဘဝ၌ သေပြီး၍ ဤဘဝ၌ ဖြစ်လာနိုင်သော သတ္တဝါမရှိ၊ (ဖြစ်ရာဘဝ၌ တကြိမ်သာဖြစ်၍ နောက်ထပ်မဖြစ်နိုင်ဘဲ ပြတ်ပဲသောကြောင့် အခြားဘဝမှ ဤဘဝသို့ ရောက်လာနိုင်သူ မရှိ-ဟု ဆိုလိုသည်၊)

၁၀။ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တီ= ဤဘဝ နောက်ဘဝကို ကိုယ်တိုင်သိ၍ (မျက်စိအောက် ရောက်နေသကဲ့သို့ မျက်မှောက်ပြု၍) သူတပါးတို့ကို တဆင့်သိဘို့ ဟောပြနိုင်လောက်အောင် ကောင်းစွာကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သောရဟန်းဆိုသူ ပုဏ္ဏားဆိုသူများ လောက၌ မရှိကြ၊ (တိကအင်္ဂုတ္တိုရ်၊ တတိယပံ၊ အာပါယိကာဝဂ်။)

**အချုပ်။** ။ဤမိစ္ဆာဒိဋ္ဌိ၏ ယူပုံဆယ်ပါးကို ခြုံ၍စဉ်းစားလျှင် "နောက်ဘဝမရှိ" ဟူသော အယူနှင့် "အလုံးစုံကို အကုန်သိသော ဘုရားမရှိ" ဟူသော အယူသာ အချုပ်အခြာဖြစ်၏၊ "နတ္ထိဒိန္နံ-လှူခြင်းကြောင့် အကျိုးမရှိ" စသော အယူတို့မှာ ထို ၂-မျိုး၏ အကျယ်အဓိပ္ပါယ်သာတည်း။

**သမ္မာဒိဋ္ဌိ။** ။" သတ္တဝါ" ဟူသမျှသည် တဘဝ၌ ပြတ်စဲ၍မသွား၊ နောက်နောက်ဘဝ၌ ဆက်ကာ ဆက်ကာ (ရဟန္တာမဖြစ်သေးသမျှ) ဖြစ်ရသေး၏၊ ထိုသို့ဖြစ်ရာ၌ မိမိပြုအပ်ပြီးသောကံကြောင့်သာ ဖြစ်ရ၏၊ မည်သူမျှ ဖန်ဆင်း၍ မပေးနိုင်—ဟူသော အယူကို "သမ္မာဒိဋ္ဌိ-မှန်သောအယူ" ဟု ခေါ်၏၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိက "နတ္ထိ-မရှိ" ဟု ယူသမျှ၌ သမ္မာဒိဋ္ဌိက "အတ္ထိ-ရှိ၏" ဟု ယူသည်၊ ထို့ကြောင့် နတ္ထိနေရာ၌ အတ္ထိကိုသွင်း၍ "အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ" စသည်ဖြင့် သမ္မာဒိဋ္ဌိ ၁၀-မျိုးကိုလည်း မှတ်ပါ။

**အယူမှားခြင်း၏ အပြစ်။** ။ကံနှင့် ကံ၏အကျိုးကို ခွဲခြားဝေဘန်၍ မသိတတ်သူသည် မကောင်းသောအမှုကိုလည်း အကောင်းထင်တတ်၏၊ ကောင်းသောအမှုကိုလည်း မကောင်းထင်တတ်၏၊ ထိုသို့ အထင်မှားမှု အယူလွဲမှုကို မိစ္ဆာဒိဋ္ဌိဟု ခေါ်၏၊ ထိုမိစ္ဆာဒိဋ္ဌိသည် သာမန် အပြစ်မဟုတ်ပါ၊ မိမိအတွက် ဘဝအဆက်ဆက် နစ်နာစေနိုင်သော အပြစ်ကြီး ဖြစ်ပါသည်၊ အောက်ပါတရားတော်ကို ဖတ်ပါ....

ဘိက္ခုတို့....အယူမှားခြင်းဟူသော မိစ္ဆာဒိဋ္ဌိလောက် မဖြစ်သေးသော အကုသိုလ်ကို ဖြစ်စေနိုင်သော တရား, ဖြစ်ပြီးသော အကုသိုလ်ကို တိုးပွားစေနိုင်သော တရားကို ငါဘုရားမြင်တော်မမူ။

ဘိက္ခုတို့....မိစ္ဆာအယူရှိသူ၏ ထိုမိစ္ဆာအယူနှင့်စပ်၍ ပြုပြုအပ်သမျှ ကိုယ်မှု နှုတ်မှု စိတ်မှုသည်၎င်း, ထိုအမှုတို့ကို ပြုရာ၀ယ် အရင်းခံ စေတနာသည်၎င်း, ထိုစေတနာအလျောက် တောင့်တမှု ဆုတောင်းမှုသည်၎င်း, ထိုတောင့်တမှု ဆုတောင်းမှုအားလျော်စွာ စိတ်နေစိတ်ထားသည်၎င်း, ထိုစိတ်နှင့်အတူဖြစ်ကြသော စေတသိက်အများသည်၎င်း (ထိုအားလုံးပင်) နောက်နောင်အခါ မကောင်းသော အကျိုး ဆင်းရဲသောအကျိုးကို ရဘို့ရာသာ ဖြစ်ကြလေသည်။

ဥပမာ....တမာစေ့ ခါးခါးစေ့ ဘူးခါးစေ့သည် စိုသောမြေ၌ စိုက်ပျိုးချထားအပ်သောအခါ မြေ၏အဆီသြဇာ, ရေ၏ အဆီသြဇာကို စုတ်ယူ၏၊ ထိုစုတ်ယူအပ်သမျှ မြေဆီ ရေဆီသည် ခါးသောအကျိုးကိုသာ ဖြစ်စေသကဲ့သို့တည်း။ (အယူအဆမှားနေခြင်းသည် အခါးစေ့နှင့်တူ၏၊ အယူအဆမှားခြင်းဟူသော မိစ္ဆာဒိဋ္ဌိကြောင့် ဒိဋ္ဌိနှင့်ဖြစ်သော စေတနာစသော တရားတို့ မကောင်းကျိုးပေးရခြင်းသည် အခါးစေ့ကြောင့် မြေဆီ ရေဆီတို့၏ အခါးအကျိုးကို ပေးရခြင်းနှင့်တူ၏၊ ဧကအင်္ဂုတ္တိုရ်၊ ဧကဓမ္မ၀ဂ်၊ မိစ္ဆာဒိဋ္ဌိသုတ်၊) ဤတရားတော်အရ အယူမှားယွင်းမှုဟူသော မိစ္ဆာဒိဋ္ဌိသည် သာမန်အပြစ်မဟုတ်၊ ဘ၀အဆက်ဆက် နစ်နာစေနိုင်သော အပြစ်ကြီးဖြစ်ကြောင်းကို သိပါ။

**အယူမှန်ခြင်း၏ အကျိုး။** ။အယူမှန်ခြင်းကို သမ္မာဒိဋ္ဌိဟုခေါ်၏၊ ထိုသမ္မာဒိဋ္ဌိကား မိမိကိုအခြေခံ၍ ပြုပြုအပ်သမျှ ကိုယ်မှုနှုတ်မှု စိတ်မှုကို၎င်း, ထိုအမှုကိုပြုရာ၀ယ် အရင်းခံ စေတနာကို၎င်း, ထိုစေတနာကို အကြောင်းပြု၍ တောင့်တမှု ဆုတောင်းမှုကို၎င်း, ထိုတောင့်တမှုအား လျော်စွာစိတ်အနေအထားကို၎င်း,ထိုစိတ်ထိုအယူနှင့်အတူဖြစ်ကြသော စေတသိက်အများကို၎င်း မှန်မှန်ကန်ကန် ဖြစ်စေနိုင်ရကား မိမိအတွက် ဘ၀အဆက်ဆက်၌ ကောင်းကျိုးချမ်းသာ ရဘို့ရာသာ ဖြစ်လေသည်။

ဥပမာ .... သရက်ချိုစေ့ သလေးမျိုးစေ့ စဗျစ်စေ့ကို စိုသောမြေ၌ ချထားလိုက်လျှင် ထိုအစေ့သည် မြေဆီရေဆီကို စုတ်ယူ၏၊ ထိုစုတ်ယူအပ်သမျှသော အဆီသည် ချိုဆိမ့်သောအသီးကိုသာ ဖြစ်စေသကဲ့သို့တည်း။ (သမ္မာဒိဋ္ဌိသည် အချိုမျိုးစေ့နှင့်တူ၏၊ သမ္မာဒိဋ္ဌိနှင့် အတူဖြစ်သော စေတနာစသည်တို့၏ ကောင်းကျိုးချမ်းသာကို ဖြစ်စေခြင်းသည် မြေဆီရေဆီတို့၏ ကောင်းသောအရသာကို ဖြစ်စေရခြင်းနှင့်တူ၏။.... ကေအင်္ဂုတ္တိုရ်၊ ကေဝမ္မဝဂ်၊ သမ္မာဒိဋ္ဌိသုတ်။)

**ကြောင်းကျိုးတူပုံ၊** ၊ကောင်းသောမျိုးစေ့သည် ကောင်းသော ချိုဆိမ့်သော အသီးကိုသာသီးစေ၍ မကောင်းသော ခါးသော မျိုးစေ့သည် အခါးသီးကိုသာ သီးစေသကဲ့သို့ကောင်းသောကံသည် ကောင်းကျိုးကို ဆောင်၍မကောင်းသောကံကား မကောင်းကျိုးဆောင်မည့်အကြောင်းကို ကောင်းကောင်း နားလည်သော ဥပါသကာကောင်း ဖြစ်ဘို့ရန် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို တော်တော်များများ ပြပါမည်။

**(ဆောင်)** ခါးသောအမျိုး, စိုက်ကြဲပျိုးလျှင်, အကျိုးပြီးစီး, အခါးသီးသို့, ကိုယ်ထည်းစိတ်၌, အကုသိုလ်စိုက်သော်, နောက်လိုက်အကျိုး, မကောင်းဆိုးတည်း၊ အချိုမျိုးစေ့, စိုက်ပျိုးလေ့က, မရွေ့အပြီး၊ အချိုသီးသို့, ထိုနည်းပုညှ, စိုက်ပျိုးကမူ, မုချမသွေ့, ကောင်းကျိုးဝေမည်၊ ပျိုးစေလူပေါင်း မျိုးစေ့ကောင်း။ (ဓမ္မပဒ)

**အရှုံးအမြတ်။** ။"ပရလောကရှိ၏" ဟုယူသူတို့သည်ပရလောက၌ ဖြစ်ရဦးမည်ကို တွေး၍ ဤဘဝ၌ ကောင်းသောအလုပ်ကို လုပ်၏၊ထို့ကြောင့် လူကောင်းတယောက် ဖြစ်နိုင်၏၊ "ပရလောကမရှိ" ဟု ယူသူကား ကောင်းသည်ဖြစ်စေ၊မကောင်းသည်ဖြစ်စေ မိမိအကျိုးရှိလျှင် လုပ်မည်ဖြစ်၍ ဤဘဝမှာပင် ယုံကြည်စိတ်ချဘို့ မရှိသော လူတယောက် ဖြစ်နိုင်၏၊ အကယ်၍ ပရလောကရှိလျှင် လူကောင်းဖြစ်သူမှာ ကောင်းရာဘဝရောက်ဘို့သာရှိ၏၊ မကောင်းသူကား အပါယ်ဘဝသို့ သွားရဘို့ဖြစ်နေ၏၊ထို့ကြောင့် "ပရလောက မရှိ"ဟုယူသူသည်ဘဝ၂-ဘက်လုံး

အရှုံးထွက်၍ "ပရလောကရှိ၏" ဟု ယူသူကား ဘဝ ၂-ဘက်လုံး အကောင်းထွက်, အမြတ်ထွက် နိုင်ပေသည်။

## ခန္ဓာ ၅-ပါး

နောက်၌လာမည့် တရားတော်များကို နားလည်ဘို့ရာ ခန္ဓာ ၅-ပါး၏ အကြောင်းကို နည်းနည်းပါးပါး နားလည်ထားသင့်၏၊ "ခန္ဓ" ဟူသော ပါဠိစကားသည် "အစု" ဟု အနက်ထွက်၏၊ မိမိတို့ကိုယ်၌ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာအားဖြင့် ခန္ဓာ ၅-ပါးရှိ၏၊ မြန်မာလို "ရုပ်အစု, ဝေဒနာအစု, သညာအစု, သင်္ခါရအစု, ဝိညာဉ်အစု" တို့တည်း။

**ရူပက္ခန္ဓာ။** ။(ခန္ဓာသဒ္ဒါသည် "အစု" ဟူသော အနက်ကို ပြ၏။) ဤကိုယ်ဝယ် ယခုစာကြည့်နေချိန်ဖြစ်သော ပစ္စုပ္ပန် ရုပ်, ရှေးကဖြစ်ခဲ့သော အတိတ်ရုပ်, နောက်ဖြစ်လတံ့သော အနာဂတ်ရုပ်ဟု ရုပ် ၃-မျိုးရှိ၏၊ ထိုရုပ် ၃-မျိုးကို စိတ်ကူးဉာဏ်ဖြင့် စုလိုက်သောအခါ ရုပ်အစု(ရူပက္ခန္ဓာ) ဟုခေါ်၏။ (ယခုဖြစ်နေသော ရုပ်အစုကို ရူပက္ခန္ဓာဟု မခေါ်, အတိတ် အနာဂတ် ပစ္စုပ္ပန် ရုပ် ၃-မျိုးအားလုံးကိုသာ "ရူပက္ခန္ဓာ" ဟု ခေါ်ကြောင်း မှတ်ခဲ့ပါ၊ ဝေဒနာက္ခန္ဓာစသည်၌လည်း ဤနည်းသာတည်း။)

**ဝေဒနာက္ခန္ဓာ။** ။ဤကိုယ်၌ အချိန်ရှိသမျှ အာရုံတွေကို ခံစားသော (မကောင်းလျှင် ဆင်းရဲစွာ ခံစား၍, ကောင်းလျှင် ချမ်းသာစွာခံစားလျက်, ကောင်းမကောင်း မထင်ရှားလျှင်လည်းသင့်တော်ရုံခံစားသော) ဝေဒနာဟုခေါ်အပ်သော စေတသိက် တမျိုးရှိ၏၊ ထိုဝေဒနာကိုလည်း ယခုမှစ၍ ရှေးရှေးက ဖြစ်ပျက်ခဲ့သော အတိတ်ဝေဒနာ, ယခုမှစ၍ နောက်နောက်၌ ဖြစ်ပျက်လတံ့သော အနာဂတ်ဝေဒနာ, ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဝေဒနာ၊ ဤသုံးခုကို စိတ်ကူးဖြင့် စုကြည့်သောအခါ ဝေဒနာ အစုအဝေးကြီးပေါ်လာ၏၊ ထိုဝေဒနာအစုကို "ဝေဒနာက္ခန္ဓာ" ဟု ခေါ်သည်။

**သညာက္ခန္ဓာ**။ ။ဤကိုယ်၌ အချိန်ရှိသမျှ အာရုံတွေကို တခုပြီးတခု ထင်ထင်ရှားရှားဖြစ်စေ, မထင်မရှားဖြစ်စေ မှတ်သားနေသော စေတသိက်တမျိုးရှိ၏၊ ထိုသညာကိုလည်း အတိတ်သညာ, အနာဂတ်သညာ, ပစ္စုပ္ပန်သညာ, ဤသုံးခုကို စိတ်ကူးဖြင့် စုကြည့်သောအခါ သညာအစုအဝေးကြီး ပေါ်လာ၏၊ ထိုသညာအစုကို "သညာက္ခန္ဓာ" ဟုခေါ်သည်။

**သင်္ခါရက္ခန္ဓာ**။ ။ကိုယ်မှု နှုတ်မှု စိတ်မှုကို ပြုစီရင်တတ် (ဖြစ်အောင်လှုံ့ဆော်တတ်)သော စေတနာကို သင်္ခါရဟုခေါ်၏၊ ထိုစေတနာကို ပဓာနအားဖြင့် နာမည်တပ်၍ ဝေဒနာသညာမှ ကြွင်းသော စေတသိက်များကိုလည်း သင်္ခါရအတွင်း၌ သွင်းထားသည်၊ ထိုသင်္ခါရကိုလည်း အတိတ်သင်္ခါရ, အနာဂတ်သင်္ခါရ, ပစ္စုပ္ပန်သင်္ခါရ ဤသုံးခုကို စိတ်ကူးဖြင့် စုကြည့်သောအခါ သင်္ခါရ အစုအဝေးကြီး ပေါ်လာ၏၊ ထိုသင်္ခါရအစုကို "သင်္ခါရက္ခန္ဓာ"ဟု ခေါ်သည်။

**ဝိညာဏက္ခန္ဓာ**။ ။ဤကိုယ်၌ အချိန်ရှိသမျှ ဟိုအာရုံသိ, သည်အာရုံသိနှင့် တခုခုအမြဲရနေအောင် သိသောအသိကို "ဝိညာဏ = ဝိညာဉ် = စိတ်" ဟု ခေါ်၏၊ ထိုဝိညာဉ်ကိုလည်း အတိတ်ဝိညာဉ်, အနာဂတ်ဝိညာဉ်, ပစ္စုပ္ပန်ဝိညာဉ် ဤသုံးခုကို စိတ်ကူးဖြင့် စုကြည့်သောအခါ ဝိညာဉ် အစုအဝေးကြီး ပေါ်လာ၏၊ ထိုဝိညာဉ်အစုကို "ဝိညာဏက္ခန္ဓာ"ဟု ခေါ်သည်။

## ရုပ်နာမ်အခွဲ

အများမျက်စိဖြင့်မြင်လျှင် သိနိုင်လောက်အောင် အထင်အရှား ဖောက်ပြန်တတ်, ပြောင်းလဲတတ်သော တရားကို ပါဠိလို "ရူပ"၊ မြန်မာလို "ရုပ်" ဟုခေါ်၏၊ ဤကိုယ်ကြီးလည်း ရုပ်ခန္ဓာတွေ စုပေါင်းနေသော အရာဝတ္ထုသာတည်း၊ ထို့ကြောင့် ဤခန္ဓာကိုယ် ရုပ်အစုသည် အအေးမိလျှင်လည်း နဂိုရ်အတိုင်းမှ ပြောင်းလဲ၍အအေးဖျား, ဖျားသော ရုပ်တွေဖြစ်၏၊ အပူမိလျှင်လည်း အအေးရုပ်မှ ပြောင်းလဲ၍ အပူဖျား,ဖျားသော ရုပ်တွေဖြစ်၏၊ မှက်

စသည်ကိုက်လျှင်ရှင်း, နေပူလေပူ မိလျှင်ရှင်း, ဖောက်ပြန်ပြောင်းလဲ၍ အဖုအပိမ့် စသည်ဖြစ်၏ ဤသို့ အများသိသာအောင် ထင်ထင်ရှားရှား ဖောက်ပြန်တတ်သောကြောင့် "ရူပ=ရုပ်" ဟု ခေါ်ရသည်။

**နာမ်ခန္ဓာလေးပါး။** ။ထိုထိုအာရုံသို့ ညွတ်တတ်သော (အာရုံကိုယူတတ်သော) တရားကို ပါဠိလို "နာမ"၊ မြန်မာလို 'နာမ်'ဟု ခေါ်၏၊ စိတ်သည် အာရုံမရှိဘဲ မဖြစ်နိုင်၊ အမြဲအာရုံတခုခုသို့ ညွတ်နေ၏၊ "ညွတ်"ဆိုသည်ကား အာရုံကိုယူခြင်းတည်း၊ စိတ်က အာရုံသို့ညွတ်နေလျှင် စိတ်၏နောက်လိုက်ဖြစ်သော စေတသိက်များလည်း ညွတ်နေတော့၏၊ ထို့ကြောင့် ဝိညာဏက္ခန္ဓာနှင့် နောက်လိုက်ဖြစ်သော ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို "နာမ်ခန္ဓာ"ဟု ခေါ်သည်၊ ဤသို့လျှင် ဤကိုယ်၌ အချုပ်အားဖြင့် ရုပ်ခန္ဓာ နာမ်ခန္ဓာ (ရုပ်နှင့် နာမ်) နှစ်မျိုးသာရှိသည်။

**အကျိုးနှင့် အကန်း။** ။ကျိုးနှင့် ကန်း မသန်မစွမ်းသူနှစ်ယောက်သည် စရပ်တခု၌နေကြစဉ် အတော်ဝေးသောနေရာ၌ ထမင်းကျွေးသော အလှူရှိသည်ဟု ကြားရ၏၊ ထိုအရပ်သို့သွားဘို့ရာ တယောက်ချင်း မဖြစ်နိုင်သောကြောင့် သူတို့နှစ်ယောက် တိုင်ပင်သောအခါ ကိုယ်စွမ်းသော တာဝန်ကို ကိုယ်ထမ်း၍ ပူးပေါင်းသွားဘို့ ဆုံးဖြတ်ကြ၏၊ ထို့နောက် ကန်းက ကျိုးကို ထမ်း၏၊ ကျိုးက ကန်း၏ လည်ကုပ်ပေါ်၌ ခွထိုင်၍ "ဝဲဘက်သွားလိုက်ပါ၊ ယာဘက်သွားလိုက်ပါ၊ ချိုင့်ရှိတယ်၊ စမ်း၍ဆင်းပါ၊ ကုန်းရှိတယ်၊ ဖြည်းဖြည်းတက်ပါ" ဤသို့ပြော၍ ကန်း၏ ဦးခေါင်းကိုကိုင်ကာ လက်ဖြင့်လည်း အချက်ပေး၏၊ သူတို့နှစ်ယောက်တွင် တယောက်ယောက်က တာဝန်မကျေလျှင် နှစ်ယောက်လုံး မသက်သာချေ၊ မတော်တဆ ကန်းစလဲလျှင် ကန်းလည်းကျိုး၍ ကျိုးလည်းထပ်၍ကျိုးဘို့သာ ရှိတော့၏၊ ထို့ကြောင့် သူတို့နှစ်ယောက်သည် အလွန်ဂရုစိုက်စွာ တာဝန်ကျေအောင် ရွက်ဆောင်ခြင်းအားဖြင့် အလှူရုံသို့ ရောက်သွား၍ ချမ်းသာသုခရရှိကြပေသည်။

## ရုပ်အကန်း နာမ်အကျိုး

ရုပ်ခန္ဓာသည် အကန်းနှင့်တူ၏၊ ဘာကိုမျှမသိတတ်၊ (မမြင် မကြား မနံ မထိ အရသာကို မသိတတ်)၊ နာမ်ခန္ဓာလေးပါးသည် သိတတ်သော်လည်း သူ့ချည်းမသိနိုင်၊ မြင်သိ-သိသောစိတ်သည် စက္ခုပသာဒရုပ်ကို မှီရမှ သိနိုင်၏၊ ကြားသိ-သိသောစိတ် စသည်တို့လည်း ထိုအတူပင် ဆိုင်ရာရုပ်တခုခုကို မှီရမှ သိနိုင်ကြ၏၊ ထို့ကြောင့် နာမ်ခန္ဓာလေးပါးသည် အကျိုးနှင့်တူ၏၊ ယခုအခါ ထိုထိုကိုယ်မှု နှုတ်မှု စိတ်မှုဟူသမျှသည် ရုပ်ချည်းလည်းမဖြစ်နိုင်၊ နာမ်ချည်းလည်း မဖြစ်နိုင်၊ ရုပ်နှင့်နာမ် ပူးပေါင်း၍ အကြောင်းညီညွတ်မှသာ ဖြစ်နိုင်ကြပေသည်၊ (ဤမျှသာ သိနှင့်ပါဦး၊ ဤထက်အကျယ်သိဘွယ်ကို "သူငါမဟုတ် နာမ်နှင့်ရုပ်" အခန်းကျမှ သေချာစွာ သိရပါလိမ့်မည်။)

## စိတ်သာ ပဓာန

ရုပ်နှင့်နာမ် နှစ်ပါးတို့တွင် ရုပ် (ကိုယ်) ခန္ဓာကြီးသည် အိမ်နှင့်တူ၏၊ နာမ်ခန္ဓာလေးပါးကား ထိုအိမ်၌ နေသူများနှင့်တူ၏၊ ထိုနာမ်ခန္ဓာလေးပါးတွင်လည်း "စိတ်" ဟူသော ဝိညာဏက္ခန္ဓာသည် အုပ်ချုပ်သော အိမ့်ရှင်ကဲ့သို့ အချုပ်အခြာဖြစ်၏၊ စိတ်ကိုကောင်းအောင်ထားတတ်သူမှာ ထိုစိတ်အလိုအတိုင်း နာမ်ခန္ဓာသုံးပါးလည်း လိုက်ရသောကြောင့် နာမ်ခန္ဓာအားလုံး အကောင်းချည်းဖြစ်၏၊ စိတ်နှင့်တကွ နာမ်ခန္ဓာအားလုံး ကောင်းနေလျှင် ရုပ်ခန္ဓာလည်း ရိုးသားသောရုပ်, ဖြူစင်ဖြောင့်မတ်သောရုပ်များ ဖြစ်၏၊ ထို့ကြောင့် စိတ်ကောင်းလျှင် ကာယကံ (ကိုယ်အမှု)လည်း ကောင်း၏၊ ဝစီကံ(နှုတ်အမှု) လည်း ကောင်း၏၊ ကိုယ်နှုတ်မပါဘဲ စိတ်သက်သက်ဖြင့် ကြံစည်ရသော မနောကံ (စိတ်အမှု) လည်း ကောင်း၏၊ ထို့ကြောင့် ရုပ်ရော နာမ်ရော တကိုယ်လုံး အကောင်းဖြစ်ဘို့ရာ စိတ်ကောင်းထားဘို့ ကြိုးစားကြရသည်။

**တရားတော်။** ။ဝေဒနာ, သညာ, သင်္ခါရဟူသော နာမ်ခန္ဓာတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကြကုန်၏ စိတ်သာလျှင် လွှဲ့ဆော်ပေးမည့်တရား ရှိကုန်၏၊ စိတ်ကြောင့်သာ ဖြစ်ကြရကုန်၏၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိစသည်တို့ကြောင့် ပျက်စီးနေသော

မကောင်းစိတ်ဖြင့်ပြောလျှင်ငြင်း, ပြုလျှင်ငြင်း, ကြံလျှင်ငြင်း ထိုသူ့နောက်သို့ ဒုက္ခသည် အခွင့်သာလျှင်ဖြစ်ဘိုရာ လိုက်ပါနေ၏၊ ဥပမာ.... လှည်းဝန်ကို ဆောင်ယူ၍သွားနေသော ဝန်ဆောင်နွား၏ နောက်သို့ လှည်းဘီးပါနေသကဲ့သို့တည်း၊ (ဓမ္မပဒပါဠိတော်။)

**တရားတော်။** ။ဝေဒနာ, သညာ, သင်္ခါရဟူသော နာမ်ခန္ဓာတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ရှိကြကုန်၏၊ စိတ်သာလျှင် လှုံ့ဆော်ပေးမည့်တရား ရှိကြကုန်၏၊ စိတ်ကြောင့်သာ ဖြစ်ကြရကုန်၏။ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိစသည်တို့ကြောင့် ကြည်လင်နေသော စိတ်ကောင်းဖြင့်ပြောဆိုလျှင်ငြင်း, ပြုလုပ်လျှင်ငြင်း, ကြံစည်လျှင်ငြင်း, ထိုသူ့နောက်သို့ သုခသည် အစဉ်လိုက်ပါနေ၏၊ ဥပမာ... ခရီးသွားသူ၏နောက်သို့ လူ၏အရိပ်သည် လိုက်ပါနေသကဲ့သို့တည်း၊ (ဓမ္မပဒပါဠိတော်။)

## ကံဆိုတာ ဘယ်ဟာလဲ

ဓမ္မပဒတရားတော်နှစ်ပုဒ်ဝယ် "ဒုက္ခသည်ငြင်း, သုခသည်ငြင်း, လိုက်ပါနေသည်"ဟု ဟောတော်မူရာ၌ ဒုက္ခပေးမည့်အကုသိုလ်ကံလိုက်ပါနေသည်ကို "ဒုက္ခလိုက်နေသည်"ဟုငြင်း, သုခပေးမည့်ကုသိုလ်ကံလိုက်ပါနေသည်ကို "သုခလိုက်နေသည်" ဟုငြင်း ဟောတော်မူလိုသည်၊ ထိုသို့ဟောတော်မူလိုလျှင် "ကံ"ဆိုသောတရားသည် "အဘယ်တရားနည်း"ဟု မေးဘွယ်ရှိ၏၊ အဖြေကား...."ကံ"ဟူသည် ကုသိုလ် အကုသိုလ်စိတ်၌ ယှဉ်လျက်ပါသော စေတနာစေတသိက်တည်း၊ စိတ်က ခေါင်းဆောင်၍ ကုသိုလ် အကုသိုလ်ပြုသော်လည်း တကယ်အလုပ်-လုပ်သောတရားသည် စေတသိက်အများတွင် စေတနာစေတသိက်တည်း၊ ကောင်းမှု မကောင်းမှုပြုသမျှ၌ စေတနာညံ့လျှင် ထိုအမှုလည်း သေးငယ်၏၊ စေတနာထက်သန်လျှင် ထိုအမှုလည်း ကြီးကျယ်၏၊ စေတနာသည် မိမိတာဝန်ကိုလည်း ဆောင်၏၊ အခြားတရားတို့ကိုလည်း ဆိုင်ရာတာဝန်ကိုဆောင်ဘို့ရန် လှုံ့ဆော်၏၊ ဤသို့လျှင် အလုပ်တခုခုလုပ်ရာ၌ စေတနာ၏သတ္တိသည် အားကြီးရကား ထိုစေတနာကိုပင် "ကံ=အလုပ်ရှင်,

အမှုသည်''ဟု အသိအမှတ်ပြုရသည်၊ (စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ= ရဟန်းတို့ စေတနာကို ကံ-ဟု ငါဘုရားမိန့်တော်မူသည်။)

**ကံ၏သတ္တိလိုက်ပါနေပုံ။** ။''ကံသည် ကုသိုလ် အကုသိုလ် စေတနာ စေတသိက်ဖြစ်လျှင် အခြားနာမ်တရားတို့ကဲ့သို့ ဖြစ်ပြီးလျှင် ချက်ခြင်း ချုပ်သွားသည် မဟုတ်လော၊ အဘယ်သို့ လိုက်ပါနေသနည်း''ဟု မေးဘွယ်ရှိ၏၊ အဖြေကား....ကံဟု ခေါ်အပ်သော စေတနာသည် ဖြစ်ပြီးလျှင် ချက်ခြင်းချုပ်သော်လည်း ကံ၏သတ္တိကား ကျန်ရစ်၏၊ ထိုကျန်ရစ်သောသတ္တိသည် အကျိုးပေးဘို့ရန် အစွမ်းမကုန်သေးသမျှ အမြဲလိုက်ပါ၍နေသည်၊ ထင်ရှားစေအံ့၊ လူတယောက်သည် ကလေး ဘဝ၌ သူငယ်တန်းမှစ၍ ပညာသင်၏၊ ထိုသူငယ်သည် အတန်းအဆင့် ဆင့်တက်၍ နောက်ဆုံးအတန်းထိအောင် သင်၏၊ ထိုသူငယ်၏ ရှေးရှေး အတန်း၌ သင်ခဲ့သောစာတွေသည် တချို့မှာ သူ့ကိုယ်တိုင် သတိမရ သော်လည်း သင်ယူအပ်ပြီးသောပညာ၏ အသိဉာဏ်သတ္တိကား သူ၏ သန္တာန်၌ လိုက်ပါနေသည်သာ၊ ထို့ကြောင့် တတန်းထက်တတန်း တက်ရာ၌ အသိဉာဏ်လည်း အဆင့်ဆင့်ကြီးထွားလျက် လာလေသည်၊ ထို့အတူ ကံတရားသည် ဖြစ်ပြီး၍ ချုပ်သွားသော်လည်း ထိုကံ၏ သတ္တိကား ကံပြုသူ၏သန္တာန်၌ ကျန်ရှိရစ်သည်သာ၊ ထို့ကြောင့် အကြောင်းညီညွတ်သောအခါ ထိုသူ၏ကံသည် ထိုသူ့ သန္တာန်မှာ အကျိုးကို ဖြစ်စေရသည်။

**ဥပမာတနည်းကား။** ။လူတယောက်အား ငယ်စဉ်က ကျန်းမာရေး ဆေးအစာတို့ကို လူကြီးများက ဂရုစိုက်၍ ကျွေး၏၊ ထိုဆေး ထို အစာတို့သည် စားပြီး၍ ရက်အနည်းငယ်ကြာလျှင် ဝမ်းထည်း၌ ကုန် သွားသော်လည်း ထိုဆေး ထိုအစာ၏ ကျန်းမာစေနိုင်သော သတ္တိမှာ ထိုသူ၏သန္တာန်၌ ကျန်ရှိရစ်၏၊ ထို့ကြောင့် ထိုသူသည် နောင်အခါ၌ ကျန်းမာသူဖြစ်ရ၏၊ ငယ်ရွယ်စဉ်က အပျော်အပါး လိုက်စားသူ့ သေရည်အရက်ကို အလွန်အကျွံ သောက်စားသူလည်း ထိုပျော်ပါး

သောက်စားမှုတို့၏ မကောင်း သတ္တိသည် ကျန်ရှိရစ်သောကြောင့် နောင်အခါ မကျန်းမာသူဖြစ်ရ၏၊ ထို့အတူ ကံတရားတို့လည်း သတ္တိ ကျန်ရှိရစ်သောကြောင့် သတ္တိမကုန်သမျှ ထိုသူ့အား ကုသိုလ်ကံသည် ကောင်းကျိုးပေး၍ အကုသိုလ်ကံကလည်း မကောင်းကျိုးပေးလေ တော့သည်။

**တဘဝခေါ်ပုံ။** ။"တဘဝ"ဟူသည် ကံဘာခု၏ သတ္တိကြောင့်ရရှိသော အစဆုံး ရုပ်နာမ်နှင့် နောက်ဆုံးရုပ်နာမ်တို့၏အကြား၌ ရုပ်နာမ် အဆက်ဆက်ဖြစ်ပျက်နေသော အစဉ်သာတည်း၊ အစဆုံးရုပ်နာမ်မှစ၍ ရုပ်ခန္ဓာအစဉ်သည်၎င်း, နာမ်ခန္ဓာအစဉ်သည်၎င်း "ဖြစ်+ပျက်, ဖြစ်+ ပျက်"ဟု လာခဲ့ရာ ထိုဘဝကိုစီမံသော ကံက (အစွမ်းကုန်သော ကြောင့်ဖြစ်စေ, အခြားကံတို့က နှောင့်ယှက်သောကြောင့် ဖြစ်စေ) နောက်ထပ်ဆက်၍ မစီမံနိုင်သောအခါ ထိုကံနှင့်ဆက်သွယ်နေသော ရုပ်ခန္ဓာအစဉ်, နာမ်ခန္ဓာအစဉ်သည် ရပ်တံ့တော့၏၊ ထိုရပ်တံ့ခြင်းကို "တဘဝဆုံးသည်"ဟု ခေါ်စမှတ်ပြုကြသည်။

**တဘဝဆက်ပုံ။** ။ထိုသို့ ဆုံးသည်နှင့်တပြိုင်နက် နောက်ထပ် ကံအသစ် တခုက ရုပ်ခန္ဓာ နာမ်ခန္ဓာအသစ်ကို ဆက်၍ စီမံပြန်၏၊ "ဆက်"ဟူရာ၌ အနည်းငယ်မျှအကြား ကာလမရှိဘဲ ရှေ့ဘဝနောက်ဆုံး (စုတိ)နှင့် နောက်ဘဝအစဆုံး ပဋိသန္ဓေသည် တဆက်ထည်းကဲ့သို့ ထင်ရလောက်အောင် ဆက်စပ်၍နေ၏၊ ပဋိသန္ဓေဟူသော ပါဠိစကား သည်ပင် မြန်မာလို "ဆက်စပ်"ဟု အနက်ထွက်၏၊ "ရှေ့ဘဝ အပြတ် တွင် မပြတ်အောင်ဆက်စပ်သောတရား"ဟု ဆိုလိုသည်၊ ထိုသို့ စီမံ၍ ရအပ်သော ရုပ်နာမ်ခန္ဓာအသစ်ကိုပင် "တဘဝစ၍ ဖြစ်ခြင်း, ပဋိသန္ဓေ နေခြင်း"ဟု ခေါ်စမှတ်ပြုကြရပြန်သည်။

**နောက်နောက်ဘဝသို့ သတ္တိပါနိုင်ပုံ။** ။ဘဝတခု၏အတွင်း၌ ကံတခုခုကို ပြုတိုင်း ထိုကံ၏သတ္တိသည် ရုပ်အစဉ် နာမ်အစဉ်တွင် ပါဝင်လျက် နေ၏၊ တဘဝအဆုံးဖြစ်သော ရုပ်နာမ်၌လည်း ထိုသတ္တိပါ၏၊ ကံ အသစ်က စီမံအပ်သောဘဝအသစ်၌လည်း ထိုသတ္တိသည် ဆက်၍

ပါနေ၏၊ ဘဝပေါင်းများစွာဝယ် ကံပေါင်းများစွာ ပြုထားသော ကြောင့် သတ္တိပေါင်းများစွာလည်း ဆက်ကာဆက်ကာ ပါနေသည် သာ၊ ထို့ကြောင့် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောကံ၏ သတ္တိ သည် ကံပြုသူ၏ ခန္ဓာအစဉ်၌သာ ပါနေသောကြောင့် အခွင့်သင့်၍ အကျိုးပေးခွင့်ကြုံသောအခါ ထိုကံပြုသူ၏ ခန္ဓာအစဉ်၌ ကောင်းကျိုး မကောင်းကျိုးကို ပေးလေတော့၏၊ ဤစကားအရ ''ဆရာမိဘတို့ ပြုသောကံကို တပည့်သားသမီးတို့က တိုက်ရိုက်မခံစားရ၊ ဘဝတခု၌ အတူဆုံကြသောအခါ၌မူ သွယ်ဝိုက်၍ကား ခံစားကြရသည်''ဟု မှတ်ပါ။

**ပါရမီသတ္တိများ။** ။''ကံ၏သတ္တိ''ဟူရာ၌ နိဗ္ဗာန်ကိုမရည်ရွယ်ဘဲ ဘဝ အဆက်ဆက် ချမ်းသာဘို့ကိုသာ ရည်ရွယ်၍ပြုအပ်သော ကံတို့၏ သတ္တိသည် သူတို့စွမ်းနိုင်သမျှ အကျိုးပေးပြီးသောအခါ သတ္တိလည်း ပြယ်သွားတော့၏၊ ''ကံအရှိန်ကုန်သဖြင့် နောက်ထပ် အကျိုးမပေး တော့''ဟု ဆိုလိုသည်၊ ဘဝအဆက်ဆက်၌ ခံစားဘို့ကို မရည်ရွည်ဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ကေန်မျက်မှောက်ပြုလိုသောဆန္ဒဖြင့် ပြုအပ်သော ကုသိုလ်ကံတို့ကို ''ပါရမီကုသိုလ်''ဟု ခေါ်၏၊ ''ရည်ရွယ်ချက်မြင့်သော ပုဂ္ဂိုလ်တို့၏+ကုသိုလ်''ဟု ဆိုလိုသည်၊ ထိုပါရမီကုသိုလ်ကံကား ရည်ရွယ် ချက်မပြည့်စုံသေးသမျှ အစဉ်လိုက်ပါနေ၏၊ ထို့ကြောင့် ဘုရား အလောင်းတော်၏ အလွန် မြင့်မြတ်သော ပါရမီကုသိုလ်တော် များသည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလအတွင်းဝယ် သတ္တိ မပြယ်ဘဲ လိုက်ပါနေရကား ဘုရားအဖြစ်သို့ ရောက်တော်မူမှ သို့မဟုတ် ပရိနိဗ္ဗာန်စံတော်မူမှ သတ္တိများကုန်လေတော့သည်။

## ယောကျ်ားဘဝဆက်ပုံ

ယောကျ်ားသည် ယောကျ်ားဖြစ်ချင်စိတ်, ယောကျ်ားလိုဝတ်ချင် စားချင် ခံစားချင်စိတ်ရှိ၏၊ထိုစိတ်ခါတ်သတ္တိသည် ယောကျ်ားသန္တာန်၌အမြဲရှိနေရကား ကုသိုလ်ကံကို ပြုသောအခါ ထိုကံ၏သတ္တိ၌ ယောကျ်ား၏ စိတ်ခါတ်သတ္တိက

တွဲဖက်ပါရှိသောကြောင့် ထိုကုသိုလ်ကံသည် ယောကျ်ားဖြစ်ဘို့ရန်သာ စီမံရ၏၊ "သူများမယားကို ပြစ်မှားကျူးလွန်ခြင်း"စသော အကုသိုလ်ကံမငြှနှောင့်ယှက်သမျှ ယောကျ်ားသည် မိန်းမဘဝ၌ မဖြစ်တော့၊ ထို့ကြောင့်ပင် ယောကျ်ားဘဝဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ဘုရားအလောင်း, အဂ္ဂသာဝက မဟာသာဝကအလောင်းတို့သည် ဆုတောင်းသည့်ဘဝ၌လည်း ယောကျ်ား, နောက်ဆုံးဘဝ၌လည်း ယောကျ်ားပင် ဖြစ်ကြရလေသည်၊ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ နှောင့်ယှက်လျှင်ကား မိမိက မဖြစ်ချင်သော်လည်း မိန်းမဖြစ်ရတော့သည်သာ၊ ထို့ကြောင့် အရှင်အာနန္ဒာအလောင်းသည်ပင် ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံ၏ နှောင့်ယှက်မှုကြောင့် မိန်းမဘဝ၌ ဖြစ်ခဲ့ရဘူးလေသည်။ (နေမိဇာတ်တော်ကို ဖတ်ပါ။)

## မိန်းမဘဝဆက်ပုံ

မိန်းမသည် မိန်းမစိတ်သာရှိတတ်၏၊ မိန်းမလိုဝတ်ချင် စားချင် ခံစားချင်၏၊ ထိုစိတ်ဓာတ်သတ္တိသည် မိန်းမသန္တာန်အမြဲပါရှိနေရကား ပြုအပ်သမျှကံလည်း ထိုသတ္တိနှင့်တွဲဖက်နေရသောကြောင့် အဆက်ဆက်ဘဝတို့၌ (မိန်းမဘဝကို မစက်ဆုပ်သမျှ) မိန်းမဖြစ်အောင်သာ အကျိုးပေးရတော့၏၊ ထို့ကြောင့် ယသော်ဓရာ အလောင်းသည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းလောက်က "သုမိတ္တာ"အမျိုးသမီးဖြစ်၍ ဘုရားအလောင်းနှင့်အတူ ဖြစ်လိုသောဆန္ဒဖြင့် ကုသိုလ်ပြုခဲ့၏၊ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌လည်း မိန်းမအဖြစ်ဖြင့် ကျင်လည်ကာ နောက်ဆုံး၌ ယသော်ဓရာဖြစ်လာရပေသည်၊ မိန်းမဘဝကို စက်ဆုပ်၍ ယောကျ်ားဘဝကိုရအောင် စိတ်ညွတ်လျှင်ကား မိန်းမ၏စိတ်ဓာတ်သတ္တိမရှိတော့သဖြင့် ပြုအပ်ပြီးကံတို့က ယောကျ်ားဘဝကို ပြောင်းလွဲ၍ ပေးနိုင်သည်၊ ထို့ကြောင့် ယောကျ်ားဘဝကို အလိုရှိနေသောမိန်းမသည် မိမိ၏ လက်ရှိယောကျ်ားကို ဝတ္တရားကျေအောင် ပြုရုံဖြင့်ပင် နောက်တကြိမ် ယောကျ်ားဘဝကို ရနိုင်ပေသည်။

**ဆန္ဒ၏သတ္တိသည် လိုက်ပါနေပုံ။** ၊၊ဘုရားရှင်၏ ဘုရားဖြစ်တော်မူလိုသော ဆန္ဒတော်သည် လေးအသင်္ချေနှင့်ကမ္ဘာတသိန်းက ဖြစ်ခဲ့၏၊

ထိုဆန္ဒတော်၏ ဓာတ်သတ္တိသည် ပါရမီကောင်းမှုများကို ပြုတိုင်း ပါနေ၏၊ ဘုရားအလောင်းကိုယ်တော်တိုင်က ငါသည် ဘုရားအလောင်း ဟု မသိသေးသော်လည်း ဆန္ဒတော်၏သတ္တိကား ပါမြဲပါနေသည်သာ။) အရှင်သာရိပုတ္တရာသည် ပညာကြီးလိုသော ဆန္ဒတော်ဖြင့် ဆုတောင်းခဲ့၏၊ ဆန္ဒတော်၏သတ္တိသည် အမြဲပါရှိနေသောကြောင့် နောက်ဆုံးဘဝ၌ ပညာဧတဒဂ်ရ ရဟန္တာကြီး ဖြစ်ရပေသည်၊ အရှင်မောဂ္ဂလာန်သည် တန်ခိုးကြီးရဟန္တာဖြစ်လိုသော ဆန္ဒတော်ဖြင့် ဆုတောင်းခဲ့၏၊ ကောင်းမှုပြုတိုင်းလည်း ထိုဆန္ဒ၏ သတ္တိပါရှိနေရကား နောက်ဆုံးဘဝ၌ ဆန္ဒတော်ပြည့်၍ တန်ခိုးအရာ ဧတဒဂ်ရ ရဟန္တာကြီး ဖြစ်ရပေသည်၊ ယသော်ဓရာ, ခေမာ, ဥပ္ပလဝဏ်, ဝိသာခါစသော အမျိုးသမီးများ၏ ဆန္ဒအတိုင်း ပြည့်ကြပုံမှာလည်း ကောင်းမှုပြုတိုင်း ထိုဆန္ဒ၏ ဓာတ်သတ္တိပါရှိနေသောကြောင့်သာဟု သိကြပါလေ။

**မကောင်းသတ္တိလည်း လိုက်ပုံ။** ။ကောင်းသော စိတ်ဓာတ်၏ သတ္တိသာ လိုက်ပါသည်မဟုတ်သေး၊ မကောင်းသော စိတ်ဓာတ်၏သတ္တိများလည်း လိုက်ပါနေ၏၊ အရှင်ဒေဝဒတ်သည် သာမန်ပုဂ္ဂိုလ်မဟုတ်ပါပေ၊ ယခုအခါ ဒိဝိစိ၌ဖြစ်နေရသော်လည်း အဝီစိမှလွတ်သောအခါ ပစ္စေကဗုဒ္ဓါ ဖြစ်ဘို့ရန် သေချာနေသောပုဂ္ဂိုလ်ပေတည်း၊ သို့သော် လွန်ခဲ့သော သုံးကမ္ဘာလောက်ကမှ ဘုရားအလောင်းတော်နှင့် ရန်စဖြစ်ခဲ့သောကြောင့် (ထိုရန်ငြိုးလည်း ဘုရားအလောင်းကမဖွဲ့၊ သူကသာဖွဲ့သောကြောင့်) တွေ့လေရာဘဝ၌ ဘုရားအလောင်းကို ရန်သူဟုပင် ယူဆခဲ့၏၊ နောက်ဆုံးဘဝ၌ တဝမ်းကွဲနောင်တော် ညီတော်ဖြစ်ပါလျက် ဘုရားရှင်၏ဘုန်းတော် ဉာဏ်တော်ကိုလည်း အတော်များများသိပါလျက် ရှေးကရန်ငြိုးဖွဲ့ခဲ့သော ဒေါသ၏သတ္တိသည် အမြဲပါရှိနေရကား ရန်သူ၏အလုပ်ဖြစ်သော ဆန့်ကျင်ဘက်အမှုများကို ပြုဖြစ်အောင်ပြုလေသည်၊ ဤသို့အားဖြင့် မကောင်းသောစိတ်၏ ဓာတ်သတ္တိလည်း ပါရှိနေကြောင်းကို ချိန်ထွင်ကြည့်ကြပါလေ။

**စရိုက်အမျိုးမျိုးဖြစ်ရပုံ။** ။ရှေးရှေးဘဝက စိတ်စေတသိက်တို့၏ ဓာတ်သတ္တိတွေ ကူးစက်ပါလာသောကြောင့်ပင် ယခုဘဝ၌ တမိသားချင်း

တူပါလျက် တယောက်က တဏှာရာဂလောဘအားကြီးသူ ဖြစ်နေ၏၊ ထိုသူ့ကို "ရာဂစရိုက်ရှိသူ=ရာဂအဖြစ် အားကြီးသူ"ဟု ခေါ်၏၊ တယောက်က ဒေါသအားကြီးသူဖြစ်နေ၏၊ ထိုသူ့ကို "ဒေါသစရိုက်ရှိသူ=ဒေါသအဖြစ်အားကြီးသူ"ဟု ခေါ်၏၊ တယောက်က မောဟအားကြီးသူဖြစ်နေ၏၊ ထိုသူ့ကို "မောဟစရိုက်ရှိသူ=ထုံထိုင်းဖျင်းအသူ"ဟု ခေါ်၏။

တချို့မိသားတစုတွင်လည်း တယောက်က သဒ္ဓါတရားကောင်းသူ ဖြစ်နေ၏၊ ထိုသူသည် "သဒ္ဓါစရိုက်ရှိသူ=အပေးအကမ်းဝါသနာပါသူ ဘုရား တရား သံဃာကြည်ညိုသူ"ဟု ထင်ရှား၏၊ တယောက်က ပညာကောင်းသူ ဖြစ်နေ၏၊ ထိုသူသည် "ပညာစရိုက်ရှိသူ=အသိအလိမ္မာများသူ အရာရာစဉ်းစားတတ်သူ ပညာလိုက်စားသူ"ဟု ထင်ရှား၏၊ တယောက်ကား ဝိတက် (အကြံ)များပြီး အလုပ်မတွင်သူဖြစ်နေ၏၊ တချို့မှာ ဘယ်တရားလွန်ကဲသည်ဟု မထင်ရှား၊ တချို့ကား "ရာဂလဲကြီး ဒေါသလဲကြီး သဒ္ဓါလဲကောင်း ပညာလဲကောင်း"စသည်ဖြင့် ရောရောနှောနှော စရိုက်ပါသူဖြစ်၍နေ၏။ ဤသို့လျှင် ဘဝအဆက်ဆက်သို့ စိတ်ဓာတ်သတ္တိ ကူးစက်နိုင်သည်အားလျော်စွာ ရှေးရှေးက ဓာတ်သတ္တိပါသည့်အတိုင်း ယခုအခါ စိတ်အမျိုးမျိုးရှိသူတွေကို တွေ့ကြရပေသည်။

**မကောင်းသတ္တိလျော့စေ။** ။"လောဘ, ဒေါသ, မောဟ, ဝိတက်"ဟူသော စရိုက်များသည် မကောင်းသောဓာတ်သတ္တိတွေ ဘဝဆက်တိုင်း လိုက်ပါစေနိုင်၏၊ ထိုသို့လိုက်ပါလျှင် နောက်နောက်ဘဝတို့၌လည်း လောဘကြီးသူ, ဒေါသကြီးသူ, မောဟကြီးသူ, ဝိတက်များသူဖြစ်ဦးမည်သာ၊ ယို့ကြောင့် တရားမှန်ကိုနာယူ၍ အထိုက်အလျောက်သိသော ယခုလိုဘဝ၌ မကောင်းသော ဓာတ်သတ္တိတွေ အဆက်ဆက် မတိုးပွါးစေနိုင်အောင် (အကုန်အစင်ကင်း၍ မသွားသော်လည်း သတ္တိပြယ်တန်သမျှ ပြယ်သွားအောင်) ကြိုးစားဘို့တာဝန်ရှိ၏၊ **မိန်းမ၏ဓာတ်သတ္တိအဆက်ဆက်ပါလာသူသည်ပင် မိန်းမဘဝကို**

အပြစ်မြင်၍ ကုသိုလ်ပြုမှုကြောင့် မိန်းမ၏ ခါတ်သတ္တိပြယ်ကာ ယောကျ်ား၏ခါတ်သတ္တိသို့ ပြောင်းလာနိုင်သေးလျှင် မိမိ၏ လောဘ, ဒေါသ, မောဟသတ္တိများ ပြယ်သွားအောင် အဘယ်မှာ မတတ်နိုင်ဘဲ ရှိပါအံ့နည်း။

**မှတ်ချက်။** ။တဏှာရာဂ လောဘသတ္တိပြယ်အောင် ဆံပင်မွေးညှင်း စသော သုံးဆဲ့နှစ်ကောဋ္ဌာသနှင့် သူသေကောင်ကို အာရုံပြုသော **အသုဘကမ္မဋ္ဌာန်း**ကို ပွါးများရ၏၊ ဒေါသသတ္တိပြယ်အောင် **မေတ္တာ**ကို နှလုံးသွင်းရ၏၊ မောဟသတ္တိပြယ်အောင် **အာနာပါဏ**ကို အားထုတ်ရ၏၊ ဝိတက်သတ္တိပြယ်အောင်လည်း ဝိတက်၏ တောင်တောင်ကြံကြံ ကြံစည်မှုကို ငြိမ်သက်သွားအောင် **အာနာပါဏ**ကိုပင် အားထုတ်ရသည်။

**ကောင်းသော သတ္တိတိုးစေ။** ။"သဒ္ဓါပညာ" ဟူသော စရိုက်နှစ်ပါးကား တိုးလေကောင်းလေဖြစ်၏၊ ထို့ကြောင့် မိမိ၏စိတ်အစဉ်၌ သဒ္ဓါခါတ် တိုးပွါးအောင် ဘုရားဂုဏ်တော်များကို အခါခါအောက်မေ့ရ၏၊ ထိုအခါ ဘုရားကိုတိုး၍ ကြည်ညိုသောသဒ္ဓါတရား တိုးပွါး၏၊ ဘုရား ကြည်ညိုလျှင် ဘုရားတရားတော်များကိုရင်း၊ ကောင်းမွန်စွာကျင့်သော သံဃာတော်များကိုရင်း တိုး၍ကြည်ညို၏၊ ထိုအခါ သာသနာတော်ကို ကြာရှည်စွာ တည်စေလို ကျက်သရေရှိစေလိုသော ဆန္ဒလည်း တိုးပွါးလာ၏၊ ထိုသဒ္ဓါခါတ်နှင့် ကောင်းသော ဆန္ဒခါတ်များ ကိန်းအောင်းနေသူသည် ဘဝအဆက်ဆက်၌ အယူမှားသူလည်း မဖြစ်နိုင်၊ ပါရမီကုသိုလ်ကိုချည်းသာပြု၍ မဂ်ဖိုလ်နိဗ္ဗာန်မျက်မှောက်ပြုဘို့သာ ရှိတော့၏၊ ထို့ကြောင့် ကောင်းသော သဒ္ဓါခါတ်တိုးသည်ထက် တိုးအောင် အမျိုးမျိုးကြိုးစားသင့်ကြသည်။

## သူများယောင်တိုင်း မယောင်သင့်

ယခုခေတ်၌ ပကာသန(ဂုဏ်ဖော်) ကောင်းမှုတွေ သောင်းကျန်းလျက် ရှိ၏၊ (၁) ဘုရားပွဲ၊ (၂) ကျောင်းပွဲ၊ (၃) ရှင်ပြုပွဲ၊ (၄) အလှူဒါနအမျိုး

မျိုးပွဲ၊ (၅) မသာအသုဘပွဲ၊ (၆) ဘုန်းကြီးပြန်ပွဲ၊ (၇) စာပြန်ပွဲ၊ (၈) ဆရာတော်ပူဇော်ပွဲ ဤသို့သည်ဖြင့် ပွဲအမျိုးမျိုးရှိ၏၊ ကုန်ကျစရိတ်များလည်း ပွဲတိုင်းမှာမနည်းလှ၊ ထိုပွဲတို့၏ အကျိုးအပြစ်နှင့် လမ်းမှန်သောလုပ်နည်းတချို့ကို အနာဂတ် သာသနာစာအုပ်၌ ပြခဲ့ပါပြီ၊ ထိုပွဲများလုပ်ရာ၌ ခေါင်းဆောင်ပုဂ္ဂိုလ် နောက်ပါပုဂ္ဂိုလ်များ၌ စိတ်အမျိုးမျိုးရှိကြပေလိမ့်မည်၊ ထိုစိတ်အမျိုးမျိုးတို့တွင် ဂုဏ်ပကာသနမမက်သူတချို့မှာ ရှေ့နောက်ကုသိုလ် အပြည့်အစုံရမည်ဖြစ်ခဲ့သော်လည်း တချို့မှာကား တကယ်ကုသိုလ်စိတ်၏ ရှေ့အဖို့၌ ဂုဏ်ဖော်လိုသော လောဘစိတ်က ခြံရံနေတတ်၏၊ ကုသိုလ်ပြုပြီးနောက်၌လည်း ထိုကုသိုလ်က ကောင်းမှန်စွာ အထမြောက်လျှင် ကြွားဝါချင်သော လောဘစိတ်က ခြံရံနေတတ်ပြန်၏၊ ကောင်းမှန်စွာ အထမမြောက်လျှင်လည်း စိတ်မကောင်းဖြစ်သော စိတ်ဆိုးသော ဒေါသစိတ်က လိုက်ပါလျက် ရှိတတ်၏။

**ဂုဏ်ဖော်ကောင်းမှု သတိပြု။** ။ထိုသို့ဖြစ်လျှင် ထိုသူ့စိတ်အစဉ်ဝယ် လောဘခေတ်သတ္တိ သို့မဟုတ် ဒေါသခေတ်သတ္တိများလည်း မူလရှိရင်းစွဲအပေါ်တွင် ပို၍အစွမ်းထက်လာ၏၊ ထိုသို့ဖြစ်လျှင် ဘဝအဆက်ဆက် ကုသိုလ်ပြုသမျှ၌ ထိုကဲ့သို့ မကောင်းတရားတွေ ဝန်းရံ၍နေဦးလတ္တံ့၊ ထိုပကာသနကုသိုလ်သည် အခွင့်သာသော ဘဝ၌ အကျိုးပေးလျှင်လည်း ထိုအကျိုးကြောင့် လောဘကြီးသူ ဖြစ်လတံ့၊ သို့မဟုတ် ဒေါသကြီးသူဖြစ်အောင် အကျိုးပေးလတ္တံ့၊ ထိုလောဘ, ဒေါသတွေ ခြံရံနေသော ကောင်းမှုသည် ထိုသူ့ကို သံသရာဝဋ္ဋဝယ် တလည်လည် လည်နေစေမည်သာ ဖြစ်ရကား ထိုကောင်းမှုမျိုးသည် အရိယာဖြစ်အောင် မစွမ်းဆောင်နိုင်ပါ၊ ထို့ကြောင့် ခေတ်သတ္တိကူးစက်လိုက်ပါနေပုံကို သဘောပေါက်နေသူမှန်လျှင် ဂုဏ်ဖော်ကောင်းမှုကို ကမ္မဋ္ဌာန်းဘာဝနာတိုင်အောင် မပြုမိဘို့ရန် သူများယောင်တိုင်း ယောင်ရမ်းပြီး မလုပ်မိဘို့ရန် အမြဲသတိပြုသင့်ကြပါသတည်း၊ (မိမိကုသိုလ်ကို မိမိသာယာမှု လောဘမျိုးကား ပုထုဇဉ်ကိုမဆိုထားဘိ၊ အနာဂါမ်တိုင်အောင် ရှိပါသေး၏။ ထိုလောဘမျိုးကို ဂုဏ်ဖော်လောဘနှင့် မရောပါနှင့်)။

**ကံအကျိုးပေးခြင်း၏ အကြောင်း။** ။"ရုပ်အစဉ် နာမ်အစဉ်ဝယ် ကံ၏ အစွမ်းသတ္တိသည် ဆိုင်ရာအကျိုးကို မပေးရသေးသမျှ သတ္တိမပြယ်ဘဲ အစဉ်တစိုက် အရိပ်လိုက်သလို လိုက်ပါနေကြလျှင် ဘယ်လိုအခါကျမှ အကျိုးပေးကြသနည်း" ဟု မေးဘွယ်ရှိ၏၊ အဖြေကား....ကုသိုလ်ကံသည် သူနှင့်သင့်လျော်အောင် သမ္ပတ္တိဆိုက်နေသော အခါကျမှ ဆိုင်ရာအကျိုးကိုပေး၍ အကုသိုလ်ကံကလည်း သူနှင့်သင့်လျော်အောင် ဝိပတ္တိဆိုက်နေသောအခါကျမှ ဆိုင်ရာအကျိုးကိုပေးသည်၊ ထို့ကြောင့် သမ္ပတ္တိ ဝိပတ္တိအကြောင်းကိုလည်း ကောင်းကောင်းနားလည်ဘို့ လိုပါသည်။

## သမ္ပတ္တိ ဝိပတ္တိ

ပြည့်စုံခြင်း ကောင်းခြင်းကို "သမ္ပတ္တိ" ဟု ခေါ်၏၊ ထိုသမ္ပတ္တိသည် ဂတိ, ဥပဓိ, ကာလ, ပယောဂအားဖြင့် လေးပါးရှိ၏၊ ပျက်စီးခြင်းကို "ဝိပတ္တိ" ဟု ခေါ်၏၊ ထိုဝိပတ္တိလည်း ထိုလေးပါးပင်တည်း၊ ထို့တွင် 'ဂတိ' ဟူသည် ရောက်အပ် ရအပ်သော ဘုံဘဝတည်း၊ "ဥပဓိ" ဟူသည် ရုပ်အဆင်းတည်း၊ "ကာလ" ဟူသည် အုပ်ချုပ်သော မင်းခေါင်းဆောင်တို့၏ အုပ်ချုပ်ရာခေါင်းဆောင်ရာ အခါတည်း၊ "ပယောဂ" ဟူသည် ကိုယ်ဖြင့်ပြုလုပ်ခြင်း ကာယပယောဂ၊ နှုတ်ဖြင့် ပြောဆိုခြင်း ဝစီပယောဂ၊ စိတ်ဖြင့် ကြံစည်ခြင်း မနောပယောဂ တည်း၊ (ထို ကိုယ်, နှုတ်, စိတ်တို့၏ အရင်းခံဖြစ်သော ဉာဏ်ဝီရိယသတိကို လည်း "ပယောဂ" ဟု ခေါ်ရသည်၊)

**ဂတိသမ္ပတ္တိ။** ။လူ့ဘဝ နတ်ဗြဟ္မာဘဝကို "ဂတိသမ္ပတ္တိ" ဟု ခေါ်၏၊ သတ္တဝါတယောက်၌ ဘဝများစွာ သံသရာဝယ် အမျိုးမျိုးသော ကုသိုလ်ကံ အကုသိုလ်ကံများ ပါရှိကြ၏၊ ထိုကံတို့တွင် ဂတိသမ္ပတ္တိသို့ ရောက်နေရသောအခါ အကုသိုလ်ကံတွေ အကျိုးပေးခွင့်များစွာ မရဘဲ ကုသိုလ်ကံတို့သာ အကျိုးပေးခွင့်များစွာရ၏၊ ထို့ကြောင့် လူ့ဘဝ၌ "ဆင်းရဲပါသည်" ဟု ဆိုရသော်လည်း တိရစ္ဆာန်တို့ ဆင်းရဲ သလောက် မဆင်းရဲနိုင်ပေ၊ "ချမ်းသာပါပေသည်" ဟု ဆိုရသူတို့ကား အမျိုးမျိုးချမ်းသာခွင့် ရကြပေသည်၊ ဘုမ္မစိုး ရုက္ခစိုးနတ်များမှာ

လူများကဲ့သို့ ဆင်းရဲသေး၏၊ အထက် နတ်ပြဟ္မာတို့မှာမူ ဆင်းရဲစရာ အလွန့်အလွန် နည်းပါး၍ ချမ်းသာမှုတွေကား အလွန့်အလွန် ကြီးမားပါပေသည်။

**ဂတိဝိပတ္တိ၊** ။ငရဲတိရစ္ဆာန် ပြိတ္တာဘဝကို "ဂတိဝိပတ္တိ"ဟု ခေါ်ရ၏၊ ထိုဂတိ၌ဖြစ်ခိုက်၌ကား မိမိသန္တာန်၌ပါရှိသော ကုသိုလ်ကံများသည် အကျိုးပေးခွင့်များစွာမရဘဲ အကုသိုလ်ကံတွေသာ အကျိုးပေးခွင့်များစွာရ၏၊ ထို့ကြောင့် ထိုဘဝတို့တွင် ငရဲပြိတ္တာဘဝတို့၌ "ချမ်းသာပါပေ့"ဟု ဆိုရလောက်အောင်မရှိ၊ တရံတခါ ဒုက္ခသက်သာရုံသာ ရှိ၏၊ ဆင်းရဲစရာရှိလျှင်ကား အစွမ်းကုန်ဆင်းရဲကြရတော့၏၊ တိရစ္ဆာန်တချို့သည် ချမ်းသာခွင့်ရကြပါသေး၏၊ သို့သော် လူများ နတ်များ ချမ်းသာသလောက်ကား မချမ်းသာနိုင်၊ ဆင်းရဲစရာတွေကား အလွန်များ၏၊ လူတို့အနီးအပါး၌ ခွေး နွား ကြက် ဝက် စသော တိရစ္ဆာန်များ ဆင်းရဲပုံ၊ အရိုက်အနှက် အသတ်အဖြတ်ခံရပုံတို့ကို ကြည့်ပါ။

**အမှာ။** ။ဤနည်းအတိုင်း ကာလသမ္ပတ္တိနှင့် ကြုံသောအခါ ဥပဓိသမ္ပတ္တိနှင့်ကြုံသောအခါ ပယောဂသမ္ပတ္တိနှင့် ကြုံသောအခါတို့၌ ကုသိုလ်ကံများ အခွင့်သာ၍ ကာလဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ပယောဂဝိပတ္တိနှင့်ကြုံသောအခါ အကုသိုလ်ကံများ အခွင့်သာပုံကို သိပါလေ၊ ကိုယ်ကျင့်အဘိဓမ္မာ ကံအခန်း၌ ဉာဏဝိဘင်းပါဠိတော် အဋ္ဌကထာမှီး၍ အကျယ်ပြခဲ့ပါပြီ။

### အကုသိုလ်ကံက ကောင်းကျိုးပေး

တချို့က အကုသိုလ်အလုပ်ကိုလုပ်မှ စီးပွါးတက်၍ ကောင်းသောအလုပ်ကို ပြောင်းလဲ၍လုပ်သောအခါ စီးပွါးဆုတ်ယုတ်သောကြောင့် "အကုသိုလ်အလုပ်နှင့် အကျိုးပေးသည်"ဟု ပြောကြ၏၊ အကုသိုလ်မှန်လျှင် ကောင်းသော အကျိုးကို မပေးပါ၊ အကုသိုလ်အလုပ်ဖြင့် အကျိုးပေးသူမှာ ထိုသူ၏အကုသိုလ်အလုပ်က ရှေးက ကုသိုလ်ကံအခွင့်သာအောင် ပြုပေးခြင်းမျှသာ ဖြစ်ပါသည်၊ ရှေးကုသိုလ်ကံအခွင့်သာအောင် ပြုပေးသော အကုသိုလ်အလုပ်ကိုပင် "ပယောဂသမ္ပတ္တိ"ဟု ဆိုရပါသည်။

သို့သော် ထိုအကုသိုလ်အလုပ်သည် ကံအသစ်ဖြစ်ပြန်ရကား ထိုအလုပ်က နောက်နောက်ဘဝ၌ မကောင်းကျိုးပေးပါလိမ့်မည်၊ တချို့မှာမူ ယခုဘဝ၌ပင် ရှေးအကုသိုလ်ကံ အခွင့်သာအောင် ရေလာမြောင်းပေးပြုသကဲ့သို့ ဖြစ်ရကား ယခုဘဝအကုသိုလ်သည် ရှေးအကုသိုလ်ကံအား အကူအညီပြုပါလိမ့်မည်၊ ဥပမာ....လူတယောက်သည် ခိုးဝှက်တိုက်ခိုက်၍ ရွှေငွေရ၏၊ ထိုရွှေငွေရခြင်း သည် ရှေးကုသိုလ်ကံကြောင့်ဖြစ်၏၊ ထိုသို့ ရှေးကုသိုလ်ကံ အခွင့်သာအောင် ပြုပေးသော ခိုးမှုတိုက်မှုကား အကုသိုလ်ကံ အသစ်ဖြစ်သောကြောင့် ယခု ဘဝမှာပင် ဥစ္စာရှင်က လက်ဦး၍ အသတ်ခံရခြင်းအကျိုး, ထောင်ဒဏ်ခံရခြင်း အကျိုးများကိုပေးဘို့ရန် ရှေးအကုသိုလ်ကံ အခွင့်သာအောင်လည်း ပြုပေးပြန် သကဲ့သို့တည်း။

**ပြည့်တန်ဆာမ အထင်မှားပုံ။** ။ဒက္ခိဏာကီမင်း၏ နိုင်ငံ၌ ဥယျာဉ်ဝယ် "ကိသဝစ္ဆ"မည်သော သူတော်ကောင်းရသေ့တပါး သီတင်းသုံးနေ၏၊ ထိုမင်းသည် ရာထူးဖြင့် ချီးမြှောက်ထားသော ပြည့်တန်ဆာမ တယောက်ကို ရာထူးမှချထား၏၊ ထိုပြည့်တန်ဆာမသည် ထိုဥယျာဉ်၌ လှည့်လည်သောအခါ သူတော်ကောင်းရသေ့ကိုမြင်၍ "ဤသူဟာ သူယုတ်မာဖြစ်လိမ့်မည်"ဟု ထင်မှားလေသည်၊ ထိုနောက် "သူ့မှာ မကောင်းမှုအညစ်အကြေးတွေ ရှိသောကြောင့် ရာထူးမှအချခံရသည်၊ ငါ၏အညစ်အကြေးတွေကို ဒီရသေ့အပေါ်မှာ မျှောမည်"ဟု ကြံစည် ကာ....ဒန်ပူဝါးပြီးလျှင် တံထွေးအပြစ်အခဲကို ရသေ့၏ဆံကျစ်ပေါ်၌ ထွေးချ၏၊ ဒန်ပူကိုလည်း ဦးခေါင်းပေါ်၌ ပစ်ချ၏၊ ထိုသို့ပြုခြင်းကို ပင် "သူ၏အပြစ်တွေကို ထားပစ်ခဲ့ပြီ"ဟု ယူဆ၍ ဦးခေါင်းလျှော်ကာ ပြန်လာလေ၏၊ ထိုအချိန်မှာပင် ရှင်ဘုရင်သည် ထိုပြည့်တန်ဆာမကို သတိရ၍ အခေါ်ခိုင်း၏၊ ရောက်လာသောအခါ မူလရာထူးကို ပြန်၍ ပေးလေသည်၊ ဤသို့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ကဲ့သို့ ကြုံကြိုက် သွားသည်ကိုပင် ရသေ့အပေါ်၌ မကောင်းမှုမျှောပစ်ခဲ့သောကြောင့် "မကောင်းမှုကုန်၍ ကောင်းကျိုးရသည်"ဟု ထင်မှားလေသည်။

**ပုရောဟိတ်နှင့်မင်း အတုလိုက်ပုံ။** ။ထိုတိုင်းပြည်၌ ပုရောဟိတ်ကိုလည်း ရှင်ဘုရင်က ရာထူးမှချထား၏၊ ပုရောဟိတ် ပြည်တန်ဆာယာသွား၍ ရာထူးပြန်ရခြင်း၏ အကြောင်းကို မေးသောအခါ ရသေ့အပေါ်၌ မကောင်းမှုတွေမျှော်ပစ်ကို ရာထူးပြန်ရကြောင်းကို ပြော၏၊ ပုရောဟိတ် ပုဏ္ဏားလည်း ထိုပြည်တန်ဆာပြောသည့် အတိုင်း ပြု၍ မကြာမီပင် ရာထူးပြန်ရလေသည်၊ ထိုနောက် ရှင်ဘုရင်သည် စစ်တိုက်ထွက်ဘို့ရန် ကိစ္စကြုံလာ၏၊ ထိုရှင်ဘုရင်အား ပုဏ္ဏားကအကြံပေးသည်မှာ စစ်ထွက် ခါနီး၌ စစ်သားအားလုံး ဥယျာဉ်ထဲ၌နေသော ရသေ့အယုတ်ထံ မကောင်းမှုမျှောဘို့ရန် ဖြစ်လေသည်၊ ထိုအကြံကို သဘောတူ၍ ရှင်ဘုရင်နှင့်တကွ စစ်တိုက်ထွက်မည့်စစ်သားအားလုံးပင် ဥယျာဉ်သို့ ဝင်ကာ ရသေ့အရှင်မြတ်၏ ဘံကျစ်ပေါ်၌ ရှင်ဘုရင်က၍ တံတွေး အတုံးအတစ်တွေကို ထွေးချပြီးလျှင် ဒန်ပူတွေကိုလည်း ရသေ့၏ ဦးခေါင်းပေါ်၌ ပစ်ချကြပြီးလျှင် အားလုံး ဦးခေါင်းလျှော်ကြ လေသည်။

**စစ်သူကြီး လာ၍ပြုစုခြင်း။** ။အားလုံး စစ်ထွက်သွားသောအခါ ကျန်နေ ရစ်သော စစ်သေနာပတိသည်နှုဂိုရ်ကပင်ရသေ့အရှင်ကို ကြည်ညိုနေသူ ဖြစ်ရကား ဒန်ပူတွေကို ဖယ်ရှား၍ကောင်းမွန်စွာ ရေချိုးပေးပြီးလျှင် "ရှင်ဘုရင်အတွက် ဘယ်လိုများဖြစ်ရာရှိပါသနည်းဘုရား" ဟု မေး လျှောက်လေသော် "ငါ့မှာ ဒေါသမဖြစ်ပါ၊ သို့ရာတွင် နတ်တို့ကား အလွန်စိတ်ဆိုးကြသည်၊ ခုနစ်ခြောက်နေ့၌ တတိုင်းပြည်လုံး တိုင်းပြည် မဟုတ်တော့ဘဲ တောကြီး ဖြစ်သွားလိမ့်မည်၊ အသင်စစ်သူကြီးကား မိမိစကား နားထောင်မည့်သူများကိုခေါ်၍ အမြန်ပြေးလော့" ဟု မိန့် တော်မူ၏၊ စစ်သူကြီးသည် သားမယားကိုခေါ်၍ အခြားတိုင်းပြည်သို့ ထွက်ပြေးလေ၏၊ ကိသဝစ္ဆရသေ့ကိုလည်း ရသေ့ဆရာကြီးက ရသေ့ ငယ်နှစ်ပါးကို စေလွှတ်၍ ညောင်စောင်းဖြင့် အယူခိုင်းရ၏၊ ထိုရသေ့ လည်း မကြာမီ ကွယ်လွန်ရှာလေသည်။

**တိုင်းပြည်ပျက်ပုံ။** ။ရှင်ဘုရင်သည် စစ်အောင်၍ ပြန်လာ၏၊ စစ်အောင်ခြင်းကိုပင် အယုတ်တမာ ရသေ့အပေါ်၌ မကောင်းမှုတွေ မျှောပစ်ခြင်းကြောင့် အောင်သည်ဟု ယူဆ၏၊ မကြာမီပင် ရွာရိုးရွာစဉ် မိုးကြီးရွာ၍ သင်းချိုင်း၌ရှိသော သူသေကောင်တွေ မျောသွားကုန်၏၊ ထို့နောက် သဲပွင့်မိုးရွာ၏၊ ထိုနောက် သဲပွင့်အထက်ဝယ် ပန်းမိုးရွာ၏၊ ပန်းတွေအထက်၌ ပဲစေ့မိုးကလေးတွေ ရွာချ၏၊ ပဲစေ့အထက်၌ ရွှေဒင်္ဂါး ငွေဒင်္ဂါးမိုးရွာ၏၊ လူတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကောက်ယူနေကြစဉ် အလျှံတောက်သော လက်နက်မိုးကြီး ရွာချလေသည်၊ လူတွေ အပိုင်းအပိုင်းပြတ်၍ သေလေသောအခါ မီးကျိုးခဲမိုးကြီး ရွာချ၍ အားလုံး မီးသင်္ဂြိုဟ်ပြီးဖြစ်ကာ တိုင်းပြည်တခုလုံး လူမရှိသော တောကြီး ဖြစ်သွားလေသည်။ (သရဘင်္ဂဇာတ်) ဤဏ်အားနည်းသူတို့ (လောဘ, ဒေါသ, မောဟ, မာန) စသည့် အဓမ္မောင်တရား ဦးစီးမှုကြောင့် အတုခိုးမှားမိသဖြင့် အများပျက်စီးရသည်ကို သတိမူသင့်သည်။

## ကံသည် ချက်ခြင်းအကျိုးမပေး

အကုသိုလ်ကံသည် ပြု၍ပြီးလျှင် ယခုချက်ခြင်း အကျိုးမပေးနိုင်၊ အတော်ကြာမှ ပေးနိုင်၏၊ ဥပမာ.... နွားမှညစ်ပြီးခါစ နို့ရည်သည် ချက်ခြင်း အချဉ်နံ့ကိုမလွှတ်သေး၊တရက်လောက်ကျော်၍အတော်ကြာမှအချဉ်နံ့ကိုလွှတ်သကဲ့သို့တည်း၊ ထိုအကုသိုလ်သည် အကျိုးမပေးရသေးလျှင် ပြာဖုံးထားအပ်သော မီးခဲအစုကဲ့သို့ ဖုံးလျက်ပင် အကုသိုလ်ရှင်ကို ပူလောင်လျက် လိုက်ပါနေလေသည်၊ (ဓမ္မပဒ၊ ဗာလဝဂ်၊ ၇၁၊ ဂါထာ။)

**မကောင်းမှုကို ပျားသကာလိုထင်။** ။အကုသိုလ်ကံသည် ချက်ခြင်းအကျိုးမပေးနိုင်သည့်အတွက် မကောင်းမှု ပြုတုန်းဝယ် သာယာဘွယ် အရသာကို ပျားသကာလိုထင်မှတ်၍ အထပ်ထပ်ပြုမိကြတော့သည်၊ ထိုမကောင်းမှု အကျိုးပေးသော အခါ၌ကား မကောင်းမှုပြုစဉ်က သာယာခဲ့သော သုခနှင့် မကာမီအောင် ဒုက္ခအကြီးအကျယ်ကို ခံရလေတော့သည်၊ (ဓမ္မပဒ၊ ဗာလဝဂ်၊ ၆၉၊ ဂါထာ။)

**မိုက်မှန်းသိလျှင် လိမ္မာနိုင်သေး၏။** ။မကောင်းမှု ဒုစရိုက်တွေကို ပြုကျင့်နေသော်လည်း "ငါဟာ လူမိုက်ဘဲ" ဟု မိမိကိုယ်ကို သိနေသူသည် တဖြည်းဖြည်း ထိုမကောင်းမှုကို စွန့်နိုင်စရာရှိ၏၊ ထိုသို့စွန့်နိုင်သော အခါ လူလိမ္မာဖြစ်နိုင်ပါသေးသည်၊ မကောင်းမှုတွေကိုပြုကာ လူမိုက်ဖြစ်ပါလျက် မိမိလုပ်သာကို အကောင်းဟုယူဆ၍ မိမိကိုယ်ကို လူလိမ္မာဟု ထင်နေသူကား သူ့အလုပ်ကို ဘယ်တော့မှ စွန့်မည့်သူ မဟုတ်သောကြောင့် လူလိမ္မာမဖြစ်၊ စင်စစ် ဗာလသာဖြစ်နေတော့သည်၊ (ဓမ္မပဒ၊ ဗာလဝဂ်၊ ၆၃၊ ဂါထာ။)

**ဗာလ၏ အကောင်းဟူသမျှ မကောင်းဘို့သာ။** ။မကောင်းတာကိုပြု, မကောင်းတာကိုပြော, မကောင်းတာကို ကြံလေ့ရှိသော ဗာလသည် လောကဌ်တတ်သင့်သော သိပ္ပ ဝိဇ္ဇာတို့ကိုတတ်လျှင် ထိုအတတ်ကြောင့်သာ၍ မကောင်းမှုကိုပြုတတ်၏၊ ရာထူးရလျှင် အခြွေအရံများလျှင် စည်းစိမ်ပေါလျှင် ထိုရာထူး အခြွေအရံ စည်းစိမ်အတွက် သာ၍ မကောင်းမှုကိုပြုနိုင်၏၊ ထို့ကြောင့် ဗာလဖြစ်သူသည် ကောင်းသောအကျိုးကိုရစေကာမူ သူ့အတွက် အသိအလိမ္မာ ဉာဏ်ပညာတည်းဟူသော ဦးထိပ်ကို အောက်သို့ငိုက်စိုက်ကျစေကာ ဖြူစင်သောကုသိုလ်အစုတွေ ပျက်ဘို့ရာသာ ဖြစ်လေတော့သည်၊ (ဓမ္မပဒ၊ ဗာလဝဂ်၊ ၇၂၊ ဂါထာ။)

**ကာမကုသိုလ် အကျိုးကိုသတိထား။** ။ယခုအခါလူအများပြုနေကြသော ကုသိုလ်ကံသည် ကာမာဝစရ ကုသိုလ်ကံများတည်း၊ ထိုကံမျိုးသည် အကျိုးပေးသောအခါ "အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြွေအရံများခြင်း, အစိုးရခြင်း," ဟူသော အရင်းခံအကျိုး ငါးပါးနှင့် ခံစားဘို့ရာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံနှင့် အခြားကောင်းသော အရာများကို အကျိုးပေး၏၊ အမြော်အမြင်ရှိသော ရဟန်းရှင်လူပုဂ္ဂိုလ်သူတော်သည် ထိုအကျိုးပေးသမျှကိုသတိထား၍ အသုံးပြုသင့်သလောက်သာ အသုံးပြုရာ၏၊ လက်ခံသင့်သလောက်သာ လက်ခံရာ၏၊ ထိုသို့သတိမထားဘဲ အမှတ်တမဲ့ သုံးစွဲလက်ခံလျှင်

ထိုကောင်းကျိုးသည်ပင် မကောင်းကံများ အခွင့်ရအောင် သွေးဆောင်သကဲ့သို့ ဖြစ်နေတတ်သည်။

**အဆင်းလှခြင်း၌ သတိထားဘွယ်။** ။အဆင်းလှခြင်းသည် ရှေးကုသိုလ်ကံ အကျိုးပေးခြင်းဖြစ်၍ ကောင်းကျိုးပင်တည်း၊ သို့သော် အဆင်းလှသူသည် ကိုယ့်ကိုယ်ကို အနေအထိုင် အသွားအလာမှစ၍ သိက္ခာရှိရှိ ဣန္ဒြေရရ နေဘို့ရန် သတိထားသင့်ပါပေ၏ ထိုသို့သတိမထားဘဲ သူများက အရေးပါသည်ကို အကောင်းကြီးထင်ကာ သာယာမိပါလျှင် ဤဘဝတွင်ပင် ပျက်စီး၍ ဆင်းရဲဒုက္ခ ရောက်ဘို့ရာ အကုသိုလ်ကံများ အခွင့်သာတတ်လေသည်၊ ဥပမာ— ရုပ်ချောသော မိန်းကလေးကို လုလင်အများက ဝိုင်း၍ အရေးပါသောအခါ ထိုသူမသည် အလွန်သိက္ခာရှိစွာဖြင့် နေတတ်မှသင့်တော်၏၊ သူတို့၏ အရေးပါမှုကို သာယာ၍ ပျော်ပျော်ကလေး နေမိလျှင် မကြာခင် ဒုက္ခရောက်ရခြင်းမျိုးတည်း၊ ရုပ်ချောသော ယောကျ်ားကလေးများလည်း ဤနည်းပင်၊ အရှင်အာနန္ဒာအလောင်း သူတော်ကောင်းသော်မှ တခုသောဘဝ၌ ရုပ်ချောသည့်အတွက် မိန်းမတွေက အရေးပါကြသည်ကို သတိမထားဘဲ ပြန်၍လိုက်စားမိသောကြောင့် ကာမေသု မိစ္ဆာစာရကံတွေကို ပြုမိသည့်အတွက် ငရဲ၌ဖြစ်ကာ အတော်ကြာကြာ ဆက်၍ မိန်းမဖြစ်ရ၊ မိန်းမမဟုတ် ယောကျ်ားမဟုတ်သော ပဏ္ဍုက်ဖြစ်ရ၊ မိန်းမယောကျ်ား အင်္ဂါ နှစ်မျိုးစုံပါသူဖြစ်ရနှင့် ရုပ်ချောခြင်း၏ အပြစ်ကို အတော်ခံလိုက်ရပေသေးသည်။

**အားလုံးအကျိုးများ နှစ်စွန်းထွက်ပုံ။** ။ချမ်းသာကြီးခြင်း, အခြေအရံများခြင်း, ရာထူးဂုဏ်သိန် ကြီးခြင်းများလည်း သတိထားတတ်သူ အမြော်အမြင်ရှိသူတို့မှာ အဆက်ဆက်ကောင်းကျိုးရ၍၊ သတိမထားတတ်သူ အမြော်အမြင်မရှိသူတို့မှာ အကုသိုလ်တွေ အခွင့်သာတတ်သောကြောင့် အားလုံးသောအကျိုးတွေ နှစ်ဖက်အစွန်းထွက်နေပုံကို ချဲ့ထွင်၍ ကြည့်ကြပါလေ၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဟူသော အမြင်အာရုံကောင်းတွေ ပေါများနေခြင်း၌လည်း ထို့အတူပင် အစွန်းနှစ်ဖက် ထွက်နေသည်သာ။

**ရသာရုံ။** ။အစားကောင်း အသောက်ကောင်းများကို စားသောက်နေရခြင်းသည် ရှေးကုသိုလ်ကံ၏အကျိုးပေးခြင်းတည်း၊ သို့သော် ကောင်းသော အစားအသောက်တို့ကို နိုင်းနိုင်းချိန်ချိန် မစားမသောက်ဘဲ အလွန်အမင်းစားသောက်ခြင်းကြောင့် အစာမကြေဘဲရောဂါရတတ်၏၊ ထိုအခါ အကုသိုလ်ကံအခွင့်သာ၍ ထိုရောဂါဒဏ်ကို အတော်ခံရရုံမက တချို့မှာ ထိုရောဂါကြောင့်ပင် သေရတတ်၏၊ ယခုအခါ အသောက်လွန်ပြီးလျှင် အန်ဖတ်ဆို့၍သေရခြင်း, ဝေဿန္တရာဇာတ်၌ ဇူဇကာ ပုဏ္ဏားသည် အစားကောင်းတွေကို အလွန်အမင်းစားမိသောကြောင့် စားပို့နင့်၍ သေရခြင်းများလည်း ဤသဘောပင် ဖြစ်သည်။

**ဖေါဋ္ဌဗ္ဗာရုံ။** ။ရှင်ဘုရင်ဆိုသူ၌ မိဖုရားတွေများခြင်းသည် ကုသိုလ်အကျိုးပေးခြင်းပင် ဖြစ်၏၊ ထိုသို့ မိဖုရားများမှုကြောင့် ကောင်းကျိုးမရဘဲ ဆိုးကျိုးတွေရတတ်ပုံကို မြန်မာရာဇဝင်ဖြင့် စိစစ်ကြည့်ပါ၊ ယောကျ်ားတယောက်၌ မိန်းမအများ ရှိခြင်းသည်လည်း ကုသိုလ်အကျိုးပေးသဖြင့် ထိုအာရုံများပိုလာခြင်းပင်တည်း၊ ထိုသို့ ပိုသည့်အတွက် ဗျာများ၍ ဒုက္ခလည်းတိုးပွါး အကုသိုလ်သည်း တိုးပွါးပုံမှာ အများမျက်မြင်ပင် ဖြစ်၏၊ မိန်းမဖြစ်သူသည် မိမိယောကျ်ားဖြင့် တင်းမတိမ်ဘဲ အပိုခံစား၏၊ ခံစားရမှုကို သုခဟုဆိုရသော်လည်း ထိုသုခနောက်က ဒုက္ခတွေမဆုံးနိုင်အောင် ပါဘတ်လေသည်။

**ဘုန်းကံရှင်။** ။ရှေးကုသိုလ်အကျိုးပေး၍ ဘုန်းရှင် ကံရှင် မနရှင်ဖြစ်နေသူတယောက်ကို ဆိုင်ရာကဝိုင်း၍ မြှောက်သောကြောင့် ဟိုအလုပ်ဒီအလုပ်တွေကို လုပ်ခြင်း၊ ကျောင်းဒကာ ဘုရားဒကာ အလှူဒကာ လုပ်လို၍ ကိုယ်မနိုင်သော ဒါနကိုပြုခြင်းတို့ကြောင့် တဘဝအတွင်း မှဲ၍ အကုသိုလ်အခွင့်သာပုံ၊ ရှေးကုသိုလ်ကံ အခွင့်ပေးသဖြင့် တရားဟောကောင်း စာချကောင်း ဘုန်းကြီးသော ဘုန်းတော်ကြီးတပါးကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့က ဝိုင်း၍ မြှောက်သဖြင့် အကုသိုလ်အခွင့်သာ၍ မကျန်းမမာဖြစ်ရရုံမက ပြန်တော်မူသည်အထိ ဖြစ်ရပုံတို့မှာ ကုသိုလ်ကံ အကျိုးပေးသည်ကို သတိမထားခြင်းကြောင့်သာတည်း၊

တို့ကြောင့် "ဒကာကိုဆရာက မြှောက်လျှင်မဲ့ရော၊ ဆရာကိုဒကာက မြှောက်လျှင် လဲရော"ဟု ပြောစမှတ်ပြုကြလေသည်၊ (မထနိုင်အောင် ပြန်တော်မူသည်ကို "လဲရော"ဟု ဆိုသည်။)

**စက်လေးပါး။** ။ယာဉ်အခါ စက်(ဘီး)များသည် လှည့်လည်သွားလာ ဘို့ရန် ဖြစ်သကဲ့သို့ လူ့အတူ သံသရာလမ်းတလျှောက်ဝယ် ဆိုင်ရာဘဝသို့ ရောက်လျက် နိဗ္ဗာန်အထိ အဆက်ဆက်လှည့်လည်ကြောင်း ကောင်းမှု များကို "သမ္ပတ္တိစက်" ဟုခေါ်၏၊ ထိုသမ္ပတ္တိစက်သည် ပဋိရူပဒေသ- ဝါသစက်၊ သပ္ပုရိသူပနိဿယစက်၊ အတ္တသမ္မာပဏိဓိစက် ပုဗ္ဗေစကတ ပုညတာစက်အားဖြင့် လေးပါးရှိ၏၊ (မင်္ဂလသုတ် "ပဋိရူပဒေသဝါ သော စ" ဂါထာ၌လာသော သုံးပါးတွင် သပ္ပုရိသူပနိဿယစက်ကို ထပ်၍ထည့်လျှင် လေးပါးဖြစ်သည်။)

**စက်ချင်းဆက်သွယ်နေပုံ။** ။သင့်တင့်လျောက်ပတ် ကောင်းသောအရပ် ကို ပဋိရူပဒေသဟုခေါ်၏၊ထိုအရပ်မျိုး၌နေရခြင်းကို ပဋိရူပဒေသဝါသ ဟု ခေါ်၏၊ သူတော်သူမြတ်ကို မှီခိုရ ဆည်းကပ်ရခြင်းကို သပ္ပုရိသူ ပနိဿယဟု ခေါ်၏၊ မိမိ၏ ကိုယ်စိတ်နှစ်ပါး ကောင်းစွာထားခြင်းကို (စိုက်ထားတတ်ခြင်းကို) အတ္တသမ္မာ ပဏိဓိဟု ခေါ်၏၊ ရှေးရှေးဘဝ၌ ကောင်းမှုကုသိုလ် ပြုခဲ့ဘူးခြင်းကို ပုဗ္ဗေ စ ကတပုညတာဟု ခေါ်၏၊ ယို့ကြောင့် ပုဗ္ဗေ စ ကတပုညတာ စက်ရှိသူသည် ပဋိရူပဒေသ၌ ဖြစ်ရ နေရ၏၊ ပဋိရူပဒေသ၌ ဖြစ်ရနေရသူသည် သူတော်သူမြတ်ကို မှီခိုရ ဆည်းကပ်ရ၏၊ သူတော်သူမြတ်ကို မှီခိုဆည်းကပ်ရသူသည် (တရား နာရ, အဆုံးအမခံရသောကြောင့် ကုသိုလ် အကုသိုလ်မှန်းသိရကား) မိမိ၏ကိုယ်ကိုလည်း ကောင်းအောင်(အပြစ်မရှိအောင်) ထားတတ်၏၊ မိမိ၏စိတ်ကိုလည်း ကောင်းမှုကုသိုလ်၌သာ ရောက်နေအောင် ထား တတ်၏၊ ထိုသို့ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း ဟူသော အတ္တသမ္မာပဏိဓိ စက်သည်ပင် ကုသိုလ် ဖြစ်နေရကား နောက်နောက် လာမည့်ဘဝအတွက် ပုဗ္ဗေ စ ကတပုညတာ ဖြစ်ပြန်၏၊ ဤစက်ကြောင့် နောက်ဘဝ၌ ပဋိရူပဒေသဝယ် ဖြစ်နိုင်ရကား ဤဘဝက အတ္တသမ္မာ

ပဏ္ဏိမိစက်သည် နောက်ဘဝ၌ ပဋိရူပဒေသဝါသစက်နှင့် ဆက်သွယ်နေပြန်၏၊ ဤသို့လျှင် သမ္ပတ္တိစက် လေးပါးသည် တပါးနှင့်တပါး ဆက်သွယ်ကာ'' နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အဆက်ဆက်လည်နေလေတော့သည်။ (အင်္ဂုတ္တိုရ်၊ စက္ကဝဂ်၊ စက္ကသုတ်။)

## ပဋိရူပ ဒေသဝါသ

(ပဋိရူပ-သင့်တော်သော+ဒေသ-အရပ်၌+ဝါသ=နေရခြင်း)ပညာသင်လိုသူတို့အတွက် ပညာကောင်းကောင်း ပေးနိုင်သော ဆရာကြီးတို့၏ တိုင်းပြည် မြို့ရွာဒေသသည်၎င်း, ထိုအရပ်နှင့် နီးသောအရပ်သည်၎င်း, စာသင်ကျောင်းကောင်းနှင့်နီးသောနေရာသည်၎င်းပဋိရူပဒေသဖြစ်၏၊စီးပွားရှာလိုသူတို့အတွက် စီးပွားရှာ၍ကောင်းသော, အလုပ်အကိုင် ပေါများသော, အရောင်းအဝယ် ဖွံ့ဖြိုးသော, လယ်ယာကိုင်းကျွန်းရှိ၍ မိုး, ရေ ရနိုင်သော မြို့ရွာဒေသသည် ပဋိရူပဒေသဖြစ်၏။

ကျန်းမာရေး လိုက်စားသူတို့အတွက် ဥတု ရေမြေ အစာကောင်းသော မြို့ရွာဒေသသည် ပဋိရူပဒေသဖြစ်၏၊ ကုသိုလ်ကောင်းမှု လိုလားသူတို့အတွက် သံဃာတော်ကောင်း ဘုန်းတော်ကြီးကောင်းရှိ၍ ရပ်သူရွာသား မြို့သူမြို့သား လူအများတွင်လည်း လူကောင်းအများစု၏ နေထိုင်ရာ မြို့ရွာဒေသသည် ပဋိရူပဒေသဖြစ်၏၊ ထို့ကြောင့် ပဋိရူပဒေသကို ရှာဖွေရာ၌ ပြခဲ့သောအကောင်းစုတွင် လေးမျိုးလုံးစုံလျှင် အကောင်းဆုံး ပဋိရူပဒေသဟုဆိုရ၏၊ လေးမျိုးလုံး မစုံစေကာမူ မိမိအလိုရှိအပ်သော အကျိုးတမျိုးကို ပေးနိုင်လျှင်လည်း ပဋိရူပဒေသဟုပင် ဆိုရပေသည်၊ ထို့ကြောင့် အထက်တန်းပညာ လိုလား၍ ပိုက်ဆံတတ်နိုင်သူတို့သည်၎င်း, ကျန်းမာရေးအတွက် ဆေးကုဘို့ရန် တတ်နိုင်သူတို့သည်၎င်း, နိုင်ငံခြားသို့ သွားရလေသည်၊ နိုင်ငံခြား မသွားနိုင်သူတို့လည်း မိမိနိုင်ငံတွင်း၌ တက္ကသိုလ်ကျောင်းရှိသော မြို့သို့၎င်း, ဆေးဆရာကောင်းကောင်းရှိသော အရပ်သို့၎င်း သွားကြရလေသည်။

**ဤနိုင်ငံ၏ ပဋိရူပ ဒေသဖြစ်ပုံ။** ။ကုသိုလ်ရဘို့ အတွက်ကား ဤမြန်မာနိုင်ငံသည် ပဋိရူပဒေသဖြစ်၏၊ ချဲ့ဦးအံ့၊ ဤနိုင်ငံ၌ ယခုအခါ ဗုဒ္ဓမြတ်စွာ

၏ တရားတော်လည်း တည်ရှိနေသေး၏၊ ထိုတရားတော်ကို အခြေခံမှ စ၍ နားလည်သော ဆရာတော်ကြီးများလည်း ရှိသေး၏၊ မိဘတချို့ သည်ပင် သားသမီးများကို ကုသိုလ် အကုသိုလ်ခွဲခြား၍ ပြောနိုင်ကြ သေး၏၊ ထိုသို့ပြောနိုင်ရုံတွင်မက တချို့မှာ ကိုယ်တိုင်လည်း ကုသိုလ် ကောင်းမှုကို ပြုနေကြ၏၊ အချိန်အခါလိုက်၍ ကုသိုလ်ကောင်းမှု ပြုဘို့ရန် ရှေးရှေးက ဆရာမိဘတို့၏ ရိုးရာအစီအစဉ်များလည်း ရှိနေ သေး၏။

မှန်၏၊ ရှေးရှေးက ဆရာသမား မိဘများတို့သည် အခါအားလျော်စွာ ဒါနပြုလေ့ရှိကြ၏၊ တတ်နိုင်သူတို့က လူအများ တည်းခိုဘို့ရန်နှင့် ဥပုသ်သီတင်း ဆောက်တည်ဘို့ရန် ရွာ၏အနီး၌ ဇေတီပုထိုး တည်ထားကြ, ဇရပ်တန်ဆောင်း များ ဆောက်ထားကြ၏၊ ရေတွင်းရေကန် တူးဖေါ်ထားကြ၏၊ ခရီးသွား ဧည့်သည်တို့က ထိုဇရပ်၌တည်းခိုရင်း ထမင်းဟင်း အကြွင်းအကျန်ကို တောင်း၍ စားတတ်ကြ၏၊ ရွာတွင်းဝင်၍တောင်းလျှင် စားလောက်အောင်လည်းရကြ၏၊ ရပ်သူရွာသားတို့သည် နေ့စဉ် ငါးပါးသီလကို လုံခြုံအောင် ကြိုးစားကြ၏၊ အခါအားလျော်စွာ နေ့ရက်သတ်မှတ်၍ ရှစ်ပါးသီလ ဥပုသ်ကိုလည်း စောင့် ကြ၏၊ ထိုဥပုသ်နေ့၌ ကိုးကွယ်ထားသော ဆရာသမား သံဃာများအထံသွား၍ ဒါနပြုကြ တရားနာကြ၏၊ တရားမေးကြ၏၊ ဆရာသမား သံဃာတော်များ ကလည်း ကုသိုလ် အကုသိုလ် နားလည်အောင် တရားဟောဘော်မူကြ တရား စကား ပြောတော်မူကြ၏။

ဥပုသ်နေ့မဟုတ်သောရက်များ၌လည်း ကလေးအများပင် ဘုန်းတော်ကြီး ကျောင်းသို့သွား၍ပညာသင်ကြရ၏၊ ဆရာဘုန်းတော်ကြီးများသည် ထိုကလေး တို့အား ပညာသင်ပေးရုံမက ကုသိုလ် အကုသိုလ်၏ အကျိုးအပြစ်ကိုပါ ပြော ပြ၍ ယဉ်ကျေးအောင် ဆုံးမတော်မူကြ၏၊ ထိုသို့ ဘုန်းတော်ကြီးထံမှ ပညာရမှု, အလိမ္မာရမှုကြောင့် ဘုန်းတော်ကြီးများလည်း အကယ်ပင် အကြည်ညိုခံကြရ ပေသည်၊ လူအများစုလည်း ကုသိုလ်ကောင်းမှုကို ဒါန သီလမှစ၍ လူကြီး သူမတို့ကို လေးစားရိုသေမှုတိုင်အောင် မြိုင်မြိုင်ဆိုင်ဆိုင် ပြုကြ၏၊ အကုသိုလ်ကို မရှောင်နိုင်သော်လည်း ရဲရဲဝံ့ဝံ့ မပြုကြ၊ အများကို ရှက်လျက်ပင် ခပ်ရွံ့ရွံ့သာ

ပြုပ္ပံကြ၏ လာဘ်ရမှု, မရမှု, သင်းရဲမှု ချမ်းသာမှုစသော လောကဓမ်နှင့် ကြုံလာလျှင် အနိဋ္ဌာရုံ, ဒုက္ခဘဲဟု မှတ်ယူနေကျဖြစ်သော တရား၏ ထောက်ခံမှုကြောင့် အသန့်ကြီး မတုန်လှုပ်ကြ၊ တုန်လှုပ်စေကာမူ မကြာမီ သက်သာရာ ရကြ၏၊ ထို့ကြောင့် ထိုဈေးခေတ် မြန်မာနိုင်ငံသည် ရာဇဝတ်မှုနည်းပါးလှ၏၊ ထိုကဲ့သို့ မြိုးဖလာ ဗုဒ္ဓဘာသာ၏ အလေ့ကောင်း ထုံးစံကောင်းတချို့သည် ယခုအခါ ပျက်ပြယ်လာသော်လည်း အခြားတိုင်းပြည်နှင့်စာလျှင် အတော် ကျေနပ်ဘွယ် ရှိပါသေး၏၊ အကယ်၍ ပြုပြင်နိုင်ပါမူကား ဈေးကကောင်းပြီး သော ရိုးရာဟွင် တချို့ကို သဘာဝကျအောင် ပြုပြင်၍ အပွန်းတင်ပေးရုံမျှဖြင့် အသန့်ကောင်းသော ပဋိရူပဒေသ ဖြစ်နိုင်ပါသေးသည်။

## သပ္ပုရိသူပနိဿယ

(သပ္ပုရိသ· လူကောင်းသူကောင်းကို+ဥပနိဿယ-အမှီရခြင်း) သတ္တဝါ တိုင်းပင် လူဖြစ်လာကတည်းကစ၍ အမှီကောင်းရဘို့လို၏၊ ထိုအမှီကောင်း မှာလည်း ကျန်းမာရေး နှင့်လည်းသော အမှီကောင်း, (ပညာရေးကို မိမိမတတ် သော်လည်း သင်ပေးလို့ ကျောင်းထားလိုသော မိဘ)ပညာရေးအမှီကောင်း, အထိုက်အလိုက် ပစ္စည်းရှိသော စီးပွားရေး အမှီကောင်းများလည်း အရေး တကြီး လိုလားအပ်သော အမှီကောင်းများ ဖြစ်ပါပေသည်၊ သို့သော် နောင် သံသရာအဘွက် အဆက်ဆက်အားဖြင့် သမ္မာဒိဋ္ဌိစက် လှည့်လည်နေဘို့အမှီကောင်း မှာ သူတော်ကောင်း ပညာရှိသာတည်း၊ ထိုသူတော်ကောင်း ပညာရှိလည်း ပြည့်သော ပဋိရူပဒေသ၌သာ ရနိုင်၏၊ ထို့ကြောင့် ပဋိရူပဒေသ ဝါသ သမ္မာဒိဋ္ဌိစက်သည် သပ္ပုရိသူပနိဿယစက်လည်အောင် ကျေးဇူးပြုလျက်ရှိသည်ဟု မှတ်ပါ။

## အတ္တသမ္မာပဏိဓိ

(အတ္တ-မိမိ၏ ကိုယ်စိတ်နှစ်မျိုးလုံးကို+ သမ္မာ—ကောင်းမွန်စွာ+ ပဏိဓိ— ထားခြင်း) ကိုယ်ကို ကောင်းစွာထားသူသည် ရဟန်းသံဃာ ဆရာ မိဘ လူကြီးသူမတို့နှင့် ဆက်ဆံရာ၌ ရှိသေသော အမူအရာ လေးစားသောအမူအရာ ဂရုစိုက်သော ကိုယ်နှုတ်အမူအရာဖြင့် ဆက်ဆံ၏၊ စိတ်ကို ကောင်းစွာထား

သူသည် စီးပွားရှာမှီးရာ ပေါင်းသင်းဆက်ဆံရာတို့၌ ဝိသမလောဘဟု ခေါ်သော လွန်ကဲသောလောဘ, မတရားသော လောဘကို မဖြစ်အောင် သတိထား၏၊ အဓမ္မရာဂဟု ခေါ်သော မတရားသော တဏှာရာဂကို မဖြစ်အောင် သတိထား၏၊ ကိုယ့်ထက်သာ မနာလိုသော ဣဿာ၊ သူတပါးကို မချမ်းသာစေလိုသော မစ္ဆရိယ၊ ဟန်ကြီးပန်ကြီးလုပ်တတ်သော မာနတို့ကို မဖြစ်အောင် သတိထား၏။

အလွန်ပြင်းထန်သော ဒေါသကို မဖြစ်အောင် ချုပ်တည်း၍ သည်းခံခြင်း ခန္တီကို ဖြစ်စေ၏၊ သတ္တဝါတို့အပေါ်၌ ကျန်းမာကြ ချမ်းသာကြဘို့ရန် မေတ္တာတရားကို ဖြစ်စေ၏၊ ဆင်းရဲသူကို မြင်ရကြားရလျှင် သနားကရုဏာဖြစ်၏၊ ချမ်းသာသူကို မြင်ရကြားရသော် ဝမ်းမြောက်သော မုဒိတာဖြစ်၏၊ အရာရာ၌ စဉ်းစားနိုင်းချိန်တတ်သော ဉာဏ်ကို ရှေ့သွားပြုစေ၏၊ ဤသို့ လောဘကြမ်း ဒေါသကြမ်းနှင့် ဣဿာ, မစ္ဆရိယ, မာနတို့ကို မဖြစ်အောင် သတိထား၍ ခန္တီ မေတ္တာ ကရုဏာ, မုဒိတာတို့ကို ဖြစ်စေခြင်းသည် စိတ်ကောင်းထားခြင်း ပင်တည်း။ ထိုတရားကောင်းစုကို အခြေခံပြုပြီးမှ ဘာဝနာကမ္မဋ္ဌာန်းကို ပွားများနိုင်လျှင် သာ၍ကောင်းသော စိတ်ကောင်းထားခြင်းပေတည်း။

**ကိုယ့်စိတ်ကို ကောင်းစွာမထားသူ။** ။ကိုယ်ကို ကောင်းစွာမထားသူသည် ရှယာန်းကောင်း သံဃာကောင်း ဆရာကောင်းတို့နှင့်ရင်း, မိဘဆွေမျိုး ထည်းမှ ကြီးသူများနှင့်ရင်း, လူကြီး သူမတို့နှင့်ရင်း တွေ့ရကြုံရာ ဆက်ဆံရာတို့၌ ရှိသေသော လေးစားသော အမူအရာ ဂရုစိုက်သော အမူအရာကို မပြဘဲ ဂရုမစိုက်သည့် အနေအားဖြင့် ဆက်ဆံ၏၊ စိတ်ကို ကောင်းစွာမထားသူလည်း အဓမ္မရာဂ (ရာဂဖြစ်စရာ မဟုတ်သူတို့၌ ရာဂ) ဖြစ်၏၊ ဝိသမလောဘ (ကိုယ့်တွက် သူ့တွက် မမျှဘဲ) ကိုယ်ကချည်း လိုချင်၏၊ ဒေါသကြီး၏၊ စိတ်တို၏၊ သည်းခံလိုသော ခန္တီမရှိ၊ ကိုယ့်ထက်သာလျှင် မနာလို၊ (ဣဿာ) ဖြစ်၏၊ သူတပါးချမ်းသာမည်ကို မလိုလားသော (မစ္ဆရိယ) ဖြစ်၏၊ သူတပါးအပေါ် မောက်မော်ဝါကြွား၏၊ အတ္တုက္ကံသန (မိမိကိုယ်ကို မြှောက်၍ မြှောက်၍) စကားပြော၏၊ ပရဝမ္ဘန (သူတပါးကို အပြစ်ပြော၍ နှိမ်ချ၍)

စကားပြော၏၊ သတ္တဝါတို့အပေါ်၌ မေတ္တာ ကရုဏာ မုဒိတာ မရှိ၊ ထိုသို့ ကိုယ်စိတ်နှစ်ပါးကို ကောင်းအောင် မထားသူ၌ အတ္တသမ္မာ ပဏိဓိစက် ပျက်နေရကား နောက်နောက်ဘဝ၌ ပဋိရူပဒေသကိုရခြင်းမှ စ၍ သမ္ပတ္တိစက် လည်နိုင်တော့မည် မဟုတ်ပါ။

**စိတ်ကောင်းမထားခြင်း၏ အပြစ်။** ။လောက၌ အတူခိုးဘက် ခိုးသူ နှစ်ယောက်ရှိရာ တယောက်က သဟာဖောက်၍ အခြားတယောက် ပျက်စီးအောင်ပြုလျှင် သို့မဟုတ် ရန်သူတယောက်က မိမိကို ပျက်စီး အောင်ပြုလျှင် ဥစ္စာကုန်အောင် ထောင်ကျအောင် အသတ်ခံရအောင် အထိသာပြုနိုင်၏၊ နောက်နောက်ဘဝ၌ အပါယ်ကျအောင် အဆက် ဆက် ဒုက္ခရောက်အောင်ကား မပြုနိုင်ချေ၊ မိမိစိတ်ကို မကောင်းအောင် ထားခြင်းကား ဤဘဝ၌လည်း ထောင်ကျအောင်, စီးပွားပျက်အောင် သေအောင်ပြုနိုင်၏၊ နောက်ဘဝ အဆက်ဆက်လည်း ငရဲ တိရစ္ဆာန် ပြိတ္တာဖြစ်အောင်, လူဆင်းရဲဖြစ်အောင် ပြုနိုင်၏၊ ထို့ကြောင့်မိမိစိတ်ကို ကောင်းစွာမထားခြင်းသည် မိမိကို နှိပ်စက်သော ဤဘဝ ရန်သူ ထက်ပင် ကြောက်ရာကောင်းပေသည်။ (ဓမ္မပဒ၊ စိတ္တဝဂ်၊ ၃၂- ဂါထာ။)

**စိတ်ကောင်းထားခြင်း၏အကျိုး။** ။လောက၌ "မိမိကို ချစ်ပါပေ့" ဟု ဆိုရသော မိဘဆွေမျိုးတို့သည် မိမိကို ချမ်းသာစေလိုလျှင် တသက် လျာမျှ ချမ်းသာအောင် စီးပွားဥစ္စာကို ပေးနိုင်ကြ၏၊ ချမ်းသာအောင် ပေးရာ၌ကား စကြာမင်းဖြစ်အောင်အထိ မပေးနိုင်ကြ၊ မိမိစိတ်ကို ကောင်းစွာထားခြင်းကား သုစရိုက်တရား, ပုညကြိယ ဝတ္ထုဆယ်ပါး, ကုသိုလ်ကောင်းမှုများ ဖြစ်သောကြောင့် ဤဘဝ၌လည်း စိတ်ချမ်း သာမှုကို ပေးနိုင်၏၊ နောင်သံသရာ ဘဝအဆက်ဆက်၌လည်း လူ နတ် ချမ်းသာကို ပေးနိုင်၏၊ မဂ်ဖိုလ်ရအောင် ပါရမီဖြည့်လိုသော စိတ် ကောင်းထားခြင်းကား နိဗ္ဗာန်ချမ်းသာအထိ ကောင်းကျိုးကို ပေး နိုင်၏၊ ထို့ကြောင့် စိတ်ကောင်းထားခြင်းသည် မိဘဆွေမျိုးတို့ပေးနိုင် သော သုခထက် သာလွန်သော သုခကိုပင် ပေးနိုင်ပေသည်။ (ဓမ္မပဒ၊ စိတ္တဝဂ်၊ ၃၃-ဂါထာ။)

## ယဉ်ကျေးမှု

အတ္တသမ္မာ ပဏာမိစက်နှင့် ပြည့်စုံ၍ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာကို ကောင်းကောင်းထားသော ပုဂ္ဂိုလ်ကိုပင် "ယဉ်ကျေးသော ပုဂ္ဂိုလ်"ဟု ခေါ်ရ၏၊ ရှေးခေတ်က ဆင်မြင်းကို အသုံးပြုကြ၏၊ ရှင်ဘုရင်များ၏ စီးတော်ဆင်မြင်းတို့သည် သင်္ကြိုရှိ၍ အထူးယဉ်ကျေးသော ဆင်မြင်းများသာ ဖြစ်ရ၏၊ ပရိသတ် ဗိုလ်ပုံအလယ်၌ ထိုယဉ်ကျေးသော ဆင်မြင်းကိုသာ အသုံးပြုရ၏၊ သင်္ကြိုရှိသော်လည်း မယဉ်ကျေးသော, ယဉ်ကျေးသော်လည်း ပရိသတ်ကြီးကို ကြောက်တတ်သော ဆင်မြင်းကို အသုံးမပြုကြချေ၊ ထို့အတူပင် တကယ့်ပညာရှင်တို့ အလယ်ရောက်သောအခါ ကိုယ် နှုတ် စိတ်ပါ ယဉ်ကျေး၍ ပညာရှိရင့် သူတို့သာ ပွဲလယ်တင့်ကြမည်ဖြစ်သည်၊ ယဉ်ကျေးသော်လည်း ပညာမရှိ၊ ပညာရှိသော်လည်း မယဉ်ကျေးသူတို့မှာ ပွဲလယ်မတင့်နိုင်ကြချေ၊ ထို့ကြောင့် ယဉ်ကျေးမှုကို အရည်အချင်းကောင်းတခုဟု သဘောကျ၍ ယဉ်ကျေးအောင် ကြိုးစားသင့်ပါသည်။

**ကိုယ်နှုတ်ယဉ်ကျေးမှု။** ။ကာယ ဒုစရိုက်သုံးပါး၊ ဝစီ ဒုစရိုက်လေးပါးကို မပြုဘဲ ကာယသုစရိုက် ဝစီသုစရိုက်တို့ကိုပြုလျှင် "ကိုယ် နှုတ်အားဖြင့် ယဉ်ကျေးသူ" ဟု ခေါ်နိုင်ပါ၏၊ သို့သော် မျိုးရိုးအလိုက် ဆုံးမထားသော ကိုယ်ကျင့်ဝိနည်းကို နားလည်၍ ထိုအတိုင်း ပြုကျင့်မှသာ ယဉ်ကျေးသူအစစ် ဖြစ်နိုင်ပါသည်၊ ဗုဒ္ဓမြတ်စွာ၏ ဝိနည်းတရားတော်သည် ကိုယ်နှင့် နှုတ်ကို ယဉ်ကျေးအောင် ညွှန်ပြသောကြောင့် လူများလည်း လူနှင့်ဆိုင်ရာဝယ် လိုက်နာပြုကျင့်ထိုက်လှပေသည်။ (လူများနှင့်လျော်အောင် ဝိနည်းတော်မှယူ၍ အချုပ်မျှကို ထုတ်ပြပါမည်။)

**အဝတ်ယဉ်ကျေးမှု။** ။ဗုဒ္ဓမြတ်စွာသည် ရဟန်း သာမဏေများအတွက် အတွင်းဝတ် (သင်းပိုင်) အပေါ်ခြုံ (ကသီ) တို့ကို အရှယ်အစား အသွေးအရောင်နှင့်တကွ ဝတ်ပုံဝတ်နည်းများကိုပါ ယဉ်ကျေးအောင် ညွှန်ပြတော်မူ၏၊ ရွာထည်း မြို့ထည်းသို့ သွားသောအခါ သာ၍ ယဉ်ကျေးအောင် ညွှန်ပြတော်မူ၏၊ ထို့ကြောင့် လူဝတ်ကြောင် ဖြစ်ကြသော ဥပါသကာ- ဥပါသိကာမတို့လည်း အဝတ်ကို ဂရုစိုက်

သင့်၏၊ အသွေးအရောင်ကိုပင် မိမိတို့အရွယ်နှင့် လိုက်အောင် သတိထားသင့်၏၊ မိမိ၏ ကိုယ်ဝတ်များကို ညစ်ပေ၍ မနေအောင် နံစော်၍ မနေအောင် ဖွတ်လျှော်မှု မီးအိုးတိုက်မှုကို ပြုသင့်၏ ဝတ်သောအခါလည်း ဒေသသုံးစံအလိုက် ကျကျနန သေသေသပ်သပ် ဝတ်သင့်၏၊ မြို့ပြလူကြီးများ၏ ဝတ်လေ့ကိုလည်း ကျေးလက်က အတုယူ၍ ဝတ်သင့်၏ ထိုသို့ဝတ်တတ်မှ ယဉ်ကျေးသောဝတ်ခြင်း ဖြစ်နိုင်ပါသည်၊ (“ငါက ဟန်မလုပ်ချင်ဘူး” ဆို၍ ကပြစ်ကညစ် တောသလိုဝတ်ခြင်းသည် ယဉ်ကျေးခြင်းမဟုတ်. ရိုင်းစိုင်းခြင်းသာ ဖြစ်ပါသည်၊ ယခုခေတ်၌ မလုံမခြုံ ဝတ်ခြင်းလည်း ယဉ်ကျေးခြင်း မဟုတ်ပါ။)

**အစားယဉ်ကျေးမှု၊** ၊ဗုဒ္ဓမြတ်စွာသည် ရဟန်း သာမဏေများအတွက် အစားအသောက် ယဉ်ကျေးမှုကိုလည်း ညွှန်ပြတော်မူ၏၊ ဆွမ်းစားမည့်ပုဂ္ဂိုလ်သည် ဆွမ်းခွက်သည်းမှယူသောအခါ အစမှစ၍ အစဉ်အတိုင်း ယူရ၏၊ လက်ထည်း၌ ဆွမ်းလုပ်ပြုသောအခါ စွမ်းနိုင်သမျှ သပ်သပ်ယပ်ယပ်ရှိအောင် ပြုရ၏၊ ဆွမ်းလုပ်ကိုလည်း မကြီးလွန်းစေရ၊ ထိုဆွမ်းလုပ်ကို ပါးစပ်အတွင်းသို့ သွင်းသောအခါ ပါးစပ်အနားသို့ ဆွမ်းလုပ်မရောက်မီ ပါးစပ်ကို ဟ၍မထားရ၊ ပါးစပ်အနားရောက်မှ ပါးစပ်ဟ၍ လက်ဖြင့်သွင်းထည့်ရသည်၊ လျှာဖြင့်ကော်၍ မယူရ၊ ပါးစပ်အတွင်း ရောက်သောအခါ တဖက်သော ပါးစောင်ကို ဖေါင်း၍ မနေစေရ၊ ပါးစပ်အတွင်း၌ ဆွမ်းလုပ်ရှိနေ၍ စကားပြီသအောင် ပြောဘို့မဖြစ်လျှင် စကားမပြောရ၊ ဟင်းရည် သောက်သောအခါ ရှုးရှုးမမြည်စေရ၊ လက်၌ ပေနေသည်ကို လက်ချောင်းဖြင့် ပွတ်၍ ချရ၏၊လက်ကိုမခါရ၊(ဇွန်းပန်းကန်များရှေးခေတ်ကမလိုသောကြောင့် အဘူးပညတ်တော် မူချက်မရှိ၊သို့သော် ယခုအခါ ဇွန်းပန်းကန် ရှိနေပြီဖြစ်၍ အသုံးတိတ်နိုင်သမျှ တိတ်စေဘို့လိုသည်။)

ဥပါသကာ ဥပါသိကာမတို့လည်း စားသောက်မှု၌ ဘုရားအလိုတော်သိ၍ ငြိမ်သက်စွာ စားသောက်နိုင်မှ ယဉ်ကျေးသော စားသောက်ခြင်းဟု ဆိုရပါမည်၊ ယခုအခါစကားပြောသံ ဇွန်းသံ ပန်းကန်သံ ဆူညံစွာဖြင့် ပါးစပ်ကလည်း

တပျပ်ပျပ်မြည်အောင် စားသောက်ခြင်း လက်ကိုလှုပ်ရမ်း ခါပစ်ခြင်းကား ရိုင်းစိုင်းခြင်းသာ ဖြစ်၏၊ ဇွန်းကိုသုံးရာ၌ သူ့ဇွန်းဖြင့် ကိုယ်ကဟင်းရည်သောက်၊ ကိုယ့်ဇွန်းဖြင့် သူက ဟင်းရည်သောက်ခြင်းဖြင့် ပါးစပ်၌ရှိသော အစာချင်း ရောနှောသည်မှာလည်း မယဉ်ကျေးပါ၊ လူတယောက်လျှင် ဇွန်းတချောင်းစီ ရှိသင့်ပါသည်၊ ဇွန်း ခက်ရင်း တူ စသည်တို့ဖြင့် စားလျှင်လည်း သူ့နည်းနှင့်သူ ယဉ်ကျေးမှုရှိဘို့ သတိပြုသင့်ကြပါသည်။

**အစာရေတို့၏ သန့်ရှင်းလတ်ဆတ်မှု။** ။ဗုဒ္ဓမြတ်စွာသည် "ထင်ရှားသော မှုန့်မှုန်ပါရှိသောရေကို မသောက်ရ၊ မှုန့်မှုန်ကို စစ်ပြီးမှ သောက်ရမည်" ဟု ပညတ်တော်မူ၏၊ သူပေးလှူပေး စားရသောဘဝ၌ လတ်ဆတ်မှု ပုပ်နွေးမှုကိုကား ပညတ်၍မဖြစ်နိုင်ပါ၊ သို့ရာတွင် ပုပ်နွေးသောအစာ လတ်ဆတ်သောအစာတို့၌ အဘိဓမ္မာ သဘောအားဖြင့် အဆိပ်ဩဇာ ကောင်းနေမည်ကို သိနိုင်ပါသည်၊ ထို့ကြောင့် ယခုအခါ ဆရာသမား ကောင်းတို့၏ သန့်ရှင်းလတ်ဆတ်သော အစာကို စားဘို့ရန် ညွှန်ပြချက်ကို နှစ်နှစ်သက်သက် လိုက်နာသင့်ကြပါသည်၊ မည်သည့်အစာ အရည်မဆို မိမိနှင့်သင့်- မသင့်ကို နိုင်းချိန်တတ်သောဉာဏ်နှင့် သတိရှိဘို့ ကိုလည်း သုဘ္ဘန်တရားတော်၌ အထူးဟောတော် မူသည့်ပြင် သင့်တော်သော အစာအရည်ကိုပင် ဝမ်းအပြည့် မစားမသောက်လိုက်ဘဲ လျော့၍စားသောက်ဘို့ရန် သတိပေးတော်မူပါသည်၊ ဗုဒ္ဓမြတ်စွာ၏ ဥပါသကာ ဥပါသိကာမ ဘုရားအလိုတော်ကို သိ၍စားသောက်မှု၌ သတိရှိကြပါစေ။

**စားပြီးယဉ်ကျေးမှု။** ။စားပြီးသောအခါ ပါးစပ်နှင့်လက်ကို သန့်ရှင်းအောင် ဆေးရပါသည်၊ လက်ကို ဟင်းစော်မနံအောင် ဆပ်ပြာဖြင့် ဆေး၍ ပါးစပ်ကိုလည်း မနံအောင် ဆေးရပါသည်၊ သွားတို့၏ အကြား၌ အသားဖတ် ဟင်းဖတ်မရှိအောင်လည်း ဂရုစိုက်သင့်ပါသည်၊ စားပြီးချိန်သာမက အိပ်ရာမဝင်မီ၌ရင်း၊ အိပ်ရာထ၍ မျက်နှာသစ် ချိန်၌ရင်း သွားနှင့်လျှာကို သန့်ရှင်းအောင် ဆားဖြင့်ဖြစ်စေ သွားတိုက် ဆေးဖြင့်ဖြစ်စေ သွားကိုပွတ်တိုက်၍ လျှာကို ခြစ်ရပါသည်၊ ဤအပြုအမူ များကို ယဉ်ကျေးမှုဟု ယူဆကြပါလေ။

## အိပ်နည်းအမျိုးမျိုး

"ပက်လက်အိပ်ခြင်း, မှောက်လျက်အိပ်ခြင်း, ကွေး၍အိပ်ခြင်း, ခေါင်းမြီးခြုံ၍အိပ်ခြင်း, စောင်း၍အိပ်ခြင်း"အားဖြင့် အိပ်ခြင်းအမျိုးမျိုးရှိ၏၊ ထိုတွင်....

**ပက်လက်နှင့် မှောက်လျက်အိပ်။** ။ပက်လက်အိပ်ခြင်းသည် သူသေနှင့်တူသောကြောင့် ကြည့်၍မကောင်း၊ တခါတရံ အမြင်မတော်ဘဲလည်း ဖြစ်တတ်၏၊ ကျမ်းစာတို့၌ကား ဤပက်လက်အိပ်ခြင်းကို "ပြိတ္တာတို့အိပ်နည်း" ဟုဆို၏၊ ပြိတ္တာတို့သည် အသားမရှိဘဲ အရိုးနှင့် အရေသာရှိသောကြောင့် စောင်း၍မအိပ်နိုင်ရကား ပက်လက်သာလျှင် အိပ်ကြရသတဲ့၊ မှောက်လျက်အိပ်ခြင်းလည်း မကောင်း၊ မျက်နှာကိုခေါင်းအုံးဖြင့်ကပ်၍ ထားရသောကြောင့် အသက်ရှူရသည်မှာလည်း မချောင်လည်၊ အိပ်ရာမှထသောအခါ မျက်နှာသည် အမ်းတန်းတန်းနှင့် ဖောရောင်သလို ဖြစ်နေတတ်၏။

**ကွေးခြင်းနှင့် ခေါင်းမြီးခြုံ။** ။ကွေး၍ အိပ်ခြင်း၌လည်း အပြစ်ရှိ၏၊ သွေးလေတို့သည် ခြေဖျားတိုင် လျှောက်ရာဝယ် ကွေးထားသည့်အတွက် အနှောင့်အယှက်ဖြစ်၏၊ ဦးခေါင်းကိုခြုံ၍ အိပ်ခြင်းလည်း မကောင်း၊ အသက်ရှူရှိုက်သောအခါ နှာခေါင်း၌ လေအဝင်အထွက်ရှိ၏၊ ခေါင်းမြီးခြုံထားလျှင် ရှူက်၍ထုတ်လိုက်သော ကိုယ်တွင်းမှ မသန့်ရှင်းသော လေတို့ကိုပင် ပြန်၍ရှူရသောကြောင့် လေကောင်းလေသန့်တို့ ဝမ်းတွင်းသို့ မဝင်နိုင်ရကား ကျန်းမာခြင်း၏ အနှောင့်အယှက်ဖြစ်သည်၊ ယင်းကြောင့် ထိုအိပ်ခြင်းအားလုံးကို မယဉ်ကျေးသော အိပ်ခြင်းဟုမှတ်ပါ။

**ယဉ်ကျေးသော အိပ်ခြင်း။** ။ခြေနှစ်ဖက်ကို ဆန့်လျက် ခေါင်းမြီးမခြုံဘဲ စောင်း၍အိပ်ခြင်းကို "ယဉ်ကျေးသော အိပ်ခြင်း" ဟု အသိအမှတ်ပြုကြ၏၊ ထိုသို့ စောင်း၍အိပ်ရာဝယ် သမီးခင်ပွန်း ယှဉ်၍ အိပ်ရာ၌ယောကျ်ားသည် လက်ဝဲဘက်ကို အောက်ထားလျက် မိန်းမသည် လက်ျာဘက်ကို အောက်ထားလျက် စောင်း၍အိပ်လေ့ရှိကြသတဲ့၊ ဘုရားရှင်ကား လက်ျာဘက်တော်ကို အောက်ထား၍ လက်ျာ ခြေ

ဘဝါးပေါ်တွင် လက်ဝဲခြေတော်ကို အနည်းငယ် ပိုလွန်နေအောင် တင်တော်မူလျက် လျောင်းတော်မူလေ့ရှိသည်၊ ဤသို့လျှင် ခြေကို ဆန့်၍ ခေါင်းမြီးမခြုံဘဲ (ဦးခေါင်းခေလျှင် ပုဝါဖြင့်ပတ်လျက်) စောင်း၍အိပ်ခြင်းကိုသာ ယဉ်ကျေးသော အိပ်ခြင်းဟုမှတ်ပါ။

**အပြောယဉ်ကျေးမှု။** ။ဗုဒ္ဓမြတ်စွာသည် ကျောင်းတိုက်တွင်း၌ အသံကျယ်ကျယ် စကားပြောမှုကို လိုလားတော်မမူ၊ (ပဉ္စမတန်း၌ "ဆိတ်ငြိမ်မှု" ဟု ခေါင်းတပ်၍ပြခဲ့ပြီ)၊ ထိုသို့ လိုလားတော်မမူသော်လည်း သိက္ခာပုဒ်တရပ် အနေအားဖြင့် ပညတ်၍ မဖြစ်နိုင်သောကြောင့် ဩဝါဒ အနေအားဖြင့်သာ သုတ္တန်တရားတော်များ၌ ဟောတော်မူသည်၊ မြို့ရွာအတွင်း၌ကား ရဟန်းသာမဏေများသည် "တိုးတိုးသာသာ စကားပြောရမည်၊ ကျယ်စွာ စကားပြော, ကျယ်စွာရယ်လျှင် အာပတ်သင့်၏" ဟု ပညတ်တော်မူပါသည်၊ ခေတ်မီအထက်တန်းစာသင်ကျောင်းများ၌လည်း စာကိုတိုးတိုး အံစေရုံမက အများပေါင်း၍ စာကျက်ရသော ခန်းဆောင်၌မူ တချို့ကျောင်းများ၌ စာကျက်ရာ၌ပင် အသံပင်မထွက်စေရပါ၊ ဤသို့လျှင် ဗုဒ္ဓမြတ်စွာ၏ ယဉ်ကျေးမှု လောကီ အထက်တန်း လူတို့၏ ယဉ်ကျေးမှု နှစ်မျိုးလုံး၌ပင် တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားသောကြောင့် "ကျယ်လောင် ကျယ်လောင် စကားပြောမှုကို ရှိုင်းစိုင်းမှု" ဟု မှတ်ကြပါလေ၊

**စကားအသုံး ယဉ်ကျေးမှု၊** ။စကားအပြောကို အသံမကျယ်စေရုံသာမက စကားအသုံးအနှုန်း ယဉ်ကျေးမှုလည်း လိုပါသေး၏၊ ရဟန်းသံဃာအချင်းချင်း စကားပြောရာ၌ "အရှင်ဘုရား, ဘုန်းကြီးဘုရား, တပည့်တော်, ဘုရားတပည့်တော်, တပည့်တော်များ" စသည်ဖြင့် သုံးစွဲခြင်းကို ယဉ်ကျေးသည်ဟု အသိအမှတ်ပြု၍ "ကိုယ်တော်က, မင်း, ငါ, ဟေ့လူ" စသော အသုံးအနှုန်းကို ရိုင်းသည်ဟု အသိအမှတ်ပြုရသကဲ့သို့ ထို့အတူ ရဟန်းသံဃာ ဆရာသမားနှင့် လူဂတ်ကြောင်ပြောနည်း၊ လူအချင်းချင်းပြောနည်း၊ မိဘနှင့် သားသမီး ပြောနည်း၊ ဆွေမျိုးချင်း ခေါ်နည်း၊ မိတ်ဆွေချင်း ခေါ်နည်း၊ ပြောနည်းများ

ရှိသေး၏၊ ထိုပြောနည်းများ၌ ခေတ်အလိုက် အရပ်ဒေသအလိုက် ခေါ်တတ် ပြောတတ်ခြင်းကို "စကားသုံး ယဉ်ကျေးခြင်း" ဟုဆိုလို သည်၊ ထိုသို့ ယဉ်ယဉ်ကျေးကျေး သုံးနှုန်းတတ်အောင် ရဟန်း ဆရာ လူဆရာနှင့် မိဘဆွေမျိုးတို့က သင်ပြသင့်ကြပါသည်။ (အခြေပြု မင်္ဂလသုတ် သုဘာသိတာ၀ါစာ အခန်းကိုကြည့်ပါ။)

**ဆက်ဆံရေး ယဉ်ကျေးမှု၊** ။အဆင့်အတန်း မြင့်၍ ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးများကို ယုံလည်းယုံကြည်၊ ယုံကြည်သည့်အတိုင်းလည်း ကောင်းမှုကုသိုလ်များကို ပြုနေသော ဥပါသကာ- ဥပါသိကာမသည် မိမိနှင့်တွေ့ရကြုံရ ဆက်ဆံရသော ရဟန်း ရှင် လူတို့ဝယ် အထက် ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာ၌ ရိုသေခြင်း ကိုင်းရှိုင်းခြင်း မိမိကိုယ်ကို နှိမ်ချခြင်းအားဖြင့် ဆက်ဆံရပါသည်၊ စကားကိုလည်း မိမိကိုယ်ကို နှိမ်ချ၍ ယဉ်ကျေးသိမ်မွေ့စွာ ပြောရပါသည်၊ တန်းတူပုဂ္ဂိုလ်များနှင့် ဆက်ဆံရာ၌ မေတ္တာ မုဒိတာကို ရှေ့ထား၍ သူ၏အကျိုးစီးပွားကို ကူညီ ဆောင်ရွက်သောအားဖြင့် ဆက်ဆံရပါသည်၊ စကားအပြောကိုလည်း ဖော်ဖော်ရွေရွေ ခင်ခင်မင်မင် အမူအရာဖြင့် ပြောတတ်ရပါသည်၊ အောက်လူများနှင့် ဆက်ဆံရာ၌ကား မေတ္တာ ကရုဏာ ရှေ့ထား၍ ပေးကမ်းခြင်း စောင့်ရှောက်ခြင်း ချီးမြှောက်ခြင်းအားဖြင့် ဆက်ဆံ ရပါသည်၊ အားလုံးဆက်ဆံရာ၌ပင် စကားအပြောကိုမူ ကြင်နာသော အမူအရာ,ညှာတာသောအမူအရာဖြင့် ပြောရပါသည်၊ (ဤပြောနည်း ဆက်ဆံနည်းကို မိဘဘိုးဘွား ဆရာသမား ကောင်းတို့က နေ့စဉ် လက်တွေ့ သင်ပြဖို့လည်း လိုပါသည်။)

### စကားခြောက်ခွန်း လှူဒ်ထွန်း

"နားခံသာ, မခံသာ ချစ်ရာကောင်း, မကောင်း၊ အကျိုးရှိ မရှိ" ဤ သုံးချက်ကို မူထား၍ စကားခြောက်မျိုးရှိသည်ကို "စကားခြောက်ခွန်း လှူဒ် ထွန်း" ဟု ပြောစမှတ်ပြုကြသည်။

၁။ မဟုတ်မမှန်သော, ကြားရသူလည်း, နားမခံသာသော အကျိုးမရှိ သော စကား၊ (ယခုအခါ မဟုတ်မမှန် ဆဲသော စကားမျိုးတည်း။)

၂။ ဟုတ်မှန်သော, ကြားရသူမှာ နားမခံသာသော, အကျိုးမရှိသော စကား၊ (ကန်းသူကို အကန်းဟု ဆဲသောစကားမျိုး။)

၃။ ဟုတ်မှန်သော, အကျိုးလည်းရှိသော, သို့ရာဝယ် နားမခံသာသော စကား၊ (သားသမီး တပည့်စသူတို့ မိုက်မဲနေလျှင် သူ၏ မိုက်ပုံကို ပြောပြ၍ ဆုံးမသောစကား။)

၄။ မဟုတ်မမှန်သော, အကျိုးမရှိသော, သို့ရာဝယ် နားထောင်၍ ကောင်းသောစကား၊ (အကျိုးမရှိသော ဒဏ္ဍာရီဝတ္ထုမျိုး။)

၅။ ဟုတ်မှန်သော, အကျိုးမရှိသော, နားထောင်၍ကောင်းသောစကား၊ (မှန်၍ အတုယူစရာ မဟုတ်သော သူတပါး၏ အဖြစ်အပျက်ကို ရယ်ရယ်မောမော ပြောအပ်သော စကားမျိုး။)

၆။ ဟုတ်မှန်သော, အကျိုးလည်းရှိသော, နားထောင်၍လည်း ကောင်းသောစကား၊ (ဘုရားရှင်၏ တရားတော် စသောစကား၊ လူကြီးများက လိမ္မာသော ကလေးကို သာ၍ လိမ္မာအောင် ချီးမွမ်းလျက် ပြောဆိုဆုံးမသော စကားမျိုး။)

ဤသို့ စကားခြောက်ခွန်း လူ၌ထွန်းသော်လည်း ဘုရားရှင်သည် ဟုတ်မှန်၍ အကျိုးရှိသော (၃) (၆) စကားနှစ်ခွန်းကိုသာ မိန့်တော်မူလေ့ရှိ၏၊ ထိုသို့မိန့်တော်မူရာ၌ အခါကာလလိုက်၍ မိန့်သင့်မှ မိန့်တော်မူသည်၊ ထို့ကြောင့် ယဉ်ကျေးသော ဥပါသကာ- ဥပါသိကာမသည် စကား အပြောအဆို သတိထား၍ ဟုတ်မှန်ကျိုးရှိသော စကားကိုသာ ပြောသင့်သောအခါ ပြောသင့်သောနေရာ (လူ-ပရိသတ်တို့၌) ပြောထိုက်ပါသည်၊ ထိုသို့ပြောတိုင်းလည်း မိမိကိုယ်ကိုမြှောက်သော အတ္တုက္ကံသန စကား သူတပါးကိုနှိမ်သော ပရဝမ္ဘန စကားမျိုးကို အထူးအကြောင်း မရှိလျှင် ရှောင်နိုင်သမျှ ရှောင်ရှားဘို့ရန် သတိထားလျက် ရှင်းလင်းပြတ်သားစွာ ပြောတတ်ဘို့ရန် အလေ့အထလုပ်သင့်ကြပါသည်၊ (ကိုယ့်ကိုယ်ကို ဂုဏ်ဖေါ်မှ အကျိုးရမည့်ကိစ္စ, သူတပါးကို ရှုတ်ချမှ အကျိုးရမည့်ကိစ္စ၌ကား အမှန်အတိုင်း ဂုဏ်ဖေါ်နိုင် ရှုတ်ချနိုင်ပါ၏၊ သို့သော် ရှောင်နိုင်သမျှ ရှောင်ကြပါလေ။)

## မဟာဓမ္မိက ဥပါသကာဝတ္ထု

**သူတော်စင် ပီသားကစု။** ။သာဝတ္ထိမြို့၌ ငါးပါးသီလနှင့်တကွ အမြဲဒါနဝတ်ရှိကြသော ခေါင်းဆောင် သာသနာပြု ဥပါသကာတို့သည် ငါးရာလောက်ရှိကုန်၏၊ တယောက်ယောက်လျှင် နောက်လိုက်အဖော် ဥပါသကာ ငါးရာစီရှိကုန်၏၊ ထိုဥပါသကာတို့တွင် အကြီးဆုံး ဥပါသကာကို "မဟာဓမ္မိက ဥပါသကာ" ဟု ခေါ်၏၊ ထိုဥပါသကာ၌ သားခုနစ်ယောက်, သမီးခုနစ်ယောက်ရှိ၏၊ ထိုသားသမီးများလည်း အဖကဲ့သို့ တရားရှိသော, ယဉ်ကျေးသော, ဥပါသကာ ဥပါသိကာမများ ဖြစ်ကြသောကြောင့် သားသမီး ဇနီးနှင့်တကွ ဘကျိပ်ခြောက်ယောက်လုံးပင် သီလရှိ၍ ဒါနမှု၌ မွေ့လျော်သော သူတော်ကောင်းများ ဖြစ်ကြလေသည်။

**ဥပါသကာစုတေခါနီး။** ။မဟာဓမ္မိက ဥပါသကာသည် အသက်အရွယ်ကြီး၍ စုတေခါနီးသောအခါ သေရာညောင်စောင်း၌ လျောင်းနေစဉ် တရားနာလိုသော ဆန္ဒဖြင့် ရဟန်းတော်များကိုပင့်၍ သတိပဋ္ဌာနသုတ်တော်ကို နာနေလေသည်၊ ထိုအခါ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းသည် သူ၏အိမ်အထက် ကောင်းကင်၌ ရောက်လာ၏၊ ရထား၌ပါလာသော နတ်သားတို့သည် 'မိမိတို့ နတ်ပြည်သို့ ဆောင်ယူမည်' ဟု အသီးအသီး ပြောဆိုသံကို တရားနာနေသော ဥပါသကာကြား၍ "ခဏဆိုင်းကြပါဦး" ဟု တားမြစ်လေသည်။

**သားသမီးများငိုခြင်း။** ။"ဆိုင်းငံ့ကြပါဦး" ဟူသော စကားကို ရဟန်းတို့က မိမိတို့အား ပြောသည်ထင်၍ ရွတ်နေသော သုတ္တန်ကို ရပ်ဆိုင်းထားလိုက်ကြကုန်၏၊ ထိုအခါ သားသမီးတို့က "ငါတို့အဖသည် ရှေးရှေးက တရားနာလို့ အားမရပါဘဲ ယခုမှ သေရမည်ကို ကြောက်သောကြောင့် တရားကို တားမြစ်ရှာသည်" ဟု ထင်၍ ငိုကြွေးကြလေသည်၊ ရဟန်းတော်များလည်း "သားသမီးတွေ ငိုနေလျှင် ငါတို့ ဆက်လက်၍ ရွတ်ဆိုဘို့မသင့်" ဟု ယူဆ၍ ပြန်ကြွကြလေသည်။

**သတိရလာခြင်း။** ။ဥပါသကာသည် နတ်သားတို့ကို တားမြစ်စဉ်က သတိလစ်သွားရာမှ ပြန်၍သတိရသောအခါ ငိုနေသော သားသမီးများကို "ဘာ့ကြောင့်ငိုကြရသလဲ" ဟု မေးလေသော် "တရားတော်ဟောရှတ်ဘို့ သံဃာတော်များကိုပင့်၍ တရေးနာနေစဉ် ဆိုင်းငံ့ကြပါဦး" ဟု တားသောကြောင့် သေရမှာကြောက်၍ တားသည်ဟု ထင်သဖြင့် ငိုကြပါကြောင်းကို ပြောပြကြလေသည်။

**ပန်းကုံးစွပ်စေခြင်း။** ။ထိုအခါ "ရဟန်းတော်များကို တားခြင်းမဟုတ်၊ နတ်ရထား နတ်သားတို့ကို တားခြင်းဖြစ်သည်ဟု ပြောလေသော် "ဘယ်မှာလဲ နတ်ရထားတွေ၊ သားတို့သမီးတို့ မမြင်ကြရပါလားကား" ဟု ပြန်၍မေးသောအခါ "ဘယ်နတ်ပြည်ဟာ မွေ့လျော်စရာအကောင်းဆုံးလဲ" ဟု မေးလေသည်၊ ဘုရားအလောင်းနှင့် ဘုရားမယ်တော် ခမည်းတော်အလောင်းတို့ နောက်ဆုံးဘဝ၌ နေရာဖြစ်သော တုသိတာနတ်ပြည်သည် မွေ့လျော်စရာကောင်းဆုံး ဖြစ်ပါသည်" ဟု ပြောကြလေသည်၊ သို့ဖြစ်လျှင် ငါတို့ကုံးထားသော ပန်းကုံးကို "တုသိတာနတ်ရထား၌ ချိတ်မိပါစေသား" ဟု ဓိဋ္ဌာန်၍ ပစ်လိုက်ကြဟု ပြောသည့်အတိုင်း သားသမီးထည်းမှ တယောက်က ဓိဋ္ဌာန်၍ပစ်လိုက်ရာ တုသိတာနတ်ရထား၌ ဆွဲချိတ်၍ နေလေသည်၊ သားသမီးတို့သည် ပန်းကုံးကိုသာမြင်ကြရ၏၊ ရထားကိုကား မမြင်ကြရပေ။

**တုသိတာရောက်ခြင်း။** ။ထို့နောက် သားသမီးတို့အား "ထိုထို ဤဤကြံစည်ကြောင့်ကြ မနေရစ်ကြနှင့်၊ ငါသည် တုသိတာနတ်ပြည်သို့ သွားမည်၊ အသင်တို့လည်း ငါ၏အထံ၌ ဖြစ်လိုကြလျှင် ငါပြုသလို ကောင်းမှုများကိုသာ ပြုရစ်ကြ" ဟု ဩဝါဒပေးပြီးလျှင် မကြာခင် စုတေ၍ တုသိတာနတ်ရထား၌ နတ်သားအဖြစ်ဖြင့် ပါသွားလေသည်။

**တရားတော်။** ။ကုသိုလ်ကောင်းမှုပြုနေသော လူကောင်း သူကောင်းဖြစ်သူသည် ကောင်းသောအမှုကို ပြုနေရသည့်အတွက် ဤဘက်ဘဝ၌လည်း ဝမ်းသာရွှင်ပြချမ်းသာရ၏၊ တမလွန်နောက်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပြ ချမ်းသာရ၏၊

ဓမ္မိကဥပါသကာသည် မိမိ၏သန့်ရှင်းစင်ကြယ်သော ကုသိုလ်ကံကို မြင်ရ၍ သေခါနီးရောက်သော်လည်း စိတ်အေးမငယ်သည့်အပြင် အလွန် ကြည်လင်ရွှင်ပျ ဝမ်းမြောက်၍ နေရလေသည် (ဓမ္မပဒ၊ ယမကဝဂ်၊ ဓမ္မိကဥပါသကာဝတ္ထု။)

(ဆောင်) ကောင်းမှုဆည်းဆူ, ပြုပြုသူကား, ကြည်ဖြူရွှင်ပျ, ခုဘဝ၌, ပြုရသည်မှာ, ဝမ်းမြောက်စွာနှင့်၊ နောင်ခါဘဝ, အကျိုးရလည်း, သုခကိုမြင်, ဝမ်းမြောက်ပင်တည်း၊ သို့လျှင်နှစ်ဖက်, ကောင်းကျိုးထွက်သဖြင့်, ကိုယ့်တွက်ခုနောက်, အားကိုးလောက်သည်, မခြောက်နေရဲ သေရဲတည်း။

## နန္ဒိယဥပါသကာဝတ္ထု

**နန္ဒိယသတို့သား။** ။ဗာရာဏသီမြို့၌ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်၍ သဒ္ဓါတရားကောင်းသော မိဘနှစ်ဦးဝယ် "နန္ဒိယ"မည်သော သတို့သားတယောက် ထွန်းကားလေသည်၊ ထိုနန္ဒိယသည် မိဘများကဲ့သို့ သဒ္ဓါတရားပြည့်စုံ၍ ရဟန်းသံဃာကောင်းများကို ဆွမ်းစသောလှူဖွယ်ဝတ္ထုဖြင့် ပြုစုလုပ်ကျွေးလေ့ရှိ၏၊ မိဘနှစ်ပါး ကွယ်လွန်သောအခါ၌ကား အကြီးအကျယ်ဒါနရှင်ဖြစ်၍ ရဟန်းသံဃာများသာမက တောင်းရမ်းစားသောက်သူများနှင့် ခရီးသွားဧည့်သည်များအတွက်ပါ အိမ်ပေါက်၌ ချက်ပြီးသောထမင်းအိုးများကို အမြဲထားလေသည်။

**ကျောင်းလှူခြင်း။** ။နောင်အခါ၌ ဣသိပတနမိဂဒါဝုန်ကျောင်းတိုက်ဝယ် တံခါးမုခ်လေးခုပါသော လေးခန်းတန်းလျားရှည်ကျောင်းကို ဆောက်၍၊ အခန်းတိုင်း၌ အိပ်ရာခင်း ထိုင်ခုံစသည်ကို အပြည့်အစုံထား၍ ဘုရားအမှူးရှိသော သံဃာတော်အား (အလှူ၏ အထိမ်းအမှတ်ရေနှင့် တကွ) လှူဒါန်းလေသည်၊ ထိုအခါ အလှူရေသည် ဘုရားရှင်၏ လက်တော်၌ တည်သည်နှင့်တပြိုင်နက် တာဝတိံသာနတ်ပြည်၌လည်း နန္ဒိယဥပါသကာအတွက် အသုံးအဆောင်နှင့်တကွ ကြီးကျယ်သော ဘုံဗိမာန်ပေါ်လေသည်။

**အရှင်မောဂ္ဂလာန် မြင်တော်မူခြင်း။** ။အရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ ကြွတော်မူသောအခါ ရှေးကမတွေ့ဘူးသော ဗိမာန်အသစ်ကို မြင်ရ၍ အခြားနတ်များကို မေးတော်မူလေသည်၊ထိုအခါ "လူ့ပြည်မှာ ရှိနေသေးသော နန္ဒိယဥပါသကာ၏ ဗိမာန်ဖြစ်ကြောင်းကို လျှောက်ကြလေသည်၊ ထိုဗိမာန်၌ ရောက်နှင့်နေသော နတ်သမီးများလည်း အရှင်မောဂ္ဂလာန်ကိုမြင်၍ ဗိမာန်မှဆင်းလာကြပြီးလျှင် "တပည့်တော်မတို့သည် နန္ဒိယဥပါသကာ၏ အလုပ်အကျွေးများ ဖြစ်ကြပါကြောင်း၊ ဥပါသကာမလာနိုင်သေး၍ အလွန်မျှော်ရကြကြောင်း၊ မြန်မြန်လာတို့ရန် အကြောင်းကို လျှောက်လိုက်ကြလေသည်။

**ဘုရားရှင်အား လျှောက်ခြင်း။** ။အရှင်မောဂ္ဂလာန်သည် လူ့ပြည်သို့ ပြန်ရောက်သောအခါ ဘုရားအထံတော်ကြွ၍ "မြတ်စွာဘုရား.... ကောင်းမှုရှင်က လူ့ပြည်မှာရှိနေစဉ် နတ်ပြည်၌ နတ်စည်းစိမ် ဖြစ်နှင့်နိုင်ပါသလော"ဟု လျှောက်လေသည်၊ ဘုရားရှင်ကလည်း "မောဂ္ဂလာန်....ဘာ့ကြောင့် ငါ့ကိုမေးနေရသေးသလဲ၊ နန္ဒိယ၏ နတ်စည်းစိမ်ကို ကိုယ်တိုင်တွေ့ခဲ့ရသည်မဟုတ်လော"ဟု မိန့်တော်မူပြီးလျှင် အောက်ပါတရားတော်ကို ဟောတော်မူသည်။

**တရားတော်။** ။တနယ်တကျေး အရပ်ဝေး၌ ကြာမြင့်စွာကွဲ၍နေပြီးမှ ကျန်းကျန်းမာမာနှင့် ပြန်၍ရောက်လာကြောင်းကို ကြားရသောအခါ ထိုသူ၏ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းတို့သည် အိမ်ဝင်းမှ အပြင်ဘက်သို့ အပြေးအလွှားထွက်လာ၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြ အိမ်တွင်းမှ မထွက်နိုင်သူတို့ကလည်း ဝမ်းမြောက်စွာ လက်ခံကြသကဲ့သို့ ထို့အတူ ဤဘဝမှ တမလွန်ဘဝသို့သွားသော ကောင်းမှုရှင်ကိုလည်း သူပြုထားသောကောင်းမှုတို့က အလွန်ချစ်ကြသော ဆွေမျိုးတွေပမာ ကြိုဆိုကြ လက်ခံကြပေသည်(မွေပဒ၊ ပိယဝဂ်၊ နန္ဒိယဝတ္ထု။)

**(ဆောင်)** ကွဲ၍ရှည်ကြာ, ကျန်းမာစွာဖြင့်, ပြန်လာတဲ့လူ, ချစ်ခင်သူတို့, ကြည်ဖြူရွှင်ပျ, ကြိုဆိုကြသို့, ပုညကောင်းမှု, အကြောင်းစုလည်း, ထိုသူ့ရောက်စရာ, နောက်ဘဝကို, အားရနှစ်လို့, ဆီး၍ကြိုသည်၊ အို....အို....အားကိုးဘွယ်တကား။

## ကာဠိဥပါသိကာမဝတ္ထု

**သဒ္ဓေးသမီးကာဠိ။** ။ရာဇဂြိုဟ်မြို့၌ ကိုယ်ဝန်အရင့်အမာနှင့် ကာဠိမည်သော သဒ္ဓေးသမီးသည် ဝါဆိုလပြည့်နေ့ဝယ် အာသဠှိနက္ခတ်ပွဲသဘင်ဆင်ယင်နေသော တမြို့လုံးကိုကြည့်လို၍ သူတို့၏ပြာသာဒ် အထက်ထပ်သို့တက်ပြီးလျှင် လေသာတံခါး၌ လေညှင်းခံလျက် မြို့၏သာယာပုံကို ကြည့်ရှုနေလေသည်၊ ထိုအချိန်၌ သာတာဂိရိ ဟေမဝတမည်သော နတ်ဘစ်သူကြီးနှစ်ယောက်လည်း နောက်ပါအခြွေအရံ ငါးရာစီရှိသော နတ်များနှင့်အတူ ထိုပြာသာဒ်၏ အထက်ကောင်းကင်ဝယ် ဆုံမိကြလေသည်။

**နတ်စစ်သူကြီးများ၏ ရှေးအဖြစ်။** ။ဤနတ်စစ်သူကြီး နှစ်ယောက်တို့သည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ရဟန်းပြုကြ၍ ပိဋကတ်ကျွမ်းကျင်သော ပညာရှိသူတော်ကောင်းကြီးများဖြစ်ခဲ့ကြလေသည်၊ တပါးတပါးလျှင် အခြွေအရံလည်း ငါးရာစီရှိ၏၊ ဝိနည်းဆုံးဖြတ်မှု၌ အလွန်ကျွမ်းကျင်တော်မူကြ၏၊ တနေ့သ၌ကား အခမ္မဝါဒီ (မတရားပြောလေ့ရှိသော) သူ့မှာ အမှုတခုလည်းရှိနေသော ရဟန်းတပါးသည် မိမိတို့အထံ တပည့်ခံလာ၏၊ ထိုရဟန်းသည် သူ့အမှုကို အခြားရဟန်းတို့က တရားစွဲသောအခါ သူရှုံးမည်ကိုမြင်၍ (သူ့တရားကို အဆုံးအဖြတ်မပေးဘို့ရန်) အဖန်ဖန်တောင်းပန်၏၊ ဆရာတော်ကြီးနှစ်ပါးလည်း ပဌမ၌ ထိုရဟန်းတောင်းပန်သည်ကို လက်မခံကြ၊ သို့သော် ထပ်ကာထပ်ကာ တောင်းပန်သောကြောင့် တပည့်လည်းဖြစ်နေသော ထိုရဟန်းကို ငဲ့သောအားဖြင့် အခြားရဟန်းတို့က တရားစွဲလာသောအခါ အဆုံးအဖြတ်မပေးဘဲ ရှောင်လွှဲနေလိုက်ကြ၏၊ ထိုအဂတိလိုက်မှုကြောင့် ဓမ္မဝါဒီရဟန်းကောင်းကလေးသည် "ယခုအခါ သာသနာတော်ကွယ်ပါပေါ့"ဟု ပြောဆိုငိုကြွေးရှာသည်၊ ဆရာတော်ကြီးနှစ်ပါးလည်း ထိုအခါကျမှ နောင်တရ၍ စိတ်မချမ်းမသာဖြစ်ကြ၏၊ အချိန်ကျ၍ ပြန်လွန်တော်မူကြသောအခါ သီလ သမာဓိ ပညာရှိပုံအတိုင်း ဖြစ်ရလျှင် အထက်နတ်ပြည်၌ ဖြစ်နိုင်စရာရှိ၏၊

သို့သော် ထိုအဂတိအပြစ်ကြောင့် အထက်နတ်ပြည်၌ မဖြစ်နိုင်ဘဲ ဆရာတော်တပါးသည် ဟိမဝန္တာဝယ် ဟေမဝတတောင်၌ ယက္ခ အမျိုးတွင်ပါဝင်သောနတ်သူကြီးဖြစ်၏၊ ဆရာတော်တပါးကား မဇ္ဈိမ ဒေသ၌သာ တတောင်ဝယ် သာတာဂိရမည်သော နတ်သူကြီးဖြစ်လေသည်၊ သူတို့၏တပည့်များလည်း သူတို့ဆရာ နတ်စစ်သူကြီးများအထံ၌ ဖြစ်ကြလေသည်။

**တွေ့ဆုံကြခြင်း။** ။ထိုနတ်စစ်သူကြီး နှစ်ယောက်သည် ဟိမဝန္တာဝယ် စည်းဝေးနေကျဖြစ်သော နတ်အစည်းအဝေး၌ တွေ့ကြသောအခါ တယောက်ဘယောက်ကိုမှတ်မိကြသဖြင့် ကဿပဘုရားရှင်၏သာသနာတော်ဝယ် အနှစ်နှစ်သောင်းကြာအောင် ရဟန်းဘဝ၌ တရားနှင့် နေခဲ့ကြပါလျက် အောက်တန်းယက္ခ အမျိုးမှာ ဖြစ်လာရပုံကိုတွေးကာ နှစ်ယောက်လုံး ဆွေးရှာကြလေသည်၊ ယင်းနောက် “မိမိနေရာဒေသ၌ အထူးအဆန်း တွေ့ရလျှင် အကြောင်းကြားကြစတမ်း” ဟု ကတိထားလျက် အချင်းချင်း ကူးလူးဆက်ဆံရင်းပင် ငါတို့၏ ဘုရားရှင်လက်ထက်တော်သို့ ရောက်လာကြလေသည်။

**ဆုံမိခြင်း၏အကြောင်း။** ။ဘုရားရှင်သည် ဝါဆိုလပြည့်နေ့၌ မိဂဒါဝုန်တောဝယ် ဓမ္မစကြာ တရားတော်ကို ဟောတော်မူ၏၊ ထိုဟောတော်မူရာ အရပ်သို့ ဟိမဝန္တာ၌နေသော ဟေမဝတ နတ်မင်းသည် မရောက်လာ၊ ဟိမဝန္တာ၌ကား ခါတိုင်းထက် ထူးခြားသော သာယာကြည်နူးဘွယ်တွေ ဖြစ်နေသောကြောင့် ဟေမဝတနတ်မင်းသည် ထိုကြည်နူးဘွယ်ကို မိတ်ဆွေ သာတာဂိရ နတ်မင်းအား ပြလိုသည့်အတွက် နောက်ပါ အခြံအရံနှင့်အတူ သာတာဂိရ နတ်မင်းဆီသို့ ထွက်ခဲ့လေသည်၊ သာတာဂိရ နတ်မင်းလည်း ဘုရားရှင်၏ ဓမ္မစကြာ တရားတော်ကို ကြားနာပြီးသောအခါ မိမိမိတ်ဆွေအား ဘုရားရှင်၏ အကြောင်းကို ပြောပြလိုသည့်အတွက် ဟေမဝတ နတ်မင်းရှိရာသို့ နောက်ပါ နတ်များနှင့်အတူ ခရီးထွက်ခဲ့လေသည်၊ ထိုသို့ အသီးအသီး ကိုယ့်ရည်ရွယ်ချက်ဖြင့် ခရီးထွက်လာခဲ့ကြရာ ကာဠီ သဋ္ဌေးသမီး၏ ပြာသာဒ်အထက် ကောင်းကင်မှာ တွေ့ဆုံမိကြလေသည်။

**ဘုရားဖူးခေါ်ခြင်း။** ။တွေ့လျှင်တွေ့ခြင်း ဟေမဝတ နတ်မင်းကစ၍ ဟိမဝန္တာ၌ထူးထူးခြားခြားအံ့သြဘွယ်များ ဖြစ်သောကြောင့် မိတ်ဆွေအား မြင်စေလို၍ အခေါ်လာရကြောင်းကို ပြောသောအခါ သာတာဂိရ နတ်မင်းက ပြန်၍ပြောသည်မှာ မိတ်ဆွေ ဟိမဝန္တာမှာသာ ထူးထူးခြားခြား ဖြစ်သည်မဟုတ်ပါ၊ တစကြဝဠာလုံးပင် ထူးထူးခြားခြား အံ့သြဘွယ်များ ဖြစ်နေပါသည်၊ လောက၌ အလုံးစုံကို အကုန်သိနိုင်သော ဗုဒ္ဓရှင်တော်သည် ထွန်းပေါ်နေပါပြီ၊ ယနေ့ မြတ်စွာတရားဦးကို ဟောတော်မူရာ နေ့ထူး နေ့မြတ် ဖြစ်သောကြောင့် လောကဓာတ်တသောင်းလုံးမှာ အံ့သြဘွယ်သာယာမှုတွေ ဖြစ်နေပါသည်၊ ဤကဲ့သို့ အံ့သြဘွယ်တွေဖြစ်၍ နေတုန်းဝယ် တရားနာဘို့ အကောင်းဆုံးလည်း ဖြစ်နေသော လပြည့် ဥပုသ်နေ့မှာ သမ္မာသမ္ဗုဒ္ဓ ဂေါတမဘုရားရှင်ကို ဖူးမြင်ဘို့ရာ လိုက်ခဲ့ပါလော။

**ချက်ချင်းမလိုက်။** ။ဟေမဝတနတ်သည် သာတာဂိရ နတ်ထက် တန်ခိုးလည်းကြီး၏၊ ပညာလည်းထက်၏၊ ထို့ကြောင့် သာတာဂိရ နတ်က ဘုရားဖူးလိုက်ဘို့ရန် ခေါ်သော်လည်း လိုက်ဘို့ရန် ချက်ခြင်း ဝန်မခံသေး၊ လောက၌ ဘုရားအတု တရားအတုတွေ များသောကြောင့် ဘုရားအတုကို ဖူးမိလျှင် မိမိပါ ရှက်စရာဖြစ်၏၊ ထို့ကြောင့် ဘုရားစစ်မစစ်ကို သိဘို့ရန် မေးခွန်းများစွာကို မေးလေသည်၊

## ဟေမဝတနှင့် သာတာဂိရ အမေးအဖြေ

**ဟေမဝတ မေး။** ။အို သာတာဂိရ….ဘယ့်နှယ်ပါလဲ၊ အသင်၏ ဘုရားဆိုသူသည် သတ္တဝါတို့အပေါ်၌ အရင်းအဖျားမခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်း ထားနိုင်ပါရဲ့လား၊ ဣဋ္ဌာရုံနှင့် တွေ့သောအခါ ဝမ်းသာအားရ သောမနဿ လောဘမဖြစ်ဘဲ အနိဋ္ဌာရုံနှင့် တွေ့သောအခါလည်း ဝမ်းနည်းပက်လက် မနှစ်သက်သော ဒေါသမဖြစ်ဘဲ စိတ်အကြံကို မြဲမြံ၍ ကောင်းသော အလိုအတိုင်း ထားနိုင်ပါ၏လော၊ ဤသို့ မေးလေသည်။

ကစ္စိ မနော သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။
အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပဿ ဝသီကတာ။

သာတာဂိရ- ကျွန်ုပ်ကိုယ်အား၊ ကျိုးလိုလား၍ ဘုရားဖူးခေါ် အဆွေတော်မြတ်၊ အို.... သာတနတ်၊ ကစ္စိ- ကျွန်ုပ်စိတ်တွင်း၊ သံသယရှင်းဘို့၊ သွင့်လင်းသေချာ၊ မေးမြန်းလိုပါ၏၊ အဿ ဗုဒ္ဓဿ- အသင့်အလို လွန်ကြည်ညို၍ ကျွန်ုပ်ကိုညွန်ကြား ထိုဘုရား၏၊ သဗ္ဗဘူတေသု- ကြီးကြီးငယ်ငယ် သွယ်သွယ်များစွာ သတ္တဝါဟူသမျှတို့၌၊ တာဒိနော- အရင်းအဖျား မခွဲခြားဘို့ တရားကိုထုံ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ မနောသုပဏိဟိတော- မလှုပ်မရှား အမြဲအားဖြင့် စိတ်ထားညီတူ တည့်မတ်တော်မူပါ၏လော။

အထော- ထိုမှတခန်း သိဘို့မှန်း၍ စုံစမ်းစရာ ပြဿနာ ရှိပါသေး၏၊ အဿ ဗုဒ္ဓဿ- အသင့်အလို လွန်ကြည်ညို၍ ကျွန်ုပ်ကိုညွန်ကြား ထိုဘုရားသည်၊ ဣဋ္ဌေ စ- နှစ်သက်ဘွယ်စုံ ဣဋ္ဌာရုံနှင့် ကြုံလာကာလ ခါသမယ၌ရင်း၊ အနိဋ္ဌေ စ- မနှစ်သက်စရာ အနိဋ္ဌာနှင့် ကြုံရာကာလ ခါသမယ၌ရင်း၊ သင်္ကပ္ပါ- လောဘ ဒေါသ- မဖြစ်ရအောင် နှိပ်စွမ်ဋ္ဌာန် စိတ်အကြံတို့ကို၊ ဝသီကတာ- မိမိလိုရာ အသင့်ပါဘို့ ကောင်းစွာပြည့်စုံ ပြုအပ်ပြီး ဖြစ်ပါကုန်၏လော။

**သာတာဂိရအဖြေ။** ။(ဤသို့ မေးသောအခါ သာတာဂိရသည် ဘုရားရှင်ကို ဖူးမြင်ခဲ့ရပြီးဖြစ်၍ "ဘုရားရှင်၌ ကောင်းသော ဂုဏ်တော်များ အပြည့်အစုံရှိသည်" ဟု ဆုံးဖြတ်ပြီးဖြစ်သောကြောင့် ရဲရဲဝံ့ဝံ့ပင်ဖြေဆိုလေသည်) အို ဟေမဝတ.... ကျွန်ုပ်၏ ဘုရားရှင်သည် သတ္တဝါတို့အပေါ်၌ အရင်းအဖျား မခွဲခြားဘဲ စိတ်ကောင်း နှလုံးကောင်းထားတော်မူပါသည်၊ ဣဋ္ဌာရုံနှင့် တွေ့သောအခါ ဝမ်းသာအားရ လောဘမဖြစ်ဘဲ အနိဋ္ဌာရုံနှင့် တွေ့သောအခါလည်း ဝမ်းနည်းပက်လက် မနှစ်သက်သော ဒေါသ, ဒေါမနဿ ဖြစ်တော်မမူပါ၊ စိတ်အကြံတို့ကို မိမိအလိုအတိုင်း ကောင်းအောင် ထားတော်မူနိုင်ပါသည်။

မနောဝ စဿ သုပဏိဟိတော၊ သဗ္ဗညုတော သု တာဒိနော။
အထော ဣဒ္ဓေ အနိဒ္ဓေ စ၊ သင်္ကပ္ပဿ ဝသီကတာ။

ဟေမဝတ- ဘုရားသခင်၏ ဂုဏ်တော် သိရန်မြော်၍ မေးလျှောက်ပါရလတ် အို.... ဟေမနတ်၊ အဿ ဗုဒ္ဓဿ- သိဘွယ်အားလုံး အစဆုံးအောင် သိမ်းကြုံးသိမြင် ထိုဘုရားရှင်သည်၊ သဗ္ဗညုတော သု- ကြီးကြီးငယ်ငယ် သွယ်သွယ်များစွာ သတ္တဝါဟူသမျှတို့၌၊ တာဒိနော- အရင်းအဖျား မခွဲခြားဘဲ တရားကိုထို တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ မနောသုပဏိဟိတော- မလှုပ်မရှား အမြဲအားဖြင့် စိတ်ထားညီတူ တည့်မတ်တော်မူပါ၏။

အထော- ထိုမှတခန်း သိဘို့မှန်း၍ မေးမြန်းသမျှ အဖြေကိုပြပါဦးအံ့၊ အဿ ဗုဒ္ဓဿ- အားလုံးသိရန် သိပြီးမှန်သဖြင့် ကောန်မချ ဗုဒ္ဓဖြစ်တော်မူသော ထိုအရှင်မြတ်သည်၊ ဣဒ္ဓေ စ-နှစ်သက်ဘွယ်စုံ ဣဋ္ဌာရုံနှင့် ကြုံရာကာလ ခါသမယ၌ ၎င်း၊ အနိဒ္ဓေ စ- မနှစ်သက်စရာ အနိဋ္ဌာနှင့် ကြုံရာကာလ ခါသမယ၌၎င်း၊ သင်္ကပ္ပါ- လောဘ ဒေါသ မဖြစ်ရအောင် နှိပ်ကွပ်ဆုံးဖြတ် စိတ်အကြံတို့ကို၊ ဝသီကတာ- မိမိလိုရာ အသင့်ပါဘို့ ကောင်းစွာပြည့်စုံ ပြုအပ်ပြီး.... ဖြစ်ပါကုန်သတည်း။

**ဟေမဝတမေး**။ ။အို သာတာဂိရ.... မေးပါရစေဦး၊ မိတ်ဆွေ၏ ဘုရားဆိုသော ပုဂ္ဂိုလ်သည် သူ့ဥစ္စာကို မတရားယူခြင်းဟူသော အဒိန္နာဒါနမှ ရှောင်ပါ၏လော၊ သတ္တဝါတို့၌ ညှဉ်းဆဲမှု မရှိအောင် စောင့်စည်းလျက် ပါဏာတိပါတမှ ရှောင်ပါ၏လော၊ မိန်းမတို့နှင့် ကင်းကွာ၍ အပြဟ္မစရိယမှ ရှောင်ပါ၏လော၊ (ကာယဒုစရိုက် သုံးပါးမှ ရှောင်ပါ၏လော-ဟု မေးသည်) ထိုကာယဒုစရိုက် သုံးပါးမှ ဝေးစွာ ရှောင်ကြဉ်ကာ ဈာန်ဝင်စား နိုင်ပါ၏လော။

ကစ္စိ အဒိန္နံ နာဒိယတိ၊ ကစ္စိ ပါဏေသု သညတော။
ကစ္စိ အာရာ ပမဒမှာ၊ ကစ္စိ ဈာနံ န ရိဉ္စတိ။

သာတာဂိရ-မေးသမျှအထွေထွေ ဖြေဆိုပေး၍ မိတ်ဆွေအမြတ် အို.... သာတနတ်၊ ကစ္စိ-ကိုယ်မှုဆိုင်ရာ သိလိုပါသဖြင့် ကောင်းစွာစုံစမ်း မေးမြန်းလို

ပါ၏၊ သော ဗုဒ္ဓေါ-အသင့်အလို ဘုရားဆိုသည့် ပုဂ္ဂိုလ်ထူးပင် ထိုအရှင်သည်။ အဒိန္န—မျက်မှောက်ကြည်ဖြူ လက်ရောက်ယူ၍ မလှူမကပ် မပေးအပ်သောဥစ္စာကို၊ န အာဒိယတိ-ခိုးကြောင်ခိုးဝှက် ဖျက်တန်ဖျက်၍ နှိပ်စက်ကလူ မယူဘဲ ရှောင်ပါ၏လော၊ ကစ္စိ-ကိုယ်မှုဆိုင်ရာ သိလိုပါသဖြင့် ထပ်ကာစုံစမ်း မေးမြန်းလိုပါ၏၊ သော ဗုဒ္ဓေါ-အသင့်အလို ဘုရားဆိုသည့် ပုဂ္ဂိုလ်ထူးပင် ထိုအရှင်သည်၊ ပါဏေသု-ကြီးကြီးငယ်ငယ် သွယ်သွယ်များစွာ သတ္တဝါဟူသမျှတို့၌၊ သညတော-မေတ္တာစိတ်ကွက် မနှိပ်စက်ဘဲ နှစ်သက်ကြည်ဖြူ စောင့်စည်းတော်မူပါ၏လော။

ကစ္စိ-ကိုယ်မှုဆိုင်ရာ သိလိုပါသဖြင့် ထပ်ကာစုံစမ်း မေးမြန်းလိုပါ၏၊ ပမဒမှာ-သူတော်တရား မေ့လျော့သွားအောင် ဖမ်းစားနိုင်တောင်း မိန်းမအပေါင်းမှ၊ အာရာ-လူသူခပင်း ယုံမှားကင်းတို့ သန့်ရှင်းလှစွာ ဝေးကွာတော်မူပါ၏လော၊ ကစ္စိ-ထိုမှတပ် အားလုံးစုံအောင် ချုံး၍စုံစမ်းမေးမြန်းလိုပါ၏၊ သော ဗုဒ္ဓေါ-အသင့်အလို ဘုရားဆိုသည့် ပုဂ္ဂိုလ်ထူးပင် ထိုအရှင်သည်၊ ဈာန်-ကမ္မဋ္ဌာန်းအာရုံ စိတ်မှာထုံ၍ အဖုံဖုံပွါး ဈာန်တရားကို၊ န ရိဉ္စတိ-ကိုယ်တော်စိတ်မှ မဆိတ်ရအောင် နိစ္စမကွာ ပြုစွမ်းနိုင်ပါ၏လော။

**သာတာဂိရဖြေ။** ။အိုဟေမဝတ... ကျွန်ုပ်၏ ဘုရားရှင်သည် မလှူဒါန်း မပေးကမ်းအပ်သော သူ့ဥစ္စာကိုယူတော်မမူဘဲ အဒိန္နာဒါနအမှုမှလည်း စင်ကြယ်တော်မူပါသည်၊ သတ္တဝါတို့အပေါ်၌ မေတ္တာ ကရုဏာဖြင့် ညှာတာစောင့်ရှောက်တော်မူကာ ပါဏာတိပါတအမှုမှလည်း စင်ကြယ်တော်မူပါသည်၊ မိန်းမတို့နှင့်ကင်းဝေးတော်မူကာ အဗြဟ္မစရိယမှလည်း စင်ကြယ်တော်မူပါသည်၊ ထိုဒုစရိုက်သုံးဖြာ ရှောင်ကြဉ်ကာဖြင့် ဘာဝနာမှန်မှန်ပွါး၍ ဈာန်တရားလည်း ဆိတ်သုဉ်းတော်မမူပါ။

န သော အဒိန္နံ အာဒိယတိ၊ အထော ပါဏေသု သညတော။
အထော အာရာ ပမဒမှာ၊ ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ။

ဟေမဝတ-ဗုဒ္ဓအကြောင်း ကောင်းကောင်းသိလို အိုအဆွေမြတ် ဟေမနတ်၊ သော ဗုဒ္ဓေါ-ကျွန်ုပ်စိတ်မှာ ဗုဒ္ဓသာဟု မြဲစွာမှတ်သား ထိုမြတ်ဘုရား

သည်၊ အဒိန္နံ-မျက်မှောက်ကြည့်ဖူး လက်ရောက်ယူ၍ မလှူမကပ် မပေးအပ်သော ဥစ္စာကို၊ န အာဒိယတိ-ခိုးကြောင်ခိုးဝှက် ဖျက်တန်ဖျက်၍ နှိပ်စက်ကလူ ယူတော်မမူပါ၊ ပါဏေသု-ကြီးကြီးငယ်ငယ် သွယ်သွယ်များစွာ သတ္တဝါတို့ အပေါ်၌၊ သညတော-ကရုဏာထား မေတ္တာပွါး၍ သနားကြည့်ဖူး စောင့်စည်း တော်မူပါ၏၊ ပမဒမှာ-သူတော်တရား မေ့လျော့သွားအောင် ဖမ်းစားနိုင် တောင်း မိန်းမအပေါင်းမှ၊ အာရာ-လူသူခပင်း ယုံမှားကင်းဘို့ သန့်ရှင်းလှစွာ ဝေးကွာတော်မူပါ၏၊ သော ဗုဒ္ဓေါ-ကျွန်ုပ်စိတ်မှာ ဗုဒ္ဓသာဟု မြဲစွာမှတ်သား ထိုမြတ်စွာဘုရားသည်၊ ဈာနံ-ကမ္မဋ္ဌာန်းအာရုံ စိတ်မှာထုံ၍ အဖုံဖုံပွါး ဈာန် တရားကို၊ န ရိဉ္စတိ-ကိုယ်တော့်စိတ်မှ မဆိတ်ရအောင် နိစ္စမကွာ ပြုစွမ်း နိုင်ပါသတည်း။

**ဟေမဝတမေး။** ။အို သာတာဂိရ....မေးပါရစေဦး၊ ဘယ်နှယ်ပါလဲ.... မိတ်ဆွေ၏ဘုရားဆိုသော ပုဂ္ဂိုလ်သည် မုသားစကားကို မပြောဘဲ ရှောင်ပါ၏လော၊ သူတပါးကို နှိပ်စက်လို၍ ဆဲဆိုခြင်းဟူသော ဖရုသ ဝါစာမှ ရှောင်ပါ၏လော၊ သူတပါးတို့ ကွဲပြားဘို့အကြောင်း မကောင်းသော ပိသုဏဝါစာကိုလည်း မပြောဆိုဘဲ ရှောင်လွှဲပါ၏ လော၊ အကျိုးမရှိ အနက်အဓိပ္ပါယ်မရှိ၍ အဆန်မပါသော စပါး အပိန်အဖျင်းပမာ ပိန်ဖျင်းသော သမ္ဖပ္ပလာပစကားကို မပြောဆိုဘဲ ရှောင်လွှဲပါ၏လော၊ ဤသို့ ဝစီဒုစရိုက်မှ စင်ကြယ်-မစင်ကြယ်ကို မေးသည်။

ကစ္စိ မုသာ န ဘဏတိ၊ ကစ္စိ န ခီဏဗျပ္ပထော။
ကစ္စိ ဝေဘူတိယံ နာဟ၊ ကစ္စိ သမ္ဖံ န ဘာသတိ။

သာတာဂိရ-ကျွန်ုပ်အကျိုးကို တကယ်လို၍ မေးဆိုသမျှ ဖြေပေါ်ရသည့် သာတာမည်မှတ် အဆွေနတ်၊ ကစ္စိ-နှုတ်မှုဆိုင်ရာ သိလိုပါသဖြင့် ကောင်းစွာ စုံစမ်း မေးမြန်းပါရစေ၊ သော ဗုဒ္ဓေါ-မိတ်ဆွေအလို ဘုရားဆိုသည့် ထိုပုဂ္ဂိုလ် မြတ် လောကနတ်သည်၊ မုသာ န ဘဏတိ-အမှားကိုပင် အမှန်ထင်အောင် မျက်မြင်လှည့်စား မုသားမပြောဘဲ ရှောင်လွှဲပါ၏လော၊ ကစ္စိ-နှုတ်၏ဆိုင်ရာ

သိလိုပါသဖြင့် ထပ်ကာစုံစမ်း မေးမြန်းပါရစေ၊ သော ဗုဒ္ဓေါ-မိတ်ဆွေအလို ဘုရားဆိုသည့် ထိုပုဂ္ဂိုလ်မြတ် လောကနတ်သည်၊ န ခီဏဗျပ္ပထော-သူတပါးကို နှိပ်စက်လို၍ ဆဲဆိုသောအား ဖရုသစကားမရှိဘဲ ရှောင်လွှဲပါ၏လော၊ ဝေဘူတိယံ-ချစ်သူနှစ်ယောက်ကွဲသွားလောက်အောင် မှထောက်မထား ကုန်းတိုက်စကားကို၊ ကစ္စိ န အာဟ-ကရုဏာရှေ့ မေတ္တာနှော၍ မပြောဆိုဘဲ ရှောင်လွှဲပါ၏လော၊ သမ္ဖံ-သူဖျင်းအပေါင်း နားထောင်ကောင်းလည်း ကျိုးကြောင်းလွတ်ကင်း ပိန်ဖျင်းသောစကားကို၊ ကစ္စိ န ဘာသတိ-နားထောင်သူကို ပျော်စေလိုသဖြင့် မဆိုမိဘဲ ရှောင်လွှဲပါ၏လော။

**သာတာဂိရဖြေ**။ ။အို ဟေမဝတ....ကျွန်ုပ်၏ဘုရားရှင်သည် သူတပါး အထင်မှားအောင် ဘယ်အခါမျှ မုသားမပြောပါ၊ သူတပါးကို နှိပ်စက်လို၍ ဆဲဆိုသော ဖရုသဝါစာကိုလည်း မပြောပါ၊ ချစ်သူနှစ်ယောက် ကွဲသွားလောက်အောင် ကုန်းတိုက်သော (ရန်တိုက်သော) စကားကိုလည်း မပြောပါ၊ ကလေးသူငယ်များနှင့် လူဖျင်းလူပေါ့တို့ နားထောင်၍ ကောင်းရုံသာဖြစ်သော (အနက်အဓိပ္ပါယ်မရှိ အကျိုးမရှိသော) သမ္ဖပ္ပလာပစကားကိုလည်း ဘယ်အခါမှ ပြောဟောတော်မမူဘဲ ဝစီဒုစရိုက်လေးပါးလုံးမှ ရှောင်တော်မူပါသည်။

မုသာ စ သော န ဘဏတိ၊ အထော န ခီဏဗျပ္ပထော။
အထော ဝေဘူတိယံ နာဟ၊ မန္တာ အတ္ထံ သော ဘာသတိ။

ဟေမဝတ-ဘုရားအကြောင်း ထပ်လောင်းသိလို အိုအဆွေမြတ် ဟေမနတ်၊ သော ဗုဒ္ဓေါ-ကျွန်ုပ်စိတ်တွင် ဗုဒ္ဓပင်ဟု အစဉ်မှတ်သား ထိုမြတ်ဘုရားသည်၊ မုသာ စ-လူနတ်အများ အထင်မှားဘို့ မုသားခေါ်မည် လိမ်လည်သောစကားကိုလည်း၊ န ဘဏတိ-ကိုယ်တွက် သူ့တွက် သစ္စာဖျက်၍ နှုတ်ထွက်ခလျော် ပြောဆိုတော်မမူပါ၊ အထော-နှုတ်၏ဆိုင်ရာ စင်ကြယ်ပါကြောင်း ထပ်လောင်းသိစရာ ဖြေဆိုပါဦးအံ့၊ သော ဗုဒ္ဓေါ-အကျွန်ုပ်စိတ်တွင် ဗုဒ္ဓပင်ဟု အစဉ်မှတ်သား ထိုမြတ်ဘုရားသည်၊ န ခီဏဗျပ္ပထော-သူတပါးကို နှိပ်စက်လိုသဖြင့် ဆဲဆိုသောအား ဖရုသစကားလည်း ရှိတော်မမူပါ။

အထော- ထိုမှတခန်း သိဘို့မှန်း၍ မေးမြန်းသမျှ အဖြေကို ပြပါဦးအံ့၊ သော ဗုဒ္ဓေါ- ကျွန်ုပ်စိတ်တွင် ဗုဒ္ဓပင်ဟု အစဥ်မှတ်သား ထိုမြတ်ဘုရားသည်၊ ဝေဘူတိယံ- ချစ်သူအများ စိတ်နေခြားလျက် ကွဲပြားအောင်ပြော ကုန်းတိုက်သောစကားကို၊ န အာဟ- မပြောဆိုဘဲ ရှောင်လွှဲတော်မူပါ၏၊ သော ဗုဒ္ဓေါ- ကျွန်ုပ်စိတ်တွင် ဗုဒ္ဓပင်ဟု အစဥ်မှတ်သား ထိုမြတ်ဘုရားသည်၊ မန္တာ မန္တာယ- ထောက်ထားရှုမြှော် ပညာတော်ဖြင့် မြှော်ခေါ်သပ်ယပ် ဆုံးဖြတ်တော်မူပြီး၍သာ၊ အတ္ထံ- လူနတ်အများ ချမ်းသာပွားဘို့ တရားပြည့်ကြွယ် အဓိပ္ပါယ်ရှိသော စကားကို၊ ဘာသတိ- ကရုဏာလှုံ့ဆော် မေတ္တာတော်ဖြင့် ထုတ်ဖေါ်ကျူးသီ ဟောမိန့်တော် မူပါသတည်း။

**ဟေမဝတမေး။** ။အို သာတာဂိရ .... ဘယ့်နှယ်ပါလဲ မိတ်ဆွေ၏ ဘုရားရှင်သည် ငါးဖြာအာရုံ ကာမဂုဏ် အာရုံတို့၌ အဘိဇ္ဈာဖြင့် မတပ်မက်ဘဲ ရှောင်လွှဲနိုင်ပါ၏လော၊ ဒေါသ ဗျာပါဒကင်း၍ ကြည်လင်သန့်ရှင်းသော စိတ် ရှိပါ၏လော၊ မိစ္ဆာ မောဟကို ကျော်လွန်ကာ သမ္မာ အယူရှိပါ၏လော၊ သိဘွယ် မြင်ဘွယ် အသွယ်သွယ်တို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင် သိမြင်နိုင်သော ဉာဏ်တော်ရှိပါ၏လော၊ ဤပြဿနာဖြင့် "မနောကံ သုံးပါးမှ စင်ကြယ်၍ သဗ္ဗညုတဉာဏ် ရှိပါ၏လော" ဟု မေးလိုရင်းဖြစ်သည်။

ကစ္စိ နရဇ္ဇတိ ကာမေသု၊ ကစ္စိ စိတ္တံ အနာဝိလံ။
ကစ္စိ မောဟံ အတိက္ကန္တော၊ ကစ္စိ ဓမ္မေသု စက္ခုမာ။

သာတာဂိရ- မေးသမျှအထွေထွေ ဖြေဆိုပေသည့် အိုမိတ်ဆွေမြတ် သာတနတ်၊ သော ဗုဒ္ဓေါ- အသင့်အလို ဘုရားဆိုသည့် ထိုပုဂ္ဂိုလ်မြတ် လောကနတ်သည်၊ ကာမေသု- နှစ်သက်ဘွယ်ရာ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့၌။ ကစ္စိ နရဇ္ဇတိ- ယုတ်ညံ့စိတ်မှာ အဘိဇ္ဈာဖြင့် သာယာနှစ်သက် မတပ်မက်ဘဲ ရှောင်လွှဲနိုင်ပါ၏လော၊ စိတ္တံ-အာရုံအလိုက် ဖြစ်ပျက်ထိုက်သည့် ကိုယ်၌ပါဝင် စိတ်အစဥ်သည်၊ ကစ္စိ အနာဝိလံ-ဗျာပါဒဟု ဒေါသမှုကြောင့် နောက်ကျုမထွေ ကြည်လင်၍နေပါ၏လော။ မောဟံ-အမှားကိုပင် အမှန်ထင်၍ အမြင်လွဲစွာ ယူမိစ္ဆာကို၊ ကစ္စိ အတိက္ကန္တော-သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့်ကြည့်၍ အသိမှန်စွာ လွန်

မြှောက်တော်မူပါ၏လော၊ ကစ္စိ-ကိုယ်နှုတ်စိတ်မှာ သန့်ရှင်းပါလည်း ပညာအရေး ထပ်၍ မေးပါရစေဦး၊ သော ဗုဒ္ဓေါ- အသင့်အလို ဘုရားဆိုသည့် ထိုပုဂ္ဂိုလ်မြတ် လောကနတ်သည်၊ ဓမ္မေသု-သိသင့် သိဘွယ် သွယ်သွယ်များလှ တရားဟူသမျှတို့၌၊ စက္ခုမာ-ဉာဏ်ရောင်ပဝင်း အားလုံးလင်း၍ သန့်ရှင်းကြည်လင် မြင်တော်မူနိုင်ပါ၏လော။

**သာတာဂိရဖြေ။** ။အို ဟေမဝတ....ကျွန်ုပ်၏ ဘုရားရှင်သည် နှစ်သက်ဘွယ်ရာ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ အဘိဇ္ဈာဖြင့် တပ်မက်ခြင်းမရှိပါ၊ စိတ်သည်လည်း ဒေါသဗျာပါဒကင်း၍ သန့်ရှင်းကြည်လင်နေပါ၏၊ မိစ္ဆာအယူကိုလည်း လွန်မြောက်ပြီး ဖြစ်ပါသည်၊ သိဘွယ်တရားဟူသမျှတို့၌ သဗ္ဗညုတ ဉာဏ်စက္ခုဖြင့် ကြည့်ရှုတော်မူကာ သိတော်မူပါသည်။

န သော ရဇ္ဇတိ ကာမေသု၊ အထော စိတ္တ အနာဝိလံ။
သဗ္ဗမောဟံ အတိက္ကန္တော၊ ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ။

ဟေမဝတ-ဘုရားကြောင်းအရာ ထပ်လောင်းကာဖြင့် ကောင်းစွာသိလိုအိုအဆွေမြတ် ဟေမနတ်၊ သော ဗုဒ္ဓေါ-ကျွန်ုပ်စိတ်မှာ ဗုဒ္ဓသာဟု သချာမှတ်သား ထိုမြတ်ဘုရားသည်၊ ကာမေသု-နှစ်သက်ဘွယ်ရာ ငါးဖြာအာရုံ ကာမဂုဏ်တို့၌၊ န ရဇ္ဇတိ-အဘိဇ္ဈာဖြင့် သာယာနှစ်သက် တပ်မက်တော်မမူပါ။

အထော-ထိုမှတခန်း သိဘို့မှန်း၍ မေးမြန်းသမျှ အထွေထွေ ဖြေဆိုပါအံ့၊ စိတ္တံ-အာရုံအလိုက် ဖြစ်ပျက်ထိုက်သည့် ကိုယ်၌ပါဝင် စိတ်အစဉ်သည်၊ အနာဝိလံ-ဗျာပါဒဟု ဒေါသမှုကြောင့် နောက်ကျုမထွေ ကြည်လင်၍နေပါ၏။ သဗ္ဗမောဟံ-သိဘွယ်အများ ကွယ်ကာထားလျက် ဉာဏ်အားကိုဖုံး မောဟအားလုံးကို၊အတိက္ကန္တော-သမ္မာဒိဋ္ဌိ ဉာဏ်စွမ်းရှိသဖြင့် အသိမှန်စွာ လွန်မြောက်ပြီးဖြစ်ပါ၏၊ ဓမ္မေသု- သိသင့် သိဘွယ် သွယ်သွယ်များလှ တရားဟူသမျှတို့၌၊ စက္ခုမာ ဉာဏ်ရောင်ပဝင်း အားလုံးလင်း၍ သန့်ရှင်းကြည်လင် မြင်တော်မူနိုင်ပါသတည်း။

**ဟေမဝတမေး။** ။(ဟေမဝတနတ်မင်းသည် ရှေးရဟန်းတော် ဘဝ တုန်းက ဘုရားအကြောင်းအရာကို ကောင်းစွာ သိဘူးသူဖြစ်ရကား ဘုရားအစစ်၌ရှိထိုက်သော ဂုဏ်တော်များကို မေးမြန်းပြန်လေသည်)၊ အိုသာတာဂိရ....ထိုဘုရားရှင်သည် ဝိဇ္ဇာနှင့်ပြည့်စုံပါရဲ့လော၊ သန့်ရှင်း စင်ကြယ်သော အကျင့်စရဏနှင့်ပြည့်စုံပါရဲ့လော၊ ကိလေသာ အာသ ဝေါ ကုန်ခန်းပါပြီလော၊ နောက်တဖန်ဖြစ်ဘို့ရာ ဘဝမရှိသောပုဂ္ဂိုလ် ဖြစ်ပါ၏လော။

ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊ ကစ္စိ သံသုဒ္ဓစရဏော။
ကစ္စိဿ အာသဝါ ခီဏာ၊ ကစ္စိ နတ္ထိ ပုနဗ္ဘဝေါ။

သာတာဂိရ-ကျွန်ုပ်မေးသမျှ ဖြေဖော်ရသည့် သာတမည်မှတ် အိုအဆွေ နတ်၊ ကစ္စိ-ဘုရားအကြောင်း နားထောင်ကောင်းသဖြင့် ထပ်လောင်းသိစရာ မေးလိုပါ၏၊ သော ဗုဒ္ဓေါ-အကျွန်ုပ်မှာလဲ ဘုရားဘဲဟု စိတ်ထဲထင်မြင် ထိုအရှင် မြတ်သည်၊ ဝိဇ္ဇာယ-ရှေးဟောင်းနှောင်းဖြစ် အားလုံးလှစ်၍ စနစ်မှန်မှန် သိတတ်သော ဝိဇ္ဇာဉာဏ်နှင့်၊ သမ္ပန္နော-အတွင်းသန္တာန် မကြွင်းကျန်ဘဲ အမှန် ဥဿုံ ပြည့်စုံပါ၏လော၊ ကစ္စိ သံသုဒ္ဓစရဏော-ကိုယ်စိတ်သီလ အာဟာရနှင့် ထကြွနိုးကြား မြတ်တရား၌ ကြိုးစားဆင့်ဆင့် စင်ကြယ်သောအကျင့်လည်း ရှိပါ၏လော၊ အဿ ဗုဒ္ဓဿ-ကျွန်ုပ်မှာလဲ ဘုရားဘဲဟု စွဲမြဲထင်မှတ် ထိုအရှင် မြတ်၏၊ အာသဝါ-ဘဝများစွာ သံသရာက ကိုယ်မှာစွဲထုံ အဖုံဖုံသော ကိလေ သာတို့သည်၊ ကစ္စိ ခီဏာ-အငွေ့အသက်မျှ မကျန်ရအောင် လုံးဝကင်းမြုံ ကုန်ခန်းပါကုန်၏လော၊ ပုနဗ္ဘဝေါ-ဤခန္ဓာဇာတ် ကုန်ဆုံးလတ်က နောက် ထပ်တဖြစ် ဘဝအသစ်သည်၊ ကစ္စိ နတ္ထိ-အဝိဇ္ဇာကင်း တဏှာရှင်း၍ အလျှင်း သေချာ မဖြစ်ဘဲရှိပါ၏လော။

**သာတာဂိရဖြေ။** ။အို ဟေမဝတ....ကျွန်ုပ်၏ ဘုရားရှင်သည် ဝိဇ္ဇာနှင့် လည်း ပြည့်စုံပါ၏၊ အကျင့်စရဏလည်း သန့်ရှင်းစင်ကြယ်ပါ၏၊ ကိလေသာအာသဝေါတို့လည်း ကုန်ပါပြီ၊ နောက်ထပ်ဖြစ်ဘို့ရာ ဘဝ အသစ်လည်း မရှိတော့ပါ။

ဝိဇ္ဇာယ စေဝ သမ္ပန္နော၊ အထော သံသုဒ္ဓစရဏော။
သဗ္ဗသ အာသဝါ ခီဏာ၊ နတ္ထိ တဿ ပုနဗ္ဘဝေါ။

ဟေမဝတ-ဘုရားအကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းသိလို အိုအဆွေမြတ် ဟေမနတ်၊ သော ဗုဒ္ဓေါ-ကျွန်ုပ်စိတ်မှာ ဗုဒ္ဓသာဟု သေချာမှတ်သား ထိုမြတ်ဘုရားသည်၊ ဝိဇ္ဇာယ စေဝ-ရှေးဟောင်းနှောင်းဖြစ် အားလုံးလှစ်၍ စနစ်မှန်မှန် သိတတ်သောဝိဇ္ဇာဉာဏ်နှင့်လည်း၊ သမ္ပန္နော-အတွင်းသန္တာန် မကြွင်းကျန်အောင် အမှန်ဉာဏ်သို့ ပြည့်စုံတော်မူပါ၏၊ အထော သံသုဒ္ဓစရဏော-ထိုမှတပါး အကျင့်များလည်း ထူးခြားစင်ကြယ် ပြည့်ကြွယ်တော်မူပါ၏၊ အဿ ဗုဒ္ဓဿ-ကျွန်ုပ်စိတ်မှာ ဗုဒ္ဓသာဟု သေချာမှတ်သား ထိုမြတ်စွာဘုရား၏၊ သဗ္ဗာ အာသဝါ-ဘဝါဘဝ သံသာရက စွဲသမျှအထုံ အဖုံဖုံသော ကိလေသာတို့သည်၊ ခီဏာ-အငွေ့အသက်မျှမကျန်ရအောင် လုံးဝကင်းမြုံ ကုန်ခန်းပါကုန်ပြီ၊ တဿ ဗုဒ္ဓဿ-ကျွန်ုပ်စိတ်မှာ ဗုဒ္ဓသာဟု သေချာမှတ်သား ထိုမြတ်ဘုရား၏၊ ပုနဗ္ဘဝေါ-ဤခန္ဓာဇာတ် ကုန်ဆုံးလတ်က နောက်ထပ်တဖြစ် ဘဝအသစ်သည်၊ နတ္ထိ-အဝိဇ္ဇာကင်း တဏှာရှင်းသဖြင့် အလျင်းသေချာ မဖြစ်နိုင်ပါတော့သတည်း။

**ဟေမဝတ၏ ဝမ်းမြောက်စကား။** ။ထိုသို့မေးဖြေ ပြီးသောအခါ ဗုဒ္ဓမြတ်စွာ၏ ကာယကံ, ဝစီကံ,မနောကံသုံးပါးလုံး သန့်ရှင်းစင်ကြယ်တော်မူပုံကိုရင်း, ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူပုံကိုရင်း, ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ပြီး ပုံကိုရင်း သဗ္ဗညုတ ဉာဏ်စက္ခုဖြင့် အရာရာကို ကြည့်ရှုထင်ထင် သိမြင်တော်မူပုံကိုရင်း နောက်ထပ်ဘဝအသစ် ဖြစ်ဘို့ရာမရှိပုံကိုရင်း သိရသောကြောင့် သာတာဂိရနတ်အား အသင်ချီးမွမ်းတာ မှန်ပါပေတယ်ဟု ဝမ်းမြောက်ဝမ်းသာဝန်ခံလေသည်၊ ထို့နောက် ရှေးဘဝတုန်းက သိခဲ့ရသော ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို ထုတ်ဖော်ပြောဆိုကာ ဘုရားဖူးသွားကြဘို့ ပြောလေသည်။

ဇောတိဇဿ ကိသံ ဝီရံ၊ အပ္ပါဟာရံ အလောလုပံ။
မုနိံ ဝနသ္မိံ ဈာယန္တံ၊ ဟေဟိ ပဿာမ ဂေါတမံ။

ဇောတိဇဿ- ဇောတိမည်ရ သားကောင်လှေ၏ ကျနကျစ်လုံး ခြေသလုံးသဖွယ် တင့်တယ်သော ခြေသလုံးလည်း ရှိတော်မူပေထသော၊ ကိသံ- ဆူကြုံနိမ့်မြင့် အဆင်သင့်၍ အတင့်အတယ် သပ္ပါယ်သော ကိုယ်အင်္ဂါလည်း ရှိပေထသော၊ ဝီရံ-တွင်းပန္နစ်တန် ကိုယ်တော်ရန်ကို ပယ်လှန်နိုင်သဖြင့် ရဲရင့်တော်မူထသော၊ အပ္ပါဟာရံ- ကိုယ်တော်မြတ်နှင့် သင့်မသင့်ကို နှိုင်းချင့်သောအား နည်းပါးသော အာဟာရလည်း ရှိတော်မူထသော၊ အလောလုပံ- စားသောက်သမျှ အာဟာရ၌ ဆန္ဒတော်ကင်း လော်လီခြင်းလည်း မရှိထသော၊ မုနိံ-ရဟန်း အများ ဦးထိပ်ထားတို့ ဘုရားစင်စစ် မုနိလည်း ဖြစ်ပေထသော၊ ဝနသ္မိံ- လူသူအပေါင်း မခိုအောင်းသဖြင့် ကိန်းအောင်းစဘွယ် တောအလယ်၌၊ ဈာယန္တံ- ဈာန် သမာပတ် စိတ်တော်မြတ်ဖြင့် မပြတ်မွေ့လျော် နေထိုင်တော်မူထသော၊ ဂေါတမံ- အနွယ်တော်အရ ဂေါတမဟု လောကထွတ်တင် ရှင်ပင်မြတ်ဘုရားကို၊ ဟေဟိ ပဿာမ- လိုက်ခဲ့ခုလာ သင်နှင့်ငါတို့ ကောင်းစွာ ဦးတင် ဖူးမြင်ချေကြစို့တကား။

သီဟံ ဝေကစရံ နာဂံ၊ ကာမေသု အနပေက္ခိနံ။
ဥပသင်္ကမ္မ ပုစ္ဆာမ၊ မစ္စုပါသပမောစနံ။

သီဟံဝ- ချဉ်းကပ်ဘိုရာ ခဲယဉ်းစွာသည့် ရှိန်ဝါထန်ပြင်း ခြသေ့မင်းကဲ့သို့၊ ဧကစရံ- မခေါ်အပို ဖေါ်မလိုဘဲ တကိုယ်တည်းသာ သွားလာလှည့်လည် တော်မူထသော၊ နာဂံ- ဆင်ပြောင်တမျှ ငြိမ်သက်သော လှမ်းကြွခြင်းလည်း ရှိထသော၊ ကာမေသု- လူနတ်အများ လွန်လိုလားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့၌၊ အနပေက္ခိနံ- နောက်နောင်ကာလ ခံစားရဘို့ ခုကရော်ရမ်း မြှော်မှန်းခြင်းလည်း မရှိထသော၊ ဂေါတမံ- အနွယ်တော်အရ ဂေါတမဟု လောကထွတ်တင် ရှင်ပင်မြတ်ဘုရားကို၊ ဥပသင်္ကမ္မ- အထံတော်မြတ် ငါတို့ ကပ်၍၊ မစ္စုပါသ ပမောစနံ- သုံးဘုံသေမင်း သူ့ကျော့ကွင်း၏ လွတ်ကင်း နိုင်ကြောင်း နည်းလမ်းကောင်းကို၊ ပုစ္ဆာမ- ဖြေဆိုသမျှ နာယူရအောင် မြွက်ဟလှစ်ဖွေ လျှောက်ချေကြစို့တကား။

**ကာဠီသောတာပန်တည်ခြင်း။** ။ကာဠီအမျိုးသမီးသည် ထိုနတ်စစ်သူကြီးနှစ်ယောက်တို့၏ မေးကြဖြေကြရာဝယ် ဘုရားဂုဏ်တော်များကို အစအဆုံး နားစိုက်နေလေရာ- နားထောင်ရင်း နားထောင်ရင်းပင် "အော် ဗုဒ္ဓဆိုတာ ဤမျှလောက် ထူးခြားသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူပါတကား" ဟု အားရနှစ်သက်သော ပီတိဖြစ်လာရကား ထိုဘုရားဂုဏ်တော်ကို အာရုံပြုသော ပီတိအဟုန်ကြောင့် ကိလေသာ နီဝရဏ တွေကွာ၍ ထိုနေရာ၌ပင် သောတာပန် ဖြစ်လေသည်။

**မှတ်ချက်။** ။ဤကာ ဠီအမျိုးသမီး၏ သောတာပန် ဖြစ်ပုံကို စဉ်းစားရာ၌၊ အမျိုးသမီးသည် ဘုရားရှင်ကို မဖူးမြင်ဘူးသေးပါ၊ အနိစ္စ ဒုက္ခ အနတ္တဟူသော ဝိပဿနာ ဘာဝနာကို သူကိုယ်တိုင် ကြားနာဘို့မှာ ဝေးပါသေး၏၊ သို့ပါလျက် ထိုနတ်စစ်သူကြီးတို့၏ အမေးအဖြေစကား၌ ဘုရားရှင်၏ ဂုဏ်တော်များကိုကြားရရုံမျှဖြင့် ဗုဒ္ဓမြတ်စွာကို မှန်း၍ ကြည်ညိုကာ ဖြစ်လာသောပီတိဖြင့် ကိလေသာကိုခွါ၍ အရိယာ ဥပါသိကာ ဖြစ်နိုင်သည်မှာ ထူးခြားသော မှတ်သားဘွယ် ဖြစ်ပါပေသည်၊ သို့ရာဝယ် ထိုအမျိုးသမီးမှာ ကမ္ဘာတသိန်း ကာလကြာအောင် ပါရမီဖြည့်ခဲ့ပြီးသူကား ဖြစ်ပါပေသည်။

## သောတာပန် ဖြစ်ခြင်းအကြောင်း

ဤကာဠီ အမျိုးသမီး၏ သောတာပန်ဖြစ်ပုံနှင့် စပ်၍ သောတာပန် ဖြစ်နိုင်ခြင်း၏ အကြောင်းကိုလည်း သိထိုက်ပါသည်၊ (၁) သူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း၊ (၂) သူတော်ကောင်း တရားကို ကြားနာခြင်း၊ (၃) ကောင်းသော နှလုံးသွင်းရှိခြင်း၊ (၄) လောကုတ္တရာတရားနှင့် သင့်လျော်သော အကျင့်ကိုကျင့်ခြင်း၊ ဤလေးပါးသည် သောတာပတ္တိမဂ်ကို ရခြင်း၊ (သောတာပန် ဖြစ်ခြင်း၏) အကြောင်းများဖြစ်သည်၊ (သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂပါဠိတော်။)

**ကာဠီအမျိုးသမီး။** ။ကာဠီ အမျိုးသမီးသည် ထိုညဉ့်အခါဝယ် (၁) ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကို မေးဖြေမည့် နတ်စစ်သူကြီးများနှင့်

အဆင်သင့် ကြုံကြိုက်မိ၏၊ ထိုသို့ကြုံကြိုက်ခြင်းသည်ပင် သူတော်ကောင်းနှင့် ပေါင်းမိခြင်းတည်း၊ (၂) ဘုရားရှင်၏ ဂုဏ်တော်များကို ကြားနာရ၏၊ (၃) ထိုဂုဏ်တော်ကို စိတ်စိုက်၍ နှားထောင်လိုခြင်းသည် ကောင်းသောနှလုံးသွင်းပင်တည်း၊ (၄) ထို နှလုံးသွင်း အားလျော်စွာ ဝမ်းမြောက် ဝမ်းသာဖြင့် ရှိသေစွာ နားစိုက်နေခြင်းသည် လောကုတ္တရာ တရားနှင့် သင့်လျော်သော အကျင့်ကို ကျင့်ခြင်းဖြစ်၏၊ ဤသို့ သောတာပန်ဖြစ်ခြင်း၏ အကြောင်းလေးပါးနှင့် ပြည့်စုံသော ကြောင့် (ရှေးရှေးကလည်း ကမ္ဘာတသိန်းမျှ ပါရမီဖြည့်ခဲ့သော အမျိုးသမီးသည်) လွယ်ကူစွာ သောတာပန် ဖြစ်ရပေသည်။

## သောတာပန်၏ အင်္ဂါ

"သောတာပန်ဖြစ်သူ" ဟု အသိအမှတ်ပြုဘို့ရာ အင်္ဂါလက္ခဏာသည် (၁) ဘုရားရှင်၌ ဉာဏ်ဖြင့်စူးစိုက်၍ ကြည်ညိုခြင်း၊ (၂) ဘုရားရှင်၏ ဟောအပ်သော တရားတော် မဂ်ဖိုလ်နိဗ္ဗာန် တရားတော်၌ ဉာဏ်ဖြင့်စူးစိုက်၍ ကြည်ညိုခြင်း၊ (၃) အရိယာဖြစ်ပြီးသော ရဟန်း သံဃာတော်၌ ဉာဏ်ဖြင့်စူးစိုက်၍ ကြည်ညိုခြင်း၊ (၄) ငါးပါးသီလ မပြတ်မကြိုး မညှိုးမနွမ်းဘဲ သမာဓိ၏ အခြေခံအဖြစ်ဖြင့် တည်ရှိခြင်း၊ ဤလေးပါးသည် သောတာပန်၏ အင်္ဂါလက္ခဏာများတည်း၊ (မဟာဝဂ္ဂ၊ သောတာပတ္တိ သံယုတ် ပါဠိတော်။)

**ကာဠီ၏ သောတာပန် လက္ခဏာ။** ။ကာဠီ အမျိုးသမီး၌ ထိုလက္ခဏာလေးပါးတွင် (၁) ဘုရားရှင်၌ ဉာဏ်ဖြင့် စူးစိုက်၍ ကြည်ညိုခြင်းဟူသော ပဌမလက္ခဏာသည် ပီတိဖြစ်လောက်အောင် ကြည်ညိုခြင်းဖြင့် ထင်ရှား၏၊ (၂) သူကိုယ်တိုင် သောတာပန်ဖြစ်၍ နိဗ္ဗာန်ကို မြင်ရသောကြောင့် တရားတော်၌ ဉာဏ်ဖြင့် စူးစိုက်၍ကြည်ညိုမှုလည်း ရှိမည်သာ၊ အရိယာ သံဃာတော်ကို မမြင်ရသေး၍ (၃) နံပါတ်အင်္ဂါ မထင်ရှားသေးသော်လည်း 'ဖူးမြင်ရသောအခါ ကေန်ကြည်ညိုမည်သာ၊ (သူ၏ ကိုယ်ဝန်သည်ပင် ဖွားမြင်၍ ကြီးရင့်သောအခါ အရှင်သောဏဟု ထင်ရှားသော ရဟန္တာတပါး ဖြစ်လေသည်၊) (၄) သောတာပန် ဖြစ်သည်မှစ၍ ငါးပါးသီလလည်း လုံခြုံမည်သာ။

**ဉာဏ်ဖြင့် စူးစိုက်ပုံ။** ။ပါဠိတော်များ၌ "အဝေစ္စ- ဉာဏ်ဖြင့်သက်ဝင်၍+ပသာဒေါ—ကြည်ညိုခြင်း" ဟု ရှိ၏၊ ထိုကြည်ညိုခြင်းကိုပင် "ဉာဏ်ဖြင့် စူးစိုက်၍ကြည်ညိုခြင်း" ဟု ခေါ်သည်၊ သောတာပန်ဖြစ်သောအခါ ဘုရားအစရှိသော ရတနာသုံးပါးကို ကြည်ညိုခြင်းသည် အလွန်စွဲစွဲမြဲမြဲ စူးစူးစိုက်စိုက်ရှိ၏၊ ဘုရားရှင်ကို သူတပါးက "ဘုရားအစစ်မဟုတ်ပါ" ဟု ဆိုသော်လည်း ထိုသူ၏ စကားကြောင့် ဘုရားကိုကြည်ညိုမှု ပျက်၍ မသွား၊ တရားတော်နှင့် အရိယာ သံဃာတော်ကို ကြည်ညိုရာ၌လည်း (မည်သူကပင် မကြည်ညိုအောင် ဖျက်စေကာမူ) ပျက်ပြယ်၍မသွား၊ ဤမျှလောက် ခိုင်မြဲသော ကြည်ညိုမှုသဒ္ဓါ တရားကို ဉာဏ်ဖြင့်စူးစိုက်သော ကြည်ညိုခြင်းဟု ဆိုလိုပါသည်။

## သုရမ္ဗဋ္ဌအကြောင်း

သာဝတ္ထိမြို့ဝယ် "သုရမ္ဗဋ္ဌ" မည်သော အမျိုးသား တယောက် ရှိ၏၊ မူလက တိတ္ထိဆရာကြီးများ၏ တပည့် ဒါယကာဖြစ်သူတည်း၊ တနေ့သ၌ ဘုရားရှင်သည် သူ၏အိမ်ပေါက်သို့ ဆွမ်းခံကြွရောက်တော်မူ၏၊ သုရမ္ဗဋ္ဌသည် ဘုရားရှင်၏ အမျိုးမြတ်ပုံ, အများက ကြည်ညိုပုံကိုထောက်၍ မယူဘဲနေလျှင် မသင့်သောကြောင့် ဘုရားရှင်၏ သပိတ်တော်ကိုယူကာ အိမ်သို့ပင့်၍ ဆွမ်းကပ်လေသည်၊ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေး၍ ပြီးသောအခါ သုရမ္ဗဋ္ဌအား (သူ၏စိတ်နှင့် ကိုက်ညီသော) တရားကို ဟောတော်မူလေရာ တရားတော်အဆုံးတွင် သောတာပန် တည်လေသည်။ အင်္ဂုတ္တိုရ် တေဒဂ္ဂဝဂ္ဂ အဋ္ဌကထာ။)

**မာရ်နတ်လာ၍စမ်းပုံ။** ။ဘုရားရှင် ပြန်ကြွသောအခါ မာရ်နတ်သည် သုရမ္ဗဋ္ဌကို တရားထူးရ-မရ စုံစမ်းလို၍ ဘုရားပုံတော်သဏ္ဌာန် (တူနိုင်သမျှတူအောင်) ဖန်ဆင်းပြီးလျှင် သုရမ္ဗဋ္ဌ၏ အိမ်ပေါက်ဝသို့ သွားလေ၏၊ သုရမ္ဗဋ္ဌသည် "ဘုရားရှင် ပြန်ကြွလာသည်" ဟု ကြား၍ အိမ်ပေါက်သို့သွားကာ ကြွလာခြင်း၏ အကြောင်းကို မေးလျှောက်သောအခါ "သုရမ္ဗဋ္ဌ.... တရားဟောတော် မူတုန်းက အလုံးစုံသော ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ကြတယ်" လို့ အမှတ်တမဲ့ **ဟောလိုက်မိတယ်၊ အဲဒီအတိုင်း မဟုတ်ဘူး၊ တချို့ခန္ဓာများကတော့**

"နိစ္စ, ဓုဝ, သဿတ (မြဲခြင်း ခိုင်ခံ့ခြင်း အခါခပ်သိမ်း ထင်ရှား ရှိခြင်း) သဘောရှိကြတယ်" ဟု ပြောလေသည်၊ ထိုအခါ "ဗုဒ္ဓ ရှင်တော်တို့မှာ အမှတ်တမဲ့ ဟောပြောတော်မမူတန်ရာ" ဟု စဉ်းစား၍ "အသင်ဟာ မာရ်နတ် မဟုတ်လား" ဟု မေးသောအခါ ဟုတ် ကြောင်းကို ဝန်ခံ၍ ကွယ်ပျောက်လေသည်။

**မှတ်ချက်။** ။ဤဝတ္ထုကိုထောက်၍ သောတာပန် ဖြစ်ပြီးသူ၏ ရတနာ သုံးပါး၌ ယုံကြည်မှုသည် ခိုင်မြဲကြောင်း သဒ္ဓါပျက်အောင် သူတပါး က ဖျက်သော်လည်း သဒ္ဓါမပျက်ဘဲ ခိုင်မြဲစူးစိုက်နေကြောင်း ထင်ရှား ပေသည်၊ ရတနာသုံးပါး၌ သဒ္ဓါတရား စွဲမြဲရုံသာမက ငါးပါးသီလ ကိုလည်း ဤဘဝအတွက် မဆိုထားဘိ၊ နောက်နောက်ဘဝ အဆက် ဆက်၌လည်း မဖျက်တော့ပေ၊ ထို့ကြောင့် ငါးပါးသီလကို အရိယကန္တ (အရိယာတို့ နှစ်သက်အပ်သော သီလ) ဟု ခေါ်သည်၊ သောတာပန် ဖြစ်ပြီးသူတို့၏ အပါယ်မကျတော့ခြင်းမှာလည်း အပါယ်ကျလောက် သော အကုသိုလ်ကိုမပြုဘဲ ရှောင်နိုင်လောက်အောင် ဤငါးပါးသီလက လုံခြုံနေသောကြောင့်ပင် ဖြစ်သည်။

**သောတာပန်နှင့်တူသူ။** ။ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သောတာ ပန် အဖြစ်သို့ မရောက်ကြသေးသော်လည်း ဗုဒ္ဓ မြတ်စွာကို ယုံကြည်မှု၌ သောတာပန်လောက်နီးနီး ခရီးရောက်လျက် ရှိကြပေသည်၊ "အသင်၏ ဗုဒ္ဓကိုဗုဒ္ဓမဟုတ်ပါဘူး" ဟု ပြောပါ၊ ပြောလျှင် အသင့်အား မည်သည့် အကျိုးကျေးဇူးကို ပေးပါမည်၊ မပြောလျှင် အသင်၏အသက်ကို သတ်မည်" ဟု အာဏာရှိသူ အတင်းခိုင်းစေကာမူ များစွာသော ဗုဒ္ဓ ဘာသာဝင်တို့သည် ဘုရားရှင်တော်ကို ဗုဒ္ဓမဟုတ်" ဟု မပြောနိုင်ကြ၊ အသက်ကိုပင် အသေခံကြပေလိမ့်မည်၊ ထို့ကြောင့် "များစွာသော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဗုဒ္ဓမြတ်စွာ အပေါ်၌ ယုံကြည်မှုကို သောတာပန်လောက်နီးနီး ခရီးရောက်နေသည်" ဟု ဆိုပါသည်။

**အဓိကရုဏ်းတုန်းက။** ။အတော်ကြာပြီးသော အခါက ဤမြန်မာနိုင်ငံ တွင် ဘာသာရေး အဓိကရုဏ်းတခု ဖြစ်ခဲ့ဘူး၏၊ ထိုအခါ ဗုဒ္ဓဘာသာ

ဝင် မဟုတ်သော ဆရာများအထံ၌ ဆေးကုနေကြသော အရေဖျား ရောဂါရှိသူတို့သည် "အသက်သေချင် သေပါစေ၊ ဗုဒ္ဓဘာသာကိုတော့ အထိမခံနိုင်ဘူးဗျို့" ဟု ကြွေးကြော်ကာ ထိုဆေးကုရာဌာနမှ တစုတဝေးကြီး ထွက်ခွါ၍ ကိုယ်စီကိုယ်ငှ ဒုတ်ကိုင်ရှာကြပါသတဲ့၊ ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓမြတ်စွာ ယုံကြည်မှု, ဗုဒ္ဓဘာသာကို ထိန်းသိမ်းမှုသည် ဤမျှလောက်ပင် စွဲမြဲပါပေသည်၊ ထို့ကြောင့်ပင် အင်္ဂလန်နိုင်ငံ ထောင်မင်းကြီးက မြန်မာလူမျိုးတို့၏ ဘာသာရေး စွဲမြဲမှုကို ချီးကျူးစကား ရေးသားရပါသည်၊ ရေးသားပုံကို စတုတ္ထတန်း သင်ခန်းစာ အဆုံး၌ ပြထားပါသည်။)

**ဗုဒ္ဓအလိုတော်ကိုသိပါ။** ။ဗုဒ္ဓမြတ်စွာနှင့် ဘာသာကို လေးစားကြသူ ရဟန်းရှင်လူတို့သည် ဘာသာရေး ကိစ္စတိုင်း၌ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကိုအတိအကျသိသင့်ပါသည်၊ (အတိအကျသိအောင် အနာဂတ်သာသနာရေးကျမ်း၌ရင်း, ရှေးရှေး သင်တန်းများ၌ရင်း ပြထားပါသည်၊) ထိုသို့ အတိအကျသိ၍ အတိအကျလုပ်မှသာ မိမိတို့ဘာသာကို မိမိတို့ ထိန်းသိမ်းနိုင်စရာ ရှိပါသည်၊ (ထိုသို့ ထိန်းသိမ်းနည်းကိုလည်း ရှေ့အတန်းများ၌ ပြထားပါသည်၊) ဗုဒ္ဓမြတ်စွာ၏ အလိုတော် မဟုတ်သော အပိုဒါနမှုများကိုပြု၍ ပွဲလမ်းသဘင်များဖြင့် အပျော်ဘာသာရေးပွဲများ လုပ်ကြလျှင် "သံကိုသံဖျက် သံချေးတက်" သကဲ့သို့ အလွန်ယုံကြည်အပ်သော မိမိတို့ ဘာသာကို မိမိတို့ပင် ဖျက်ဆီးရာ ရောက်ပါလိမ့်မည်။

**စိတ်သာရှင်စေ ဘုရားဟော။** ။ယခုခေတ်၌ လူအများတို့သည် ရုပ်ခန္ဓာကို လှပချောမွေ့အောင် ပြင်ဆင်ကြသော်လည်း စိတ်ကိုကား လူအများမမြင်နိုင်သောကြောင့် ပြင်ဆင်သူနည်းလှ၏၊ အမှန်အားဖြင့် ရုပ်ချောဘို့ထက် စိတ်ချောဘို့က အရေးကြီးပါသည်၊ ဘာ့ကြောင့်နည်း....ဤရုပ်ခန္ဓာသည် နောက်ဘဝသို့ ကူးစက်၍ မဆက်နိုင်ပါ၊ စိတ်ကား ဤဘဝ၌ လောဘကြီးလျှင် ထိုလောဘဓာတ်သည် နောက်ဘဝသို့ ဓာတ်ဆက်၍ လောဘကြီးသူဖြစ်နိုင်၏၊ ဤဘဝ၌ ပညာကြီး

လျှင် အဆင်ခြင် အစဉ်းစားကောင်းလျှင် ထိုဉာဏ်ဓာတ်သည် နောက်ဘဝသို့ ကူးစက်၍ ဉာဏ်ကြီးသူဖြစ်နိုင်၏၊ ဤဘဝ၌ သောတာပန်ဖြစ်၍ ငါးပါးသီလမြဲသူသည် နောက်ဘဝ အဆက်ဆက်၌လည်း ငါးပါးသီလမြဲသူဖြစ်ကာ အပါယ်သို့ မကျနိုင်တော့၊ ထို့ကြောင့် ရုပ်ကောင်းဘို့ထက် စိတ်ကောင်းဘို့ အရေးကြီးကြောင်း သိသာပါသည်။

## မဟာနာမ်လျှောက်ပုံ

ဘုရားရှင်၏နောင်တော် မဟာနာမ်မင်းကြီးသည် ဘုရားရှင်အား လျှောက်ထားသည်မှာ မြတ်စွာဘုရား....ဒကာတော်သည် မြတ်စွာဘုရားကိုရင်း, ရဟန်းတော်များကိုရင်း ဖူးမြော်ပြီး၍ ညနေအခါ ကပိလဝတ်မြို့တွင်းသို့ ဝင်သွားလျှင် လမ်း၌တွေ့ရသော ဆင် မြင်း ရထား လှည်း လူများကိုရှောင်ရ တိမ်းရပါသည်၊ ထိုသို့ ရှောင်ရင်း တိမ်းရင်း သွားနေခိုက်မှာ ဘုရား တရား သံဃာတော်များကို သတိမရနိုင်ဘဲ ရှိပါသည်၊ ထိုအချိန်မျိုး၌ သေ၍သွားလျှင် အဘယ်ဂတိသို့ ရောက်သွားစရာ ရှိပါသနည်း၊ ဤသို့ လျှောက်ထားလေသည်။

**ဘုရားရှင် ဖြေတော်မူပုံ။** ။မဟာရာဇာ....မကြောက်ပါနှင့် မဟာရာဇာ....မကြောက်ပါနှင့် အသင်၏အတွက် ဆိုးဝါးသော သေခြင်းမျိုး ဖြစ်လိမ့်မည်မဟုတ်ပါ၊ အသင်၏စိတ်ကို သဒ္ဓါ သီလ သုတ စာဂ ပညာတို့ဖြင့် ကြာမြင့်စွာထုံ၍ ထားအပ်ပြီးဖြစ်သည်၊ ထို့ကြောင့်အသင်၏ရုပ်ခန္ဓာကိုယ်ကို ဤဘဝ၌ ကျီး လင်းတ ခွေးတို့ စားရစ်ကြလိမ့်မည်၊ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ဖြင့် ထုံအပ်သော စိတ်ကား (ဓာတ်သတ္တိကူးစက်သောအားဖြင့်) အထက်သို့ တက်သွားပါလိမ့်မည်၊ ဥပမာ....ထောပတ်အိုးတလုံးကို နက်လှစွာသော ရေ၌ နှစ်၍ခွဲလိုက်သောအခါ အိုးခြမ်းကွဲတွေ အောက်သို့ ကျသွား၍ ထောပတ်တို့ကား ရေ၏အထက်သို့ ပေါ်တက်လာသကဲ့သို့ ဖြစ်ပါလိမ့်မည်၊ဤသို့ ဟောတော်မူပါသည်။ (မဟာဝဂ္ဂသံယုတ်၊ သရဏာနိဝဂ်။)

နိဂုံး။ ။အို ဥပါသကာ ဥပါသိကာမတို့....ဤအဋ္ဌမဆင့် ဆုံးသည့်တိုင်အောင် သိဘွယ်များကိုသိ၍ သိသည့်အတိုင်း လိုက်နာကြပါလျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ဘို့ရာ ဂုဏ်အင်္ဂါပြည့်စုံပါပြီ၊ သို့သော် ဗုဒ္ဓမြတ်စွာ၏တရားတော်များကား ကြည့်ရှုမှတ်သားနိုင်လေ အသိဉာဏ် သန့်ရှင်းလေဖြစ်သောကြောင့် မိမိတို့အသိဉာဏ်သန့်ရှင်းသည်ထက် သန့်ရှင်းဘို့ရာ သံဃါယနာတင် မြန်မာပြန် စာအုပ်များမှ သုတ္တန်မြန်မာပြန်များကို အချိန်ရလျှင်ကြည့်ရှုကြပါကုန်၊ မိမိကား ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာကို အထက်တန်းများအတွက် အသိဉာဏ်လွယ်ကူအောင် စီစစ်ဘို့ရာ တာဝန်ရှိသေးသောကြောင့် ဥပါသကာတို့ သိဘွယ်တရားတော်များကို ဤမျှဖြင့် ရပ်တန့်ရပါတော့မည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကူညီထောက်ပံ့ကြရင်းပင် ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းကာ ရတနာဝင်သူတော်စင်ဖြစ်သော ဥပါသကာ ဥပါသိကာမအများ ဖြစ်ကြပါစေသား။

ဆဋ္ဌမတန်းအတွက်

အကျယ်ညွှန်ပြချက် ပြီး၏။

---

## ဆရာတော်များရဲ့အရှိန်

"မဟာဂန္ဓာရုံဆရာတော်များရဲ့ ပဋိပတ်ကျင့်တော်မူပုံကို ကြည်ညိုလွန်းလို့ ကျောင်းတိုက်သံဃာအားလုံးအား ဝိနည်းသီလကိုမူထားပြီး ပဋိပတ်ကျင့်ကြဘို့ကိုလဲ အမြဲ သတိပေးပါတယ်၊ ပခုက္ကူဆရာတော်များနဲ့ အဘယာရာမ ဆရာတော်, မြောင်းမြဆရာတော်များရဲ့ အဂတိမလိုက်စားဘဲ လုလ္လဝီရိယကြိုးစားတော်မူပုံကို အားရလွန်းလို့ ယခုအရွယ်တိုင်အောင် ဇွဲလုလ္လ အပြည့်အဝဖြင့် သာသနာ့အရေးကို ကြိုးစားနေရပါတယ်၊ ထိုဆရာတော်များအရှိန်ကြောင့် ကြိုးစားသလောက် အရာထင်နေပါတယ်ဘုရား။

(တဘာဝသံသရာ-၃၂၉)

# ဗုဒ္ဓဘာသာသင်ခန်းစာ ညွှန်ပြချက်

ဤကျမ်းစာကို မူလတန်း, အလယ်တန်း, ဦးဆောင်သူများ သိသာရန် ညွှန်ပြချက်ဟူ၍ ၃-ပိုင်းခွဲခြား၍ တအုပ်စီ-စီစဉ် ရိုက်နှိပ်ပေးသင့်ပါသည်၊ သို့သော် ဗုဒ္ဓသာသနာကို ဦးစားပေး လေ့လာလိုသူများ အလွယ်လေ့လာခွင့်ရရန် စီစဉ်လိုက်ရသဖြင့် တပေါင်းတည်း စုပေါင်း၍ တအုပ်တည်း ရိုက်နှိပ်လိုက်ရ ပါသည်၊

အချို့စာများလည်း ထပ်နေသလိုထင်ရပါသည်၊ ဆရာတော် သည် မိမိသဘောတော်အတိုင်း ကိုယ်တော်တိုင် စိတ်တိုင်းကျ ရေးသားထားသောစာများဖြစ်၍ တလုံးတပါဒမျှ ဖြုတ်ခြင်း မပြုဘဲ ထည့်သွင်းရိုက်နှိပ်ထားပါသည်။

# ဗုဒ္ဓဘာသာဝင်များ အဆင့်ဆင့်သိဘွယ်

၁။ သရဏဂုံ ၃-ပါး (ဆောက်တည်ပုံ)
၂။ ငါးပါးသီလ၊
၃။ ဒုစရိုက်၊ သုစရိုက် ၁၀-ပါးစီ
၄။ ပုညကြိယဝတ္ထု ၁၀-ပါး
၅။ ဗြဟ္မစိုရ်တရား ၄-ပါး
၆။ ကိုယ်ကျင့်သုတ္တန်တရားများ
၇။ ရုပ်နာမ် ဖြစ်ပျက်ပုံ
၈။ ကံနှင့် ကံအကျိုးပေးပုံ
၉။ သံသရာကျင်လည်ရပုံ (ပဋိစ္စသမုပ္ပါဒ်)
၁၀။ သံသရာမှ ကျွတ်လွတ်ပုံ (သစ္စာ ၄-ပါး)

## အကျယ်ညွှန်ပြချက်

၁။ (က) ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်၊
ပါရမီဆယ်ပါး ဖြည့်တော်မူပုံ၊
ဘုရားအဖြစ်တော်စဉ် ဗုဒ္ဓဝင်အကျဉ်း။

(ခ) တရားဂုဏ်တော် ၆-ပါး ပါဠိအနက်၊
တရားတော်၏အရသာ နည်းနည်းပါးပါး၊
စာသင် စာချတရား၊ ဟောတရား၊ နာတရား၊
ကျင့်တရား၊ ရ တရားထူး၊ နည်းနည်းပါးပါး။

(ဂ) သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိအနက်၊
သမ္မုတိသံဃာနှင့် ပရမတ္ထ (အရိယာ) သံဃာ၊
သံဃံ သရဏံ ဂစ္ဆာမိ၌ အရိယာ သံဃာ၊
အလှူဒါနပြုရာ၌ သမ္မုတိသံဃာ၊
ပုဂ္ဂိုလ်တပါးကိုးကွယ်ရာ၌ သီလသမာဓိ ပညာရှိ။
(ဃ) သရဏဂုံ တည်သူ၏ ဝတ္ထုတိုကလေးများ။
၂။ ငါးပါးသီလ၏ ပါဠိနှင့် မြန်မာပြန်၊
ငါးပါးသီလပျက်ခြင်း၏ အပြစ်နှင့်
စောင့်ထိန်းခြင်း၏ အကျိုး၊ ဝတ္ထုတိုကလေးများ။

**မှတ်ချက်။** ။ဤအခန်း၌ သရဏဂုံ ၃-ပါးနှင့် ငါးပါးသီလ ဆောက်တည်ပုံ အစဉ်ကိုပါ လေ့လာစေသင့်၏။

၃။ (က) ဒုစရိုက် ၁၀-ပါး ခတ်ကျယ်ကျယ်၊
(ခ) သုစရိုက် ၁၀-ပါး ခတ်ကျယ်ကျယ်၊
(ဂ) ဝတ္ထုတိုကလေးများ။

## ပုညကြိယဝတ္ထု ဆယ်ပါး

၄။ **ဒါန။** ။ပကာသနဒါနပြုပုံ၊ နောက်ဘဝခံစားဘို့ဒါနပြုပုံ၊ နိဗ္ဗာန်မှန်း၍ ဒါနပြုပုံ၊ သူချမ်းသာအောင် ဒါနပြုပုံ၊ ဒါနအကျိုး။

**သီလ။** ။ငါးပါးသီလနှင့် ရှစ်ပါးသီလ (ဥပုသ်) စောင့်ရာ၌လည်း ပကာသန၊ နောက်ဘဝစည်းစိမ်၊ နိဗ္ဗာန်၊ စိတ်စင်ကြယ်ဘို့ဟု ရည်မှန်းပုံအမျိုးမျိုးနှင့် သီလအကျိုး။

**ဘာဝနာ။** ။သမထကမ္မဋ္ဌာန်းများပုံ၊ အနိစ္စ ဒုက္ခ အနတ္တဟု ဆင်ခြင်မှုကို ဝိပဿနာကမ္မဋ္ဌာန်းခေါ်ပုံ၊ ဤဘာဝနာ၌လည်း ပကာသနစသည် ရှိနိုင်ပုံ၊ စိတ်မြင့်မြတ်အောင် ဘာဝနာပွါးပုံနှင့် ဘာဝနာအကျိုး။

**အပစာယနံ**။ ။အသက်ကြီးသူ ဂုဏ်ကြီးသူတို့အား ရိုသေလေးစားခြင်းနှင့် လောကသံသရာအကျိုးရပုံ။

**ဝေယျာဝစ္စ**။ ။သူတပါး၏ ကုသိုလ်ရေး၌ ဝိုင်းဝန်းကူညီခြင်းနှင့် လောကသံသရာအကျိုးရပုံ။

**ပတ္တိဒါနံ**။ ။မိမိကုသိုလ်ကို အမျှဝေခြင်းနှင့် အကျိုးရပုံ။

**ပတ္တာနုမောဒနံ**။ ။သူတပါးက အမျှဝေသောအခါ ဝမ်းမြောက်စွာ သာဓုခေါ်ခြင်းနှင့် အကျိုးရပုံ။

**ဓမ္မဿဝနံ**။ ။တရားနာခြင်းနှင့် တရားနာရကျိုး။

**ဓမ္မဒေသနာ**။ ။တရားဟောခြင်းနှင့် တရားဟောရကျိုး။

**ဒိဋ္ဌုဇုကမ္မ**။ ။အယူမှန်ခြင်းနှင့် အယူမှားခြင်း၏ ထူးခြားပုံ။

၅။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့၏ လူကောင်းသူကောင်း၌ ရှိသင့်ပုံ အကျိုးရပုံ။

၆။ လူတို့နှင့် သက်ဆိုင်သော—

(က) လောကဓမ်ကြောင့် မတုန်လှုပ်တရား၊
(ခ) ပဋိရူပဒေသဝါသ စသော စက် ၄-ပါးတရား၊
(ဂ) သမ္ပဒါ ၄-ပါးတရား၊
(ဃ) အပါယ် ၄-ပါး၏ ဒုက္ခပြတရား၊
(င) သုဂတိဘဝတို့၏ သုခပြတရားစသည်။

၇။ (က) စိတ်စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ရုပ်တရား နာမ်တရား။
(ခ) ထိုတရား ၂-ရပ်ပေါင်းစပ်၍ သတ္တဝါခေါ်ပုံ။
(ဂ) ထိုတရားတို့ ဖြစ်ခြင်း၏ အကြောင်း။

၈။ (က) ကံ၏ သတ္တိ ပါရှိနေပုံ၊
(ခ) ကံ၏ ဆိုင်ရာ အကျိုးများ၊
(ဂ) ဉာဏ် ဝီရိယ ပါမှ ကံအကျိုးပေးခွင့်ရပုံ၊
(ဃ) ဝတ္ထုများ။

၉။ (က) ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုသိမှ
သံသရာကျင်လည်ပုံ သိနိုင်ခြင်း၊
(ခ) ပဋိသန္ဓေ တည်နေပုံ၊
(ဂ) စုတေ၍ တဘဝ ရောက်ပုံ။

၁၀။ (က) ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုသိမှ
သံသရာမှ လွတ်ပုံသိနိုင်ခြင်း၊
(ခ) သစ္စာ ၄-ပါး၊
(ဂ) မဂ္ဂသစ္စာရမှ နိဗ္ဗာန်မြင်ပုံ၊
(ဃ) မဂ္ဂသစ္စာရဘို့ရန် ကမ္မဋ္ဌာန်း
တမျိုးမျိုး အားထုတ်ပုံအစဉ်။

အမှာ။ ။လူတယောက်သည် ကလေးဘဝမှာ၌ အသက်မွေးဝမ်းကျောင်း ပညာကို သင်ရင်း ဤတရားများကို လေ့လာဘို့မှာ လွယ်မည်မထင်ပါ၊ ဤတရားများတွင် (ဂ) နံပါတ်အထိ လောကသာ ကျောင်း၌ သင့်တော်ရုံ သိဘို့ သင်၍ ကျောင်းမှ ထွက်သောအခါ ထိုအားလုံးကိုပင် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ရင်း ဘုန်းတော်ကြီးများထံ ထပ်မံလေ့လာနိုင်မှသာ အသိဉာဏ် ရှင်းစရာရှိပါသည်၊ ထိုအားလုံးကို သိမှလည်း မိမိ၏ဗုဒ္ဓဘာသာဝင (ဘုရားရှင်၏ တပည့်-ဒါယကာ၊ ဒါယိကာမ) ဖြစ်ရခြင်း၏ အကျိုးကို နားလည်ကာ ဝမ်းမြောက်ဝမ်းသာဖြင့် အကုသိုလ်ရှောင်ရှား၍ ကုသိုလ်ပါရမီ တိုးပွါးအောင် ကြိုးစားသူ ဖြစ်နိုင်စရာ ရှိပါသည်။

(ပုံ) **အရှင်ဇနကာဘိဝံသ**

တော်သလင်းလ

၁၃၂၄

# ဗုဒ္ဓဘာသာသင်ခန်းစာ

## အခြေခံနိဒါန်း

၁။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ဤဘဝ နောက်ဘဝတို့၌ ချမ်းသာသုခရဖို့အကျိုးငှါ ပွင့်တော်မူလာ၏၊ ထိုကြောင့် ဗုဒ္ဓမြတ်စွာ၏တရားတော်များသည် မှန်မှန်ကန်ကန် လိုက်နာပါမူ လိုက်နာသူတိုင်းကို ချမ်းသာစေနိုင်ပါသည်။

၂။ ထို့ကြောင့် ဗုဒ္ဓဘာသာကျောင်းများ၌ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို လူ့ဝတ်ကြောင်များ သိထိုက်သမျှသိဖို့ရန် သင်ပြ၍ ကျင့်နိုင်သမျှ ကျင့်ဖို့ရန်လည်း လက်တွေ့ အလေ့အကျင့်လုပ်စေသင့်ပါသည်။

၃။ ဗုဒ္ဓမြတ်စွာ၏တရားသည် အလွန်သိမ်မွေ့၏၊ ထိုသိမ်မွေ့သောတရားကို ငြိမ်သက်သောနေရာဝယ် အေးအေးဆေးဆေးနှင့် ဖြေးဖြေးသာသာ ပြောပေးမှ (ထိုပြောချိန်လည်း ၁၅-မိနစ် သို့မဟုတ် မိနစ် ၂၀-ထက် မကြာစေမှ) ကလေးများ စိတ်ဝင်စားဘွယ်ရှိ၏။ ထို့ကြောင့် တရားတော်ကိုသင်ပြရာဌာနသည် အခြားစာသင်ခန်းများနှင့် မနီးကပ်သော ဓမ္မာရုံလိုနေရာမျိုး၌ ရှိသင့်ပါသည်။

၄။ ဘုရားပုံတော်ကို အမြဲလေးစားနိုင်သော ဓမ္မာရုံလိုနေရာမျိုး၌သာ ထားသင့်ပါသည်။ ဝါသနာပါသော ကလေးများသည် အားလပ်ချိန်၌ ဓမ္မာရုံသို့ ခေတ္တခဏသွားပြီးလျှင် ဘုရားရှင်ကို အာရုံပြုပါစေ၊ အာရုံပြုချင်အောင်လည်း အလွန်သာယာအောင် ပြင်ထားပါ၊ ဘုရားရှိခိုးဖို့ရန် အတင်းအကြပ် မပညတ်ပါနှင့်။

၅။ သူငယ်တန်း ကလေးများရော အထက်တန်း ကလေးများပါ နံနက်စာသင်ခါနီး၌ မိမိအတန်းထည်းဝယ် သရဏဂုံ ၃-ပါးကို ပါဠိမြန်မာ ၂-မျိုးလုံး ကောင်းစွာညီညီ လက်အုပ်ချီ၍ ရွတ်ပါစေ။

၆။ ကျောင်းသွား ကျောင်းပြန်၌လည်း အိမ်က မိဘဘိုးဘွားများကို "ကျောင်းသို့သွားပါမည်"ဟု ရိုသေစွာ ခွင့်တောင်း၍ "ကျောင်းကပြန်လာပါပြီ"ဟု ရိုသေစွာ နှုတ်ဆက်လေ့ရှိပါစေ။ (ဖြစ်နိုင်လျှင် ဆရာကြီးကိုလည်း ထိုကဲ့သို့ "ပြန်ပါဦးမည်"ဟု ခွင့်တောင်း သင့်၏။)

၇။ များစွာသော မြန်မာလူမျိုးတို့သည် အိမ်တွင်းအိမ်ပြင်နှင့် အခြားနေရာတို့၌ သန့်ရှင်းမှုကို ဂရုမစိုက်ကြပါ။ ထို့ကြောင့် အလေ့အကျင့်ရအောင် ကလေးများကို သူငယ်တန်းမှစ၍ ခန္ဓာကိုယ်သန့်ရှင်းမှု၊ အဝတ်အစားသန့်ရှင်းမှု၊ တံတွေး၊ နှပ်၊ ကျင်ကြီး၊ ကျင်ငယ်၊ အညစ်အကြေးများကို သီးသန့်ထားသောနေရာ၌သာ စွန့်ကြဘို့ အလေ့အကျင့်လုပ်ပေးပါ။

၈။ ကလေးများအတွက် ကျက်မှတ်ဘွယ်ရာ အခြားဘာသာတွေများနေပြီ ဖြစ်သောကြောင့် တရားတော်အတွက် နှုတ်ရကျက်ဘွယ်တွေ မများစေသင့်ပါ၊ ဆရာကသာ တနေ့တမျိုးလောက် ပြောပေး၍ ကလေးများကိုလည်း နောက်နောက်ရက်များ၌ ပြောအပ်ပြီးသော အကြောင်းအရာကို အပြောခိုင်းပါ၊ လက်တွေ့ကျင့်၍ဖြစ်နိုင်သော အချက်များကိုလည်း လက်တွေ့ကျင့်ဘို့ရန် သင်ပြပါ။ ဥပမာ—"သရဏဂုံကို သင်ပြရာ၌ လက်အုပ်ချီ၍ ရတနာ(၃)ပါးကို အရိုအသေပြုစေခြင်း" စသည်မျိုးတည်း။

၉။ ကလေးများ၏စာရိတ္တပစ်၍ တတိုင်းပြည်လုံး စာရိတ္တပျက်ပြုန်းလာခြင်း၏ အကြောင်းမှာ တရားတော်ကို နားမလည်မှုသာမက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်နေကြသော တရားတော်ကို သင်ပေးသော ဆရာအချို့၊ တရားဟောပုဂ္ဂိုလ်အချို့နှင့် လူကြီးမိဘများကိုယ်တိုင် စာရိတ္တပျက်ပြားမှုလည်း အကြောင်းတရပ် ဖြစ်ပါသည်၊ နိုင်ငံခေါင်းဆောင်ဖြစ်သော ဆရာတော် သံဃာတော်အချို့နှင့် နိုင်ငံရေးသမားအချို့၏ စာရိတ္တချို့ယွင်းမှုမှာမူ (ကလေးတွေကို မည်သို့ပင် ပြုပြင်သော်လည်း မရနိုင်လောက်သော) အချုပ်အခြာ အကြောင်း

များ ဖြစ်ပါသည်၊ ထို့ကြောင့် ခေါင်ကစ၍ စာရိတ္တမိုးယိုနေသော ဤနိုင်ငံတွင် တိုင်းသူပြည်သားအားလုံးပင် ညီညာဖြဖြ စာရိတ္တပြင်နိုင်မှသာ ကျောင်းနေကလေးများအပေါ်၌ စာရိတ္တပြုပြင်မှု အထမြောက် စရာရှိပါသည်။

၁၀။ သို့ရာတွင် ဗုဒ္ဓမြတ်စွာ၏တရားတော်သည် လိုက်နာ၍ ကျင့်သူတိုင်းကို ဒုက္ခမှလွတ်မြောက်အောင် ဆောင်နိုင်သော တရားတော်ဖြစ်ရကား တယောက်ကျင့်လျှင် တယောက်အကျိုးရ၊ အများကျင့်လျှင် အများ အကျိုးရ ဖြစ်စေနိုင်သောကြောင့် ဆရာများသည် မိမိကို ပဓာန ထား၍ လိုက်နာသူတွေ များနိုင်သမျှများအောင် တရားတော်ကို လေးလေးစားစား သင်ပြသင့်ပါသည်။ ထို့ကြောင့် အိုးလုပ်သမား၏ အိုးမဖုတ်မီအိုး၌ ခပ်နှိပ်အပ်သော အမှတ်တံဆိပ်သည် အိုးကွဲသည့်တိုင် အောင် မပျက်နိုင်သကဲ့သို့ ဘာသာစိတ် ဘာသာသွေးလည်း တသက် လုံးမပျက်နိုင်အောင် ကျောင်း၌နေစဉ် သူငယ်တန်းကပင် ကောင်းမွန် သောတရားတော်၏ အမှတ်တံဆိပ်ကို ခပ်နှိပ်ကြပါလေ။

## ရေးသားပုံ အစီအစဉ်

၁။ ဗုဒ္ဓဘာသာဝင်ဖြစ်ဘို့ရာ ရှေးဦးစွာ သရဏဂုံ တည်ရမည်ဖြစ်သော ကြောင့် သူငယ်တန်း၌ သရဏဂုံ (၃) ပါးဆောက်တည်ဘို့ရန် ညွှန်ပြ ရပါသည်။

၂။ သရဏဂုံတည်သူကို ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ "ဥပါသကာ ဥပါသိကာ"ဟု ခေါ်ရ၏၊ ထိုဥပါသကာယောကျ်ား၊ ဥပါသိကာ မိန်းမသည်ငါးပါးသီလလုံခြုံမှဥပါသကာဂုဏ်မြောက်နိုင်သောကြောင့် ပဌမတန်း၌ (၅)ပါးသီလဆောက်တည်ပုံကိုရင်း၊ အဓိပ္ပါယ်နားမလည် သော ငယ်စဉ်ကပင် ဂုဏ်တော်များကို ရွတ်လေ့ရှိစေလိုသောကြောင့် ဂုဏ်တော်ပါဠိများကိုရင်း အရကျက်ဘို့ ညွှန်ပြလိုက်ပါသည်။

၃။ ထို့နောက် ဘုရားအကြောင်းကို တော်တော်တန်တန် နားလည်စေလို သောကြောင့် ဒုတိယတန်း၌ ဗုဒ္ဓဝင်အမေးအဖြေနှင့် ဘုရားဂုဏ်တော်

အနက်ကိုင်း၊ မြန်မာလို ငါးပါးသီလဆောက်တည်ပုံကိုင်း ဘုရားကိုးကွယ်လျှင် ဒုစရိုက်ကိုစွမ်းနိုင်သမျှ ရှောင်ရမည်ဖြစ်သောကြောင့် ဒုစရိုက်သုစရိုက်ကိုင်း ပြလိုက်ပါသည်။

၄။ ထို့နောက် တဖြည်းဖြည်းတိုး၍ ဗုဒ္ဓဘာသာရိုးရာကိုလည်း နားလည်စေလိုသောကြောင့် တတိယတန်း၌ တရားဂုဏ်တော်အနက်ကိုင်း ဩကာသမှစ၍ ဒုစရိုက် သုစရိုက်အကျယ်ကိုင်း ပုညကြိယဝတ္ထု (၁၀-ပါး) ကိုင်း ပြလိုက်ပါသည်။

၅။ ထို့နောက် စတုတ္ထတန်းမှ ကျောင်းထွက်ရသောသူငယ်သည် ဘာသာရေးအခြေခံ လုံလောက်ပြီးဖြစ်စေလိုသောကြောင့် စတုတ္ထတန်း၌ သံဃာ့ဂုဏ်တော်အနက်နှင့် ရှစ်ပါးသီလခံယူနည်းကိုင်း၊ မင်္ဂလသုတ်ပါဠိအနက်ကိုင်း ပြ၍ ဗုဒ္ဓမြတ်စွာ၏တရားတော်၌ မသိလျှင်မဖြစ်သော ဗြဟ္မစိုရ်တရားကိုင်း ပြထားပါသည်။

၆။ ပဉ္စမတန်းမှစ၍ သတ္တမတန်းအထိ၌ကား ပြအပ်ပြီးသော ဘာသာရေးဆိုင်ရာ အကြောင်းအရာစုကို ပို၍ရှင်းလင်းစွာ နားလည်စေလိုသောကြောင့် ဘုရားရတနာ, တရားရတနာ, သံဃာရတနာအကြောင်းကိုပင် ထပ်လောင်း၍ ခတ်ကျယ်ကျယ်ပြထားပါသည်။

၇။ ထို့နောက် ဥပါသက-ဥပါသိကာမတို့၏ ရှေ့အတန်းများထက် ဘာသာရေးအသိပို၍လာဘ်ရာ အဋ္ဌမတန်းကို ဥပါသကအခန်းအဖြစ်ဖြင့် သတ်မှတ်လျက် ထိုအခန်း၌ ကံအကြောင်းကိုလည်း အတော်စုံလင်စွာ ပြထားပါသည်။

၈။ ထိုမျှအထိ အသိဉာဏ်ရှိပြီးသူသည် ဝိပဿနာအကြောင်းကို လေ့လာလို အားထုတ်လိုလျှင် ရုပ်နာမ်အသိဉာဏ်ကို အခြေခံရစေလိုသောကြောင့် နဝမတန်းမှစ၍ အထက်တန်းများ၌ ဥပါသကာ ရုပ်နာမ်အကြောင်းကို အဆင့်ဆင့်ပြ၍ ပဋိစ္စသမုပ္ပါဒ်, မေတ္တာကြာ, အနတ္တသုတ်တို့ဖြင့် ဘာသာရေးဆိုင်ရာကို ပြီးဆုံးစေပါသည်။

အခြေခံနိဒါန်း ပြီး၏။

# ဗုဒ္ဓဘာသာသင်ခန်းစာလက်စွဲ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# သူငယ်တန်း

(၁) သရဏဂုံ (၃) ပါး (ပါဠိ၊ မြန်မာ)။

(၂) ငါးပါးသီလပျက်သူတို့ ငရဲခံရပုံ။

(၃) သီလရှိသူတို့ နတ်ပြည်၌ စံရပုံ။

(၄) သီလပျက်သူတို့ လူ့ဘဝပြန်ရသောအခါ ဖြစ်ရသောမကောင်းကျိုး။

(၅) သီလရှိသူတို့ လူ့ဘဝပြန်ရသောအခါ ဖြစ်ရသောကောင်းကျိုး။

### သင်နည်းမှတ်ချက်

**အမှာ။** ။ဤသူငယ်တန်း၌ ကလေးများစာမဖတ်တတ်သေးသောကြောင့် နှုတ်တက်ရထိုက်သောစာကို ဆရာက နှုတ်ဖြင့်ချပေးရပါမည်။ ထို့ကြောင့် သရဏဂုံ (၃) ပါးကို ပီပီသသ ပါဠိ-မြန်မာ (၂) မျိုးဖြင့် ချပေးပါ၊ (၄-၅) အတွက် "ပါဏာတိပါတ်-သူ့သက်သတ်က" စသော လင်္ကာကိုလည်း ချပေးပါ။

(၁) **ဗုဒ္ဓ။** ။ဘုရားရှင်၏အကြောင်းကို အကျဉ်းမျှပြောပါ၊ သုမေဓာဘဝ၌ တောထွက်ပုံအကျဉ်း၊ ဒီပင်္ကရာဘုရားအထံ၌ ဗျာဒိတ်ခံတော်မူပုံအကျဉ်း၊ နောက်နောက်ဘဝ၌ ဒါနပြုပုံအကျဉ်း၊ သီလစောင့်ပုံအကျဉ်း စသည်ကိုပြောပြ၍ သိဒ္ဓတ်မင်းသားဘဝကို ပြောပြပါ၊ ထိုနောက် သူအိုစသည်ကိုမြင်၍ တောထွက်တော်မူပုံအကျဉ်း၊ ဘုရားဖြစ်ပုံအကျဉ်းကို တနေ့လျှင် တခန်းမျှ ပြောပါ။

**ဓမ္မ။** ။ဘုရားရှင်၏ အဆုံးအမကိုတရားဟုခေါ်ကြောင်း၊ ထိုတရားတော်ကို "ဗုဒ္ဓဘာသာ" ဟုခေါ်ကြောင်း၊ ထိုဘာသာယုံကြည်သူကို "ဗုဒ္ဓဘာသာအယူရှိသူ" ဟု ခေါ်ကြောင်း ပြောပြပါ၊ ဘုရားရှင်၏ အဆုံးအမတော်တွင် "သတ္တဝါတို့ကို သနားရမည်" ဟု ပါရှိ၍၊ သူ့ဘပါးကို မသနားသောကလေးနှင့်သနားသောကလေးကို ယှဉ်ပြ၍ "ဘယ်သူက လူကောင်းလဲ" ဤသို့ စသည်ဖြင့် အဒိန္နာဒါန စသည်ဆိုင်ရာများကိုလည်း မေး၍ တနေ့တမျိုးမျှ ငါးပါးသီလ သဘောပေါက်အောင် ပြောပြပါ။

**သံဃ။** ။ဘုရား အဆုံးအမတော်ကို လူ့ဝတ်ကြောင်များထက် ပို၍ လိုက်နာရသော (မလိုက်နာလျှင် အပြစ်ရှိသော) ရဟန်းတော်များ အစုအဝေးကို "သံဃာ" ခေါ်ကြောင်း ပြောပါ။ (လူများတွင် မိဘဆရာတို့၏စကားကို နားမထောင်သူ မလိုက်နာသူ လူတေလေများ ရှိကြသကဲ့သို့) သံဃာတွင်လည်း ဘုရားစကားတော်ကို နားမထောင်သော သံဃာများရှိပုံ၊ (လူများတွင် ဆရာမိဘစကားကို အပြည့်အစုံ လိုက်နာသော လူကောင်းများရှိသကဲ့သို့) ဘုရားစကားတော်ကို လိုက်နာသောကြောင့် တရားထူးရ၍ စိတ်ထားဖြူစင်သော သူတော်စင် အရိယာ သံဃာများလည်းရှိပုံ၊ ထိုသံဃာတော်အများက ဘုရား အဆုံးအမဖြစ်သော တရားတော်များကို ပျောက်ပျက်မသွားအောင် စောင့်ရှောက်နေကြပုံ၊ "သံဃံ သရဏံ ဂစ္ဆာမိ" ဟု ဆို၍ ကိုးကွယ် ရာ၌ အရိယာ သံဃာတော်များကို ကိုးကွယ်ရပုံကို ပြောပြပါ။

(၂) ဤနံပါတ်အတွက် ကားချပ် ခတ်ကြီးကြီးလုပ်၍ ပြသင့်ပါသည်၊ ဘုရား တရား သံဃာ အကြောင်းကို ရက်အတော်များများပြော၍ နားလည် လောက်မှ ငရဲခံရပုံကို ကားချပ်ပြ၍ တနေ့ တဝတ္ထုစီလောက် ပြောပါ၊ကလေး များကိုလည်း တယောက်တလှည့် ဝတ္ထုအပြောခိုင်းပါ၊ ဂိဏ္ဍကုဋ္ဌ ပြိတ္တာများ၏ ကားချပ်လည်း လိုသည်။)

(၃) ဤနံပါတ်အတွက်လည်း ကားချပ်ခတ်ကြီးကြီးလုပ်၍ ပြသင့်ပါသည်၊ ငရဲခန်း ဝတ္ထုကို တော်တော်နားလည်လောက်မှ နတ်ပြည်၌ စံရပုံကို ကားချပ်

ပြ၍ တနေ့ တဝတ္ထုစီလောက် ပြောပါ၊ ကလေးများကိုလည်း တယောက် တလှည့် ဝတ္ထုအပြောခိုင်းပါ။

(၄) ဤနံပါတ်အတွက် "ပါဏာတိပါတ်၊ သူ့သက်သတ်က" စသော လင်္ကာကို ရအောင်ချပေးပါ၊ နတ်ပြည်ဝတ္ထုများကို တော်တော်နားလည် လောက်မှ ရှေးဘဝက သီလပျက်သူတို့ လူ့ဘဝ၌ဖြစ်သောအခါ မကောင်းကျိုး ရပုံကို ယခုလူတွေကို ညွှန်ပြ၍ တနေ့တပိုဒ်စီလောက် ပြောပါ။

(၅) သီလပျက်သူ၏ အပြစ်ကို တော်တော်နားလည်လောက်မှ ရှေးဘဝက သီလရှိခဲ့သူတို့ လူ့ဘဝ၌ ဖြစ်သောအခါ အကျိုးရပုံကို (ယခု လူများကိုညွှန် ပြ၍) တနေ့တပိုဒ်စီလောက် ပြောပါ၊ ဥပမာ—ပါဏာတိပါတ် သူ့သက်သတ်၏ ပြောင်းပြန် သူ့အသက်မသတ်ခဲ့လို့ မျက်စိ နား နှာ အင်္ဂါပြည့်စုံပုံကို ပြော ခြင်းမျိုး စသည်တည်း။

**နိဂုံး။** ။သရဏဂုံ အကျိုးကို လက်တွေ့ခံစားရသော ဒါရု-သာကဋိက ဝတ္ထုကို ပြောပြ၍ ကလေးများအား အောက်ပါကဗျာကို စိတ်ပါ လက်ပါ ဆိုပါစေ။

**အတိုင်။** ။မိုးချုပ်နေဝင် ပြင်မထွက်နှင့်၊ သူရဲသူဘက် ဆွဲတတ်တယ်။

**အပေါက်။** ။မဆွဲနိုင်အောင် ဘုရားပေးတဲ့၊ တရားဆေးနဲ့ ပေါက်လိုက် မယ်။

**အတိုင်။** ။တရားဆေးဟာ ဘယ်မှာတုန်းကွဲ့၊ ငါ့လဲ ပေးအုန်း(မောင် မောင်) ရယ်။

**အပေါက်။** ။ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ရွတ်ကွဲ့၊ သူရဲလွတ်လို့ ပြေးလိမ့်မယ်။

သံပြိုင်ညီညီ လက်အုပ်ချီ၍ ရွတ်ပါစေ

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။** ။ဓမ္မံ သရဏံ ဂစ္ဆာမိ။ ။သံဃံ သရဏံ ဂစ္ဆာမိ။ ။

**သူငယ်တန်း ပြီး၏။**

# မေတ္တာအစစ်

၁။ မေတ္တာအစစ်ဆိုတာ ကိုယ်ကျိုးကို ပဓာနမထားဘဲ သူ့အကျိုးကိုသာ ပဓာနထားတဲ့သဘောတရား ဖြစ်ပါတယ်၊ ရဟန်းသံဃာတော်မှန်လျှင် ကိုယ့်အတွက်က မဂ်ဖိုလ်နိဗ္ဗာန်သာ ဖြစ်ထိုက်ပါတယ်၊ ကျန်အလုပ်တွေမှာ ဝိနည်းတော်ကို မှူသားပြီး သတ္တဝါအကျိုးများအောင် လုပ်ရပါတယ်။ ဒါကြောင့် ဒကာ-ဒကာမများနဲ့ ဆက်ဆံတဲ့အခါမှာ သူတို့ကို အကုန်အကျမများသော နေ့စဉ်ဆွမ်းလောင်းနေကြတာကိုပင် ရောမကျေးဇူးရှင်တွေလို သဘောထားနိုင်ပါတယ်။

၂။ ဘုရားပွဲ ကျောင်းပွဲစသော အပိုကုန်ပြီး ဘုရားအလိုတော်မကျတဲ့ ပွဲတွေ အကုသိုလ်တောင်ဖြစ်သေးတဲ့ပွဲတွေကို မေတ္တာရှင်က မတိုက်တွန်းရုံမက တားပင် တားမြစ်ရပါတယ်။ ဒကာ-ဒကာမတွေကို ဒါနနှင့် သီလတွင် သီလက (၁)နံပါတ် ဒါနက (၂)နံပါတ် ဖြစ်ပုံကို ဟောရပါတယ်။ ငါးပါးသီလမရှိယင် ဒါနရှင်ကြီးပင်ဖြစ်သော်လဲ ငရဲကျနိုင်ပုံ၊ ဒါနမရှိသော်လဲ ငါးပါးသီလရှိ၍ ငါးပါးသီလတွင်မပါသော ဒုစရိုက်များကို ရှောင်နိုင်ယင် ငရဲမကျနိုင်ပုံတို့ကို ဝတ္ထုကြောင်းနှင့်တကွ ဟောရပါတယ်။

၃။ လူ့အဆင့်အတန်းလိုက်ပြီး သီလရှိသူကိုသာ ဒါနနဲ့ ဘာဝနာကို ပြုလုပ်တတ်ဘို့ ဟောရပါတယ်၊ မေတ္တာမရှိယင် အလှူခံပုဂ္ဂိုလ်တွေမှာ မိမိရဘို့ တခုသာ ကြည့်တတ်ပါတယ်၊ အဲဒီလိုကြည့်မှုကြောင့် သာသနာတော်ကိုပါ အထင်သေးခံရတတ်ပါတယ်ဘုရား၊ ဒါကြောင့် ရဟန်းသံဃာများအတွက် မေတ္တာဘာဝနာကိုလဲ ကျမ်းစာက ညွှန်ပြထားပါတယ်။

၄။ လူဝတ်ကြောင်များလဲ မေတ္တာဘာဝနာကို လေ့လာထားယင် မတရားစီးပွားရှာမှု့၊ သွေးစုပ်မှုမရှိဘဲ သမ္မာအာဇီဝဖြစ်အောင် အသက်မွေးနိုင်ကြမှာပါဘဲ၊ မတရားလောဘနဲ့ ပြင်းထန်သောဒေါသလဲမရှိတော့ဘဲ အိမ်တွင်းရေး သာယာရုံမက ပြည်တွင်းရေးပါ သာယာစေနိုင်ပါတယ်။

(တဘာဝသံသရာ-၃၃၂)

# ပဌမတန်း

(၁) ဘုရားအဖြစ်တော်စဉ်
(၂) ဘုရားဂုဏ်တော် (၉) ပါးပါဠိ
(၃) တရားဂုဏ်တော် (၆) ပါးပါဠိ
(၄) သံဃာဂုဏ်တော် (၉) ပါးပါဠိ
(၅) သရဏဂုံ (၃) ပါးနှင့် (၅) ပါးသီလ ဆောက်တည်ပုံ မြန်မာပြန် (ဩကာသနှင့် သီလတောင်း မပါသေး)
(၆) စူဠကမ္မဝိဘင်္ဂသုတ် သံပေါက်များ။

## သင်နည်းမှတ်ချက်

**အမှာ။** ။ဤအတန်း၌လည်း ကလေးများသည် စာကို မဖတ်တတ်သေးပါ၊ ထို့ကြောင့် ဂုဏ်တော် ပါဠိများနှင့်တကွ (၅–၆)နံပါတ်စာများကို ဆရာက တနေ့လျှင် နည်းနည်းစီ (မရမချင်း) ချပေးရပါမည်။

(၁) ဘုရားအဖြစ်တော်စဉ်ကို သင်ပြရာ၌ ကားချပ်လုပ်၍ ပြသင့်ပါသည်။ ထိုကားချပ်ကိုလည်း လယ်တီဆရာတော်ဘုရား၏ လင်္ကာများကို မှုထား၍ လုပ်သင့်ပါသည်၊ "သုံးလူ့ရှင်ပင် ကျွန်ုပ်ထိပ်တင်" စသော ထိုလင်္ကာများကို ကလေးတို့အား သံနေသံထားနှင့် ချပေး၍ ထိုလင်္ကာ၏ အကြောင်းအရာကို ကားချပ်ပြ၍ ပြောသင့်ပါသည်။

**ရုပ်ပုံ။** ။ထိုကားချပ်များ၌ ရုပ်ပုံမှာ ကုလားပုံ မြန်မာပုံ (၂) မျိုးတွင် အများသဘောကျသလို ရေးသင့်၏။ မည်သို့ပင် ရေးသည်ဖြစ်စေ ပုံတို့ကိုကား လှနိုင်သမျှလှအောင် ရေးသင့်ပါသည်၊ ထိုသို့ ရေးပြီးနောက် တိုင်းပြည်ကိုပင် ဖြန့်သင့်ပါသည်။

(၂၊ ၃၊ ၄) ဂုဏ်တော်ပါဠိများကို ကလေးများ နားမလည်သေးသော်လည်း ရတနာ (၃) ပါး ကိုးကွယ်သူမှန်လျှင် ငယ်ငယ်ကပင် နှုတ်တက်ရစေလိုသောကြောင့် ညွှန်ပြရပါသည်။

(၅) သရဏဂုံယူပုံ သီလဆောက်တည်ပုံကိုကား မြန်မာလိုသာ ပဥ္စမစ၍ သင်ပေးသင့်ပါသည်၊ နောက်အတန်းများကျမှ ဩကာသစသည်နှင့်တကွ ပါဠိလိုဆောက်တည်ပုံကို သင်သင့်ပါသည်။

(၆) ကမ္မဝိဘင်္ဂ ပါဠိတော်သည် ကံနှင့် ကံ၏အကျိုးကိုသိသော ကမ္မဿကတာဉာဏ်၏ အခြေခံဖြစ်၏၊ သံပေါက်ကလေးများကို ရတနာ့ဂုဏ်ရည်၌ ရေးထားပါသည်၊ ကလေးများ နှုတ်တက်ရအောင် ကျက်စေ၍ နားလည်လောက်ရုံ အဓိပ္ပါယ်ကိုလည်း ပြောပြပါ။

**နိဂုံး။** ။(က) ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကိုသိလေ ဗုဒ္ဓမြတ်စွာကို ယုံကြည်လေ ကြည်ညိုလေ လေးစားလေ ဖြစ်၏၊ ဗုဒ္ဓမြတ်စွာကို ယုံကြည်လေ ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မကို နှစ်သက်လေ လိုက်နာချင်လေ ဖြစ်၏၊ ထို့ကြောင့် ကလေးများအား အတန်းတိုင်း၌ ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကို တမျိုးပြီး တမျိုး တိုး၍တိုး၍ သင်ပြလိုက်ပါသည်။

(ခ) "ဣတိပိသော ဘဂဝါ" စသော ဂုဏ်တော်များသည်အားအားရှိတိုင်း ရွတ်နေလျှင် မိမိစိတ်ကို ချမ်းစေပါလိမ့်မည်၊ ဘုရား တရား အရိယာ သံဃာတော်များ၏ ဂုဏ်တော်ကို ကောင်းကောင်းသိ၍ ရွတ်ဆိုနေသူ့ အတွက်မှာ ဘေးရန် အန္တရာယ်များကိုပင် ကာကွယ်နိုင်စရာ ရှိပါသည်၊ ထို့ကြောင့် ကလေးဘဝကစ၍ ဂုဏ်တော်ပါဠိများကို ရွတ်ဆိုလေ့ရှိအောင် အလေ့အထ ပြုသင့်ပါသည်။

**အချုပ်။** ။ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ၊ ဗုဒ္ဓကိုလည်း ကြည်ညိုမည်။
ကြည်ညိုသူက ဟောညွှန်ပြမှ၊ စိတ်က နှစ်ချိုက်လိုက်ကြသည်။
ဂုဏ်တော်တန်တန် မှန်မှန်ရလို့၊ ခဏခဏ ရွတ်သင့်သည်။
ရွတ်သော်ရန်စွယ် အန္တရာယ်ကင်းလို့၊ ကောင်းခြင်းသုခ ရလိမ့်မည်။

**ပဥ္စမတန်း ပြီး၏။**

# ဒုတိယတန်း

(၁) ဗုဒ္ဓဝင် အမေးအဖြေ။
(၂) ဘုရားဂုဏ်တော် (၉) ပါးအနက်။
(၃) အဟံ ဘန္တေ-စသော သီလတောင်း၊ သရဏဂုံသီလ။
(၄) ဒုစရိုက် (၁၀)ပါး။
(၅) သုစရိုက် (၁၀) ပါး။

## သင်နည်းမှတ်ချက်

(၁) ရေးပြီးစာအုပ်ရှိသည်၊ သံပေါက်ကို ဆရာ့ရှေ့မှာ ဖတ်ပါစေ၊ (အရကျက်ဘို့ မတိုက်တွန်းပါနှင့်၊ မှတ်ဉာဏ်ကောင်းသော ကလေးသည် ဖတ်ရင်းဖတ်ရင်း နှုတ်ရဖြစ်ပါလိမ့်မည်) ဆရာက အဓိပ္ပါယ်ပြောပါ။

(၂) ရတနာ့ဂုဏ်ရည်မှ အနက်ကို ကျက်ပါစေ၊ ဆရာကအဓိပ္ပါယ်ပြော။

(၃) ဩကာသ—စသော ဘုရားရှိခိုးမပါစေသေးဘဲ၊ မြန်မာလိုသက်သက် သီလတောင်း၊

နမော တဿ အတွက် ပါဠိနှင့် မြန်မာပြန်။ ("သရဏဂုံ, ငါးပါးသီလ ဆောက်တည်ပုံ မြန်မာ" လို့မှာ ရှေ့အတန်း၌ပါခဲ့ပြီ၊ ထိုအားလုံးကို ဆက်ဆိုပါစေ။) သရဏဂုံတည်သော အမျိုးသားနှင့် ငါးပါးသီလ လုံသော အမျိုးသား့ဝတ္ထုကို ပြောပါ၊ ဗုဒ္ဓဘာသာ လက်စွဲနံပါတ်၂- ပဥ္စမတွဲ စာအုပ်မှာ ပါသည်။

(၄) ဒုစရိုက် (၁၀) ပါးကို ပါဠိမြန်မာ ၂-မျိုးလုံး ရေတွက်တတ်ပါစေ။

(၅) သုစရိုက် (၁၀) ပါးကို ပါဠိမြန်မာ ၂-မျိုးလုံး ရေတွက်တတ် ပါစေ။

ထိုသို့ ရေတွက်တတ်သော ကလေးတို့အား ဗုဒ္ဓဘာသာလက်စွဲ ဒုတိယ တန်း၌ ပြထားသော (၁၇) မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအကြောင်းမှစ၍ (၃၆) အထိ တနေ့တမျိုး သင့်သလိုယူ၍ ပြောပေးပါ။

နိဂုံး။ ။ဘုရားစစ် တရားမှန် အရိယာ သံဃာမှန်ကို ယုံကြည်သောသဒ္ဓါ၊ နားလည်သော အသိဉာဏ်ဖြင့် ကိုးကွယ်ဆည်းကပ်သူကို "သရဏဂုံတည်သူ" ဟု ခေါ်ရ၏၊ ရတနာ (၃) ပါးကို ယုံကြည်မှုမပျက်သမျှ သရဏဂုံလည်း တသက်လုံးမပျက်ဘဲ တည်နေ၏၊ သရဏဂုံတည်သူကို "ဥပါသကာ" ဟုခေါ်၏ (ဥပါသက=ရတနာ (၃) ပါးကို ဆည်းကပ်သူ၊)

ထိုဥပါသကာသည် ငါးပါးသီလကို စောင့်ထိန်းနိုင်အောင် ကြိုးစားရသည်၊ ငါးပါးသီလမျှ မလုံခြုံသော ဥပါသကာကို "ဥပါသကာ အညံ့စား" ဟု ဆိုရသည်၊ ငါးပါးသီလတွင် မပါဝင်သော ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဒုစရိုက်တို့ကိုလည်း မဖြစ်အောင် စောင့်စည်းရသည်၊ ထိုကြောင့် ဤအတန်း၌ ဥပါသကာစစ်စစ် ဖြစ်နိုင်ကြောင်း အကျင့်များကို ပြလိုက်ရပေသည်။

အချုပ်။ ။သရဏဂုံ တည်ရုံမျှဖြင့်၊ ဥပါသက ဖြစ်ပါပြီ။
ကိုယ်ကျင့်သိက္ခာ လုံခြုံကြဘို့၊ ငါးပါးသီလ ပဥ္စသီ။
ဒုစရိုက်တွေ ရှောင်သွေခဲ့လို့၊ သုစရိုက်လဲ စုံအညီ။
ခါးဝတ်ကိုယ်ထည် ပမာစွဲ၍၊ အခါမစဲ ထိန်းရသည်။

ဒုတိယတန်း ပြီး၏။

# တတိယတန်း

(၁) တရားဂုဏ်တော် (၆) ပါးအနက်၊
(၂) ဩကာသမှစ၍ ပါဠိလို သရဏဂုံ သီလယူပုံ၊
(၃) ဒုစရိုက် သုစရိုက် အကျယ် (၄၀) စီ၊
(၄) ပုညကြိယဝတ္ထု (၁၀)ပါး။

**သင်နည်းမှတ်ချက်**

(၁) ရတနာ့ဂုဏ်ရည်မှယူ၍ အနက်ကို ကျက်ပါစေ၊ တရားဂုဏ်တော် (၆) ပါးကိုလည်း ရေတွက်တတ်ပါစေ၊ အဓိပ္ပါယ်ကို ဆရာက ပြောပေးပါ။

(၂) ဩကာသ စသည်၌ပါသော အပါယ် (၄) ပါး စသည်ကို ဆရာက အကျဉ်းမျှ ပြောပေးပါ။
ရတနာ့ဂုဏ်ရည်၌ရှင်း ပဌမတန်းနှင့် တတိယတန်း ဗုဒ္ဓဘာသာ လက်စွဲစာအုပ်များ၌ရှင်း ပါသည်။

(၃) ကလေးများကိုယ်တိုင် ရေတွက်တတ်ပါစေ၊ မကောင်းမှု ဒုစရိုက်များကို ကိုယ်တိုင်လည်း မပြုရ၊ သူတပါးကိုလည်း အပြုမခိုင်းရ၊ သူတပါးတို့ ပြုချင်လာအောင်လည်း အကျိုးကျေးဇူးကို ပြော မပေးရ၊ သူတို့ဘာသာ ပြုနေသည်ကိုလည်း ဝမ်းမြောက် မနေရဟု "ကိုယ်တိုင်ပြုခြင်း" စသော လင်္ကာပိုဒ်ကို ချပေး၍ နားလည်ပါ စေ၊ သုစရိုက်ကိုကား ကိုယ်တိုင်ပြုခြင်း စသော (၄) မျိုးလုံး ပြုရ ကြောင်းကိုလည်း ပြောပေးပါ။

(၄) ရတနာ့ဂုဏ်ရည်၌ရှင်း၊ ကိုယ်ကျင့် အဘိဓမ္မာ၌ရှင်း၊ စတုတ္ထတန်း ဗုဒ္ဓဘာသာ လက်စွဲ၌ရှင်း ပါသည်၊ ပါဠိမြန်မာ (၂) မျိုးလုံး ကလေးများ ရေတွက်တတ်ပါစေ၊ အဓိပ္ပါယ်ကို ဆရာက ပြော ပေးပါ။

နိဂုံး။ ။(က) တရားဂုဏ်တော်သည် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာ တရားအတွက်သာ မျှား၏၊ သို့သော် ပိဋကတ်တရားတော်များလည်း ကြားနာနေရလျှင် စိတ်ချမ်းသာ၏၊ ထိုတရားတော်အတိုင်း ဒါနပြုနေ လျှင်လည်း စိတ်ချမ်းသာ၏၊ ဧအေးဆေး ကျင့်သောအားဖြင့် ဥပုသ် စောင့်နေရလျှင်လည်း ချမ်းသာ၏၊ တဏှာလောဘဖြစ်၍ စိတ်ဆင်းရဲ နေသူသည် တဏှာလောဘကို (တရားတော်နှင့်အညီ) ပယ်လိုက်လျှင် လည်း စိတ်ချမ်းသာ၏။

(ခ) ဤမျှလောက် ချမ်းသာစေနိုင်သော တရားတော်ကို အလွဲ သုံးစားလုပ်သကဲ့သို့ အသံကောင်း အဆွဲအငင်ကောင်းတို့၏ တရားဟော သံကို ဇိမ်ခံကြခြင်း, ဥပုသ်စောင့်ရာ, တရားထိုင်ရာတို့၌ ပေါ့ပေါ့ဆဆ ပြုလုပ်ကြခြင်း, ဘုရားပူဇော်ပွဲဟု နာမည်ခံ၍ ပွဲသဘင်ဇာတ်အငြိမ့် တို့ကို တခြိမ့်ခြိမ့်ခံလျက် တဏှာ လောဘ ဒေါသစသည် တိုးပွါး အောင် ဘာသာရေးကို ဖျက်ဆီးနေကြခြင်း၊ ဤအကြောင်းတို့ကြောင့် တရားအရသာ မပေါ်တော့ဘဲ နိုင်ငံခြားသားတို့နှင့် နိုင်ငံတွင်း ခေတ်လူများ၏ အမျိုးမျိုးဝေဘန်မှုကို ခံရရုံမက ဘုရားရှင်ကိုပင် အစော်ကားခံရလေတော့သည်။

(ဂ) ယခုလာမည့် အနာဂတ်ခေတ်၌ ဘုရားအလိုတော်ကျဖြစ် သော တရားဟော တရားနာ တရားကျင့်ခြင်းတို့ဖြင့် ဘာသာကြေးကို ပြန်၍ဆပ်နိုင်အောင် ပြုပြင်နိုင်မှသာ မိမိတို့ တာဝန်ကျေစရာရှိသော ကြောင့် ရဟန်းသံဃာဆရာတော်တိုင်း ကြိုးစား၍ ပြုပြင်သင့်ကြ ပါသည်။

အချုပ်။ ။တရားစစ်မှန် ကျင့်ကြံကြမှ၊ ချမ်းသာသုခရနိုင်မည်။
တရားတုတွေ ကျင့်နေကြလို့၊ ဗုဒ္ဓဝါဒ ပြယ်ရသည်။
ယခုမြန်မြန် အမှန်လမ်းသို့၊ တဖန်လှမ်းဘို့ ချိန်တော်ပြီ၊
သို့မှ တိုင်းပြည်ဘာသာရေးကြောင့်၊ သာယာအေးဆေး ရှိလိမ့်မည်။

တတိယတန်း ပြီး၏။

# စတုတ္ထတန်း

(၁) သံဃာ့ဂုဏ်တော်အနက်၊
(၂) ရှစ်ပါးသီလခံယူနည်း၊
(၃) မင်္ဂလသုတ်ပါဠိအနက်၊
(၄) ဗြဟ္မစိုရ်တရား ၄-ပါး၊

## သင်နည်းမှတ်ချက်

(၁) ရတနာ့ဂုဏ်ရည်အနက်ကို ကျက်ပါစေ၊ ဆရာက အဓိပ္ပါယ် ပြော ပေးပါ။

(၂) (က) ဩကာသမှစ၍ ရှစ်ပါးသီလ ယူတတ်ပါစေ။
(ခ) ဗုဒ္ဓဘာသာလက်စွဲ စတုတ္ထတန်း၌ ပါသော (၁၂) ဥပုသ် စောင့်ပုံအကြောင်း။ (၁၃) ဥပုသ်စောင့်ဖတ်စာ၌ပါသော အဓိပ္ပါယ်များကို ဆရာက ပြောပေးပါ၊

(၃) မင်္ဂလသုတ် ပါဠိအနက်ကို အခြေပြုမင်္ဂလသုတ်၌ ပါသည့်အတိုင်း အရကျက်စေ၍ အဓိပ္ပါယ်ကို ဆရာက ပြောပေးပါ၊ စတုတ္ထတန်း မင်္ဂလသုတ်ဖတ်စာ၌ ပါသော အဓိပ္ပါယ်ထူးရာကိုလည်း ပြောသင့် လျှင် ပြောပေးပါ။

(၄) ဗုဒ္ဓဘာသာလက်စွဲ စတုတ္ထတွဲ နံပါတ် (၃) ပါဠိကိုကျက်၍ (၁၀) နံပါတ်အတိုင်းအနက်ဆိုတတ်, မြန်မာလိုလည်း မေတ္တာပို့တတ်ပါစေ။

**နိဂုံး။** ။ဤစတုတ္ထတန်းကို သင်၍ ပြီးဆုံးသောအခါ ဗုဒ္ဓဘာသာဝင်တို့ သိဘွယ်ရာအခြေခံ ကိုယ်ကျင့်တရားများကို သိပြီးဖြစ်လေပြီ၊ သိသည့် အတိုင်း ကျင့်ခြင်း မကျင့်ခြင်းမှာ ထိုသူငယ်၏ တာဝန်သာဖြစ်၏။ ထို့ကြောင့် ကျောင်းမှထွက်သောအခါ ဆရာသမားကောင်းဖြစ်သော ဘုန်းတော်ကြီးများထံ အလုပ်အကိုင်အားသော နေ့ရက်များ၌ရင်း, ဥပုသ်နေ့ဝယ် ဥပုသ်စောင့်ရင်းရင်း တရားတို့ကို ဆွေးနွေးမေးမြန်းခြင်း

အားဖြင့် မိမိကိုယ်ကို လူတော်လူကောင်းဖြစ်အောင် ထပ်ဆင့်ကြိုးစားဘို့ လိုပါသည်။

**ဘုန်းကြီးကောင်းရှိကျိုး။** ။ဘုရားရှင်သည် ဘုန်းတော်ကြီး ကောင်း ကောင်းရှိသော မြို့ရွာနယ်ပယ်တို့၌ အကျိုးရပုံကို (အင်္ဂုတ္တရနိကာယ်၊ တိက၊ ပဌမပဏ္ဏာသ၊ ၅-ဝဂ်၊ ဆင့်သုတ်၌) ဟောတော်မူပါသည်၊ ဟောတော်မူပုံမှာ ဘိက္ခုတို့....အကြင်ရွာကို ဖြစ်စေ, အကြင်နိဂုံး (မြို့)ကို ဖြစ်စေ၊ သီလရှိသော ရဟန်းတို့ မှီတင်းနေထိုင်ကြကုန်၏၊ ရဟန်းကောင်းတို့နေထိုင်ရာ ထိုရွာ၌ (ထိုနိဂုံးမြို့၌) လူတို့သည် (၁) ကိုယ်အနေအားဖြင့် ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြကုန်၏၊ (၂) နှုတ်အပြောအားဖြင့်လည်း ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြကုန်၏၊ (၃) စိတ်အကြံအားဖြင့်လည်း ကုသိုလ်ကောင်းမှု များစွာ တိုးပွားကြလေသည်။

ဤတရားတော်နှင့်အညီ ရှေးခေတ်က မြန်မာမြို့ရွာတိုင်း၌ ဘုန်းတော်ကြီးများသည် မြို့ရွာနေသူလူအများကို စာရိတ္တကောင်းအောင် ဆုံးမတော်မူခဲ့ကြ၏။ ကလေးသူငယ်များကို ထိုခေတ်အလိုက် စာပေ ပညာများကိုလည်း သင်ပြတော်မူခဲ့ကြ၏။ ယခုအခါ မြန်မာနိုင်ငံ၌ စိတ်သစ် လူသစ်ထူထောင်လိုလျှင် ကျေးရွာများ၌ အခြေခံပညာနှင့် စာရိတ္တကို တာဝန်ယူနိုင်လောက်သော ဘုန်းကြီးကောင်းကောင်းရဘို့ အရေးကြီးလှပေသတည်း၊ (ထိုသို့ ဘုန်းကြီးကောင်း ရဘို့ရန်လည်း အခြေခံကျောင်းတိုက်ကြီးတတိုက် တည်ထောင်၍ စီစဉ်လျှင် ဖြစ်နိုင်စရာ ရှိပေသည်။)

**အချုပ်။** ။အောက်တန်းမှာဝယ် သိဘွယ်ဆုံးလို့၊ နိဂုံး၌ အုပ် တော့မယ်။

သိရုံမျှနှင့် တယ်မကောင်းဘူး၊ လူကောင်းဖြစ်ဘို့ လိုကြတယ်။

လူကောင်းဖြစ်အောင် ဆရာမြတ်သို့၊မကြာကပ်လို့ မေးပါ့ကွယ်။

မေးသော်ဖြေရန် ဆရာကောင်းလဲ၊ တရွာတကျောင်း ရှိသင့်တယ်။

စတုတ္ထတန်း ပြီး၏။

# ပဋ္ဌမတန်း

## ဗုဒ္ဓရတနာ

(၁) လူ့နတ်များစွာ ချမ်းသာရေးကြောင့်၊ အသက်ပေး၍ ပါရမီ၊
ဗုဒ္ဓမြတ်စွာ လေးသင်္ချေကမ္ဘာ၊ နောက်ဆုံးအထိ ဖြည့်ခဲ့သည်။

(၂) ဗုဒ္ဓမြတ်စွာ ပွင့်လာခြင်းကြောင့်၊ လူ့နတ်ခပင်း အလီလီ။
ဥာဏ်စက္ခုတွေ့ ကိုယ်စီရလို့၊ ချမ်းသာသုခ ဖြစ်ရမည်။

(၃) ဗုဒ္ဓမြတ်စွာ စိတ်တော်ရင်းက၊ သန့်ရှင်းတိတ်ဆိတ် ဖြစ်ချင်သည်။
သာယာဆိတ်ငြိမ် တိတ်ချိန်ကျမှ၊ သမာဓိက ဖြစ်နိုင်သည်။

(၄) ပွက်လောဆူညံ လူသံပွဲတို့၊ ကျောင်းဘုရားထဲ လုပ်ကြသည်။
ဗုဒ္ဓအလို တွင်းလူ့ဖျက်သို့၊ ဘာသာပျက်၍ ခက်လိမ့်မည်။

## အကျယ်မှတ်ချက်

(၁) **ရဟန်းတို့....**လောက၌ ပုဂ္ဂိုလ်တဦး[၁] ဖြစ်ထွန်းလာလျှင် လူနတ်-ဗြဟ္မာ သတ္တဝါတို့၏ စီးပွါးချမ်းသာ များပြားဘို့ရာရင်း၊ သတ္တဝါတို့ကို သနားစောင့်ရှောက် ချီးမြှောက်ဘို့ရာရင်း၊ ကျွတ်ထိုက်သော လူနတ်ဗြဟ္မာတို့၏ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှါရင်း၊ ဖြစ်ထွန်းပေါ်ပေါက်လာရပေသည်၊ ထိုပုဂ္ဂိုလ်တဦးဆိုသည်မှာ ကိလေသာကုန်စင်၍ အစုံအလင် သိမြင်နိုင်သော တထာဂတ (ဘုရား)ပင် ဖြစ်သည်။ (အင်္ဂုတ္တိုရ်၊ ဧကနိပါတ်၊ ဧကပုဂ္ဂလဝဂ်။)

**မှတ်ချက်။** ။(ဤသုတ္တန်ပါဠိတော်နှင့်အညီ) ရှေ့အတန်း၌ ပြခဲ့သော ပါရမီတော်များကို ဖြည့်ကျင့်မှ ဘုရားဖြစ်ရသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် သတ္တဝါအများ၏ ချမ်းသာဘို့အကျိုးငှါသာ ဖြစ်ရကား ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်အစစ်အမှန်သည်လည်း သတ္တဝါအများ၏ အကျိုးစီးပွါးကို ညွှန်ပြသော သြဝါဒတော်များသာ ဖြစ်ရပေမည်။

ထိုသြဝါဒတရားတော်များကို တာဝန်ယူ၍ ကျင့်ကြံပွားများ ဟောပြော ကြသော သံဃာတော်အစစ်အမှန်သည်လည်း လူအများကို သနား စောင့်ရှောက်ချီးမြှောက်တတ်သော သံဃာတော်များသာဖြစ်ရပေမည်။

သို့ဖြစ်လျှင် ဘုရားသာသနာတော် အစစ်အမှန်သည် ကိုးကွယ်သူ လူများအပေါ်၌ တာဝန်တမျိုးပိုလာစေသော သာသနာ့ဝန်လေးကြီး မဟုတ်နိုင်ရာ၊ စင်စစ်သော်ကား လူ့ဝတ်ကြောင် ဒါယကာ ဒါယိကာမ တို့က သာသနာ့တာဝန်ကို ပစ္စည်း (၄) ပါးဖြင့် ထမ်းဆောင်ရာဝယ် ဝန်ပေါ့ပေါ့နှင့် ဆောင်နိုင်၊ လောကကျိုး ဓမ္မကျိုး (၂) မျိုးလုံး ပေးနိုင်သော သာသနာတော်သာ ဖြစ်သင့်ပါသည်။

(၂) **ရဟန်းတို့**....ကိလေသာကုန်စင်၍ အစုံအလင်သိမြင်နိုင်သော တထာ ဂတအမည်ရသော ပုဂ္ဂိုလ်တဆူ ဖြစ်တော်မူခြင်းကြောင့်(လောက၌) ကြီးစွာသော ဉာဏ်စက္ခု၊ ကြီးစွာသော ဉာဏ်အရောင်၊ ကြီးစွာသော ဉာဏ်အလင်း ဖြစ်ပေါ်လာပေသည်။ (ဧကနိပါတ် ဧကပုဂ္ဂလဝဂ်၊ (၆) သုတ်)။

**မှတ်ချက်။** ။ဤပါဠိတော်နှင့်အညီ ဘုရားရှင် ပွင့်တော်မူလာခြင်းသည် သတ္တဝါတို့မှာ ဉာဏ်မျက်စိကြီးကျယ်ဘို့ရာသာ ဖြစ်၏၊ ထို့ကြောင့် ဘုရားရှင်က သတ္တဝါတို့၏ သုခရဘို့ အကျိုးငှါ ကိုယ်တော်တိုင်က ကျင့်၍ပေးတော်မမူ၊ သုခဖြစ်ကြောင်းနှင့် ဒုက္ခမှလွတ်ကြောင်း ကောင်းသောအသိဉာဏ်ကိုသာ ပေးတော်မူ၏။ ထိုသို့ ပေးတော်မူရာ ဝယ် ဒုက္ခမှလွတ်ဘို့ရန်လည်း ကိုယ်တော်တိုင် ဒုက္ခခံ၍ ပေးတော်မမူ။

(က) လောက၌ ကြီးပွါးချမ်းသာဘို့ရာ အလိမ္မာဉာဏ်ကို ပေးတော် မူခြင်း။

(ခ) နောက်နောက် ဘဝချမ်းသာဘို့ရာ ကံနှင့် ကံ၏အကျိုးကို သိသောဉာဏ် (ကမ္မဿကတဉာဏ်)ကို ပေးတော်မူခြင်း။

(ဂ) လောကမှ ထွက်မြောက်ဘို့ရန် ဝိပဿနာဉာဏ် မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကိုပေးတော်မူခြင်းအားဖြင့် အကျဉ်းချုပ် (၃) မျိုး (၃) စားရှိသည်။

(၃) ထိုအသိဉာဏ် (၃) မျိုးလုံးပင် စိတ်၏တည်ငြိမ်မှု (သမာဓိ) ရှိမှ ဖြစ်နိုင်၏။ (သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ— သမာဓိရှိသူသည်၊ အမှန်အတိုင်း သိနိုင်မြင်နိုင်၏ဟု မိန့်တော်မူ၏။) ထိုသို့ သမာဓိရှိရသည့်ပြင် နေရာထိုင်ခင်းနှင့်တကွ ကိုယ်လက်အစိတ် အပိုင်းတို့ သန့်ရှင်းမှ ဆိတ်ငြိမ်မှုလည်း ပညာဉာဏ်သန့်ရှင်းနိုင်သည်၊ သန့်ရှင်းမှုဟူရာ၌....

(က) အဇ္ဈတ္တသန့်ရှင်းမှု။ ။ရှည်သော ဆံပင် လက်သည်း ခြေသည်းစသည်တို့ကို ဖြတ်လှီးခြင်း၊ ချွေးအညစ်အကြေးရှိလျှင် သန့်စင်အောင် ကိုယ်လက် သုတ်သင်ခြင်း၊ ရေချိုးခြင်း၊ ဝမ်းချုပ်နေလျှင် ဝမ်းနှုတ်ဆေးစားခြင်း၊ ဝမ်းချုခြင်း။ သလိပ်ကပ်နေလျှင် သလိပ်ချောင်ဆေးစားခြင်းများကို အတွင်းအဇ္ဈတ္တသန့်ရှင်းမှုဟု ဆို၏။

(ခ) ဗဟိဒ္ဓသန့်ရှင်းမှု။ ။အဝတ်ဟောင်းနေလျှင် စုတ်နေလျှင် အသစ် လဲခြင်း ဖာခြင်း၊ အဝတ်နံစော်နေလျှင် ဖွတ်လျှော်ခြင်း၊ အိပ်ရာ နေရာ မသန့်ရှင်းလျှင် အမှိုက်လှည်းခြင်း ရေဖြင့်ပွတ်ခြင်း စသည်ကို အပြင် ဗဟိဒ္ဓသန့်ရှင်းမှုဟုဆို၏၊ ဘုရားရှင်သည် ဝိနည်း-စူဠဝါဝတ္တက္ခန္ဓကာ၌ "အိပ်ရာနေရာနှင့် ကျောင်းတိုက်သန့်ရှင်းရေးကို မပြုမနေရ"ဟု ပညတ်တော်မူ၏၊ ကျောင်းကိုသုတ်သင်ရာ၌ အတွင်းပစ္စည်းများကို ထုတ်ပြီးမှ အမိုးမျက်နှာကြက်ကစ၍ သုတ်သင်ရမည်ဟုဂင်း၊ ကြမ်းနံရံ တို့ကို အဝတ်ရေဆွတ်၍ ညှစ်ပြီးလျှင် အသာ အယာပွတ်တိုက်ရမည်ဟု ဂင်း၊ ကျောင်းဝင်းကိုတံမြက်လှည်းသောအခါ ဖုန်ထသော နေရာဝယ် ရေဖြန်း၍ လှည်းရမည်ဟုဂင်း တိတိကျကျ ညွှန်ပြတော်မူ၏။

**ဆိတ်ငြိမ်မှု**။ ။သန့်ရှင်းမှုသာမက ဉာဏ်ပညာ၏အခြေခံ သမာဓိရဘို့ရန် ကျောင်းတိုက်အတွင်းအပြင် ဘုရားဝင်းအတွင်းအပြင်မှာပင် ဆိတ်ငြိမ် မှုရဘို့ အရေးကြီးပြန်၏။—အခါတပါး၌ ကျောင်းတိုက်အတွင်းဝယ် ဆူညံဆူညံ ပြောဆိုနေကြသော (အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန် တို့၏ တပည့်) ရဟန်းငါးရာကို ဆရာ (၂) ပါးနှင့်အတူ ကျောင်းတိုက်

မှ နှင်တော်မူဘူးပါသည်။ (အနာဂတ်သာသနာရေးစာအုပ် သံဃာရတနာခန်း ကြည့်ပါ။)

အင်္ဂုတ္တိုရ်၊ ဆဋ္ဌကနိပါတ်၊ သတိဝဂ်၊ ယသသုတ်၌လည်း "နံနက်စောစော သွမ်းခဲဘွယ်အပို့လာရာ တံခါး မဖွင့်သေး၍ မဝင်ရသော ဒါယကာတို့သည် ကျောင်းပြင်ဘက်၌ ဆူညံနေကြ၏။ ထိုအခါ ဘုရားရှင်သည် မေးတော်မူ၍ "ငါသည် အခြံအရံ(ယသ) လာဘ်လာဘတွေနှင့် မတွေ့ဆုံလို၊ အခြံအရံ (ယသ) လာဘ်လာဘတွေနှင့် မတွေ့ဆုံဇေလို" ဟု မိန့်တော်မူဘူးပါသည်။

အဇာတသတ်မင်းသည် ရှင်ဘုရင်ဖြစ်ပြီးမှ ဘုရားအထံတော်သို့ ပဌမအကြိမ် လာရာ၌ အလွန်ငြိမ်သက်သော သံဃာတော်များကိုကြည့်၍ မိမိ၏သားတော်ကိုပင် ထိုသံဃာတော်များလို ငြိမ်သက်စေလိုသော ဆန္ဒဖြစ်လောက်အောင် နှစ်သက်ကြည်ညိုပါသည်။

(၄) (က) ယခုအခါ ကျောင်းတိုက်များနှင့် ဘုရားစေတီတော်များ သန့်ရှင်းကြပါ၏လော၊ ဘုရားအလိုတော် မကျသည့်အတွက် လူမျိုးနှင့်ဘာသာကို မည်မျှလောက် အထင်သေး အမြင်သေး ခံနေရပါသနည်း၊ ထိုသို့ အတွင်းအပြင် မသန့်ရှင်းမှုကို အကြောင်းပြု၍ အဖိုးတန်သော ဘာသာကိုပင် အကျိုးမများ ဟုထင်ကာ ဖျက်ချင်သူတွေ များလာပြီ မဟုတ်ပါလော။

(ခ) ယခုအခါ ကျောင်းဝင်း ဘုရားဝင်းများသည် ဘုရားရှင်၏ အလိုတော်ကျအောင် တိတ်ဆိတ်ငြိမ်သက်သောဌာန ဟုတ်ပါသေး၏လော၊ အလှူဒါနပေးလှူသူတို့၏ ဆူညံသံ၊ ဘုရားပွဲ ကျောင်းပွဲအခါတို့၌ ဇာတ်သဘင် အငြိမ့်တို့ဖြင့် ခြိမ့်ခြိမ့်သဲသဲ ဖြစ်နေသံတို့သည် ဗုဒ္ဓဝါဒကို တိုက်ရိုက်ဖျက်ဆီးရာ ရောက်မနေပါလော။ (တချို့သော ဘုရားကိစ္စ သံဃာ့ကိစ္စတို့၌ တူရိယာတို့ဖြင့် တီးမှုတ်ပူဇော်ခြင်းများ ရှိပါ၏၊ ထိုတီးမှုတ်ခြင်းကား ပျော်လွန်းလှ၍ အားရလှ၍ အရပ်သားတွေကိုယ်တိုင် တီးမှုတ်ပူဇော်ခြင်းသာ ဖြစ်ပါသည်။)

(ဂ) ဗုဒ္ဓ, ဓမ္မနှင့် ကောင်းမွန်စွာကျင့်ကြသော သံဃာတော်များကို မလေးစားခြင်း၊ လူဝတ်ကြောင်တို့၏ ငါးပါးသီလစသော လူ့သိက္ခာကိုရင်း, ရဟန်းတော်များ၏ ရဟန်းသိက္ခာကိုရင်း မလေးစားခြင်း၊ သမာဓိရမှုကို ဂရုမစိုက်ခြင်း၊ ဤ (၅)မျိုးရှိနေသော ဘိက္ခု ဘိက္ခုနီဥပါသကာ ဥပါသိကာမဟူသော အဘွင်းလူများကြောင့်သာ သူတော်ကောင်းတရား (သာသနာတော်)ကွယ်နိုင်သည်။ (နိဒါနဝဂ္ဂ၊ကဿ ပသံယုတ်။)

**မှတ်ချက်။** ။"ဤတရားတော်ကို စဉ်းစားသောအခါ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို တဖြည်းဖြည်း ပျက်ပြယ်ရာမှ ကွယ်ပျောက်သွားအောင် အတွင်းကျသူတို့သာ 'ပြုလုပ်နိုင်ကြသည်'' ဟု အဓိပ္ပါယ်ရ၏။ ထိုစကားလည်း ယခုအခြေအနေအရ မှန်၏၊ ယခုအခါ ဗုဒ္ဓဘာသာဝင်အများစုသည် သာသနာတော်ကို ပျက်စေလိုသော ဆန္ဒမရှိပါသော်လည်း ပြုလုပ်နေကြသော ဘာသာရေးကိစ္စကား ဗုဒ္ဓမြတ်စွာ၏ အလိုတော်နှင့်ဆန့်ကျင်နေသောကြောင့် သာသနာတော်ကို ဖျက်ဆီးနေသလိုဖြစ်ရုံမက၊ ဖျက်လိုသူတို့အား လက်သွင်းထိုးခွင့်ရအောင် လမ်းပြနေသကဲ့သို့ ဖြစ်နေ၏။

**ယခုအချိန်လူ (၃) မျိုး။** ။မြန်မာနိုင်ငံ၌ "(၁) ဗုဒ္ဓဘာသာကို စံနစ်တကျဖြစ်စေလိုသော ဗုဒ္ဓဘာသာဝင်တစု၊ (၂) ဗုဒ္ဓဘာသာကို ဘာသိဘာသာ ပစ်ထားလိုသော လူအချို့၊ (၃) ဗုဒ္ဓဘာသာကို ကွယ်သွားစေလိုသော လူအချို့၊ "ဤ (၃) စုကား အထင်အရှား ရှိနေ၏။ ထိုတွင် (၁) ဗုဒ္ဓဘာသာဝင်တို့၏ အလိုကျအောင် စံနစ်တကျပြုပြင်နိုင်မှသာ ကြာရှည်စွာတည်တံ့ဘို့ရှိ၏။ မပြုပြင်နိုင်လျှင် (၁) အုပ်စုကလည်း ဘာသိဘာသာ ပစ်ထားလိုသော (၂)အစုကဲ့သို့ ဖြစ်သွားစရာရှိ၏။ ထိုအခါ ဗုဒ္ဓဘာသာသည် တဖြည်းဖြည်း ပျက်ပြယ်ကာ လူကြီးလူကောင်းတို့ မလေးစားနိုင်သော သာမန်ဘာသာမျိုးသာ ဖြစ်သွားစရာ ရှိပါသည်။

**နိဂုံး။** ။ဤပဥ္စမတန်းဝယ် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကို အကျဉ်းချုပ်မျှ ပြပြီးပါပြီ၊ ယခုအခါ ဗုဒ္ဓဘာသာကို စံနစ်တကျ ပြုပြင်လိုသူတို့သည် ဗုဒ္ဓမြတ်စွာ၏ အလိုကျဖြစ်ဘို့ရာ ကျောင်း, ဘုရားတို့၌ သာယာ တိတ်ဆိတ်အောင် ပြုပြင်ကြရပါလိမ့်မည်၊ မိမိတို့က ပြုပြင်နိုင်ကြလျှင် ဘာသိဘာသာ ပစ်ထားလိုသော (၂) လူစုအချို့လည်း ဘာသာရေးကို ကိုင်းရှိုင်းကာ စံနစ်တကျဖြစ်စေလိုသော လူအစု၏ဘက်တော်သားများ ဖြစ်လာနိုင်ပါသည်။ ဖျက်ဆီးလိုသော (၃) လူအစုလည်း ဘာသာ ရေး၌ လက်သွိုးထိုးပြဘွယ် အပေါက်မရှာနိုင်ရကား အလိုအလျောက် ပပျောက်သွားပါလိမ့်မည်။

ယခု မျက်မြင်အားဖြင့် ယောကျ်ားမှန်လျှင် မိမိပစ္စည်း မိမိသားမယားကို ထိလျှင် မခံချင်သူ, အသက်နှင့်လဲ၍ ခုခံမည့်သူတွေ များပြား၏။ ထိုသူတွေသည် "အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ယနေ့ကစ၍ ဗုဒ္ဓမြတ်စွာကို အသက်အပ်လျက် ဆည်းကပ်ပါ၏" ဟု သရဏဂုံဆောက်တည်ထားသူ ဖြစ်ပါလျှင် ဗုဒ္ဓသာသနာတော်၏ တည်ဘို့ဘို့အရေးကို အသက်ပေး၍ မကူနိုင်စရာ မရှိပါ၊ ဗုဒ္ဓအလိုတော်ကျ ဘာသာရေးကို ပြုပြင်သောအားဖြင့် ကူညီနိုင်ကြပါစေသတည်း။

ပဥ္စမတန်း ပြီး၏။

# ဆင့်မတန်း

## ဓမ္မရတနာ

ဗုဒ္ဓညွှန်ပြ မြတ်ဓမ္မ၌၊ သုတ္တ ဝိနည်း အဘိဓမ္မာ။
လေးဆယ့်ငါးဝါ ဟောဖော်ခြင်းလည်း၊ သုံးပါးကျုံးမျှ အချုပ်မှာ။
ဝိနည်းဆိုတာ သံဃာများ၏၊ ဝတ်စားနေမှု ကောင်းဘို့ရာ၊
အဘိဓမ္မာ သဘာဝ က၊ ရုပ်နာမ်ညွှန်ပြ အစစ်သာ။
သုတ္တန်သည်ကား ဗိုလ်လူများ၏၊ စီးပွါးသုခ ညွှန်သည့်စာ၊
ဤဘဝ ဝဋ် ချမ်းသာပေးလို့၊ နောင်ရေးသုခ ရဘို့ရာ။
ဘဝလွတ်အောင် ဆောင်နိုင်ခြင်းသည့်၊ တရားထူးလည်း ရှိသည်သာ။
ထို့ကြောင့် ဗုဒ္ဓ မြတ်ဓမ္မကို၊ မကွယ်ပတို့ စောင့်ရတာ။

## အကျယ်မှတ်ဘွယ်

ဗုဒ္ဓမြတ်စွာသည် ၃၅-နှစ်အရွယ်တော်၌ ဘုရားဖြစ်တော်မူ၍ သက်တော်ရှစ်ဆယ်အရွယ်တော်၌ ပရိနိဗ္ဗာန် စံတော်မူသောကြောင့် ဘုရားအဖြစ် ၄၅-နှစ် (၄၅-ဝါ) ကြာတော်မူ၏။ ထိုအတွင်း၌ နေ့စဉ်ရက်ဆက် တရားဟောတော်မူသည်မှာ နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီး အချိန်တိုင်အောင်ပင်တည်း၊ ထိုဟောတော်မူအပ်သော တရားတော်များကို ရဟန္တာကြီးများသည် "သုတ္တ၊ ဝိနယ၊ အဘိဓမ္မ"ဟု (၃)မျိုး (၃) စားခွဲခြား၍ ပဌမအကြိမ် သံဂါယနာ တင်တော်မူခဲ့ကြသည်။

"ဝိနည်း"ဟူသောစကား၌ "ကိုယ်နှင့်နှုတ်ကို ယဉ်ကျေးအောင် ဆုံးမသောတရားတော်"ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် ဝိနည်း တရားတော်၌ ရဟန်းတော်များအတွက် ယဉ်ကျေးအောင် ညွှန်ပြ ချက်တွေ အပြည့်အစုံပါလေသည်။

(က) ကျောင်းတိုက်အတွင်း၌ "သံဃာ့အစည်းအဝေးဝင်သော အခါ ဘုရားဝတ်ပြုသောအခါ ဆရာထံသွားသောအခါ ဆွမ်းစား ကျောင်းသွားသောအခါစသည်တို့၌ သင်္ကန်းညီညီ ဝတ်ရမည်"ဟု ၎င်း "ရွာတွင်းသို့ သွားသောအခါ (လောင်းကွတ်အင်္ကျီရှည်ကြီးကို ဝတ်၍ထားသူကဲ့သို့) သင်္ကန်းကိုရုံ၍ ဣန္ဒြေရရ သွားရမည်"ဟု၎င်း၊ ရွာတွင်း၌သွားနေစဉ် ထိုင်နေစဉ် "ဟိုကြည့်သည်ကြည့် မကြည့်ရ" ဟု၎င်း၊ စကားပြောသောအခါ "တိုးတိုးပြောရမည်"ဟု၎င်း၊ ကိုယ်မှုနှုတ်မှု ယဉ်ကျေးအောင် ပညတ်တော်မူ၏။

(ခ) ကျောင်း၌ဖြစ်စေ ရွာ၌ဖြစ်စေ ဆွမ်းစားသောအခါ ဆွမ်းလုပ်ကို သပ်ယပ်အောင် ပြင်ရမည်၊ ဆွမ်းလုပ်သည် ပါးစပ်နား သို့ မရောက်မီ ပါးစပ်ကို ဟ၍မထားနှင့်ရ၊ ပါးစပ်အနားသို့ ဆွမ်း လုပ်ရောက်မှ ပါးစပ်ကို ဟ-ရမည်၊ ပါးစပ်တွင်းသို့ ရောက်သော အခါ ပါးစောင်တဖက်ဖေါင်းနေအောင် မထားရ၊ ပြတ်ပြတ်အသံ လည်း မမြည်စေရ၊ ဟင်းရည်စသည်ကို သောက်သောအခါ ရှူးရှူး မမြည်စေရ၊ ဤသို့စသည်ဖြင့် ဆွမ်းစားမှုတခု၌ပင် ယဉ်ယဉ်ကျေး ကျေးဖြစ်အောင် အပြည့်အစုံ ပညတ်တော်မူပါသည်။ (ကျင်ကြီး ကျင်ငယ်စွန့်မှု၌လည်း ယဉ်ကျေးမှု သဘောပါအောင် ပညတ်တော် မူပါသည်။)

(ဂ) "အဘိဓမ္မ"ဟူသောစကား၌ "သုတ္တန်ပါဠိထက် သာလွန် သောတရား"ဟုအဓိပ္ပါယ်ရ၏၊ ဥပမာ-ခန္ဓာ(၅)ပါးအကြောင်းသည် သုတ္တန်၌ အကျဉ်းသာပါ၏။ အဘိဓမ္မာ၌ကား အလွန်ကျယ်ဝန်းစွာ ပါ၏။ ပုဂ္ဂိုလ်သတ္တဝါဟု အစစ်မရှိ၊ ရုပ်နာမ်သာ အစစ်အမှန်ရှိ၏ဟု ညွှန်ပြသောတရားတော်ဖြစ်၏။ အဘိဓမ္မာတရားကို ပိုင်နိုင်မှ ဤခန္ဓာ ကိုယ်၌ ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်ကို၎င်း၊ ကံနှင့် ကံ၏အကျိုးကို၎င်း ကောင်းကောင်းသိနိုင်ပါသည်၊ ထို့ကြောင့် နောက်အတန်းတို့ကျမှ **အဘိဓမ္မာကို အကျယ်ပြပါမည်။**

(၃) သုတ္တန်တရားတော်သည် သတ္တဝါတို့၏ အလိုဆန္ဒနှင့် ကိုက်ညီအောင် တရားရမည့် သတ္တဝါကိုယ်တိုင် နားလည်အောင် ဟောပြတော်မူအပ်သော တရားတော်ဖြစ်၏၊ ထို့ကြောင့် သုတ္တန်သည် ဗိုလ်လူအများ၏ စီးပွါးချမ်းသာကို ကောင်းစွာပေးနိုင်သော တရားတော်ဖြစ်ပေသည်။ ထိုသုတ္တန်တရားတော်၌....

(က) ဤဘဝအတွက် စီးပွါးချမ်းသာကို ညွှန်ပြသောတရား။

(ခ) နောက်နောက်ဘဝတို့အတွက် စီးပွါးချမ်းသာလို ညွှန်ပြသောတရား။

(ဂ) ဤဘဝ နောက်ဘဝ (၂) ဌာနအတွက် စီးပွါးချမ်းသာကို ညွှန်ပြသောတရား၊ ဤတရား (၃) မျိုး ပါရှိ၏။

(၄) ထိုသုတ္တန်တရားတော်၌ ဘဝအားလုံးမှ လွတ်အောင် ညွှန်ပြသောတရားထူးလည်း ပါရှိပါသည်။ (ထိုတရားတို့၏ အကြောင်းလည်း အဘိဓမ္မာကို ထိုက်တန်သမျှ သိပြီးသူမှ နားလည်နိုင်စရာရှိပါသည်။)

## (က) ဤဘဝအတွက် စီးပွါးချမ်းသာကို ညွှန်ပြသော တရားများ

(၁) သိင်္ဂါလောဝါဒသုတ်တော်၊ (သုတ်ပါထေယျမှယူ၍ ဗုဒ္ဓဘာသာ လက်စွဲ ပဥ္စမတွဲ၌ ပြထား၏။)

(၂) သမ္မဒါတရား (၄) ပါး၊ (အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်၊ ဒုတိယ ပဏ္ဏာသက၊ ဂေါတမီဝဂ် စတုတ္ထသုတ်မှယူ၍....စတုတ္ထတန်း လက်စွဲ စာအုပ် (၁၂၂) ၌ ပြထား၏။)

(၃) ပျက်စီးကြောင်းတရား(၄)ပါး၊ (ထိုသုတ်တော်မှယူ၍....စတုတ္ထတန်း လက်စွဲစာအုပ် (၁၂၅)၌ ပြထား၏။)

(၄) သုခတရား (၄)ပါး၊ (အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ ဒုတိယပဏ္ဏာသက၊ ၂၊ ပတ္တကမ္မဝဂ် ဒုတိယသုတ်မှယူ၍၊ စတုတ္ထတန်းလက်စွဲစာအုပ် (၁၂၇)၌ ပြထား၏။)

(၅) ကုန်သည်များ၏ကြီးပွါးကြောင်းတရားတော်(အင်္ဂုတ္တိုရ်တိကနိပါတ်၊ ပဌမပဏ္ဏာသက (၂) ရထကာရဝဂ်၊ ဒသမသုတ်မှယူ၍ စတုတ္ထတန်းလက်စွဲစာအုပ် (၁၂၉) ၌ ပြထား၏။)

(၆) သင်္ဂဟဝတ္ထု (၄) ပါးတရားတော် (အင်္ဂုတ္တိုရ် စတုက္ကနိပါတ်၊ ပဌမပဏ္ဏာသက၊ ၄၊ စက္ကဝဂ်၊ ဒုတိယသုတ်မှယူ၍ စတုတ္ထတန်းလက်စွဲစာအုပ် (၁၃၁) ၌ ပြထား၏။)

(၇) အမျိုးသားကြီးပွါးရေးတရား (အင်္ဂုတ္တရ၊ ပဥ္စက၊ ဒုတိယပဏ္ဏာသက၊ နီဝရဏဝဂ်။)

(၈) အသက်ရှည်ကြောင်းတရား (အင်္ဂုတ္တရ၊ ပဥ္စက၊ တတိယပဏ္ဏာသက၊ ဂိလာနဝဂ်။)

ဤသို့စသည်ဖြင့် ဤဘဝအတွက်ပဓာနထား၍စီးပွါးချမ်းသာကို ညွှန်ပြသောတရားတော်လည်း ဓမ္မရတနာ၌ များစွာပါရှိပေသည်။

## (ခ) နောက်နောက်ဘဝအတွက် စီးပွါးချမ်းသာကို ညွှန်ပြသော တရားတော်များ

(၁) စူဠကမ္မဝိဘင်္ဂသုတ် (ရှေ့၌ ညွှန်ပြခဲ့ပြီ)

(၂) ငရဲအကြောင်း နတ်ပြည်အကြောင်း (ရတနာ့ဂုဏ်ရည်နှင့် ကိုယ်ကျင့်အဘိဓမ္မာတို့၌ နည်းနည်းပါးပါး ပြထား၏။)

(၃) ဗြဟ္မဇာလသုတ်တော်၊ (အကျယ်ဘာသာပြန်ပြီးပြီ။)

ဤသို့စသည်ဖြင့် နောက်ဘဝအတွက် ပဓာနထား၍ စီးပွါးချမ်းသာကိုညွှန်ပြသောတရားတော်လည်း ဓမ္မရတနာ၌ များစွာပါရှိပေသည်။

## (ဂ) ဘဝ ၂-မျိုးလုံးအတွက် စီးပွါးချမ်းသာကို ညွှန်ပြသော တရားတော်များ

(၁) ဝိနည်းတရားတော် (ဤတရားတော်၌ ဝိနည်းတော်နှင့်အညီ နေထိုင်သောရဟန်းသာမဏေသည် လူအများ၏ ကြည်ညိုမှုကို ခံရခြင်း

ကြောင့် ဤဘဝ၌ ချမ်းသာစွာ နေရ၏၊ ကိုယ်နှုတ်တို့၌ အပြစ်မဖြစ်အောင် စောင့်စည်းသောကြောင့် အကုသိုလ်နည်းပါး၍ ကုသိုလ်တရားများရကား နောင်သံသရာအတွက် အပါယ်ဒုက္ခမှလွတ်၍ သုခကို ရနိုင်၏၊ ဤပိုနည်းတော်ကို "ဘုရားဥပဒေတော်ကြီး" အမည်ဖြင့် ရေးသားပြီးပါပြီ။)

(၂) မင်္ဂလသုတ်တော် (ဤတရားတော်သည်လည်း ဤဘဝ နောက်ဘဝ အတွက် စီးပွါးချမ်းသာကို ညွှန်ပြသော တရားတော်ဖြစ်၏။ "အသေဝနာ စ ဗာလာနံ" စသော ပဌမဂါထာကိုပင် စဉ်းစားပါ၊ လူမိုက်တို့နှင့် မပေါင်းဘဲ လူကောင်းသူကောင်း ပညာရှိနှင့် ပေါင်းခြင်းကြောင့် ဤဘဝ၌ (ဥစ္စာစီးပွါးတိုးတက်၍ စိတ်ရောကိုယ်ပါ ချမ်းသာနိုင်ပုံမှာ ယခုဘဝမျက်မြင်ကိုယ်တွေ့ဖြင့် သိနိုင်ပါသည်။ ပဏ္ဍိတ ဆရာမိဘ၏ အဆုံးအမကိုလိုက်နာလျှင်ကား နောင်သံသရာ အတွက်ပါ စီးပွါးချမ်းသာတိုးတက်မည်သာတည်း၊ ထိုမင်္ဂလသုတ်ကို ဆရာအများပင် အကျယ်ရေးသားကြပြီး ဗုဒ္ဓဘာသာလက်စွဲ စတုတ္ထတွဲ၌ အကျဉ်းအကျယ်ပါရှိပါသည်။)

(၃) သာမညဖလသုတ် (ဤသာသနာတော်ပေါ်လာပုံမှစ၍ ဤဘဝ နောက်ဘဝအတွက် စီးပွါးချမ်းသာ ညွှန်ပြချက်များ ပါရှိ၏။ သီးခြားစာအုပ်ကလေးအဖြစ်ဖြင့် မြန်မာပြန်ပြီးပြီ။)

ဤသို့စသည်ဖြင့် ဓမ္မရတနာ၌ ၂-ဘဝလုံးအတွက် ညွှန်ပြသော တရားတော်များ များစွာပါရှိပေသည်။

(၄) ဓမ္မရတနာ၌ ဘဝမှလွတ်အောင် နည်းလမ်းညွှန်ပြနိုင်သော တရားထူးများလည်း ပါရှိ၏၊ ထိုတရားတော်အချို့ကား—

## ဘဝမှလွတ်ကြောင်း တရားကောင်း

(က) ဓမ္မစကြာတရားတော် (အကျယ်ဟောပြီးပြီ။)

(ခ) အနတ္တလက္ခဏာသုတ် (အကျယ်ဟောပြီးပြီ။)

(ဂ) ပဋိစ္စသမုပ္ပါဒ်တရားတော် (အဘိဓမ္မာအခြေခံရှိသူမှ ကောင်းကောင်းသဘောပေါက်နိုင်စရာ ရှိသည်။)

ဤသို့စသောအားဖြင့် ဓမ္မရတနာ၌ ဘဝမှလွတ်ကြောင်းတရားကောင်း တရားထူးများ များစွာရှိပါပေသည်။

**နိဂုံး။** ။ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် လူအများတို့၏ စီးပွါးချမ်းသာကို မညွှန်ပြနိုင်လျှင် တရားတော်ကို အမြတ်တနိုး ကိုးကွယ်ဘို့ မလိုပါ။ ယခုသော်ကား တရားတော်သည် ယခုဘဝအတွက်ပင် မျက်မြင်အားဖြင့် လူအများတို့၏ စီးပွါးချမ်းသာကို ညွှန်ပြနိုင်ရကား ဗုဒ္ဓဘာသာဝင်မဟုတ်သူသော်မှ သမ္ပဒါ (၄) ပါးစသော တရားအတိုင်း ကျင့်ကြံအားထုတ် အလုပ်လုပ်ကြသောကြောင့် စီးပွါးချမ်းသာ ရနေကြပေသည်။

ဗုဒ္ဓဘာသာဝင်ဆိုသူအချို့ကား မိမိဘာသာတရားတော်၏ ညွှန်ပြချက်ကို မလိုက်နာတတ်သောကြောင့် မိမိ၌ ပစ္စည်းမပြည့်စုံပါဘဲလျက် ဂုဏ်ပကာသနကို အရှင်းခံလျက် ကြွေးယူ၍ အလှူပေးမှု၊ ဗုဒ္ဓအလိုတော်မကျသော ဥပုသ်စောင့်၊ ကမ္မဋ္ဌာန်းထိုင်မှုတို့ကြောင့် ဘာသာကို နဂိုရ်က မကြည်ညိုသူတို့၏ အမျိုးမျိုးအကဲ့ရဲ့ခံရပေသည်။

လောဘ ဒေါသမာန်မာနတို့၏အပြစ်တွေကို စနစ်တကျ ဟောညွှန်ပြပါလျက် ဝိသမလောဘဟု ခေါ်ရသော မတရားလောဘတွေ အားကြီးမှုကြောင့် အလုပ်ရှင်အလုပ်သားတို့ ပဋိပက္ခ (ဆန့်ကျင်မှု) တိုးပွါးခြင်း၊ ခိုးမှု၊ တိုက်မှု၊ ကာမမှုတွေ တိုးပွါးခြင်း၊ လွန်ကဲသော ဒေါသကို မချုပ်တည်းနိုင်မှုကြောင့် သတ်မှုဖြတ်မှုတွေ ရှေးကထက် တိုးတက်ကာ ကမ္ဘာတွင်ရာဇဝတ်မှု၌ ဒုတိယတန်းနိုင်ငံဖြစ်ရခြင်း၊ ဤသို့ စသည်ဖြင့် ဗုဒ္ဓဘာသာနိုင်ငံဟု မဆိုရဲလောက်အောင် ရှက်ဘွယ်ဖြစ်ရလေသည်။

တရားတော်သည် မိမိကိုကျင့်သူအတွက်သာ စီးပွါးချမ်းသာကို ဆောင်နိုင်၏။ မကျင့်သူအတွက်ကား "အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ

သရဏံ ဂစ္ဆာမိ—ယနေ့ကစ၍ တရားတော်ကို အသက်အပ်လျက် ဆည်းကပ်ကိုးကွယ်ပါ၏’’ဟု ပါးစပ်ကဆိုရုံမျှဖြင့်၎င်း၊ ကျမ်းစာအုပ်အများအပြားကို ဖတ်ရုံတတ်ရုံပြောရုံ၊ ဟောရုံ၊ သင်ရုံ ပို့ချရုံဖြင့်၎င်း၊ စီးပွါးချမ်းသာကို ဆောင်နိုင်သည်မဟုတ်ပါ၊ ထို့ကြောင့် တရားတော်၏ ညွှန်ပြချက်ကို မှိမှိတတ်နိုင်သမျှ ကျင့်လျက် ယခုဘဝ၌ပင် လက်တွေ့အကျိုးကို ခံစားကာ တရားတော်မကွယ်ပဘိုအရေးကို အသက်ပေး၍ စောင့်ရှောက်နိုင်ကြပါစေသတည်း။

ဆဋ္ဌမတန်း ပြီး၏။

# ကုသိုလ်ရေးမို့ ကြိုးစားမည်

“အရှင်ဘုရား ဆုတောင်းတာတော့ ဝမ်းမြောက်ပါတယ်၊ ဒါပေမဲ့ ဆရာတော်ကြီးများရော, အစိုးရရော, တိုင်းပြည်ကပါ အားပေးကူညီမှု တပည့်တော် ဆန္ဒအတိုင်း အထမြောက်စရာရှိပါတယ်၊ တပည့်တော်ကလဲ အထမြောက်သည်ဖြစ်စေ, မမြောက်သည်ဖြစ်စေ ဗုဒ္ဓမြတ်စွာသည် နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူချိန်အထိ သတ္တဝါများရဲ့အကျိုးကို နောက်ဆုံး ဝေဿန္တရာ မင်းဘဝအထိ ဆောင်ခဲ့ပုံကို ကြည်ညိုလွန်းလို့ တပည့်တော်အသက်ကို ဘုရား သာသနာတော်မှာ စွန့်လှူသောအားဖြင့် သာသနာတော်အရေးကို ကြိုးစားဘို့ တာဝန်ရှိနေပါတယ်ဘုရား။

ဗုဒ္ဓမြတ်စွာလောင်းလျာတုန်းက, နောက်ဆုံးအထိပါရမီ၊
လူနတ်များစွာ, ချမ်းသာရေးကို, အသက်ပေး၍ပြုခဲ့သည်၊
ဗုဒ္ဓမြတ်စွာ, သာသနာအတွက်တော့, ငါပါအသက်ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့ ကုသိုလ်ရေးမို့ ကြိုးစားမည်။

(တဘဝသံသရာ-၃၇၂)

# သတ္တမတန်း

## သံဃရတနာ

(၁) ရှင်တော်ဘုရား သားတော်များဟု၊ မှတ်သားခေါ်ရ သံဃမည်၊
တရားတော်ကြီး မပျက်စီးဘို့၊ သီးသီးဆောင်ရ ကျင့်ရသည်။

(၂) သံဃာဆိုက (၂) မျိုးရသည့်၊ ပရမတ္ထ သမ္မုတိ၊
တရားသိကာ ရိယာမြတ်မှ၊ ပရမတ္ထ ခေါ်ရသည်။

(၃) သမ္မုတိဆို ထိုသံဃ၌၊ ဆိုးကောင်းနှစ်ဝ ရှိကြသည်၊
အကောင်းကိုသာ ကိုးကွယ်ကြဘို့၊ စိတ်က နှိုင်ထားရမည်။

(၄) အကောင်းတွေကား အသက်ပေးလို့၊ သာသနာရေး ဆောင်သင့်ပြီ၊
မဆောင်နိုင်သော် ဘာသာပျက်၍၊ သာသနာသက် ဆုံးတော့မည်။

## အကျယ်သိဘွယ်

(၁) (က)။ ။ဦးပြည်းခေါင်းတုံး၍ သင်္ကန်းအဝတ်ကိုဝတ်သော ပုဂ္ဂိုလ်များကို "ဘုရားသားသံဃာတော်" ဟု ခေါ်ဝေါ်ကြ၏ ထိုသံဃာတော်များ၌ ရဟန်း သာမဏေ ဖြစ်ဘို့ရန် အစီအစဉ်တွေ များစွာရှိသေး၏။

(ခ)။ ။ရဟန်း သံဃာဖြစ်သူတို့ ထမ်းဆောင်ရသော တာဝန်သည် ဂန္ထဓုရ(ဘုရားတရားတော်ကို မကွယ်မပအောင် သင်ယူရပို့ချရသောတာဝန်), ဝိပဿနာဓုရ (သီလသမာဓိကို အခြေခံ၍ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရသောတာဝန်) ဟု (၂)မျိုးရှိ၏၊ ထို(၂)မျိုးတွင် တမျိုးကိုဖြစ်စေ (၂) မျိုးလုံးကိုဖြစ်စေ မြန်မာနိုင်ငံ၌ ရှေးမထေရ်မြတ်တို့ ထမ်းဆောင်ခဲ့ကြပေသည်။

(၂) ထိုသံဃာတော်သည် ပရမတ္ထသံဃာ၊ သမ္မုတိသံဃာဟု (၂)မျိုး ရှိ၏၊ ဝိပဿနာတရားကိုကျင့်၍ သစ္စာ (၄)ပါး တရားကို သိသော ပုဂ္ဂိုလ်ကို "အရိယာ" ဟု ခေါ်၏၊ ထိုအရိယာဖြစ်ပြီးသော ရဟန်းသည် ရဟန်းဘဝမှ မလျှောတော့ဘဲ မဖောက်မပြန်သောကြောင့် "ပရမတ္ထသံဃာ" ဟု ခေါ်၏၊ ထိုကဲ့သို့ အရိယာ မဖြစ်သေးဘဲ သံဃာဟု အများက သမုတ်ထားအပ်သော ရဟန်းတော်များကို "သမ္မုတိ သံဃာ" ဟု ခေါ်၏၊ သက်တော်ထင်ရှား ဘုရားအစစ်နှင့် ဘုရားရှင်၏ ရုပ်တု ဆင်းတုတော် ကွဲပြားသကဲ့သို့ ပရမတ္ထသံဃာအစစ်နှင့် သမ္မုတိသံဃာတော်များလည်း ကွဲပြားကြသည်။

(၃) သမ္မုတိသံဃာ၌ အဆိုးအကောင်း (၂) မျိုးရှိ၏၊ "သံဃာဆိုး" ဟူရာ၌....

(က) သံဃာဟု အခေါ်ခံနေသော်လည်း နဂိုရ်ကပင် ဆရာအထံမှာ ရဟန်းဖြစ်ခဲ့သူမဟုတ်၊ မိမိဘာသာ သင်္ကန်းဝတ်၍ အလှူခံ စားသောက်နေသော (တချို့မှာ- သားမယားပင် ရှိနေသော) သံဃာတုတမျိုး။

(ခ) နဂိုရ်က ဆရာအထံ၌ ရဟန်းဖြစ်ခဲ့သော်လည်း ဘုရားပညတ်တော် (သိက္ခာပုဒ်) များကို ကျူးလွန်ကာ ဂန္ထဓုရ, ဝိပဿနာဓုရ (၂) မျိုးလုံးကို မထမ်းဆောင်သော အလဇ္ဇီ (အရှက်မရှိသော) သံဃာတမျိုး။

ဤသို့ သံဃာအဆိုး (၂) မျိုး ကွဲပြားလေသည်။

**သံဃာကောင်း။** ။သံဃာကောင်းဟူသည်... စွမ်းနိုင်သလောက် ကောင်းမွန်စွာနေ၍ ဂန္ထဓုရ တာဝန်ကိုဖြစ်စေ, ဝိပဿနာဓုရတာဝန်ကိုဖြစ်စေ, (၂) မျိုးလုံးကိုဖြစ်စေ စွမ်းနိုင်သမျှ ထမ်းဆောင်နေကြသော သံဃာတော်များဖြစ်သည်။

**အကောင်း အမျိုးမျိုး။** ။သံဃာကောင်းလည်း အမျိုးမျိုးရှိပြန်၏၊ ဥပမာ— ဘုရားဆင်းတုတော်၌ ပုံအမျိုးမျိုးရှိသကဲ့သို့တည်း၊ ဘုရား

ဆင်းတုတော်သည် ကျောက်သား သို့မဟုတ် သစ်သားကောင်း ဆင်းတုတော်ကိုထုသော ပန်းပုသမားကောင်းလေ သပ္ပါယ်လေ ဖြစ်သကဲ့သို့ ထို့အတူ သမ္မုတိသံဃာကောင်းလည်း ပင်ကိုယ်က အလိမ္မာနှင့် သဒ္ဓါကောင်း၍ဆရာသမားကောင်းလေဆရာသမားတို့က(အသင်အပြ အဆုံးအမကောင်းလေ)သံဃာကောင်းဖြစ်လေပင်တည်း၊ဆင်းတုတော်၌သပ္ပါယ်သော၊သပ္ပါယ်သည်ထက်သပ္ပါယ်သော၊အစွမ်းကုန် သပ္ပါယ်သော၊ ဆင်းတုတော်များကို တွေ့ရသကဲ့သို့ သမ္မုတိသံဃာကောင်း၌လည်း ကောင်းသော၊ ကောင်းသည်ထက် ကောင်းသော၊အစွမ်းကုန် ကောင်းသော သံဃာကောင်းများ ရှိကြပေသည်။

**ကိုးကွယ်သူများ။** ။ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟူသော ပစ္စည်း (၄) ပါးကို လှူဒါန်း၍ တရားတော်ကို ခံယူကြသော ဒါယကာ ဒါယိကာမတို့သည် သံဃာကို ကိုးကွယ်သူများဖြစ်ကြ၏၊ "ထိုကိုးကွယ်သူများသည် မိမိတို့၏ ချွေးနဲစာဖြစ်သော (ချွေးထွက်အောင်ရှာမှရနိုင်သော) ပစ္စည်းကို မိမိတို့၏ မိဘ သားသမီးများကိုသော်မှ ရက်ရက်ရောရော မပေးနိုင်ပါဘဲလျက် ကိုးကွယ်ထားသော ဆရာသမားကို အဘယ်အကျိုးမျှော်၍ ရက်ရက်ရောရော ပေးလှူနိုင်ကြသနည်း" ဟု မေးဘွယ်ရှိ၏။

**အဖြေမှန်။** ။ထိုပုဂ္ဂိုလ်က ဤဘဝ၌ တတ်သိနားလည်အောင် သွန်သင်ပြသ ဆုံးမသောကြောင့်၎င်း၊ ထိုသို့ သင်ပြဆုံးမသည့်အတွက် မိမိသည် တတ်သိသော လိမ္မာယဉ်ကျေးသော လူတော်လူကောင်းတယောက်ဖြစ်ရ၍ ဤဘဝဝယ် စီးပွါးရေး ကြီးပွါးရေး၌ ဥဿာဟ ဝီရိယ စိတ်တတ်သောကြောင့်၎င်း၊ နောက်နောက် ဘဝတို့အတွက် ကောင်းမှုကုသိုလ်ကို ကြိုးစား၍ အကုသိုလ်ကို ရှောင်ရှားတတ်သဖြင့် နောက်နောက် ဘဝချမ်းသာဘို့ရန်နှင့် ဘဝမှ လွတ်ဘို့ရန် အခြေခံတရားများကို နားလည်သောကြောင့်၎င်း၊ မိမိသားသမီးများကို လိမ္မာယဉ်ကျေးအောင် ပညာပေးသောကြောင့်၎င်း၊ ကျေးဇူးတင်လှ၍ သို့မဟုတ် ထိုပုဂ္ဂိုလ်၏ အနေအထိုင်နှင့် သာသနာ ဝန်ဆောင်ပုံကို

ကြည်ညို အားရသဖြင့် ကူညီအားပေးလိုသောကြောင့် သို့မဟုတ် သံဃိက ဒါနအဖြစ်ဖြင့် သာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့လိုသောကြောင့်ဟူ၍၊ လှူဒါန်းပါသည်ဟု အဖြေမှန် ထွက် လာပေသည်။

**အဖြေမှား။** ။"အလှူရှင်ကုသိုလ်ရှင်" ဟု အထင်ကြီးခံလိုသောကြောင့်၊ သို့မဟုတ် သူများ လှူဒါန်းနေပါလျက် မိမိက မလှူဒါန်းလျှင် အထင် သေးမှာ စိုးသောကြောင့်၊ သို့မဟုတ်- "သူ့ထက်သာအောင် ငါက လှူပြမည်" ဟု မော်လိုကြွားလိုသောကြောင့်၊ သို့မဟုတ် နောင်ဘဝ၌ လူချမ်းသာ နတ်ချမ်းသာရလိုသောကြောင့်၊ သို့မဟုတ် တပါးဖြစ်စေ အများဖြစ်စေ ထိုပုဂ္ဂိုလ်ကို ခင်မင်သောကြောင့်၊ သို့မဟုတ်-မိမိတို့ ကိုးကွယ်လာသော ပုဂ္ဂိုလ်ဖြစ်၍ မလှူလျှင် မတော်သောကြောင့်၊ သို့မဟုတ် သူများလှူသလို လှူလိုသောကြောင့် ဤသို့စသောအကြောင်း တို့ကြောင့် လှူရသည်ဟု ဖြေလျှင် ဘုရားအလိုတော်နှင့် ဆန့်ကျင်သော အဖြေမှားပင် ဖြစ်သည်။

**အမြဲစိတ်ထားရန်။** ။ထိုပြခဲ့သော အကြောင်းတို့ကြောင့် သာမဏေ တပါး ရဟန်းတပါးကိုဖြစ်စေ, အများသံဃာကိုဖြစ်စေ အကောင်း ကိုသာ ကိုးကွယ်မည်ဟု စိတ်၌ အမြဲထားရမည်၊ သံဃာကို ရည်မှန်း၍ သံဃိက ဒါနဖြစ်အောင်လည်း မလှူတတ်၊ ပုဂ္ဂိုလ်ကောင်းကိုလည်း ရွေးချယ်၍ မလှူတတ်လျှင်ကား မိမိစိတ်က အဆိပ်ပင်မှန်းမသိ၍ ရေလောင်းပေးသူကဲ့သို့ သာသနာကို ဖျက်ဆီးနေသူမှန်း (သာသနာ အသရေမရှိအောင် ပြုနေသူမှန်း) မသိသော်လည်း ကိုးကွယ်သူမှာ အကျိုးမရဘဲ အပြစ်ရဘို့သာရှိ၏။ တကယ်ပင် မကောင်းမှန်းသိလျက် အားပေးနေသူကား အဆိပ်ပင်မှန်းသိလျက် ရေလောင်းပေးသူပမာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် သာသနာ့ရန်သူ အစစ်သာ ဖြစ်ရှာလေ တော့သည်။

(၄) ပရမတ္ထ သံဃာတော်ပင်ဖြစ်ဖြစ်၊ သမ္မုတိ သံဃာတော်ပင်ဖြစ်ဖြစ် ကောင်းသော ပုဂ္ဂိုလ်တို့ကိုသာ သာသနာတော်ကို အသက်ပေး၍

တာဝန်ကို ထမ်းဆောင်ဘို့ရန် အချိန်ရောက်နေပြီ၊ ထိုသို့ မထမ်းဆောင်ပါလျှင် ခေတ်ကာလ အခြေအနေအရ ဗုဒ္ဓဘာသာကြီး ပျက်စီး၍ သာသနာတော် အသက်လည်း ကုန်ဆုံးရပါလိမ့်မည်။ ဘာ့ကြောင့်နည်း....

(က) သာသနာတော်၌ အတွင်းကဖျက်မည့်ရဟန်းအတုအယောင်တွေနှင့် မကောင်းသော အစိတ်အပိုင်းတွေ တစတစ များလာသောကြောင့်ရင်း။

(ခ) သာသနာ့ ဒါယကာ ဒါယိကာမတို့၌ သုံးစွဲစရာအာရုံတွေက များ၍ ရပေါက်ရလမ်းက တဖြည်းဖြည်း နည်းပါးလာသောကြောင့်ရင်း။

(ဂ) ဥပါသကာ ဥပါသိကာမ ဆိုသူတို့ကလည်း (၅) ပါးသီလ သိက္ခာကိုမျှ လုံခြုံအောင် မထိမ်းနိုင်ကြ၊ လူရှိသေရုံမျှ ပေါ့ပေါ့သဆနှင့် ဥပုသ်စောင့်သလို တရားကျင့်နေသလို အထင်ခံရရုံနေသူ အစိတ်အပိုင်းက များလာသောကြောင့်ရင်း။

(ဃ) ဘုန်းတော်ကြီး ကျောင်းများ၌လည်း ခေတ်နှင့် လျော်ကန်သော စာပေပညာကို အလယ်တန်း၊ အောက်တန်းလောက်မျှ မသင်ပြနိုင်သည်က များသောကြောင့်ရင်း။

(င) ထိုသို့ မသင်ပြနိုင်မှုကို အကြောင်းပြု၍ ရဟန်းလောင်း သာမဏေလောင်းများ မရှိနိုင်သောကြောင့်ရင်း။

(စ) ရဟန်း သံဃာကောင်းနှင့် ဝေးကွာ၍ မကောင်းသော ပုဂ္ဂိုလ်များကို မြင်တွေ့နေရသော ဒါယကာ ဒါယိကာမ သားသမီး အဆက်ဆက်တို့ကလည်း သာသနာတော်ကို တဖြည်းဖြည်း အထင်သေးလာကြသောကြောင့်ရင်း။

(ဆ) လူတချို့ အထင်ကြီးနေကြသော ပုဂ္ဂိုလ်တချို့ကလည်း အတုအယောင် တရားတို့ဖြင့် သွေးဆောင်ကာ အတော်ကြာသော် သာ၍ အထင်သေးစရာတွေ ဖြစ်နေသောကြောင့်ရင်း။

(၈) သိပ္ပံပညာ တိုးတက်နေသော ကမ္ဘာဝယ် ကြောင်းကျိုး ဆက်စပ်၍ မရအပ်သော တရားကို ဖယ်ရှားလိုကြသော အခါကြီး ဖြစ်၏။ ဗုဒ္ဓဘာသာတို့၏ ဘာသာရေးအလုပ်တချို့က ကြောင်းကျိုး ဆက်စပ်၍ မရလောက်အောင် ပျက်ပြားနေကြသောကြောင့်၎င်း ဖြစ်ပါသည်။

နိဂုံး။ ။ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ရှေးရှေးကလည်း တခါတခါ မှေးမှိန်ခဲ့ပါ၏၊ ထိုသို့မှေးမှိန်တိုင်းပင်ခေါင်းဆောင်ဆရာခေါင်းဆောင် ဒကာတို့သည် အသက်ပေး၍ သာသနာရေးကို စောင့်ရှောက်ခဲ့ကြ၏။ အရှင်မဟာ ကဿပမှစ၍ အရှင်အရဟံတိုင်အောင် ထင်ရှားသော ရဟန္တာများနှင့် မြန်မာမင်းအဆက်ဆက် ထင်ရှားသော ဆရာတော် များကို၎င်း၊ ဓမ္မာသောကမင်း, ဒုဋ္ဌဂါမဏိ အဘယမင်း, အနော်ရထာ, မင်းကြီးရန်နောင်, မင်းတုန်းမင်း စသော သာသနာပြုမင်းနှင့် မှူးမတ် များကို၎င်း စဉ်းစားပါ။

ဤသို့လျှင် သာသနာဝင် တလျှောက်၌ ငှက်ပျံသည့်ပမာ နိမ့်ချည် မြင့်ချည် ဖြစ်လာခဲ့သော သာသနာတော်ကို အသက်ပေး၍ သာသနာ့ တာဝန် ထမ်းနေကြသော ဆရာတော် သံဃာတော်များနှင့်တကွ "အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ- ယနေ့ကစ၍ သံဃာ တော်ကို အသက်အပ်လျက် ဆည်းကပ်ကိုးကွယ်ပါ၏" ဟု သရဏဂုံ ယူထားကြသော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် တဖြည်း ဖြည်း အားပျော့ကာ ကွယ်ဘို့ရန်ဘက်သို့ ရှေးရှုနေသော သာသနာ တော်ကို ညီတူညီမျှ ထမ်းလိုက်ကြလျှင် မုချကေန ပြန်၍တက်လာပါ လိမ့်သတည်း။ (သာသနာ၌ ပြုပြင်စရာများကို အနာဂတ် သာသနာ နောက်ပိုင်း၌ အပြည့်အစုံ ပြထားပြီ။)

သတ္တမတန်း ပြီး၏။

# အဋ္ဌမတန်း

## ဥပါသကာ

(၁) သရဏဂုံ တည်ရှိမှုဖြင့် ဥပါသက ဖြစ်ပါပြီ၊
သို့သော်ကောင်းရန် မေတ္တာပွါးလျက်, ငါးပါးသီလ ထိန်းရသည်။
(၂) သီလငါးတန် စင်ကြယ်ပြီး၍ အသက်မွေးလည်း ကောင်းရမည်၊
အကျိုးနှင့်ကံ ဝေဘန်တတ်အောင် တရားဖတ်ရ မှတ်ရသည်။
(၃) တရားမှတ်သော် ဉာဏ်မှန်တိုးလို့၊ ကံ-ကံအကျိုး သိနိုင်သည်၊
ကံကျိုးသိသော် ခုဘဝ၌၊ ပြုသမျှလည်း စင်ကြယ်မည်။
(၄) စင်ကြယ်သူသာ နောင်ခါရေး၌၊ စိတ်လေကင်း ရှိနိုင်မည်၊
ထိုသို့အေးအောင် မောင်နှင့်မတို့ ခုကစ၍ ပြုရမည်။

## အကျယ်မှတ်ဘွယ်

(၁) (က) သရဏဂုံ ဆောက်တည်လျက် ရတနာ သုံးပါး၏ ဂုဏ်ကို ယုံကြည်သူကို "ဥပါသကာ" ဟု ခေါ်ရကြောင်းကို ဒုတိယတန်း နိဂုံး၌ အကျဉ်းအားဖြင့် ပြခဲ့ပါပြီ၊ ဤအတန်း၌ တိုး၍သိဘွယ် များကိုပြပါဦးမည်၊ "သရဏ" "သရဏဂုံ" "သရဏဂုံတည်သူ" "ဥပါသက" ဟူသော ပါဠိစကားတို့၏ ဆိုလိုရင်းကို မြန်မာလို အသိဉာဏ်ရှင်းဘို့ လိုပါသည်။

**သရဏ။** ။"သရဏ" ဟူသော ပါဠိစကားသည် မြန်မာလို "ဤဘဝ နောက်ဘဝ ဘေးဒုက္ခကို ကာကွယ်ဖျက်ဆီးတတ်" ဟူသော အဓိပ္ပါယ် ကိုပြ၏၊ ဗုဒ္ဓမြတ်စွာနှင့် တရားတော်, အရိယာ သံဃာတော်ဟူသော ရတနာ (၃)ပါးကို "သရဏ" ဟု ခေါ်၏ ထိုရတနာ (၃)ပါးသည် ဆည်းကပ် ကိုးကွယ်သူတို့အား ဤဘဝ၌ ကြောက်ကြောက်ရွံ့ရွံ့

တထိတ်ထိတ်တလန့်လန့် နေရခြင်း ဘေးဒုက္ခကိုင်း၊ နောက်နောက်ဘဝ၌ မကောင်းသောဘဝဝယ် ဆင်းရဲဒုက္ခ အသွယ်သွယ်ကိုင်း ကာကွယ်သောအားဖြင့် ဖျက်ဆီးတတ်ပေသည်။

(မီးကို မလောင်ခင် တားရသကဲ့သို့ ထိုဘေးဒုက္ခကို မရောက်နိုင်အောင် သက်ဆိုင်ရာ (၅)ပါးသီလစသည်ကို ထိန်းသိမ်းစေခြင်းသည်ပင် ဘေးဒုက္ခကို ကြိုတင်၍ ကာကွယ်ပေးတော်မူရာ ရောက်သည်။)

**ဗုဒ္ဓ**။ ။အထူးအားဖြင့် ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့အတွက် ဤဘဝ နောက်ဘဝ သုခရဘို့ရန် အကြောင်းမှန် သုစရိုက်ကို ဖြစ်စေခြင်း၊ ဒုက္ခရောက်ဘို့ရန် အကြောင်းမှန် ဒုစရိုက်ကို ပယ်ရှားစေခြင်းအားဖြင့် ဘေးဒုက္ခကိုကြိုတင်၍ ကာကွယ်ဖျက်ဆီးရာ ရောက်သည်။

**ဓမ္မ**။ ။တရားတော်များကား ကြားနာနေရလျှင် ချမ်းသာ၍ တရားတော်အတိုင်း နေထိုင်လျှင် ခုဘဝ နောက်ဘဝ ဘေးဒုက္ခတို့မှ လွတ်ကင်းအောင် စောင့်ရှောက်နိုင်၏၊ တရားကျင့်၍ တရားထူးရလျှင်မူ လွန်စွာချမ်းသာသော သုခကိုရ၏၊ ဤနည်းအားဖြင့် တရားတော်လည်း ဤဘဝ နောက်ဘဝ၌ ဖြစ်ရသော ဒုက္ခကိုင်း(တရားမရလျှင်) ဘဝများစွာ တွေ့ကြုံရမည့် ဒုက္ခကိုင်း ကြိုတင်၍ ဆီးတားသောအားဖြင့် ဖျက်ဆီးနိုင်ပေသည်။

**သံဃ**။ ။အရိယာဖြစ်ပြီးသော သံဃာတော်များကား မိမိကိုလှူဒါန်းပူဇော်သူတို့အား သာမန်ပုထုဇဉ်များကို လှူရခြင်းထက် အကျိုးရအောင် လယ်ယာမြေကောင်း ဖြစ်ခြင်းကြောင့် သတ္တဝါတို့၏ နောက်နောက်အခါ ရောက်လာမည့် ဘေးဒုက္ခ အသွယ်သွယ်ကို ကြိုတင်၍ ကာကွယ်ဖျက်ဆီးရာ ရောက်ပေသည်။

**မကြောက်သူ**။ ။"လောက၌ ကြောက်ခြင်းရှိခြင်း"ဟူသည် မိမိမှာအပြစ်မကင်းသူ၌သာ ဖြစ်၏ ပါဏာတိပါတ အဒိန္နာဒါနစသောမကောင်းမှုကို မပြုသူကား အပြစ်မရှိသောကြောင့် အစိုးရအပြစ်ကိုလည်း ကြောက်စရာမလို၊ သီလရှိနေသောကြောင့် နောက်ဘဝ၌ မကောင်း

သောတာပန်ဖြစ်မည်ကိုလည်း ကြောက်စရာမရှိ၊ ထိုသို့ကြောက်စရာ မရှိအောင် ဘုရားစသော ရတနာ (၃)ပါးသည် သရဏဂုံတည်သူအား တင်ကြို၍ ကာကွယ်ထားပြီး ဖြစ်လေသည်။ (သီလရှိ၍ နောက်ဘဝ၌ မကြောက်သူများကို- ဥဒယဘဒ္ဒဇာတ်၊ မဟာဟံသဇာတ်၊ သုတသောမဇာတ်ကို ကြည့်၍သိပါ။)

**သရဏဂုံ။** ။ဤနည်းအားဖြင့် ဘေးဒုက္ခအသွယ်သွယ်ကို ကာကွယ်နိုင်သောကြောင့် ရတနာ (၃) ပါးကို (ကိုး) အားကိုးရာဟူ၍ (ကွယ်) ဘေးဒုက္ခကို ကာကွယ်စရာဟူ၍ ယုံကြည်သော သဒ္ဓါတရား၊ နားလည်နေသော အသိဉာဏ်နှင့် ထိုသဒ္ဓါဉာဏ် ပါရှိသော စိတ်ကို "သရဏဂုံ" ဟု ခေါ်၏၊ (သရဏ- ကိုးကွယ်ရာဟူ၍+ ဂမန(ဂုံ)- သိသောစိတ်။)

**သရဏဂုံတည်သူ။** ။ထိုသဒ္ဓါ ထိုဉာဏ်ပါသော စိတ်၏ မပျက်စီးဘဲ မပြောင်းလဲဘဲ တည်ရှိနေသူကို "သရဏဂုံတည်သူ" ဟု ခေါ်သည်၊ ထို့ကြောင့် သရဏဂုံသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်ဖြင့် တခါ ဆောက်တည်ထားလျှင် ယုံကြည်မှု သဒ္ဓါမပျက်သမျှ တည်ရှိနေတော့၏၊ အထပ်ထပ် ဆောက်တည်နေဘွယ် မလိုပါ၊ သို့ရာဝယ် မြန်မာတို့၌ သိလယူတိုင်း သရဏဂုံဆောက်တည်ရိုး ဖြစ်နေသောကြောင့် အထပ်ထပ် ရွတ်ဆိုဆောက်တည်နေကြပေသည်။

**ဥပါသက။** ။(က)ရတနာ(၃)ပါးဆည်းကပ်ကိုးကွယ်တတ်သူကို "ဥပါသကာ" ဟု ခေါ်၏၊ (ဥပ-ရတနာ(၃)ပါးသို့ကပ်၍+အာသက—နေတတ်သူ။) ဘုရားအထံတော် ချဉ်းကပ်၍ တရားနာခြင်း၊ တရားမေးခြင်း၊ သံဃာအထံချဉ်းကပ်၍ တရားနာခြင်း၊ တရားမေးခြင်း ၎င်းပါး သီလစသော တရားကို ခံယူဆောက်တည်ခြင်း၊ ဤသို့စသည်ဖြင့်ပြုကျင့်သူတည်း။

(ခ) ဥပါသကာ ဥပါသိကာမ ဖြစ်သူသည် (၅) ငါးသီလကို ခါး၌ဝတ်ထားသော အဝတ်ကဲ့သို့ အမြဲထိန်းထားရသည်၊ အဝတ်လုံသကဲ့သို့ (၅)ပါးသီလလည်း လုံရသည်၊ ခါး၌ ဝတ်ထားသော

အဝတ်သည် ညစ်နေလျှင်ဖြစ်စေ အစွန်းအနားက စုတ်ပြတ်နေလျှင်ဖြစ်စေ, အလည်ကပေါက်နေလျှင်ဖြစ်စေ, အနားကပေါက်နေလျှင်ဖြစ်စေ ကြည့်ရှုမကောင်းသကဲ့သို့ ငါးပါးသီလသည် ညှိုးနေလျှင်ငင်း, အစအဆုံး သိက္ခာပုဒ်တို့ ပျက်နေလျှင်ငင်း, အလယ်သိက္ခာတို့ ပေါက်နေလျှင်ငင်း, သူတော်ကောင်း မျက်စိ၌ ကြည့်ရှုမကောင်းတော့ပါ၊ ထို့ကြောင့် မညှိုးရ, မကျိုးရ, မပေါက်ရ, အပြောက်အကျား မရှိရအောင် စောင့်ထိန်းနိုင်မှ (၅) ပါးသီလ စင်ကြယ်သည်ဟု ဆိုရပေသည်။ (သမ္မဝဇာတ်တော်၌ သူများမယား ဖြစ်မှားသူ၏ စိတ်မစင်ကြယ်၍ ပြဿနာ မဖြေနိုင်ပုံကို ပြောပါ။)

**မေတ္တာရှိမှ သီလလုံ။** ။(၅) ပါးသီလကို (အထူးအားဖြင့် ရှေ့(၄) ပါးကို) အပြည့်အစုံ လုံခြုံအောင် ထိန်းမည့်သူသည် မေတ္တာဓာတ်ခံရှိသူ မေတ္တာဘာဝနာ ပွါးများသူလည်း ဖြစ်ရမည်၊ ဘာကြောင့်နည်း? မေတ္တာရှိသူသည် သူ့အသက်ကို သတ်ဘို့မဆိုထားဘိ၊ ညှဉ်းဆဲဘို့ပင် မလိုလားသောကြောင့်ငင်း၊ သူ့အကျိုး လိုလားသော မေတ္တာရှင်သည် မတရားယူဘို့ လိမ်ယူဘို့ သူ့အိမ်ရာ ဖြစ်မှားဘို့ စိတ်မဖြစ်နိုင်သောကြောင့်တည်း။

**ဒုစရိုက်လည်းမရှိ။** ။သူ့အသက်ကို မညှဉ်းဆဲလိုသူ, သူ့ဥစ္စာကို မတရားမယူလိုသူသည် အဘိဇ္ဈာ (မတရားလောဘ) လည်း မဖြစ်၊ ဗျာပါဒ (သူ့ကိုသေစေလိုသော ဒေါသ)လည်း မရှိတော့၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော သမ္မာဒိဋ္ဌိကား နဂိုရ်ကပင် ရှိပြီးဖြစ်၏၊ ထို့ကြောင့် မေတ္တာအရင်းခံ၍ (၅) ပါးသီလ လုံခြုံသူသည် ဒုစရိုက် (၁၀) ပါးလုံးကင်း၍ သုစရိုက် (၁၀) ပါးလုံးအပြည့်အတင်း ရှိနေပါသည်။

### မရှောင်းထိုက်သော ကုန်ငါးမျိုး

(၂) (က) ဥပါသကာသည် (၅) ပါးသီလ လုံခြုံသော်လည်း အသက်မွေးဝမ်းကျောင်း အလုပ်များက မသန့်ရှင်းလျှင် မိမိစိတ် မစင်ကြယ်သေးပါ၊ ထို့ကြောင့် ရတနာ (၃) ရပ်ကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာသည်....

(၁) သတ္တ ဝါဏိဇ္ဇာ=လက်နက်ကုန်သွယ်ခြင်း မပြုရ၊ လက်နက်လုပ်၍ မရောင်းရ၊ မိမိရောင်းအပ်သော လက်နက်ဖြင့် သူတပါးကို သတ်ကြလိမ့်မည်။

(၂) သတ္တ ဝါဏိဇ္ဇာ=ပြည့်တန်ဆာလုပ်ဘို့ရန် ကျွန်လုပ်ဘို့ရန် လူကုန်မကူးရ၊ မလုပ်ရ။

(၃) မံသ ဝါဏိဇ္ဇာ=သတ်၍ အသားစားဘို့ရန် နွား ကြက် ဝက် စသော အသားကုန် မကူးရ၊ (အသားဖြစ်ပြီးမှ ရောင်းခြင်းကို မဆိုလို။)

(၄) မဇ္ဇ ဝါဏိဇ္ဇာ=သေရည်အရက် ဘိန်း ကဇော် စသည်ကို မရောင်းရ။

(၅) ဝိသ ဝါဏိဇ္ဇာ=သေစေတတ်သော အဆိပ်ကုန် မရောင်းရ၊ ဤသို့ မရောင်းထိုက်သော ကုန် (၅)မျိုးကို အင်္ဂုတ္တိုရ်- ပဉ္စက၊ ဥပါသက ဝဂ်၌ ပြတော်မူသည်။

အချုပ်မှာ- မိမိကုန်ပစ္စည်း မိမိအလုပ်ကြောင့် သူတပါးတို့ အကုသိုလ်များစေရာ စိတ်ဆင်းရဲစေရာရှိလျှင် ထိုအလုပ်မျိုးကို မလုပ်သင့်ဟု မှတ်ပါ။

**သီလစင်ကြယ်ရကျိုး။** ။သီလစင်ကြယ်သူသည်—

(၁) မမေ့မလျော့ မပေါ့မဆ နေလေ့ရှိ၍ အသုံးအဖြုန်းမများသောကြောင့် များစွာသောစည်းစိမ်ဥစ္စာကို ရနိုင်၏၊

(၂) "လူကောင်း သူကောင်း"ဟု နာမည်ကောင်းပြန့်နှံ့၏၊

(၃) မည်သည့်ပရိသတ် အစည်းအဝေးမဆို မကြောက်မရွံ့ ရဲဝံ့စွာ သွားနိုင်၏၊

(၄) သီလစင်ကြယ်သည့် အတွက် သေခါနီး၌ မတွေဝေ သေရ၏၊

(၅) သေပြီးနောက် ကောင်းသောဂတိ(ဘဝ)သို့ ရောက်ရ၏၊

ဤသို့ သီလစင်ကြယ်ခြင်းအကျိုး (၅) မျိုးကို ဟောတော်မူသည်။ အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ပဉ္စမပဏ္ဏာသ၊ သီလသုတ်။)

**ပုဂ္ဂိုလ် (၃) မျိုး။** ။ဉာဏ်မျက်စိကန်းသူ၊ ဉာဏ်မျက်စိတဖက်သာ ရှိသူ၊ ဉာဏ်မျက်စိ ၂-ဘက်လုံးရှိသူ၊ ဤသို့ပုဂ္ဂိုလ် (၃) ယောက်ရှိ၏၊ ဉာဏ်မျက်စိကန်းသူသည် ဤဘဝ၌ စီးပွါးဥစ္စာရအောင်၊ ရပြီးစီးပွါး တိုးပွါးအောင်မမြင်၊ နောက်ဘဝအတွက် ကုသိုလ်အကုသိုလ်ကိုလည်း မမြင်။

**ဉာဏ်မျက်စိ တဖက်ရှိသူ။** ။ဤသူကား ဤဘဝ၌ စီးပွါးဥစ္စာကိုရအောင်လည်း ရှာနိုင်၏၊ ရပြီးစီးပွါးကို တိုးပွါးအောင်လည်း ပြုနိုင်၏၊ သို့သော် နောင်သံသရာအတွက် ကုသိုလ်အကုသိုလ်ကိုကား မသိ၊ မသိသောကြောင့် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ စီးပွါးရမှုကိုသာ ပဓာနပြု၍ ရှာလေသည်။

**ဉာဏ်မျက်စိ ၂-ဘက်လုံးရှိသူ။** ။ဤသူကား ဤဘဝအတွက် စီးပွါးဥစ္စာကို တရားသောနည်းလမ်းဖြင့်ပင် ရအောင်လည်းရှာနိုင်၊ တိုးအောင်လည်း ပြုနိုင်၏၊ ကုသိုလ်မှန်း အကုသိုလ်မှန်း ခွဲခြမ်း၍သိသူဖြစ်ရကား။ နောင်သံသရာအတွက်လည်း စွန့်ကြဲ၍ ပေးကမ်းလှူဒါန်း၏၊ ဤသို့လောက၌ ပုဂ္ဂိုလ် (၃) မျိုးရှိသောကြောင့် (၅) ပါးသီလလုံခြုံသော ဥပါသကာသည် သီလ၏အကျိုးကို သိမြင်ကာ "ငါသည် ဉာဏ်မျက်စိ ၂-ဘက်လုံး ရှိသူပါတကား"ဟု စဉ်းစားတိုင်း ဝမ်းမြောက် ဝမ်းသာဖြစ်နိုင်ပါသည်။

(ခ) "ဥပါသကာသည် သဒ္ဓါသီလရှိရုံမက လောက၌ သူပြောငါပြော မင်္ဂလာတွေကိုမယုံကြည်ဘဲ ကံကိုယုံကြည်မှ ဥပါသကရတနာခေါ်ရသည်၊ ဥပမာ—"ယနေ့ နံနက်စောစော၌ မင်္ဂလာရှိသောကောင်းသော အဆင်းအနံ့အရသာ အတွေ့အထိကို မြင်ရကြားရတွေ့ရသောကြောင့် ယနေ့ ကောင်းကျိုးရလိမ့်မည်" ဤသို့စသည်ဖြင့် မင်္ဂလာကို အကျိုးရကြောင်းဟု မယူဆရ၊ မိမိပြုအပ်ခဲ့သော ကံကြောင့်သာ ကောင်းကျိုး ဆိုးကျိုးရသည်ဟု သိသောဉာဏ်ရှိရသည်။ ထိုဉာဏ်ကို "ကမ္မဿကတာဉာဏ်"ဟု ခေါ်၏၊ (ကမ္မ-ကံသာလျှင်+သက-မိမိဥစ္စာဟု+တာ-သိသောဉာဏ်။)

(၃) (က) ဗုဒ္ဓတရားတော်ကို အတော်များများ ဖတ်မိမှတ်မိသောအခါ မှန်ကန်သောအသိဉာဏ် တိုးလာပါလိမ့်မည်၊ ထိုအခါ ကံနှင့်ကံ၏ အကျိုးကို ကောင်းကောင်းသိပါလိမ့်မည်။

(ခ) ကံနှင့် ကံ၏အကျိုး ကောင်းကောင်းသိသူသည် ယခုဘဝ ပြုသမျှကံတွေ စင်ကြယ်သန့်ရှင်းလာပါလိမ့်မည်၊ လောဘမာန အကုသိုလ်တွေ ခြံရံ၍ ပကာသနပါသော ဒါနကံမျိုးကို ပြုရတော့ မည်မဟုတ်ပါ။

မရိုးမသား မာယာများနှင့် သူတပါးအထင်ကြီးအောင် ဟန် ဆောင်မှု သာဌေယျ အကုသိုလ်တွေ ခြံရံနေသော ဥပုသ်စောင့်မှု၊ တဏှာလောဘခြံရံသော အပျော်အပါး အစားအသောက် ဥပုသ် စောင့်မှု တရားနာမှု တရားကျင့်မှုကို ပြုတော့မည်မဟုတ်ပါ။

(၄) (က) ထိုသို့ ပြုပြုသမျှကုသိုလ်ကောင်းမှုတို့၌ စင်စင်ကြယ်ကြယ် ပြုထားသူသာလျှင် နောင်ဘဝအရေးကို တွေးတိုင်း စိတ်အေး လက်အေး-စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိ၍ မိမိကိုယ်ကို အသက် ကြီးလေ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်လေဟု သဘောပေါက်နေ ပါလိမ့်မည်။

(ခ) "မောင်မည်သူ၊ မ ဘယ်သူ"ဟု နာမည်မှတ်၍ အထူးမေတ္တာ ရပ်ဘို့မလိုပါ၊ တသက်လုံး အေးအေးနေ၍ သေသည့်နောက်၌လည်း အေးမြချမ်းသာအောင် ယခုအချိန်ကစ၍ တရားတော်ညွှန်ပြချက် များကို နှစ်နှစ်သက်သက် ပြုကျင့်သင့်ကြပါသတည်း။

## ကံအကြောင်းအကျယ်

**စဉ်းစားဘွယ်။** ။ကမ္မဿကတာဉာဏ် ထက်သန်လာအောင် မျက်မြင် မဟုတ်သော ရေပြိတ္တာနှင့် နတ်ပြဟ္မာတို့ကို မစဉ်းစားသေးဘဲ လူချင်း တူပါလျက် အောက်ပါအချက်များ ကွဲပြားပုံကို စဉ်းစားပြီးမှ အဖြေကိုရှာပါ။

၁။ ယောက်ျား မိန်းမ ကွဲပြားပုံ။
၂။ ရာဂ ဒေါသ မောဟ ဝိတက် သဒ္ဓါ ပညာ ရှိ-မရှိ ကွဲပြားပုံ။
၃။ အမျိုးကွဲပြားပုံ။
၄။ ဥစ္စာစည်းစိမ် ကွဲပြားပုံ။
၅။ ရုပ်အဆင်းနှင့် ပုံသဏ္ဍာန် ကွဲပြားပုံ။
၆။ ရောဂါများခြင်း ကျန်းမာခြင်း ကွဲပြားပုံ။
၇။ အသက်တိုရှည် ကွဲပြားပုံ။
၈။ စိတ်နေစိတ်ထား ကွဲပြားပုံ။
၉။ ပညာ ဥစ္စာရှာဖွေရာ၌ အကျိုးရ ကွဲပြားပုံ။
၁၀။ ပါရမီခွတ်ခံ လိုက်ပါနေခြင်း ကွဲပြားပုံ။
(ကွဲပြားသောကြောင့် ဘုရား၊ အရှင်သာရိပုတြာ၊ ယသော်ဓရာ၊ ခေမာထေရီစသည် ဖြစ်ရသည်။)
၁၁။ တိရစ္ဆာန်တွေလည်း အမျိုးမျိုးဖြစ်ပုံ။
၁၂။ တမျိုးတမျိုး၌လည်း လူများကဲ့သို့ အရည်အချင်း ကွဲပြားပုံ။

**အဖြေ။** ။ဤပြဿနာများ၏အဖြေသည် ဗုဒ္ဓရှင်တော်၏တရားတော်များ၌သာ တွေ့မြင်နိုင်ပါသည်၊ ဗုဒ္ဓရှင်တော်၏တရားတော်ဝယ် ကံအကြောင်း ရုပ်နာမ်အကြောင်းတွေ အပြည့်အစုံပါနေ၏၊ ထိုအကြောင်းများကို ကောင်းကောင်းနားလည်လျှင် ထိုပြဿနာများ ပြေလည်ပြီးဖြစ်တော့၏၊ ထိုတွင် ကံအကြောင်းကို ပြပါမည်။

**မိစ္ဆာဒိဋ္ဌိ။** ။"မရှိ"ဟု ယူသော၊ "မရှိ"ဟု သိနေသော အမြင်တမျိုးကို မှားသောကြောင့် "မိစ္ဆာဒိဋ္ဌိ"ဟု ခေါ်၏၊ ထိုဒိဋ္ဌိသည် ရှေးရှေးကပင် လူ့လောက၌ ရှိခဲ့၏၊ ထိုဒိဋ္ဌိ၏ ယူဆရာဌာနကား (၁၀) ပါး ရှိသည်။

၁။ နတ္ထိ ဒိန္နံ—လှူသော်လည်း အကျိုးမရှိ။
၂။ နတ္ထိ ယိဋ္ဌံ—အကြီးအကျယ် ယဇ်ပူဇော်သော်လည်း အကျိုးမရှိ။

၃။ နတ္ထိ ဟုတံ—ဒည့်သည်ဝတ်ပြုခြင်း မျိုးကဲ့သို့ အနည်းအပါးပူဇော်ခြင်း မျိုးလည်း အကျိုးမရှိ။

၄။ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော—ကောင်းစွာပြုအပ်သော ကုသိုလ်ကံ, မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံတို့၏ အကျိုးရင်း နောက်ဆက် အကျိုးမရှိ။

၅။ နတ္ထိ အယံ လောကော—(အခြားလောက မရှိရကား) ဤလောက ဤဘဝဆိုတာ မရှိ။

၆။ နတ္ထိ ပရော လောကော—(ဤဘဝဟု ဆိုစရာ မရှိသောကြောင့်) တပါးတခြားလောက ဘဝလည်း မရှိ။

၇။ နတ္ထိ မာတာ—(မွေးပေးသော အမေဆိုတာ ရှိသော်လည်း) ထိုအမေ၌ ကောင်းစွာပြုကျိုး, မကောင်းပြုကျိုး မရှိ။

၈။ နတ္ထိ ပိတာ—(အဖေဆိုတာ ရှိသော်လည်း) ထိုအဖေ၌ ကောင်းစွာ ပြုကျိုး, မကောင်းပြုကျိုးမရှိ။

၉။ နတ္ထိ သတ္တာ ဩပပါတိကာ—အခြားဘဝမှ သေလွန်၍ ပြန်ဖြစ်နိုင်သော သတ္တဝါမရှိ။

၁၀။ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ-ဤလောက နောက်လောကကို ကိုယ်တိုင်သိ ကိုယ်တိုင်မျက်မှောက် ပြု၍ သူတပါးကို တဆင့်အသိပေးနိုင်သော, ကောင်းစွာဖြစ်၍ ကောင်းစွာကျင့်ကုန်သော သမဏဗြာဟ္မဏဆိုသူများ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပိဋက တတိယပံ၊ အာပါယိကာဝဂ်၊ ဝိပတ္တိသမ္ပဒါသုတ်။) ဤအယူသည် သတ္တဝါဟူသမျှတို့ ဖြစ်ရာတဘဝ၌သာ ပြတ်ကြ၏။ နောက်ထပ် မဖြစ် တော့ ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိခေါ် အယူမှားတည်း။

**သမ္မာဒိဋ္ဌိ။** ။"သတ္တဝါဟူသမျှသည် တဘဝ၌ ပြတ်စဲမသွားဘဲ ကံအားလျော်စွာ (ရဟန္တာမဖြစ်သေးသမျှ) ဆက်ကာ ဆက်ကာဖြစ်ရ၏။" ပ ရင်း၊ ထိုသို့ဖြစ်ရာ၌ ရှေးက မိမိပြုခဲ့သောကံအတိုင်းသာ ဖြစ်ရ မည်သူမျှ ဖန်ဆင်း၍မပေး" ဟုရင်း ယူသောအယူကို အယူမှန် (သမ္မာ

ဒိဋ္ဌိ)ဟု ဆိုသည်၊ မိစ္ဆာဒိဋ္ဌိက "မရှိ"ဟု ယူရာ၌သနန်၌ ဤသမ္မာဒိဋ္ဌိက "ရှိ၏"ဟု ယူသည်၊ ထိုသမ္မာဒိဋ္ဌိ၏ ယူရာ၌ာနလည်း မိစ္ဆာဒိဋ္ဌိ၏ ပြောင်းပြန် ဆယ်ဌာနပင် ရှိ၏။

၁။ အတ္ထိ ဒိန္နံ။ ၂။ အတ္ထိ ယိဋ္ဌံ။ ၃။ အတ္ထိ ဟုတံ။

၄။ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။ ၅။ အတ္ထိ အယံ လောကော။

၆။ အတ္ထိ ပရောလောကော။ ၇။ အတ္ထိ မာတာ။ ၈။ အတ္ထိ ပိတာ။ ၉။ အတ္ထိ သတ္တာ ဩပပါတိကာ။ ၁၀။ အတ္ထိ သမဏ ဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။

**မိစ္ဆာဒိဋ္ဌိမှတ်ချက်။** ။ဤသို့ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ အယူ ၂-မျိုးကွဲရာဝယ် မိစ္ဆာဒိဋ္ဌိအလိုအားဖြင့် နောက်ဘဝမရှိသောကြောင့် "ဤဘဝ၌ ဒါန သီလစသည်ကို ပြုချင်ပြု မပြုချင်နေ၊ အမေ အဖေဆိုသူတို့၌သော်မှ ဝတ်တရားကျေဘွယ် မလို၊ ကိုယ့်မှာအကျိုးရှိလျှင် အမေအဖေကိုပင် စတေး၍ ကိုယ်အကျိုးကိုဆောင်နိုင်သည်"ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် ထိုမိစ္ဆာဒိဋ္ဌိအယူရှိသူနှင့် ပေါင်းဘို့ရာ လွယ်ကူပါမည်လော။

**သမ္မာဒိဋ္ဌိမှတ်ချက်။** ။"သမ္မာဒိဋ္ဌိအလိုအားဖြင့် နောက်ဘဝ ရှိသေး၏၊ ထိုနောက်ဘဝ၏ အကောင်းအဆိုးမှာ မိမိပြုအပ်သော ကံအတိုင်းသာ ဖြစ်နိုင်၏၊ မိဘ ဆရာ မိတ်ဆွေစသည်တို့အပေါ်၌ ဝတ်တရားကျေရ မည်သာမက ဒါနသီလစသော ကောင်းမှုတွေကို အများအပြားပြုထား နိုင်မှသာ နောက်နောက်ဘဝများအတွက် သက်သာဘွယ်ရှိသည်"ဟု အဓိပ္ပါယ်ရ၏၊ ဘုရားရှင်ကား "ထိုသမ္မာဒိဋ္ဌိ အယူရှိသူတို့၌သော်မှ ဗာလ-ပဏ္ဍိတ ခွဲခြား၍ ပဏ္ဍိတလူကောင်းကိုမှ ပေါင်းရမည်"ဟု မိန့်တော်မူပါသည်။ ထိုပဏ္ဍိတလူကောင်းကို မပေါင်းထိုက်ပါလော?။ ('နောက်ဘဝမရှိ'ဟု ယူသူနှင့် "ရှိ၏"ဟု-ယူသူတို့၏ အကျိုးအပြစ်ကို ဘာသာသွေးစာအုပ်(၁၁၇၊၈)၌ စိစစ်ထားပါသည်။)

## ထပ်၍မေးဘွယ်

၁။ သမ္မာဒိဋ္ဌိအယူရှိသူတို့၏ "ကံ"ဆိုတာ ဘာလဲ။

၂။ ဖြစ်ပျက်နေသော ရုပ်နာမ်အစဉ်ဝယ် ပျက်ရာတွင်ပါသွားသော ထိုကံသည် နောက်ဘဝအတွက် ဘယ်လိုအကျိုးပေးဦးမှာလဲ။

၃။ ရှေးကံကြောင့် ဘဝအသစ်ရလျှင် ဘာ့ကြောင့် မိန်းမယောကျ်ားဟုဂုဏ်း၊ ရာဂကြီးသူ ပညာကြီးသူစသည်ဖြင့်ဂုဏ်း၊ ခြားနားရသနည်း။

၄။ ကံကိုယုံကြည်နေသော လူမျိုးတွေ ယခုအခါ ဘာ့ကြောင့် အောက်ကျနေကြရသလဲ။

၅။ "ဘာမလုပ်ရ၊ ညာမလုပ်ရ"ဟု တားမြစ်ချက်များသော တရားအလိုအားဖြင့် ယခုဘဝ ကြီးပွါးနိုင်ပါဦးမည်လော။

၆။ ဗုဒ္ဓဝါဒအလိုအားဖြင့် ဗြဟ္မစိုရ်တရား (၄)ပါးကို လက်ကိုင်ထား၍ တိုင်းပြည်ကောင်းအောင် ထူထောင်နိုင်ပါမည်လော။

**အဖြေ။** ။ဤအမေးကို အစဉ်အတိုင်း ဖြေသောအားဖြင့် ကံ အကြောင်းကို ပြသွားပါမည်။

၁။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။ (အင်္ဂုတ်၊ ၂၊ ၃၆၃။)

၂။ (က) မနောပုဗ္ဗင်္ဂမာ ဓမ္မာ (ဓမ္မပဒ။)

(ခ) နှိ ပါပံ ကတံ ကမ္မံ (ဓမ္မပဒ၊ ဗာလ။)

(ဂ) ကုသလာကုသလံ ကမ္မံ ပစ္စယော (ပဋ္ဌာန်း။)

(ဃ) သန္တာနေဒံ ကမ္မံ နာမ (ဋီကာအနု။)

၃။ (က) ကလျာဏကာရီ ကလျာဏံ.... (သံယုတ် (၁) ပဌမဝဂ်၊ သမုဒ္ဒကသုတ်။)

(ခ) ကမ္မတော လိင်္ဂတော စေဝ။

(ဂ) ကမ္မုနာ ဝတ္တတေ လောကော။

(ဃ) ဇာတ္တိပုရိသတို့၏ ဆန္ဒ။

(င) ဝါသနာ (ကိလေသသတ္တိ၊ သမ္မာဆန္ဒ။)

၄။ (က) ဉာဏဝိဘင်းပါဠိတော်။

(ခ) ကာလောပဓိ ပယောဂါနံ....(နာမရူပပရိစ္ဆေဒ)

(ဂ) ကံဟု မူလ· သမ္ဗုဒ္ဓတို့....မန်လည်ဆရာတော်။

(ဃ) ကိုယ်ကျင့်အဘိဓမ္မာ ပယောဂသမ္ပတ္တိ အကြောင်း (၂၃၇) ဖတ်ပါ။

၅။ "မလုပ်ရ"ဟု တားမြစ်ချက်တွေကို မလုပ်ဘဲ, လုပ်ဘို့ရန် ညွှန်ကြား အပ်သော သမ္ပဒါစသော တရားတော်နှင့်အညီ ပယောဂသမ္ပတ္တိရှိရှိဖြင့် နေပါလျက် မကြီးပွါးသော ဗုဒ္ဓဘာသာဝင်တယောက်တလေ ရှိပါ၏ လောဟုသာ ပြန်၍မေးလိုက်သည်၊ ဗုဒ္ဓတရားတော်အလိုအားဖြင့် "ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော"နှင့်အညီ ငယ်ရွယ် စဉ်က ဗဟုသုတရှိအောင် ကြိုးစားရ၏၊ လက်မှုနှတ်မှုအတတ်ကိုလည်း သင်ရ၏၊ ယဉ်ကျေးအောင် ကိုယ်ကျင့်ဝိနည်းကိုလည်း သင်ရ၏၊ ဗာလ ဆိုသူတို့နှင့်လည်း မပေါင်းရ၊ ပဏ္ဍိတလူကောင်းတို့နှင့်သာ ပေါင်းရ၏၊ ဤသို့နေထိုင်လျှင် မကြီးပွါးဘဲ နေနိုင်မည်လော။

(၆) ဗြဟ္မစိုရ်တရား (၄) ပါးဟူသည်....

(က) တိုင်းသူပြည်သား အားလုံး၏ အကျိုးစီးပွါးကို လိုသော **မေတ္တာ**။

(ခ) ဆင်းရဲသူ ဆင်းရဲသားကို သနားသော **ကရုဏာ**။

(ဂ) ချမ်းသာသူများကို ဝမ်းမြောက်သော **မုဒိတာ**။

(ဃ) ပြုပြင်၍ မရသဖြင့် သင့်သလို ရှုရသော **ဥပေက္ခာ**၊ ဤ (၄) ပါးတည်း။

မိခင်စိတ်ထား။ ။မိခင်တယောက်၌သား (၄) ယောက်ရှိ၏။

(၁) အငယ်ဆုံးသားကလေး၊ (၂) မမာနေသောသား၊ (၃) အရွယ်ရောက်၍ လူလားမြောက်နေသော သားလတ်၊ (၄) အိမ်ထောင်

ကျ၍ သူ့ကိစ္စနှင့်သူ အားထုတ်နေသော သားကြီး၊ ဤ(၄) ယောက်ရှိ၏၊ ထိုမိခင်သည် သားငယ်ကိုကြီးလာစေလို၏၊ မမာသောသားကို ကျန်းမာလာစေလို၏၊ အရွယ်ရောက်၍ လူလားမြောက်သောသားကို ကြည့်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏၊ စိတ်ချရသောအကြီးဆုံးသားအတွက် ကြောင့်ကြမစိုက်ဘဲ လစ်လျူထားလေသည်။ (အဋ္ဌသာ-လိနီအဋ္ဌကထာ၊ ရူပါဝစရကုသလအဖွင့်)ထိုအတူ တိုင်းပြည်၌လည်း....

(၁) ကလေးများရှိ၏၊ ထိုကလေးများကို ကျန်းမာ၍ ပညာတတ်ကလေးများအဖြစ်ဖြင့် ကြီးပွါးလာအောင် မေတ္တာစိတ်ထား၍ အစိုးရဘဏ္ဍာမှ အတော်များများ စနစ်တကျသုံးပေးလျှင် ထိုကလေးများသည် ကိုယ်ရောစိတ်ပါ ကျန်းမာ၍ ပညာတတ်ကလေးတွေ ဖြစ်လာနိုင်၏။

(၂) ငယ်ရွယ်စဉ်ကပင် ကျန်းမာရေးကို ဂရုစိုက်ထားလျှင် မကျန်းမာသူကား ထိုက်သလောက် နည်းသွားပါလိမ့်မည်၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် မကျန်းမာသူ ရှိရဦးမည်သာ၊ ထိုမကျန်းမာသူများအတွက် ကရုဏာစိတ်ထား၍ အခမဲ့ဆေးရုံတွေများများရှိဘို့ရန်၊ ဆရာဝန်များများ ထွက်ဘို့ရန်၊ ကျေးရွာတိုင်း၌ အစိုးရအသိအမှတ်ပြုခံရသော ဆေးဆရာတွေဆေးမှူးတွေရှိစေဘို့ရန်နှင့် မိဘများကိုယ်တိုင်က ကျန်းမာရေးပညာကို လေ့လာဘို့ရန် အစိုးရဘဏ္ဍာကို အတော်များများ အကုန်ခံလျှင် အသေအပျောက်နည်း၍ ကျန်းမာသန်စွမ်းသူတွေ များလာနိုင်ပါသည်။

(၃) တိုင်းပြည်ဝယ် လယ်ယာအလုပ်-လုပ်ခြင်း၊ စက်ရုံတို့၌အလုပ်-လုပ်ခြင်း၊ လယ်ယာအနည်းငယ်ကို ပိုင်ဆိုင်၍ ကိုယ်တိုင်ဖြစ်စေ လူငှါးဖြင့်ဖြစ်စေ လုပ်ခြင်း၊ အစိုးရအမှုထမ်း လခစားလုပ်ခြင်းတို့ဖြင့် လူလတ်တန်းများရှိ၏၊ ထိုသူတို့တွင် မည်သူ့ကိုမျှ မနစ်နာစေဘဲ အားလုံးအပေါ်၌ မေတ္တာ ကရုဏာ မုဒိတာစိတ်ဖြင့် ထိုက်သင့်သလိုစောင့်ရှောက်လျက် ငွေအတိုးယူအလွန်နည်းအောင် ဘဏ်ဖွင့်ပေးခြင်း၊ သမဝါယမ

ဆိုင်တွေ ရပ်တိုင်းရွာတိုင်း၌ ဖွင့်ပေးခြင်း၊ ရပ်ရွာ၌ ပြုပြင်လိုသော ကျောင်းထိုင်ဘုန်းတော်ကြီးများကလည်း မေတ္တာစိတ်ဖြင့် အလှူဒါနကို (ကြွေးယူ၍ မပြုစေဘဲ)တကယ်အကျိုးရှိ၍ လိုအပ်သောနေရာ၌သော်မှ သင့်တင့်ရုံသာ စုပေါင်း၍ပြုစေသောအားဖြင့် အစိုးရကို ကူညီခြင်း၊ ဤသို့ စသည်ဖြင့် စောင့်ရှောက်လျှင် တိုင်းသူပြည်သားအများစုသည် သက်သာချောင်ချိလာပါလိမ့်မည်။

(၄) မိမိတို့ဥာဏ်အား ဥစ္စာအားဖြင့် အလုပ်ကြီးများကို လုပ်နိုင်ကြသော အသက်ဘန်းကုန်သည်များ စက်ပိုင်မြေပိုင်ရှင်များကိုကား အစိုးရက တိုးတက်အောင် ကြီးပွါးအောင် စောင့်ရှောက်ဘို့အရေး၌ ဥပေက္ခာပြု လစ်လျူရှုကာ တရားသဖြင့် ရောင်းဝယ်ကြဘို့၊ အမြတ်ကြီးမစားကြဘို့၊ အမြတ်တော်ခွန် မှန်မှန်ပေးဘို့လောက်ကိုသာ ဥပဒေဖြင့် သတိပေးပါလျှင် ထိုအစိုးရကိုပင် ကြည်ညိုလေးစားကာ တိုင်းပြည်သာယာပါလိမ့်မည်။

ဤနည်းအားဖြင့် ဗြဟ္မစိုရ် (၄) ပါးကို သင့်တော်အောင်ထား၍ အုပ်ချုပ်သွားပါလျှင် တိုင်းသူပြည်သား လူအများ၏ လေးစားကြည်ညိုခြင်းကိုခံရသော အစိုးရအဖြစ်ဖြင့် တိုင်းပြည်ကို သာယာစေနိုင်စရာ ရှိရကား ဗုဒ္ဓမြတ်စွာ၏ တရားတော်လည်းဟုတ်၊ အခြားဘာသာတိုင်း၏ တရားတော်လည်းဟုတ်သော ဗြဟ္မစိုရ်တရား (၄) ပါးသည် တိုင်းပြည်အုပ်ချုပ်ရာဝယ် လက်တွေ့အလုပ်·လုပ်၍ရသော ထိုအတိုင်းသာလျှင် စားဝတ်နေရေးအတွက် လယ်ယာတွေ သစ်တောတွေ ရေနံတွေ အလုံအလောက်ရှိနေသော ဤနိုင်ငံ၌ ဖြစ်သင့်ပါသတည်း

## ရှေးဗုဒ္ဓဘာသာမင်းများ
## အုပ်ချုပ်ပုံ

ဗိမ္ဗိသာရမင်း။ ။သောတာပန်တည်ပြီးသော ရှင်ဘုရင်ဖြစ်၍၊ ဘုရားရှင်၏ ကျောင်းတော်ဒါယကာကြီးလည်းဖြစ်၍၊ဘာသာအမျိုးမျိုးယူကြသော မှူးမတ်များလည်းရှိ၍၊ စစ်ဘပ်လည်းရှိ၍၊ ထိုမင်းလက်ထက်၌....

(၁) သူပုန်ထ၍ ဗိုလ်မှူးများကိုခေါ်က "သူပုန်သေဌင်းကျန်းသော ရွာများကို လူတွေနေနိုင်အောင် စောင့်ရှောက်ပါချေ"ဟု အမိန့်ပေး၍ စစ်တပ်ကိုလွှတ်ခဲ့ရသည်။

(၂) တချို့စစ်သားတို့ စစ်တိုက်ထွက်ခါနီးမှ ရဟန်းပြုကြသောကြောင့် ထိုအမှုအတွက် ဥပဒေမရှိသေး၍ ဥပဒေပြုအမတ်တို့ထံ ပို့သောအခါ ဗုဒ္ဓဘာသာမဟုတ်သော ဥပဒေပြုအမတ်တို့က "(က) ဥပဇ္ဈာယ်ဆရာကို ဦးခေါင်းဖြတ်ရမည်၊ (ခ) ကမ္မဝါစာဆရာကို လျှာဖြတ်ရမည်၊ (ဂ) အဖေါ်သံဃာများ၏ နံရိုးတဘက်ကို ချိုးရမည်"ဟု ဥပဒေပြုကြသည်။

(၃) ထိုမင်းလက်ထက်၌ပင် "ရာဇဝတ်သားကို တရားသူကြီးတို့က တံကျင်လျှို၍ သတ်ရမည်"ဟု အမိန့်ချသောကြောင့် တံကျင်လျှိုခံရသော ထိုယောကျ်ားသည် မြို့တော်လှည့်သော ရှင်ဘုရင်ကိုမြင်၍ ဘုရင့်ပွဲတော်စာကို စားလိုကြောင်းဟစ်အော်၍ တောင်းသောကြောင့် ပေးပါမည် ဝန်ခံခဲ့ရ၏၊ ထိုဝန်ခံမှုကို ညစာပွဲတော်စားခါနီးမှ သတိရ၍ **ကာဠဝဠိယ**မည်သော သူဆင်းရဲ၏မယားကို အပို့လွှတ်ရသော ကိစ္စလည်း ဖြစ်ရသည်။ (ဥပရိပဏ္ဏာသအဌကထာ... မြန်မာတို့က "**ကာကဝလ္လိယ**"ဟု ခေါ်ကြသည်။)

**ဓမ္မာသောကမင်း။** ။သာသနာတော်ကြည်ညိုသောအခါ ဗုဒ္ဓတရားတော်တွေကို တိုင်းပြည်၌ဖြန့်၍ ကျောက်တိုင်ထူလျက် အုပ်ချုပ်လေရာ ထိုအခါကျမှ သာ၍အုပ်ချုပ်လို့ လွယ်ကူလာသတဲ့။

**ဒုဋ္ဌဂါမဏိမင်း။** ။ထိုမင်းကား သီဟိုဠ် ဗုဒ္ဓဘာသာမင်းတည်း၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးသော ကျေးကုလားတို့ကို စစ်တိုက်ထွက်ခါနီး၌ ရဟန်းငါးရာကိုပင် ပင့်သွား၏၊ သူ၏လှံအဖျား၌ ဘုရားဓာတ်တော်ကို ဌာပနာထားသတတ်၊ အဘယ ဗိုလ်မှူးစသော ဗိုလ်များဖြင့် စစ်တိုက်လေရာ အားလုံး အောင်မြင်လေသည်။

**အနော်ရထာ**။ ။အနော်ရထာကား ရဟန်းတုတွေကို လူထွက်စေကာ သာသနာတော်ကို သန့်ရှင်းအောင် ပြုနိုင်သော ဗုဒ္ဓသာသနာပြုမင်း ပေတည်း၊

**မင်းကြီးရန်အောင်**။ ။အဒ၀ (အင်း၀) နေပြည်တော်၀ယ် စာတတ် ပေတော် ဆရာတော်များနှင့်တကွ ရဟန်းတော်များစွာကို သတ်ဖြတ်သော ရန်သူမင်းကို ရှင်းလင်းကာ သာသနာနှင့် တိုင်းပြည်ကိုကယ်တင်ခဲ့သော ဗုဒ္ဓဘာသာ မူးမတ်ကြီးပေတည်း။

ဤနည်းအားဖြင့် ဗုဒ္ဓဘာသာ နိုင်ငံ၀ယ် ဗုဒ္ဓဘာသာ မင်းမှူးမတ်တို့သည် တိုင်းပြည်ကို အုပ်ချုပ်ရာ၀ယ် ဗုဒ္ဓကရားတော်ကို ထိုက်တန်သလို အသုံးပြုကာ အောင်မြင်စွာ အုပ်ချုပ်နိုင်ခဲ့ကြပါသည်၊

## ဆရာများ ကိုင်ဆောင်သင့်သည့် ကျမ်းစာများ

၁။ ရတနာ့ဂုဏ်ရည်၊ ၂။ ကိုယ်ကျင့်အဘိဓမ္မာ၊ ၃။ အနာဂတ်သာသနာရေးကျမ်း၊ ၄။ ဗုဒ္ဓ၀င်အသေးအဖြေ၊ ၅။ အခြေပြု မင်္ဂလသုတ်၊ ၆။ ဗုဒ္ဓါနုဿတိဘာ၀နာ၊ ၇။ ဗြဟ္မဇာလသုတ် မြန်မာပြန်၊ ၈။ သာမညဖလသုတ် မြန်မာပြန်၊ ၉။ ဘာသာသွေး၊ ၁၀။ ဘာသာရေး ပြဿနာများ၊ ၁၁။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ၊ ၁၂။ မူလတန်း ဗုဒ္ဓဘာသာလက်စွဲ (၆-အုပ်) အဂိုးရပုံနှိပ်တိုက်၊ ၁၃။ ဘုရားဩ၀ါဒတော်ကြီး။

## ဟောထားသော တရားတော်များ

၁။ မေ့တကြာတရားတော် (ရှစ်နာရီရှိသည်) ၂။ အနတ္တလက္ခဏာသုတ်တရားတော် (၃-နာရီရှိသည်) ၃။ ပဋ္ဌာန်းတရားတော် (၁၈-နာရီရှိသည်) ဤတရားများကိုလည်း နာယူရန် ဆရာတော် ညွှန်ကြားတော်မူခဲ့ပါသည်။

## အခြားရှိသင့်သော ကျမ်းစာများ

၁။ ငါးရာ့ငါးဆယ်နိပါတ်တော်များနှင့် ဇာတ်ကြီးဆယ်ဘွဲ့၊

၂။ ဓမ္မပဒအဋ္ဌကထာ၀တ္ထုတော်ကြီး ၄-တွဲ၊

၃။ မဟာဗုဒ္ဓ၀င် ခြောက်တွဲ ရှစ်အုပ်၊

၄။ ပါဠိတော်မြန်မာပြန်များ၊ (ကမ္ဘာအေး ဗုဒ္ဓသာသနာအဖွဲ့)

# နဝမတန်းမှအထက်

## သူငါမဟုတ် နာမ်နှင့်ရုပ်

## အချို့ နိဒါန်း

## ဤကျမ်းစာကို စီစဉ်ရခြင်းအကြောင်း

(၁) များစွာသော လူတို့သည် ပရမတ္ထ သဘာဝကို နားလည်လိုကြပါလျက် မိမိတို့နှင့် သင့်တော်သော ကျမ်းစာကို မတွေ့ရသောကြောင့် မသင်ယူနိုင် မလေ့လာနိုင်ဘဲ ရှိကြရပေသည်။

(၂) လက်ရှိ ကျမ်းစာအချို့ကို ကြည့်ရှု လေ့လာပြန်ပါသော်လည်း ထိုကျမ်းစာတို့မှာ အဘိဓမ္မတ္ထ သင်္ဂြိုဟ်မှစ၍ ပါဠိသင်ယူသူတို့အတွက် စီစဉ်အပ်သော ကျမ်းများ ဖြစ်နေသောကြောင့် ထိုပါဠိကို နားလည်အောင် သင်နေရသဖြင့် သဘာဝကို ထိမိအောင်သိဘို့ ခဲယဉ်းရကား သင်ယူရင်းပင် ပျင်းရိငြီးငွေ့ လာတတ်ကြလေသည်။

(၃) ဘုန်းကြီးသည် ဗုဒ္ဓဘာသာ သင်ခန်းစာ စီစဉ်ရေးကော်မတီတွင် ပါဝင်၍ သင်ခန်းစာ ရွေးချယ်စဉ်ကပင် အဘိဓမ္မာ လေ့လာလိုသော တက္ကသိုလ် ကျောင်းသားများအတွက် သင်္ဂြိုဟ်ကျမ်းသည် မသင့်လျော်ကြောင်း, လူဝတ်ကြောင်များ နားလည်လောက်အောင် သီးခြား စီစဉ်ပေးဘို့လိုကြောင်းကို ပြောခဲ့ဘူးပါသည်။

(၄) ထိုသို့ပြောသော်လည်း ကော်မတီတွင် ပါဝင်သူအများက စိတ်ဝင်စားပုံ မရသောကြောင့် မိမိလည်း သီးခြားစီစဉ်မှုကို လျစ်လျူရှုကာ ထို့နောက် အချိန်များမှာလည်း အခြားကျမ်းများကို ရေးသားနေရသောကြောင့် သီးခြားစီစဉ်ပေးဘို့ အချိန်မရခဲ့ပါ။

(၅) ယခုသော် ရန်ကုန်-မြို့မကျောင်း၏ တာဝန်ဆောင် ဦးအောင်မင်းစသော လူကြီးအချို့၏ ဗုဒ္ဓဘာသာ သင်ခန်းစာအသစ်ကို လိုလား

တောင့်တကြခြင်း၊ ဗုဒ္ဓသာသနာတော်၏ တည်တံ့ခိုင်မြဲရေးကို စွမ်းနိုင်သမျှ ကြိုးစားလျက် မိမိကျောင်းတိုက်အတွက်လည်း အဖက်ဖက်က အားပေးလျက်ရှိသော ဒါယကာ ဦးထိန်ဝင်း၏ မကြာမကြာ တိုက်တွန်းခြင်း၊ မိမိကျောင်းတိုက်၏ ကျောင်းဒါယကာ ဦးမောင်ကို၏ မိမိသိသင့်သောတရားအချက်များကိုသိလိုပါကြောင်းလျှောက်ထားခြင်းတို့ကြောင့် အောက်ခြေ ဘာသာရေးကို အထိုက်အလျောက်နားလည်ပြီးသူများအတွက် တဆင့်တက်၍ လေ့လာဘို့ရာ ဤကျမ်းစာကို စီစဉ်ရပါသည်။

## ရေးသားပုံအစီအစဉ်

(၁) လူဘယောက်ကို စဉ်းစားသောအခါ ရုပ်ခန္ဓာကိုယ်ကို ပဌမတွေ့ရ၏၊ ထို့ကြောင့် ရုပ်အခန်းကို ပဌမစီစဉ်ပါမည်။

(၂) ထိုရုပ်ခန္ဓာ၌ စိတ်ကောင်း-စိတ်ဆိုးကို အကြောင်းပြု၍ "တယ် စိတ်ကောင်းတဲ့သူ၊ တယ် စိတ်နေစိတ်ထား ညံ့တဲ့သူ" ဟု ပြောလေ့ရှိကြ၏။ ထို့ကြောင့် ရုပ်အခန်း၏နောက်၌ စိတ်အခန်းကို ဒုတိယမြောက် စီစဉ်ပါမည်။

(၃) စိတ်ကောင်း စိတ်ဆိုး ကွဲပြားရခြင်း၏ အကြောင်းရင်းမှာ စိတ်နှင့်အတူဖြစ်ကြသော လောဘ ဒေါသ စသော၊ သတိပညာ စသော စေတသိက်များပင်ဖြစ်ရကား စေတသိက်အခန်းကို တတိယမြောက် စီစဉ်ပါမည်။

(၄) ထိုစေတသိက်များသည် အကြောင်းမဲ့သက်သက် ဖြစ်ကြသည်မဟုတ်၊ ဝတ္ထု ဒွါရအာရုံတို့ကို မှီရ, ဆွဲကိုင်ရမှ ဖြစ်ကြရသည့်ပြင် ထိုသို့ဖြစ်ကြရာတွင်လည်း ကိစ္စအမျိုးမျိုး ရွက်ဆောင်လျက်ဖြစ်ကြသောကြောင့် ထိုကိစ္စစသည်ကို ဖော်ပြသော ရောပြွမ်းသော ပကိဏ္ဏကအခန်းကို စတုတ္ထမြောက် စီစဉ်ပါမည်။

(၅) ဝတ္ထုစသော အကြောင်းတို့ကြောင့် ဖြစ်ရသော ထိုစိတ်စေတသိက်များသည် ဖြစ်ချင်သလို ဖြစ်ကြသည်မဟုတ်၊ စိတ်တို့၏ အမြဲဖြစ်

နေကျ နိယာမအတိုင်းသာ စီကာစဉ်ကာ ဖြစ်ကြသောကြောင့် ပညာရှင်တို့ စိတ်ဝင်စားဘွယ် ကောင်းလှသော စိတ်အစဉ်ဝီထိ အခန်းကို ပဉ္စမမြောက် စီစဉ်ပါမည်။

ထိုစိတ်စေတသိက်တို့၏ ဝီထိအဖြစ်ဖြင့် စီကာစဉ်ကာ ဖြစ်ကြရာဝယ် ထိုသို့ ဖြစ်နိုင်အောင် ပဋ္ဌာန်းပစ္စည်းက ကျေးဇူးပြုပုံကိုသိရသော အခါ ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတ ဉာဏ်တော်ကို မှန်းမြော်ကြည်ညိုစရာ ကောင်းလှသောကြောင့် ထိုပဋ္ဌာန်းပစ္စည်း အသီးအသီးပြခန်း ကိုလည်း ဆဋ္ဌမမြောက် စီစဉ်ပါမည်။

ထိုမျှလောက် သိပြီးသူမှာ စိတ်၏ ဆန်းကြယ်ပုံ၊ စိတ်ဆန်းကြယ် သလောက် ကံဆန်းကြယ်ပုံ၊ ကံဆန်းကြယ်သလောက် အကျိုးပေး ဆန်းကြယ်ပုံကို နားလည်နိုင်လောက်ပြီ ဖြစ်သောကြောင့် ထို အားလုံးကို အခြေခံ၍ ကံ ဉာဏ် ဝီရိယ အခန်းကို သတ္တမမြောက် စီစဉ်ပါမည်။

ထိုမျှလောက် သိပြီးသူမှာ သံသရာ ချဲ့ထွင်တတ်သော တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရား (၃) ပါး အကြောင်းကို သိနိုင်လောက်ပြီ ဖြစ်ရကား ပပဉ္စ တရားအခန်းကို အဋ္ဌမမြောက် စီစဉ်ပါမည်။

ထိုတရားစုကို သိပြီးသူမှာ သစ္စာ (၄) ပါးကို ပြလျှင် နားလည် လောက်သော ဉာဏ်အခြေခံ ပြည့်စုံပြီးဖြစ်သောကြောင့် သစ္စာ (၄) ပါး အခန်းကိုလည်း ဓမ္မစကြာ ပါဠိတော် ညွှန်ပြ၍ နဝမ မြောက် စီစဉ်ပါမည်။

ထိုအားလုံးကို သိပြီးဖြစ်သူမှာ အနတ္တအချက်အလက်ကို ကွက်ကွက် ကွင်းကွင်း ဉာဏ်ရှင်းလောက်ပြီ ဖြစ်သောကြောင့် အနတ္တ လက္ခဏ သုတ်ကို ညွှန်ပြ၍ အနတ္တအခန်းကို ဒသမမြောက် စီစဉ်ပါမည်။

ထိုမျှလောက် သိပြီးသူမှာ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကိုစီးဖြန်း လိုလျှင် ဉာဏ်သက် ဝင်နိုင်လောက်ပြီဖြစ်၍ ဝိပဿနာအစ သီလ သမာဓိကိုညွှန်ပြလျက် ဘာဝနာအခန်းကို ဧကာဒသမမြောက် စီစဉ် ပါမည်။

## ပရမတ္ထ တရားများကို လေ့လာသင့်ပုံ

"စိတ်စေတသိက် ရုပ် နိဗ္ဗာန်" ဟူသော ပရမတ်တရား (၄) ပါးသည် ရှင်တော်ဘုရား ပွင့်တော်မူမှသာ ကွဲကွဲပြားပြား သိရသော တရားများဖြစ်၏၊ ရှင်တော်ဘုရား မပွင့်သောအခါ၌၊ သို့မဟုတ်- ဘုရားပွင့်တော်မူသော်လည်း ဘုရားရှင်၏ တရားတော်များ မပြန့်နှံ့ရာအရပ်၌ ဖဿဝေဒနာ စသော တရားများကို ကွဲကွဲပြားပြား နားလည်ဘို့ကို မဆိုထားဘိ၊ နာမည်မျှလောက်ပင် မထင်ရှားချေ၊

ထို့ကြောင့် ဘုရားရှင်၏ တရားတော်များ ပြန့်နှံ့၍ နေရာဖြစ်သော မြန်မာနိုင်ငံဝယ် နေထိုင်ကြသူတို့သည် အလွန်သိဘို့ ခဲယဉ်းလှသော ပရမတ္ထ သဘောတရားများကို လေ့လာသင့်ကြပေသည်။ ထိုသို့ လေ့လာရာ၌ ပညာတရပ်အနေအားဖြင့် ဖြစ်စေ၊ ရုပ်တရား နာမ်တရား ပညတ်တရားတို့ကို ကွဲကွဲပြားပြား နားလည်၍ အထက်တန်းကျသော သစ္စာ (၄) ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းကြောင်းကျိုး ဆက်စပ်ပုံကို သိရှိကာ ဝိပဿနာအလုပ်ကို အားထုတ်လိုသော ဆန္ဒဖြင့် ဖြစ်စေ, ပါရမီအစစ်အမှန်ကို ဖြည့်ကျင့်လိုသော ဆန္ဒဖြင့် ဖြစ်စေ, မည်သည့်ရည်ရွယ်ချက်ဖြင့် လေ့လာသည်ဖြစ်စေ, အသိဉာဏ်တိုးပွါး၍ အကျိုးများမည်မှာ ဧကန် ဖြစ်ပါသတည်း။

၁၃၂၄ တပို့တွဲ **အရှင်ဇနကာဘိဝံသ**

---

၁။ ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော်အများ,
စိတ်ကောင်းထားလည်း, ဤကားကုသိုလ်, အကုသိုလ်နှင့်,
ထိုထိုဘုံဘဝ, မသိရ များလှအပြစ်တွေ။
၂။ ဘုရားရှင်တော်, ပွင့်ထွန်းပေါ်၍, ဟောဖော်ညွှန်ကြား,
မြတ်တရားကြောင့်, ဤကားကုသိုလ်, အကုသိုလ်နှင့်,
ထိုထိုဘုံဘဝ, သိကြရ, များလှကျေးဇူးပေ။
၃။ ကျေးဇူးတော်ရှင်, ဘုရားရှင်ကို, ဦးတင်မပြတ်,
ကျေးဇူးဆပ်ဘို့, အမြတ်ရတနာ, သာသနာ၏,
နိုင်ရာဝန်ထမ်း, ကိုယ်စီစွမ်း, ကြိုးပမ်းကြပါလေ

# ရုပ်ပရမတ္ထကို ပြခန်း

## (၁) စိတ်စေတသိက်၊ ရုပ်နိဗ္ဗာန် (၄) ရပ်၊ ပရမတ်။

**ပရမတ္ထ။** ။ပါဠိလို ပရမတ္ထကို မြန်မာလို "ပရမတ်" ဟု ခေါ်၏၊ ပရမတ္ထ၌ "ပရမ+အတ္ထ" ဟု ခွဲ၊ ပရမ=မြတ်သော+အတ္ထ=သဘောတရား။

**မြတ်ပုံ။** ။မူလသဘောမှ မပြောင်းလွဲမဖောက်ပြန်ဘဲ မှန်ကန်တိမတ်သည်ကို "မြတ်"ဟု ဆိုသည်၊ "မြင့်မြတ်=မွန်မြတ်" ဆိုတဲ့ အမြတ်မျိုး မဟုတ်ပါ။

**ပညတ်။** ။အစစ်အမှန်အားဖြင့် အထင်အရှားမရှိပါဘဲ လူအများတို့က ခေါ်ဝေါ်ထားအပ်၊ ထိုအခေါ်အတိုင်း အသိအမှတ်ပြုအပ်သော အရာဝတ္ထုအထည်ဒြပ်စုကို "ပညတ်"ဟု ခေါ်၏၊ [ပညတ္တိ(ပါဠိလို)၊ ပ-အမျိုးမျိုးအဖုံဖုံ+ဉတ္တိ—အသိအမှတ်ပြုအပ်သော အရာဝတ္ထုဒြပ်စု]

**ပညတ်သည်ဖောက်ပြန်၏။** ။ပရမတ်ဖြစ်သော "စိတ်စေတသိက် ရုပ်နိဗ္ဗာန်"တရားတို့သည် ပင်ကိုယ်သဘောမှ ဖောက်ပြန်ပြောင်းလွဲခြင်း မရှိကြသော်လည်း ပညတ်တို့ကား ပင်ကိုယ်သဘောမှ ပြောင်းလွဲ ဖောက်ပြန်တတ်ကြသည်။

**ဥပမာ။** ။"လူ"ဟု ဆိုရာ၌ "လူ"ဟု ခေါ်အပ်, အများအသိအမှတ်ပြုအပ်သော လူကောင်=လူ့ကိုယ်ဒြပ်သည် ပညတ်တည်း၊ လူ၏အစိတ်အပိုင်းဖြစ်သော ရုပ်ကလာပ် အစုနှင့် စိတ်စေတသိက်တို့ကား ပရမတ်တည်း။

**ပညတ်ဖောက်ပြန်ပုံ။** ။လူကောင်ဒြပ်သည် ဆံပင်မွေးညှင်းစသော အစုတွေပေါင်းစပ်နေသော အခိုက်၌ "လူ"ဟု ခေါ်ရသော်လည်း ဆံပင်တခြား မွေးညှင်းတခြား ခြေသည်းလက်သည်းတခြား စသည်စိတ်ကူး၍ ခွဲခြားကြည့်သောအခါ (သို့မဟုတ်-တကယ်ဖျက်၍ ခွဲစိတ်ထားသော အခါ) "လူ"ဆိုသော ဒြပ်ကြီးပြောင်းလွဲသွား၏ "လူ"မရှိတော့၊ ဆံပင်မွေးညှင်းစသည်သာ ရှိတော့၏၊ ထိုဆံပင်စသည်တို့လည်း ပညတ်

ပင် ဖြစ်သေး၏။ ဆံပင်ကို အစိတ်စိတ် ဖြတ်တောက်လိုက်သောအခါ သို့မဟုတ် မီးရှို့လိုက်သောအခါ "ဆံပင်"မရှိတော့၊ ရုပ်မှုန့်ကလေးတွေ ပြာမှုန့်ကလေးတွေသာ ရှိတော့၏။ ထိုရုပ်မှုန့်တွေ ပြာမှုန့်တွေ ခွဲ၍ စိတ်၍မရနိုင်သောအခါ "ရုပ်ကလာပ်"ဟု ခေါ်ရ၏၊ ထိုရုပ်ကလာပ် တခုတခုသည် ပရမာနုမြူထက်ပင် သေးငယ်၏၊ မျက်စိဖြင့်ရှင်း, မှန်ပြောင်းကောင်းကောင်းဖြင့်ရှင်း မမြင်နိုင်။

**ပရမတ် ဖောက်ပြန်ပုံ။** ။"မဖောက်ပြန် မပျက်စီး"ဟု အဓိပ္ပါယ် မမှတ်ရ၊ "ပင်ကိုယ်သဘောအတိုင်း တိမတ်သည် မှန်ကန်သည် သဘောအားဖြင့် အပြောင်းအလဲမရှိ"ဟု အဓိပ္ပါယ်မှတ်ပါ၊ ထိုပြခဲ့သော ရုပ်ကလာပ်အသေးဆုံး အစုအဝေး၌ ခွဲ၍မရသော ရုပ်ကလေး ရှစ်မျိုးပါဝင်၏၊ ထို (၈) မျိုးတွင် နောက်၌ပြလတ္တံ့အတိုင်း ပထဝီသည် ခက်မာခြင်းသဘောရှိ၏၊ ထိုခက်မာခြင်းသဘောသည် လူတို့သန္တာန်မှာ ဖြစ်ဖြစ်, တိရစ္ဆာန်တို့ သန္တာန်မှာဖြစ်ဖြစ် မပြောင်းလဲတော့၊ အပြင်ဘက် မြေ၊ ရေ၊ လေ၊ မီးနှင့် သစ်ပင်တောတောင်တို့မှာလည်း ပါရှိသော ထိုပထဝီ၏ ခက်မာခြင်းသဘောသည် မပြောင်းလဲချေ။

စိတ်စေတသိက်ဟူသော ပရမတ္ထတရားစုတွင် လောဘပါဝင်၏၊ ထိုလောဘသည် လိုချင်မှုသဘောရှိ၏၊ ထိုလိုချင်မှုသဘောသည် ခွေး တိရစ္ဆာန်သန္တာန်မှာဖြစ်ဖြစ်,လူကြီးလူကောင်းပညာရှိသူတော်ကောင်း တို့သန္တာန်မှာဖြစ်ဖြစ် မပြောင်းလဲချေ၊ ဒေါသသည် စိတ်ဆိုးခြင်း စိတ်ညစ်ခြင်းသဘောရှိ၏၊ ထိုသဘောလည်း မည်သူ့သန္တာန်မှာဖြစ်ဖြစ် မပြောင်းလဲချေ၊ ဤသို့စသည်ဖြင့် ပရမတ္ထတရား (၄) ပါးလုံး၏ မပြောင်းလဲပုံကို သိပါ။ (ရုပ်အစဉ် နာမ်အစဉ်ကိုပင် သန္တာန(ပါဠိ) သန္တာန် (မြန်မာလို)ခေါ်၏၊ သံ-ဆက်စပ်လျက်+တာန-ကျယ်ပြန့်နေသော တရားတွေ။)

**(ဆောင်ပုဒ်)** စိတ်စေတသိက်၊ ရုပ်နိဗ်(၄)ရပ်၊ ပရမတ်ကား၊ မဖောက်ပြားဘဲ၊ အများအမှတ်၊ခေါ်ဝေါ်အပ်သည်၊ပညတ်စုတွေ၊ဖောက်ပြန်လေ၊ ခွဲဝေ (၂) မျိုးခြား။

### အရှင်ဇနကာဘိဝံသဆရာတော်

### ၏

# သင်တန်းညွှန်ကြားချက် မာတိကာ

၁၃၂၅-ခု (၁၉၆၃) ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာအခြေခံ သင်တန်းအတွက် ဖွင့်လှစ်ပွဲကို ရန်ကုန်မြို့ မြို့မအမျိုးသမီးကျောင်းတွင် စတင်ကျင်းပခဲ့စဉ်က အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ဇနကာဘိဝံသဆရာတော်ကိုယ်တိုင် ကံတရားအကြောင်းကို ၃-ရက်တိုင် ဟောကြားဖွင့်လှစ်ခဲ့ပြီးနောက် ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ဆရာတော်၏ ညွှန်ကြားနည်းပေးမှုအရ ဗုဒ္ဓဘာသာဝင် မိဘများနှင့်တကွ အခြားဘာသာဝင်များကိုပါ အခြေခံသင်တန်း ဖွင့်လှစ်ပို့ချခဲ့ကြပါသည်။

ထိုစဉ်က သင်တန်းမာတိကာ အစီအစဉ်များကို အသုံးပြုလိုသူများ ရရှိနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။

## အထူးမှာထားချက်

စာမျက်နှာ ၃၇၉ နဝမတန်းမှအထက် သူငါမဟုတ် နာမ်နှင့်ရုပ် အချီးနိဒါန်းမှစ၍ စာမျက်နှာ ၃၈၄ ရုပ်ပရမတ္ထကို ပြခန်းမှာ ဆရာတော်ကိုယ်တိုင် ရေးသား၍ အဲဒီအတိုင်း ဆက်ရေးမည်ဟု ပေးထားခဲ့သော ဆရာတော်၏စာမူကို အပြီးသတ်မဟုတ်သော်လည်း ပျောက်ဆုံးသွားမည်စိုး၍ ထည့်သွင်းရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။

။၁— [၈=ပ-ပ-၈]

## သရဏဂုံနှင့် ငါးပါးသီလအကြောင်း

### မာတိကာစဉ်

**ပဌမနေ့**

၁။ ဗုဒ္ဓဂုဏ်တော် (၉)ပါးအဓိပ္ပါယ်။
၂။ သရဏနှင့် သရဏဂုံကွဲပြားပုံ။
၃။ သရဏဂုံဆောက်တည်နည်း လေးမျိုး။
၄။ သရဏဂုံ တည်ပုံ ပျက်ပုံ။

**ဒုတိယနေ့**

၁။ ဓမ္မဂုဏ်တော် (၆)ပါး အဓိပ္ပါယ်။
၂။ လောကီသရဏဂုံတည်ပုံ။
၃။ လောကုတ္တရာ သရဏဂုံတည်ပုံ။
၄။ သရဏဂုံ အကျိုးလေးပါးနှင့် ဆယ်ပါး။

**တတိယနေ့**

၁။ သံဃာတော်ဂုဏ် (၉)ပါး အဓိပ္ပါယ်။
၂။ သရဏဂုံနှင့် ဥပါသကာများ။
၃။ သရဏဂုံနှင့် ရှင်သာမဏေများ။
၄။ သရဏဂုံနှင့် ရဟန်းတော်များ။

**စတုတ္ထနေ့**

၁။ စကြာမင်းခေတ်နှင့် ငါးပါးသီလ။
၂။ ငါးပါးသီလအစ အဒိန္နာဒါန။
၃။ မုသာဝါဒ အရေးကြီးပုံ။
၄။ ငါးပါးသီလထက် သရဏဂုံအရေးကြီးပုံ။

**ပို့ချမည့်ဆရာ။** ။ဦးကျော်ထွတ်၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (သကျသီဟ), သာသနဓဇ သိရိပဝရ ဓမ္မာစရိယ, ဗုဒ္ဓသာသနာ အဖွဲ့ ပိဋကတ်မြန်မာပြန်ဌာန စာတည်းအယ်ဒီတာ။

## ဒုစရိုက် သုစရိုက်နှင့် ပုညကြိယာ ၁၀-ပါး

### မာတိကာစဉ်

**ပဌမနေ့**

၁။ ဒုစရိုက်အဓိပ္ပါယ်နှင့် ဒုစရိုက်အမျိုးအစား။
၂။ ဒုစရိုက်၏ဆန့်ကျင်ဘက် သုစရိုက်၏အဓိပ္ပါယ်။
၃။ ဒုစရိုက် အရေအတွက် သင်္ချာ။

**ဒုတိယနေ့**

၁။ ဒုစရိုက်ကိုပြုကျင့်ခြင်း၏ မျက်မှောက်အကျိုး တမလွန်အကျိုး။
၂၊ ဒုစရိုက်၏ဆန့်ကျင်ဘက်၊ သုစရိုက်အရေအတွက် သင်္ချာ။
၃။ သုစရိုက်ကိုပြုကျင့်ခြင်း၏ မျက်မှောက်အကျိုး တမလွန်အကျိုး။

**တတိယနေ့**

၁။ ပုညကြိယာ၏ အဓိပ္ပါယ်။
၂။ ပုညကြိယာ အရေအတွက်။
၃။ ပုညကြိယာ တခုစီတခုစီ၏ အဓိပ္ပါယ်။

**စတုတ္ထနေ့**

၁။ ဒါနဥ္စ ပါဝင်သော ပုည ကြိယာများနှင့် ၎င်းတို့ကို ပြုလုပ်ခြင်း အကျိုး။
၂။ သီလဥ္စ ပါဝင်သော ပုညကြိယာများနှင့် ၎င်းတို့ကို ပြုလုပ်ခြင်း အကျိုး။
၃။ ဘာဝနာဥ္စပါဝင်သော ပုညကြိယာများနှင့် ၎င်းတို့ကို ပြုလုပ်ခြင်း အကျိုး။

**မှီငြမ်းဆရာ။** ။ဦးဘမို၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (သက္ကသီဟ)၊ ဗုဒ္ဓ သာသနာ အဖွဲ့ ပိဋကတ်တော် မြန် မာ ပြန် ဌာန၊ အယ်ဒီတာချုပ်။ [ကွယ်လွန်]

# ဗြဟ္မဝိဟာရနှင့် ကိုယ်ကျင့် သုတ္တန်တရားများ

## မာတိကာစဉ်

### ပဌမနေ့

၁။ ဗြဟ္မဝိဟာရ-အဓိပ္ပါယ်ရှင်းလင်းချက်။

ဗြဟ္မာ-၃-မျိုးပြားပုံ။ ။မေတ္တာအထမြောက်အောင် ဆင်ခြင်ပုံ။ ။ မေတ္တာပွားအပ်သည့်ပုဂ္ဂိုလ်နှင့် မပွားအပ်သည့်ပုဂ္ဂိုလ် သုတ္တန်ဆိုင်ရာ။ ။ မေတ္တာဆိုင်ရာ ဝတ္ထုကြောင်းများ။ ။ကရုဏာ၏သဘော။ ။

### ဒုတိယနေ့

၂။ မေတ္တာ၏ရန်သူ-၂-မျိုး။

ကမ္ဘာဦးမှစ၍ မေတ္တာကြောင့် အခြေအနေ ပြောင်းလာပုံ။ ။ရန်သူကြိုက်တရား ၇-ပါး။ မေတ္တာအကျိုး ၁၁-ပါးဆိုင်ရာ ဝတ္ထုကြောင်းများ။ မုဒိတာပွားပုံ။ ။မေတ္တာ၊ ကရုဏာ၊ မုဒိတာ မြောက်ပွါးပုံ။

### တတိယနေ့

၃။ ဥပေက္ခာ၏သဘော။

မဇ္ဈတ္တပုဂ္ဂိုလ်၌ ရှေးဦးစွာပွား, နောက်မှ ပိယ, ဝေရိပုဂ္ဂိုလ်တို့၌၎င်း၊ မိမိကိုယ်၌၎င်း၊ အလုံးစုံသော ပုဂ္ဂိုလ်တို့၌၎င်း ပွားများရန်။ ။ဥပေက္ခာ မြောက်ပွားပုံ။ ။သားလေးယောက် အပေါ်၌ မိဘတို့ ဗြဟ္မစိုရ်သက်ဝင်ပုံ။

### စတုတ္ထနေ့

၄။ ဗြဟ္မစိုရ်တရား ၄-ပါး၏ အချုပ်သဘောများ။

ဗြဟ္မစိုရ်၏ ပြည့်စုံခြင်း သမ္ပတ္တိ။ ။ပျက်စီးခြင်းဝိပတ္တိများ။ ။၎င်း၏ အစ, အလယ်, အဆုံး ဖြစ်ပုံများ။ ။ဗျာပါဒများသူ, ဝိဟိံသများသူ, အရတိများသူ, ရာဂများသူတို့ အစဉ်အတိုင်း၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ပွားရမည့် အကြောင်း။ ။ဗြဟ္မစိုရ်၏ အပ္ပမာဏ (အပ္ပမညာ) ဖြစ်ပုံ။ ။သုတ္တန်ကိုယ်ကျင့်တရားဆိုင်ရာ ဝတ္ထုကြောင်းများ။

**ပို့ချမည့်ဆရာ။** ။ဦးဘသန်း၊ မူလဓမ္မာစရိယ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၊ ဒု-စာပြင်မှူးချုပ်။

## ကံနှင့် ကံ၏အကျိုး

မာတိကာစဉ်

**ပဌမနေ့**

၁။ ကံဆိုသောစကား၏အဓိပ္ပါယ်၊ ပြုလုပ်မှုစေတနာ။

**ဒုတိယနေ့**

၂။ ကံ ၄-မျိုး ၄-လီကို ခွဲခြားပြသခြင်း။

(က) ကိစ္စစတုက္က။ ကိစ္စလုပ်ငန်းအားဖြင့် ကွဲပြားသော ကံ ၄-ပါး။

(ခ) ပါကဒါန ပရိယာယ စတုက္က။ ။အကျိုးပေး အလှည့်အကြိမ် အစဉ်အားဖြင့် ကွဲပြားသော ကံ ၄-ပါး။

(ဂ) ပါကကာလ စတုက္က။ အကျိုးပေးရာ ကာလ အားဖြင့် ကွဲပြားသော ကံ ၄-ပါး။

(ဃ) ပါကဌာန စတုက္က။ ။အကျိုးပေးရာဘုံနှင့် စပ်၍ ကံ ၄-မျိုး ကွဲပြားခြင်း။

**တတိယနေ့**

၃။ ကာမကုသိုလ်ကံ၊ အကုသိုလ်ကံ (ကာယကံ၊ ဝစီကံ၊ မနောကံ)

**စတုတ္ထနေ့**

၄။ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံ။

**ပဉ္စမနေ့**

၅။ ကံ၏အကျိုး။ ။အကုသိုလ်ကံ၏အကျိုး။ ။ကာမကုသိုလ်ကံ၏ အကျိုး။ ။ရူပ အရူပကုသိုလ်ကံ၏ အကျိုးများ။

**ဆဋ္ဌမနေ့**

၆။ လောကုတ္တရာကုသိုလ် [မဂ်] နှင့် လောကုတ္တရာဝိပါက် [ဖိုလ်]။

**ပို့ချမည့်ဆရာ။** ။ဦးကျော်သောင်း, ဘီ, အေ အငြိမ်းစား မြေစာရင်း ႏကြီး(အဘိဓမ္မာ ဓမ္မကထိက)။

## သံသရာ၌ ကျင်လည်ပုံနှင့် သံသရာမှ လွတ်မြောက်ပုံ

### မာတိကာစဉ်

**ပဌမနေ့**

၁။ သံသရာဟူသောစကား၏ အဓိပ္ပါယ်ကို ရှင်းလင်းချက်။
ရုပ်,နာမ်, ခန္ဓာအာယတနတို့၏အစဉ်။

**ဒုတိယနေ့**

၂။ ဘဝစက်လည်ပုံ။
အတိတ်အကြောင်း ၅-ပါး။ ပစ္စုပ္ပန် အကျိုး ၅-ပါး။ ။
ပစ္စုပ္ပန် အကြောင်း ၅-ပါး။ ။အနာဂတ် အကျိုး ၅-ပါး
တည်းဟူသော အခြင်းအရာ ၂၀။

**တတိယနေ့**

၃။ ဝဋ်သုံးပါးအားဖြင့် သံသရာဘဝစက်လည်ပုံ။
ကိလေသာဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်။

**စတုတ္ထနေ့**

၄။ ဘဝစက်၏ အင်္ဂါ ၁၂-ပါး။
အဝိဇ္ဇာ, သင်္ခါရ စသည်။

**ပဉ္စမနေ့**

၅။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာအားဖြင့် ဘဝစက်လည်ပုံ။

**ဆဋ္ဌမနေ့**

၆။ မဂ္ဂသစ္စာကို ပွားသဖြင့် သမုဒယသစ္စာကိုပယ်ပုံ (ပုဗ္ဗဘာဂမဂ်နှင့် လောကုတ္တရာမဂ်ပွားပုံ။

**သတ္တမနေ့**

၇။ သမုဒယသစ္စာကိုပယ်သဖြင့် ဒုက္ခခပ်သိမ်းငြိမ်းပုံ [နိရောဓသစ္စာကို မျက်မှောက်ပြုရခြင်း။] ဓမ္မစကြာ တရားတော်၏ အကျဉ်းချုပ် အဓိပ္ပါယ်ကို ထည့်သွင်းဖော်ပြရန်)

**ပို့ချမည့်ဆရာ။** ။ဝဏ္ဏကျော်ထင် ဦးထူးရွှေ၊ ဘီ-အေ။ ဒီ၊ တီ၊ အငြိမ်းစား ပညာဝန် (အဘိဓမ္မာ ဓမ္မကထိက)။

## ရုပ်နှင့်နာမ်အကြောင်း

### မာတိကာစဉ်

**ပဌမနေ့**

၁။ ရုပ်ဓါတ်၏ပရမတ်အစစ်ဖြစ်၍အမြဲတည်ရှိပုံ။
၂။ နာမ်ဓါတ်၏ ပရမတ်အစစ်ဖြစ်၍အမြဲတည်ရှိပုံ။

**ဒုတိယနေ့**

၃။ ရုပ်,နာမ်,ပရမတ်တို့၏ ဓါတုလောကမှဥပ္ပါဒလောကသို့ ဝင်ရောက်လာပုံ။
၄။ ရုပ်ဒြပ်၏အဖြစ်အပျက်နှေး၍ အာရုံငါးပါးနယ် ထင်ရှားပုံ။

**တတိယနေ့**

၅။ နာမ်ဒြပ်၏ အဖြစ်အပျက်မြန်၍ အာရုံငါးပါးနယ်မဝင်ပုံ။
၆။ နာမ်ဒြပ်သက်သက်ကို သင်္ခါရလောကခေါ်ပုံ။

**စတုတ္ထနေ့**

၇။ ရုပ်ဒြပ်သက်သက်ကို ဩကာသလောကခေါ်ပုံ။
၈။ ရုပ်,နာမ် နှစ်ပါး ပေါင်းစပ်သည်ကို သတ္တလောကခေါ်ပုံ

**ပဥ္စမနေ့**

၉။ ကမ္ဘာဦးကာလ ရုပ်ဒြပ်များ စတင်ပေါ်လာပုံ။
၁၀။ ရုပ်,နာမ်, နှစ်ပါးတို့၏ ပေါင်းစပ်ခြင်းဖြင့် အကျိုးများပုံ

**ဆဋ္ဌမနေ့**

၁၁။ ဝိပဿနာရှုသင့် ရှုထိုက်သော ရုပ်နာမ်နှင့်,မရှုသင့်မရှုထိုက်သော ရုပ်နာမ်။
၁၂။ ရုပ်,နာမ်ဓမ္မတို့၏ အမှန်တရား လေးပါး (သစ္စာလေးပါး) ဖြင့် အထွတ်တင်ပုံ။

**ပို့ချမည့်ဆရာ**။ ။ဦးအောင်သိမ်း၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (သကျသီဟ), သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ရန်ကုန် တက္ကသိုလ် ဗုဒ္ဓကျမ်းစာ ဌာန၊ လက်ထောက်ကထိက။

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

# ဘာသာဋီကာ ကျမ်းကြီးများ

ပြည့်စုံအောင်ကြိုးစားရိုက်နှိပ်နေပါပြီ။

---

ဆရာတော်အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများ စျေးနှုန်း မှန်ကန်စွာနှင့် ရနိုင်သော ဌာနများ။

၁။ ရန်ကုန်မြို့ ကမ္ဘာအေး ဗုဒ္ဓသာသနာ့အဖွဲ့ စာအုပ်အရောင်းဌာန။

၂။ ဦးထိန်ဝင်း, ၁၀၇, စိန်ဂျွန်းလမ်း, ရန်ကုန်မြို့။

။ ၁၃၈, ဗိုလ်ချုပ်စျေး, အနောက်ဘက်တန်း၊ ရန်ကုန်မြို့။

၃။ ဦးအောင်ခန့်, လွင်ပုံနှိပ်တိုက်, ၈၂-လမ်း, မန္တလေးမြို့။